# ဗုဒ္ဓဘာသာကကြီးခခွေး

## အခြေခံတရားတော်

မဟာဓမ္မကထိကဗဟုဇနဟိတဓရ

# ညောင်ကန်အေးဆရာတော်

# အရှင်ကုဏ္ဍလ

မဟာစည်ဩဝါဒခံ၊ ညောင်ကန်အေး သာသနာ့ရိပ်သာ ●
အမှတ် ၆၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့၊ ဖုန်း ၄၀၁၇၀

ပန်းချီ တင်ထွန်းထွန်း

ညောင်ကန်အေးဆရာတော် အရှင်ကုန္ဒက
မဟာဓမ္မကထိက ဗဟုဇနဟိတဓရ

# ဗုဒ္ဓဘာသာ ကကြီးခခွေး
# အခြေခံတရားတော်

မဟာစည် ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ
အမှတ်-၆၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း၊
အင်းစိန်၊ ရန်ကုန်မြို့။
(ဖုန်း-၄၀၁၇၀)

စာသားရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၃၄/၉၅)(၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၇၀/၉၅) (၈)

–

ပထမအကြိမ်

–

အုပ်ရေ ၂၀၀၀

–

၁၉၉၅–ခုနှစ်

–

အောက်တိုဘာလ

–

မျက်နှာဖုံးရိုက်– စာပေပေါင်းကူးပုံနှိပ်တိုက်

–

ရွှေစင်ရော်ကွန်ပျူတာ စာစီ/ဒီဇိုင်း

–

စာအုပ်ချုပ် – အောင်မြင့်နှင့်အဖွဲ့

–

ကန်ဖိုး – ၁၀၀ – ကျပ်

–

ဦးဘင်မောင်(၀၂၄၈)စာပေပေါင်းကူးစာအုပ်တိုက် အမှတ်(၉၀)၊ မြေ/ဘီ၊ ဝေဇယန္တာလမ်း (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆–မြဲ) စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ် ၆၄–(စီ) ကြာပဒုမ္မာလမ်း၊ ၃–(ခ)ရပ်ကွက်၊ ([illegible]) တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။
(ပုံး - ၅၅၉၁၅)

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အဖွင့်လွှာ | ... | ၁ |
| ၂။ | ဆန္ဒမွန်နိဒါန်း | ... | ၈ |
| ၃။ | သြကာသကန်တော့ခန်း | ... | ၁၃ |
| ၄။ | အသက်နှင့်ထပ်တူ ဆောင်တော်မူကြ သြကာသ | ... | ၁၃ |
| ၅။ | သြကာသဘုရားရှိခိုးအမျိုးမျိုး | ... | ၁၄ |
| ၆။ | သီညာရင်ကောင်းတယ် | ... | ၁၅ |
| ၇။ | မဟာစည် သြကာသကန်တော့ခန်း | ... | ၁၆ |
| ၈။ | သြကာသကန်တော့ခန်းတိုင်းမှာ | ... | ၁၆ |
| ၉။ | သြကာသဆိုတာဘာလဲ | ... | ၁၆ |
| ၁၀။ | စကားသုံးခွန်းတောင်းပန်ညွှန်း | ... | ၁၇ |
| ၁၁။ | ကံသုံးပါး | ... | ၁၇ |
| ၁၂။ | ရည်ရွယ်ချက် | ... | ၁၈ |
| ၁၃။ | ကန်တော့ရှိခိုးက ချမ်းသာရ ဓာတ်လမ်း | ... | ၁၈ |
| ၁၄။ | ဆောင်ပုဒ် | ... | ၁၉ |
| ၁၅။ | ရတနာမြတ်သုံးပါး | ... | ၂၀ |
| ၁၆။ | ရှိခိုးကန်တော့ပုံ | ... | ၂၁ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၇။ | ပူဇော် | ... | ၂၂ |
| ၁၈။ | ဖူးမြော် | ... | ၂၂ |
| ၁၉။ | မာန်လျှော့ | ... | ၂၃ |
| ၂၀။ | ကန်တော့ | ... | ၂၃ |
| ၂၁။ | ရည်ရွယ်ချက်နှင့်ပြည့်စုံပြေပြစ်သော မဟာစည်သြကာသ ကန်တော့ခန်း | ... | ၂၄ |
| ၂၂။ | အမှာစကားချပ် | ... | ၂၄ |
| ၂၃။ | ဆရာသမားတို့ကို ရှိခိုးကန်တော့တဲ့ အခါ | ... | ၂၅ |
| ၂၄။ | မိဘတို့ကို ရှိခိုးကန်တော့တဲ့အခါ | ... | ၂၅ |
| ၂၅။ | အဘိုးအဘွားတို့ကို ရှိခိုးကန်တော့ တဲ့အခါ | ... | ၂၅ |
| ၂၆။ | ဦးကြီး အဒေါ်တို့ကို ရှိခိုးကန်တော့ တဲ့အခါ | ... | ၂၅ |
| ၂၇။ | အမှာစကားချပ် ကျိုးကြောင်းပြ | ... | ၂၆ |
| ၂၈။ | ဆုတောင်းပုံ | ... | ၂၆ |
| ၂၉။ | ဆုတောင်း ၉-မျိုး | ... | ၂၇ |
| ၃၀။ | အပါယ်လေးပါး | ... | ၂၈ |
| ၃၁။ | ကပ်သုံးပါး | ... | ၂၈ |
| ၃၂။ | ရပ်ပြစ် ၈-ပါး | ... | ၂၉ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၃။ | ရန်သူမျိုး ၅-ပါး | ... | ၃၁ |
| ၃၄။ | ဝိပတ္တိ ၄-ပါး | ... | ၃၁ |
| ၃၅။ | ဗျသန ၅-ပါး | ... | ၃၁ |
| ၃၆။ | အနာမျိုး ၉၆-ပါး | ... | ၃၂ |
| ၃၇။ | မိစ္ဆာဒိဋ္ဌိ ၆၂-ပါး | ... | ၃၂ |
| ၃၈။ | မဂ်-ဖိုလ်တရား | ... | ၃၃ |
| ၃၉။ | နိဗ္ဗာန်တရား | ... | ၃၄ |
| ၄၀။ | နိဗ္ဗာန်ဆော် | ... | ၃၄ |
| ၄၁။ | ဩကာသကန်တော့ခန်း | ... | ၃၄ |
| ၄၂။ | ပသန္နတဒ္ဓိတ်ဆုပေး | ... | ၃၄ |
| ၄၃။ | သီလတောင်း | ... | ၃၆ |
| ၄၄။ | သီလတောင်းပုံ | ... | ၃၆ |
| ၄၅။ | ညွှန်ကြားချက် | ... | ၃၆ |
| ၄၆။ | ဘုရားရှိခိုး | ... | ၃၇ |
| ၄၇။ | အဓိပ္ပာယ် | ... | ၃၇ |
| ၄၈။ | ဘယ်ဘုရားကို ရှိခိုးသလဲ | ... | ၃၈ |
| ၄၉။ | သရဏဂုံ ဆောက်တည်ပုံ | ... | ၃၉ |
| ၅၀။ | ယုံကြည်ချက် သရဏဂုံ | ... | ၄၀ |
| ၅၁။ | မိဘကို အားကိုးသလို | ... | ၄၁ |
| ၅၂။ | ဆေးဆရာကို အားကိုးသလို | ... | ၄၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၃။ | ဘုရားကို ယုံကြည်ရင် ဘုရားစကားကို နားထောင် | ... | ၄၃ |
| ၅၄။ | ဗုဒ္ဓလမ်းစဉ် | ... | ၄၃ |
| ၅၅။ | မကောင်းမှု ဒုစရိုက်ဆိုတာဘာလဲ | ... | ၄၃ |
| ၅၆။ | ကောင်းမှု သုစရိုက်ဆိုတာဘာလဲ | ... | ၄၄ |
| ၅၇။ | စိတ်ဖြူစင်ရမယ်ဆိုတာ...ဘာလဲ | ... | ၄၄ |
| ၅၈။ | ဗုဒ္ဓလမ်းစဉ်...ရှစ်လုံးဖွဲ့ | ... | ၄၄ |
| ၅၉။ | အတည်ပြုပုံ အဓိပ္ပာယ် | ... | ၄၅ |
| ၆၀။ | ငါးပါးသီလ ဆောက်တည်ပုံ | ... | ၄၅ |
| ၆၁။ | တရားဥပဒေ လိုက်နာရသလို | ... | ၄၆ |
| ၆၂။ | ဆုတောင်း ဦးတည်ချက် | ... | ၄၈ |
| ၆၃။ | စခန်းသိမ်းအမှာစကား | ... | ၄၈ |


## အတိုအထွာ မှတ်စရာများ


| | | | |
|---|---|---|---|
| ၆၄။ | ပါဏာတိပါတ အပြစ်နှင့်အကျိုးပြဆောင်ပုဒ်လင်္ကာ | ... | ၅၁ |
| ၆၅။ | အဒိန္နာဒါန အပြစ်နှင့် အကျိုးပြဆောင်ပုဒ်လင်္ကာ | ... | ၅၁ |
| ၆၆။ | ကာမေသုမိစ္ဆာစာရ အပြစ်နှင့်အကျိုးပြ | ... | ၅၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆၇။ | မုသာဝါဒ အပြစ်နှင့်အကျိုးပြ ဆောင်ပုဒ်လင်္ကာ | ... | ၅၂ |
| ၆၈။ | သုရာမေရယ အပြစ်နှင့် အကျိုးပြ ဆောင်ပုဒ်လင်္ကာ | ... | ၅၂ |
| ၆၉။ | ရှစ်ပါးသီလ ဆောက်တည်ပုံ သီလတောင်း | ... | ၅၃ |
| ၇၀။ | ဘုရားရှိခိုး | ... | ၅၄ |
| ၇၁။ | သရဏဂုံ ဆောက်တည်ပုံ | ... | ၅၄ |
| ၇၂။ | ရှစ်ပါးသီလ ဆောက်တည်ပုံ | ... | ၅၅ |
| ၇၃။ | ဒုစရိုက် ၁၀-ပါးနှင့် လူသားကမ္ဘာ | ... | ၅၆ |
| ၇၄။ | သုစရိုက် ၁၀-ပါးနှင့် လူသားကမ္ဘာ | ... | ၅၈ |
| ၇၅။ | ပုညကြိယာဝတ္ထု ၁၀-ပါးနှင့် လူသားကမ္ဘာ | ... | ၆၀ |
| ၇၆။ | အနန္တငါးပါးရှိခိုးဆောင်ပုဒ် ဘုရားရှိခိုး | ... | ၆၁ |
| ၇၇။ | တရားရှိခိုး | ... | ၆၂ |
| ၇၈။ | သံဃာရှိခိုး | ... | ၆၂ |
| ၇၉။ | မိဘရှိခိုး | ... | ၆၂ |
| ၈၀။ | ဆရာရှိခိုး | ... | ၆၃ |
| ၈၁။ | ဘုရားဂုဏ်တော် ၉-ပါး ပါဠိအနက် | ... | ၆၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၂။ | တရားဂုဏ်တော် ၆-ပါး၊ ပါဠိအနက် ... | ၆၇ |
| ၈၃။ | သံဃာ့ဂုဏ်တော် ၉-ပါး၊ ပါဠိအနက် ... | ၆၉ |
| ၈၄။ | မုံရာမြို့ ကျေးရူးရှင်လယ်တီဆရာတော် ဘုရားကြီး၏ သတ္တဌာနဘုရားရှိခိုး ... | ၇၁ |
| ၈၅။ | ခုနစ်နေ့ ဘုရားရှိခိုး ... | ၇၃ |
| ၈၆။ | ဆွမ်းတော်ကပ်လင်္ကာ ... | ၇၅ |
| ၈၇။ | ဆုတောင်း-အမျှဝေ ... | ၇၅ |
| ၈၈။ | ပန်းနံ့သာကပ်လင်္ကာ ... | ၇၅ |
| ၈၉။ | သောက်တော်ရေကပ်လင်္ကာ ... | ၇၆ |
| ၉၀။ | မီးပူဇော်လင်္ကာ ... | ၇၇ |
| ၉၁။ | ညောင်ကန်ထေရ-ထောမနာ တရားတောင်းဂါထာ ... | ၇၉ |
| ၉၂။ | သတိပဋ္ဌာန်ဝိပဿနာ အလုပ်တရား ရှုနည်း-မှတ်နည်း ... | ၈၅ |
| ၉၃။ | သာသနာရေး, လောကရေး, ဥယျောဇနပတ္ထနာကထာ တိုက်တွန်းဆုညွှန်းလွှာ ... | ၉၁ |
| ၉၄။ | တရားကြွေးကြော် နိဗ္ဗာန်ဆော် စာတမ်းပုည ... | ၉၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၉၅။ | ဥပုသ်သီလ | ... | ၉၂ |
| ၉၆။ | ဒါန | ... | ၉၃ |
| ၉၇။ | ဓမ္မသဝန | ... | ၉၄ |
| ၉၈။ | အမြတ်ဆုံးသုံးဆူ | ... | ၉၄ |
| ၉၉။ | အနှာမျိုး ၉၆–ပါး | ... | ၉၆ |
| ၁၀၀။ | ဘုရားဖြစ်တော်စဉ်ဗုဒ္ဓဝင် | ... | ၁၀၃ |
| ၁၀၁။ | ခုနစ်နေ့ ဖြစ်တော်စဉ် ဗုဒ္ဓဝင်ဘုရားရှိခိုး | ... | ၁၀၃ |
| ၁၀၂။ | ဗုဒ္ဓဝင်နိဒါန်းဆုပန်ခန်း | ... | ၁၀၅ |
| ၁၀၃။ | သန္ဓေယူသည် | ... | ၁၁၁ |
| ၁၀၄။ | ဖွားတော်မူသည် | ... | ၁၁၁ |
| ၁၀၅။ | ဖွားမြင်ပြီး ဒီလိုစကားထူးကို ပြောသည် | ... | ၁၁၁ |
| ၁၀၆။ | ဗေဒင်ဟောပြီး တောရပ်မှီးကြသည် | ... | ၁၁၂ |
| ၁၀၇။ | သူငယ်ဘဝကဈာန်ရခဲ့သည် | ... | ၁၁၄ |
| ၁၀၈။ | ထီးနန်းစည်းစိမ်ကိုခံစားသည် | ... | ၁၁၅ |
| ၁၀၉။ | ဒီလိုနမိတ်ကြီးလေးပါးကို မြင်တော်မူတယ် | ... | ၁၁၆ |
| ၁၁၀။ | ချမ်းမြေ့ရဂုံတောရပ်လှုံသည် | ... | ၁၁၇ |
| ၁၁၁။ | လမ်းများကိုပစ်ပြီး လမ်းမှန်ကို ကြံသည် | ... | ၁၂၄ |

[ည]　ဗုဒ္ဓဘာသာ ကကြီး ခချေးအခြေခံတရားတော်


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၁၂။ | အစာလဲစား အားလဲရှိမှ တရားအားထုတ်နိုင်မည် | ... | ၁၂၆ |
| ၁၁၃။ | ပဉ္စဝဂ္ဂီတို့အထင်လွဲမှား ထွက်ခွာသွားကြသည် | ... | ၁၂၆ |
| ၁၁၄။ | အာနာပါနရှာန်ကို ဝင်စားသည် | ... | ၁၂၇ |
| ၁၁၅။ | သဋ္ဌေးသမီးသုဇာတာ၏ နို့ဆွမ်းကို ၄၉-လုပ်ဘုဉ်းပေးတော်မူသည် | ... | ၁၂၈ |
| ၁၁၆။ | သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်တော်မူပြီ | ... | ၁၃၀ |
| ၁၁၇။ | တရားဦးဟောရန် ကြံတော်မူသည် | ... | ၁၃၂ |
| ၁၁၈။ | မိဂဒါဝုန်ဒေသနာခရီးမှာ ဥပကကြီးနှင့်တွေ့သည် | ... | ၁၃၅ |
| ၁၁၉။ | မိဂဒါဝုန်တောရဂုံဝယ် | ... | ၁၃၈ |
| ၁၂၀။ | ဓမ္မစကြာတရားတော် | ... | ၁၄၂ |
| ၁၂၁။ | ပဉ္စဝဂ္ဂီရဟန်းတော်များ ရဟန္တာ ဖြစ်တော်မူကြသည် | ... | ၁၄၅ |
| ၁၂၂။ | ပထမဝါကျွတ်စ မြတ်ဗုဒ္ဓရဲ့ သာသနာပြုမိန့်ခွန်း | ... | ၁၄၇ |
| ၁၂၃။ | ဗုဒ္ဓကိစ္စငါးပါး | ... | ၁၄၉ |
| | (၁) ပုရေဘတ္တကိစ္စ | ... | ၁၅၀ |
| | (၂) ပစ္ဆာဘတ္တကိစ္စ | ... | ၁၅၅ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | (၃) ပုရိမယာမကိစ္စ | ... | ၁၅၈ |
| | (၄) မဇ္ဈိမယာမကိစ္စ | ... | ၁၅၉ |
| | (၅) ပစ္ဆိမယာမကိစ္စ | ... | ၁၆၀ |
| ၁၂၄။ | ဝါတော်စဉ် ဒေသနာခရီး | ... | ၁၆၀ |
| ၁၂၅။ | ဂုဏ်တော်ဖွင့် ဩဝါဒကထာ | | |
| | (၁) အရဟံဂုဏ်တော် | ... | ၁၆၆ |
| ၁၂၆။ | ကိလေသာ ၁၀–ပါး | ... | ၁၇၀ |
| ၁၂၇။ | အကျယ်ပွားက ၁၅၀၀ | ... | ၁၇၁ |
| ၁၂၈။ | ရန်သူအောင်မှ မင်းဖြစ်ရ | ... | ၁၇၂ |
| ၁၂၉။ | အထောက်အကန့်တို့ကိုပယ်ဖျက်ပုံ | ... | ၁၇၇ |
| ၁၃၀။ | ဗကဗြဟ္မာဝတ္ထု | ... | ၁၇၉ |
| ၁၃၁။ | အရူပဘဝနှင့်စပ်၍ အဝိဇ္ဇာစသည် ဖြစ်ပုံ | ... | ၁၈၉ |
| ၁၃၂။ | ထောက်အကန့်တို့ကိုပယ်ဖျက်ပုံ | | |
| ၁၃၃။ | နံ့ဂုံးချုပ် | ... | ၁၉၁ |
| ၁၃၄။ | အ–ရဟံ | ... | ၁၉၅ |
| ၁၃၅။ | မာဂဏ္ဍီ ဝတ္ထု | ... | ၁၉၅ |
| ၁၃၆။ | (၂) **သမ္မာသမ္ဗုဒ္ဓ** ဂုဏ်တော် | ... | ၂၀၂ |
| ၁၃၇။ | သိတော်မူတဲ့တရားတွေက | ... | ၂၀၃ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃၈။ | ဘုရားရှင်၏ သမ္မာသမ္ဗုဒ္ဓဉာဏ်တော် | ... | ၂၀၅ |
| ၁၃၉။ | အရှင်သာရိပုတ္တရာ၏ မှန်းဆအမြင် | ... | ၂၁၀ |
| ၁၄၀။ | ကောသလမင်းရဲ့ လျှောက်ထားပုံ | ... | ၂၁၂ |
| ၁၄၁။ | သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖွင့်ဘုရားရှိခိုး | ... | ၂၁၄ |
| ၁၄၂။ | (၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဖွင့် | ... | ၂၁၆ |
| ၁၄၃။ | ဝိဇ္ဇာ ဆိုတာ | ... | ၂၁၆ |
| ၁၄၄။ | စရဏ ဆိုတာ | ... | ၂၁၉ |
| ၁၄၅။ | ဆရာကောင်းမှတပည့်ကောင်းတယ် | ... | ၂၂၁ |
| ၁၄၆။ | ဒီဂုဏ်ကိုအာရုံပြုရှိခိုးကြပါစို့ | ... | ၂၂၂ |
| ၁၄၇။ | ဒုက္ခခံနိုင်ရည်ရှိတော်မူပုံ | ... | ၂၂၄ |
| ၁၄၈။ | ဟတ္ထာဠဝကနှင့် မြတ်ဘုရား | ... | ၂၂၅ |
| ၁၄၉။ | အနည်းကပ်ထောက်လှမ်းကြည့်လည်း ကြည်ညိုဘွယ်ပဲ | ... | ၂၂၇ |
| ၁၅၀။ | သာသနာပြုပုဂ္ဂိုလ်များ သတိထားဘွယ် | ... | ၂၂၈ |
| ၁၅၁။ | ဝိဇ္ဇာစရဏဆိုတာ | ... | ၂၃၁ |
| ၁၅၂။ | ငှက်ဥပမာ | ... | ၂၃၂ |
| ၁၅၃။ | ဉာဏ်မျက်စိ ပျက်လျှင် | ... | ၂၃၃ |
| ၁၅၄။ | စရဏပါရမီနှင့် ဝိဇ္ဇာပါရမီ | ... | ၂၃၄ |
| ၁၅၅။ | ကပိလငါးကြီးဝတ္ထု | ... | ၂၃၆ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅၆။ | ဝိဇ္ဇာနှင့် စရဏအကျိုးပေးကြပုံ | ... | ၂၃၈ |
| ၁၅၇။ | ၄က်နှင့်တူညီမြတ်ယောဂီ | ... | ၂၃၉ |
| ၁၅၈။ | (၄) သုဂတဂုဏ်တော်ဖွင့် | ... | ၂၄၁ |
| ၁၅၉။ | ကောင်းစွာကြွလာတော်မူပုံ | ... | ၂၄၁ |
| ၁၆၀။ | ပါရမီ ၁၀–ပါး | ... | ၂၄၃ |
| ၁၆၁။ | စွန့်ခြင်းကြီးငါးပါး | ... | ၂၄၃ |
| ၁၆၂။ | ဘုရားဖြစ်တော်မူတယ် | ... | ၂၄၄ |
| ၁၆၃။ | ကောင်းစွာ ကြွသွားတော်မူပုံ | ... | ၂၄၆ |
| ၁၆၄။ | ကောင်းသောစကားပြောကြားတော်မူသည် | ... | ၂၄၉ |
| ၁၆၅။ | စကားခြောက်ခွန်း | ... | ၂၅၀ |
| ၁၆၆။ | ပယ်သောလေးခွန် | ... | ၂၅၀ |
| ၁၆၇။ | ပြောသောနှစ်ခွန်း | ... | ၂၅၁ |
| ၁၆၈။ | အဘယရာဇကုမာရသုတ် | ... | ၂၅၃ |
| ၁၆၉။ | (၅) လောကဝိဒူဂုဏ်တော်ဖွင့် | ... | ၂၅၇ |
| ၁၇၀။ | လောကသုံးပါးရှိခဲ့ရာ | ... | ၂၅၇ |
| ၁၇၁။ | လောကဝိဒူဂုဏ်တော်ဖွင့်ဘုရားရှိခိုး | ... | ၂၅၈ |
| ၁၇၂။ | သတ္တလောကကိုသိတော်မူပုံ | ... | ၂၆၀ |
| ၁၇၃။ | ဗုဒ္ဓဉာဏ်စွမ်း ပဒုမ္မာကမ္မဋ္ဌာန်း | ... | ၂၆၁ |
| ၁၇၄။ | ဗုဒ္ဓဉာဏ်စွမ်းလက်ကိုင်ပုဝါကမ္မဋ္ဌာန်း | ... | ၂၆၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၅။ | (၆) အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ဖွင့် ... | ၂၆၆ |
| ၁၇၆။ | ဤဂုဏ်တော်ပွားရကျိုး ... | ၂၆၈ |
| ၁၇၇။ | လူဆိုး, ရှင်ဆိုး, နတ်ဆိုး, တိရစ္ဆာန်ဆိုးများကို ဆုံးမနိုင်တယ် ... | ၂၇၁ |
| ၁၇၈။ | အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်ဖွင့်ရှစ်လုံးဖွဲ့ ကဗျာများ ... | ၂၇၂ |
| ၁၇၉။ | ဘုရားဆုံးမပုံ နည်းမျိုးစုံ ရှစ်လုံးဖွဲ့ ကဗျာများ ... | ၂၇၇ |
| ၁၈၀။ | ကန္ဒရကသုတ် ... | ၂၇၈ |
| ၁၈၁။ | အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် ကြည်ညိုဘွယ်ရှစ်လုံးဖွဲ့များ ... | ၂၈၀ |
| ၁၈၂။ | အနုတ္တရဂုဏ်တော်ဝိဂြိုဟ် ... | ၂၈၂ |
| ၁၈၃။ | ပုရိသဒမ္မသာရထိဂုဏ်တော်ဝိဂြိုဟ် ... | ၂၈၃ |
| ၁၈၄။ | အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်ဖြစ်လာတယ် ... | ၂၈၃ |
| ၁၈၅။ | ကောသလမင်းတရားလျှောက်ထားပုံ ... | ၂၈၄ |
| ၁၈၆။ | ပရိသတ်ကို ကျေနပ်တော်မူပုံ ... | ၂၈၆ |
| ၁၈၇။ | သတ္တာဒေဝမနုဿာနဂုဏ်တော်ဖွင့် ... | ၂၈၈ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈၈။ | မြတ်နိုးလေးစားအပ်သောဆရာ | ... | ၂၉၀ |
| ၁၈၉။ | နိဗ္ဗာန်ခရီးညွှန် ဦးစီးမှန်ဆရာဘုရား | ... | ၂၉၂ |
| ၁၉၀။ | (၈) ဗုဒ္ဓဂုဏ်တော်ဖွင့် | ... | ၂၉၄ |
| ၁၉၁။ | လောကမှာ ရှေးဦးစွာ နိုးကြားသူဗုဒ္ဓ | ... | ၂၉၆ |
| ၁၉၂။ | ပွင့်တော်မူသောဗုဒ္ဓ | ... | ၂၉၇ |
| ၁၉၃။ | ဘာ့ကြောင့်ဗုဒ္ဓမည်သလဲ | ... | ၂၉၉ |
| ၁၉၄။ | ဉာဏ်တော် ၁၄-ပါးပြည့်စုံသောဗုဒ္ဓ | ... | ၃၀၁ |
| ၁၉၅။ | သဗ္ဗာလေးပါး | ... | ၃၀၁ |
| ၁၉၆။ | ပဋိသမ္ဘိဒါ ဉာဏ်လေးပါး | ... | ၃၀၂ |
| ၁၉၇။ | ပဋိသမ္ဘိဒါဉာဏ်ရကြောင်း ရှစ်ပါး | ... | ၃၀၄ |
| ၁၉၈။ | အသာဓာရဏဉာဏ်ခြောက်ပါး | ... | ၃၀၇ |
| ၁၉၉။ | ဉာဏ် ၁၄-ပါးပြည့်စုံလျှင် ဗုဒ္ဓဘုရားရှင် | ... | ၃၁၃ |
| ၂၀၀။ | သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့်ဗုဒ္ဓဂုဏ်အထူး | ... | ၃၁၅ |
| ၂၀၁။ | ဗုဒ္ဓဉာဏ်တော်ဆိုတာ | ... | ၃၁၅ |
| ၂၀၂။ | အသာဓာရဏဉာဏ်ခြောက်ပါး | ... | ၃၁၆ |
| ၂၀၃။ | သင်္ခတတရားဆိုတာ | ... | ၃၁၆ |
| ၂၀၄။ | အသင်္ခတတရားဆိုတာ | ... | ၃၁၇ |
| ၂၀၅။ | သင်္ခတနှင့် အသင်္ခတ | ... | ၃၁၇ |
| ၂၀၆။ | ဉေယျဓမ်တရားငါးပါး | ... | ၃၁၈ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၀၇။ | ဗုဒ္ဓစကျွ...ဘုရား မျက်ဝိ | ... | ၃၂၀ |
| ၂၀၈။ | ဗုဒ္ဓဂုဏ်တော်ရဲ့ စွမ်းရည်သတ္တိ | ... | ၃၂၀ |
| ၂၀၉။ | ဗုဒ္ဓဂုဏ်တော်ဖွင့်ဘုရားရှိခိုး | ... | ၃၂၁ |
| ၂၁၀။ | (၉) ဘဂဝါဂုဏ်တော်ဖွင့် | ... | ၃၂၂ |
| ၂၁၁။ | ဘုန်းတော် ခြောက်ပါး | ... | ၃၂၂ |
| ၂၁၂။ | ဣသရိယဘုန်းတော်ရှစ်ပါး ဘုရားရှိခိုး | ... | ၃၂၃ |
| ၂၁၃။ | ဣသရိယဘုန်းတော်ရှစ်ပါး သံပေါက်လက်ာများ | ... | ၃၂၅ |
| ၂၁၄။ | ညောင်ကန်ဆရာတော်ဦးဗုဓ် ဘုရားဂုဏ်တော်ဖွင့် ဘုရားရှိခိုး | ... | ၃၂၆ |
| ၂၁၅။ | သွာက္ခာတဂုဏ်တော် | ... | ၃၄၉ |
| ၂၁၆။ | သွာက္ခာတဂုဏ်ဆိုတာ | ... | ၃၄၉ |
| ၂၁၇။ | တရားဆယ်ပါး | ... | ၃၄၉ |
| ၂၁၈။ | အားလုံးကောင်းတဲ့တရား | ... | ၃၅၁ |
| ၂၁၉။ | သွာက္ခာတ ဂုဏ်တော် ဝိဂြိုဟ် | ... | ၃၅၂ |
| ၂၂၀။ | နာကျင့် ကျိုးရသွာက္ခာတ ဂုဏ်(ခ) | ... | ၃၅၂ |
| ၂၂၁။ | ချဲ့ပြဦးမယ် | ... | ၃၅၃ |
| ၂၂၂။ | နာကြားချမ်းသာ အစကောင်းခြင်း | ... | ၃၅၃ |
| ၂၂၃။ | ကျင့်ပွားချမ်းသာရ အလယ်၏ ကောင်းခြင်း | ... | ၃၅၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၄။ | တရားချမ်းသာ အကျိုးရ အဆုံး၏ ကောင်းခြင်း ... | ၃၅၄ |
| ၂၂၅။ | တရားနာယူ ဝမ်းသာသူ ကာရဏာပါလိဝတ္တု ... | ၃၅၅ |
| ၂၂၆။ | ဘယ်ကလာသလဲ ... | ၃၅၅ |
| ၂၂၇။ | ဘုရားဖူးပြန်လာတယ် ... | ၃၅၅ |
| ၂၂၈။ | ချိုးမွမ်းလှချည့်လား ... | ၃၅၆ |
| ၂၂၉။ | လူနတ်တို့ထက် မြတ်တဲ့ဘုရား ... | ၃၅၆ |
| ၂၃၀။ | ဘုရား တရားကို ကြားနာရသော် ... | ၃၅၇ |
| ၂၃၁။ | ကာရဏာပါလိ သရဏဂုံတည်ပုံ ... | ၃၅၉ |
| ၂၃၂။ | တရားကျင့်စဉ် တရားချမ်းသာယှဉ် ညဉ့်လုံးပေါက် တရားပွဲ ... | ၃၆၁ |
| ၂၃၃။ | ခိုးသားကိုးရာတို့ရဲ့ အကြံ ... | ၃၆၁ |
| ၂၃၄။ | တရားနာ ဇွဲကောင်းသူကြောင့် သူခိုးဘဝမှ ကျွတ်ကြတယ် ... | ၃၆၂ |
| ၂၃၅။ | ယောဂီရဟန်း ၉၀၀-ဖြစ်ကြတယ် ... | ၃၆၃ |
| ၂၃၆။ | မြတ်ဘုရား၏ ယောဂီ အားပေး တရားတော် ... | ၃၆၃ |
| ၂၃၇။ | ယောဂီဓလေ့ ပျော်မွေ့ချမ်းသာ ရှစ်လုံးဘွဲ့ ... | ၃၆၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၈။ | ရဟန္တာ ၅၀၀ ဖြစ်ကြတယ် ... | ၃၆၆ |
| ၂၃၉။ | သွာက္ခာတဂုဏ် ... | ၃၆၇ |
| ၂၄၀။ | သံဃာများနှင့် ယောဂီများရဲ့ တရားချမ်းသာပျော်မွေ့ကြပုံ ... | ၃၆၇ |
| ၂၄၁။ | တရားကျင့်က ချမ်းသာရပုံ မယ်ကာဒွီ ဝတ္ထုတရားဦးပွဲတော် ... | ၃၆၉ |
| ၂၄၂။ | တရားနာဖိတ်ရန် သွားတယ် ... | ၃၆၉ |
| ၂၄၃။ | တောလည်လာရန်ဖိတ်ကြားလာတယ်... | ၃၇၀ |
| ၂၄၄။ | ရာဇဂြိုဟ်မြို့ပေါ်တွင် ဆုံမိကြတယ်... | ၃၇၀ |
| ၂၄၅။ | ဘုရားပွင့်တယ်ဆိုတာကို ကြားရရုံနဲ့ သောတာပန်ဖြစ်တယ် ... | ၃၇၂ |
| ၂၄၆။ | တစ်ဆင့်ကြားနဲ့ ဘုရားအကြည်ညိုဆုံး ဇေတဒဂ်ရသူ ... | ၃၇၄ |
| ၂၄၇။ | တရားရသော် တရားနဲ့ပျော်ပုံ မဟာကပ္ပိန မထေရ်ဝတ္ထု ... | ၃၇၅ |
| ၂၄၈။ | ရတနာသုံးပါးသတင်း စုံစမ်းခဲ့တယ်... | ၃၇၅ |
| ၂၄၉။ | ရတနာသုံးပါးသတင်းပေးသူအား သုံးသိန်းဆုချတယ် ... | ၃၇၅ |
| ၂၅၀။ | တရားလဲရ ရဟန်းပြုကြတယ် ... | ၃၇၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅၁။ | ရတနာသုံးသတင်းပေးသူအား ကိုးသိန်းဆုချတယ် ... | ၃၇၆ |
| ၂၅၂။ | အမျိုးသား ရဟန္တာတစ်ထောင်နှင့် အမျိုးသမီး ရဟန္တာတစ်ထောင် ဖြစ်ကြတယ် ... | ၃၇၈ |
| ၂၅၃။ | အဟောသုခံပြဿနာ ... | ၃၇၉ |
| ၂၅၄။ | နိဗ္ဗာန်ဥဒါန်း ... | ၃၈၀ |
| ၂၅၅။ | တရားရသော် တရားနဲ့ ပျော် ရှစ်လုံးဘွဲ့ ... | ၃၈၂ |
| ၂၅၆။ | လိုက်နာကျင့်သုံးဖွယ် ... | ၃၈၂ |
| ၂၅၇။ | သန္နိဋ္ဌိကဂုဏ်တော် ... | ၃၈၃ |
| ၂၅၈။ | အခြားဝါဒ၌ ဗုဒ္ဓဝါဒလို ကိုယ်တွေ့ နိဗ္ဗာန်တရားမရှိ ... | ၃၈၃ |
| ၂၅၉။ | အခြားဘာသာဝါဒများနှင့် ဗုဒ္ဓဝါဒနိဗ္ဗာန် ... | ၃၈၅ |
| ၂၆၀။ | သုဘဒ္ဒသုတ္တန် ... | ၃၈၆ |
| ၂၆၁။ | မြတ်ဗုဒ္ဓဒေသနာခရီး ... | ၃၈၆ |
| ၂၆၂။ | ဝါ ၄၅၊ သက်ကား– ၈၀ အချိန်ဝယ် ... | ၃၈၈ |
| ၂၆၃။ | သုဒ္ဒအား သနားငဲ့ညှာကြွခဲ့ပါတယ် ... | ၃၈၈ |
| ၂၆၄။ | သုဘဒ္ဒပရိဗိုဇ်ရဲ့အကြံ ... | ၃၈၉ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၆၅။ | အရှင်အာနန္ဒာထံ ခွင့်ပန်တယ် | ... | ၃၈၉ |
| ၂၆၆။ | သုဘဒ္ဒဟာ မြတ်စွာဘုရားအား ဖူးမြော်ခွင့်ရတယ် | ... | ၃၉၁ |
| ၂၆၇။ | သုဘဒ္ဒလျှောက်ထား မေးခွန်းများ | ... | ၃၉၂ |
| ၂၆၈။ | တိတ္ထိဆရာကြီး ၆-ယောက် | ... | ၃၉၂ |
| ၂၆၉။ | မဂ္ဂင်ရှစ်ဖြာမရှိရာ ကိလေသာငြိမ်းသူ မရှိပေ | ... | ၃၉၄ |
| ၂၇၀။ | မဂ္ဂင်ရှစ်ဖြာရှိရာမှာ ကိလေသာ ငြိမ်းသူရှိနိုင်ပေ | ... | ၃၉၅ |
| ၂၇၁။ | ငါဘုရားသာသနာ၊ အရိယာ၊ ရှစ်ဖြာ မဂ္ဂင်စုံရှိတယ် | ... | ၃၉၅ |
| ၂၇၂။ | အခြားသာသနာမှာ ရဟန္တာမရှိပါ | ... | ၃၉၆ |
| ၂၇၃။ | ငါဘုရား၏ သာသနာပြင်ပတွင် ယောဂီလဲမရှိ အရိယာလဲမရှိပေ | ... | ၃၉၇ |
| ၂၇၄။ | ငါဘုရားတရားကို ဟောကြား ကျင့်ပွားနေလျှင် လောကတွင် ရဟန္တာရှိနေဦးမည် | ... | ၃၉၈ |
| ၂၇၅။ | သုဘဒ္ဒပရိဗိုဇ် ရဟန်းပြုပြီး ရဟန္တာဖြစ်တယ် | ... | ၃၉၈ |
| ၂၇၆။ | အကာလိက တရားဂုဏ်တော် | ... | ၄၀၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၇၇။ | မဂ်ဝီထိစိတ်ဖြစ်ပုံ ... | ၄၀၃ |
| ၂၇၈။ | ညောင်ကန်ဆရာတော် ဦးဗုဓ်၏ အကာလိကတရား ဂုဏ်တော်ဖွင့် ... | ၄၀၇ |
| ၂၇၉။ | ဧဟိပဿိက တရားဂုဏ်တော် ... | ၄၀၈ |
| ၂၈၀။ | ဖိတ်ခေါ်ပြထိုက်ပုံ ... | ၄၀၉ |
| ၂၈၁။ | မြတ်ဘုရားက ဖိတ်ခေါ်တော်မူခဲ့ပုံ ... | ၄၁၀ |
| ၂၈၂။ | မဟာသတိပဋ္ဌာန် ဖိတ်ခေါ်သံ ... | ၄၁၁ |
| ၂၈၃။ | မဟာသတိပဋ္ဌာနသုတ် ကြေငြာချက် မိန့်ခွန်းတော် ... | ၄၁၂ |
| ၂၈၄။ | သတိပဋ္ဌာန်သုတ် ဝန်ခံချက် မိန့်ခွန်းတော် ... | ၄၁၃ |
| ၂၈၅။ | သူငယ်ချင်းချင်း ခတ်တင်းတင်း တရားနာ့ဖိတ်ခေါ်ခဲ့ပုံ ... | ၄၁၄ |
| ၂၈၆။ | ဩပနေယျိက ဂုဏ်တော် ... | ၄၁၇ |
| ၂၈၇။ | ဩပနေယျိကဆိုတာ ... | ၄၁၇ |
| ၂၈၈။ | သက္ကာယဒိဋ္ဌိပါယ်ရန် တရားကျင့်ဖို့ အရေးကြီးဆုံး ... | ၄၁၈ |
| ၂၈၉။ | ဩပနေယျိကဂုဏ်နှင့်အညီ အရေးတကြီး တရားအားထုတ်ခဲ့ကြပုံ ... | ၄၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉၀။ | ပေါင်ကျိုးနာရှုပွား၊ နိဗ္ဗာန်သွားသော မဟာဝိသသမထေရ်ဝတ္ထု ... | ၄၂၃ |
| ၂၉၁။ | လုံ့စုးနာရှုပွား နိဗ္ဗာန်သွားသော ပီလမလ္လမထေရ်ဝတ္ထု ... | ၄၂၃ |
| ၂၉၂။ | ထိုဥဒါန်းမှာ ... | ၄၂၇ |
| ၂၉၃။ | မဟာစည်တရားဂုဏ်တော်ဖွင့် ... | ၄၂၈ |
| ၂၉၄။ | ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော် ... | ၄၂၈ |
| ၂၉၅။ | ကိုယ်ပိုင်တရားသာ ... | ၄၃၀ |
| ၂၉၆။ | ကိုယ်စိတ်ကိုယ်၌ ခံစားရတဲ့တရား ... | ၄၃၁ |
| ၂၉၇။ | ဆင်းရဲကင်းစင် နိဗ္ဗာန်မြင်ဥဒါန်း ... | ၄၃၁ |
| ၂၉၈။ | သပြေကန် ပရိတ်ကြီး နိဿယသစ်အနက် ... | ၄၃၂ |
| ၂၉၉။ | ညောင်ကန်ဆရာတော်ဦးဗုဓ် တရား ဂုဏ်တော်ဖွင့်ဘုရားရှိခိုး ... | ၄၃၃ |


## ကိုးကွယ်ပူဇော် မြတ်သံဃာဂုဏ်တော်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀၀။ | သုပ္ပဋိပန္နဂုဏ်တော်ဖွင့် ... | ၄၄၀ |
| ၃၀၁။ | သုပ္ပဋိပန္နဝိဂြိုဟ် ... | ၄၄၁ |
| ၃၀၂။ | သုပ္ပဋိပန္နသံဃာဆိုတာ ... | ၄၄၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀၃။ | မဟာစည်တရားတော်ဖွင့် ... | ၄၄၃ |
| ၃၀၄။ | သုပ္ပဋိပန္နဂုဏ် ... | ၄၄၃ |
| ၃၀၅။ | မြတ်ဘုရားအမိန့်ကိုလိုက်နာကြတယ် ... | ၄၄၄ |
| ၃၀၆။ | ကောင်းခြင်းသုံးစုံ သုပ္ပဋိပန္နဂုဏ် ... | ၄၄၆ |
| ၃၀၇။ | ရတနာသုံးစုံ ကောင်းသုံးဂုဏ် ရှစ်လုံးဖွဲ့ ... | ၄၄၆ |
| ၃၀၈။ | မိတ်ဆွေကောင်းလို ကျင့်သောသံဃာ ... | ၄၄၆ |
| ၃၀၉။ | အရှင်သာရိပုတ္တရာရဲ့ ကောင်းစွာ ကျင့်ခဲ့ပုံ သုပ္ပဋိပန္နဂုဏ် ... | ၄၄၇ |
| ၃၁၀။ | ဘုရားကိုယ်စား တရားကျင့်ပွား ဟောကြားခဲ့ပုံ သုပ္ပဋိပန္နဂုဏ် ... | ၄၄၉ |
| ၃၁၁။ | စတုတ္ထသင်္ဂါယနာခေတ် သီဟိုဠ် သံဃာတော်များ၏ ကောင်းစွာ ကျင့်ပွားပုံ၊ သုပ္ပဋိပန္နဂုဏ် ... | ၄၅၁ |
| ၃၁၂။ | ဥဇုပ္ပဋိပန္နဂုဏ်တော်ဖွင့် ... | ၄၅၅ |
| ၃၁၃။ | ဥဇုပ္ပဋိပန္နဂုဏ်ဆိုတာ ... | ၄၅၅ |
| ၃၁၄။ | ဝိဂြိုဟ် ... | ၄၅၆ |
| ၃၁၅။ | အရိယမဂ္ဂင်ရှစ်ပါး ... | ၄၅၇ |
| ၃၁၆။ | မာယာသာဌေယျကင်းပုံ ဥဇုပ္ပဋိပန္နဂုဏ် ... | ၄၅၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁၇။ | ဥဇုပဋိပန္နလမ်း ဖြောင့်လမ်းမှန် ကျင့်ခဲ့၍ ဘုရားဖြစ်တော်မူရပုံ ... | ၄၅၉ |
| ၃၁၈။ | အစွန်းရောက် လမ်းကောက်လမ်းများ နှစ်ပါး ... | ၄၆၀ |
| ၃၁၉။ | လျော့လွန်းတဲ့ ကာသုခလ္လိကာနုယောဂ လယ်ယာလမ်းများ ... | ၄၆၀ |
| ၃၂၀။ | တင်းလွန်းတဲ့ အတ္တကိလမထာနုယောဂ လက်ယာ လမ်းများ ... | ၄၆၀ |
| ၃၂၁။ | မလျော့လွန်း မတင်းလွန်း အလယ် လမ်းများ ... | ၄၆၁ |
| ၃၂၂။ | ကာမသုခလ္လိကာနုယောဂကို ပယ်ခဲ့ပုံ... | ၄၆၂ |
| ၃၂၃။ | အတ္တကိလမထာနုယောဂကို ပယ်ခဲ့ပုံ... | ၄၆၅ |
| ၃၂၄။ | မဇ္ဈိမပဋိပဒါ–အလယ်လမ်းမှန်ကို ဖြောင့်မှန်စွာ ကျင့်ခဲ့၍ ဘုရားဖြစ်ပုံ ... | ၄၆၆ |
| ၃၂၅။ | တပည့်သာဝက သံဃာများလဲ ဥဇုပဋိပန္န လမ်းစဉ်ကို လိုက်နာကျင့်ကြတယ် ... | ၄၇၀ |
| ၃၂၆။ | မဟာစည်တရားဂုဏ်တော်ဖွင့် .... | ၄၇၁ |
| ၃၂၇။ | ဉာယပဋိပန္နသံဃာဂုဏ်တော် ... | ၄၇၂ |
| ၃၂၈။ | ဉာယပဋိပန္နဆိုတာ ... | ၄၇၂ |
| ၃၂၉။ | ဝိဂြိုဟ် ... | ၄၇၂ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၃၀။ | ဉာပွင့်ပန်းဂုဏ် နိဗ္ဗာန်မိဋ္ဌာန် စိတ်ကြံ ကျင့်ကြံပုံများ | ... | ၄၇၅ |
| ၃၃၁။ | ညောင်ကန်ဆရာတော်ဦးဗုဓ်၏ ဉာယပွင့်ဂုဏ်တော်ဖွင့် ဘုရားရှိခိုး | ... | ၄၇၈ |
| ၃၃၂။ | သာမိစိပွင့်ပန်း သံဃာ့ဂုဏ်တော် | ... | ၄၇၉ |
| ၃၃၃။ | သာမိစိပွင့်ပန်းဆိုတာ | ... | ၄၇၉ |
| ၃၃၄။ | ဝိဂြိုဟ် | ... | ၄၇၉ |
| ၃၃၅။ | ဆွမ်းအကျိုးတုံ့ပြန်ပုံ သာမိစိပွင့် ပန်းဂုဏ် | ... | ၄၈၀ |
| ၃၃၆။ | ဉာယပွင့်ပန်းဂုဏ် အယျမိတ္တာထေရ် တုံ့ပြန်ကျင့်ပုံ | ... | ၄၈၂ |
| ၃၃၇။ | မဟာစည်တရားဂုဏ်တော်ဖွင့် | ... | ၄၈၇ |
| ၃၃၈။ | အာဟုနေယျ သံဃာ့ဂုဏ် | ... | ၄၈၈ |
| ၃၃၉။ | အာဟုနေယျ ဆိုတာ | ... | ၄၈၈ |
| ၃၄၀။ | အာဟုနေယျ ဝိဂြိုဟ် | ... | ၄၈၈ |
| ၃၄၁။ | အရှင်မဟာ့ကဿပဝတ္ထု | ... | ၄၈၉ |
| ၃၄၂။ | ပါဟုနေယျသံဃာ့ဂုဏ်တော် | ... | ၄၉၄ |
| ၃၄၃။ | ပါဟုနေယျဂုဏ်ဆိုတာ | ... | ၄၉၄ |
| ၃၄၄။ | ဝိဂြိုဟ် | ... | ၄၉၄ |

[ယ] ဗုဒ္ဓဘာသာ ကကြီးခခွေးအခြေခံတရားတော်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄၅။ | လေးစားထိုက်တဲ့ သံဃာတော် ဧည့်သည်များ ... | ၄၉၅ |
| ၃၄၆။ | ပါဟုနေယျသံဃာ့ဂုဏ်နှင့် ကျောင်းအမဝိသာခါ ... | ၄၉၇ |
| ၃၄၇။ | ဝိသာခါ လောင်းလျာမယ် ဆုပန်ခဲ့တယ် ... | ၄၉၇ |
| ၃၄၈။ | အနှစ် နှစ်သောင်း ကြာအောင် ဥပုသ်စောင့်ခဲ့သူ ... | ၄၉၇ |
| ၃၄၉။ | ခုနှစ်နှစ် သမီးအရွယ်ကပင် သောတာပန် တည်ခဲ့တယ် ... | ၄၉၈ |
| ၃၅၀။ | ရာဇဂြိုဟ်ဝယ် မြေပေါက်သူ သဌေး ငါးဦးရှိတယ် ... | ၄၉၉ |
| ၃၅၁။ | ဝိသခါရဲ့ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲ ... | ၄၉၉ |
| ၃၅၂။ | ထူးထွေအံ့စရာ မဟာလ္လတာတန်ဆာ... | ၅၀၀ |
| ၃၅၃။ | မိဂါရမာတာ ဝိသာခါ ... | ၅၀၁ |
| ၃၅၄။ | ချွေးမနဲ့ ယောက္ခမ ပြဿနာရှင်းပုံ ... | ၅၀၂ |
| ၃၅၅။ | ပုစ္ဆာအဖြေများ | ...၅၀၅/၅၀၈ |
| ၃၅၆။ | ဝိသာခါတောင်းပြား ဆုရှစ်ပါး ... | ၅၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅၇။ | ဘာ့ကြောင့် ဆုရှစ်ပါးကို တောင်းသလဲ ... | ၅၁၄ |
| ၃၅၈။ | ဝိသာခါ လျှောက်ထား ဆုရှစ်ပါး ဓမ္မဂီလိ ... | ၅၁၈ |
| ၃၅၉။ | လှူသူသင့်အတွက် ဘယ်အကျိုးရမလဲ... | ၅၁၉ |
| ၃၆၀။ | လှူရှစ်ပါးအတွက် ရည်မှန်းချက် ဓမ္မဂီတိ ... | ၅၂၁ |
| ၃၆၁။ | ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ ... | ၅၂၂ |
| ၃၆၂။ | ဘုံစဉ်စံဝိသာခါ ... | ၅၂၃ |
| ၃၆၃။ | ဒိက္ခဏေယျ သံဃာ့ဂုဏ်တော် ... | ၅၂၃ |
| ၃၆၄။ | ဒက္ခိဏေယျ ဂုဏ်ဆိုတာ ... | ၅၂၄ |
| ၃၆၅။ | ဗိမ္ဗိသာရမင်းရဲ့ ဆွေမျိုးဟောင်း ပြိတ္တာများ ကျွတ်လွတ်ကြရပုံ ... | ၅၂၆ |
| ၃၆၆။ | ပြိတ္တာရှစ်သောင်းလေးထောင် ... | ၅၂၆ |
| ၃၆၇။ | ဗိမ္ဗိသာရမင်း ... | ၅၂၇ |
| ၃၆၈။ | အဉ္ဇလိကရဏီယ သံဃာ့ဂုဏ်တော် ... | ၅၂၉ |
| ၃၆၉။ | အဉ္ဇလိကရဏီယဆိုတာ ... | ၅၂၉ |
| ၃၇၀။ | ဝိဂြိုဟ် ... | ၅၂၉ |
| ၃၇၁။ | ရှိခိုးခြင်းဟာ ပူဇော်ခြင်းတွင် ပါဝင်တယ် ... | ၅၃၀ |

## [လ] ဗုဒ္ဓဘာသာ ကကြီး ခခွေးအခြေခံတရားတော်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇၂။ | အမြတ်ဆုံး ရှိခိုးခြင်း ... | ၅၃၂ |
| ၃၇၃။ | ရှိခိုးရခြင်းအကျိုး ... | ၅၃၂ |
| ၃၇၄။ | ရှိခိုးခြင်း ဝန္ဒနာကုသိုလ်ကြောင့် နတ်ပြည်ရောက်ရပုံ ... | ၅၃၃ |
| ၃၇၅။ | သံဃာကို ရှိခိုးရုံမျှဖြင့် နတ်ချမ်းသာရပုံ ... | ၅၃၃ |
| ၃၇၆။ | ရှိခိုးပူဇော်တရားကျင့်ဖြင့် ပျော်ကြသဖြင့် အရိယာဖြစ်ကြပုံ ... | ၅၃၄ |
| ၃၇၇။ | အနုတ္တရံပုညက္ခေတ္တံ လောကဿ သံဃာ့ဂုဏ်တော်ဖွင့် ... | ၅၃၅ |
| ၃၇၈။ | အနုတ္တရံပုညက္ခေတ္တဂုဏ်ဆိုတာ ... | ၅၃၅ |
| ၃၇၉။ | ဝိဂြိုဟ် ... | ၅၃၆ |
| ၃၈၀။ | သံဃာ့ လယ်ယာမြေတွင် ဒါနမျိုးစေ့ ချသဖြင့် ပကတိလယ်ယာမြေကြီးမှ ရွှေသီးခဲ့ပုံ ... | ၅၃၇ |
| ၃၈၁။ | သံဃာလှူကြွား ချမ်းသာပွားဓမ္မဂီတိ ... | ၅၄၇ |
| ၃၈၂။ | သံဃာ့ဂုဏ်တော်ကိုးပါးပါဠိ ... | ၅၄၆ |
| ၃၈၃။ | ညောင်ကန်ဆရာတော် ဦးဗုဓ်၏ သံဃာ့ဂုဏ်တော်ဘုရားရှိခိုး ... | ၅၄၉ |

# အဖွင့်လွှာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"ဟောဒီစာမူကိုဖတ်ကြည့်ပြီး ဒါယိကာမကြီး ဒေါ်တင်သိန်းလှက အမှာစကားရေးပေးပါ"ဟု ပြောပြောဆိုဆို ဉာောင်ကန်ဆရာတော်ဦးဣန္ဒက က စာရွက်တွေ တစ်ထပ်ကြီး လှမ်းပေးသဖြင့် လက်ခံဖတ်ရှု ကြည့်မိပါသည်။

ဆရာတော်ဘုရားအား ရှေးမဆွကပင် ဉာောင်ကန် ဦးဣန္ဒက အဖြစ်နှင့်လည်းကောင်း၊ မဟာစည် သာသနာ့ရိပ်သာနယ်လှည့် ဓမ္မကထိက အဖြစ်နှင့်လည်းကောင်း၊ ဆောင်းပါးရှင် အဖြစ်နှင့် လည်းကောင်း သိကျွမ်းခင်မင် ကြည်ညိုမှုရှိခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် အမှန်အတိုင်း ဝန်ခံရပါလျှင် ကျမအနေဖြင့် အမှာစကားကို ပထမဆုံး အကြိမ်အဖြစ် ရေးသားရမည်ဖြစ်၍ မဝံ့မရဲ ဖြစ်မိသည်ကအမှန်။

ဆရာတော်က–"ရေးသာ ရေးပါ၊ စာမူကို ဖတ်ကြည့်ပြီး ရေးရင် ရပါတယ်"ဟု အားပေးချီးမြှင့်သည့်အတွက် အလုပ်ခွင်များကြားမှ တတ်သမျှမှတ်သမျှ အမှာစကား ရေးသားရမည်ဖြစ်ရာ ပြည့်စုံကုံလုံမှု မရှိပါက စာရေးသူ၏ တာဝန်သာ ဖြစ်ကြောင်း ဦးစွာနိဒါန်းပျိုး၍ ဝန်ခံချက် ရေးသားလိုက်ရပါသည်။

ဆရာတော်ဘုရား၏ စာမူခေါင်းစဉ်း([illegible]–ကြီး ခ–ခွေး ညကာသ ကန်တော့ခန်းနှင့် [illegible]) ကို

ဖတ်လိုက်ရသည်နှင့် သာမန်အားဖြင့် အခြေခံကို မှတည်ပြီး ရေးသားတော့မည်ကို ခန့်မှန်းရပါသည်။

သို့သော်"က–ကြီး၊ ခခွေး အထင်မသေးနဲ့" ဆိုသကဲ့သို့ မြန်မာစာပေတွင် က–ကြီးမှ အ–အဆုံး အကုန်လုံး ကျေပွန်စွာ တတ်မှ အရာရောက်သည့်နည်းတူ ဗုဒ္ဓဘာသာ တွင်လည်း ဩကာသ–မှ စကြရသည်သာ ဖြစ်သည်။

ယခုခေတ် လူငယ်လူရွယ်များ ဘာသာရေးကို လိုက်စားကြသည်၊ ဆန်းစစ်လာကြသည်၊ မေးမြန်းကြသည်၊ ကိုယ်တိုင်လက်တွေ့စမ်းသပ်လိုကြသည်။

ဤသည်ကို ဘာသာရေးရှုထောင့်မှနေ၍ ဝမ်းသာနေရသည်၊ သူတို့လေးတွေ သိလိုသော လုံးတိုင်း ခွန်းတိုင်းကို ဖြေဆိုပေးနိုင်ရန် ထင်လွယ်မြင်လွယ်သော ဥပမာများနှင့်လည်း တင်စား၍ ပြသရန် အရေးကြီးလာပါသည်။

လောကတွင် အတိုချုံးသော အကြောင်းနှင့် အကျိုးသာ ရှိသည် ဆိုသည့်စကားကို အကောင်အထည် ဖော်ပြနိုင်ရန်လည်း အရေးကြီးလာပါသည်။ သာမန်အနေဖြင့် ပြောမည်ဆိုလျှင်လည်း လူသားများသည် အကျိုး ကျေးဇူးကို အလိုရှိကြပါကုန်၏၊ သို့သော် လက်တွေ့၌ အချည်းနှီးဖြစ်မည့် အရာကိစ္စများကိုသာ ပြုလုပ်ပြောဆိုကြပြီး အချိန်ကုန်နေကြသည်သာ များပေသည်၊ မိမိတို့လုပ်ရပ်များသည် တကယ်တမ်း အကျိုးရှိ မရှိကို ဆန်းစစ်မိကြဟန်မတူ၊ (အခါကောင်းအခွင့်ကောင်း ကြုံသဖြင့် လူအဖြစ် လူ့ဘဝကို ရလာသည့် အခိုက် ဘုရားဟော ပါဠိ

လာရှိသည်နှင့် အညီ ဤမမြဲသော ခန္ဓာကိုယ်ကို အရင်းတည်ပြီး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ မဟာအသခ်တခာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို တက်လှမ်းနိုင်ပေသည် ဆိုသော ယုံကြည်ချက် သဒ္ဓါ ပြင်းထန်စွာထားသင့်သည်)ဟု ဆိုချင်ပါသည်။

ဤနေရာတွင် တစ်ခုကြားဖြတ်၍ ရေးသားလိုပါသေးသည်၊ တာဝန်သိသူမှာ တာဝန်ရှိသည်–ဆိုသကဲ့သို့ ၃၁–ဘုံ ကျင်လည်ရသော ဒုက္ခကို သိတော်မူမြင်တော်မူသော မဟာကရုဏာရှင် သဗ္ဗညု ဗုဒ္ဓမြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးကို လိုလားတော်မူသည့်အတွက် အချိန်ရှိတိုင်း သံသရာမှ လွတ်မြောက်ကြောင်းကို ဟောကြားတော်မူခဲ့ပါသည်၊ ထို့ကြောင့် မြတ်စွာဘုရား၏ အဆုံးအမ၌ သက်ဝင် ယုံကြည်ပါလျှင် ကူးမြောက်နိုင်ရန် ကြိုးစားမှုမှာ သတ္တဝါတို့၏ တာဝန်သာ ဖြစ်ပါတော့သည်။ ကူးမြောက်နိုင်ကြောင်း တရားကောင်းတို့ကိုလည်း ဟောကြားထားတော်မူခဲ့သည်ဖြစ်၍ ထိုထိုဤဤ ကြံဆတွေဝေနေရန် အချိန်မဟုတ်တော့ပြီ– ဆိုသည်ကိုလည်း သတိချပ်ရမည်ဖြစ်သည်။

သာသနာတော် စည်ပင်ပြန့်ပွားလာသော ယခုအခါသမယကောင်း အချိန်၌ မြန်မာသာမက ကမ္ဘာ အရပ်ရပ် လူမျိုး အသီးသီးမှလည်း ဗုဒ္ဓဘာသာ၏ အဆီအနှစ်ကို ခွဲဝေသုံးဆောင် လိုလာကြသည်မှာ မျက်မြင်ပင်ဖြစ်ပါသည်၊ ထို့ကြောင့် ဦးစွာ ပထမ မိမိတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများလက်ဝယ် ပိုင်ပိုင် နိုင်နိုင် ရရှိထားပြီးသော ဗုဒ္ဓ၏ အဆုံးအမကို အတုအနှိုင်း

ဖရိုသော ကျေးဇူးတော် ဂုဏ်တော်တို့ နှင့်တကွ သိရှိထားကြရန် လိုအပ်ကြောင်း သဘောင်းကောင်း ပါးရပေသေးသည်။

အနာဂတ် သာသနာရေးနှင့် စပ်လျဉ်း၍ ကျေးဇူးတော်ရှင် ဗေဒဆရာတော်ဘုရား ကြိုတင် အမိန့်ရှိပုံကို သတိရနေမိပါသည်။ အခြားမဟုတ်ပါချေ-

"နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတွေက ဗုဒ္ဓရဲ့ အဆုံးအမတွေကို လာပြီး နည်းခံကျင့်သုံးကြမှာပါဗျာ၊ အဲဒီအခါ အိမ်ရှင်ဖြစ်တဲ့နိုင်ငံက ဧည့်ခံရလိမ့်မည်၊ ဧည့်ဝတ် ကျေကြရလိမ့်မယ်ဗျား"ဟူ၍ ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး အနေနှင့်လည်း၊ မဟာစည် သာသနာ့ရိပ်သာကြီးတွင်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးသို့ လည်းကောင်း၊ မေတ္တာရှေ့ရှု ကြွချီတော်မူလျက် တရားအမြိုက်ရသာများကို ချီးမြှင့် ဟောကြားတော်မူခဲ့သည်မှာ နှစ်ပေါင်းများစွာပင် ကြာညောင်းခဲ့ပေပြီ။ ကြည်ညိုလေးစားစွာ အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ကြသော နိုင်ငံခြားသားများ အပါအဝင် ရဟန်းရှင်လူ ယောဂီများစွာတို့မှာလည်း တရားထူးများကို တွေ့ကြုံ ခံစားရသည့်အတွက် အတိုင်းသက်အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရပါသည်။

ဤသို့လျှင် ဧည့်သည်အနေဖြင့်လည်း လာရကျိုး နပ်ပေပြီ၊ အိမ်ရှင်အနေဖြင့်လည်း ဧည့်ဝတ်ပြုစရာ ရှိနေပေပြီ။

"မသိသူ ကျော်သွား-သိသူဖော်စား"ဆိုသကဲ့သို့ နိုင်ငံရပ်

ခြား တိုင်းတပါးသားများအနေဖြင့် လည်းကောင်း၊ ဘာသာခြား များမှ လည်းကောင်း သက်ဝင်ယုံကြည်ကာ ဗုဒ္ဓ၏အမြိုက် အရသာကို ခံစားနေကြပြီဖြစ်၍ မိမိတို့ အနေဖြင့်လည်း ကိုယ် တိုင် လက်တွေ့ခံစားနိုင်စေရန် ကျင့်ကြံ အားထုတ်ကြစေလို ပါသည်၊ ထို့ကြောင့် က–ကြီး ခ–ခွေးမှ စပြီး မသိပါလျှင် ရှေ့သို့ဆက်ရန် ခက်ပါလိမ့်မည်။

**ဩကာသကန်တော့ချိုးနှင့်**– ပတ်ဘက်၍လည်း မှုကွဲများ ရှိကြောင်းနှင့် ဤစာအုပ်တွင်မူ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩကာသ ဘုရားရှိခိုးကို ထည့်သွင်း ရေးသားပူဇော်ထားကြောင်း ဖတ်ရှုရပါသည်၊ မှုကွဲသော်လည်း ရည်ရွယ်ချက်က အတူတူသာဖြစ်ပါသည်။

ဤစာအုပ်တွင် ရတနာသုံးပါး ဂုဏ်တော်အဖွင့်၊ သီလ၏ အကျိုးအပြစ်၊ ဆုတောင်းခန်းတွင် ပါဝင်သည့် အပါယ် လေးပါးမှအစ အနာမျိုး ၉၆–ပါး ရောဂါဟူသည့် အဘယ် နည်း စသည်တို့ကို အသေးစိတ်ရှင်းလင်းဖော်ပြထားပါသည်၊ လွယ်မယောင်နဲ့ခက်– တိမ်မယောင်နဲ့နက် ဆိုသကဲ့သို့ မိမိတို့ နှုတ်မှ ရွတ်ဆိုသွားသမျှ စောင့်ထိန်း သွားမှုတွေကို လုံးတိုင်း ခွန်းတိုင်း အဓိပ္ပာယ်သိရှိပါမှ လေးနက်ပြီး ဆောင်ရွက်ရကျိုး လည်း နပ်ပေလိမ့်မည်၊ ကိုယ်တိုင်သိရှိ သဘောပေါက်နားလည် ပါမှ တစ်ဆင့် ပြန့်ပွားပေးစေလိုသော စေတနာ ကုသိုလ်ဇော များလည်း ပေါ်ပေါက်လာမည် ဖြစ်ပါသည်။

ပုံတော်ကိုမှန်း, ဂုဏ်တော် မှန်း၍ ကြည်ညို နိုင်စေရန် လယ်တီဆရာတော် ဘုရားကြီး၏ သတ္တဌာန ဘုရားရှိခိုးလည်း

ထည့်သွင်းထားလိုက်သေးသည်၊ ထိုမျှသာမက ရသာပေါင်း ခသည့် သတိပဋ္ဌာန်တရား ပွားများပုံ ပွားများနည်းကိုလည်း ထည့်သွင်းထားရာ ကြိုးစား ကျင့်ကြံလိုသူ ရဟန်းရှင်လူများ အတွက် ဤတစ်အုပ်တည်းဖြင့် သီလ, သမာဓိ, ပညာပြည့်စုံ ပေလိမ့်မည် ဖြစ်ပါသည်။

အချို့ယောဂီပုဂ္ဂိုလ်များအနေဖြင့် သတိပဋ္ဌာန် ပွားများပုံ ပွားများနည်းကို မကြားဘူး မနာဘူး သူများလည်း ရှိသကဲ့သို့ ကြားဖူးနားဝ ရှိသည့်တိုင်အောင် (ဒီလောက်လွယ်လွယ်နဲ့ဖြစ်နေ ဖြစ်ပါ့မလား-ဟု သံသယစိတ်ဝင်ကာ ဟောပြောသည့်အတိုင်း ကျင့်ကြံအားထုတ်ခြင်းမရှိဘဲ ထင်တစ်လုံးနဲ့ လမ်းဆုံးနေကြသည် ကို တွေ့ကြုံးဖူးပါသည်။

သို့အတွက် ဤသတိပဋ္ဌာန် အလုပ်ပေးတရားတွင် ပါရှိသော "ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ မှန်စွာသိရမည်။ စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်" ဆိုသည့်အတိုင်း ယောဂီတို့တွင် ဖြစ်ပေါ်သမျှ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ စသည်တို့၌ အမြဲမပြတ် ရှိသေစွာ စူးစိုက်မှတ်သားမှု ပြုပါက တရားသဘောများကို မုချတွေ့မြင်လာရမည် အမှန်ဖြစ်ပါသည်။

ကမ္မဋ္ဌာနာစရိယနှင့် စနစ်တကျ အားထုတ်လိုပါကလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ သာသနာ့ ရိပ်သာတွင်လည်းကောင်း၊ ဤစာအုပ်ကို ရေးသား ပြုစုသော ညောင်ကန်ဆရာတော် ဘုရား၏ မဟာစည်ဩဝါဒခံ ညောင် ကန်အေး သာသနာ့ရိပ်သာတွင် လည်းကောင်း အချိန်မရွေး လာရောက် ရှုမှတ် ပွားများ နိုင်ပါကြောင်းလည်း စေတနာ

ကောင်းနှင့် သတင်းကောင်းပါး ရေးသားဖိတ်ခေါ်ပါရစေ၊ တရားတော်၏ ဧဟိပဿိကဂုဏ်တော်အတိုင်း ကိုယ်တိုင်ကျင့်ကြံ ပွားများပါက အကာလိကော–အချိန်အခါမလင့် ကောင်းကျိုး ချမ်းသာရရှိမည်ကား မုချမသွေ ဖြစ်ပါပေတော့သတည်း။

သတ္တဝါဟူသရွေ့ တရားတွေ့ ချမ်းမြေ့သာယာ ရှိပါစေ။

တက္ကသိုလ်–ပွင့်လန်း

၁၉–၄–၈၁

# ဆန္ဒမွန်နိဒါန်း

ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် အစစ်အမှန် ထွန်းကား အပြန့်ပွားဆုံးနိုင်ငံသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်သည်၊ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသား တို့သည် ရတနာသုံးပါး ဦးထိပ်ထား၍ မာတာမိခင် ဖွားသန့်စင် သည်ဟု ဇာတာရက်ချုပ် မော်ကွန်းထိုးလျက် ဗုဒ္ဓဘာသာအဖြစ်ကို ခံယူကိုးကွယ်ကြလေသည်။

ဗုဒ္ဓဘာသာခေါ် ဗုဒ္ဓသာသနာဝင်အဖြစ်ကို ခံယူလိုသူသည် ဘုရား တရား သံဃာ ရတနာသုံးပါးကို ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်မတော်မူတတ်သည် ဟူ၍ ယုံကြည်ဆည်းကပ် သိမှတ်ရလေသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

၁။ မြတ်ဘုရားကိုအားထားခို ကြည်ညို ဆည်းကပ်ပါ၏ ဘုရား။
၂။ မြတ်တရားကို အားထားခို ကြည်ညို ဆည်းကပ်ပါ၏ ဘုရား။
၃။ မြတ်သံဃာကို အားထားခို ကြည်ညို ဆည်းကပ်ပါ၏ ဘုရား-

ဟူ၍ သရဏဂုံ ရွတ်ဆိုဆောက်တည်သူကို ဗုဒ္ဓဘာသာဝင်၊ သို့မဟုတ် ဗုဒ္ဓသာသနာဝင်ဟူ၍ ခေါ်ဆိုလေသည်။

ဤကိုးကွယ်ပူဇော် မြတ်ဘုရားဂုဏ်တော် အမည်ရှိ စာအုပ်ငယ်သည် ဗုဒ္ဓဘာသာဝင်များအတွက် မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဗုဒ္ဓမြတ်စွာဘုရားကို ကြည်ညိုကိုးကွယ်ဆည်းကပ် ပူဇော်တတ်ရန် ညွှန်ပြသော စာအုပ်ဖြစ်လေသည်။

(၁) ပုံတော်ဘုရားကို ဖူးမြင်ကြည်ညို၍ စိတ်ထဲတွင် အေးမြကြည်လင်သွားမှုမျိုးကို ပသာဒသဒ္ဓါခေါ်ပါသည်။

(၂) ပုံတော်ဘုရားမှတစ်ဆင့် သက်တော်ထင်ရှား မြတ်စွာဘုရား၏ ဖြစ်ရပ်မှန် ဗုဒ္ဓဝင်နှင့် တကွ ဂုဏ်တော်အရည်အသွေးများကို သိရှိနှလုံးသွင်း ကြည်ညိုစိတ်တွင်းမှာ ဝမ်းမြောက် ကြည်လင်ငြိမ်းချမ်းမှုကို ဩကပ္ပနသဒ္ဓါခေါ်ပါသည်။

(၃) ဘုရားဟော သီလ, သမာဓိ, ပညာအကျင့်တရားတို့ကို ကျင့်ပွား၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်သိမြင်ပြီး အရိယာအဖြစ်ဖြင့် ရတနာ ၃-ပါးကို ကြည်ညိုဆည်းကပ်ကိုးကွယ်မှုကို အဓိဂမသဒ္ဓါ ခေါ်ပါသည်။

(၄) ဘုရားဆုပန်သည်မှစ၍ ဘုရားဖြစ်သည်အထိ ကံ, ကံ၏အကျိုးကို ယုံကြည်သိမြင်မှုမျိုးကို အာဂမသဒ္ဓါခေါ်ပါသည်။

ဤကိုးကွယ်ပူဇော် မြတ်ဘုရားဂုဏ်တော်စာအုပ် သည် အမှတ်(၁)နှင့် အမှတ်(၂) သဒ္ဓါများစနစ်တကျ ဖြစ်ပွားစေရန် (ဝါ) ဗုဒ္ဓဘာသနာဝင် ပီပီသသဖြစ်ပွားစေရန် ညွှန်ပြသော စာအုပ်ဖြစ်ပါသည်၊ ဤစာအုပ်ပါ စာပေများကို မြတ်ပန်းရဂုံ

ဘာသာရေးစာစောင်၌ အပတ်စဉ် အခန်းဆက်အဖြစ် ထည့်သွင်း ဖော်ပြခဲ့ပါသည်။

ဤစာအုပ်သည် ဗုဒ္ဓသာသနာဝင်အဖြစ် ခံယူလိုသူများ အတွက်လည်း လွယ်ကူချမ်းသာစွာ ခံယူနိုင်စေရန်နှင့် ဗုဒ္ဓ သာသနာဝင်အမည်ခံ ဘာသာ သာသနာယဉ်ကျေးမှု အသိတရား နုနယ်သေးသူများအတွက်လည်း ဗုဒ္ဓသာသနာဝင် ပီပီသသဖြစ်ရန် ဖော်ညွှန်းသောစာအုပ်ဖြစ်ပါသည်။

ဤစာအုပ်တွင် ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ရေးသားထား ပါသည်၊ ဤစာအုပ်နှင့်အတူ ဤစာအုပ်၏ ရှေ့ပိုင်းတွင် ယခင်က နှစ်ကြိမ်ရိုက်နှိပ်ဖူးသော ဗုဒ္ဓဘာသာ က ခ ဩကာသ ကန်တော့ခန်းနှင့် ငါးပါးသီလပေးတရားတော်စာအုပ်ကိုလည်း ပူးတွဲထည့်သွင်းထားပါသည်၊ ထိုဗုဒ္ဓဘာသာ ကကြီးခခွေး ဩကာသကန်တော့ခန်းနှင့် ငါးပါးသီလပေးတရားတော် စာအုပ် အတွက် အဖွင့်လွှာအမှာစာကိုမူ ဘုန်းကြီး၏ တပည့် "တက္ကသိုလ် ပွင့်လန်း"က ရေးသားထားပြီးဖြစ်၍ ဤ၌ မဖော်ပြတော့ပါ၊ ထိုအဖွင့်လွှာတွင် ဖတ်ရှုက သိသာထင်ရှားနိုင်ပါသည်၊ ယခု ထုတ်ဝေသောစာအုပ်၏ အမည်အပြည့်အစုံမှာ "ဗုဒ္ဓဘာသာ ကကြီးခခွေး အခြေခံတရားတော်" ဖြစ်ပါသည်။

# နိဂုံးဆန္ဒမွန်

ဤစာအုပ်ကို ကိုယ်တိုင် ဖတ်ရှု၍ သူတစ်ပါးအား ထပ်ဆင့် ဟောကြားခြင်းဖြင့် ဗုဒ္ဓသာသနာတော်ထွန်းကား ပြန့်ပွားပါစေသတည်း။

ဗုဒ္ဓါနုဿတိ ကုသိုလ်ပွား၍ ဘေးရန်ကင်းကွာ အသက်ရှည် လျက် ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေ၊ အပါယ်ဆင်းရဲ ကင်း၍ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ရရှိခံစားနိုင်ကြပါစေ။

**အရှင်ကုဏ္ဍက**
ညောင်ကန်အေး ဆရာတော်

၁၃၅၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁–ရက်၊
(၁၉၉၅ ခုနှစ် မတ်လ ၁၆–ရက်၊ ကြာသပတေးနေ့။)

ရန်ကုန်မြို့၊ ကြို့ကုန်း၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၆)

မဟာစည် သြဝါဒခံ

ညောင်ကန်အေး သာသနာ့ရိပ်သာ

**ညောင်ကန်အေးဆရာတော်အရှင်ဣန္ဒက**

ဟောကြားတော်မူသော

# ဗုဒ္ဓဘာသာ ကကြီး ခခွေး

## သြကာသ ကန်တော့ခန်းနှင့် သီလပေး

## တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သြကာသကန်တော့ခန်း

ယနေ့ တရားနာ ရောက်လာကြတဲ့ ပရိသတ်များအား သြကာသနဲ့ မကန်တော့မီ ဘုန်းကြီးက သြကာသအကြောင်းကို အလျင် ရှင်းပြပါမယ်၊ ယနေ့ ယခုဟောကြားမည့် တရားက "ဗုဒ္ဓဘာသာ ကကြီး ခခွေး သြကာသ ကန်တော့ခန်းနှင့် သီလပေး တရားတော်"တဲ့။

## အသက်နှင့်ထပ်တူ ဆောင်တော်မူကြ သြကာသ

ပြည်ထောင်စု မြန်မာနိုင်ငံတော် ထေရဝါဒ ဗုဒ္ဓသာသနာတော် လောကတွင် ပုခက်နှင့် ခေါင်းကြား၊ မွေးမှ–သေအထိ

ဆောင်ထားရမည့် ဗုဒ္ဓဘာသာတိုင်းရဲ့ လက်သုံး ယဉ်ကျေးမှုဟာ ဘာလဲ ဆိုရင် ဩကာသ ကန်တော့ခန်းနှင့် သီလပေး သီလ ဆောက်တည်ပုံပါပဲ။

မြန်မာစာ သင်ကြားသူများတွင် က-ကြီး၊ ခ-ခွေးဟာ စာ စ-သင်ကတည်းက ဘွဲ့ရသည်အထိ အရေးကြီးသလို ဒီ ဩကာသသီလခန်းကလည်း ဗုဒ္ဓဘာသာအစမှ နိဗ္ဗာန်ရောက်သည်အထိ ရာသက်ပန် အရေးကြီးလှပါတယ်၊ ဟုတ်တယ်၊ သူဟာ ခပ်တိုင်း ငန်ပါပဲ။

လူနှင့် ပတ်ဝန်းကျင်တွင် ဗုဒ္ဓဘာသာတိုင်းရဲ့ သာရေး နာရေး ကိစ္စတိုင်းမှာ ဒီဩကာသ-သီလခန်းဟာ ရှေ့တန်းက ပါဝင်ပါတယ်၊ သူဟာ ဗုဒ္ဓဘာသာ အခမ်းအနားတိုင်းရဲ့ သော့ချက် ဖြစ်ပါတယ်၊ ဒီဩကာသရဲ့ အရေးပါအရာရောက်ပုံကို အားလုံးကိုယ်တွေ့မျက်မြင်မို့ ထင်ရှားပြီးသားပါပဲ၊ ဒါလောက်ဆို လုံလောက်ပါပြီ။

## ဩကာသဘုရားရှိခိုးအမျိုးမျိုး

ဒါလောက် အရေးပါ အရာရောက်တဲ့ ဩကာသ ဘုရားရှိခိုးဟာ ကာလတွေ ရှည်လျားပြီး ဒေသတွေ ထွေပြားတော့ တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဖြစ်ခဲ့ရပါတယ်၊ ကိုယ့်ဆရာနှင့် ကိုယ့်ဒါယကာ နေလာကြစဉ်မှာ ပြဿနာ မရှိခဲ့ သော်လည်း ရပ်ချင်းရွာချင်း မြို့ချင်း နယ်ချင်းကူးလူးတဲ့ အခါ မူမတူဟန်ကြောင့် ပူညံပူညံလည်းဖြစ်ခဲ့ကြရတယ်။

ဥပမာအားဖြင့် ကာယကံ-ဝစီကံ-မနောကံ အုပ်စုက တစ်မျိုး ကာယဒွါရ ဝစီဒွါ မနောဒွါရ အုပ်စုကတစ်ဖုံ၊ ကာယပဏာမ ဝစီပဏာမ မနောပဏာမအုပ်စု တစ်နည်းလို့ အမျိုးမျိုး ပေါ်ပေါက်ခဲ့ရတယ်။

သူ့နည်းက မှားတယ်၊ ငါ့နည်းက မှန်တယ်လို့လည်း ငြင်းခုန်ခဲ့ကြတယ်၊ လင်နှင့်မယား သားနှင့်သမီးဆိုတဲ့ မိသားစုချင်း ကွဲကွာသည်အထိ ဂယက်ရိုက်ခဲ့ရတယ်။

## ညီညာရင် ကောင်းတယ်

တကယ်ဆိုတော့ ဒီဩကာသဘုရားရှိခိုး ဆိုရိုးအမျိုးမျိုးဟာ နန်းဦးဆရာတော် ရွာဦးဆရာတော်များရဲ့ အလိုဆန္ဒ အယူ အဆချင်း မတူညီကြလို့သာ မူကွဲခဲ့ကြတာပါ၊ ယဉ်ကျေးမှု ဦးတည်ချက်ချင်းတော့ အတူတူပါပဲ၊ အချို့ ဆိုရိုး လွဲတယ် ဆိုသော်လည်း နတ်ရွာနိဗ္ဗာန် မရောက်နိုင်လောက်အောင် သဂ္ဂန္တ-ရာယ်၊ မဂ္ဂန္တရာယ်အထိတော့ မလွဲနိုင်ပါဘူး၊ ကုသိုလ် မရနိုင် လောက်အောင် ပုညန္တရာယ်အထိလည်း မလွဲပါဘူး ဆရာစွဲ ဝါဒစွဲလွန်ပြီး ပုဂ္ဂိုလ်ရေး အပြစ်မြင်ပြီး ပြောမှား ဆိုမှား ပြုမှား ဖြစ်ကုန်ရင်တော့ ကုသိုလ်မရဘဲ အကုသိုလ် ပွားနိုင်ပါတယ်။

ဒါကြောင့် ကုသိုလ်ရရေးကို ရှေ့ရှုပြီး ကာလ ဒေသ အားလျော်စွာ စုပေါင်းရွတ်ဆိုတဲ့အခါမှာ သူတစ်မျိုး ငါတစ်ဖုံ မရွတ်ဆိုကြပဲနှင့် မူတစ်ခုချပြီး ညီညီညာညာ ရွတ်ဆိုနိုင်ရင်တော့ သာယာနာပျော်ဖွယ်လည်း ဖြစ်ပါတယ်၊ စိတ်ကြည်နူးပြီး ကုသိုလ် အထူးတွေလည်း ပွားပါတယ်။

## မဟာစည် ဩကာသ ကန်တော့ခန်း

ဘုန်းကြီးတို့ မဟာစည်ဩဝါဒခံ တပည့်ရဟန်းရှင်လူများကတော့ မဟာစည် ဆရာတော် ဘုရားကြီး စီစဉ်ပေးတော်မူတဲ့ ဩကာသ ကန်တော့ခန်းကို ညီညီညာညာ ရွတ်ဆိုကန်တော့ကြပါတယ်၊ ရှေးဆရာတော်များရဲ့ မူလည်း မပျက်၊ ရည်ရွယ်ချက်လဲပြည့်စုံ၊ ပြေပြစ်ချောမောမှုလဲရှိပြီး တစ်မူတည်း ရွတ်ဆိုကြပြန်တော့ ညီညာပြီး သာယာချိုအေးလှပါတယ်။

အဲဒီဩကာသစကားပြေရဲ့ လိုရင်းအဓိပ္ပာယ်ကို ကလေးငယ်များမှအစ သိလွယ်ရုံမျှ အနည်းငယ် ပြောပြပြီးမှ ကန်တော့ချိုးကို ဆိုကြရအောင်ပါ၊ ယခု စကားပြေ အဓိပ္ပာယ်ကို ရှင်းပြပါဦးမယ်။

## ဩကာသ ကန်တော့ခန်းတိုင်းမှာ

ပထမ ကန်တော့ခန်းကတစ်ပိုဒ်–

ဒုတိယ ဆုတောင်းခန်းက တစ်ပိုဒ်လို့ စာနှစ်ပိုဒ် ရှိပါတယ်၊ အဲဒီ စာနှစ်ပိုဒ်ထဲက ပထမစာပိုဒ်ကို အလျင် ပြောပြပါမယ်။

## ဩကာသဆိုတာ ဘာလဲ

ဩကာသဆိုတာ ပါဠိစကားပါ၊ မြန်မာလိုတော့ "အခွင့်" လို့ အဓိပ္ပာယ် ရပါတယ်၊ "အခွင့်ပေးပါ၊ အခွင့်ပြုပါ"လို့ ဆိုလိုပါတယ်၊ ပါဠိစာပေ ပိဋကတ်တော်များမှာ "ဩကာသံ ဒေထ"လို့လည်း (ဇာတက ဋ္ဌ၊ ၁၊ ၁၅)တွေ့ရပါတယ်၊ တပည့်တော်အား အခွင့်ကို ပေးတော်မူပါကုန်လို့ ဆိုလိုပါတယ်၊ နောက်ပြီးတော့ "ကရောတု မေ အာယသ္မာ ဩကာသံ"လို့လဲ

(ဝိ-ရှူဠဝဂ္ဂ-၉) တွေ့ရပါတယ်၊ အရှင်ဘုရားသည် တပည့်တော်အား အခွင့်ကို ပြုတော်မူပါ”လို့ ဆိုလိုပါတယ်။

ဒါကြောင့် ဩကာသဆိုတာ အလေးအမြတ် ပြုအပ်တဲ့ ရတနာမြတ်သုံးပါး ရှေ့မှောက်မှာ အရေးတကြီး အလေးပြုရှိခိုးချင်လို့ “အခွင့်ပြုပါ-ခွင့်ပြုပါဘုရား”လို့ ဆိုလိုပါတယ်။

## စကားသုံးခွန်း တောင်းပန်းညွှန်း

“ဩကာသ... ဩကာသ... ဩကာသ-ခွင့်ပေးပါ ဘုရား... ခွင့်ပေးပါဘုရား... ခွင့်ပေးပါဘုရား”လို့ စကား သုံးခွန်းဖြင့် ခွင့်တောင်းပါတယ်၊ ပထမ ဩကာသဖြင့် ဘုရားမြတ်ထံ ဦးတည် ခွင့်တောင်းတယ်၊ ဒုတိယ ဩကာသဖြင့် တရားမြတ်ထံ ဦးတည် ခွင့်တောင်းတယ်၊ တတိယ ဩကာသဖြင့် သံဃာမြတ်ထံ ဦးတည် ခွင့်တောင်းတယ်။

## ကံသုံးပါး

အဲဒီ ဩကာသ သုံးခွန်းရဲ့ နောက်တွင်ပါတဲ့ “ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်း၍” ဆိုတဲ့ အပိုဒ်များက ဒီလိုပြဆိုပါတယ်။

မိမိမှာ ဘုရား,တရား,သံဃာ ဆိုတဲ့ ရတနာမြတ်သုံးပါးနှင့် ပတ်သက်ပြီး မတော်တဆ ပြုမှားမိတဲ့ ကာယကံအပြစ်၊ ပြောမှားမိတဲ့ ဝစီကံအပြစ်၊ ကြံမှားမိတဲ့ မနောကံအပြစ်၊ အဲဒီအပြစ်သုံးမျိုးထဲက တစ်မျိုးမျိုးနဲ့ ပြစ်မှားမိတဲ့ အပြစ်ဘေး အညစ်အကြေးရှိရင် အဲဒီအညစ်အကြေး အပြစ်ခပ်သိမ်း ပပျောက်ငြိမ်းရန် သီလပေး အရှင်မြတ်ကို သက်သေထားပြီး ဝန်ချတောင်းပန် ကန်တော့ပါတယ်-တဲ့။

ဥဒ္ဒိဿ ရုပ်ပွား စေတီတော်ရှေ့မှာ ရှတ်ခိုးရင် ရုပ်ပွား ဘုရားစေတီတော်မြတ်ကို သက်သေထားပြီး ဝန်ချတောင်းပန် ကန်တော့တယ်လို့ မှတ်ပါ။

## ရည်ရွယ်ချက်

ပြီးတော့ "အသက်ရှင်စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်း ကြောင်း၊ ကောင်းမှု မင်္ဂလာဖြစ်ပါစေခြင်း အကျိုးငှာ"ဆိုတဲ့ အပိုဒ်များကလဲ ဒီလို အဓိပ္ပာယ် ရပါတယ်။

မိမိရှိခိုးရတဲ့ ကုသိုလ်စေတနာကြောင့် မိမိမှာ-

၁။ အသက်ရှည်ပါစေ၊

၂။ အနာကင်းပါစေ၊

၃။ ရန်ဘေးကင်းပါစေ၊

၄။ ကောင်းမှုမင်္ဂလာ ဖြစ်ပါစေ တဲ့၊ ဒါက ရှိခိုးသူရဲ့ ရည်ရွယ်ချက်ပါ၊ ဒီအထိသြကာသဖြင့် ရည်ရွယ်ချက် နှစ်မျိုး ရှိပါပြီ။

(၁) အပြစ်ခပ်သိမ်း ပျောက်ငြိမ်းရန် ရည်ရွယ်ချက်၊

(၂) အသက်ရှည်စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာဖြစ်ပါစေခြင်း ရည်ရွယ်ချက်၊ အဲဒီ ရည်ရွယ်ချက် နှစ်မျိုးပါ။

## ကန်တော့ရှိခိုးက ချမ်းသာရ ဇာတ်လမ်း

ဒီ ရည်ရွယ်ချက်အတိုင်း ရရှိပါသလားဆိုရင်တော့ ရရှိနိုင်ပါ တယ်၊ သာဓကအနေနဲ့ အဋ္ဌကထာမှာလာတဲ့ အာယုဝဍ္ဍန သတို့သား ဇာတ်လမ်းနှင့် သူ့ကို အကြောင်းပြု ဟောကြား တော်မူတဲ့ ဒေသနာကို ပြရပါလိမ့်မယ်။

သူကား ခုနစ်ရက်သာ သက်တမ်းရှိပါသတဲ့၊ ခုနစ်ရက်မြောက်လျှင် ဝဿဝဏ် နတ်မင်းကြီးထံမှာ အခွင့်ရထားတဲ့ ဘီးလူး တစ်ယောက်ရဲ့ အစာဖြစ်ရမည် ဆိုပါတယ်၊ မြတ်စွာဘုရား၏ ညွှန်ကြားတော်မူချက်အရ သံဃာတော်များအား ပင့်ကာ ခုနစ်ရက်ပတ်လုံး ပရိတ်တရားကို နာကြားပါတယ်၊ ခုနစ်ရက်မြောက်တဲ့ နောက်ဆုံးနေ့မှာ ဘုရားမြတ် ကိုယ်တော်တိုင်ကြွရောက်ပြီး ပရိတ်တရားကို ဟောကြား ချီးမြှင့်တော်မူပါတယ်၊ ဒီတော့ ပရိတ်တန်ခိုး ရတနာသုံးပါးတန်ခိုး စွမ်းကြောင့် နတ်ဘီးလူးများ မကပ်နိုင်ဘဲ ဘီးလူးဘေးမှလွတ်ကင်းပြီး အသက်တစ်ရာ့နှစ်ဆယ် ရှည်ပါတယ်။

ဒါကိုအကြောင်းပြုပြီး "ခုနစ်ရက် အသက်တမ်း ရှိသူမှာ အသက်တစ်ရာ့နှစ်ဆယ် ရှည်သေး၏၊ သတ္တဝါများ အသက်ရှည်ကြောင်း ရှိကောင်း၏" လို့ ဆွေးနွေးကြသူများအား မြတ်ဘုရားကြွလာပြီး တရားဟောတော်မူပါတယ်။

ရှိခိုးခြင်း အလေ့ရှိလျက် အသက်သိက္ခာ ဂုဏ်ကြီးသူတို့ကို အရိုအသေပြုတတ်သူအားအသက်, အဆင်း, ချမ်းသာခြင်း, ခွန်အား အကျိုးလေးပါး တိုးပွားကုန်၏ လို့ ဟောကြားတော်မူပါတယ်။

## ဆောင်ပုဒ်

ကြီးမြတ်သူအား၊ ရိုဝပ်တွားက၊ တိုးပွားဓိဝ၊ အဆင်းလှ၊ သုခခွန်အားတွေ။

## ရတနာမြတ်သုံးပါး

ပြီးတော့ "ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး (ဆရာသမား)တို့ကို" ဆိုတဲ့ အပိုဒ်များက ဒီလို အဓိပ္ပာယ်ရှိပါတယ်။

၁။ သိစရာရှိသမျှ အကုန်သိတော်မူတဲ့ဘုရား။

၂။ အဲဒီဘုရားဟောကြားတော်မူတဲ့ မဂ် ၄-ပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ္တိတရားအားဖြင့်ပေါင်း ၁၀-ပါးသောတရား။

၃။ အဲဒီ ဘုရားဟော တရားများကို လိုက်နာကျင့်ပွား အံမြိုက်တရားရသော မဂ်ပုဂ္ဂိုလ် ၄-ပါး၊ ဖိုလ်ပုဂ္ဂိုလ် ၄-ပါး ၈-ပါးသော အရိယာသံဃာတဲ့။

အဲဒီသုံးပါးဟာ "မြတ်နိုးလေးစား၊ တန်ဖိုးများ၍၊ ကင်းငြားတုလဲ၊ မြင်ရခဲ၊ သုံးစွဲသူကောင်းရတနာ"လို့ ဆိုရပါတယ်။

ဒါကြောင့် ဒီသုံးမျိုးကို-

၁။ မြတ်နိုးစရာ ရတနာ၊

၂။ လေးစားထိုက်စွာ ရတနာ၊

၃။ တန်ဖိုးများစွာ ရတနာ၊

၄။ အတုမရှိရာ ရတနာ၊

၅။ မြင်ရခဲစွာ ရတနာ၊

၆။ လူကောင်းသုံးစွဲရာ ရတနာ-လို့ ဆိုပါမယ်၊ ဒါကြောင့် ဒီဘုရား၊ တရား၊ သံဃာသုံးပါးကို ရတနာထိုက်သော မြတ်သော ရတနာမြတ်သုံးပါးလို့ ဆိုပါတယ်။

ယခု ပရိသတ်များ ရှိခိုးကြတာဟာ အဲဒီရတနာမြတ်သုံးပါးကို ရှိခိုးကြတာပါ၊ ကန်တော့ကြတာပါ၊ ပြီးတော့ အဲဒီရတနာမြတ်သုံးပါးကို ရှိခိုးကန်တော့တတ်အောင် သွန်သင်ညွှန်ပြတော်မူတဲ့(ဆရာသမား)ကိုလည်း ရှိခိုးကန်တော့ပါတယ်တဲ့။

## ရှိခိုးကန်တော့ပုံ

ပြီးတော့ "အရှိအသေ၊ လက်အုပ်မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏(အရှင်ဘုရား)"ဆိုတဲ့ အပိုဒ်များကတော့ ရှိခိုးကန်တော့ပုံကို ပြပါတယ်။

ရတနာမြတ်သုံးပါး ဆရာသမား လူကြီးမိဘ ရှေ့မှောက်ရောက်ရင်ပင် ကိုယ်နှုတ်နှလုံးသုံးပါးပျောင်းပျော့ မာန်ပါလျှော့ပြီး လက်ဝါးနှစ်ဖက်ကို ပူးပြီး ကြာငုံ ကြာဖူးပမာ မြန်မာ့ယွန်းထည်ဆွမ်းအုပ်ပမာ အဖူး အငုံ အအုပ်ကလေး လုပ်ပြီး မျက်ခုံးနှစ်သွယ် အလယ်ကြားမှာတင်ထားပြီး ဆည်းကပ်ပါ။

ပြီးတော့ အမျိုးသားဆိုရင် ဆောင့်ကြောင့် ထိုင်ပါ၊ တတောင်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်မှာ တင်ပါ၊ စောစောက ပြောခဲ့တဲ့အတိုင်း လက်အုပ်မိုးပါ၊ လက်ဝါးနှစ်ဖက်ကို ကြမ်းပေါ်၊ အခင်းပေါ်မှာ မှောက်လျက်ချပါ၊ ကိုယ်ကို ရှေ့သို့ညွတ်ပြီး ဒူးနှစ်ဖက်ကိုအောက်ချပါ၊ လက်နှစ်ဖက်ကိုလဲ ရှေ့သို့တိုးပါ။၊ ခြေနှစ်ဖက်၊ ဒူးနှစ်ဖက်၊ တတောင်နှစ်ဖက်၊ လက်ဝါးနှစ်ဖက်၊ နဖူးပြင်များ ကြမ်းမှာ အခင်းမှာ ဝပ်ပြားအောင်ပြုပါ၊ အဲဒါကိုသုံးကြိမ်ပြုလုပ်တာကို ရှိခိုးဝပ်ချတယ်လို့ ခေါ်ပါတယ်၊ အမျိုးသမီး ဆိုရင်လည်း ဒူးတုပ်လျက် ကျုံ့ကျုံ့ထိုင်ရင်းပင် ဖော်ပြပါအတိုင်းရှိခိုးဝပ်ချပါ၊ ဒါကိုပင် ရှိခိုး

ဝပ်ချတယ် ခေါ်ပါတယ်။

## ဆောင်ပုဒ်

ခြေလက်နဖူး၊ တတောင်ဒူး၊ ငါးဦးတည်ခြင်းပါ။

## ပူဇော်

ပူဇော်ဆိုတာ ဝပ်သုံးကြိမ်ချပြီး လက်အုပ်မိုး ဆောင့်ကြောင့်ထိုင် ဒူးတုပ်ထိုင်လျက်ပင် ဆီမီး ရေချမ်း ဆွမ်းစသည်ကို ဆက်ကပ်တာ၊ ဂုဏ်တော်များကို ရွတ်ဆိုတာ၊ သီလ-သမာဓိ ပညာ ကျင့်တာများကို ပူဇော်တယ်ခေါ်ပါတယ်၊ ပစ္စည်းနဲ့ပူဇော်တာကို အာမိသပူဇာတဲ့၊ အကျင့်နဲ့ ပူဇော်တာကို ဓမ္မ ပူဇာတဲ့။

## ဖူးမြော်

ဖူး-ဆိုတာကတော့ ရတနာသုံးပါး ဆရာများကို ပကတိ မျက်စိနဲ့ ကြည့်ရှုဖူးမြင်တာကို ဖူးတယ်လို့ ခေါ်ပါတယ်။

မြော် ဆိုတာ ရတနာသုံးပါးရဲ့ ဂုဏ်တော်များကို စိတ်တွင်းမှာ တတ်စွမ်းသမျှ မြော်မြင်ဆင်ခြင် နှလုံးသွင်းတာကို ခေါ်ပါတယ်။

ဥပမာ-ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ မြတ်စွာဘုရား၊ ကောင်းစွာ ဟောကြားအပ်တဲ့တရား၊ ကိလေသာ ကင်းအောင် ကောင်းစွာ ကျင့်တော်မူတဲ့ သံဃာ စသည်ဖြင့် ဆင်ခြင်တာ မျိုးပါ။

## မာန်လျှော့

မာန်လျှော့ ဆိုတာကတော့ 'ငါ' တည်းဟူသော မာန်မာနကို လျှော့ချပါ၊ ငါဟာ ဘယ်မျှတော်တယ်၊ တတ်တယ်-ဆိုစေဦးတော့၊ ကိလေသာ စိတ်ရိုင်းနှင့် ၃၂-ကောဋ္ဌာသရုပ်အစုအဝေးမျှပဲ၊ ရတနာမြတ် သုံးပါးကတော့ ကိလေသာစင်ကြယ်ပြီး၊ မြင့်မြတ်လှပါပေတယ်၊ စသည်ဖြင့်၊ ရတနာသုံးပါးကို အလေးအမြတ်ပြုပြီး မိမိကိုယ်ကို နှိမ့်ချပါ၊ မာန်လျှော့ပါတဲ့။

## ကန်တော့

ကန်တော့ ဆိုတာကတော့ မိမိကျူးလွန်မိတဲ့ အပြစ်ကိုဝန်ချတောင်းပန် ရှိခိုးဝပ်ချပြီး အကန်တော့ခံဂုဏ်များအားသည်းခံ ကျေနပ်စေတာပါပဲ၊ ရတနာသုံးပါး ဆရာသမားလူကြီးမိဘများ ရှေ့မှောက်မှာ ပြုဖွယ်ကိစ္စရှိရင်၊ ရှိသေကိုင်းညွတ်ပြီး "ကန်တော့-ကန်တော့"ဆိုပြီး ပြုလုပ်တာလည်းရှိပါတယ်၊ ဒါလဲ ကန်တော့တယ်လို့ ဆိုတယ်၊ အရိုအသေပြုခြင်းကိုပင် ကန်တော့တယ်လို့လည်း တစ်မျိုးမှတ်ပါ။

ကန်တော့တဲ့ ရည်ရွယ်ချက်အတိုင်းကော အကျိုးသက်ရောက်ပါသလားဆိုရင်၊ အကျိုးသက်မှု ရှိပါတယ်၊ ယခုပြောပြခဲ့တဲ့ ဩကာသကန်တော့ချိုးဆိုရိုးကို အမိဟွာယ် ဆက်စပ်မိအောင် ဘုန်းကြီးက တစ်ပါတည်းဆိုပြပါဦးမယ်။

## ရည်ရွယ်ချက်နှင့် ပြည့်စုံပြေပြစ်သော
## မဟာစည် ဩကာသ ကန်တော့ခန်း

ဩကာသ၊ဩကာသ၊ဩကာသ၊ ကာယကံ၊ဝစီကံ၊ မနောကံ တည်းဟူသော၊ အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်း၍၊ အသက်ရှည်စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း၊ ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော၊ ရတနာမြတ်သုံးပါး (ဆရာသမား)တို့ကို၊ အရိုအသေ၊ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏(အရှင်ဘုရား)။

### အမှာစကားချုပ်

(ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဤတွင် ရပ်ပါ၊ ဆုပေးမည့် ပုဂ္ဂိုလ်မရှိလျှင် အောက်ပါဆုတောင်းကို ဆက်ဆို၍ တောင်းပါ)

ဤ ဩကာသ ဘုရားရှိခိုး ကန်တော့ခန်း၌ (ဆရာသမား) ဟူသော ဤစကားမှာ ဆရာသမားတို့ကို ကန်တော့သော အခါ၌မှု ထည့်ဆိုရန်ဖြစ်သည်၊ မိခင် ဖခင်စသည်တို့ကို ကန်တော့သောအခါ မိခင် ဖခင် အဘိုး အဘွား ဦးကြီး အရီး အဒေါ် စသည်ဖြင့်ဆိုင်ရာတို့ကို လဲလှယ်ထည့်သွင်း၍ ဆိုရမည်၊ (အရှင်ဘုရား)ဟူသော စကားမှာလည်း ရတနာမြတ်သုံးပါး ရဟန်းသံဃာတို့ကို ကန်တော့သောအခါ၌သာ ဆိုရန်ဖြစ်သည်။

ဒါဟာ မဟာစည်ဩကာသကန်တော့ခန်းတွင် စံနစ်တကျ ညွှန်ကြားထားတဲ့ အမှာစကားဖြစ်တယ်၊ ရပ်ပွားတော်ရှေ့တွင် ရတနာသုံးပါးကို ရှိခိုးကန်တော့တဲ့အခါ ဖော်ပြပါ ဩကာသ ကန်တော့ခန်းတွင် (ဆရာသမား)ဆိုတာကို ချန်ထားပြီးဆိုရုံပါပဲ။

## ဆရာသမားတို့ကို ရှိခိုးကန်တော့တဲ့အခါ

ဩကာသ။ပ။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး၊ ဆရာသမားတို့ကို၊ အရိုအသေ၊ လက်အုပ်မိုး၍ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏–လို့ ဆိုပါ။

## မိ–ဘတို့ကို ရှိခိုးကန်တော့တဲ့အခါ

ဩကာသ။ပ။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး မိခင်ဖခင်တို့ကို၊ အရိုအသေ၊ လက်အုပ်မိုး၍ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏–လို့ ဆိုပါ။

## အဘိုးအဘွားတို့ကို ရှိခိုးကန်တော့တဲ့အခါ

ဩကာသ။ပ။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါ၊ အဘိုးအဘွားတို့ကို၊ အရိုအသေ၊ လက်အုပ်မိုး၍ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏–လို့ ဆိုပါ။

## ဦးကြီး အဒေါ်တို့ကို ရှိခိုးကန်တော့တဲ့အခါ

ဩကာသ၊ဩကာသ၊ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော၊ အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်း၍၊ အသက်ရှည် စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း၊ ကောင်းမှု မင်္ဂလာ၊ ဖြစ်ပါစေခြင်း၊ အကျိုးငှာ၊ ဘုရားရတနာ၊ တရား ရတနာ၊ သံဃာရတနာ တည်းဟူသော၊ ရတနာမြတ်သုံးပါး၊

ဦးကြီး အဒေါ်များတို့ကို၊ အရှိအသေ၊ လက်အုပ်မိုး၍ ရှိခိုး ပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏-လို့ ဆိုပါ။

## အများစကားချပ် ကျိုးကြောင်းပြ

ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်ပါ၊ ဆုပေးမည့် ပုဂ္ဂိုလ် မရှိလျှင် အောက်ပါ ဆုတောင်းကို ဆက်ဆို၍ တောင်းပါ-ဆိုတဲ့ အများစကားအရလိုက်နာကျင့်သုံးရင် အချိန်ပိုမကုန်တာ ရယ်၊ ဆရာ-ဒါယကာ အပေးအယူ အံ့ဝင်ခွင်ကျ ဖြစ်တာရယ်၊ စံနစ်မှန်ပြီး သဘာဝကျတာရယ်-ဆိုတဲ့အကျိုးများကိုရပါတယ်။

ဒါဖြင့် ဆုတောင်းကို ဆက်ဆိုပြီးတောင်းရင် အပြစ်ရှိပါ သလား-လို့ မေးရင် အပြစ်မရှိပါဘူးလို့ပဲ ဖြေရပါမယ်၊ ကုသိုလ်စေတနာ ထပ်တိုးတယ်လို့လဲ ယူဆနိုင်ပါတယ်၊ ဖော်ပြပါ အချိန်မကုန်ခြင်းစတဲ့ အကျိုးများကိုတော့ မရနိုင် ပါဘူး၊ ဒီနေရာတွင် ရပ်ထားသော် သီလပေး ရဟန်းတော် ဆရာ၊ မိဘ စသည်များက ဆုပေးရပါတယ်၊ ဆုပေးမည့်ပုဂ္ဂိုလ် မရှိတဲ့ ရပ်ပွားစေတီ စသည်များမှာ ရှိခိုးကန်တော့တဲ့အခါမှာ တော့ ဆုတောင်းကို ဆက်ဆိုရပါတယ်၊ အဲဒီဆုတောင်းကို ဘုန်းကြီးဆိုပြပြီး ရှင်းပြပါဦးမယ်။

## ဆုတောင်းပုံ

ကန်တော့ရသော ဤကောင်းမှုကံ စေတနာ တို့ကြောင့် အပါယ် ၄-ပါး၊ ကပ် ၃-ပါး၊ ရပ်ပြစ် ၈-ပါး၊ ရန်သူမျိုး ၅-ပါး၊ ဝိပတ္တိတရား ၄-ပါး၊ ဗျသနတရား ၅-ပါး၊ အနာမျိုး ၉၆-ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့မှ၊ အခါခပ်သိမ်း၊ ကင်းလွတ်

ငြိမ်းသည်ဖြစ်၍၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို၊ လျင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

## ဆုတောင်း ၉-မျိုး

ဒီဆုတောင်းဟာ တိုတို အဓိပ္ပာယ်များစွာ အကျုံးဝင်တဲ့ ဩဇာဂုဏ်မြောက်တဲ့ ဆုတောင်းပဲ၊ ဒါကို တစ်ဝါကျစီ ခင်းလိုက်ရင် ဒီလိုဆုတောင်း ၉-မျိုး ဖြစ်ပါတယ်။

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့်-

၁။ အပါယ် ၄-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ်ငြိမ်း ရပါလို၏ (အရှင်ဘုရား)။

၂။ ကပ် ၃-ပါးမှလည်း အခါခပ်သိမ် ကင်းလွတ်ငြိမ် ရပါလို၏ (အရှင်ဘုရား)။

၃။ ရပ်ပြစ် ၈-ပါးမှလည်း အခါခပ်သိမ် ကင်းလွတ်ငြိမ်း ရပါလို၏ (အရှင်ဘုရား)။

၄။ ရန်သူမျိုး ၅-ပါးမှလည်း အခါခပ်သိမ် ကင်းလွတ်ငြိမ်း ရပါလို၏ (အရှင်ဘုရား)။

၅။ ဝိပတ္တိတရား ၄-ပါးမှလည်း အခါခပ်သိမ် ကင်းလွတ် ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၆။ ဗျသနတရား ၅-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ် ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၇။ အနာမျိုး ၉၆-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ် ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၈။ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးမှလည်း အခါခပ်သိမ်း ကင်းလွတ် ငြိမ်းရပါလို၏ (အရှင်ဘုရား)။

၉။ ဒီဆိုခဲ့ပြီး အနိဋ္ဌ ဘေးဒဏ် ရန်မာန်အပေါင်းတို့မှ အကြွင်းမဲ့ ချုပ်ငြိမ်းရာ မဂ် ၄ပါး ဖိုလ် ၄ပါး နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကိုလဲ လျင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

## အပါယ် ၄-ပါး

၁။ ချမ်းသာနှင့်လွဲ မြဲဆင်းရဲတဲ့ ငရဲဘုံ။

၂။ မဂ်ဖိုလ်လွဲကြား ဖီလာသွားတဲ့ မိုက်မှား တိရစ္ဆာန်ဘုံ။

၃။ ချမ်းသာဝေးမြဲ တောတောင်ထဲ ဆင်းရဲဖြစ်ရတဲ့ ပြိတ္တာဘုံ၊

၄။ ပျော်ဖွယ်ကင်းပ စိုးမရတဲ့ အသူရကာယ်ဘုံ၊ အဲဒီ ၄-ဘုံကို အပါယ် ၄-ပါးလို့ ခေါ်ပါတယ်။

## ဆောင်ပုဒ်

ငရဲ တိရစ္ဆာ၊ ငတ်ပြိတ္တာ၊ အသူရာ ပါယ်လေးပါး။

## ကပ်သုံးပါး

၁။ လက်နက်ဖျက်ဆီး၊ သေဖိစီး၊ ခေါ်မှီး သတ္ထန္တရကပ် တစ်ပါး။

၂။ ရောဂါဖျက်ဆီး၊ သေဖိစီး၊ ခေါ်မှီး ရောဂန္တရကပ် တစ်ပါး။

၃။ ငတ်ဘေးဖျက်ဆီး၊ သေဖိစီး၊ ခေါ်မှီး ဒုဗ္ဘိက္ခန္တရကပ်တစ်ပါး။

အဲဒါကို ကပ်သုံးပါလို့ ခေါ်ပါတယ်။

## ဆောင်ပုဒ်

သတ္ထန် ရောဂန်၊ ဒုဗ္ဘိက္ခန်၊ မှတ်ရန် ကပ်သုံးပါး။

## ရပ်ပြစ် ၈–ပါး

၁။ ချမ်းသာနှင့်လွဲ၊ မြဲဆင်းရဲ၊ ငရဲရပ်တစ်ပါး။

၂။ မင်္ဂဖိုလ်လွဲကြား၊ ဖီလာသွား၊ မိုက်မှား တိရစ္ဆာန်ရပ်တစ်ပါး။

၃။ ချမ်းသာဝေးမြဲ၊ တောတောင်ထဲ၊ ဆင်းရဲ ပြိတ္တာရပ်တစ်ပါး။

၄။ သညာကင်းလျက် နာမ်သက်သက်၊ အထက် ဗြဟ္မာရပ်တစ်ပါး။

၅။ လူဖြစ်ရလဲ၊သာသနာလွဲ၊ တောထဲ ဝေးကွာရပ်တစ်ပါး။

၆။ လူဖြစ်ရလဲ၊ အယူလွဲ၊ ဖြစ်စွဲ ရပ်တစ်ပါး။

၇။ မျက်စေ့နားမွဲ၊ သိဉာဏ်နဲ၊ သူလဲ ရပ်တစ်ပါး။

၈။ ဉာဏ်ပင်ပြည့်ဝ၊ သာသနာပ၊ ဖြစ်ရ ရပ်တစ်ပါး။

၉။ ရပ်ပြစ် ၈–ပါး၊ သရပ်များ၊ မှတ်သားကြစေသား။

ဒါကို ရပ်ပြစ် ၈–ပါး၊ အပြစ်ရှိသော အရပ် ၈–ပါးလို့ ခေါ်ပါတယ်၊ ဘာအပြစ်ရှိသလဲဆိုရင် မင်္ဂဖိုလ်နိဗ္ဗာန် မရနိုင်တဲ့ အပြစ်ရှိတာပါ။ ဒီမှာအပါယ် ၄–ပါး ရှိရာတွင် အသူရကာယ်ဘုံ

မပါဘဲ ကျန်နေပါတယ်၊ အဲဒါကို ပြိတ္တာဘုံနှင့် သဘောသွား တူသောကြောင့် ပြိတ္တာဘုံတွင်း ပေါင်းယှူရန် ကျမ်းဂန်အဆ် ရှိပါတယ်။

## ဆောင်ပုဒ်

ငရဲ တိရစ္ဆာန်၊ ပြိတ္တာခံနှင့်၊ ထက်ယံ အရှုပ်၊ အသညာတည့်၊ ဝနာလူရိုင်း၊ မိစ္ဆာမှိုင်းတို့၊ ဉာဏ်ထိုင်း ကန်းစွ၊ ဉာဏ်ပြည့်ဝလဲ၊ ကင်းပဿာသနာ၊ လူဖြစ် ရာကြ၊ မဂ်မရဘိ၊ အပြစ်ရှိ၊ မှတ်သိ ရပ်ရှစ်ပါး။

## ရန်သူမျိုး ၅-ပါး

၁။ ဘေးအန္တရာယ်ပွား ရေရန်သူတစ်ပါး၊

၂။ ဘေးအန္တရာယ်ပွား မီးရန်သူတစ်ပါး၊

၃။ ဘေးအန္တရာယ်ပွား သူခိုးရန်သူတစ်ပါး၊

၄။ ဘေးအန္တရာယ်ပွား အမွေခံသားဆိုး သမီးဆိုး ရန်သူ တစ်ပါး၊

၅။ ဘေးအန္တရာယ်ပွား မင်းဆိုးရန်သူတစ်ပါး။

အဲဒါကို ရန်သူမျိုး ၅-ပါးလို့ခေါ်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ မိမိတို့ရဲ့ အသက်စည်းစိမ် အိုးအိမ်များကို ဒီငါးမျိုးက ဖျက်ဆီးတတ်လို့ပါပဲ။

## ဆောင်ပုဒ်

ရေမီးသူခိုး၊ သားမင်းဆိုး၊ ငါးမျိုး ရန်သူများ။

## ဝိပတ္တိ ၄-ပါး

၁။ အပါယ်ဘုံလား၊ ဂတိများ၊ မှတ်သား ဂတိ ဝိပတ္တိ တစ်ပါး။
၂။ အင်္ဂါချို့ယွင်း၊ ရုပ်ဆိုးခြင်း၊ ခေါ်လျှင်း ဥပဓိ ဝိပတ္တိ တစ်ပါး။
၃။ မင်းဆိုးနိပ်စက်၊ ကာလပျက်၊ မှတ်ချက် ကာလဝိပတ္တိ တစ်ပါး။
၄။ လပ်ရုပ်မှားယွင်း၊ ပျက်စီးခြင်း၊ ခေါ်လျှင်း ပယောဂ ဝိပတ္တိ တစ်ပါး။

အဲဒါကို ဝိပတ္တိ ၄-ပါးလို့ခေါ်ပါတယ်၊ ဒီပျက်စီးမှု ၄-မျိုး တစ်မျိုးမျိုးနှင့် တွေ့ကြုံရသူဟာ အကောင်းနည်းပါး အဆိုးများပြီး ပျက်ပြားမှုများကသာ ကြီးစိုးမြဲပါပဲ။

## ဆောင်ပုဒ်

ကာလ ဂတိ၊ ဥပဓိ၊ ဝီရိ ပျက်စီး လေးပါးတည်း။

## ဗျသန ၅-ပါး

၁။ ဆွေမျိုး မိတ္တ၊ ပျက်စီးက၊ ဗျသန ဉာတိပါ။
၂။ ဥစ္စာခနေ၊ ပျက်စီးက၊ ဘောဂ ဗျသနပါ။
၃။ ရောဂါဘယ၊ နှိပ်စက်က၊ ရောဂ ဗျသနပါ။
၄။ ယူမှတ်အသိ၊ ပျက်ပြားဘိ၊ ဒိဋ္ဌိဗျသနပါ။
၅။ စောင့်ထိန်းသီလ၊ ပျက်စီးက၊ သီလ ဗျသနပါ။

ဒီငါးမျိုးကိုလဲ ဗျာသနတရား ငါးပါးလို့ ခေါ်ပါတယ်၊ ဒီပျက်စီးမှု ငါးပါး တစ်ပါးပါးနှင့် တွေ့ကြုံရသူဟာ ဆင်းရဲရပါတယ်၊ ပျက်စီးတတ်လို့ ဗျာသန ခေါ်တာပါ။

## ဆောင်ပုဒ်

ဉာတိဘောဂ၊ စောင့်သီလနှင့် ရောဂ ဒိဋ္ဌိ၊ ပျက်ပြားဘိ၊ ငါးရှိ ဗျာသန။

## အနာမျိုး ၉၆–ပါး

အနာမျိုး ၉၆–ပါး သရုပ်ကို ဒီတရားတော်မှာ စေ့စေ့အောင် ထုတ်ဆိုပြသရရင် ကျယ်ဝန်းနေပါလိမ့်မယ်၊ အကျယ်သိလိုသူများအတွက် နောက်ဆက်တွဲ အဖြစ် ဖော်ပြထားပါတယ်၊ လိုရင်းကတော့ "ကိုယ်တွင်းစွဲကပ် နှိပ်စက်တတ်တဲ့ အနာရောဂါအားလုံးမှ ကင်းလွတ်ရပါလို၏" ဆိုရင် အားလုံး သိမ်းကျုံးမိပါတယ်။

## ဆောင်ပုဒ်

ကိုးဆယ့်ခြောက်ပါး၊ ရောဂါများကို၊ သီးခြားသရုပ်၊ မှတ်ဆောင်ပုဒ်ကို၊ ရှေးနှုတ်ကျယ်စွာ၊ မရေးသာ၍၊ ကိုယ်မှာဖြစ်ကြောင်း၊ ရောဂါပေါင်းကို၊ ဝေးရှောင်လို့သာ၊ ဆုတောင်းပါလော့။

## မိစ္ဆာဒိဋ္ဌိ ၆၂–ပါး

မိစ္ဆာ–မှားယွင်းသော၊ ဒိဋ္ဌိ–အယူတဲ့၊ အဲဒီ အယူများဟာ ၆၂–မျိုး ရှိပါတယ်၊ ဒီဃနိကာယ် သာမညဖလသုတ်မှာ ပါရှိ-

ပါတယ်၊ ဒါတွေကိုလည်း သရုပ်ထုတ်ပြနေရရင် အလွန်ကျယ်ဝန်းသွားပါလိမ့်မယ်၊ လိုရင်းကတော့ ငါကောင် အတ္တကောင် မရှိဘဲနှင့် ရှိတယ်–လို့ အထင်မှား အယူမှားပြီး ရေးအတ်ဘ်ကြောင်းများကို ကြံတွေးပြီး ယူမှားမှု ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ အယူမှားက ၁၈–ပါးတဲ့၊ နောင်အနာဂတ်ရေးကို ကြံတွေးယူမှားမှု အပရန္တကပ္ပိကဒိဋ္ဌိ အယူမှားက ၄၄–ပါးတဲ့၊ ပေါင်း ၆၂–ပါး ရှိပါတယ်။

## ဆောင်ပုဒ်

* ငါ အတ္တကောင်၊ မရှိမှောင်ကို၊ ရှိယောင် ယူမှား၊ ဆယ့်ရှစ်ပါးက၊ တိတ်များကြံတွေး၊ လေးဆယ့် လေးက၊ ရှေးရေးကြံလှစ်၊ ခြောက်ဆယ့်နှစ်၊ ဆိုးညစ် အယူမှား။

## မဂ်–ဖိုလ်တရား

၁။ သောတာပတ္တိမဂ်တရား၊
၂။ သကဒါဂါမိမဂ်တရား၊
၃။ အနာဂါမိမဂ်တရား၊
၄။ အရဟတ္တမဂ်တရားလို့ မဂ်တရားက ၄ပါးရှိပါတယ်။
 ၁။ သောတာပတ္တိဖိုလ်တရား၊
 ၂။ သကဒါဂါမိဖိုလ်တရား၊
 ၃။ အနာဂါမိဖိုလ်တရား၊
 ၄။ အရဟတ္တဖိုလ်တရားလို့ ဖိုလ်တရား ကလည်း ၄–ပါးရှိပါတယ်။

## နိဗ္ဗာန်တရား

ရုပ်နာမ်ဖြစ်ပျက် ဒုက္ခစက်ချုပ်ငြိမ်းရာ ကိလေသာ အပူကင်းရာ အမြိုက်ဓာတ်ဟာ နိဗ္ဗာန်တရား ဖြစ်ပါတယ်။

* မဂ်လေးတန်၊ ဖိုလ်လေးတန်၊ မြတ်နိဗ္ဗာန်၊ အမှန်ရလိုအံ့။

## နိဗ္ဗာန်ဆော်

ကဲ-ဩကာသ ကန်တော့ခန်း အကြောင်းကို သိသာရှုမှု ရှင်းပြခဲ့တာ ဒါလောက်ဆို သဘောပေါက်လောက်ပါပြီ၊ ယခု ဩကာသ ဆိုပြီး ညီညီညာညာ ကန်တော့ကြရပါတော့မယ်၊ ကန်တော့တဲ့အခါ ဆုပေးမည့်ပုဂ္ဂိုလ် ရှိနေပြီးမို့ စောစောက ပြောခဲ့တဲ့အတိုင်း(ကန်တော့ပါ၏ အရှင်ဘုရား)တွင် ရပ်ကြပါ။

ကဲကဲ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များရဲ့ ထုံးစံအတိုင်း ဥပါသကာ တစ်ယောက်က "ဘုရား-တရား-သံဃာ ရတနာမြတ်သုံးပါး ဆရာသမားတို့ကို 'ဩကာသ' ညီညီညာညာ ရွတ်ဆိုပြီး ကန်တော့ကြပါစို့ ခင်ဗျား"လို့ ဆိုလိုက်ပါ။

## ဩကာသ ကန်တော့ခန်း

ဩကာသ၊ ဩကာသ၊ ဩကာသ ။ပ။ ကန်တော့ပါ၏ (အရှင်ဘုရား)။

## ပသန္နတဒ္ဓိတ်-ဆုပေး

ဗုဒ္ဓေ ပသန္နော ဗုဒ္ဓိကော။
ဓမ္မေ ပသန္နော ဓမ္မိကော။
သံဃေ ပသန္နော သံဃိကော။

ဗုဒ္ဓေ-သိစရာရှိသမျှ တစ်စမကျန် အမှန်ကိုယ်တိုင် သိစွမ်းတော်မူနိုင်သော မြတ်ဘုရား၌၊ ပသန္နော-ကြည်ညိုသည်တည်း၊ ဗုဒ္ဓိကော- မြတ်ဘုရား၌ ကြည်ညိုသည်။

ဓမ္မေ-ဘုရားဟောကြား မြတ်တရား၌၊ ပသန္နော-ကြည်ညိုသည်တည်း၊ ဓမ္မိကော-မြတ်တရား၌ ကြည်ညိုသည်။

သံဃေ-ဘုရား ဟောကြား မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရားကို သိထားစင်စစ် သားချစ်အရိယာ မြတ်သံဃာ၌၊ ပသန္နော-ကြည်ညိုသည်တည်း၊ သံဃိကော- သံဃာတော်၌ ကြည်ညိုသည်ဟူသော ပသန္နတဒ္ဓိတ် ဖွင့်ဆိုအပ်သည်နှင့် အညီ ရှိခိုးခြင်း၏ တည်ရာ၊ မြတ်နိုးခြင်း၏ တည်ရာ၊ အရိုအသေပြုခြင်း၏ တည်ရာ ဖြစ်တော်မူသော၊ ဘုရားမြတ်ရတနာ တရားမြတ်ရတနာ၊ သံဃာမြတ် ရတနာ၊ ထိုရတနာမြတ် သုံးပါးတို့ကို ထွန်းပြတတ်သော ဆရာသမားတို့ကို အရိုအသေ လက်အုပ်မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျော့၊ ကန်တော့ကြရသော ကုသိုလ် စေတနာတို့ကြောင့် ဘယာမဖြစ်၊ - အပြစ်ခပ်သိမ်း၊ ပယ်ဖျောက်ငြိမ်း၍ ရန်တိမ်းရှောင်ရှား၊ အပါယ် ၄-ပါး၊ ကပ် ၃-ပါး၊ ရပ်ပြစ် ၈-ပါး ရန်သူမျိုး ၅-ပါး၊ ဝိပတ္တိတရား ၄-ပါး၊ ဗျသနတရား ၅-ပါး၊ အနာမျိုး ၉၆-ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့မှ အခါခပ်သိမ်း၊ ကင်းလွတ်ငြိမ်းသည်သာ ဖြစ်၍၊ မဂ်တရားဖိုလ်တရား၊နိဗ္ဗာန်တရားတော်မြတ်ကို ရအောင် ဘာဝမခြား ကြိုးစား အားထုတ်နိုင်ကြလျက် လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါစေ။ (ပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား)

## သီလတောင်း

ကဲ လိုက်ဆိုကြပါဦး...

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

* တပည့်တော်အား၊ စဉ်သနား၊ ငါးပါးသီလပေးပါ ဘုရား။

## သီလတောင်းပုံ

ဒါက သီလတောင်းပုံပါ။ "အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို (သုံးကြိမ်မြောက်အောင်) လျှောက်ထားတောင်းပန်ပါ၏ အရှင်ဘုရား၊ အရှင်ဘုရားတို့သည်၊ တပည့်တော်အား သနားချီးမြှောက်သောအားဖြင့် ငါးပါးသီလကို ပေးတော်မူပါကုန် ဘုရား"တဲ့။

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ လူနတ် နိဗ္ဗာန် သုံးတန်ချမ်းသာရရာရကြောင်း အကျင့်ကောင်း ပဋိပတ် သီလတော်မြတ်ကို လိုချင်သူများက သီလတောင်းကြပါတယ်။

## ညွှန်ကြားချက်

ဒါကဒီလိုပါ၊ သီလပေး အရှင်မြတ်ကလည်း၊ "ယမဟံ ဝဒါမိ တံ ဝ ဒေထ၊ အကြင် သီလဆောက်တည်ပုံ စကားရပ်ကို

ငါကရှေ့ကဆိုမည်၊ ထို ငါရှေ့ကဆိုသွားတဲ့ စကားရပ်ကို သီလယူမည့် သင်တို့က နောက်က လိုက်ဆိုကြပါ”လို့ ညွှန်ကြားတော်မူပါတယ်။

သီလယူသူများက “အာမဘန္တေ=အရှင်ဘုရား၊ အရှင်ဘုရားမိန့်ကြားထားတော်မူသည့်အတိုင်း (လိုက်ဆိုပါမည်)ဘုရား”လို့ ဝန်ခံစကား လျှောက်ထားရပါတယ်၊ ဒါကိုထောက်ပြီး ယခုအခါ ကတိစကားပြောပြီးရင် (အာမဘန္တေ ခံလိုက်ရပြီးပြီ) လို့ ပြောကြပါတယ်၊ ကဲ အဲဒီ အစီအစဉ်ကို ပါဠိလိုဆရာ ဒါယကာ အပေးအယူ အချီအချ ဆိုကြရအောင်ပါ။

ရဟန်း ။ ။ ယမဟံ ဝဒါမိ တံ ဝဒေထ။
ပရိသတ် ။ ။ အာမ ဘန္တေ။

## ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ပူဇော်ထိုက်ပြား၊ သိညာဏ်ပွား၊ ဘုရားရှိခိုးပါ၏ ဘုရား။

## အဓိပ္ပာယ်

ဒါကလည်းသီလဆောက်တည်တာမဟုတ်သေးပါဘူး။ ဘုရားရှိခိုးတာပါ၊ ဗုဒ္ဓဘာသာ စာပေလောကတွင် သူ မပါရင် မပြီးတဲ့ နမော တဿ ဘုရားရှိခိုးဆိုတာပါပဲ။

“ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ အရဟံဂုဏ်၊ သစ္စာလေးဖြာ မြတ်ရတနာကို ဆရာမရှိ မိမိအလိုလို သိတော်မူတဲ့

သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ထို ဂုဏ်တော်တို့နှင့် ပြည့်စုံတော် မူတဲ့ မြတ်စွာဘုရားအား ရှိခိုးပူဇော်ပါ၏"တဲ့။

မြတ်စွာဘုရားရဲ့ အဆုံးအမ သာသနာတော်၊ သီလ ဆောက်တည်တဲ့ အခမ်းအနားတွင် သီလယူသူများက မြတ်ဘုရားကို အလေးပြု ရှိခိုးကြရပါတယ်။

## ဘယ်ဘုရားကိုရှိခိုးသလဲ

ယခု ရှိခိုးတာဟာ ဘယ်ဘုရား ရှိခိုးပါသလဲ။

လောကမှာ ကိုယ် ယုံကြည်ရာ ဘာသာ ဘုရားများကို အသီးသီးကိုးကွယ်ကြတယ်၊ ယခုရှိခိုးတဲ့ ဘုရားဟာ...

မဟာသက္ကရာဇ် ၆၈–ခု၊ ကဆုန်လပြည့် သောကြာနေ့တွင် အိန္ဒိယ မဇ္ဈိမဒေသ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒန မင်းကြီးနှင့် မဟာမာယာဒေဝီတို့မှ ဖွားမြင်တော်မူခဲ့ပါတယ်။ အမည်တော်အားဖြင့် သိဒ္ဓတ္ထမင်းသားလို့ ထင်ရှားခဲ့ပါတယ်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ၁၆ နှစ် အရွယ် ရောက်တော့ ယသောဓရာမင်းသမီးနှင့် လက်ထပ်ပြီး ထီးနန်း စည်းစိမ်ကို ခံစားခဲ့ပါတယ်။

သက်တော် ၂၉–နှစ် ဝါဆိုလပြည့် တနင်္လာနေ့တွင် ထီးနန်းစည်းစိမ်ကိုစွန့်ပြီး တောထွက် ရဟန်းပြုလျက် အို နာ သေ ကင်းတဲ့ အမြိုက်တရားမြတ်ကို ရှာကြံခဲ့ပါတယ်။

တောထွက်ပြီး ဥရုဝေလ တောအရပ်တွင် အမြိုက်တရား မြတ်ကို ခြောက်နှစ်ပတ်လုံး သေလုနီး ရှာကြံကျင့်သုံးခဲ့ သော်လည်း မရရှိသေးဘဲ သက်တော် ၃၅–နှစ်အရွယ် ရောက်တော့ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗောဓိပင်အောက်ဝယ် အာနာပါန

သတိပဋ္ဌာန် ဝိပဿနာတရားကို ကျင့်ပွားလျက် တရားအလုံးစုံကို အကုန်သိမြင်တော်မူတဲ့ သဗ္ဗညုမြတ်စွာဘုရား ဖြစ်တော်မူပါတယ်။

အဲဒီ မြတ်စွာဘုရားဟာ အနွယ်တော် အားဖြင့် ဂေါတမ နွယ်ဖွားမို့ ဂေါတမမြတ်စွာဘုရားလို့လဲ တွင်ပါတယ်။

လူနတ်ဦးခိုက် ပူဇော်ထိုက်လို့လည်း အရဟံဂုဏ်ရှင် ဘုရားမြတ်ပါ။

သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူလို့လည်း သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားမြတ်ပါ။

ဂေါတမ နွယ်ဖွား၊ အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင် မြတ်ဘုရားအား ရှိခိုးတာ ဖြစ်ပါတယ်၊ အလေးပြုတာဖြစ်ပါတယ်။

## သရဏဂုံ ဆောက်တည်ပုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

* မြတ်ဘုရားကို၊ အားထားနိုး၊ ကြည်ညို ဆည်းကပ် ပါ၏ဘုရား။
* မြတ်တရားကို၊ အားထားနိုး၊ ကြည်ညို ဆည်းကပ် ပါ၏ဘုရား။
* မြတ်သံဃာကို၊ အားထားနိုး၊ ကြည်ညို ဆည်းကပ် ပါ၏ ဘုရား။

## ယုံကြည်ချက် သရဏဂုံ

ဒါကလဲ သီလ ဆောက်တည်တာ မဟုတ်သေးပါဘူး၊ သရဏဂုံ ဆောက်တည်တယ်လို့ ခေါ်ပါတယ်။

သရဏ = ယုံကြည်အားကိုးရာဟူ၍၊

ဂမန = ဆည်းကပ်တယ်။

သရဏ + ဂမန = ယုံကြည်အားကိုးရာဟု ဆည်းကပ်တယ်။ ဒါကို သရဏဂုံ ဆောက်တည်တယ်လို့ ခေါ်ပါတယ်။

ဘာကို ယုံကြည်အားကိုးသလဲဆိုရင် ဘုရား–တရား–သံဃာကို ယုံကြည်အားကိုးပါတယ်။

ဘယ်လို ယုံကြည်အားကိုးသလဲဆိုရင် ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်မတော်မူတတ် တယ်လို့ ယုံကြည် အားကိုးပါတယ်တဲ့။

ယခင်ယခင်က ဆောက်တည် ကျင့်သုံးခဲ့ပြီး ဖြစ်သော်လည်း ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကုသိုလ်အသစ် တိုးပွားအောင် သီလပေးဆရာတော်ကို သက်သေထားပြီး ရပ်ပွားဥဒ္ဒိဿစေတီ

ရှေ့တော် ဆိုရင်လဲ ရုပ်ပွားဥဒ္ဒိဿစေတီတော်ကို သက်သေထားပြီး သရဏဂုံ ဆောက်တည်ကြတာပါ။

ဘယ်လို့ ယုံကြည်အားကိုးသလဲ-

ဘယ်လို ယုံကြည်အားကိုးသလဲ ဆိုရင် ဘေးဆိုးကင်းကွာကိုးကွယ်ရာလို့လဲ ယုံကြည် အားကိုးကြပါတယ်။

## မိဘကို အားကိုးသလို

ဥပမာအားဖြင့် သားအဖနှစ်ယောက် လမ်းလျှောက်သွားကြတဲ့အခါ ဖခင်က လူကြီးကာ ကျွေရရ ငြိမ်ငြိမ်သက်သက်သွားသော်လည်း နောက်လိုက် သားငယ်ကတော့ ကလေးတို့သဘာဝအတိုင်း ဆော့ကစားလျက် သွားပါတယ်။

တုတ်ကလေးကို တွေ့လဲ ကောက်ကိုင်ပြီး လမ်းတွေ့သမျှဝရံတာ စသည်ကိုလည်း "တောက်-တောက်၊ တောက်-တောက်" မြည်အောင် တို့ခြစ်သွားမယ်၊ ခဲလုံးစသည်ကိုလဲခြေနဲ့ခတ်သွားမယ်။

ဒီအခါ မျက်စေ့နောက်တဲ့ ကလေးရဲ့ရန်သူ ခွေးက လိုက်ပြီးကိုက်ခဲ့ရန် ပြေးလာမယ်။

အဲဒီတော့ သားသူငယ်က သူ့ရဲ့ဘေးဆိုးကင်းကွာ အားကိုးရာလို့ ယုံကြည်တဲ့ ဖခင်အား ပြေးဖက်ပြီး အကူအညီ တောင်းမယ်၊ အဲဒီတော့ သူ့ဖခင်က ပွေ့ပိုက်ကာကွယ်ပြီး ကလေးငယ်ကို မကိုက်အောင် ခွေးကို ခြိမ်းခြောက်ဖယ်ရှား ဟန့်တားမယ်၊ ဒီတော့ ခွေးလဲ မကိုက်ခဲနိုင်ဘဲ ရှောင်လွှဲသွားမယ်၊ ဒီတော့

သားသူငယ်ရဲ့ ဘေးဆိုးကင်းကွာ ကိုးကွယ်ရာဟာ ဘယ်သူလဲ သူ့ဖခင်ပဲ။ မိခင်နဲ့ ခရီးသွားရင်လဲ နည်းတူပါပဲ။

အဲဒီလို မိခင် ဖခင်များဟာ သားသူငယ်တို့ရဲ့ ဘေးဆိုးကင်းကွာ ကိုးကွယ်အားထားရာ ဖြစ်ပါတယ်။

ဒါကိုပဲ အန္တရာယ်မကင်းတဲ့ လောကတွင်းမှာ နေထိုင်ကြရတဲ့ ပုထုဇဉ် လောကသားများလဲ မိမိထံ ဆိုက်ရောက်လာမည့် ဘေးရန် အန္တရာယ်များကို မိမိအား မထိပါးရအောင် ဘုရား တရား သံဃာ ရတနာ မြတ်သုံးပါးကို အားထား ယုံကြည် ဆည်းကပ် ကြရပါတယ်၊ ယုံကြည် ဆည်းကပ်ချက် အတိုင်း ဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းလွတ်ကြရကြောင်း ဝတ္ထု သာဓကများလဲ ထင်ရှားရှိပါတယ်၊ ဒါဟာ ရတနာမြတ်သုံးပါးကို ယုံကြည်ဆည်းကပ်ရကျိုး အမြွက်မျှ သိသာရုံ ပြောပြတာပါ။

## ဆေးဆရာကို အားကိုးသလို

တစ်နည်းအားဖြင့် မိမိရောဂါအန္တရာယ် မရောက်ရအောင် ရောက်တဲ့အခါလည်း ကင်းပျောက်အောင် တိုင်းရင်းမြန်မာ သမားတော်များနဲ့ ဆရာဝန်များကို ယုံကြည်အားကိုးရပါတယ်၊ ဆည်းကပ်ရပါတယ်။

ယုံကြည်အားကိုးတယ်ဆိုတာ သူတို့ အရှောင်ခိုင်းတာကို ရှောင်ပြီး သူတို့အဆောင်ခိုင်းတာကို ဆောင်ရတယ်၊ ဒီတော့ မဖြစ်သင့်တဲ့ ရောဂါအန္တရာယ်လဲ မဖြစ်ပေါ်ဘူး၊ ဖြစ်ပြီးတဲ့ ရောဂါလဲ ပျောက်ကင်းချမ်းသာတယ်။

## "ဘုရားကို ယုံကြည်ရင် ဘုရားစကားကို နားထောင်"

ဒါကြောင့်ပါပဲ၊ ရတနာမြတ်သုံးပါးကို အားကိုးရာ–လို့ ယုံကြည်ဆည်းကပ်သူလဲ ရတနာမြတ်သုံးပါးတွင် အရင်းခံဖြစ်တော်မူတဲ့ တရားမင်း သံဃာမင်း မြတ်စွာဘုရားရဲ့ စကားတော်, တရားတော်ကို လိုက်နာကျင့်သုံးရပါတယ်။

ဟုတ်ပါတယ်၊ မြတ်စွာဘုရားက သတ္တဝါအများ ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် ဒီလိုမှာချပြီး ညွှန်ကြားဟောမိန့်တော်မူပါတယ်။

## ဗုဒ္ဓလမ်းစဉ်

၁။ သဗ္ဗပါပဿ အကရဏံ–မကောင်းမှု ဒုစရိုက်ဟူသမျှကို ရှောင်ကြဉ်ရမည်။

၂။ ကုသလဿ ဥပသမ္ပဒါ–ကောင်းမှု သုစရိုက် ဟူသမျှကို ပြည့်စုံစေရမည်။

၃။ သစိတ္တပရိယောဒပနံ–မိမိစိတ်ကို ဖြူစင်အောင် ထားရမည်။

ဧတံ ဗုဒ္ဓါနသာသနံ–ဒါဟာ ဘုရားရှင်တို့ရဲ့ အဆုံးအမတော်ပေတည်း။

## မကောင်းမှုဒုစရိုက်ဆိုတာ ဘာလဲ

အပြစ်နှင့်တကွ မကောင်းမှု အကျိုးကို ပေးစေတတ်တဲ့ ပြုမှု, ပြောဆို, ကြံမှု သဘောတရားတွေပဲ၊ အဲဒါကို ရှောင်ရပါမယ်တဲ့။

## ကောင်းမှုသုစရိုက်ဆိုတာ ဘာလဲ

အပြစ်မရှိ ကောင်းကျိုးချမ်းသာကို ပေးစေတတ်တဲ့ ပြုမှု, ပြောမှု, ကြံမှုသဘောတရားတွေပဲ၊* အဲဒါကိုဆောင်ပါတဲ့။

## စိတ်ဖြူစင်ရမယ်ဆိုတာ ဘာလဲ

မိမိစိတ်ကို အကုသိုလ်သဘောတွေဆီသို့ မကျရောက်စေဘဲ၊ ကုသိုလ်သဘောတွေဆီကိုသာ ရောက်အောင် သီလ၊ သမာဓိ၊ ပညာများကို ကျင့်ပွားပြီး ကိလေသာ ကင်းအောင် ထားပါတဲ့၊ အဲဒါကို ကျင့်ပွားအားထုတ်ပါတဲ့။

## ဗုဒ္ဓလမ်းစဉ်-ရှစ်လုံးဖွဲ့

အကုသိုလ်များ – ရှောင်ရှားပယ်လေ၊
ကုသိုလ်တရား – ဖြစ်ပွားစုံစေ။
မိမိစိတ်ဓာတ် – ဆွတ်ဆွတ်ဖြူစေ၊
ဤသုံးပါး * – ဘုရားဟောခဲ့ပေ။

* မဟာစည် တရားဆောင်ပုဒ်။

ဒါကို လိုက်နာကျင့်သုံးရင် လောဘ, ဒေါသ, မောဟ စတဲ့ ကိလေ္သာ စိတ်ရောဂါတွေ ပျောက်ကင်းမယ်၊ ပျောက်ကင်းရင် ပဋိသန္ဓေဆင်းရဲ၊ အိုဆင်းရဲ၊ နာဆင်းရဲ၊ သေဆင်းရဲ အားလုံးကင်းတဲ့ နိဗ္ဗာန်အမြိုက်ဓာတ်ကို ရတယ်တဲ့၊ ဒါဟာ ဗုဒ္ဓဘာသာတွေရဲ့ ယုံကြည်ချက်ပါ။

## အတည်ပြုပုံအမိန့်ဟာယ်

ပြီးတော့ သီလပေးဆရာတော်က "သရဏ ဂမန်-သရဏဂုံ ဆောက်တည် ဆည်းကပ်ခြင်းသည်၊ ပရိဏ္ဏံ-ပြီးပြည့်စုံပြီလော" လို့ မေးတော်မူပါတယ်။

ဒီတော့ ပရိသတ်များက အတည်ပြုတဲ့အနေနဲ့ "အာမ ဘန္တေ = ဘန္တေ - အရှင်ဘုရား၊ အာမ-ဩော်အရှင်ဘုရား မိန့်ကြားသည့်အတိုင်း ပြီးပြည့်စုံပါပြီဘုရား"လို့ ဆိုကြရပါတယ်။

ကဲ-အဲဒါကိုလည်း ဆရာ - ဒါယကာ အတိုင်အဖောက် သရဏဂုံ ယုံကြည်ချက် ဆောက်တည် မိဋ္ဌာန်မှု ပြီးပြည့်စုံကြောင်းကို ပါဠိလို ဆက်လက် တင်သွင်း အတည်ပြုကြရအောင်ပါ။

**ရဟန်းတော်။** ။ သရဏဂမနံ ပရိပုဏ္ဏံ။

**ပရိသတ်များ။** ။ အာမဘန္တေ ။

## ငါးပါးသီလ ဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

** သက်ရှိသတ္တဝါ၊ မသတ်ပါ၊ သိက္ခာကျင့်ပါမည်။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

** သူ့ပိုင်ဉစ္စာ၊ မခိုးပါ၊ သိက္ခာကျင့်ပါမည်။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

** သူ့သားအိမ်ရာ၊ မမှားပါ၊ သိက္ခာကျင့်ပါမည်။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

** မုသားလိမ်ညာ၊ မပြောပါ၊ သိက္ခာကျင့်ပါမည်။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

** မူးယစ်သေစာ၊ မသုံးပါ။ သိက္ခာကျင့်ပါမည်။

## တရားဥပဒေလိုက်နာရသလို

ဒါကမှ သီလဆောက်တည်တာပဲ၊ လောကလူသားတွေ ငြိမ်းချမ်းစွာ နေနိုင်ရေးအတွက် နိုင်ငံတိုင်းရဲ့ အစိုးရများက ဥပဒေပြဋ္ဌာန်းပြီး အုပ်ချုပ်ရပါတယ်။

အဲဒီ နိုင်ငံရဲ့ ဥပဒေကို မလွန်ကျူးဘဲ လိုက်နာသူများဟာ ငြိမ်းချမ်းစွာပင် မိမိတို့ လိုအပ်ရာ လုပ်ငန်းများကို လုပ်ဆောင်နိုင်ကြတယ်၊ ချမ်းသာကြီးပွားကြပါတယ်။

မလိုက်နာ ကျူးလွန်သူများက တရားဥပဒေအရ ဖမ်းဆီးချုပ်နှောင်ပြီး အပြစ်ပေးခံရပါတယ်။ ငွေဒဏ်၊ ထောင်ဒဏ် သေဒဏ်အထိ ကျရောက်ခံကြရပါတယ်၊ ဆင်းရဲဒုက္ခ ရောက်ကြရပါတယ်။

ဒါလိုပါပဲ၊ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမ သာသနာတော် လောကတွင်လည်း ဒီငါးပါးသီလဥပဒေဟာ အလွန်အရေးပါ အရာရောက်လှပါတယ်။

လိုက်နာကျင့်သုံးသူများဟာ–

၁။ "ငါလူဆိုးပဲ"လို့ ကိုယ့်ကိုကို စွပ်စွဲတဲ့ အတ္တာနုဝါဒ ဘေးမှ ကင်းငြိမ်းချမ်းသာပါတယ်။

၂။ "ဒီကောင် လူဆိုးပဲ"လို့ ပတ်ဝန်းကျင်ရဲ့ စွပ်စွဲကဲ့ရဲ့တဲ့ ပရာနုဝါဒဘေးမှလည်း ကင်းငြိမ်းချမ်းသာပါတယ်။

၃။ လျော်ကြေး၊ ငွေဒဏ်၊ ရိုက်နှက် ကြိမ်ဒဏ်၊ သေဒဏ် ပေးတဲ့ ဒဏ္ဍဘေးမှလည်း ကင်းငြိမ်းချမ်းသာရပါတယ်။

၄။ မတွေ့မဝေ သေလွန်လေလည်း ငရဲ,တိရစ္ဆာန်,ပြိတ္တာ အသုရကာယ်၊ အပါယ်လေးဘုံသို့ မရောက်ဘဲ အပါယ် ဆင်းရဲဘေးမှလည်း ကင်းငြိမ်း ချမ်းသာနိုင်ပါတယ်၊ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကိုလည်း ရရှိနိုင်ပါ တယ်။

မလိုက်နာဘဲ ကျူးလွန်သူများမှာမူ၊ အဲဒီဘေးငါးမျိုးနဲ့ ဘဝများစွာတိုးပြီး ဆင်းရဲအမျိုးမျိုးကို ခံရမြဲဖြစ်ကြပါတယ်၊ ငါးပါးသီလ တစ်ပါးစီ၊ တစ်ပါးစီရဲ့ အကျိုးကိုတော့ နောက်မှ သီးခြားဖော်ပြပါ့မယ်။

ဒီငါးပါးသီလဟာ ဗုဒ္ဓဘာသာများသာမက ဘာသာမရွေး လူမျိုးမရွေး လိုက်နာကျင့်သုံးသင့်လှပါတယ်၊ လိုက်နာကျင့်သုံး ရပါမယ်။

** ၁။ အတ္တာနုဘေး၊ ပရာဘေး၊ ဒဏ်ဘေး ပါယ် ဘေးပါ။

၂။ ငါးပါးသီလ၊ ကျင့်သုံးက၊ ကင်းပငြိမ်းချမ်း သာ။

၃။ မကျင့်သုံးက၊ လူတိုင်းပ၊ ဒုက္ခဆင်းရဲမှာ။

## ဆုတောင်းဦးတည်ချက်

ဒီလိုသီလ ဆောက်တည်ပြီးတဲ့အခါ ဗုဒ္ဓဘာသာဥပါသကာ တို့ရဲ့ သီလကျင့်သုံးရေးလမ်းစဉ် ဦးတည်ချက်ကို သီလပေး ဆရာတော်က ပို့ချပေးပါတယ်၊ ဒါကို ဆုတောင်းလို့လဲ ခေါ်ပါ တယ်၊ ကဲ–ဆိုကြည့်ရအောင်ပါ။

ဣဒံ မေ သီလံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

** စောင့်ထိန်း ဆောက်တည်၊ သီလသည်၊ ရွှေပြည်နိဗ္ဗာန် ရောက်စေသား။

"တပည့်တော်၏ ဆောက်တည်စောင့်ထိန်းရတဲ့၊ ဤသီလ သည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါ စေသတည်း"တဲ့။

ဒါဟာသီလခံယူ စောင့်ထိန်းသူ ဗုဒ္ဓဘာသာ သူတော်စင် တွေရဲ့ ဦးတည်ချက် ဆုတောင်းပါပဲ။

## စခန်းသိမ်း အမှာစကား

နောက်ပြီးတော့ သီလပေးဆရာတော်က သီလဆောက် တည်ကျင့်သုံးရေး ဥပဒေပြဋ္ဌာန်းရေး ခံယူကျင့်သုံးမှု ကတိပြုပွဲ ကြီးအပြီးမှာ ဒီလိုအရေးကြီးတဲ့ အမှာစကားကိုလည်း လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ရဲ့မင်းမင်း ဥက္ကဋ္ဌမင်းမြတ်သရဖူ သယမ္ဘူ မြတ်စွာဘုရားရဲ့ အဆုံးအမ ဩဝါဒအတိုင်း မိန့်ကြားမှာထား လိုက်ပါသေးတယ်။

ရဟန်းတော်။ ။ တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

သာခဝေါ-နှလုံးပျော့ပျောင်း အို သူတော်ကောင်းတို့၊ တုမေ-ဘုရား တရား သံဃာ ရတနာသုံးပါး အားထားကြည်ယုံ သရဏဂုံသီလ ဆောက်တည်ကြကုန်သော အသင် တရားချစ်ခင် သူတော်စင်တို့သည်၊ တိသရဏေန-အမြတ်ဆုံး ဘုရားရတနာ အမြတ်ဆုံး တရားရတနာ အမြတ်ဆုံး သံဃာရတနာတည်း ဟူသော အားထား ကိုးကွယ်ဆည်းကပ် သရဏဂုံသုံးပါးနှင့်၊ သဟ- နှလုံးအိမ်စံကျောင်း ကိန်းအောင်းနိစ္စ အတူတကွ၊ ပဉ္စသီလံ- ဘုရားတပည့် အရိယာသူတော်စင်တို့ ဇီဝါအသက် မငဲ့ကွက်ဘဲ အသက်နှင့်လဲထုံး ကျင့်သုံးနိစ္စ ငါးပါးသောသီလကို သာဓုကံတွာ-မညှိုးမခြောက်မကျိုးမပေါက် မပြောက်မကြား ရအောင် လေးစားထူးချွန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့် ရှောက်သမှု မြဲစွာပြု၍၊ အပ္ပမာဒေန- မမေ့မလျော့မပေါ့မဆ ကြောင်း ဖြစ်တဲ့ အပ္ပမာဒ သတိတရားဖြင့်၊ သပ္ပာဒေထ- အကုသိုလ်တရားတွေကို ရှောင်ရှားရမှာ မမေ့ခြင်း ကုသိုလ် တရားတွေကို ပွားများအားထုတ်ရမှာ မမေ့ခြင်းဆိုတဲ့ အသိ တရားဖြင့်၊ အပ္ပမာဒေန- သွားရာမှာလဲ မမေ့၊ ရပ်ရာမှာလဲ မမေ့၊ ထိုင်ရာမှာလဲ မမေ့ခြင်းဆိုတဲ့ သတိတရားဖြင့်၊ အပ္ပမာ- ဒေန- မြင်ရာမှာလဲ မမေ့၊ ကြားရာမှာလဲ မမေ့၊ နံရာ-စားရာ- တွေ့ထိရာ-စိတ်ကူး စဉ်းစားရာမှာလဲ မမေ့ခြင်းဆိုတဲ့ သတိတရား ဖြင့်၊ သမ္ပာဒေထ-ပြီးစီးပြည့်စုံအောင် ကြိုးစားအားထုတ်ကြ ကုန်လော့၊ သမ္ပာဒေထ-သီလတွင် မရပ်မနားဘဲ စိတ်တည်ကြည်

ကြောင်း သမာဓိကောင်တရား အမှန်မြင်ကြောင်း ပညာ အကျင့်ကောင်း တရားတွေကို ဆက်လက်ကြိုးစား သတိထား၍ ကျင့်ပွားကြသည့် ပြီးပြည့်စုံကြစေကုန်လော့။

ပရိသတ်။ ။ အာမ ဘန္တေ။ (အမိန့်ရှိတော် မူတဲ့ အတိုင်း လိုက်နာကျင့်သုံးကြပါမည် ဘုရား။)

၁။ ခံယူပြီးသား၊ သီလငါး၊ မမှား ကျင့်သုံးရာ။

၂။ သီလတည်လျက်၊ သမာဓိဆက်၊ တိုးတက် ကျင့်ပွား မြတ်ပညာ။

၃။ ကျင့်သုံးတိုင်းမှာ၊ သတိပါ၊ ချမ်းသာပြည့်စုံရာ။

ဗုဒ္ဓဘာသာ ကကြီး ခခွေး ဩကာသ ကန်တော့ ခန်းနှင့် ငါးပါးသီလပေး တရားတော်ပြီးပါပြီ။

# ဗုဒ္ဓဘာသာ ကကြီး ခခွေး
# အတိုအထွာ မှတ်စရာများ

## ငါးပါးသီလ-အပြစ်နှင့် အကျိုးပြ ဆောင်ပုဒ်လင်္ကာ

## ပါဏာတိပါတ အပြစ်နှင့် အကျိုးပြ ဆောင်ပုဒ်လင်္ကာ

၁။ ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များစွာသည်၊ ရှောင်က အပြန်အကျိုးတည်း။

## အဒိန္နာဒါန-အပြစ်နှင့် အကျိုးပြ ဆောင်ပုဒ်လင်္ကာ

၂။ အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊ ရှောင်ခါ အပြန်အကျိုးတည်း။

## ကာမေသုမိစ္ဆာစာရ-အပြစ်နှင့်အကျိုးပြ ဆောင်ပုဒ်လင်္ကာ

၃။ မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွားဍ်၊ ရှားပါး လာဘ်တိတ်၊ ချမ်းသာ ဆိတ်၏။ ဣတ္ထိ,ပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဣန္ဒြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရောင်ခါ အပြန်အကျိုးတည်း။

## မုသာဝါဒ-အပြစ်နှင့် အကျိုးပြ ဆောင်ပုဒ်နှင့်လင်္ကာ

၄။ မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၏၊ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရောင်ပြီ အပြန်အကျိုးတည်း။

## သုရာမေရယ-အပြစ်နှင့် အကျိုးပြ ဆောင်ပုဒ်လင်္ကာ

၅။ သေရည် သောက်လင့်၊ သင့်မသင့်ဍ်၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရှုး၊ ကျေးဇူးမဆပ်၊ ဟိရောပ်တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မညိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရောင်ခါ အပြန်အကျိုးတည်း။

* ဤငါးပါးသီလ–အပြစ်နှင့်အကျိုးပြ လင်္ကာများကို “ရတနာ့ဂုဏ်ရည်ကျမ်း”စာအုပ်မှတစ်ဆင့် ဖော်ပြပါသည်။

## ရှစ်ပါးသီလ ဆောက်တည်ပုံ သီလတောင်း

ပရိသတ်များ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

* တပည့်တော်အား၊ အစဉ်သနား၊ ရှစ်ပါးသီလ ပေးပါဘုရား။

ရဟန်းတော်။ ။ ယမဟံ ဝဒါမိ တံ ဝဒေထ။

ပရိသတ်များ။ ။ အာမ ဘန္တေ။

## ဘုရားရှိခိုး

ရဟန်းတော်။ ။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပရိသတ်များ။ ။ နမော တဿ-(၃-ခေါက်ဆိုပါ။)

* ပူဇော်ထိုက်ကြောင်း၊ သိဉာဏ်ပွား၊ ဘုရားရှိခိုးပါ၏ ဘုရား။

## သရဏဂုံ ဆောက်တည်ပုံ

ရဟန်းတော်။ ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ပရိသတ်များ။ ။ (လိုက်ဆိုပါ။)

ရဟန်းတော်။ ။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ပရိသတ်များ။ ။ (လိုက်ဆိုပါ)

ရဟန်းတော်။ ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ပရိသတ်များ။ ။ (လိုက်ဆိုပါ။)

* မြတ်ဘုရားကို၊ အားထားခို၊ ကြည်ညို ဆည်းကပ်ပါ၏ဘုရား။

* မြတ်တရားကို၊ အားထားခို၊ ကြည်ညို ဆည်းကပ်ပါ၏ဘုရား။
* မြတ်သံဃာကို၊ အားထားခို၊ ကြည်ညို ဆည်းကပ်ပါ၏ ဘုရား။

**ရဟန်းတော်။** ။ သရဏဂမန် ပရိပုဏ္ဏံ။

**ပရိသတ်များ။** ။ အာမ ဘန္တေ။

## ရှစ်ပါးသီလ ဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

** သက်ရှိသတ္တဝါ၊ မသတ်ပါ၊ သိက္ခာကျင့်ပါမည်။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

** သူပိုင်ဥစ္စာ၊ မခိုးပါ၊ သိက္ခာကျင့်ပါမည်။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိ ယာမိ။

** မေထုန်ယုတ်မာ၊ မပြုပါ၊ သိက္ခာကျင့်ပါမည်။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

** မုသားလိမ်ညာ၊ မပြောပါ၊ သိက္ခာကျင့်ပါမည်။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

** မူးယစ်သေစာ၊ မသုံးပါ၊ သိက္ခာကျင့်ပါမည်။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

** နေ့လွဲညစာ၊ မစားပါ၊ သိက္ခာကျင့်ပါမည်။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

** က–ပွဲသဘင်၊အလှပြင်၊ ရှောင်ကြဉ်သိက္ခာကျင့်ပါမည်။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

** မြင့်မြတ်နေရာ၊ မနေပါ၊ သိက္ခာကျင့်ပါမည်။

ရဟန်းတော်။ ။ဣဒံ မေ သီလံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

ပရိသတ်များ။ ။ (လိုက်ဆိုပါ။)

** စောင့်ထိန်းဆောက်တည်၊ သီလသည်၊ ရွှေပြည် နိဗ္ဗာန် ရောက်စေသား။

## ဒုစရိုက် ၁၀–ပါးနှင့် လူသားကမ္ဘာ

၁။ ပါဏာတိပါတ–သူတစ်ပါး၏ အသက်ကို သတ်မှု။

၂။ အဒိန္နာဒါန–သူတစ်ပါး၏ဥစ္စာကို ခိုးယူမှု။

၃။ ကာမေသု မိစ္ဆာစာရ–သူ့သား မယားကို ပြစ်မှား လွန်ကျူးမှု။

ဤသုံးပါကို ကိုယ်ဖြင့် မကောင်းစွာပြုမှု ကာယဒုစရိုက် သုံးပါး–ဟုခေါ်ပါသည်။

၄။ မုသာဝါဒ–လိမ်ညာပြောဆိုမှု။

၅။ ပိသုဏာဝါစာ–ကွဲပြားအောင် ကုန်းတိုက်မှု။

၆။ ဖရုသဝါစာ–ဆဲရေးတိုင်းထွာ ပြောဆိုမှု။

၇။ သမ္ဖပ္ပလာပဝါစာ–အနှစ်မဲ့ကင်း ပြိန်ဖျင်း စကားကို ပြောဆိုမှု။

ဤလေးပါးကို နှုတ်ဖြင့် မကောင်းစွာပြောမှု ဝစီဒုစရိုက် လေးပါးဟု ခေါ်ပါသည်။

၈။ အဘိဇ္ဈာ–သူတစ်ပါး စည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်ရေး ကြံတွေးအလိုကြီးမှု။
၉။ ဗျာပါဒ–သူတစ်ပါး ပျက်စီးရေး ကြံတွေး ပြစ်မှားမှု။
၁၀။ မိစ္ဆာဒိဋ္ဌိ–ကံ ကံ၏အကျိုး ယုံကြည်မှုနှင့် သွေဖည်ရေး ကြံတွေးယူမှားမှု။

ဤသုံးပါးကို စိတ်ဖြင့် မကောင်းစွာကြံမှု မနောကံသုံးပါး ဟု ခေါ်ပါသည်။

ဤကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး၊ ပေါင်း ၁၀–ပါးကို မကောင်းသော အကျင့်ဆိုး ဒုစရိုက်–ဟု ခေါ်ပါသည်။

ဤဆယ်မျိုးကို ကိုယ်တိုင်ပြုလုပ်မှုဆယ်မျိုး၊ သူတစ်ပါးအား ပြုလုပ်ရန် တိုက်တွန်းမှု ဆယ်မျိုး၊ သူတစ်ပါး ပြုလုပ်တာကို စိတ်တူ ချီးမွမ်းအားပေးမှု ဆယ်မျိုး ပေါင်း ဒုစရိုက်ကံ သုံး ဆယ်ပါးဖြစ်ပါသည်။

ဤဒုစရိုက် ၁၀–ပါး၊ သို့မဟုတ် ၃၀–ပါးကို လိုက်စား ပြုမှား သူသည် အပါယ်လေးပါးသို့ လားရောက်ရပါသည်၊ ဘဝသံသရာတွင် ဆင်းရဲခံစားရပါသည်။

## ဆောင်ပုဒ်

၁။ သက်သတ်, ခိုးမှု, ကာမေသု သုံးခုကာယကံ။

၂။ လိမ်ညာ, ကုန်းချော, ဆဲဖျင်းပြော, လေးဟော ဝစီကံ။

၃။ အလို ကြီးမား, ဖျက်ဆီးပွား, ယူမှား သုံးမျိုး မနောကံ။

၄။ ဒုစရိုက်ဆယ်ပါး, ကျင့်ဆိုးများ, လိုက်စားအပါယ်ခံ။

၅။ ကိုယ်တိုင် တိုက်တွန်း, ချီးမွမ်းညွှန်း, ပွားထွန်း သုံးဆယ်ကံ။

## သုစရိုက်ဆယ်ပါးနှင့် လူသားကမ္ဘာ

၁။ ပါဏာတိပါတာ ဝေရမဏီ = သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရမည်။

၂။ အဒိန္နာဒါနာ ဝေရမဏီ = သူတစ်ပါး၏ဥစ္စာကို ခိုးမှု ခြင်းမှ ရှောင်ကြဉ်ရမည်။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ = ကာမဂုဏ်မိုက်မှား သူ့သားမယားကို ပြစ်မှား လွန်ကျူးခြင်းမှ ရှောင် ကြဉ်ရမည်။

ဤသုံးမျိုးကို ကိုယ်ဖြင့် ကောင်းစွာပြုကျင့်ရမည့် ကာယသုစရိုက် သုံးပါး-ဟုခေါ်ပါသည်။

၄။ အပိသုဏာဝါစာ = ကွဲပြားစကား မပြောကြားဘဲ ညီညွတ်စကားပြောရမည်။

၅။ သစ္စာဝါစာ = လိမ်မှာရှောင်းရှား, မှန်စကားကို ပြောဆို ရမည်။

၆။ သဏှဝါစာ= မဆဲရေးဘဲ သိမ်မွေ့နူးညံ့ စကားကို ပြောဆိုရမည်။

၇။ သာတ္တကဝါစာ= ကျိုးမဲ့ ဖျင်းစကား မပြောကြားဘဲ အကျိုးရှိစကားကို ပြောဆိုရမည်။

ဤလေးမျိုးကို နှုတ်ဖြင့် ကောင်းစွာ ပြောဆိုရမည့် ဝစီသုစရိုက် လေးပါး-ဟုခေါ်ပါသည်။

၈။ အနဘိဇ္ဈာ= သူတစ်ပါး ဥစ္စာကို ကိုယ့်ဥစ္စာ ဖြစ်ရေး မကြံတွေးဘဲ ရောင့်ရဲအလိုနည်းရမည်။

၉။ အဗျာပါဒ = သူတစ်ပါးပျက်စီးရေး မကြံတွေးဘဲရောင့်ရဲ မေတ္တာပွားရမည်။

၁၀။ သမ္မာဒိဋ္ဌိ = ကမ္မဝါဒီ မသွေဖည်ဘဲ ကံသိကြံဆ မှန်ယူရမည်။

ဤသုံးမျိုးကို စိတ်ဖြင့် ကောင်းစွာကြံစည် ယူဆရမည့် မနောသုစရိုက် သုံးပါး-ဟုခေါ်ပါသည်။

ဤကာယသုစရိုက်သုံးပါး၊ ဝစီသုစရိုက်လေးပါး၊ မနောသုစရိုက်သုံးပါး၊ ပေါင်း ၁၀-ပါးကို သုစရိုက်-ဟု ခေါ်ပါသည်။

ဤ၁၀ပါးကို ကိုယ်တိုင်ပြုလုပ် ၁၀-ပါး၊ သူတစ်ပါးအား ပြုလုပ်ရန် တိုက်တွန်းမှု ၁၀-ပါး၊ သူတစ်ပါး ပြုလုပ်တာကို စိတ်တူ ချီးမွမ်း အားပေးမှု ၁၀-ပါး၊ ပေါင်း သုစရိုက်ကံ ၃၀-ပါးဖြစ်ပါသည်။

ဤသုစရိုက် ၁၀-ပါး၊ သို့မဟုတ် ၃၀-ပါးကို လိုက်စား ပြုလုပ်သူသည် အပါယ်၄-ပါးမှ ကင်းလွတ်ပြီး လူ,နတ်,နိဗ္ဗာန် သုံးတန်ချမ်းသာကို ရရှိစံစားရပါသည်။

## ဆောင်ပုဒ်

၁။ မသတ်, ခိုးရှင်း၊ ကာမေကောင်း၊ သုံးသင်း ကာယကံ။
၂။ မှန်, ချစ်, နူတ်ချို၊ ဖျင်းမဆို၊ လေးထို ဝစီကံ။
၃။ အလိုနည်းပြန်၊ ဖျက်ဆီးလှန်၊ ယူမှန်သုံးမျိုး မနောကံ။
၄။ သုစရိုက် ဆယ်ပါး၊ ကျင့်ကောင်းများ၊ လိုက်စား ပါယ်လွတ် ချမ်းသာစံ။
၅။ ကိုယ်တိုင် တိုက်တွန်း၊ ချီးမွမ်းညွှန်း၊ ပွားထွန်း သုံးဆယ်ကံ။

## ပုညကိရိယဝတ္ထု ၁၀-ပါးနှင့် လူသားကမ္ဘာ

၁။ ဒါန = စွန့်ကြဲပေးကမ်း လှူဒါန်းမှု၊
၂။ သီလ = ကိုယ်နှုတ်မသရမ်းအောင် စောင့်ထိန်းမှု၊
၃။ ဘာဝနာ = စိတ်တည်ငြိမ်ရေး သမထ, အမှန်မြင်ရေး ဝိပဿနာကို ရှုပွားအားထုတ်မှု၊
၄။ အပစာယန = အသက်ကြီးသူ အကျင့်သိက္ခာ မြင့်မြတ်သူတို့ကို ရိုသေလေးစားမှု။
၅။ ဝေယျာဝစ္စ= အသက်ကြီးသူ၊ အကျင့်သိက္ခာ မြင့်မြတ်သူတို့၏ အမှုကိစ္စနှင့် ကုသိုလ်ရေးကိစ္စတို့ကို လုပ်အားပေးဆောင်ရွက်မှု၊
၆။ ပတ္တိဒါန = ကိုယ့်အလှူဒါန၊ ကုသိုလ်ဘာဂကို သူတစ်ပါးအား သာဓုခေါ်ရေးအမျှပေးဝေမှု။
၇။ ပတ္တာနုမောဒန = သူတစ်ပါးကုသိုလ်တွေ အမျှဝေသော် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု၊

၈။ ဓမ္မဿဝန = တရားစကား၊ တပေများ၊ လိုက်စား နာကြားမှု၊

၉။ ဓမ္မဒေသနာ= ကိုယ်သိသမျှ၊ ဓမ္မဒါန စကား ဟော ကြား ပြောဆိုမှု၊

၁၀။ ဒိဋ္ဌိဇုကမ္မ= ကမ္မဝါဒီ၊ မသွေဖည်၊ ကြံစည်ယူဆမှု၊

ဤ ၁၀-ပါးကို ပစ္စုပ္ပန် သံသရာ ချမ်းသာနှစ်မျိုး ဖွံ့ဖြိုး တည်ရာ ပုညကိရိယာဝတ္ထု ၁၀-ပါးဟု ခေါ်ပါသည်။

ဤ ပုညကိရိယဝတ္ထု ၁၀-ပါးကို လိုက်စားပြုလုပ်သူသည် လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာကို ရရှိနိုင်ပါသည်။

## ဆောင်ပုဒ်

၁။ လှူ, စောင့်ပွားရာ၊ ရိုသေစွာ၊ ဝေယျာဝစ္စများ။

၂။ မျှဝေ, သာဓု၊ ကြားနာဟု၊ ဟောမှု မှန်ယူပွား။

၃။ ပုညကိရိယ၊ ဝတ္ထု-လှ၊ ဒသ-ကုသိုလ်တရား။

၄။ ပြုသူလူမှန်၊ ချမ်းသာစံ၊ နိဗ္ဗာန် အရောက်သွား။

## အနန္တငါးပါးရှိခိုး ဆောင်ပုဒ်
## ဘုရားရှိခိုး

၁။ ဗုဒ္ဓဂုဏော၊ အနန္တောဟု၊ ကျော်စောထင်ရှား၊ သုံးပါး ရပ်သူ၊ နတ်,လူ,ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသာခေါင်၊ နိဗ္ဗာန် သောင်သို့၊ ရွှေဖောင်မဂ္ဂင်၊ သဘော်ယာဉ်နှင့်၊ ကယ်တင် ဆောင်ယူ၊ ပို့ဆောင်မှုသည်၊ နတ်,လူတို့ထိပ်ပန်း၊ ရဟန်းတို့ဆရာ၊

**အစိန္တေယျာဟု** (မြတ်စွာဗုဒ္ဓ) အနန္တဂုဏ်အင်၊ ကျေးဇူးရှင်ကို အဟံ- ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာကို၊ သူငါသမုတ်၊ အကျွန်ုပ် သည်၊ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

## တရားရှိခိုး

၂။ ဓမ္မဂုဏော၊ ဂုဏနေန္တေဟု၊ တည်သောကမ္ဘာ၊ သတ္တဝါ လူနတ်၊ အထပ်ထပ်ကို၊ လေးမြတ်ကြင်နာ၊ အဝိဇ္ဇာနှင့်၊ တဏှာ, သံယော၊ ကိလေတောမှ၊ ဆေးကြောသုတ်သင်၊ မြူမတင် အောင်၊ ရောင်ကြင်ပေတတ်၊ တရားမြတ်ကို၊ အဟံ၊ ရုပ်နာမ် နှစ်ဖြာ၊ ငါးခန္ဓာကို၊ သူငါသမုတ်၊ အကျွန်ုပ်သည်၊ ဝန္ဒေ- ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

## သံဃာရှိခိုး

၃။ သံဃာ့ဂုဏော၊ အနန္တေဟု၊ လောဘ, ဒေါသ၊ မောဟ ကင်းကွာ၊ တဏှာကာမ၊ ကိလေသနှင့်၊ ရာဂအမိုက်၊ နှစ်ခြိုက် မပျော်၊ မမွေ့မလျော်ဘဲ၊ ရှင်တော်ဟောကြား၊ မြတ်တရားကို၊ မှတ်သားကြည်ညို၊ မဂ်ဖိုလ်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊ မြတ်မွန်ထေရ်ကျော်၊ သံဃာတော်တို့၊ ဂုဏ်တော်ကြီးစွာ၊ အနန္တကို၊ အဟံ၊ ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာကို၊ သူငါသမုတ်၊ အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

## မိဘရှိခိုး

၄။ မာတာပိတုဂုဏော၊ အနန္တေဟု၊ အပြောကျယ်စွာ သံသရာဝယ်၊ မာတာပိတာ၊ မိနှင့်ဖတို့၊ ရေကြည်ကလလ၊ တည်းဦးစက၊ ချိ-ချဉ်-ပူစပ်၊ ရှင်းရှင်းပြတ်အောင်၊ မပြတ်ယုယ၊

မိဖတို့မှာ၊ စိုးရိမ်စွာဖြင့်၊ အစာဆိမ့်အေး၊ နို့ချိုပေး၍၊ ကျွေးသည့်မိခင်၊ မွေးဖရှင်ကို၊ အဟာ၊ ရုပ်နာမ်ဖြာ၊ ငါးခန္ဓာကို၊ သူငါသမုတ်၊ အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ- ရှိခိုးပါ၏ အရှင်ဘုရား။

## ဆရာ-ရှိခိုး

၅။ အာစရိယဂုဏော၊ အနန္တောဟု၊ မိန့်ဟောအရ၊ ကောက်ယူပြသော်၊ နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း၊ မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမ,ဆိုသား၊ အဟိုများဖွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ အဖြာဖြာကို၊ ခေမာဘုမ္မိ၊ ဘေးမရှိအောင်၊ နိဗ္ဗာန်သောင်သို့၊ ရောက်အောင်ပြညွှန်၊ သွန်သင်ပေတတ်၊ ဆရာမြတ်ကို၊ အဟာ၊ ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာကို၊ သူငါသမုတ်၊ အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏အရှင်ဘုရား။

**မှတ်ချက်** ။ ။ဤအနန္တငါးပါး ဘုရားရှိခိုးကို ရှေးဆရာအဆင့်ဆင့်တို့ ရေးခဲ့ကြသော ဘုရားရှိခိုးအမျိုးမျိုး စာအုပ်တိုင်းလိုလို၌ တွေ့ရသည်။

ဘုရား-တရား-သံဃာ-မိဘ-ဆရာ-ဤငါးဖြာကိုအနန္တငါးပါးဟု ကင်ပွန်းတပ်သည်၊ ထိုအနန္တငါးပါးသည် လူသားတိုင်း၏အပေါ်တွင် ဆင်းရဲကင်းပ ချမ်းသာရအောင် ရိုင်းစိုင်းကင်းပယဉ်ကျေးရအောင် အတိုင်းမသိ ကျေးဇူးပြုခဲ့သော အနန္တ

ဂုဏ်အင် ကျေးဇူးရှင်များ ဖြစ်သည်ဟု ဆိုလိုသည်၊ ထို့ကြောင့် စေတီရုပ်ပွား ရှေ့မှောက်တွင် စေတီ, ရုပ်ပွားတော်ကို သက်သေ ထား၍ ထိုအနန္တ ငါးပါး၏ ဂုဏ်ကျေးဇူးကို ချီးကျူးအမွှမ်းတင် ရွတ်ဆိုလျက် အလေးပြုရှိခိုးရန် ရေးဖွဲ့ထားသော အနန္တ ငါးပါး ရှိခိုးဖြစ်သည်၊ မိဘဆရာကိုလည်း ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးနှင့် တစ်ဂိုဏ်းတည်းထား၍ အဆုံးသတ်၌ (အရှင်ဘုရား)ဟု ရွတ်ဆိုရန် ရေးသားထားသည်။

## ဘုရားဂုဏ်တော် ၉–ပါးရှိခိုး
## ဘုရားဂုဏ်တော် ၉–ပါး ပါဠိ

ဣတိပိ သောဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ မကြံဆ မနိုင်းယှဉ်နိုင် ကောင်းသော ဂုဏ်တော် အပေါင်း အနန္တနှင့် လုံးဝဉဿုံ ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

## အနက်

၁။ (က) အရဟံ–လွန်ကဲ ထူးမြတ်သော သီလဂုဏ် သမာဓိ ဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏ ဒဿန ဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူထိုက်ပေသော မြတ်စွာဘုရား။

(ခ) အ–ရဟံ ဝါသနာနှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာ အညစ် အကြေးတို့မှ ကင်းဝေး စင်ကြယ်တော်မူပေသော မြတ်စွာဘုရား။

(ဂ) အရ–ဟံ–လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာ ရန်သူတို့ကို ပယ်သတ်တော် မူပြီးသော မြတ်စွာဘုရား။

(ဃ) အရ–ဟံ–သံသရာစက်၏ အထောက်အကန့်တို့ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။

(င) အရဟံ–မျက်မှောက်မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာ မရှိတော်မူသော မြတ်စွာဘုရား။

၂။ သမ္မာသမ္ဗုဒ္ဓေါ–သစ္စာလေးပါး ခပ်သိမ်းသော တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်တိုင် ဉာဏ်အဟုန် အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော–ဝိဇ္ဇာမည်သောဉာဏ်ထူး ၃–ပါး ဉာဏ်ထူး၈–ပါး၊စရဏမည်သောအခြေခံအကျင့်တရား ၁၅–ပါးတို့နှင့်ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ (က) သုဂတော – သတ္တဝါတို့အား အကျိုးများကြောင်း ဟုတ်မှန်သော စကားကောင်းကိုသာ မြွက်ဆိုတော်မူတတ်ပေသော မြတ်စွာဘုရား။

(ခ) သုဂတော – မဂ္ဂင်ရှစ်ဖြာ တင့်တယ်သော အမှုအရာဖြင့် ကောင်းစွာ သွားခြင်း၊ ကောင်းစွာ ဖြစ်ခြင်း ရှိတော်မူပေသော မြတ်စွာဘုရား။

၅။ လောကဝိဒူ–လောက၏ အကြောင်းအရာ အလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား။

၆။ (က) အနုတ္တရော–အမြင့်မြတ်ဆုံးဖြစ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော် မူသောကြောင့် လောကဓာတ် အလုံး၌ အမြင့်မြတ်ဆုံး ဖြစ်တော်မူပေသော မြတ်စွာဘုရား။

(ခ) ပုရိသဒမ္မသာရထိ– ယဉ်ကျေးလိမ္မာ ပညာအသိ မရှိကြသေး မပြည့်ဝသေး၍ ဆုံးမပေးထိုက်သော ပုဂ္ဂိုလ်တို့အား ယဉ်ကျေးလိမ္မာ ပညာပြည့်ဝ အချိုးကျအောင် ဆုံးမ သွန်သင်တော် မူတတ်ပေသော မြတ်စွာဘုရား။

(ဂ) အနုတ္တရော ပုရိသဒမ္မသာရထိ–ဆုံးမ ထိုက်သော ပုဂ္ဂိုလ်တို့အား ညွှန်ကြားသွန်သင် ပဲ့ပြင်ဆုံးမ မှု၌ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော မြတ်စွာ ဘုရား။

၇။ သတ္ထာ ဒေဝ မနုဿာနံ– ချမ်းသာရကြောင်း လမ်းကောင်း ညွှန်ပြ ဆုံးမတော်မူတတ်၍ လူနတ်တို့၏ ဆရာမြတ်အစစ် ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ–တရားအလုံးစုံကို အကုန်သိတော် မူပေသော မြတ်စွာဘုရား။

၉။ ဘဂဝါ–ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်၊ ဆယ်ပါးသော ဂုဏ်တော်၊ အနန္တဂုဏ်တော်၊ ကျေးဇူးတော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ မြတ်စွာဘုရား။

## တရားဂုဏ်တော် ၆–ပါးရှိခိုး

## တရားဂုဏ်တော် ၆–ပါး ပါဠိ

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## အနက်

ဘဂဝတာ– မြတ်စွာဘုရားသည်၊ အက္ခာတော– ဟောကြားတော်မူအပ်သော၊ ဓမ္မော–တရားတော်သည်။

၁။ သွာက္ခာတော–ကိလေသာငြိမ်းကြောင်း ကောင်းမွန်မှန်ကန်စွာ ဟောအပ်သော တရားတော်မြတ် ပါပေတကား။

၂။ သန္ဒိဋ္ဌိကော--ကျင့်ကြံအားထုတ်လျှင် မျက်မှောက် ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ် ပါပေ တကား။

၃။ အကာလိကော--အချိန်အခွင့် မဆိုင်းလင့်ဘဲ အသင့် လက်ငင်း ချက်ချင်း အကျိုးပေးတတ်သော တရား တော်မြတ်ပါပေတကား။

၄။ ဧဟိပဿိကော-- လာပါကြည့်လှည့်ပါဟု ကျင့်ကြံအား ထုတ်ရန် ဖိတ်မန် တိုက်တွန်းထိုက်သော တရားတော် မြတ်ပါပေတကား။

၅။ ဩပနေယျိကော--မိမိသန္တာန်၌တည်အောင်ကျင့်ဆောင် ထိုက်သော တရားတော်မြတ် ပါပေတကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ--တရားမြင်သိသည့် ပညာရှိ ဖြစ်ပါး အရိယာများသာလျှင် ကိုယ့်တရားနှင့် ကိုယ် အသီးသီး သိမြင် ခံစားရသော တရားတော်မြတ်ပါ ပေတကား။

သွာက္ခာတ အစရှိသော ဂုဏ်တော် ၆-ပါးနှင့် ပြည့်စုံတော်မူသော မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော်မြတ်ကို ဘုရားတပည့်တော်သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ မြတ်စွာဘုရား။

# သံဃာ့ဂုဏ်တော် ၉-ပါး ရှိခိုး

## သံဃာ့ဂုဏ်တော် ၉-ပါး ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## အနက်

ဘဂဝတော- မြတ်စွာဘုရား၏၊ သာဝက သံဃော- တပည့်သားအပေါင်း သံဃာတော်သည်။

၁။ သုပ္ပဋိပန္နော-လောဘ, ဒေါသ, မောဟ ကင်းကြောင်း [သီလ, သမာဓိ, ပညာအကျင့်ကောင်းကို] ကောင်းစွာ ကျင့်တော်မူသော သံဃာတော်မြတ် ပါပေတကား။

၂။ ဥဇုပ္ပဋိပန္နော- ကိုယ်နှုတ်စိတ်ထား အကောက်သုံးပါး ကင်းရန် ဖြောင့်မှန်စွာ ကျင့်တော်မူသော သံဃာတော် မြတ်ပါပေတကား။

၃။ ဉာယပ္ပဋိပန္နော-ဆင်းရဲငြိမ်းရန်နိဗ္ဗာန်အလို့ငှာသင့်လျော်စွာ ကျင့်တော်မူသောသံဃာတော်မြတ် ပါပေတကား။

၄။ သာမိစိပ္ပဋိပန္နော- သူများက ပြည့်ရှိသေမှုနှင့် သင့်တင့်လျောက်ပတ်အောင် ကျင့်ကြံတော်မူသော သံဃာတော်မြတ်ပါပေတကား။

၅။ အာဟုနေယျော-အရပ်ဝေးမှသော်လည်း ဆောင်လာ၍ ပေးလှူ ပူဇော်ထိုက် ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ် ပါပေတကား။

၆။ ပါဟုနေယျော-ချစ်ခင်မြတ်နိုးအပ်သည့် ဧည့်သည်များ အတွက် အထူးပြုပြင်ထားသော စားကောင်းသောက် ဖွယ်ကိုသော်လည်း ပေးလှူပူဇော်ထိုက် ပေးလှူသည်ကို ခံယူတော်မူထိုက်သော သံဃာတော်မြတ်ပါပေတကား။

၇။ ဒက္ခိဏေယျော-နောင်ဝဋ်မလွှန် လောကဥ္စ ကောင်းကျိုး ရမည်ဟု ယုံကြည်၍ ပေးလှူသည်ကို ခံယူတော် မူထိုက်သော သံဃာတော်မြတ် ပါပေတကား။

၈။ အဉ္ဇလိကရဏီယော- ကောင်းကျိုးချမ်းသာ မှန်ကန်စွာ ရမည်ဟု ယုံကြည်မျှော်ကိုးလျက် လက်အုပ်မိုး၍ ရှိခိုးထိုက်သော သံဃာတော်မြတ် ပါပေတကား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ- ကောင်းမှုမျိုးကို စိုက်ပျိုးရန်အလို့ငှာ သတ္တဝါအပေါင်း၏ အကောင်းဆုံး လယ်ယာမြေ ဖြစ်တော်မူသော သံဃာတော်မြတ်ပါပေ တကား။

သုပ္ပဋိပန္န-အစရှိသော ၉-ပါးသော ဂုဏ်တော် တို့နှင့် ပြည့်စုံတော်မူသော မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးပါး, ဖလဋ္ဌာန် ပုဂ္ဂိုလ် လေးပါးအားဖြင့် ရှစ်ပါးသော အရိယာပုဂ္ဂိုလ် အပေါင်း

သံဃာတော်မြတ်ကို ဘုရား တပည့်တော်သည် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

**မှတ်ချက်။** ။ မဟာစည် ဓမ္မဒေသနာတော် စာအုပ်မှ တစ်ဆင့် ဖော်ပြသည်။

## မုံရွာမြို့ကျေးစူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ သဗ္ဗဉ္ဉုတ ဘုရားရှိခိုး

၁။ ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်၊ ပညိန္ဒြေ၊ ချွေရာမှန်ဘိ၊ ဗောဓိကြင်နန်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်း အံ့လောက်၊ မြေမှာပေါက်သား၊ ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကို ရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေ လျက်ပင်၊ ငြိမ်သက် တင့်တယ်၊ သုံးစံပယ်သည်။ ။ ဘုန်းကြွယ်လက်ဦး ပဲ့ပေကို။

၂။ နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပုံမှ၊ ဇေသန်တူရူ၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိန်းစိန်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရွှင်သည်။ ။ ကြည်လင်ညွတ်နူး ဖွယ်ပေကို။

၃။ သုံးကြိမ် မြောက်ထ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုန့်ခေါက်၊ ကြွခြီ လျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်။ ။ တရား ဆင်ခြင်လျက်ပေကို။

၄။ လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းထောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဖွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်။ ရောင်ရှင်ခြောက်ဖြာညီးလို့ကို။

၅။ ငါးကြိမ် မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြုဗ္ဗာ၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်းညောင်၌၊ ဘုန်းခေါင်ပရမေ၊ စံပယ်နေသည်။ ။ ရိုသေမြတ်နိုး ဖွယ်ပေကို။

၆။ ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေ ညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညိုပြည့်လျှမ်း၊ ကြာပန်းညွှတ်ရုံ၊ ပန်းမျိုးစုံသည့်၊ မုစ္ဆလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆေ၊ စံပယ်နေသော်၊ မိုးလေ ထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်း ဖြန့်လျက်၊ ချီးအံ့တန်ခိုး၊ ဆောင်းကာမိုးသည်။ ။ ရှေ့ကျိုး သမ္မာတော်ကြောင့်ကို။

၇။ ခုနစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင် လက်ယာ၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လှောင်းလွန်းပင်၌၊ သဗ္ဗညူဖျား၊ ပျော်စံစားသည်။ ။ ကြီးမား ဉာဏ်တော်ဖွင့်လို့ကို။

ထိုခုနစ်ပါး အရပ်များကို၊ ရှေ့သွားသဒ္ဓါ၊ ကြည်ညိုစွာ လျှင်၊ ဝန္ဒနာမာန၊ ဂါရဝဖြင့်၊ ဦးချညွှတ်ကျိုး၊ ကျွန်ရှိခိုး သည်။ ။ ကောင်းကျိုးခပ်သိမ်း ပြည့်စေသော်၊

## ခုနစ်နေ့ ဘုရားရှိခိုး

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဝို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်။ ။ နတ်လူငြိမ်းဖို့ ကိန်းပါကို။

၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်။ နတ်လူအောင်မြို့ လမ်းပါကို။

၃။ ဖွားမြင်ခြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဥ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ် ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသင့်လျှံလူ၊ စံတော်မူ၍၊ ရွယ်မှုနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ် လေးမျိုးနိမိတ်၊ နတ်ပြပိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေ ပိုကာ၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်။ ။ စုံမြိုင်ပင်ရိပ်ခန်းမှာကို။

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်၍၊ ခါတော် တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက် ဘုန်းတော်၊ သောင်းလုံးကျော်သည်။ ။ သုံးဘော်လူတို့ ငြိမ်းပါကို။

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချိသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟိတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်။ ။ တရားနတ်စည်ရွှမ်းတယ်ကို။

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ။ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်းကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်။ ။ ဝုန်းဆူ သောင်းလုံးကျော်တယ်ကို။

၇။ နိဗ္ဗူစံပြီ၊ ရှမအိသား၊ သီဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂျုန်နေ့ဝယ်၊ ခိုးငွေမနော မာတ်တေဓောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဓော်သည်။ ။ မွေတော်ရှစ်စိတ်ကြွင်းတယ်ကို။

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်။ ။ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## ဆွမ်းတော်ကပ်–လင်္ကာ

အရဟံ–အစ၊ ဂုဏ်ကိုးဝနှင့်၊ မုချပြည့်စုံ၊ လူနတ်ကုန်၏၊ ကြည်ယုံကိုးစား၊ သက်ထင်ရှားသည့်၊ ဘုရားမြတ်ကို၊ ရည်မှတ်ဆို၍၊ မိုခိုကိုးစား၊ လေးမျိုးထားကြ၊ ရပ်ပွားခေါ်မှတ်၊ စေတီမြတ်အား၊ ဆည်းကပ်ကော်ရော်၊ တပည့်တော်သည်၊ ထူးသော်အဆင်း၊ အနံ့သင်း၍၊ ကောင်းခြင်းရသာ၊ ဟင်းစုံစွာနှင့် အာဟာရကြွယ်၊ (ဤ) ဆွမ်းခဲဖွယ်ကို၊ သုံးသွယ်စေတနာ၊ မြတ်သဒ္ဓါဖြင့်၊ လှူပါကပ်ပါ၊ ပူဇော်ပါ၏၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

### ဆုတောင်း

တပည့်တော်လှူရ၊ (ဤ)ဆွမ်းဒါနသည်၊ ဒုက္ခကင်းမှန်၊ မြတ်နိဗ္ဗာန်ကို၊ ဧကန်ရောက်စေသောဝ်။

### အမျှဝေ

ဤကုသလ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ ဉာတကာနှင့်၊ မိတ္တာပေါင်းသင်း၊ သိကြားမင်းမှ၊ လူမင်းဗြဟ္မာမင်း၊ ယမမင်းစစ်၊ သုံးဆယ့်တစ်ဟု၊ ဘုံဖြစ်သမျှ၊ ဝေနေယျအား၊ အမျှ–အမျှ၊ ပေးဝေငှသည်။ ။ သုခချမ်းသာ မြဲစေသောဝ်။

## ပန်းနံ့သာကပ်–လင်္ကာ

အရဟံ–အစ၊ ဂုဏ်ကိုးဝနှင့်၊ မုချပြည့်စုံ၊ လူနတ်ကုန်၏၊ ကြည်ယုံကိုးစား၊ သက်ထင်ရှားသည့်၊ ဘုရားမြတ်

ကို၊ ရည်မှတ်ဆို၍၊ မှီခိုကိုးစား၊ လေးမျိုးထားကြ၊ ရုပ်ပွားခေါ်မှတ်၊ စေတီမြတ်အား၊ ဆည်းကပ်ကော်ရော်၊ တပည့်တော်သည်၊ ထူးသော်အဆင်း၊ အနံ့သင်း၍၊ ကောင်းခြင်းမွှေးပျံ့၊ (ဤ) ပန်းနံ့သာကို သုံးတန်စေတနာ၊ မြတ်သဒ္ဓါဖြင့်၊ လှူပါကပ်ပါ၊ ပူဇော်ပါ၏ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

## ဆုတောင်း

တပည့်တော်လှူရ၊ (ဤ) ပန်းနံ့သာဒါနသည်၊ ဒုက္ခကင်းမှန်၊ မြတ်နိဗ္ဗာန်၊ ဇကန်ရောက်စေသောဝ်။

## အမျှဝေ

ဤကုသလ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ ဉာတကာနှင့်၊ မိတ္တာပေါင်းသင်း၊ သိကြားမင်းမှ၊ လူမင်းဗြဟ္မာမင်း၊ ယမမင်းစစ်၊ သုံးဆယ့်တစ်ဘုံ၊ ဘုံဖြစ်သမျှ၊ ဝေနေယျအား၊ အမျှ- အမျှ၊ ပေးဝေငှသည်။ ။ သုခချမ်းသာမြဲစေသောဝ်။

## သောက်တော်ရေကပ် လင်္ကာ

အရဟံ-အစ ဂုဏ်ကိုးဝနှင့်၊ မုချပြည့်စုံ၊ လူ့နတ်ကုန်၏၊ ကြည်ညိုကိုးစား၊ သက်ထင်ရှားသည့်၊ ဘုရားမြတ်ကို၊ ရည်မှတ်ဆို၍ မှီခိုကိုးစား၊ လေးမျိုးထားကြ၊ ရုပ်ပွားခေါ်မှတ်၊ စေတီမြတ်အား ဆည်းကပ် ကော်ရော်၊ တပည့်တော်သည်၊ ထူးသော်အဆင်၊ အေးမြ

နှင်းသို့၊ ကောင်းခြင်းဖြိုးဝေ၊ (ဤ) သောက်တော်ရေကို၊ သုံးထွေစေတနာ၊ မြတ်သဒ္ဒါဖြင့် လှူပါကပ်ပါ၊ ပူဇော်ပါ၏၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

## ဆုတောင်း

တပည့်တော်လှူရ၊ (ဤ) ရေဒါနသည်၊ ဒုက္ခကင်းမှန်၊ မြတ်နိဗ္ဗာန်၊ ဧကန်ရောက်စေသောဝ်။

## အမျှဝေ

ဤကုသလ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ ဉာတကာနှင့်၊ မိတ္တာပေါင်းသင်း၊ သိကြားမင်းမှ၊ လူမင်း ဗြဟ္မာမင်း၊ ယမမင်းစစ်၊ သုံးဆယ့်တစ်ဟု၊ ဘုံဖြစ်သမျှ ဝေနေယျအား၊ အမျှ – အမျှ၊ ပေးဝေငှသည်။ ။ သုခချမ်းသာ မြဲစေသောဝ်။

## မီးပူဇော်လင်္ကာ

အရဟံ–အစ၊ ဂုဏ်ကိုးဝနှင့်၊ မုချပြည့်စုံ၊ လူနတ်ကုန်၏၊ ကြည်ယုံကိုးစား၊ သက်ထင်ရှားသည့်၊ ဘုရားမြတ်ကို၊ ရည်မှတ်ဆို၍၊ မိုနိကိုးစား၊ လေးမျိုးထားကြ၊ ရုပ်ပွား ခေါ်မှတ်၊ စေတီမြတ်အား၊ ဆည်းကပ် ကော်ရော်၊ တပည့်တော်သည်၊ မှောင်သော်ပယ်ခွင်း၊ ပြောင်ပြောင်ဝင်းသည့်၊ ရောင်ဆင်းထိန်ညီး (ဤ) အလင်းရောင်

မီးကို၊ သုံးသီးစေတနာ၊ မြတ်သဒ္ဓါဖြင့် လှူပါ ကပ်ပါ ပူဇော်ပါ၏၊ မြတ်စွာဘုရား။

## ဆုတောင်း

တပည့်တော်လှူရ၊ (ဤ) မီးဒါနသည်၊ ဒုက္ခကင်းမှန်၊ မြတ်နိဗ္ဗာန်၊ ဧကန်ရောက်စေသော၀်။

## အမျှဝေ

ဤကုသလ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ ဉာတကာနှင့်၊ မိတ္တာပေါင်းသင်း၊ သိကြားမင်းမှ၊ လူမင်း ဗြဟ္မာမင်း၊ ယမမင်းစစ်၊ သုံးဆယ့်တစ်ဟု၊ ဘုံဖြစ်သမျှ၊ ဝေနေယျအား၊ အမျှ - အမျှ၊ ပေးဝေငှသည်။ ။ သုခချမ်းသာ မြဲစေသော၀်။

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ
တောင်တွင်းကြီးမြို့ မြို့တွင်းဗိမာန် ဆရာတော်
ရေးသားချီးမြှင့်သော

ညှောင်ကန်ထေရ – ထောမနာ

# တရားတောင်းဂါထာ

---

## စကားဦး

ဟင်္သာတမြို့၊ ပဝတ္တိဇာတိက လေးမျက်နှာ၊ သဒ္ဓါဖြိုးကြွယ်၊ တပည့်တော် (ဒေါ်မြနွယ်) အကြိမ်ကြိမ် လျှောက်ထားပြီး၊ တောင်တွင်းကြီးမြို့၊ မြို့တွင်းဗိမာန် ဆရာတော် ဦးသံဝရ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) မဟာစည် ကမ္မဋ္ဌာနာစရိယ ရေးသား ချီးမြှင့်သော သုတိသာယာ၊ ထုတိဂါထာတို့ဖြင့် တပည့်တော် ဒေါ်မြနွယ်က ရွတ်ဆို၍ ပူဇော်ပါမည်ဘုရား။

၁။ မိရပ္ပာဒေါ ဇာတော ယော သော၊
ညောင်ကန် ညောင်ကန်တိ ပါကဋော။
တထာ တွံပိ တံ ဇာတော၀၊
တဂ္ဂါဟိတွာ စ သကျတော။

၂။ သွာဂတံ တေ ညောင်ကန် ထေရ-
၀ရံ ခမ္မံ ကထေဟိ နော။
ခဏော လဒ္ဓေါတိ မညာမ။
တံ မုဋ္ဌိတု မနိစ္ဆိကာ။

**ယော** ဒေသော - ဗောဓိမဏ္ဍိုင် မုဋ္ဌလိန်အိုင် ဘုန်းခိုင် **အောင်**မြေတော် နှိုင်းဖော်ရေးစပ် ရေးစီအပ်သော အကြင် **အရပ်သည်**၊ မိရပ္ပါဒေါ - ပညာရှိဗိုလ်ပုံတွင် မြေတုန်လုပ္ပဲဦး **ဆူးလည်း**ထူး ကျော်လည်းကျော် ဆရာတော်ဦးဗုဓ် ထေရတ္တမ သ**မိုင်းပြ**လောက်အောင် နေလ, ပုံသွင် ပညာရှင်ပြောင် မြော**က်** ထိပ်တန်းရောက်တို့ တွန်းပေါက်ရာသည်၊ ဇာတော- ကော**န်စင်စစ်** တကယ်ပင် ဖြစ်ပါပေ၏၊ သော ပဒေသော- ဗော**ဓိမဏ္ဍိုင်** မုဋ္ဌလိန်အိုင် ဘုန်းခိုင်အောင်မြေတော် ထုတ်ဖော် နှိုင်းပြ **ခမ္မ**ကထိကတစ်ပါး အများသိပေါ်လွင် ရေး၌ထင်သော ကလော**င်ရှ**င်ရေးစီ ရေးတိုင်းညီသော ထိုအရပ်သည်။

**သော**ပဒေသော - "ပျော်ညွန့်ရောင်ရာ ပုံမှတ်ပါ၊ ဆရာ သခင်**ဖြစ်**၊ ပိုးဗုဓ်ကျိုးသူ၊ ကန်မော်ယူ၊ ငယ်မူ တစ်ကျိပ်နှစ်" ကျက်**မှတ်**ရစ်ရန် စံနစ်တကျ သခေ်ပကဗျာ သမိုင်းလာနှင့် မဟာသက်တော်ရှည် ဂုဏ်ရည် မြင့်သူ အလူလူတို့ ဇမ္ဗူ အံ့လောက် ထွန်းပေါက်ရာ ထိုအရပ်သည်၊ ညောင်ကန်

ညောင်ကန်တိပါကရွော– ညောင်ကန် ညောင်ကန်ဟု ထင်ရှား လှပါပေ၏၊ ညောင်ကန် ညောင်ကန်တိပါကရွော–သမင်ကကျား ဖားကမြွေကို ကြောင်ကို ကြွက်က ဇယဥ္စာနေ အောင်ရာ မြေဒ္ဓိ ဗုဒ္ဓဟေညောင်ပင်အနီးတွင် ရေကန်ရှိလတ် ဗျူဟ္မတ်မှန်အတိုင်း ညောင်ကန် ညောင်ကန်ဟု ထင်ရှားလှပါပေ၏၊ တံဇာဝေဘာဝ– ပတိရူပ ထိုဒေသ၌ ပုဗ္ဗေစစက်တွင် ဖွားမြင်ခဲ့သည်သာလျှင် ဖြစ်သော၊ ဟံ့ပိ–နည်းရိုးနည်းမှန်သတိပဋ္ဌာန်ကို ကျမ်းဂန် အညီ မဟာစည်နည်းလမ်း စည်းကမ်းလည်းယူ ထပ်တူပိုင်ပိုင် ဟောနိုင် ပြနိုင်သော အရှင်ဘုရားလည်းပဲ၊ တဂ္ဂါပဟိတ္တာ စ–ဓာတိဒေသ ဘွဲ့ရေ့ပြလျက် သုံးကြိမ်လှူနည်းယူစည်းကိုက် သုံးထိုက်၍သုံးပြန် ညောင်ကန်ဟူသည် ရပ်နာမည်ကို ထို၍ဟောရာ ရေးစာနည်းတူ သုံးစွဲသူစင်စစ်ကြာရှည်ပြီဖြစ်သောကြောင့် လည်း၊တထာ–ညောင် ကန်ဂါမ ပါကဋအတူ–ညောင်ကန် အရှင်ဣန္ဒကဟူ၍'ကျော်ကြား သူ ဖြစ်ပါပေ၏၊ တွံ–မဟာစည် နယ်လှည့် ဓမ္မကထိက အဖွဲ့ ကြီး၏ ဖွဲ့စည်းပုံ စည်းမျဉ်းဖြင့် အတွင်းရေးမှူး အကျိုးဆောင် မြန့်တိုင်းဘောင်မှာရော နံ့အောင်ထင်ရှား အရှင်ဘုရားသည်၊ သကျတောစ – ရဟန်းလည်း ရဟန်း စွမ်းကလည်း စွမ်းသည်၏ အဖြစ်ကြောင့်လည်း၊ တထာ ညောင်ကန်ဂါမ ပါကဋအတူ ညောင်ကန် အရှင်ဣန္ဒကဟူ၍ ကျော်ကြားသူ ဖြစ်ပါပေ၏၊ သကျတော စ–နှစ်ဆယ်နီးပါးမျိုးမည်ပြားသည့် တရားစာအုပ် သီးသန့်ချုပ်လျက် ရေးထုတ်ဖြန့်ဝေ တရားခွေလည်း ခုနေခါတွင်

ဒီဗမာ့ပြည်မြင့်မိုရ်ဆောင်းပါ ရှိလည်း များဘိထိုထို အကျဉ်းချုံး ဆိုပေမဲ့ပင် ကိုယ်က စွမ်းသည်၏ အဖြစ်ကြောင့်လည်း၊ တထော–ညောင်ကန်ရွာကြီး ဝေးနီးကျော်ကြား မခြားအတူ ညောင်ကန်–အရှင်ဣန္ဒကဟူ၍ ကျော်ကြားသူဖြစ်ပါပေ၏၊ တွံ့–တောင်ပေါ် ခြေမြန်၊ ယိမ့်နှံ့အောင် ရဲဝံ့စွန့်စား တရားအရေး အသက်ပေး၍ ရွာပေးရွာငယ် ကြောင်းသင့်နှယ်က ရောင်ဖယ်ယားခြင်း မသွင်းပေသား အရောက်သွားသည့် အရှင်ဘုရားသည်၊ နာယက ဖောက်စ ဂျမ်းမိုးရွာ၀ါ ပိုအပ်ရာသို့ မဟာစည်စေလွှယ် ဦးညွှတ်ခံယူ သောက်ကျွေးဟောပြ နာယကအနေ ဘဝတွေအဖုံဖုံ ယခုဘုံကား ရန်ကုန်မြို့ပြင် ကြို့ကုန်းတခွင်၌ အမှတ်စဉ်(၆)ရေး ညောင်ကန်–အေး သာယာနှာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ နာယက ဆရာတော် အဖြစ်ကြောင့်လည်းပဲ၊ တထော–ညောင်ကန်ရွာကြီး ဝေးနီး ကျော်ကြား မခြားအတူ ညောင်ကန် အရှင်ဣန္ဒကဟူ၍ ကျော်ကြား သူဖြစ်ပါပေ၏၊ ညောင်ကန်ထေရ–ထေရထိုက်တန် ဝါရင့်မှန်သော ညောင်ကန်အရှင်ဣန္ဒက နာမထင်ပေါ် နိုင်ငံ ကျော်ဓမ္မကထိက ဆရာတော်အရှင်ဘုရား၊ တော–အရှင်ဘုရား၏၊ အာဂတံ–တပည့်တော်များ ဒေသ(ဟသ်ာတ)သို့ကြွရောက်လာ ခြင်းသည်၊ သွာဂတံ–အကျွမ်းဝင်ရင်း ခင်မင်ခြင်းတို့ ထည့်သွင်း ရင်လည်း မလွဲနိုင်ပေ ချဲ့နေလျှင် အချိန်မျှောပါလိမ့် ကောင်းသော ကြွလာ ခြင်းပါဘုရား၊ မယံ– နှစ်များစွာက ဖူးရကြည်ညို မှီခိုအစဉ် အကျွမ်းဝင်၍ စွမ်းအင်ထုတ်ဖော် တပည့်တော်တို့သည်၊

(မယ်-စေတီဘုရား များပြားလွင်လွင် စာသင်တိုက်ကြီး အသီးသီးနှင့် ထေရ်ကြီးကွပ်ကဲ နယ်လုံးနွဲ့သည် စာပွဲကျင်းပသာသနာ့ဝန်ထမ်း သက်န်းရောင်တွေ ထိန်ဝေဝင်းပ၍ သင်းမြလှသည့် ဟင်္သာတမြို့ရော နယ်ရောအစုံ ခိုလှုံဆည်းကပ် ကောင်းမြတ်ဇကန် နိဗ္ဗာန်ရည်ရော် တပည့်တော်တို့သည်။) ခဏလဒ္ဓေါတိ မညာမ-အခွင့်ကောင်းတစ်ရပ် ရအပ်ပါပြီ ရနေသည်ဟု ရှင်ကြည်ဖောလျှပ် သောမနသ်ထုံ ထင်မှတ်ကြကုန်သည်ဘုရား၊ ဘံခဏဲကောင်းရာဘဝ ကျင်လည်ကြ၍ သုခစုံစံနိဗ္ဗာန်ရောက်ကြောင်း ထိုအခွင့်ကောင်း ကို၊ မုဥ္စိတုံ-လွှတ်လိုက်ဖို့ရာ၊ အနိစ္ဆိကာ-မလိုလားကြပါကုန် ဘုရား၊ တံမုဥ္စိတု မနိစ္ဆိကာ- သဒ္ဓမ္မသဝနံဒုလ္လဘံကို မှန်ကန်စွာခြင့်၍ ထိုအခွင့်ကို လက်မလွှတ်လိုကြပါကုန် ဘုရား၊ တွံ-အရှင်ဘုရားသည်၊ တွံ-

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသောဝ်။

၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာပြန့်စေသောဝ်။

၃။ အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြစေသောဝ်။

၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသောဝ်။

မြော်မြင်လေးနက် ကြွေးကျော်ချက်ဖြင့် ပွဲဆက်ဟောကြား ရေးသားကျင့်သုံး အားလုံးသိထား အရှင်ဘုရားသည်၊ နော– တပည့်တော်တို့ကို၊ နော– ယောဂီလည်းမှန် သဒ္ဓါသန်၍ နာခံ ရန်မြော် တပည့်တော်ဟို့ကို၊ ၁ရံ ဓမ္မ–ဆင်းရဲတွေပြွတ် သံသရာ ပင်မှ လွှတ်ထွက်စေတတ် ကောင်းမြတ်သော တရားတော်ကို၊ ကထေဟိ–အနုကမ်တရား ရင်ဝယ်ထား၍ ဟောကြားတော်မူပါ နိုင်ငံကျော် မဟာကထိက ညောင်ကန်အရှင်ကုန္ဒက ဆရာတော် သူမြတ်ဘုရား။

အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏
တပည့်
မဟာစည်နယ်လှည့် ကမ္မဋ္ဌာနာစရိယ မမွကထိက
ဦးဉာဏ်ကန်အရှင်ဣန္ဒက
ဟောကြားတော်မူသော

# သတိပဋ္ဌာန် ဝိပဿနာ အလုပ်တရား ရှုနည်း မှတ်နည်း

(အကျဉ်း)

## (က) ထိုင်စဉ်ရှုမှတ်ရန် သတိပဋ္ဌာန် ဝိပဿနာ အလုပ်တရား

"သတိပဋ္ဌာန် ဝိပဿနာ အလုပ်တရားကို အားထုတ်သူဟာ ရှေးဦးစွာ ရတနာမြတ်သုံးပါးကို ဝပ်တွား ရှိခိုးရပါတယ်၊ တောအရပ်ဖြစ်စေ၊ သစ်ပင်အောက်ကိုဖြစ်စေ၊ ဆိတ်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းကိုဖြစ်စေ ချဉ်းကပ်ရပါတယ်။

ပြီးတော့ မညှပ်မဖိဘဲ ချောင်ချောင်ချိချိနဲ့ တင်ပျဉ်ခွေ ထိုင်ရတယ်၊ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားရတယ်၊ မျက်စိကို အသာအယာ မှိတ်ထားရတယ်၊ မပြုမပြင်ဘဲ ဝင်လေ ထွက်လေကို မိမွေးတိုင်း ဖမွေးတိုင်း မှန်မှန်ရှူရှိုက်ရတယ်၊ လေရှူသွင်းလိုက်လို့ ဝမ်းဗိုက်က ဖောင်းတက် လာတာကို ဖောင်းတယ်လို့ ရှုမှတ်ရတယ်၊ လေကို မှုတ်ထုတ်လိုက်လို့ ဝမ်းဗိုက်က ပိန်ကျသွားတာကို ပိန်တယ်လို့ ရှုမှတ်ရတယ်။

အဲဒီလို ဖောင်းတာ, ပိန်တာ ရှုမှတ်နေရင်း မျက်စိထဲမှာ မြင်တာပေါ်လာရင် မြင်တယ်လို့ ရှုမှတ်ရတယ်၊ မြင်တာ ပျောက်သွားရင် ဖောင်းတယ်, ပိန်တယ်ကို ဆက်လက်ရှုမှတ် ရတယ်၊ ထို့အတူ ကြားရင် ကြားတယ်၊ နံရင်နံတယ်၊ တဲ့တွေး တွေ များလာရင် လုံးချင်တယ်, လုံးတယ်, မျိုတယ် စသည်ဖြင့် ပေါ်လာတိုင်း ရှုမှတ်ရတယ်၊ ဒါတွေ ပျောက်သွားရင်, မရှိရင် ရှုမှတ်နေကျ ဖောင်းတယ်, ပိန်တယ်ကိုပဲ ဆက်လက်ရှုမှတ် နေရတယ်။

ခန္ဓာကိုယ်မှာ ပူတာ, အေးတာ, နာကျင်ကိုက်ခဲတာ, ယားတာစသည်တွေ ပေါ်လာရင်လည်း ပူတယ်, အေးတယ်, နာတယ်, ကျင်တယ်, ယားတယ် စသည်ဖြင့် ပေါ်လာတဲ့ အတိုင်း ရှုမှတ်ရတယ်၊ စိတ်ကူးစဉ်းစားမှုစတဲ့ စိတ်အမျိုးမျိုး ပေါ်လာရင်လည်း စိတ်ကူးတယ်, စဉ်းစားတယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ ဒါတွေပျောက်သွားလို့ ဘာမျှအထူးမပေါ်ရင် ရှုမှတ်နေကျ ဖောင်းတယ်, ပိန်းတယ်ကိုသာ ဆက်လက် ရှုမှတ် နေရတယ်၊ ယားတာ, ကိုက်ခဲ နာကျင်တာတွေကို မပျောက် မချင်း ဇွဲတင်တင်းနဲ့ ပျောက်အောင် သည်းခံပြီး ရှုမှတ်ရ တယ်၊ သည်းမခံနိုင်ရင် ပြုပြင်ချင်တာ, ပြုပြင်တာတွေကိုလည်း ရှုမှတ်ပြီး ပြုပြင် ပယ်ဖျောက်ရတယ်၊ ဒါကတော့ သည်းမခံ နိုင်မှ ပြုပြင်ရမှာပဲ ခဏခဏ မပြုပြင်ဘဲ သည်းခံရင် နိဗ္ဗာန် ရောက်တယ်ဆိုတဲ့ ဘုရားစကားကို ယုံကြည်အားကိုးပြီး ဘာ မဆို မပျောက်မချင်း ဇွဲတင်းတင်းနဲ့ သည်းခံ ရှုမှတ်နိုင်မှ တရားမြန်မြန်ရမှာပဲ။

အဲဒီလို ဖောင်းတယ်, ပိန်တယ်ကို ရှုမှတ်လို့ နိုင်နင်းလာရင် ထိုင်နေတဲ့ခန္ဓာကိုယ်ကို စိတ်စိုက်ပြီး ထိုင်တယ်လို့ ရှုမှတ်မှု တစ်ခုတိုးပြီ ရှုမှတ်နိုင်တယ်၊ ရှုမှတ်ပုံကတော့ ဖောင်းတယ် ပိန်တယ် ထိုင်တယ်လို့ သုံးမျိုးဖြစ်ပါတယ်၊ မြင်တာ, ကြားတာ စသည် ပေါ်လာပြန်ရင်လဲ ရှေးနည်းအတိုင်း မြင်တယ ကြားတယ် စသည်ဖြင့် ရှုမှတ်ရုံပါပဲ၊ အထူး မရှိရင်တော့ ဖောင်းတယ်- ပိန်တယ်, ထိုင်တယ်-ကိုပဲ ဆက်လက် ရှုမှတ်မြဲ ရှုမှတ်ရမယ်။

ဒီသုံးမျိုးကို နိုင်နင်းသွားရင် တင်ပါးနှင့် ကြမ်းပြင်နှင့် ထိတဲ့နေရာတွင် အထင်ရှားဆုံးနေရာကို စူးစိုက်ပြီး ထိတယ်လို့ တစ်ခုတိုးရှုမှတ်ရတယ်၊ ရှုမှတ်ပုံကတော့ ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ထိတယ်-လို့ လေးမျိုး ရှုမှတ်ရပါတယ်၊ ဒီလိုရှုမှတ် ရင်း မြင်တာ, ကြားတာ စသည်တွေ ပေါ်လာရင်လဲ ရှေးနည်းအတိုင်း ဆက်လက် ရှုမှတ်ရပါတယ်၊ ဝင်္ကတိုင်းတွင်း မှာ ရှုမှတ်ပုံကတော့ ဒါလောက်ဆို ပြည့်စုံပါပြီ၊ ကိုင်း... ရှုမှတ်ကြပါ။

## (ခ) စင်္ကြံရှုမှတ်ရန် သတိပဋ္ဌာန် အလုပ်ပေးတရား

"ကဲ-အထိုင်ကို ရပ်နားပြီး စင်္ကြံသွားရင်း ရှုမှတ်ကြပါဦး စို့၊ စင်္ကြံလျှောက်တဲ့အခါ လက်နှစ်ဖက်ကို ပိုက်ထားပါ၊ ကိုယ်ကို ဖြောင့်ဖြောင့်ထားပါ၊ ခေါင်းကိုမငုံ့ဘဲ မျက်လွှာကိုသာ အောက်ချ ထားပါ၊ ရပ်နေတဲ့ ခန္ဓာကိုယ်ကို စိတ်စိုက်ပြီး ခေါင်းမှ

ခြေဆုံးအောင် ရပ်တယ်၊ ရပ်တယ်–လို့ ရှုမှတ်ပါ၊ ပြီးတော့ ညာဘက် ခြေထောက်ပေါ်မှာ စိတ်စိုက်ပြီး ညာ လှမ်းတယ်လို့ ရှုမှတ်ပါ၊ ပြီးရင် ဘယ်ဘက် ခြေထောက်ပေါ် မှာ စိတ်စိုက်ပြီး ဘယ်လှမ်းတယ်လို့ ရှုမှတ်ပါ၊ စကြံဆုံးတော့ ရပ်ချင်တဲ့စိတ်စိုက်ပြီး ရပ်ချင်တယ်၊ ရပ်တယ်လို့ ရှုမှတ်ပါ၊ ပြီးတော့ လှည့်ချင်တယ်၊ လှည့်တယ်လို့ ရှုမှတ်ပါ၊ ပြီးတော့ သွားချင်တယ်၊ သွားတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ် စသည်ဖြင့် ဆက်လက်ရှုမှတ်ပါ။

ဘယ်လှမ်းတယ်, ညာလှမ်းတယ် ၂–မျိုး နိုင်နင်းလာရင် ဘယ်နှင့်ညာ အဆိုမပါတော့ဘဲ ခြေတဘက်ကို ၂–ချက် ရှုမှတ်ပါ၊ ရှုမှတ်ပုံကတော့ ကြွတယ်၊ ချတယ်လို့ ရှုမှတ်ရတယ်၊ အဲဒီ၂–ချက် ရှုမှတ်မှုကို နိုင်နင်းလာရင် ကြွတယ်, လှမ်းတယ်, ချတယ်လို့ သုံးချက်ရှုမှတ်ပါ၊ အဲဒီလို စင်္ကြံရှုမှတ်တာ တစ်နာရီ ပြည့်သွားရင် စောစောက ပြောခဲ့တဲ့အတိုင်း တစ်နာရီထိုင်ပြီး ရှုမှတ်ပါ၊ ဒီမှာတော့ ဒါလောက်ဆိုရင် ရှုမှတ်ပုံပြည့်စုံပါပြီ။

သာသနာ့ရိပ်သာများမှာ အချိန်ပြည့်စံချိန်မီ တရားအား ထုတ်တဲ့အခါမှာတော့ တစ်ခါထိုင်လျှင် တစ်နာရီ၊ စင်္ကြံကလဲ တစ်ခါလျှောက်ရင် တစ်နာရီ၊ ၂၄နာရီမှာ အထိုင်က ရှစ်ကြိမ်၊ စင်္ကြံက ရှစ်ကြိမ်၊ အိပ်ချိန်က ညဥ့်သန်းခေါင်းယံမှာ ၄–နာရီ၊ ကျန်တဲ့ ၄–နာရီကတော့ တရားရှုမှတ်ရင်း တရားနာတာ၊ ဆွေးနွေးအစစ်ခံတာ၊ စားသောက်တာ၊ ရေချိုးတာများနဲ့ ကုန်ပါတယ်၊ ကိုင်း–စင်္ကြံလျှောက်ပြီး ရှုမှတ်ကြပါဦး”။

## (၈) ကြောင်း–ကျိုး, ရုပ်–နာမ်, ဖြစ်ပျက် နိဗ္ဗာန်ဆက်

"သွားချင်တာက အကြောင်း နာမ်တရား၊ သွားရတာက အကျိုးရုပ်တရား၊ ထို့အတူ ရပ်ချင်တာ, ထိုင်ချင်တာ, အိပ်ချင်တာများက အကြောင်း နာမ်တရား၊ ရပ်ရတာ, ထိုင်ရတာ အိပ်ရတာက အကျိုး ရုပ်တရားပဲ၊ တရားရှုမှတ်ရင်း ဒီလို ကြောင်းကျိုး ရုပ်နာမ်များကိုလည်း ကွဲပြားစွာ သိလာမယ်၊ ဒါက နာမ်ကြောင့် ရုပ်ဖြစ်ပုံပဲ။

နောက်ပြီး သွားနေတာက အကြောင်း ရုပ်တရား၊ သွားတယ်လို့ ရှုမှတ် သိတာက အကျိုးနာမ်တရား၊ ထို့အတူ ရပ်နေတာ, ထိုင်နေတာ, အိပ်နေတာတွေက အကြောင်း ရုပ်တရား၊ ရပ်တယ်, ထိုင်တယ်, အိပ်တယ်လို့ ရှုမှတ်သိနေတာက အကျိုး နာမ်တရားပဲ၊ ဒါက အကြောင်း ရုပ်တရားကြောင့် အကျိုး နာမ်တရားဖြစ်ပုံပဲ၊ ဒီနေရာမှာ ဖောင်းနေတာက, အကြောင်းရုပ်တရား၊ ဖောင်းတယ်လို့ ရှုမှတ်သိနေတာက အကျိုး နာမ်တရား၊ ပိန်နေတာက အကြောင်းရုပ်တရား၊ ပိန်တယ်လို့ ရှုမှတ်သိတာကအကျိုး နာမ်တရားပဲ၊ ဒီလိုလဲ သိနိုင်တယ်။

နောက်ပြီးတော့ ရှုမှတ်ရင်းပင် အဲဒီသွားချင်တာကလေးတွေကလဲပေါ်ပြီး ပျောက်ပျောက်သွားတယ်၊ မမြဲဘူး၊ သွားနေတဲ့ ရုပ်အမူအရာကလေးတွေကလဲ ပေါ်ပြီး ပျောက်ပျောက်သွားတယ်၊ မမြဲဘူး၊ ထို့အတူ ရပ်ချင်တာ, ရပ်တာ, ထိုင်ချင်တာ, ထိုင်တာ စသည်တွေလဲ ရှုမှတ်ရင်း ပေါ်ပေါ်ပြီး ပျောက်ပျောက် သွားလို့ မမြဲဘူး၊ အနိစ္စ တရားတွေပေါ့၊ ဒါတွေကို အသေးစိတ် ရှုမှတ်နိုင်လာရင် အသေးစိတ်ဖြစ်ပေါ်

ပျောက်ပျက်နေတာကို သိမြင်သိမြင်လာရင် ငါ၊ သူတစ်ပါး ယောကျာ်း မိန်းမဆိုတာမရှိဘူး၊ ရုပ်နှင့်နာမ်၊ အကြောင်းနှင့် အကျိုးများ၊ အကြောင်းဆုံးဆည်းတိုင်း ဖြစ်ပေါ်ပျောက်ပျက် နေကြတာတွေသာ ရှိကြတယ်လို့ သိမြင်သဘောကျလာမယ်၊ ငါစွဲဒိဋ္ဌိတွေ ကွာသွားမယ်၊ အဲဒီလို အဖြစ်အပျက်တွေကို အမြင်သန်လာရင် ဆင်းရဲဒုက္ခ သဘောတရားမျှသာ ရှိတဲ့ အနတ္တကိုလည်း သိမယ်။

အဲဒီလို ရုပ်နာမ် ကြောင်းကျိုး ဖြစ်ပျက် အနိစ္စ, ဒုက္ခ, အနတ္တများကို အမြင်သန်လာတဲ့ အခါမှာ ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက် ပြုသွားနိုင်ကြပါတယ်၊ ဤ သတိပဋ္ဌာန် ဝိပဿနာ အလုပ်တရားတို့ကို နာခံမှတ်သားကြ၊ လက်တွေ့ ရှုမှတ်ကြရသော ကုသိုလ်ကောင်းမှု အစုစုကြောင့် ဒုက္ခကုန်ရာ နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ”။

“သာဓု ... သာဓု ... သာဓု ...”။

ကဲ... အမျှ ဝေကြရအောင် အားလုံး လိုက်ဆိုကြပါ။ အားလုံး... အားလုံး ကြားကြားသမျှ အမျှ... အမျှ... အမျှ ယူတော်မူကြပါကုန်လော့...”။

“သာဓု ...သာဓု ... သာဓု ... ”။

## သာသနာရေး၊ လောကရေး၊ ဥယျောဇနပဏ္ဍာ ကထာ တိုက်တွန်းဆုညွှန်းလွှာ

သာသနဿ စ လောကဿ၊
ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊
ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿ စ–မြတ်စွာဘုရားဟောဖော်ကြားသည့်သုံးပါး သိက္ခာ သီလ, သမာဓိ, ပညာ သာသနာတော်၏ လည်းကောင်း၊ လောကဿ စ–သာသနာတော်ကို လွှန်ကြည်ညို၍ မှီခိုအားထား လောကသားအပေါင်း၏ လည်းကောင်း၊ သဗ္ဗဒါ –နေ့ရောညပါ ဘယ်ခါမလပ် အခါခပ်သိမ်း၊ ဝုဍ္ဎိ– သင်ကြား ကျင့်ပွား အသိများ၍ စီးပွားရတနာ မင်္ဂလာမျိုး ချမ်းသာကျိုးတို့ ဖွံ့ဖြိုးတိုးတက်ခြင်းသည်၊ ဘဝတု– စင်စင်မသွေ ဖြစ်ပါစေသတည်း၊ သာသနမ္ပိစ– မြတ်စွာဘုရား ဟောဖော်ကြားသည့် သုံးပါး သိက္ခာ သီလ,သမာဓိ, ပညာ သာသနာတော်ကိုလည်းကောင်း၊ လောကဉ္စ– သာသနာတော်ကို လွှန်ကြည်ညို၍ မှီခိုအားထား လောကသား အပေါင်းကိုလည်းကောင်း၊ ဒေဝါ – သမ္မုတိ ဥပပတ် ဝိသုဒ်နတ်ဟု နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်၊ သဗ္ဗဒါ နေ့ရောညပါ ဘယ်ခါမလပ် အခါခပ်သိမ်း၊ ရက္ခန္တု– စောင့်ရှောက်ကြပါစေကုန်သတည်း၊ ရက္ခန္တု–ကပ်ကြီးသုံးပါး လွန်ကျော်လွှား၍ စပါး ဆန်ရေ ပြည့်ဝစေဖို့ မိုးလေဝသ ညီညွတ်မျှလျက် ဓမ္မအများ စည်ပင်ပွားအောင် မမှားပုံသေ ချီးမြှောက် စောင့်ရှောက်ကြပါစေကုန်သတည်း။

# တရားကြွေကြော် နိဗ္ဗာန်ဆော် စာတမ်း

## ပုည

ဘောဇ္ဈော- ကိုယ်ရောသူပါ ဆင်းရဲကွာ၍ ကမ္ဘာစစ်ဘေး ငြိမ်းချမ်းရေးနှင့် ရန်ဘေးအားလုံး ဆင်းရဲတုံးသည့် မြတ်ဆုံး **နိဗ္ဗာန်** မနေးမြန်မြန် ရရန်စိတ်ထား ချမ်းသာပွားဖို့ တရားလိုလား အို... လူများတို့၊ တုမေ့-လူနှင့်လူချင်း ရန်စစ်ကင်း၍ ကောင်းခြင်းလိုလား အို... လူများတို့၊ တုမေ့-လူနှင့်လူချင်း ရန်စစ်ကင်း၍ ကောင်းခြင်းလိုလား သင် လူများတို့သည်၊ ပုညာနိ- ပြုသူ ကိုယ်တိုင်လည်းမဆင်းရဲပါ ဝန်းကျင်မှာလည်း **ဆင်းရဲကွာ** ကိုယ်လည်းကျန်းမာ သူလည်းကျန်းမာ ကိုယ်လဲ ချမ်းသာ သူလည်း ချမ်းသာ ဘေးရန်ကွာကင်း ကောင်းခြင်းဆန္ဒ ပြုသူတိုင်းပြည့်ဝ နိုင်တဲ့ ကုသလပေါင်းစု မြတ်ကောင်းမှုတို့ကို ကရောထ- မနှောကရည်တူ သဘောကကြည်ဖြူ ညီတူညာ... ဝိုင်းကူဖေးမ ပြုလုပ်ကြပါကုန်လော့။

## ဥပုသ်သီလ

ဘောဇ္ဈော- ကိုယ်ရောသူပါ ဆင်းရဲကွာ၍ ကမ္ဘာစစ်ဘေး ငြိမ်းချမ်းရေးနှင့် ရန်ဘေးအားလုံး ဆင်းရဲတုံးသည့် မြတ်ဆုံး နိဗ္ဗာန် မနေးမြန်မြန် ရရန်စိတ်ထား ချမ်းသာပွားဖို့ တရားလိုလား အို... လူများတို့၊ တုမေ့- လူနှင့်လူချင်း ရန်စစ်ကင်း၍ ကောင်းခြင်းလိုလား သင်လူများတို့သည်၊ ဥပေါသထ ဒိဝသေသု- ရှစ်ရက်လပြည့် လကွယ်စေ့သည် ကြုံတွေ့တစ်လ လေးရက် ရသော ဗုဒ္ဓကျမ်းလာ သူတော်စွာတို့ မှန်စွာပျော်မွေ့ ဥပုသ်နေ့

တို့၌ ဥပေါသထံ- ကျောင်းကန်ဘုရား ရိပ်သာများဟု သံပွားဆူတိတ် ချမ်းသာရိပ်ငြိမ် ဥပုသ်အိမ်သို့ အချိန်မှန်သွား စောင့်သုံးပွားရန် ဥပုသ်မွန်ကို၊ သမာဒိယထ- ရှစ်ပါး ကိုးပါး သီလများကို ရွတ်ပွားဆောက်တည် ကျင့်သုံးချည်ကြပါကုန်လော့။

## ဒါန

ဘောန္တော- ကိုယ်ရောသူပါ ဆင်းရဲကွာ၍ ကမ္ဘာစစ်ဘေး ငြိမ်းချမ်းရေးနှင့် ရန်ဘေးအားလုံး ဆင်းရဲတုံးသည့် မြတ်ဆုံးနိဗ္ဗာန် မနေးမြန်မြန် ရရန်စိတ်ထား ချမ်းသာပွားဖို့ တရားလိုလား အို... လူများတို့၊ တုမေ့-လူနှင့် လူချင်း ရန်စစ်ကင်း၍ ကောင်းခြင်းလိုလား သင်လူများတို့သည်၊ ဒါနံ- မယဉ်ကျေးသူ ယဉ်ကျေးဖြူ၍ လှူသူကိစ္စ အဝဝကို ပြည့်ဝအောင်မြင် လှူလျှင်ကြည်ဖြူ နှုတ်ကြမ်းသူလည်း နှုတ်မူချိုမြ ပိယဝါစာ ပြောစေပါရ မြတ်ဒါနကို၊ ဒါနံ-နတ်ပြည် ရောက်ကြောင်း စောင်းတန်းပမာ သံသရာခရီးမှာ ဣစ္ဆာသယ လိုတိုင်းရသည့် မနရိက္ခာနှင့်တူ နိဗ္ဗူတက်လှမ်း လမ်းဖြောင့်တန်း၍ စခန်းနိဗ္ဗာန် ရောက်ကြောင်းမှန်လှ မြတ်ဒါနကို၊ ဒေထ-တစ်ယောက်တည်းအလှူ စုပေါင်းလှူဖြင့် ကြည်ဖြူရွှင်လန်း တတ်စွမ်းသမျှ လှူဒါန်းကြပါကုန်လော့။

သာဓု...၊ သာဓု...၊ သာဓု... ။

## ဓမ္မသဝန

ဘောဓွေ- ကိုယ်ရောသူပါ ဆင်းရဲကွာ၍ ကမ္ဘာစစ်ဘေး ငြိမ်းချမ်းရေးနှင့် ရန်ဘေးအားလုံး ဆင်းရဲတုံးသည့် မြတ်ဆုံး နိဗ္ဗာန် မနှေးမြန်မြန် ရရန်စိတ်ထား ချမ်းသာပွားဖို့ တရား လိုလား၊ အို... လူအများတို့၊ တုမေ့-လူနှင့် လူချင်း ရန်စစ်ကင်း၍ ကောင်းခြင်းလိုလား သင် လူအများတို့သည်၊ ဓမ္မံ- ရပ်ပြစ် ရစ်ပါ၊ လွန်မြောက်ငြား၍ ဘုရားပွင့်ထွန်း ကိုးခုစွန်းသည့် နေဝန်းလပုံ ခေတ်ကောင်းကြုံမှ ကြားနာရသော ဗုဒ္ဓဘုရား ဟောဖော်ကြားညွှန် တရားမွန်ကို၊ ဓမ္မံ- ကောင်းစွာဟောဘိ ကိုယ်တွေ့သိရန် လက်ရှိဘဝ ကျင့်ကမြန်စွာ ရနိုင်ရာဟု လာလှည့် ရှုပါ ခေါ်ထိုက်စွာတည့် ခန္ဓာကိုယ်ထဲ တရားစွဲအောင် မြန်ကျင့် ဆောင်နှင်း ဉာဏ်ရောင်လင်းမြင် ပညာရှင်တို့ ကိုယ်ပင် သီးခြား သိနိုင်ငြားသည့် တရားမြတ်ကို၊ သုဏာထ-ပူတယ် အေးတယ် မိုးချုပ်တယ်နှင့် ဓောတယ် နီးဝေး ဆင်ခြေပေးနှင့် ရှောင်ပြေး မဖယ် သဒ္ဓါကြွယ်လျက် တကယ်ကြိုးစား နားကြားလိုက်ကြပါ ကုန်လော့။

သာဓု...၊ သာဓု...၊ သာဓု...။

## အမြတ်ဆုံး သုံးဆူ

ဘောဓွေ- လူရောနတ်ပါ အို... သတ္တဝါ အပေါင်းတို့၊ ဗုဒ္ဓရတနာဒီဟိ- ဘုရားအစရှိသော ရတနာတို့နှင့်၊ ဝါ-ဘုရား တရား သံဃာများနှင့်၊ သဒိသံ-အဆင်းရော အချင်းပါ မတူ ရာသော၊ အညံနာမ- သက်ရှိရော သက်မဲ့ကုန် တစ်စုံတစ်မူ

တစ်ခုတစ်ပါး တခြားတစ်ယောက် မည်သည်၊ နတ္တိ-
ဘယ်ရပ်ဌာနီ ဘယ်ရွာပြည်နှင့် ဘယ်ဆီမှာမှ မရမရှိပါလေ။

ဘောဓေ္ဓာ- ကိုယ်ရောသူပါ ဆင်းရဲကွာ၍ ကမ္ဘာစစ်ဘေး
ငြိမ်းချမ်းရေးနှင့် ရန်ဘေးအားလုံး ဆင်းရဲတုံးသည် မြတ်ဆုံး
နိဗ္ဗာန် မနှေးမြန်မြန် ရရန်စိတ်ထား ချမ်းသာပွားဖို့ တရား
လိုလား အို... လူများအပေါင်းတို့၊ တုမေ့-လူနှင့်လူချင်း
ရန်စစ် ကင်း၍ ကောင်းခြင်းလိုလား သင်လူများတို့သည်၊
တိဏ္ဏံ ရတနာနံ- ဘုရား, တရား, သံဃာအားဖြင့် သုံးပါးမြတ်စွာ
ရတနာတို့အား၊ သက္ကာရံ- ကောင်းစွာကော်ရော် ကံသုံးဖော်
ဖြင့် ပူဇော်မှုကို၊ ကရောထ- အသက်ရှည်စွာ အနာမဲ့ရေး
ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေကြောင်း
ဆုမွန်တောင်းလျက် စုပေါင်းညီညာ ပြုလိုက်ကြပါကုန်လော့။

သာဓု...။ သာဓု...။ သာဓု...။

## အနာမျိုး ၉၆-ပါး

၁။ မျက်စိအနာ၊

၂။ နှာခေါင်းတွင်းအနာ၊

၃။ နှာခေါင်းအနာ, ထိပ်ကပ်နှာရည်ယိုအနာ၊

၄။ လျှာအနာ၊

၅။ ကိုယ်အနာ, ခြေသေ, လက်သေစသော အနာ၊

၆။ ဦးခေါင်းအနာ၊

၇။ နားရွက်အနာ၊

၈။ ခံတွင်းအနာ၊

၉။ သွားအနာ၊

၁၀။ ချောင်းဆိုးအနာ၊

၁၁။ ရှူနာ, ပန်းနာ၊

၁၂။ နှာခေါင်းဖွတ်သိုအနာ၊

၁၃။ ကိုယ်လုံးပူသောအနာ၊ ရင်ပူရင်ကြပ်ရင်ပြည့်အနာ၊

၁၄။ အပူဝင်အနာ၊

၁၅။ ပြတ်တက်ဖျားအနာ၊

၁၆။ ဒွေးဝန်းဖျားအနာ၊

၁၇။ အဘိညာဏ်ဖျားအနာ၊

၁၈။ မန်းဖျားအနာ၊

၁၉။ ငန်းဖျားအနာ၊

၂၀။ သန္နိပါတ်ဖျာ အနာ၊

၂၁။ ဝမ်း၌ လေထိုးကျင့်သော အနာ၊ အသည်းကြီး၊ အဆုတ်ကြီး၊ သရက်ရွက်ကြီး၊ အသည်းလံ၊ အဆုတ်လံ၊ သရက်ရွက်လံအနာ၊
၂၂။ မှိုင်တွေမိန်းမောသောအနာ၊
၂၃။ ဝမ်းသွေးစစ်သွန်သောအနာ၊
၂၄။ ဝမ်းသွေးစစ်ပိတ်ကိုက်သောအနာ၊
၂၅။ မျက်စိတံကျင်အနာ၊
၂၆။ နားတံကျင်အနာ၊
၂၇။ နှာခေါင်းတံကျင်အနာ၊
၂၈။ သွားတံကျင်အနာ၊
၂၉။ ဦးခေါင်းတံကျင်အနာ၊
၃၀။ လည်ကုပ်တံကျင်အနာ၊
၃၁။ လက်ဖျံရိုးတံကျင်အနာ၊
၃၂။ ကျောက်ဆစ်ရိုးတံကျင်အနာ၊
၃၃။ ခါးတံကျင်အနာ၊
၃၄။ ရင်တံကျင်အနာ၊
၃၅။ နံဘေး နံတောင် တံကျင်အနာ၊
၃၆။ ဆီးစပ်ပေါင်ခြံတံကျင်အနာ၊
၃၇။ ပုဆစ်တံကျင်အနာ၊
၃၈။ မြင်းခေါင်းတံကျင်အနာ၊
၃၉။ လက်မောင်းတံကျင်အနာ၊
၄၀။ ဖဝါးတံကျင်အနာ၊
၄၁။ အပ်ဖြင့်ထိုးဆွသည့်ပမာ ကိုက်ခဲသောအနာ၊

၄၂။ သမင်နီနှနှာ၊
၄၃။ သမင်နက်နှနှာ၊
၄၄။ သမင်ဖြူနှနှာ၊
၄၅။ သမင်ယက်နှနှာ၊
၄၆။ နွားနို့ပမာ အထွတ်အထွက် ပေါက်သောအနာ၊
၄၇။ ပဒုမာကြာရွက်ပမာ အကွက်နာ၊
၄၈။ တင်းတိတ်အနာ၊
၄၉။ ညှင်းအနာ၊
၅၀။ ဆေးကု၍ မလွတ်နိုင်သည့် ဇာတိဖြစ်သော ကုတ်ဟိုးနာ၊
၅၁။ သာနာရပ်အနာ၊
၅၂။ သည်းခြေပျက်၍ ရူးသောအနာ၊
၅၃။ ဘီလူးဖမ်း၍ ရူးသောအနာ၊
၅၄။ နတ်ဖမ်း၍ ရူးသောအနာ၊
၅၅။ ဝက်ရူးအနာ၊
၅၆။ ကြက်ရူးအနာ၊
၅၇။ သောကအားကြီး၍ ရူးသောအနာ၊
၅၈။ ပွေးအနာ၊
၅၉။ ယားနာကြီးအနာ၊
၆၀။ ဝဲကြီးအနာ၊
၆၁။ လက်သည်း ခြေသည်း ခြစ်မိ၍ ဖြစ်သောအနာ၊
၆၂။ ခြေသည်းလက်သည်းပုပ်သောအနာ၊
၆၃။ မီးလောင်ဖူးပမာ အဖူးပေါက်သောအနာ၊

၆၄။ အနှာမိုး အနှာလျှံအနှာ၊
၆၅။ တိမ်းတက်အနှာ၊
၆၆။ ခံတွင်းမှ သွေးယိုသောအနှာ၊
၆၇။ နှာခေါင်းမှ သွေးယိုသောအနှာ၊
၆၈။ သည်းခြေဖျားအနှာ၊
၆၉။ သွေးထူလာသရောအနှာ၊
၇၀။ လေထူလာသရောအနှာ၊
၇၁။ ယောကျ်ားကိုယ် အမြဲခိုင်မာ၍နေသော ပတ္တထူ
လာသရောအနှာ၊
၇၂။ သုက်ပြေးထူလာသရောအနှာ၊
၇၃။ မုတ်တထူလာသရောအနှာ၊
၇၄။ ပိတ္တထူလာသရောအနှာ၊
၇၅။ ဂရင်ဂျီထူလာသရောအနှာ၊
၇၆။ ဘင်ထွက်ထူလာသရောအနှာ၊
၇၇။ အဖူးပေါက်သော ကျောက်အနှာ၊
၇၈။ ဝက်သက်အနှာ၊
၇၉။ ပဲသီတာအနှာ၊
၈၀။ ဆတ်ဆံရှိသော ထွတ်မြင်းအနှာ၊
၈၁။ ဝက်ခြံအနှာ၊
၈၂။ သွေးမြင်းသရိုက်အနှာ၊
၈၃။ လေမြင်းသရိုက်အနှာ၊
၈၄။ သည်းခြေမြင်းသရိုက်အနှာ၊
၈၅။ သလိပ်မြင်းသရိုက်အနှာ၊

၈၆။ မျက်စိမြင်းသရိုက်အနာ၊
၈၇။ နားမြင်းသရိုက်အနာ၊
၈၈။ နှာခေါင်းမြင်းသရိုက်အနာ၊
၈၉။ ရေစီးကမ်းပြို သွားမြင်းသရိုက်အနာ၊
၉၀။ ကျင်ငယ်ကြောင်း မြင်းသရိုက်အနာ၊
၉၁။ သူတစ်ပါး လုံ့လပယောဂကြောင့် ဖြစ်သောအနာ၊
၉၂။ အအေး, အပူနှိပ်စက်သောအနာ၊
၉၃။ ထမင်းငတ်, ရေငတ်သောအနာ၊
၉၄။ ကျင်ကြီးနှိပ်စက်သောအနာ၊
၉၅။ စမြင်းခံ၍ ကျင်ကြီးမသွားသောအနာ၊
၉၆။ ကျင်ငယ်နှိပ်စက်သော ဆီးအောင့်အနာ။

ကိုးကွယ်ပူဇော်မြတ်ဘုရားဂုဏ်တော်



# ဘုရားဖြစ်တော်စဉ်
# ဗုဒ္ဓဝင်ပဏာမ

## ခုနစ်နေ့ဖြစ်တော်စဉ် ဗုဒ္ဓဝင်ဘုရားရှိခိုး

### သန္ဓေတော်ယူ

၁။ ခြောက်ဆယ့်ခွန်မှ၊ ဝါဆိုလ၊ ပြည့်ဝ ကြွက်နေ့မှာ။
၂။ ဗုဒ္ဓလောင်းလျာ၊ မယ်မာယာ၊ ဝမ်းမှာသန္ဓေလာ။

### ဖွားတော်မူလျက်

၃။ ခြောက်ဆယ့်ရှစ်မှ၊ ကဆုန်လ၊ ပြည့်ဝ နေ့သောကြာ။
၄။ အင်ကြင်းဥယျာဉ်၊ လောင်းတော်ရှင်၊ ဖွားမြင်ထူးမြတ်စွာ။

### တောသို့ထွက်သွား

၅။ ကိုးဆယ့်ခွန်မှ၊ ဝါဆိုလ၊ ပြည့်ဝ တနင်းလာ။
၆။ လောကီစိတ်ပျက်၊ လောင်းတောထွက်၊ ပြုလျက် သမဏာ။

### ဘုရားဖြစ်သော်

၇။ တစ်ရာ့သုံးမှ၊ ကဆုန်လ၊ ပြည့်ဝ ဆင်နေ့မှာ။
၈။ ငါးမာရ်အောင်စစ်၊ ဘုရားဖြစ်၊ ထွန်းသစ် တို့မြတ်စွာ။

## ဟောဖော်စကြာ

၉။ တစ်ရာ့သုံးမှ၊ ကဆုန်လ၊ ပြည့်ဝစနေနေ့မှာ။
၁၀။ ဝဂ္ဂိငါ့ပါး၊ အစထား၊ ဟောကြားမြတ်စကြာ။

## နိဗ္ဗာန်သာကြွ

၁၁။ တစ်လေ့ရှစ်မှ၊ ကဆုန်လ၊ ပြည့်ဝနေ့အင်္ဂါ။
၁၂။ မြတ်စွာကြွမြန်း၊ နိဗ္ဗာန်နန်း၊ စခန်းတိုင်းမလွှာ။

## ချုပ်ငြိမ်းရ

၁၃။ တစ်လေးရစ်သော်၊ ဆုန်ပြည့်ကျော်၊ ရက်ခြောက်ဆယ့်နှစ်
ဂဠုန်နေ့မှာ။
၁၄။ မြတ်ရှင်ဇောထိ၊ တေဇောမီး၊ လောင်ပြီးချုပ်ငြိမ်းပါ။

## ဗုဒ္ဓခုနစ်နေ့ ဝန္ဒနာ

၁၅။ ခုနစ်နေ့ဖြစ်စဉ်၊ ဗုဒ္ဓဝင်၊ မြော်မြင်အောက်မေ့ခါ။
၁၆။ ရှိခိုးဦးချ၊ မိန့်ဝမ္မ၊ ကျင့်ကြ တို့သူငါ။

# ဗုဒ္ဓဝင်နိဒါန်း ဆုပန်ခန်း

ဤကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် လွန်ခဲ့တဲ့လေး သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်တုန်းက ငြိမ်းချမ်းသာယာ စိုပြည် လှစွာသော အမရဝတီ မင်းနေပြည်တော်မှာ ဂေါတမမြတ်စွာ ဘုရားရဲ့ အလောင်းတော်ဟာ သုမေဓာမည်တဲ့ ပုဏ္ဏားဖြစ် ခဲ့တယ်။

သူဟာ မိဘနှစ်ပါးကွယ်လွန်သွားတော့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ကတည်းက သူ့ရဲ့မိဘနှစ်ပါး လက်ထက်အထိ ကျန်ရစ်ခဲ့တဲ့ ကုဋေပေါင်းများစွာသော စည်းစိမ်ချမ်းသာတွေကို မြင်တွေ့ရတော့တယ်။

ဒီတော့ "ငါ့မိဘဘိုးဘွား ဆွေမျိုးခုနစ်ဆက်တို့သည် ဒါလောက်များတဲ့ ဥစ္စာတွေကို စုဆောင်းခဲ့ ကြပြီး ကွယ်လွန် ခဲ့တဲ့အခါ တစ်ကျပ်တစ်ပြားကိုမျှ ယူမသွားနိုင်ရှာကြဘူး၊ ငါတော့ဖြင့် ကွယ်လွန်ရာသို့ တစ်ကျပ်တစ်ပြားမှ မချန်ဘဲ ယူသွားနိုင်တဲ့ နည်းကို ပြုလုပ်သင့်လှပေတယ်"လို့ ဆင်ခြင်တော်မူ မိတယ်။

ဒါကြောင့် အမရဝတီမင်းနေပြည်တော်တစ်ခွင်လုံးမှာ "ပစ္စည်းဥစ္စာ လိုသူ ိုင်း လာရောက်ယူကြပေတော့"လို့ ကြော်ငြာ ပြီး အယုတ် အလတ် အမြတ်မရွေးဘဲ လာယူသူတိုင်းအား အလှူကြီးပေးတော်မူသတဲ့။

ပြီးတော့ အလောင်းတော် သုမေဓာဟာ လူ့ဝတ်ကြောင်ကို ပယ်လျက် လျှော်တေသင်္ကန်းကို ဆင်မြန်းလျက် တောထွက်ပြီး သမထဘာဝနာကိုပွားရာ လောကီဈာန်သမာပတ်များကို ရရှိတော်မူပါတယ်။

ဒီအခါလောကသုံးပါး၏ ဦးစီးခေါင်းဆောင် အကြီးအကဲ ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားဟာ လောကမှာ ထင်ရှားပွင့်တော်မူတယ်။

ဒီပင်္ကရာမြတ်ဘုရားဟာလဲ ဘုရားဖြစ်တော်မူပြီးနောက် သုနန္ဒာရာမအရပ်မှာ ဓမ္မစကြာတရားဦးကို ဟောတော်မူတယ်၊ ကုဋေတစ်ရာသော နတ်လူတို့အား တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူပါတယ်၊ ဒီနောက် ဆက်လက်၍ သတ္တဝါ အများအား ကိလေသာကုန်ခန်းငြိမ်းချမ်းမှုရအောင် ဒေသစာရီ လှည့်လည် ဟောကြားတော်မူပါတယ်။

ဂေါတမမြတ်စွာဘုရားအလောင်းတော်သုမေဓာရသေ့လည်း ဒီပင်္ကရာမြတ်စွာဘုရားပွင့်ထွန်းတော်မူသည်ကိုပင် မသိသေးဘဲ ဈာန်သမာပတ်ချမ်းသာဖြင့် ပျော်မွေ့နေစဉ်–

ဒီပင်္ကရာစောမြတ်စွာလဲ တပည့်ရဟန္တာလေးသိန်း ခြံရံပြီး ဒေသစာရီ လှည့်လည်တော်မူလေရာ ရမ္မာပြည် သုဒဿန ကျောင်းကြီးမှာ သီတင်းသုံး စံနေတော်မူပါတယ်။

ဒီအခါမှာ ရမ္မာဝတီပြည်သူပြည်သားများလဲ ဒီသတင်းကို ကြားရတော့ သုဒဿနကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့

ဒီပင်္ကရာမြတ်စွာဘုရားထံတော်သို့ သွားရောက်ပြီး ပန်းနံ့သာ စသည်လှူဖွယ်တွေနဲ့ ပူဇော်ပြီးတရားတော်ကိုလဲ နာကြားကြတယ်။

တရားနာပြီးတော့ နက်ဖြန်နံနက် ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းစားပင့်ပြီး ပြန်ခဲ့ကြတယ်၊

ရမ္မာဝတီ ပြည်သူပြည်သားများဟာ ဆွမ်းကပ်မည့်နေ့မှာ အသဒိသ အလှူကြီးကို စီစဉ်ပြီးတော့မဏ္ဍပ်စသည်ပူဇော်ဖွယ် အလီလီကို ပြုပြင်စီရင်ကြတယ်၊ လမ်းတစ်လျှောက်လုံး သန့်ရှင်းရေးလုပ်ပြီး ရွှံ့ဗွက်ဖို့ခြင်း၊ တံတားခင်းခြင်းများကိုလဲ ညီညာစုပေါင်း ကောင်းစွာပြုလုပ်နေကြတယ်။

ဒီအခါမှာ အလောင်းတော်သုမေဓာလဲ ကောင်းကင်ခရီးဖြင့် ကြွတော်မူစဉ် ရမ္မာဝတီပြည်သူပြည်သားများရဲ့ ရွှင်မြူးပုံကို စိတ်ဝင်စားပြီး သက်ဆင်းစုံစမ်းတယ်။

အကြောင်းစုံသိရတဲ့အခါ သူ့အတွက်လဲ တစ်နေရာ တောင်းပြီးတော့ လုပ်အား ကုသိုလ်ပြုတော်မူတယ်။

လူအများကလဲ အလောင်းတော်သုမေဓာရသေ့ရဲ့ အဘိညာဉ်တန်ခိုးကို မြင်ပြီး ဏှဒ္ဒိပါဒ်နဲ့ ပြုပြင်မည်အထင်နဲ့ ဗွက်ထူပြောတဲ့ နေရာကို တာဝန်ပေးကြတယ်။

အလောင်းတော်သုမေဓာကလဲ ကုသိုလ်ယူရာမှာ တန်ခိုး အရှိန်အဝါမသုံးဘဲ ရိုးရိုးပင် မြေသယ်ပြီးဖို့တယ်။

အလောင်းတော်သုမေဓါရသေ့ ရဲ့တာဝန်ကျဗွက်ကြီး အပြီး မသတ်ခင် ဒီပင်္ကရာမြတ်စွာဘုရားကလဲ ရဟန္တာလေးသောင်း ခြံရံပြီး ကြွလာတော်မူပါရော–တဲ့။

ဒီအခါ လူနတ်အပေါင်းတို့လဲ စည်တော် ငြိမ့်ညောင်း အိုးစည်ဗုံမောင်းတို့နဲ့ သောင်းသောင်းဖြဖြ ကျေြဆိုကြတယ်။

ဒီအခါမှာ အလောင်းတော်သုမေဓာလဲ အတုမရှိမှနိ ထွတ်ထား ဒီပင်္ကရာ... ...ဗုဒ္ဓဘုရားရဲ့ ကြည်ညိုဖွယ် ဂုဏ်အစုံစုံကို မမိတ်မသုံ ... ...မှာ်ရင်း-

"ဒီ... ...ဂုစောမြတ်စွာသည် ငါ့တာဝန်မပြီးသေးတဲ့ ညွှန်ပျောင်းမှာ ဆင်းရဲစွာမကြွပါစေလင့်၊ ငါ့အသက် သေလို သေပါစေ၊ ကိုယ်ကိုဝပ်စင်း တံတားခင်းလှူမည်၊ ရဟန္တာ လေးသောင်းနှင့် မြတ်စွာဘုရားသည် ငါ့ကျောပြင်ကို နင်းကြွ တော်မူပါစေ၊ ဒီအတိုင်းကြွခြင်းဟာ ငါ့အတွက်ကြာရှည်စွာ စီးပွားချမ်းသာဖြစ်ရန် ဧကန်ဖြစ်မည်"လို့ ကြံစည်ဆုံးဖြတ်ပြီး ညွှန်ပျောင်းပေါ်မှာ ကိုယ်ကို ဝပ်စင်းတံတားခင်းပြီး လှူဒါန်း ပါတယ်၊ ...ါဟာသက်စွန့်ကြီးပန်းလှူဒါန်းခြင်းပါပဲ။

ဒီအခါမှာ ...လောင်းတော်သုမေဓာရသေ့အား ဘုရားဖြစ်ရန် ဒီလိုစ... ...ကြေဖြစ်တော်မူတယ်။

၁။ ဗုဒ္ဓေါ ဗောဓေယျံ= ရှေးဦးစွာ သစ္စာလေးပါးအမှန်တရားကို ပိုင်းခြားထင်ထင်ငါကိုယ်တိုင်ထိုးထွင်းသိမြင်ပြီးတော့ သတ္တဝါများ နတ်လူအားလဲ သစ္စာလေးပါးအမှန်တရားကို ပိုင်းခြားသိအောင် ငါဟောကြားကယ်တင်တော်မူမည်။

၂။ မုတ္တော မောစေယျံ= ရှေးဦးစွာ ငါကိုယ်တိုင် သံသရာဝဋ် ဆင်းရဲမှလွတ်မြောက်သူ သဗ္ဗညုဘုရားဖြစ်အောင်

အားထုတ်ပြီးတော့မှ သတ္တဝါများ လူနတ်အားလဲ လွတ်မြောက် စေရန်တရားမှန်ကိုဧကန်ဟောကြား ကယ်တင်တော် မူမည်။

၃။ တိဏ္ဏော တာရေယျံ = ရေးဦးစွာ ငါကိုယ်တိုင် သံသရာ ရေယာဉ်ကြောကို ကူးမြောက်နိုင်သူ သဗ္ဗညုဘုရား ဖြစ်အောင် အားထုတ်ပြီးတော့မှ သတ္တဝါများ လူနတ် အားလဲ ကူးမြောက်စေရန် တရားမှန်ကို ဧကန်ဟောကြား ကယ်တင်တော်မူမည်။

ဒီလိုပင် အလောင်းတော်သုမေဓာက ဗုဒ္ဓေါဗောဓေယျံ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ - အကြံသုံးပါး အရင်းထား၍ ဘုရားဖြစ်ရန် ဆုပန်မည်ရှိစဉ်-

ဘုရားဖူး ပရိသတ်များဆီသို့ သုမိတ္တာအမည်ရတဲ့ ပုဏ္ဏား ပျိုမလေးကလဲ ဘုရားပူဇော်ရန် ကြာပန်းခိုင်ယူပြီးရောက်လာ ပါတယ်။

သုမိတ္တာဟာ ပရိသတ်များ အလယ်က ဘုရားလောင်း သုမေဓာ ရှင်ရသေ့ကို မြင်ရတော့ မြင်မြင်ချင်းပင် မေတ္တာ သက်ဝင်မိတယ်၊ လှူဒါန်းဖွယ်အဖြာဖြာကို လှူဒါန်းလိုပါ သော်လည်း ကြာပန်းရှစ်စုံသာပါလို့မို့ "အရှင့်ရသေ့သူမြတ်၊ မြတ်စွာဘုရားအား အရှင်အလိုရှိသလို လှူနိုင်ရန် ဒီကြာပန်း ငါးခိုင်ကို အရှင်အား လှူဒါန်းပါတယ်၊ ကျန်တဲ့ ကြာပန်းခိုင်

ကတော့ အံကျွန်ုပ်လှူဒါန်းဖို့ ပါဝဲ”လို့ပြောဆိုပြီး ကြာပန်းရှစ်ခိုင်ကို အလှူခွဲတမ်းချလိုက်ပါတယ်။

ပြီးတော့ “အရှင်ရသေ့သုမြတ်၊ အရှင်ဟာ ဘုရားဖြစ်ရန် ပါရမီဖြည့်နေသမျှ ကာလပတ်လုံး အကျွန်ုပ်လဲ အရှင်ရဲ့ ပါရမီ ဖြည့်ဘက် ဖြစ်ပါရစေ”လို့လဲ ဆုတောင်းပါတယ်။

အလောင်းတော်သုမေဓာလဲ ပုဏ္ဏားပျိုမသုမိတ္တာပေးလှူတဲ့ ကြာပန်းငါးခိုင်ကို ရေ့တည့်တည့်က ကြွတော်မူလာတဲ့ ဒီပင်္ကရာ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်း ပူဇော်ကာ ပရိသတ်ဗိုလ် ပုံအလယ်မှာပင် သမ္မာသမ္ဗုဒ္ဓဆုထူးကို ရဲရင့်ပြတ်သားစွာ ပန်ဆင်တော်မူပါတယ်။

ဒီအခါမှာ ဒီပင်္ကရာစာမြတ်စွာကလဲ နောင်အခါ “ဂေါတမ မြတ်စွာဘုရားရယ်လို့ ထင်ရှားဖြစ်မယ်”လို့ ဗျာဒိတ်ပေးတော်မူ ပါတယ်၊ သုမိတ္တာကိုလဲ “ပါရမီဖြည့်ဖက်ဖြစ်ပြီး ယသော်ဓရာ ထေရီဖြစ်မယ်”လို့ ဗျာဒိတ်ပေးတော်မူတယ်။

ငါတို့ရဲ့ သုံးလောကထွက်ထား ဂေါတမမြတ်စွာဘုရား အလောင်းတော်ဟာ အဲဒီ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း မှာ ဝပ်စင်းပြီးခုနက်ပြောခဲ့တဲ့ ဗုဒ္ဓေါဟောဓေယျ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ– အကြံသုံးပါး အရင်းခံထားလျက် ဘုရားဆုပန်တော်မူခဲ့သည်မှစပြီးတော့ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတို့ကာလပတ်လုံး ဒါနစသည်ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပါတယ်။

## သန္ဓေယူသည်

အလောင်းတော်ဟာ ပါရမီပြည့်စုံလို့ ဘုရားဖြစ်တော့မည့် နောက်ဆုံးဘဝမှာ တုသိတာနတ်ပြည်မှ စုတေခဲ့ပြီးတော့ မဟာသက္ကရာဇ် ၆၇–ခု၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် မဇ္ဈိမဒေသ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီးရဲ့ နန်းမတောင်ညာ မဟာမာယာတွင်မည့် မဟာဒေဝီမိဖုရားကြီးရဲ့ ဝမ်းကြာတိုက်ဝယ် ပဋိသန္ဓေတည်နေတော်မူပါတယ်။

## ဖွားတော်မူသည

သန္ဓေယူကာ ဆယ်လကြာတော့ မဟာသက္ကရာဇ် ၆၈–ခု၊ နေ့ဥတုဇ၏ ရှက်နုဝေဖြာဝိသာခါကြုံ ကဆုန်လပြည့်နေ့တွင် မဇ္ဈိမဒေသ ဒေဝဒဟတိုင်းပြည်နဲ့ ကပိလဝတ် တိုင်းပြည်တို့ရဲ့ နှစ်ပြည်ထောင်ကြားရှိ လုမ္ဗိနီသာမော အင်ကြင်းတော မြိုင်သာမှာ မယ်တော်မာယာ မိဖမာတာမှ ဘုရားအလောင်းတော်ကို မီးရှူး သန့်စင် ဖွားမြင်တော်မူပါတယ်။

## ဖွားမြင်ပြီးစ ဒီလိုစကားထူးကိုပြောသည်

အလောင်းတော်မင်းသားဟာ ဖွားမြင်ပြီးလျှင်ပင် မြောက် အရပ်သို့ ခုနစ်ဖဝါးလှမ်းကြွသွားတယ်၊ ခုနစ်ဖဝါးမြောက်မှာ ရပ်တန့်လျက်ပင်–

၁။ "အဂ္ဂေါဟမသ္မိ လောကဿ= ငါဟာ လူသုံးပါးထက် အမြတ်ဆုံးဖြစ်တယ်၊

၂။ ဇေဋ္ဌောဟမသ္မိ လောကဿ= ငါဟာ လူသုံးပါးထက် ကြီးကဲသူဖြစ်တယ်၊

၃။ သေဋ္ဌောဟမသ္မိ လောကဿ= ငါဟာ လူသုံးပါးထက် ချီးမွမ်းအပ်ဆုံးသူဖြစ်တယ်။

၄။ အယမန္တိမာ ဇာတိ = ယခုပဋိသန္ဓေတည်နေခဲ့တာဟာ ငါ့အဖို့နောက်ဆုံးပဲ၊

၅။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ = ယခုအခါ ငါ့အဖို့ရာ တစ်ဖန် ဘဝသစ်ဖြစ်ရခြင်း မရှိတော့ပြီ"-

ဆိုရဲ့တောက်စကားကို ပြောကြားတော်မူပါတယ်။

## ဗေဒင်ဆရာပြီး တောရပ်မှီးကြသည်

ဘုရားအလောင်းတော်ဟာ ၃၂-ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံတော်မူတယ်၊ ဒီလိုထူးမြတ်တင့်တယ်ပြီး သပ္ပာယ်ချင်းတိုင်း သပ္ပါယ်တော်မူတော့ ဖွားမြင်ပြီးနောက် ၅-ရက်မြောက်မှာ ခမည်းတော် မယ်တော်များက အခမ်းအနားနဲ့ ခေါင်းဆေးမင်္ဂလာပြုပြီး အမည်မှည့်ရန် ဗေဒင်တတ်သူ ပုဏ္ဏားတစ်ရာ့ရစ်ယောက်ထဲက (၈)ယောက်ကိုရွေးချယ်ပြီး လက္ခဏာဖတ်စေပါတယ်။

အဒီ ၈-ယောက်ထဲက ၇-ယောက်ကလက်နှစ်ချောင်းထောင်ပြီး "လေးကျွန်းသေဌ်နင်းစကြာမင်း ဖြစ်လိမ့်မယ်၊

ဘုံသုံးပါးတွင် ဘုရားမြတ်ရင်လဲဖြစ်မယ်”လို့ နှစ်သွယ်နှစ်ခု ဟောကြပါသတဲ့။

ကျန်တဲ့ ၅-ယောက်ကတော့ လက်ညှိုးတစ်ချောင်းတည်း ထောင်ပြီး “ဘုံသုံးပါးတွင် ဧကန်စင်စစ် ဘုရားဖြစ်မယ်”လို့ ကိန်းသေဟောကြားပါသတဲ့။

ဒီလိုနိမိတ်ဖတ်ပြီးတော့ လောကကောင်းကျိုး မွှားတိုး အောင် ဆောင်ရွက်နိုင်မည့် နိမိတ်ကိုယူလျက် အလောင်းတော်အား “သိဒ္ဓတ္ထ”လို့ နာမည်မှည့်ကြပါတယ်။

သူတို့ ၅-ယောက်ဟာ ဒီလိုဘုရားဖြစ်မည်ကို ဟောကြားပြီး အိမ်ထောင်သံယောဇဉ်မရှိခင် တောထွက်ကာ ရဟန်းပြုကြကယ်၊ ရဟန်းပြုကြပြီး ဘုရားအလောင်းတော် တောထွက်ကာ ရဟန်းပြုတာကို ကြိုဆိုငံ့လင့်နေကြတယ်-တဲ့။

သူတို့ဟာ နောင်အခါမှာ တရားဦးနာကြားရမည့် ပဉ္စဝဂ္ဂီ ရဟန်းတို့ပါပဲ။

မယ်တော်နတ်ရွာစံပြီးနောက် အထူးစောင့်ရှောက်ကြတယ်။

ဒါကြောင့် ခမည်းတော်မင်းကြီးက သူအို သူနာ သူသေ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကိုမြင်ပြီး တောမထွက်နိုင်အောင် အထူးစောင့်ရှောက်ထားပါသတဲ့။

အလောင်းမင်းသားကို ဖွားမြင်ပြီးလို့ ခုနစ်ရက်မြောက် ရောက်တော့ မယ်တော်မဟာမာယာဒေဝီဟာ စုတိပြတ်ကြွေ သေလွန်ပြီးသော် တုသိတာနတ်ပြည်မှာ “သန္တုသိတ” အမည် ရှိတဲ့ နတ်သားသွားဖြစ်တယ်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလည်း သားတော်ကို နို့ထိန်းများစွာ ခန့်ထားပြီး မွေးမြူစောင့်ရှောက်တယ်၊ အထူးအားဖြင့် မိထွေးတော် ဂေါတမိက နို့ချိုတိုက်ကျွေးပြီး စောင့်ရှောက်ပြုစုပါတယ်။

## သူငယ်ဘဝက စျာန်ရခဲ့သည်

ဘုရားအလောင်းတော်ကို ကဆုန်လပြည့်နေ့မှာ ဖွားမြင်ပြီးနောက် နယုန် ဝါဆိုလလောက်မှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ ကျင်းပနေကျ လယ်ထွန်မင်္ဂလာပွဲကို ကျင်းပတော်မူပါတယ်။

အဲဒီအလောင်းတော်မင်းသားလေးကို ကောင်းမြတ်တဲ့အခင်းများဖြင့် သပြေပင်ရိပ်မှာ သိပ်ထားပါတယ်၊ ဘေးပတ်ဝန်းကျင်ကလဲ ကန့်လန့်ကာများကို လုံခြုံစွာကာရံထားတယ်၊ အထိန်းတော်များကလဲ ရိုရိုသေသေစောင့်ရှောက်နေကြပါတယ်။

ဒါပေမယ့် လယ်ထွန်မင်္ဂလာပွဲကဘုရင်ကိုယ်တိုင် ကျင်းပတဲ့ပွဲဆိုတော့ အင်မတန်ခမ်းနားကြီးကျယ်ပြီး အလွန်တင့်တယ်ရှုချင်စဖွယ်ဖြစ်နေတယ်၊ ဒါကြောင့် အထိန်းတော်များကလဲ မင်းသားကလေး အိပ်ပျော်နေတယ်လို့ထင်ပြီး ခဏလောက်အနေနဲ့ လယ်ထွန်မင်္ဂလာပွဲကို သွားပြီးကြည့်ရှုကြတယ်။

ဘဝများစွာက ပါရမီအထုံပါလာတဲ့အတွက် နှာခေါင်းမှ ဝင်လေထွက်လေကို ရှုနေတယ်၊ ခဏကလေးအတွင်းမှာပဲ

(အာရုံကြံမှု– ဝိတက်၊ အာရုံသုံးသပ်ဆင်ခြင်မှု– ဝိစာရ၊ နှစ်သိမ့်ဝမ်းမြောက်မှု–ပီတိ၊ စိတ်ရွှင်လန်းချမ်းသာမှု–သုခ၊ ရှုးစိုက်တည်ကြည်မှု–သမာဓိ)ဆိုတဲ့ အင်္ဂါငါးပါးရှိတဲ့ ပထမဈာန်ကို ရောက်နေတယ်။

အထိန်းတော်များဟာ ခဏလောက်ရည်ရွယ်ပြီးသွားပေမယ့် ဟိုရောက်တော့ ကြည့်ရှုစရာတွေ စားသောက်စရာတွေနဲ့ဆိုတော့ အချိန်ကကုန်မှန်းမသိကုန်းသွားလို့ အတော်ကြာသွားတယ်။

သစ်ပင်တွေက အရိပ်တွေတောင် အခြားတစ်ဘက် ရောက်ကုန်တယ်၊ ဒါပေမယ့်ဘုရားအလောင်းတော်ရှိရာ သစ်ပင်ရိပ်ကတော့ မရွှေ့မပြောင်းဘဲ တည်မြဲတည်နေပါသတဲ့၊ ဘုရားအလောင်းတော်ကလေးလည်း မလှုပ်မရှားဘဲ ငြိမ်သက်စွာ ထိုင်နေတယ်။

အဲဒါကိုတွေ့မြင်ကြရတော့ အထိန်းတော်များက သုဒ္ဓေါဒန မင်းကြီးအား ပြောကြတယ်၊ ဒီထူးခြားပုံကိုမြင်ရတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလဲ သားတော်လေးကို ရှိခိုးပါသတဲ့။

## ထီးနန်းစည်းစိမ်ကို ခံစားသည်

ထို့နောက် အလောင်းမင်းသားခုနစ်နှစ်အရွယ်လောက် ရောက်တော့ ဆောင်းရာသီမှာ စံမြန်းစရာ ရမ္မ၊ နွေရာသီမှာ စံမြန်းစရာ သုရမ္မ၊ မိုးရာသီမှာစံမြန်းစရာ သုဘလို့ အမည်

အသီးသီးရှိတဲ့ နန်းသုံးဆောင်ကို ဆောက်လုပ်ပြီး ခမည်းတော် မင်းကြီးက အလောင်းမင်းသားအား ချီးမြှောက်စံစားစေပါတယ်။

သက်တော် ၁၆–နှစ်အရွယ်ရောက်တော့ ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓရဲ့သမီးတော် ယသောဓရာမင်းသမီးနှင့် စုံဖက်ပေးတယ်၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ အဲဒီ ယသောဓရာမင်းသမီးနှင့်အတူ မောင်းမမိဿံ လေးသောင်းခြံရံပြီးတော့ ထီးနန်းစည်းစိမ်ကို ခံစားတော်မူတယ်။

## ဒီလိုနိမိတ်ကြီးလေးပါးကို မြင်တော်မူတယ်

ဒီလို တောမထွက်နိုင်ရန် အထူးစောင့်ရှောက်ခံပြီး စံတော်မူနေတဲ့ ဘုရားအလောင်းတော်ဟာ ဉယျာဉ်ကစားထွက်ရင်း သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို တစ်ခုပြီးတစ်ခု မြင်တော်မူရလို့ ငြီးငွေ့သံဝေဂစိတ်တွေကြောင့် နန်းတော်ကိုသာ ပြန်လှည့်ပြီး လာတော်မူရတယ်။

နောက်ဆုံး ရဟန်းကိုမြင်ရပြီးတဲ့အချိန်မှာပင် ကြင်ရာတော် မိဖုရား ယသောဓရာက သားဦးရတနာကို ဖွားမြင်ပါတယ်၊ ရဟန်းနိမိတ်ကို မြင်ရလို့ ဉယျာဉ်တော်မှ နန်းတော်ကို ပြန်ကြွရန် စိတ်ကြံနေတဲ့ အလောင်းတော်ဟာ သားဦးရတနာဖွားမြင်ကြောင်း သတင်းကြားရတော့ “လက်ကိုဖုံးကွယ်တဲ့ ရာဟုသဖွယ် ဖြစ်လာတယ်၊ အနှောင်အဖွဲ့ဖြစ်လာတယ်”လို့ ညည်းညူတော်မူပါသတဲ့။

အဲဒီစကားကိုအကြောင်းပြုပြီးတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက "ဘုရားအလောင်းတော်အား တောမထွက်နိုင်အောင် ရာဟုကဲ့သို့ပင် ဖမ်းယူထားတဲ့ သားတော်ကလေးဖြစ်ပါစေ" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အဲဒီသားတော်ကလေးအား "ရာဟုလာ" လို့အမည်ပေးလိုက်သတဲ့။

## ချမ်းမြေ့ရဂုံ တောရပ်လှုံသည်

ဘုရားအလောင်းတော်လဲ အဲဒီလို ညည်းညူပြောဆိုပြီး နန်းတော်ကို ပြန်လာခဲ့ရာ အဲဒီညဉ့်မှာ က, ဆို, တီးမှုတ်ပြီး ဖျော်ဖြေနေကြတဲ့ ကချေသည်မတွေကိုတောင် မရှုစားတော့ဘဲ ညဉ့်ဦးစောစောကပင် အိပ်ရာဝင်တော်မူတယ်။

ဒီအခါမှာ ကချေသည်မတွေလဲ အဲဒီဖျော်ဖြေတဲ့နေရာမှာပဲ အိပ်မောကျသွားကြတယ်။

အလောင်းတော် အိပ်ရာမှနိုးလို့ ကြည့်လိုက်တော့ မဖွယ်မရာ အိပ်မောကျနေကြတဲ့ ကချေသည်မတွေကိုမြင်ပြီး သူသေကောင်တွေလို ထင်မြင်တဲ့ အသုဘသညာဖြစ်ပေါ်လာတယ်။

ဒါနဲ့အလောင်းတော်သိဒ္ဓတ္ထမင်းသားဟာ သက်တော် ၂၉-နှစ်အရွယ် မဟာသက္ကရာဇ် ၉၇-ခုနှစ် ဝါဆိုလပြည့် တနင်းလာနေ့ ညဉ့်သန်းခေါင်းယံအချိန်မှာ ကဏ္ဍကဆိုတဲ့ မင်္ဂလာမြင်းတော်ကို စီးပြီး နောက်တော်ပါ ဆန္နအမတ်နှင့်တကွ တောထွက်တော်မူခဲ့တယ်။

၁၂နှော်မာမြစ် ရောက်သောအခါ သဲသောင်ပြင်တွင် ဆံ, မုတ်ဆိတ်များကို ပယ်ပြီးတော့ ဃဋိကာရဗြဟ္မာကပ်လှူလာတဲ့ သင်္ကန်းကို ဝတ်ဆောင်မြန်းပြီး ရဟန်းပြုတော်မူတယ်။

ဒီနောက် လောကီဈာန်သမာပတ် ၇-ပါးကိုလက်တွေ့ ညွှန်ကြားပြသနေတယ်ဆိုတဲ့ အာဠာရရသေ့ကြီးထံကို သွားရောက်ပြီးတော့ နည်းခံကျင့်သုံးခဲ့ရာ အလောင်းတော်ဟာ အာကိဉ္စညာယတနဈာန်အထိရတယ်၊ ဒါကြောင့်အာဠာရ ရသေ့ကြီးက အထူးအားရတာနဲ့ သူနဲ့ဂုဏ်ရည်တူပြုပြီး တပည့်တစ်ဝက်ပေးကာ တရားပြစေပါတယ်။

ဒါပေမယ့် ဘုရားအလောင်းတော်ဟာ "ဒီအာကိဉ္စညာယတနဈာန်လဲ အသေမကောင်းသေးဘူး"လို့ ဆင်ခြင်ပြီး အဲဒီဌာနမှာလဲ ခဏမျှနေထိုင်ရင်း တရားပြုပြီးတော့ အသေကောင်းတဲ့တရားကို ရှာရန် ထွက်ခဲ့ပြန်ပါတယ်။

ဒီနောက် ရာမပုတ္တ (ရာမရဲ့သားတပည့်) ဥဒက ရသေ့ကြီးရဲ့ ဂုဏ်သတင်းကိုကြားရလို့ အလောင်းတော်ဟာ အဲဒီ ဥဒက ရသေ့ကြီးထံသွားပြီး ရာမဆရာကြီးရဲ့ တရားကျင့်နည်းကို မေးမြန်းခံယူပါတယ်။

အဲဒီမှာ ဥဒကရသေ့ကြီးက သူ့ဖခင်ဆရာ ရာမကြီးရဲ့ ရရှိခဲ့တဲ့ နေဝသညာနာသညာယတနဈာန်အထိ သမာပတ်ရှစ်ပါးလုံးကို ပြောပြပါတယ်။

ဘုရားအလောင်းတော်က အဲဒီနည်းအတိုင်း ကျင့်လိုက်ရာ မကြာမီမှာပဲ အဲဒီနေဝသညာနာသညာယတနစျာန်ကို ရရှိသွားတယ်၊ ဒါကြောင့် ဥဒကရသေ့ကြီးက ဘုရားအလောင်းတော်အား ဂိုဏ်းဆရာအဖြစ် တင်မြှောက်ပါတယ်၊ ပြီးတော့ သူ့ဆရာရာမကြီးရဲ့တရားကို သူကတစ်ဆင့်ပြောပြတဲ့အတိုင်း ကျင့်လို့ရရှိသွားတဲ့ ဘုရားအလောင်းတော်ကို အားကျပြီးဥဒကရသေ့ဟာ သူကိုယ်တိုင်လဲ ကျင့်သုံးလို့ ရရှိပါတယ်တဲ့။

ဘုရားအလောင်းတော်ကလဲ အဲဒီမှာအချိန်ကာလအနည်းငယ်မျှ ဆရာကြီးအဖြစ်နဲ့ ညွှန်ကြားပြသနေခဲ့ပါသေးတယ်၊ ဒီလိုညွှန်ပြရင်း "ဒီ နေဝသညာနာသညာယတနစျာန်လဲ အသေမကင်းသေးဘူး"လို့ ဆင်ခြင်မိတာနဲ့ ဒီစျာန်ကိုလဲ အလေးမပြုဘဲ အဲဒီဌာနက ထွက်ခွာခဲ့ပါတယ်။

ဘုရားအလောင်းတော်ဟာ အဲဒီဌာနကထွက်ခွာပြီး အနုတ္တရသန္တိဝရပဒ ခေါ်တဲ့ မြတ်သောအသေကင်းကြောင်း တရားကို ကိုယ်ပိုင်ဉာဏ်ဖြင့် ရှာကြံရင်း မဂဓတိုင်းအတွင်းမှာ လှည့်လည်နေခဲ့ပါတယ်။

အဲဒီလိုလှည့်လည်နေရင်း သေနာနိဂုံးရွာကြီးအနီး ဥရုဝေလတောသို့ ရောက်သွားတယ်၊ အဲဒီမှာ စိမ်းစိုတိတ်ဆိတ်တဲ့ တောအုပ်၊ အေးမြကြည်လင် တစ်သွင်သွင်စီးဆင်းနေတဲ့ နေရဉ္စရာမြစ်၊ ဆွမ်းခံဖို့ရာ သေနာနိဂုံးရွာကြီးများကို တွေ့မြင်ရတော့–

"ဒီအရပ်ဟာ တရားအလုပ်ကို အားထုတ်လိုသူအတွက် အကျက်ကောင်းတဲ့ နေရာပဲ"လို့ ဆင်ခြင်ပြီး အဲဒီ ဥရုဝေလ တောမှာပဲ နေတော့တယ်။

ဒီအခါမှာ စောစောကပင် ဗေဒင်ဟောပြီး တောထွက်ကာ ရဟန်းပြုလျက် ဘုရားလောင်းကို စောင့်ကြိုနေကြတဲ့ ပဥ္စဝဂ္ဂီရဟန်း ငါးပါးတို့လဲ ဘုရားအလောင်းတော်နဲ့ တွေ့ဆုံပြီး ဒုက္ကရစရိယာအကျင့်ကို ကျင့်နေသော ဘုရားအလောင်းတော်ကို "ယခုပင် ဘုရားဖြစ်တော့မည်၊ ယခုပင် ဘုရားဖြစ်တော့မည်"လို့ မျှော်လင့်ချက်ကြီးစွာနဲ့ ဝတ်ကြီးဝတ်ငယ်ပြုစုပြီး နေကြတယ်။

အဲဒီတုန်းက ဘုရားအလောင်းတော်မှာ တရားအားထုတ်ဖို့ရာ နည်းမှန်ကမရှိသေးဘူး၊ အိန္ဒိယနယ်တစ်ဝိုက်မှာကလဲ ကိုယ်ပင်ပန်းခံပြီး ကျင့်ကြံအားထုတ်တဲ့နည်းကလဲ ခေတ်စား နေတယ်။

ဒါကြောင့်လဲ အလောင်းတော်ဟာ သေနာနိဂုံးမှာ ဆွမ်းခံ စားရင်း အဲဒီခေတ်က ထွန်းကားနေတဲ့နည်းကို အခြေခံပြီး ကြံစည်တွေးခေါ်ကာ ဒုက္ကရစရိယာခေါ်တဲ့ ပြုနိုင်ခဲတဲ့အကျင့်ကို ကျင့်တယ်။

ဘယ်လိုကျင့်သလဲဆိုရင် အံသွားချင်းကြိတ်ပြီးတော့လဲ ကျင့်တယ်၊ လျှာဖြင့်လျှာချင်း အာစောက်ရပ်ကိုထိစပ်ပြီး စိတ်ကိုစိတ်ဖြင့် နှိပ်လဲနှိပ် ကြိတ်လဲကြိတ် ပူလဲ ပူလောင် စေတယ်။

ဒါကြောင့် ဘုရားအလောင်းမှာ ချိုင်းကြားမှချွေးများပင် ယိုထွက်လာအောင် ပင်ပန်းတယ်၊ ဒါပေမယ့် နည်းမှားနေလို့ တရားထူးကိုတော့ မရဘူး။

ဒီတော့ ဘုရားလောင်းက အားမလျှော့ဘဲ တစ်ဆင့်တက်ပြီး "ရှူရှိုက်လေကို ထိန်းချုပ်ကာ ရှူရှိုက်လေကင်းတဲ့ အပ္ပါဏက ဈာန်ဝင်စားရရင် ကောင်းမယ်"လို့ ကြံစည်တယ်၊ ပြီးတော့ ပါးစပ်ကရော နှာခေါင်းကပါ အသက်ရှူလေမထွက်နိုင်အောင် ချုပ်ထားတယ်။

အဲဒီအခါမှာ နားပေါက်ကထိုးပြီးထွက်လာတဲ့ လေသံဟာ ပန်းပဲဖိုကလို ရှူးရှူးရှဲရှဲမြည်နေပါသတဲ့၊ ဒါကြောင့်ကိုယ်လဲ အလွန်ပူပန်ပြီး ဆင်းရဲပါသတဲ့၊ ဒါပေမယ့် အလျှော့မပေးသေးဘဲ၊ ပါးစပ် နှာခေါင်းနှင့် နားပေါက်မှလေမထွက်နိုင်အောင် ထိန်းချုပ်ထားပြန်ပါသတဲ့။

ဒီအခါမှာလဲ လေတွေက ဦးခေါင်းထိပ်ကို တက်ပြီးထိုးလိုက်တာ အားကောင်းသူကလက်နဲ့ ခေါင်းကိုရိုက်သလိုပဲ နာကျင်ပြီး အားကောင်းသူကသားရေကြိုးနဲ့ ခေါင်းကိုရစ်ပတ်ဆွဲသလိုလဲ နာကျင်ပါသတဲ့။

နောက်ပြီးတော့ ဝမ်းဗိုက်ထဲမှာ လေတွေကတိုးဝှေ့လွန်းလို့ သားလှီးဓားနဲ့ မွှေသလိုပင် နာကျင်ပါသတဲ့။

ပြီးတော့လေတွေက တစ်ကိုယ်လုံးကို တိုးဝှေ့လွန်းလို့ ဘုရားအလောင်းတော်ရဲ့ တစ်ကိုယ်လုံးဟာ မီးကျီးတွင်း မီးကျီးပုံနဲ့အကင်ခံရသလိုလဲလွန်မင်းစွာ ပူလောင်ပါသတဲ့။

ဘုရားအလောင်းတော်ဟာ အဲဒီလို ဆင်းရဲနွမ်းကျင်လွန်းပူလောင်လွန်းတဲ့အတွက် စင်္ကြံလမ်းမှာ လဲကျပြီး မလှုပ်မယှက်နိုင်ဘဲ ဖြစ်နေရပါသတဲ့။

အဲဒီလို ဖြစ်နေပုံကိုမြင်ရတော့ အချို့နတ်တွေက "ရဟန်းဂေါတမသေသွားပြီ"လို့ ပြောကြသတဲ့။

အချို့နတ်တွေက "မသေသေးဘူး၊ သေလုနီးပါးဖြစ်နေပြီ"လို့ ပြောကြသတဲ့။

အချို့နတ်တွေကလဲ "သေတာလဲမဟုတ်ဘူး သေလုနီးပါးဖြစ်တာလဲ မဟုတ်ဘူး၊ ဒီလိုဖြစ်နေတာဟာ ရဟန္တာပုဂ္ဂိုလ်မြတ်ရဲ့ (ဝိဟာရ) နေခြင်းပဲ" လို့ပြောကြပါသတဲ့။

အဲဒီလို အပင်ပန်းခံပြီး အားထုတ်တဲ့အတွက်လဲ ဘုရားအလောင်းတော်မှာတော့ နည်းမှားနေလို့ ဉာဏ်ထူး တရားထူးကို မရသေးပါဘူး။

ဒါကြောင့် ဘုရားအလောင်းတော်ဟာ "အစာ အာဟာရကို လုံးဝဖြတ်ပြီး ကျင့်ရင်ကောင်းမှာပဲ"လို့ ကြံစည်မိတယ်။

အဲဒီအကြံကို သိတဲ့နတ်တွေက "အရှင်ဂေါတမ၊ အစာအာဟာရကိုတော့ လုံးဝမဖြတ်လိုက်ပါနဲ့ ဖြတ်လိုက်ရင် ကျွန်ုပ်တို့ အရှင်ရဲ့ကိုယ်တွင်းမှာ မွေးညင်းပေါက်ကနေပြီး နတ်သြဇာကို ထည့်သွင်းပေးကြရပါလိမ့်မယ်"လို့ ပြောကြသတဲ့။

ဒီတော့ ဘုရားအလောင်းတော်က "ငါက လုံးဝအစာမစားဘူးလို့လဲ ဝန်ခံနေမယ်၊ နတ်တွေက မွေးညင်းပေါက်ကနေ

ထည့်သွင်းပေးတဲ့ နတ်ဩဇာ အစာအာဟာရနဲ့မျှတနေမယ်ဆိုရင် လုံးဝမစားဘူးဆိုတဲ့ ငါ့ဝန်ခံချက်ဟာ လိမ်ရာရောက်လိမ့်မယ်” လို့ နတ်တွေကိုတားမြစ်တယ်။

ဘုရားအလောင်းတော်ဟာ အဲဒီလိုပယ်မြစ်ပြီးတော့ အစာ အာဟာရကို လျှော့ပြီး သုံးဆောင်တော်မူတယ်။

ဘယ်လောက်အထိလျှော့သလဲဆိုရင် ပဲပြုတ်ရည် တစ်လက် ဆွမ်းမျှ သောက်ရုံအထိ လျှော့ပါတယ်၊ အဲဒီလို အာဟာရ လျှော့သုံးဆောင်ပြီး ကျင့်ကြံအားထုတ်နေတဲ့ ဘုရားအလောင်း တော်မှာ အသား, အသွေး လျော့ပါးပြီး ပိန်ချုံးကျသွားတယ်၊ အရည် အကြော အရိုးမျှသာ ကျန်တော့တယ်၊ ကျောဆစ်ရိုး တွေဟာ အနိမ့်အမြင့်အဖုအထစ်တွေ ဖြစ်ပေါ်နေတယ်၊ ပုတီးလုံးလိုဖြစ်နေမှာပေါ့၊ နံရိုးများကလဲ ကျိုးတိုးကျဲတဲ ပေါ်နေတယ်၊ မျက်လုံးကလဲ ချိုင့်ပြီးဝင်နေလိုက်တာ ရေတွင်း ထဲကရေကို တွေ့မြင်နေရသလိုပါပဲတဲ့။

ဦးခေါင်းရေကလဲ ဘူးသီးနုနုရှုးပြီးနေလှမ်းထားသလို တွန့်ကျုံ့နေပါသတဲ့၊ ဝမ်းဗိုက်ကိုလက်နဲ့စမ်းကြည့်ရင် ကျောကို တွေ့ရတယ်၊ ကျောကိုစမ်းကြည့်ရင်လဲ ဝမ်းရေကိုတွေ့ရတယ်တဲ့၊ ကျင်ကြီးကျင်ငယ်စွန့်ဖို့ရာ အားထုတ်ရင်လဲ မှောက်လျက် လဲကျ သွားပါသတဲ့။

ဒါကို မြင်ရသူတစ်ချို့က အရှင်ဂေါတမဟာ အသား မည်းနက်တယ်လို့ ပြောကြသတဲ့၊ တစ်ချို့ကတော့ အသားအရောင်

ညိုတယ်လို့ပြောကြသတဲ့ ဟချို့ကတော့ "ငါးခူအဆင်း ရှိတယ်" လို့ပြောကြသတဲ့။

ဒါဟာ အစာအာဟာရ နည်းပါးတဲ့အတွက် ပကတိ ဝင်းဝါတဲ့ အရည်အဆင်းပါပျက်သွားလို့ပါပဲ၊ ဒီလိုနဲ့ အလောင်းတော်ရဲ့ ဒုက္ကရစရိယာအကျင့်ခရီးဟာ ၆-နှစ်ပင် ကြာမြင့်ခဲ့ပါပြီ၊ အဲဒီလို ဒုက္ကရစရိယာအကျင့်ကို ကျင့်လို့ ခြောက်နှစ်ကြာတော့ ဘုရားအလောင်းတော်မှာ ဒီလိုစဉ်းစား ဆင်ခြင်ဉာဏ် ပေါ်လာပါတယ်။

## လမ်းမှားကိုပစ်ပြီး လမ်းမှန်ကိုကြံသည်

ရှေးက သမဏ-ဗြဟ္မဏဆိုတဲ့ ရဟန်းသူမြတ်တွေဟာ ကိုယ့်ဟာကိုယ် ပင်ပန်းအောင်လုပ်ပြီး အလွန် အခံခက်တဲ့ အဆင်းရဲကို ခံစားခဲ့ကြတယ်ဆိုတာလဲ ငါယခု ခံစားရသလောက် ရှိမှာပဲ။

နောင်အနာဂတ်ကာလမှာ ရဟန်းသူမြတ်တွေ ကိုယ့်ဟာ ကိုယ် ပင်ပန်းအောင်လုပ်ပြီး ဆင်းရဲကို ခံစားကြမယ် ဆိုရင်လဲ ငါယခု ခံစားရသလောက်ရှိမှာပဲ။

ယခုပစ္စုပ္ပန်ခေတ်မှာ သမဏ- ဗြာဟ္မဏဆိုတဲ့ရဟန်း သူမြတ်တွေ ကိုယ့်ဟာကိုယ် ပင်ပန်းအောင်လုပ်ပြီး အလွန်အခံ ခက်တဲ့ ဆင်းရဲကို ခံစားနေကြတယ်ဆိုတာလဲ ငါ ယခုခံစားရ သလောက်ရှိမှာပါပဲ၊ ဒါထက်တော့ မပိုလွန်နိုင်ပေဘူး။

သို့သော်လဲ ငါဟာအလွန်ပြုကျင့်နိုင်ခဲ့တဲ့ ဒုက္ကရစရိယာ ခေါ်တဲ့ ဒီဒုက္ကရစရိယာအကျင့်ဖြင့် ပကတိလူတို့ရနိုင်တဲ့ ကုသိုလ် တရားထက် လွန်မြတ်သောကိလေသာတို့ကို ပယ်စွမ်းနိုင်တဲ့ အရိယာဉာဏ်အမြင်ထူးကို မရပါတကား။

"ဒီ ကိုယ်ပင်ပန်းအောင်ကျင့်တဲ့အကျင့်မှ တစ်ပါးသော အကျင့်လမ်းသည်သာလျှင် အမှန်ကိုသိရန်ဖြစ်လေသလော၊ အမှန်ကိုသိရန် အခြားတစ်ပါးသော အကျင့်လမ်းရှိလေသလော" လို့ ဘုရားအလောင်းတော်မှာ ဒီလိုအကြံဉာဏ်ဖြစ်ပေါ်တယ်။

ဒီလိုအကြံဉာဏ်ဖြစ်ပြီးတော့ ·သူငယ်ဘဝတုန်းက ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုနေစဉ်အခါမှာ သပြေပင်အောင်တွင် ပထမဈာန်ရပြီး ဝင်စားနေခဲ့ဖူးတာကို ပြန်လည်အမှတ်ရလာတယ်။

အမှတ်ရပုံကတော့ "အဲဒီပထမဈာန်အကျင့်လမ်းဟာ အမှန်ကို သိရန် ဖြစ်လေသလား"တဲ့။

အဲဒီလိုဆင်ခြင်ပြီးတော့ "ဤအာနာပါနဈာန်အကျင့် သာလျှင် တရားမှန်ကိုသိရန်အလို့ငှာ လမ်းမှန်ပေတည်း"လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

ပြီးတော့ ငါဟာ အဲဒီတုန်းက ဈာန်ချမ်းသာကို ရအောင် အားထုတ်ရမှာ ကြောက်သလားလို့ သူ့ဟာသူ မေးကြည့်တယ်။

ပြီးတော့ "ငါဟာ အဲဒီ အာနာပါနဈာန်ချမ်းသာကို ရအောင် အားထုတ်ရမှာ မကြောက်ပါဘူး"လို့လဲ ဖြေကြား ဆင်ခြင်မိတယ်။

## အစာလဲစား အားလဲရှိမှတရားအားထုတ်နိုင်မည်

"ဒီလိုပြောကြား စဉ်းစားပြီးတော့ အလွန်ပိန်ချုံးချိနဲ့ပြီး အားမရှိတဲ့ ဒီကိုယ်မျိုးကိုတော့ အဲဒီအာနာပါနစျာန်ကိုရအောင် အားထုတ်ရန် မစွမ်းနိုင်ဘူး၊ စားသုံးနေကျ ဆွမ်း, ဘောဇဉ် အာဟာရကြမ်းကို သုံးဆောင်မှ ကောင်းမှာပဲ၊ အဲဒီလိုသုံးဆောင်ပြီး အားအင်ပြည့်တဲ့အခါကျမှ အဲဒီအာနာပါနစျာန်ကိုရအောင် အားထုတ်နိုင်မယ်"လို့လဲ ဆင်ခြင်မိတယ်။

အဲဒီလိုဆင်ခြင်ပြီးတော့ ရှေးကသုံးဆောင်နေကျဆွမ်း ဘောဇဉ်အာဟာရကို ဆွမ်းခံပြီး ဘုဉ်းပေးတော်မူတယ်။

အစာဖြတ်ထားရာက ပြန်ပြီး စားရင်နူးနူးညံ့ညံ့အစာက စပြီး နည်းနည်းချင်းစားရတယ်၊ ဒါမှအစာအိမ်က လက်ခံကြေညက်စေနိုင်တယ်၊ ဒါကြောင့် အဲဒီလို နည်းနည်းချင်းက စပြီး သုံးဆောင်တာဖြစ်တယ်။

## ပဉ္စဝဂ္ဂီတို့ အထင်လွဲမှား ထွက်ခွာသွားကြသည်

အဲဒီလို ဘုရားအလောင်းတော်က အစာအာဟာရကောင်းကို ပြန်လည်ပြီး သုံးဆောင်တော့ ဝတ်ကြီး ဝတ်ငယ်ပြုစုရင်း အလောင်းတော်ရဲဘုရားအဖြစ်ကို စောင့်နေကြတဲ့ ပဉ္စဝဂ္ဂီတွေက အထင်အမြင်လွဲကြတယ်။

"ပဲပြုတ်ရည် တစ်လက်ဆွမ်းလောက်အထိ အစာအာဟာရကိုလျှော့ဖြတ်ပြီး ကျင့်တာတောင် ဉာဏ်ထူးတရားထူးကို မရခဲ့ဘူး၊

ယခု အစာအာဟာရကြမ်းတွေကို စားမြဲ စားသုံးနေရင်တော့ ဉာဏ်ထူး တရားထူးကို ရနိုင်မှာမဟုတ်ဘူး၊ တို့ဆရာက အပြင်းအထန်အားထုတ်တဲ့ ပဓာနအလုပ်ကထွက်ပြီး ပစ္စည်းလေးပါးများအောင် ဘုန်းကြီးအောင် လုပ်နေပြီ”လို့ အထင်လွဲကြတယ်။

ဒါကြောင့် ပဥ္စဝဂ္ဂီများဟာ ဘုရားအလောင်းတော်ကို စွန့်ခွာပြီး ဗာရာဏသီမြို့နယ် မိဂဒါဝုန် တောအုပ်မှာ သွားနေကြတယ်။

## အာနာပါနရှုနှာန်ကိုဝင်စားသည်

အဲဒီလို ပဥ္စဝဂ္ဂီတွေထွက်ခွာသွားကြတာဟာ အလောင်းတော်မှာ ကာယဝိဝေက ရပြီး တရားအားထုတ်ရန် အခွင့်သာခြင်းရဲ့ အကြောင်းဖြစ်တယ်။

ဘုရားအလောင်းဟာ ၂၉–နှစ်အရွယ်မှာ တောထွက်ခဲ့ပြီး ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့တာဟာ ၆–နှစ်ဆိုတော့ ယခုအခါ အသက်တော် ၃၅–နှစ်သာရှိသေးတယ်။

ဒီလို အရွယ်ကလဲ နုပျိုတုန်း၊ ပကတိကျန်းမာရေးကလဲ ကောင်းတုန်းမို့ ၁၅–ရက်လောက် ဆွမ်း, ဘောဇဉ်များကို ပြန်လည်သုံးဆောင်လိုက်တယ်ဆိုရင်ပဲ မူလကလိုပင် အသားအရေတွေက ပြန်လည်ပြည့်ဝလာတယ်။

အစာအာဟာရလျှော့ပြီးသုံးဆောင်စဉ်တုန်းက ပျောက်ကွယ်

သလိုဖြစ်ခဲ့တဲ့ ၃၂-ပါး သော လက္ခဏာတော်ကြီး၊ ၈၀- သော လက္ခဏာတော်ငယ်များလဲ ထင်ရှားပေါ်လွင်လာတယ်။

ဒီလိုအားရှိလာခဲ့တဲ့အခါမှာ ဘုရားအလောင်းတော်ဟာ အာနာပါနခေါ်တဲ့ ရှူရှိုက်လေကိုမှတ်ရှုပြီးတော့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ အင်္ဂါငါးပါးရှိတဲ့ ပထမဈာန်ကိုလဲ ဝင်စားပြီး ဈာန်ချမ်းသာဖြင့် နေခဲ့တယ်။

ထို့အတူ သုခ ဧကဂ္ဂတာဆိုတဲ့ ၂-ပါးရှိတဲ့ တတိယဈာန် ချမ်းသာ၊ ဥပေက္ခာ- ဧကဂ္ဂတာဆိုတဲ့ အင်္ဂါ ၂-ပါးရှိတဲ့ စတုတ္ထ ဈာန်တို့ကို ဝင်စားပြီး ဈာန်ချမ်းသာဖြင့်နေခဲ့တယ်။

## သေဌေးသမီးသုဇာတာ၏ နို့ဆွမ်းကို ၄၉-လုပ် ဘုဉ်းပေးသည်

အလောင်းတော်ဟာ အဲဒီလိုဈာန်လေးပါးကိုဝင်စားလျက် ဈာန်ချမ်းသာဖြင့် နေခဲ့ပြီးနောက် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့၊ နံနက်စောစောမှာ သေနာနိဂုံးရွာကြီးအနီး ပညောင်ပင်ကြီးအောက်မှာ ဆွမ်းခံသွားရန် အချိန်ကို ငံ့လင့်းရင်း ထိုင်နေတော်မူခဲ့တယ်။

အဲဒီအချိန်မှာ သေနာနိဂုံးရွာကြီးထဲက သေဌေးသမီး သုဇာတာက အဲဒီညောင်ပင်ကအရှင်ကြီးကို ပူဇော်ပသဖို့ရာ အမျိုးသမီးတစ်ယောက်ကို ညောင်ပင်ခြေရင်းကို သုတ်သင် ရှင်းလင်းရန် စေလွှတ်လိုက်တယ်။

အဲဒီအမျိုးသမီးက ဆွမ်းခံချိန်စောင့်ရင်း ထိုင်နေတော်မူတဲ့ ဘုရားအလောင်းတော်ကို တွေ့ရတော့ သူတို့ပူဇော်မည့် အရှင်ကြီးက ကိုယ်ထင်ပြပြီး အပူဇော်ခံရန်ထိုင်နေတယ်လို့ မှတ်ကာ သုဇာတာသေဌေးသမီးထံ အမြန်ပြန်ပြီး ပြောကြားတယ်။

သုဇာတာလဲ ဒီလိုကြားသိရတော့ ဝမ်းသာအားရနဲ့ နံနက်စောစောကပင် ပူဇော်ရန် ကျိုချက်ထားတဲ့ နို့ဆွမ်းကို တစ်သိန်းတန် ရွှေခွက်ထဲမှာထည့်ပြီး ရွှေခွက်နှင့်ပင် ဖုံးအုပ်ပြီးတော့ ယူလာပြီး အဲဒီတစ်သိန်းတန် ရွှေခွက်ပါ ဘုရားအလောင်းတော်ရဲ့လက်ထဲ ဆက်ကပ်လှူဒါန်းလိုက်တယ်။

"အကျွန်ုပ်၏ နှလုံးအလိုကို ပြည့်ဝပြည့်မြောက်သလို အသင့်အားလဲ ပြည့်ဝ ပြည့်မြောက်ပါစေ"လို့ ဆုမွန်ကောင်းလဲ တောင်းပြီး ပြန်သွားတယ်။

သူ့အလိုပြည့်ဝတယ်ဆိုတာကတော့ "အမျိုးဇာတိတူတဲ့ သူနဲ့ အိမ်ထောင်ကျပြီး သားဦးရတနာဖွားမြင်ပါစေ၊ အဲဒီဆုပြည့်စုံလျှင် ပူဇော်ပါ့မယ်"လို့ အဲဒီညောင်ပင်မှာ အပျိုစင်ဘဝက ဆုတောင်း ခဲ့တယ်။

အဲဒီဆုတောင်းပြည့်တဲ့အတွက် အဲဒီညောင်ပင်က နတ်အရှင်ကြီးကို ရည်ရွယ်ပြီး ပူဇော်တာပါပဲ၊ ဒါပေမယ့်၊ နောက်ကာလကျတော့ "ဘုရားအလောင်းတော်ဟာ အဲဒီ နို့ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားဖြစ်တော်မူတယ်" ဆိုတာသိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ အားရုံပြုပြီး အမြတ်ဆုံး ဒါနကုသိုလ်ဖြစ်သွားပါတယ်။

ဘုရားအလောင်းတော်ဟာ သုဇာတာသေဋ္ဌေးသမီးလှူတဲ့ ဆွမ်းကိုခံယူပြီး နေရဉ္ဇရာမြစ်သို့သွား၍ ရေချိုးတော်မူတယ်၊ ရေချိုးပြီးတော့ သုဇာတာလှူလိုက်တဲ့ နို့ဆွမ်းကို ၄၉-လုပ် ဘုဉ်းပေးတော်မူတယ်။

## သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်တော်မူပြီ

ဘုဉ်းပေးပြီးတော့ "ယနေ့ပင် ငါဗုဒ္ဓဘုရားအဖြစ်သို့ ရောက်မည်ဖြစ်လျှင် ရွှေခွက်ဟာ ရေစီးကြောင်းအထက် သန်တက်သွားပါစေ"လို့ အဓိဋ္ဌာန်ပြုပြီး ရွှေခွက်ကို နေရဉ္ဇရာမြစ်ထဲ မျှောလိုက်ပါတယ်။

ဒီအခါမှာ ရွှေခွက်ဟာ အရှိန်ပြင်းပြင်း ဒလဟော စီးဆင်းနေတဲ့ ရေစီးကြောင်းကို အတော်ကြာအောင်ဆန်တက်သွားပြီးတော့ ကာလနဂါးမင်း၏ နေရာသို့ နစ်မြုပ်ဝင်ပြီး ရှေးဘုရား ၃-ဆူ တို့ရဲ့ ရွှေခွက်များ အောက်၌ ဆက်လျက်တည်နေပါသတဲ့။

ဘုရားအလောင်းတော်ဟာ အဲဒီနေ့က တစ်နေ့လုံး အဲဒီ တောအရပ်မှာပဲ နေသန့်စင်ပြီးတော့ ညနေခင်းအချိန်မှာ ဗောဓိညောင်ပင်ကြီးရှိရာအရပ်သို့ ကြွချီတော်မူတယ်။

အဲဒီလိုကြွချီရာမှာ သောတ္ထိယဆိုတဲ့ မြက်ရိတ်သမားက မြေပေါ်မှာ ခင်းလိုင်ဖို့ရာ ဘုရားအလောင်းတော်အား မြက်ရစ်ဆုပ်ကိုလှူလိုက်တယ်။

ဘုရားအလောင်းတော်လဲ ဗောဓိပင်အောက် ရောက်တဲ့အခါ မြက်ရစ်ဆုပ်ကို အရှေ့မျက်နှာမှာ ဖြန့်ခင်းလိုက်တယ်၊ အဲဒီလို

ဖြန့်ခင်းပြီးတော့ "ဗုဒ္ဓဘုရားအဖြစ် ဗောဓိဉာဏ်သို့ မရောက်သေး မချင်း ဒီတင်ပျဉ်ခွေထိုင်ကို မဖျက်တော့ဘူး"လို့ အဓိဋ္ဌာန်ပြုပြီး အဲဒီမြက်ခင်းပေါ်မှာ အရှေ့အရပ်သို့ မျက်နှာမူလျက် တင်ပျဉ်ခွေပြီး ထိုင်တော်မူတယ်။

အဲဒီအခါ နောက်လိုက် စစ်သည်ဗိုလ်ပါများစွာနဲ့အတူ မာရ်နတ်က အဓိဋ္ဌာန်ပျက်ပြီး ဘုရားအဖြစ်သို့မရောက်နိုင်အောင် ရည်ရွယ်ချက်နဲ့ နေရာပလ္လင်ကိုလာပြီးလုတယ်။

ဘုရားအလောင်းတော်က ဒါနအစရှိတဲ့ ပါရမီတော်များ အစွမ်းအားဖြင့် နေမဝင်မီ မာရ်နတ်ကိုအောင်မြင်တော်မူတယ်။

အဲဒီလိုအောင်မြင်ပြီးတဲ့နောက် ဈာန်ဘာဝနာရဲ့ အစွမ်းဖြင့် ညဉ့်ဦးယံမှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူတယ်။

သန်းခေါင်းယံမှာ အနီးအဝေး အကြီးအသေး မြင်လိုရာကို မြင်စွမ်းနိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ကို ရတယ်။

မိုးသောက်ယံမှာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူပြီးနောက် ဉပါဒါနက္ခန္ဓာ ငါးပါးတို့ရဲ့ အဖြစ်အပျက်ကိုရှုမြင်တဲ့ ဝိပဿနာ ဉာဏ်ကိုပွားစေသဖြင့် အရိယာမဂ်ဉာဏ် လေးပါးကို အစဉ်အတိုင်း ရောက်ပြီး သမ္မာသမ္ဗုဒ္ဓ ဘုရား အဖြစ်သို့ရောက်တော် မူပါတယ်၊ ဒီလိုရောက်တော်မူတဲ့ အချိန်ဟာ မဟာသက္ကရာဇ်၁၀၃-ခု၊ ကဆုန်လပြည့်နေ့ ညဉ့်အလွန် တစ်ရက်နေ့ နံနက်အရုဏ်တက် လုလုအချိန်ပါပဲ။

ဒီလို ရည်ရွယ်ပြီးတော့ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက ခုနစ်နေ့ဘုရားရှိခိုးတွင် ဒီလိုရေးသားတော်မူ ခဲ့ပါတယ်။

"တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက ကဆုန်လပြည့်၊ ဆင်မင်း နေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတန်ထီးနှင့်၊ မည်းကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်း ပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော် သည့်၊ သုံးဖော်လူတို့၊ ငြိမ်းပါကို"တဲ့။

ဒီလို ဘုရားအဖြစ်သို့ရောက်ပြီးနောက် အဲဒီဗောဓိပလ္လင် ဌာနနှင့်တကွ ခုနစ်ပါးသော ဌာနတို့တွင် တစ်ဌာနလျှင် ခုနစ်ရက်စီ သီတင်းသုံးလျက် အရဟတ္တမဂ်ချမ်းသာကို ခံစားခြင်း, တရားတော်ကို ဆင်ခြင်တော်မူခြင်းတို့ဖြင့် ၄၉-ရက် ကုန်လွန် စေခဲ့တယ်။

## တရားဦးဟောရန် ကြွတော်မူသည်

ဒီလိုခုနစ်ဌာနမှာ ခုနစ်ရက်စီ ၄၉-ရက် စံတော်မူပြီးတဲ့အခါ ရက်-၅၀မြောက် ဝါဆိုလဆန်း ၆-ရက်နေ့မှာ ဗုဒ္ဓမြတ်စွာသည် အဇပါလ ညောင်ပင်အောက်သို့ ပြန်ကြွတော်မူတယ်။

မြတ်စွာဘုရားဟာ အဲဒီမှာထိုင်နေတော်မူရင်း "ဘယ်သူ့ အား ရှေးဦးစွာ တရားဦးဟောရပါမည်လဲ၊ ဘယ်သူဟာ ဒီတရားကို

လျင်မြန်စွာသိနိုင်ပါလိမ့်မလဲ”လို့ တရားဟောဖို့ရာ ဆင်ခြင်တော်မူတယ်၊ ဒီအကြံတော်ဟာ ဒီပင်္ကရာ စောမြတ်စွာ ခြေတော်ရင်းမှာ ဝပ်စင်းကော်ရော် ဗျာဒိတ်ပန်းခံယူတော်မူခဲ့တဲ့ သုမေဓာရှင်ရသေ့ဘဝတုန်းက–

၁။ ငါတစ်ဦးတည်း နိဗ္ဗာန်ကူးလို့ ဘာအကျိုးထူးမလဲ၊ ဗုဒ္ဓေါ ဗောဓေယျံ– ငါကိုယ်တိုင် သစ္စာလေးပါးအမှန်တရားကို ထိုးထွင်းသိသူ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ပြီးရင် လူနတ်ဗြဟ္မာ သတ္တဝါ ဝေနေယျအားလဲ သစ္စာလေးပါးကို သိအောင် ဟောကြားချွေချွတ်မယ်။

၂။ မုတ္တော မောစေယျံ– ငါသံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းသူ သဗ္ဗညုဘုရားဖြစ်ပြီးရင် လူ နတ်ဗြဟ္မာ သတ္တဝါ ဝေနေယျများအားလဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် သံသရာလွတ်လပ်ရေး တရားဆေးကို တိုက်ကျွေးဟောကြားချွေချွတ်မယ်။

၃။ တိဏ္ဏော တာရေယျံ– ငါကိုယ်တိုင်သံသရာရေယာဉ်ကြောကို ကူးမြောက်သူ သဗ္ဗညုဘုရားဖြစ်ပြီးရင် လူနတ်ဗြဟ္မာ ဝေနေယျအားလဲ သံသရာရေယဉ်ကြောကို ကူးမြောက်အောင် ကူးမြောက်ရေးတရားဆေးကို တိုက်ကျွေး ချွေချွတ်တော်မူမယ်ဆိုတဲ့ မူသုံးချက်ကို စတင်အကောင်အထည်ဖော်ထုတ်တဲ့ အကြံအစည်မြတ်ဖြစ်တယ်။

ဒီအခါမှာ “ကာလမအန္တယ် အာဋ္ဌာရရသေ့ဟာ ပညာရှိပဲ၊ တတ်သိတယ်၊ ဉာဏ်ထက်တယ်၊ ပညာမျက်စိမှာ ကိလေသာ

မြူမှုန်နည်းပါးနေတာကြာပြီ၊ အဲဒီ အာဠာရအား ရှေးဦးစွာ တရားဟောရရင် ကောင်းမှာပဲ၊ သူဟာ ဒီတရားကို လျင်မြန်စွာ သိလိမ့်မယ်”လို့ ပကတိစိတ်ထဲမှာ ပေါ်ပေါက်လာပါသတဲ့။

ဒီနောက် အာဠာရဟာ လွန်ခဲ့တဲ့ခုနစ်ရက်က ကွယ်လွန်သွားပြီးတော့ သူရထားတဲ့ ဈာန်ကုသိုလ်ရဲ့ အစွမ်းဖြင့် အာကိဉ္စညာယတနဆိုတဲ့ အရူပဘုံသို့ ရောက်နေကြောင်းကို သိမြင်တော်မူတယ်။

အဲဒီတော့ မြတ်စွာဘုရားက “ကာလာမော ကာလာမ အနွယ်ရှိသော၊ အာဠာရော–အာဠာရသည်၊ မဟာဇာနိယော– အများကြီးဆုံးရှုံးသွားပြီ”လို့ ညည်းညူတော်မူပါတယ်။

အဲဒီနောက် ရာမပုတ္တ– ဥဒကရသေ့အား တရားဦး ဟောရန် မြတ်စွာဘုရားက တစ်ဖန်ဆင်ခြင်တော်မူပါတယ်၊ ဒီတော့ ဥဒကရသေ့ဟာ ညဉ့်ဦးယံကမှ ကွယ်လွန်ပြီး သူရထားတဲ့ ဈာန်ကုသိုလ်ရဲ့ အစွမ်းဖြင့် နေဝသညာနာသညာယတနဘုံသို့ ရောက်နေကြောင်း သိမြင်တော်မူပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက “ရာမပုတ္တော– ရာမ၏သား (တပည့်ဖြစ်သော၊ ဥဒကော–ဥဒကရသေ့သည်၊ မဟာဇာနိယော– အများကြီးဆုံးရှုံးသွားရရှာပြီ”လို့ စိတ်ဖြင့် ညည်းညူတော်မူ ပြန်ပါတယ်။)

အဲဒီကနောက်ဘယ်သူကို တရားဦး ဟောရပါမည်လဲလို့ ဟောဖို့ဉာဏ်မှာ ပေါ်လာတယ်၊ သူတို့ရဲ့ နေရပ်ကို ဉာဏ်ဖြင့်

ကြည့်တော်မူတဲ့အခါ ဗာရာဏသီမြို့နယ်ထဲက မိဂဒါဝုန်ဆိုတဲ့ တောအရပ်မှာ နေကြတာကို မြင်တော်မူတယ်။

## မိဂဒါဝုန်ဒေသနာခရီးမှာ ဥပကကြီးနှင့်တွေ့သည်

အဲဒီလိုမြင်တော်မူတဲ့အခါ ဗာရာဏသီမြို့နယ် မိဂဒါဝုန်တောဆီကို ကြွချီတော်မူပါတယ်၊ အခြားဘုရားရှင်များ ကြွခဲ့သလို တန်ခိုးတော်နှင့် မကြွချီဘဲ၊ လမ်းခုလတ်မှာ ဥပကတက္ကတွန်းကြီးနှင့်တွေ့ပြီး မိန့်မြွတ်စရာရှိလို့ ခြေလျင်ပဲ ကြွချီတော်မူတယ်။

ရည်ရွယ်ချက်အတိုင်းပင် ဂယာသို့မရောက်မီ လမ်းခုလတ်မှာ ဥပကတက္ကတွန်းကြီးနှင့် ရင်ဆိုင်တွေ့ပါတယ်၊ တက္ကတွန်းဆိုတာ အဝတ်မဝတ်ဘဲကျင့်နေကြတဲ့ နာဋပုတ္တဆိုတဲ့ ဂိုဏ်းဆရာကြီးရဲ့ ဂိုဏ်းဝင်တပည့်တွေပါပဲ။

အဲဒီဥပကတက္ကတွန်းကြီးက မြတ်စွာဘုရားကို တွေ့မြင်ရတော့ "ငါ့ရှင် သင်ရဲ့ မျက်စိမျက်နှာ စတဲ့ဣန္ဒြေများ တကယ်ကြည်လင်ပါကလား၊ အရေအဆင်းကလဲ သန့်ရှင်းဖြူစင်ပါပေတယ်၊ ဘယ်ဆရာကို ရည်ရွယ်ပြီး ရဟန်းပြုခဲ့ပါသလဲ၊ သင့်ဆရာက ဘယ်သူပါလဲ၊ ဘယ်ဆရာရဲ့တရားကိုသင် နှစ်သက်သဘောကျပါလဲ"လို့ မေးပါတယ်၊ မြင်မြင်ချင်း ကြည်ညိုပြီး မေးတဲ့သဘောပါပဲ။

အဲဒီတော့ မြတ်စွာဘုရားက "ငါဟာ မျက်စိအဆင်းစတဲ့ တရားအားလုံးကို နိုင်နင်းသူဖြစ်တယ်၊ တရားအားလုံးကို အကုန်သိတယ်၊ ကပ်ငြိတွယ်တာမှုအားလုံးကင်းသူဖြစ်တယ်၊

တဏှာကုန်ရာ နိဗ္ဗာန်မှလွတ်မြောက်သူလဲဖြစ်တယ်၊ ကိုယ်ပိုင်ဉာဏ်နှင့် သိပြီးဖြစ်လို့ ဘယ်သူ့ကို ဆရာလို့ ညွှန်ပြနိုင်ပါမည်လဲ။

ငါ့အား လောကုတ္တရာတရားထူးကို ရရန်ညွှန်ပြတဲ့ဆရာမရှိပါ၊ ငါနှင့် ဂုဏ်ရည်တူသူမရှိပါ၊ နတ်လူဗြဟ္မာတွေထဲမှာ ငါနှင့်ရင်ဘောင်တန်း ဖက်ပြိုင်နိုင်သူမရှိဘူး” လို့ မြတ်စွာဘုရားက ဖြေကြားတော်မူတယ်။

ဒီတော့ ဥပကတက္ကတွန်းကြီးက “အရဟန္တ ဆိုတဲ့ ရဟန္တာတော့ ဖြစ်ပြီလား”လို့ ထပ်မေးပြန်တယ်။

ဒါကြောင့် မြတ်စွာဘုရားက ဒီလို မိန့်တော်မူပြန်ပါတယ်။

မိန့်ပုံက “လောကမှာ ငါသည်သာ တစ်ပါးတည်းသော ရဟန္တာဖြစ်ပေတယ်၊ ငါဟာ အမြတ်ဆုံးဆရာဖြစ်တယ်၊ ငါဟာ တစ်ဆူတည်းသော သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်တယ်၊ ကိလေသာမီးငြိမ်း၍ အေးချမ်းသူဖြစ်တယ်”တဲ့။

ဒီတော့ ဥပကတက္ကတွန်းက တစ်ဖန် “ဒါဖြင့်ဘယ်ကိစ္စအတွက် ဘယ်အရပ်ကြွမည်လို့ပါလဲ” လို့မေးပြန်ပါတယ်။

ဒီအခါမြတ်စွာဘုရားက “တရားစက်လည်ရန်အတွက်ကာ သိတိုင်းသူများရဲ့ ဗာရာဏသီမြို့သို့သွားနေတယ်၊ ပညာမျက်စိ မရှိလို့ အကန်းလိုဖြစ်နေကြတဲ့ လောကသားများထဲမှာ အသေကင်းကြောင်း ငြိမ့်ညောင်းသာကြည် အမြိုက်စည်ကြီးကို တီးခေါက်ပုံအလား တရားဟောကြားလိုက်ဦးမည်”လို့ မိန့်တော်မူပါတယ်။

ဒီတော့ ဥပကတက္ကတွန်းကြီးက "ငါ့ရှင်– သင်ဝန်ခံခဲ့တဲ့အတိုင်းဆိုရင် အဆုံးမရှိအောင်မြင်တဲ့ အနန္တဇိနကော ဖြစ်ထိုက်ပါသလား"လို့ မေးပြန်ပါတယ်။

ဒါကြောင့်မြတ်စွာဘုရားက "ငါလိုကိလေသာ တကယ်ကုန်တဲ့ပုဂ္ဂိုလ်သာလျှင် ဇိနမည်တယ်၊ ငါဟာ ယုတ်မာညစ်ကျုမကောင်းမှုကို အောင်မြင်အပ်ပြီးပြီ၊ ဒါကြောင့် ငါဟာဇိနမည်တယ်"လို့ မိန့်ကြားတော်မူရတယ်။

ဒီတော့ဥပကတက္ကတွန်းကြီးက "အာဝုသော–ငါ့ရှင်ဟုပေယျာပိ၊ သင်ဝန်ခံသည့်အတိုင်း ဟုတ်သော်လဲ ဟုတ်ပေရာ၏"လို့ ခေါင်းညိတ်ကာ ပြောပြောဆိုဆိုပင် မြတ်စွာဘုရားအားလမ်းဖယ်ပေးပြီး သူ့လမ်းသူဆက်သွားပါရောတဲ့။

အဲဒါကိုအထူးပြုစရာကောင်းတယ်၊ ဥပကဟာ ဘုရားအစစ်နဲ့ တွေ့နေရပါလျက်၊ သူ့ခမျာ ဘုရားမှန်းမသိရှာဘူး၊ မြတ်စွာဘုရား ကိုယ်တော်တိုင်က "ငါဟာ ဘုရားအစစ်ပဲ"လို့ ဝန်ခံမိန့်ကြားပါလျက်လဲ "ဘုရားအစစ်"လို့ သူကောင်းကောင်းမယုံနိုင်ရှာဘူး။

ဒါဟာ ဘာကြောင့်လဲဆိုရင် တက္ကတွန်းဂိုဏ်းရဲ့ မိစ္ဆာအယူဝါဒစွဲနေလို့ပါပဲ၊ ယခုအခါမှာလဲ နည်းမှားကိုစွဲယူ ထားသူများဟာနည်းမှန်ကိုကြားရပေမယ့် မယုံကြည်နိုင်ဘဲ ဖြစ်နေတတ်တယ်၊ နည်းမှန်အတိုင်းသာ ဟောပြောကျင့်ကြံနေသူများကိုလဲ အထင်အမြင်သေးပြီး မရှိမသေပြုတတ်ပြောတတ်ကြတယ်၊ အဲဒီလိုမမှားရအောင် အထူးသတိပြုဖို့ပါပဲ။

ဥပကဟာ မြတ်စွာဘုရားကို တစ်ထစ်ချ မယုံကြည်ပေမယ့် အတော်အတန် ယုံကြည်တဲ့ သဒ္ဓါတရားကိုတော့ ရသွားတယ်၊ ဒါကြောင့် သူနောင်ကာလမှာ မုဆိုးသမီးစာပါ (ဆာဝါ)နဲ့ အိမ်တောင်ကျပြီးတော့ သားတစ်ယောက်ရတဲ့အခါ ငြီးငွေ့ပြီး ဘုရားထံလိုက်လာတယ်၊ ဘုရားထံရောက်တော့ ရဟန်းပြုပြီး တရားကျင့်လို့ အနာဂါမ်ဖြစ်တယ်၊ ဒီနောက်ကွယ်လွန်တဲ့အခါ သုဒ္ဓါဝါသ အဝိဟာဘုံရောက်ပြီး မကြာခင် ရဟန္တာဖြစ်သွားတယ်။

ဒီလိုဖြစ်ပေါ်လာမည့် အကျိုးကိုမြော်မြင်တော်မူပြီးတော့ မြတ်စွာဘုရားက ဒီဥပကနှင့် တွေ့ရအောင် ခြေလျင်ကြွတော်မူကာ သူမေးသမျှကိုလဲ ဖြေကြားတော်မူပါတယ်။

## မိဂဒါဝုန်တောရဂုံဝယ်

ဒီလိုပြောဆိုဖြေကြားပြီးနောက် မြတ်စွာဘုရားကလဲ ဗာရာဏသီမြို့နယ် မိဂဒါဝုန်ဆီသို့ ကြွချီမြဲ ကြွလာတော်မူပါတယ်။

ခပ်လှမ်းလှမ်းမှ ဘုရားကြွလာတာကို ပဥ္စဝဂ္ဂီတို့က လှမ်းမြင်ကြတော့ သူကို့အချင်းချင်း ကတိကဝတ်ပြုကြတယ်၊ ပြုကြပုံကတော့ "ငါ့ရှင်တို့၊ ဟိုမှာ ရဟန်းဂေါတမ လာနေတယ်၊ သူဟာ အစာအာဟာရဖြတ်တဲ့ ပဓာနအကျင့်မှ ထွက်ပြီး လာဘ်လာဘများအောင် အားထုတ်နေတယ်၊ ဒါကြောင့် သူ့ကို မမိုခို ရဘူး၊ ခရီးဦးကြိုမပြုရဘူး၊ သူ့သပိတ်ကို လှမ်းမယူရဘူး၊

ဒါပေမယ့် သူကအမျိုးမြတ်တဲ့အတွက် နေရာတော့ အသင့်ထား ပေးရမယ်၊ သူထိုင်ချင်ရင်လဲ ထိုင်လိမ့်မယ်”လို့ ကတိကဝတ်ပြုကြ တယ်တဲ့။

ဒါပေမယ့် မြတ်စွာဘုရားရဲ့ ဘုန်းတန်ခိုးတော်ကြောင့် **တကယ်** အနီးရောက်တဲ့ အခါကျတော့ ပဥ္စဝဂ္ဂီတွေဟာ ကတိကဝတ်အတိုင်း မတည်နိုင်ကြဘူး၊ တစ်ပါးက ခရီးဦး ကြိုဆိုပြီး သပိတ်ကိုလှမ်းယူတယ်၊ တစ်ပါးက သင်္ကန်းကို လှမ်းယူတယ်၊ တစ်ပါးက နေရာခင်းပေးတယ်၊ တစ်ပါးက ခြေဆေးခုံ ပြင်ပေးတယ်၊ ဒါပေမယ့် သူတို့က မြတ်စွာ ဘုရားကို ခေါ်ဝေါ် ပြောနေကျအတိုင်း “ဂေါတမ”ဆိုတဲ့အမည်ရင်းဖြင့်ပဲ ပြောဆိုနေ ကြတယ်၊ “ငါ့ရှင်”ဆိုတဲ့ မရိုမသေပြောဆိုခြင်းဖြင့်လဲ ပြောဆို နေကြတယ်။

ဒီအခါ မြတ်စွာဘုရားက သူ့ကိုခင်းပေးတဲ့ နေရာမှာ ထိုင်ပြီးတော့ ဒီလိုမိန့်မြွက်တော်မူတယ်။

“ပဥ္စဝဂ္ဂီရဟန်းတို့၊ ရှေးဘုရားတို့နှင့် အလားတူဖြစ်တဲ့ ငါ့ကို (ဂေါတမ) ဆိုတဲ့အမည်နဲ့လဲမခေါ်ကြနဲ့၊ (ငါ့ရှင်) လို့လဲ မပြောကြနဲ့။

ရဟန်းတို့၊ ငါဟာ အရဟံ– ပူဇော်အထူးကို ခံထိုက်တဲ့ ဘုရားဖြစ်ပြီ၊ ရဟန်းတို့ ငါဟာ တထာဂတော– ရှေးဘုရားတို့နှင့် အလားတူဖြစ်ပြီ၊ သမ္မာသမ္ဗုဒ္ဓေါ– ကိုယ်တိုင်မှန်စွာသိတဲ့ ဘုရားဖြစ်ပြီ။

ရဟန်းတို့- နားထောင်ကြ၊ အမတမဓိဂတံ- ငါဟာ သေခြင်းကင်းတဲ့အမြိုက်နိဗ္ဗာန်ကို သိလာပြီ၊ ငါ နည်းပေးညွှန် ပြမယ်၊ တရားကို ငါဟောမယ်၊ ငါညွှန်ပြတဲ့အတိုင်း သင်တို့ ကျင့်ကြံရင် အမျိုးကောင်းသားတို့ ရဟန်း ပြုကျင့်ကြစဉ် (သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ စသည်) ရည်ရွယ်ရင်း အကျိုးဖြစ်တဲ့ အမြတ်ဆုံးအရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ဘဝ မကြာမီမှာပင် ကိုယ်ပိုင်ဉာဏ်ထူးဖြင့် မျက်မှောက်ထင်ထင် ရောက်ရှိရရှိနေကြမယ်" လို့ ရဲရဲတင်းတင်း ပွင့်လင်းလင်းကြီး ဝန်ခံလျက် မိန့်မြွက်တော်မူတယ်။

ဒီလို မိန့်တော်မူတာတောင် ပဉ္စဝဂ္ဂီတွေက မယုံကြည်ကြ သေးဘူး၊ "ဒုက္ကရစရိယာကျင့်စဉ်တုန်းက အစာအာဟာရ ဖြတ်ပြီး ကျင့်ခဲ့တာတောင် တရားထူးမရခဲ့ဘဲနဲ့ ယခု ပဓာနအကျင့်မှ ထွက်ပြီး လာဘ်လာဘပေါများအောင် လျော့ပေါ့စွာ ကျင့်ကြံ အားထုတ်နေမှ သင်ဟာဘယ်မှာ တရားထူးကိုရနိုင်မှာလဲ"လို့ ချေပ ပြောဆိုကြတယ်၊ ဒါလဲတရားမမြင်လို့ဘုရား မမြင်ကြတာပဲ။

ဒီအခါမြတ်စွာဘုရားက မဟာကရုဏာတော်ဖြင့် သနား တော်မူပြီး ဒီလို ကြောင်းကျိုးပြပြီး မိန့်တော်မူပါတယ်။

"ပဉ္စဝဂ္ဂီရဟန်းတို့ ငါဘုရားဟာပစ္စည်းလာဘ်ပေါများ အောင် အားထုတ်နေတာလဲမဟုတ်ဘူး၊ ကိလေသာကို ငြိမ်းစေနိုင်တဲ့ ပဓာနအကျင့်မှန်မှ ထွက်လာတာလဲ မဟုတ်ဘူး။ ပစ္စည်းများရေးအတွက် ပြန်လည်ကျင့်တာလဲ မဟုတ်ဘူး၊ ငါဟာ

အရဟံ– ဘုရားဖြစ်ပြီ၊ တထာဂတ–ဘုရားဖြစ်ပြီ၊ သမ္မာသမ္ဗုဒ္ဓ–ဘုရားဖြစ်ပြီ၊ နားထောင်ကြ၊ အသေကင်းတဲ့တရားကို ငါဟောမယ်၊ စသည်ဖြင့် ပထမက ပြောခဲ့တဲ့အတိုင်း မိန့်တော်မူပါတယ်။

ဒုတိယအကြိမ်လဲ ပဉ္စဝဂ္ဂီတွေဟာ မသိရှာကြလို့ မပြောသင့်တာတွေကို ပြောဆိုနေကြတာပဲလို့ သိမြင်သနားတော်မူပြီး တတိယအကြိမ်လဲ နည်းတူပင် ကြောင်းကျိုးပြပြီး မိန့်တော်မူပါတယ်။

အဲဒါလဲ ပဉ္စဝဂ္ဂီတွေကတော့ မယုံကြည်ကြသေးပဲ ပြန်လည်ချေပပြီး ငြင်းဆန်နေကြတာပဲ။

အဲဒီတော့ မြတ်စွာဘုရားက "ပဉ္စဝဂ္ဂီရဟန်းတို့– သင်တို့စဉ်းစားကြလော့၊ ငါနှင့် သင်တို့ဟာ ယခုမှ တွေ့ကြရတာမဟုတ်ဘူး၊ ဒုက္ကရစရိယာအကျင့်ကို ကျင့်နေတုန်းက သင်တို့ဟာ ၆–နှစ်ပတ်လုံး ဝတ်ကြီး ဝတ်ငယ်ပြုစုပြီး ငါနှင့်အတူနေလာခဲ့ကြတာပဲ။

အဲဒီတုန်းကများ သင့်တို့အား ငါယခုပြောကြားခဲ့တဲ့စကားမျိုးကို ပြောကြားဖူးပါသလား"လို့ စဉ်းစားဖို့အရေး မေးခွန်းထုတ်တော်မူလိုက်ပါတယ်။

ဒီတော့မှ ပဉ္စဝဂ္ဂီတွေကလဲ အမှန်ကိုစဉ်းစားမိပြီး ယုံကြည်လာကြတယ်၊ ဒါကြောင့် "ဟိုရှေးရှေးတုန်းက ဒီလိုမပြောခဲ့ဖူးပါဘူးဘုရား"လို့ ရိုသေစွာဖြေကြားကြတယ်။

အဲဒီအခါ မြတ်စွာဘုရားက "ရဟန်းတို့ ငါဟာ အရဟံ–ပူဇော်ခံထိုက်တဲ့ ဘုရားဖြစ်လာပြီ၊ သမ္မာသမ္ဗုဒ္ဓေါ–ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်လို့ အဟုတ်သိလာတဲ့ဘုရားဖြစ်လာပြီ။

နားထောင်ကြ၊ သေခြင်းကင်းတဲ့အမြိုက်နိဗ္ဗာန်တရားမှန်ကို ငါသိလာပြီ၊ ငါနည်းပေးလမ်းညွှန်ပြမယ်၊ ငါတရားကိုဟောမယ်၊ ငါညွှန်ပြတဲ့အတိုင်း သင်တို့သိကြရင် အမျိုးကောင်းသားတို့ ရဟန်းပြုစဉ်က ရည်ရွယ်ရင်း အကျိုးဖြစ်တဲ့ အကျင့်လမ်းဆုံး အမြတ်ဆုံး အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ဘဝမကြာမီပင် ကိုယ်ပိုင်ဉာဏ်ထူးနဲ့ မျက်မှောက်ပြုလျက် ရောက်ရှိနေကြရမယ်" လို့ ထပ်မံဝန်ခံတော်မူရတယ်။

## ဓမ္မစကြာတရားတော်

ဒီတော့မှ ပဉ္စဝဂ္ဂီရဟန်းတွေလဲ ဘုရားဟောမည့်တရားကို နာကြားလိုတဲ့ စိတ်ထက်သန်စွာနဲ့ ရိုသေစွာနဲ့ နားထောင်နေကြပါတယ်၊ သိနားလည်ဖို့ရာ စိတ်စောနေကြပါတယ်။

အဲဒီနှစ်ဟာ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်ဖြစ်တယ်၊ အဲဒီနေ့ဟာ နွေမိုးကူးစ ဝါဆိုလပြည့်နေ့ဖြစ်တယ်၊ အချိန်ကတော့ နေဝင်လကွယ် ရောင်စုံယှက်တဲ့အချိန်ပေါ့၊ ဝင်လုခါနီး နေဝန်းကြီးကလဲ နီနီရဲရဲပတ္တမြားခဲပတ္တမြားလုံးကြီးပမာအနောက် ဂေါယာဆီမှာ အနီရောင်ဖြာထွက်နေတယ်၊ အရှေ့လောကဓာတ်ဆီက ဝါဝါဝင်းဝင်း လမင်းကြီးကလဲ ရွှေရောင်တစ်လက်လက် အရောင်ထွက်နေတယ်၊ မြတ်စွာဘုရားအား ပူဇော်တဲ့အနေ– တရားဦးကိုလဲ ပူဇော်တဲ့အနေနဲ့ လောကဓာတ်တစ်ခွင်လုံးတွင် ပန်းမျိုးစုံတွေကလဲ ပွင့်ဖူးမွှေးကြိုင်နေပါတယ်၊ ဘုရားရှင်ရဲ့ ၃၂–ပါးသော လက္ခဏာ

တော်ကြီးများနှင့် ၈၀–သော လက္ခဏာတော်ငယ်တွေကလဲ သပ္ပာယ်ထူးထွေ အနန္တကျက်သရေနှင့် ပြည့်စုံနေပါတယ်။

တရားနာပရိသတ်ကတော့ လူသားထဲက ပဉ္စဝဂ္ဂီငါးဦးသာ ရှိပါတယ်၊ ဗြဟ္မာတွေကတော့ ၁၈ ကုဋေရှိပြီး နတ်တွေကတော့ ကုဋေကုဋာ မရေသာဘူးတဲ့။

ဒီအခါမှာ နတ်ဗြဟ္မာတွေရဲ့ ကိုယ်ရောင်ကိုယ်ဝါတွေကလဲ ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေမှာပါပဲ။

ဒီလို နေရောင်လရောင် နတ်ဗြဟ္မာအရောင်နှင့် ဗုဒ္ဓရောင်ခြည်ပေါင်း စုံညီလို့ စိရရီပန်းပွင့် ထူးတင့်ကျက်သရေ ရွှန်းရွှန်းဝေတဲ့ အချိန်မြတ်မင်္ဂလာမှာ ဗုဒ္ဓမြတ်စွာက–

"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ" အစချီတဲ့ ဓမ္မစကြာတရားတော်ကို စတင်ဟောတော်မူပါတယ်။

ဒီတရားတော်ရဲ့လိုရင်းကတော့ "ကာမချမ်းသာ၊ သုံးဆောင်တာ၊ ပယ်ခွာရှောင်ရမည်"ဆိုတဲ့ ကာမဂုဏ်ချမ်းသာကို သုံးဆောင်ရုံ ကာမသုခလ္လိကာ နုယောဂအကျင့်ကို ကျင့်ရုံနဲ့လဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တဲ့ဂုဏ်ထူး တရားထူးကို မရနိုင်ဘူး။

"မသုံးဆောင်ဘဲ ကိုယ်ညှဉ်းဆဲ၊ ဒါလဲရှောင်ရမည်"ဆိုတဲ့ သုံးဆောင်သင့်သုံးဆောင်ထိုက်တဲ့ အစားအသောက်အနေအထိုင် များကို လုံးဝမသုံးဆောင်ဘဲနဲ့ သစ္စာလဲမမြင်မဂ္ဂင်လဲမပါဘဲနဲ့

ကိုယ့်ကိုယ်ကို ဆင်းရဲအောင်ညှဉ်းဆဲတဲ့ အတ္တကိလမထာနုယောဂ အကျင့်ကို ကျင့်ရုံနဲ့လဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တဲ့ ဉာဏ်ထူး တရားထူးကို မရနိုင်ဘူး။

"အစွန်းနှစ်သွယ်၊ လမ်းမှားဖယ်၊ အလယ်လမ်းမှန်သည်" ဆိုတဲ့ ရှစ်ဖြာမဂ္ဂင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်မှသာလျှင် သံသရာဝဋ်ဆင်းရဲက လွတ်မြောက်တဲ့ဉာဏ်ထူး တရားထူးကို ရနိုင်တယ်။

အဲဒီမဇ္ဈိမပဋိပဒါ လမ်းမှန်ဆိုတာ–

၁။ ဆင်းရဲအစစ်အမှန် ဒုက္ခသစ္စာကို ပိုင်းခြားသိအောင်၊

၂။ ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်သမုဒယသစ္စာကို ပယ်နိုင်အောင်၊

၃။ ဆင်းရဲငြိမ်းရာအစစ်အမှန် နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်အောင်၊

၄။ အဲဒီဒုက္ခသမုဒယတွေငြိမ်းရာ နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း ရောက်ကြောင်းရကြောင်း အစစ်အမှန်ဖြစ်တဲ့ မှန်စွာမြင်ခြင်း မှန်စွာကြံခြင်း မှန်စွာပြောခြင်း မှန်စွာပြုခြင်း မှန်စွာအသက်မွေးခြင်း မှန်စွာအားထုတ်ကြောင့်ကြစိုက်ခြင်း၊ မှန်စွာအမှတ်ရခြင်း မှန်စွာစူးစိုက်တည်ကြည်ခြင်းဆိုတဲ့ မဂ္ဂသစ္စာကို ပွားခြင်းပါပဲ။

အဲဒီမှာစကြာတရားတော်နှင့် ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ သိလိုရင်တော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူတဲ့ "ဓမ္မစကြာတရားတော်ကြီး" စာအုပ်ကိုသာ ကြည့်ကြပေတော့။

## ပဉ္စဝဂ္ဂီရဟန်းတော်များ ရဟန္တာဖြစ်တော်မူကြသည်

အဲဒီဓမ္မစကြာတရားတော်အဆုံးမှာ တရားနာရင်း ရှုမှတ်နလုံးသွင်းလို့ ပဉ္စဝဂ္ဂီရဟန်းငါးဦးထဲက အရှင်ကောဏ္ဍညဟာ ဝိပဿနာဉာဏ်တွေ ပြည့်စုံပြီး သောတာပန်ဖြစ်သွားတယ်၊ ဒီတော့ ရသေ့ရဟန်းအဖြစ်မှ သာသနာ့ဝင်ရဟန်းအဖြစ် တောင်းပန်တယ်၊ ဒီတော့ မြတ်စွာဘုရားဟာ "ဧဟိ ဘိက္ခု" ခေါ်တော်မူတယ်၊ ဒီနောက် မြတ်စွာဘုရား ကိုယ်တော်တိုင် စောင့်ရှောက်ပြီး အဲဒီ ပဉ္စဝဂ္ဂီရဟန်းတော်များအား တရားကို ဆက်လက်ဟောပြ စောင့်ရှောက်တော်မူပါတယ်။

ပဉ္စဝဂ္ဂီရဟန်းတော်များဟာ နှစ်ပါးတလဲ သုံးပါးတလဲ ဆွမ်းခံပြီး ဘုရားပါ အားလုံးဆွမ်းဘုဉ်းပေးလို့ တရားနာ နလုံးသွင်း အားထုတ်ကြတယ်။

ဒီလို ဓမ္မစကြာသုတ်တော်လာတဲ့ မဂ္ဂင်ရှစ်တန်ကျင့်လမ်းမှန်များကို ဆက်လက်အားထုတ်ကြရင်း ဝါဆိုလပြည့်ကျော် ၁–ရက် နေ့မှာ အရှင်ဝပ္ပဟာ သောတာပန်ဖြစ်တယ်၊ ရဟန်းအဖြစ် တောင်းပန်လို့ ဧဟိဘိက္ခုဖြင့် ရဟန်းပြုတယ်၊ အဲဒီ ၂–ရက်နေ့မှာ အရှင်ဘဒ္ဒိယ၊သောတာပန်ဖြစ်တယ်၊ ၃–ရက်နေ့မှာ အရှင်မဟာနာမ် သောတာပန်ဖြစ်ပြီး ရှေးနည်းအတိုင်း ဧဟိဘိက္ခု

ဖြစ်တယ်၊ ဝါဆိုလပြည့်ကျော် ၄–ရက်နေ့မှာ အရှင်အဿဇိ သောတာပန်ဖြစ်ပြီး ရှေးနည်းအတိုင်း ဧဟိဘိက္ခု ဖြစ်ကြတယ်။

ဝါဆိုလပြည့်ကျော် ၅–ရက်နေ့မှာတော့ ပဥ္စဝဂ္ဂီရဟန်း ငါးပါးလုံးအား မြတ်စွာဘုရားက အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူတယ်။

အဲဒီမှာလဲ တရားနာရင်း ရှု့မှတ်နှလုံးသွင်းကြလို့ တရား အဆုံးမှာ ပဉ္စဝဂ္ဂီရဟန်းတော် ငါးပါးလုံး ကိလေသာကုန်ခန်း ရဟန္တာဖြစ်ကြတယ်။

ဒီနောက် ဗာရာဏသီပြည်က ဂဏောနဲ့ဆွမ်းကပ်လှူဖူးသော သူဌေးကတော် သုဇာတာရဲ့သားတော် ယသအမှူးရှိတဲ့ သူငယ်ချင်း ၅၅–ယောက်တို့လဲ မြတ်စွာဘုရားထံသို့ အသီးသီးရောက်ရှိ လာကြတယ်။

မြတ်စွာဘုရားကလဲ ၁– ဒါနကထာ–ဒါနနှင့်စပ်သော တရားစကား၊ ၂– သီလကထာ သီလနှင့်စပ်သောစကား၊ ၃– သဂ္ဂ ကထာ– နတ်ရွာသုဂတိနှင့်စပ်သောစကား၊ ၄– မဂ္ဂကထာ– 'မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့် စပ်သောတရားစကား တို့ကို အစဉ်အတိုင်း ဟောကြားတော်မူ ပါတယ်။

အမှတ် ၄– မဂ္ဂကထာတွင် ကာမာနံ အာဒီနဝကထာ– ကာမဂုဏ်ချမ်းသာတို့ရဲ့ အပြစ်ကိုပြသော တရားစကားနှင့် နေက္ခမ္မအာနိသံသကထာ– ထိုကာမဂုဏ်တို့မှထွက်မြောက်ရာ

ရဟန်းအဖြစ်မှ စပြီး နိဗ္ဗာန်တိုင်အောင်သော နေကမ္မတရား အကျိုးအာနိသင်ကို ဖော်ပြတဲ့ စကားများလဲ ပါဝင်ပါတယ်။

အဲဒီတရားတော်များကို နာကြားရှုမှတ် နှလုံးသွင်းကြရလို့ ယသ–အမှူးရှိတဲ့ သေဋ္ဌေးသား ၅၅–ယောက်တို့လဲ သောတာပန် ဖြစ်ကြပြီး မြတ်စွာဘုရားထံ ရဟန်းအဖြစ် တောင်းပန်ကြတယ်။ မြတ်စွာဘုရားကလဲ "ဧဟိ ဘိက္ခု"ဖြင့် ရဟန်းပြုပေးတော်မူတယ်၊ ဒီနောက် ဆက်လက်ဟောကြားတဲ့တရားတော်များ နာကြားရင်းပင် သူတို့လဲ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူကုန်ကြတယ်၊ ဒီမှာ ယသရဲ့မိခင်နှင့် ဇနီးဆိုတဲ့ မိသားစုများလဲ ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားထူးကို ရကြပါသေးတယ်။

ယခုပြောခဲ့တဲ့ ပဉ္စဝဂ္ဂီရဟန္တာငါးပါးရယ်၊ ယသအမှူးရှိတဲ့ သူဌေးသား ၅၅–ယောက်ရဟန္တာများရယ်၊ ပေါင်းရဟန္တာ ၆၀– နှင့်အတူ မြတ်စွာဘုရားရှင်ဟာ ဗာရာဏသီပြည် ဣသိပတန အမည်ရတဲ့ မိဂဒါဝုန်တောမှာပင် ပထမဝါကို ဆိုတော်မူပါတယ်။

## ပထမဝါကျွတ်စ မြတ်ဗုဒ္ဓရဲ့သာသနာပြုမိန့်ခွန်း

မြတ်စွာဘုရားဟာ တစ်ဝါကင်းလွတ်သီတင်းကျွတ်တဲ့အခါ တပည့်ရဟန္တာ ၆၀ ကိုခေါ်တော်မူပြီး ဒီလိုသာသနာပြုမိန့်ခွန်းကို မိန့်ကြားတော်မူပါတယ်။

"ရဟန်းတို့၊ ငါဘုရားဟာ နတ်လူအာရုံ ကာမဂုဏ်လောဘ တဏှာကျော့ကွင်း အားလုံးတို့မှ ကင်းလွတ်ခဲ့လေပြီ၊ ရဟန်းတို့–

**သင်တို့လဲ နတ်လူအာရုံ ကာမဂုဏ်လောဘတဏှာ ကျော့ကွင်းအားလုံးတို့မှ** ကင်းလွတ်ခဲ့ကြလေပြီ။

ရဟန်းတို့- သင်တို့သည် များစွာကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့၏ လောကီ လောကုတ္တရာချမ်းသာစီးပွား ကောင်းကျိုးတရားဖြစ်ပွားစေရန် ဒေသစာရီ လှည့်လည်ကြကုန်လော့။

လမ်းတစ်လမ်း၌ ရဟန်းနှစ်ပါးပေါင်း၍ သွားသော် တစ်ပါးက တရားဟောလျှင် ကျန်တစ်ပါးကအလကား ထိုင်နေရမည်ဖြစ်သောကြောင့် လမ်းတစ်ကြောင်း၌ ရဟန်းနှစ်ပါးပေါင်း၍ မသွားကြကုန်လင့်။

ရဟန်းတို့-သင်တို့သည် အစ အလယ် အဆုံးသုံးပါးအစုံကောင်းခြင်းဂုဏ်နှင့် ပြည့်စုံလျက် အနက်သဒ္ဒါပုဒ်ပါဌ် အက္ခရာနှင့်လည်း ပြည့်စုံသောတရားကို ဟောကြားကြကုန်လော့။

အပိုအလိုမရှိ ထက်ဝန်းကျင်ပြည့်စုံသော ဒုစရိုက်အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော သီလ သမာဓိ ပညာ သုံးပါး သိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်ကို နတ်လူတို့ အား ထင်ရှားပြကြကုန်လော့။

"ရဟန်းတို့-ပညာမျက်စိမှာ ကိလေသာမြူမှုန် နည်းပါးကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့သည် များစွာရှိကြကုန်၏။ **ထိုသူအများ** တရားမနာကြားရလျှင် မဂ်ဖိုလ်တရား အထူးကိုရခြင်းမှ ဆုံးရှုံးနစ်နာကြကုန်မည်၊ တရားအချက် သဘောနက်ကို ပြက်ပြက်ထင်ထင် နားလည်သိမြင်ကြမည့်သူ နတ်လူတို့သည်လည်း အထင်အရှား ပေါ်ပေါက်လာကြပေမည်။

ရဟန်းတို့- ငါဘုရားသည်လည်း ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချွတ်ချွတ်ရန် တရားဟောရန် ဥရုဝေလတော အရပ်ရှိရာ သေနာနိဂုံးသို့ ကြွတော်မူပေဦးမည်။

မြတ်စွာဘုရားက တပည့်ရဟန္တာအမာခံခြောက်ကျိပ်တို့အား ဒီလိုသာသနာပြုခရီးထွက်ရန် တိုက်တွန်းမိန့်မြွက်ကော်မူခဲ့ပါတယ်၊ ကိုယ်တော်တိုင်လဲ သာသနာပြု ကြွချီတော်မူပါတယ်။

ဒီလိုကိုယ်တော်တိုင်လဲ ဒေသစာရီကြွချီသာသနာပြုတော်မူသလို တပည့်များအားလည်း သာသနာပြုဒေသစာရီ လှည့်လည် တိုက်တွန်းတော်မူခဲ့တဲ့ မိန့်ခွန်းတော်ဟာလဲ သုမေဓာရသေ့ဘဝတုန်းက ဒီပင်္ကရာစာမြတ်စွာရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းပြီးတော့-

ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ၊ အကြံသုံးပါး အရင်းထား၍ ဘုရားဖြစ်ရန် ဆုထူးပန်တော်မူခဲ့စဉ် တုန်းက မူသုံးချက်ကို အင်နဲ့အားနဲ့ ထပ်ဆင့်အကောင်အထည် ဖော်တော်မူတဲ့ မွန်မြတ်သော လမ်းစဉ်မိန့်ခွန်း ဖြစ်ပါတယ်။

## ဗုဒ္ဓကိစ္စငါးပါး

ဒီလိုအကောင်အထည်ဖော်တဲ့နေရာမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ တစ်လောကလုံးတွင် အလုပ်အလုပ်ဆုံးအဖြစ် စံချိန်တင် ရပါတယ်၊ ၂၄-နာရီခေါ်တဲ့ တစ်နေ့နှင့် တစ်ညအတွင်းမှာ

တစ်နာရီကျော်ကျော်မျှသာ ကျိန်းစက်နားနေတော်မူခဲ့ပါတယ်။

အဲဒီ ဗုဒ္ဓမြတ်စွာဘုရားရဲ့ တစ်ရက်အလုပ်ကို ကျမ်းဂန်များမှာ အချိန် ငါးပိုင်းပိုင်းပြီး ပြဆိုထားပါတယ်၊ အဲဒါဗုဒ္ဓကိစ္စ ၅-ပါး လို့ခေါ်ပါတယ်။

## ဗုဒ္ဓကိစ္စငါးပါးဆိုတာ

၁။ နံနက်ပိုင်း ဆွမ်းကိစ္စပြီးသည့်တိုင်အောင်ပြုရတဲ့ ပုရေဘတ္တကိစ္စတစ်ပါး။

၂။ ဆွမ်းကိစ္စပြီးသည့်နောက် နေ့ခင်းပိုင်းမှာ ပြုရတဲ့ ပစ္ဆာဘတ္တကိစ္စတစ်ပါး။

၃။ ညနေချမ်းနှင့် ညဉ့်ဦးယံမှာပြုရတဲ့ ပုရိမယာမ ကိစ္စတစ်ပါး။

၄။ ညဉ့်အလယ်ပိုင်းမှာ ပြုရတဲ့ မဇ္ဈိမယာမကိစ္စတစ်ပါး။

၅။ ညဉ့်ရဲ့နောက်ဆုံးပိုင်း မိုးသောက်ယံမှာ ပြုရတဲ့ မဇ္ဈိမယာမကိစ္စက တစ်ပါး။ ပေါင်း ငါးပါးရှိပါတယ်။

### ၁။ ပုရေဘတ္တကိစ္စ

ဒီငါးပါးထဲမှာ- ၁။ ပုရေဘတ္တကိစ္စဆိုတာ နံနက်ပိုင်းဆွမ်းခံကိစ္စပြီးသည့်တိုင်အောင် နေ့စဉ်ဆောင်ရွက်တော်မူရတဲ့ကိစ္စပါပဲ။

ဆောင်ရွက်တော်မူပုံကတော့ မြတ်စွာဘုရားဟာ နံနက်စောစောပိုင်းမှာ ညအလုပ်အကျွေးပုဂ္ဂိုလ်က ဆက်ကပ်တဲ့ မျက်နှာသစ်ရေ တံပူတို့ကို ခံယူပြီး မျက်နှာသစ်တော်မူတယ်။

အဲဒီနောက် ဆွမ်းခံချိန်တိုင်အောင် ဆိတ်ငြိမ်ရာအရပ်မှာ သီတင်းသုံးတော်မူတယ်၊ ဆွမ်းခံချိန်ရောက်တဲ့အခါ သင်္ကန်း များကို သပ္ပာယ်စွာ ပြုပြင်ဝတ်ရုံပြီးတော့ တစ်ခါတစ်ရံ တစ်ပါးတည်း၊ တစ်ခါတစ်ရံမှာ သံဃာတော်များနှင့်တကွ မြို့ရွာနိဂုံးများသို့ ဆွမ်းခံကြွတော်မူတယ်။

တစ်ခါတစ်ရံ တန်ခိုးမပြဘဲ ရိုးရိုးကြွတော်မူတယ်၊ တစ်ခါတစ်ရံ တန်ခိုးပြာဋိဟာတွေ ပြပြီးကြွတော်မူတယ်။

ဘယ်လိုတန်ခိုး ပြာဋိဟာတွေလဲဆိုရင် မြတ်စွာဘုရား ကြွတော်မူမည့်လမ်းကို လေပြည်လေညင်းတွေက တိုက်ခတ်ပြီး သုတ်သင်ရှင်းလင်းပေးတယ်၊ မိုးတိမ်တွေက မိုးရေမှုံးပေါက်တွေကို ရွာချပြီး ဆွတ်ဖျန်းပေးတယ်၊ အဲဒီလိုမိုးရေဆွတ်ဖျန်းပြီး မြူမှုန်တွေကို ငြိမ်သက်စေသည့်ပြင် မြတ်စွာဘုရားရဲ့အထက်မှ ဗိတာန်မျက်နှာကြက်သဖွယ်ဖြစ်ပြီးတော့လဲ လိုက်ပါနေတယ်၊ အခြားလေတွေက ပန်းတွေကို တိုက်ခတ်ဆောင်ယူလာပြီးတော့ လမ်းတစ်လျှောက်မှာ ဖြန့်ကြဲပြီးခင်းကြတယ်၊ မြေပြင်မှာ မြင့်မောက်တဲ့ နေရာတွေကနိမ့်ပြီး ချိုင့်တဲ့နေရာတွေကလဲ မြင့်တက်လာကာ ညီညွတ်နေတယ်၊ ဆူးငြောင့်ခလုတ်ကျင်းချိုင့် တွေလဲမရှိဘဲ၊ လမ်းဟာတစ်ပြင်လုံး ချောပြီးညီညာနေတယ်၊ ညီညာရုံတင်တောင်မဟုတ်သေးဘူး၊ ခြေတော်နင်းချလိုက်တဲ့ အခါ နူးညံ့ချောညက်တဲ့ကြာပန်းသေည်က ခံလျက်ခံလျက် ဖြစ်နေတယ်။

ရွှေတံခါးမြို့တံခါးပေါက်ကဝင်မိသည်နှင့် တစ်ပြိုင်နက် ညိုသောရောင်ခြည်တော်၊ ဝါရွှေသောရောင်ခြည်တော်၊ နီးမြန်းသောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်၊ အနီနှပန်းရောင်ရှိတဲ့ မောင်းသောရောင်ခြည်တော် ပြိုးပြိုးပြက်ပြက် တလက်လက်တောက်ပသော ရောင်ခြည်တော်ဆိုတဲ့ ဒီရောင်ခြည်တော်ခြောက်သွယ်က ကိုယ်တော်မှထွက်ပေါ်လာကြပြီး ထိုထိုအရပ်သို့ ပြေးသွားကြတယ်၊ ယခုကာလ မီးရောင်စုံနဲ့ ဆလိုက်ထိုးထားသလို နေမှာပေါ့။

ဆင်မြင်းငှက် စသည်တို့ကလဲ သူတို့နေရာမှာ နေရင်းသာယာတဲ့အသံနဲ့မြည်နေကြတယ်၊ စောင်း၊ သရော၊ ဗုံစတဲ့ တူရိယာတွေကလဲ မတီးမမှုတ်ရဘဲ သူ့အလိုလိုမြည်နေကြတယ်၊ ဒီလိုတန်ခိုးပြာဋိဟာတွေကို ပြရတာကလဲ တစ်ခြားအကြောင်းကြောင့်မဟုတ်ပါဘူး၊ ဒီလိုတန်ခိုးပြာဋိဟာတွေကို တွေ့ရမှ မြတ်စွာဘုရားအပေါ် ကြည်ညိုသဒ္ဓါတရားဖြစ်ပြီး ကျွတ်တန်းဝင်နိုင်မည့်ပုဂ္ဂိုလ်တွေအား အကျွတ်တရား ရစေလိုတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

သတ္တဝါတွေက အမျိုးမျိုးရှိနေကြတယ်၊ တစ်ချို့က ရိုးရိုးတရားဟောတာလောက်သာ ကြိုက်ကြတယ်၊ တစ်ချို့ကတော့ ထူးထူးဆန်းဆန်း တန်ခိုးပြာဋိဟာပြတာကို ကြိုက်ကြတယ်။

တစ်ခါက အထူးအဆန်းကြိုက်တဲ့ ဒကာမကြီးရှိသတဲ့၊ သူက ဘုရားပင့်တဲ့အခါ "ရွှေသင်္ကန်းကိုဝတ်ရုံပြီး စိန်စီတဲ့ မြသပိတ်နဲ့ ရတနာမျိုးစုံခြယ်စီထားတဲ့ တောင်ဝှေးကို စွဲကိုင်

ပြီး တပည့်တော်မရဲ့ခေါင်းပေါ်ကို ကြွရောက်တော်မူပါ မြတ်စွာဘုရား” စသည်ဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ပင့်ပြီး ကြည်ညိုလေ့ရှိပါသတဲ့၊ သဒ္ဓါတရား အားကြီးပြီးတော့ ပင့်တာပဲ။

ဒါပေမယ့် သူ့အစ်ကိုကကြားတော့ “ဟဲ့–နင်ဘုရားပင့်တာကလဲ ကိရိယာကျယ်လှပါကလား၊ နင့်ခေါင်းပေါ်ကြွဖို့ရာ မြတ်စွာဘုရားမှာ အများကြီးဖန်ဆင်းရ ပြုပြင်ရဦးမယ်၊ ငါသာဘုရားဆိုရင်တော့ ဒီလိုပင့်တဲ့နေရာကို ကြွမှာမဟုတ်ဘူး” လို့ပြောပါသတဲ့။

အနောက်နိုင်ငံက အမျိုးသမီးကြီးတစ်ယောက်ကတော့ “မြန်မာပြည်က စေတီတော် ဆင်းတုတော်တွေမှာ ရွှေတွေကျောက်တွေနဲ့ စက္ကူပန်း ပလတ်စတစ်ပန်း စသည်တွေနဲ့ ဒီလိုပူဇော်ထားတာကိုတောင်အပိုတွေပဲ၊ သက်တော်ထင်ရှားဘုရားသာဆိုရင်သူ့အနားမှာ ဒီလိုဟာတွေ လာထားရင်လက်ခံမှာမဟုတ်ဘူး” စသည်ဖြင့် သူက ဝေဖန်ပြောဆိုပါသတဲ့။

ဒါတွေဟာ စိတ်ဓာတ်ချင်းမတူဘဲ ကွဲနေကြတာတွေပါပဲ၊ အဲဒီလို စိတ်ဓာတ်ကွဲနေကြရာမှာ အထူးအဆန်းတွေမှ ကြည်ညိုနိုင်မည့်ပုဂ္ဂိုလ်တွေအတွက် တစ်ရံတစ်ခါ တန်ခိုး ပြာဋိဟာတွေနဲ့ ဆွမ်းခံကြွတော်မူပါတယ်၊ ဒါပေမယ့် အဲဒီလို တန်ခိုးပြာဋိဟာတွေနဲ့ ဆွမ်းခံကြွတော်မူတာကတော့ အလွန်နည်းပါးဟန် လက္ခဏာရှိပါတယ်။

ဒီလိုပြာဋိဟာတွေနဲ့ကြွလာတော်မူတဲ့အခါ အဲဒီလမ်း

အဲဒီရပ်ကွက်ကလူတွေက အဲဒီတန်ခိုးပြာဋိဟာတွေကို တွေ့ရတာနဲ့ "ဒီနေ့မြတ်စွာဘုရား ငါတို့လမ်း ငါတို့ရပ်ကွက်ကို ဆွမ်းခံကြွလာတော်မူတယ်"လို့ သိကြတယ်။

အဲဒီလိုသိပြီးတော့ အဝတ်အစားများကို ကောင်းကောင်းမွန်မွန်သပ်သပ်ရပ်ရပ်ဝတ်ရုံပြီး ပန်းနံ့သာမျိုးနှင့်တကွ လမ်းထွက်ပြီး မြတ်စွာဘုရားကို ပူဇော်ကြတယ်၊ ရှိခိုးကြတယ်၊ မိမိတို့တတ်နိုင်သမျှ သံဃာတော် ၁၀-ပါး၊ အပါး ၂၀၊ အပါး ၃၀၊ ၄၀၊ ၅၀၊ ၁၀၀ စသည်ဖြင့် ပင့်ပြီး ဆွမ်းလှူကြတယ်။

ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ မြတ်စွာဘုရားက တရားနာပုဂ္ဂိုလ်များရဲ့ အလိုအကြိုက်ကိုကြည့်ပြီး သင့်လျော်တဲ့တရားကို ဟောကြားတော်မူတယ်၊ အဲဒီတရားကို ကြားနာကြပြီး တစ်ချို့က ငါးပါးသီလ၌ တည်ကြတယ်၊ တစ်ချို့က သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်ကြတယ်၊ တစ်ချို့က ရဟန်းပြုပြီး ရဟန္တာဖြစ်ကြတယ်။

အဲဒီလို အနုမောဒနာတရားဟောပြီးတဲ့အခါ ကျောင်းတော်သို့ ပြန်ကြွတော်မူတယ်၊ ကျောင်းတော်ရောက်တော့ စည်းဝေးဆောင်ထဲက ဘုရားနေရာပလ္လင်မှာ ဆွမ်းကိစ္စမပြီးသေးတဲ့ ရဟန်းတွေ ပြန်မရောက်လာသေးတဲ့ရဟန်းတွေကို စောင့်ရင်း ခေတ္တသီတင်းသုံးနေတော်မူတယ်၊ အကုန်လုံးဆွမ်းကိစ္စပြီးစီးကြောင်းကို အလုပ်အကျွေး ရဟန်းတော်က လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက ဂန္ဓကုဋီကျောင်းတော်သို့ ဝင်တော်

မူတယ်၊ ဒါန်နက်ပိုင်း ပုရေဘတ္တကိစ္စကို ဆောင်ရွက်တော်မူပုံ ပါပဲ။

## ၂။ ပစ္ဆာဘတ္တကိစ္စ

၂။ ပစ္ဆာဘတ္တကိစ္စကို ဆောင်ရွက်ပုံကတော့ ခုနကပြောခဲ့တဲ့ အတိုင်း ဂန္ဓကုဋိကျောင်းတော်ကို ဝင်တဲ့အခါ ခြေတော်များကို ဆေးပြီး ရပ်တော်မူလျက် ရဟန်းတော်များအား ဩဝါဒစကားကို ဒီလိုမိန့်ကြားတော်မူပါတယ်။

ဘိက္ခဝေ- ရဟန်းတို့၊ အပ္ပမာဒေန- မမေ့မလျော့သော သတိတရားဖြင့်၊ သမ္ပာဒေထ-သီလ, သမာဓိ, ပညာကိစ္စကို ပြီးစေကုန်ကြလော့၊ ပြီးစီးပြည့်စုံအောင် အားထုတ်ကြကုန်လော့၊ လောကသ္မိံ- လောက၌၊ ဗုဒ္ဓုပ္ပါဒေါ- မြတ်စွာဘုရားတို့၏ ပွင့်ထွန်းရာကာလကို၊ ဒုလ္လဘော-ရခဲ၏။

(မြတ်စွာဘုရားပွင့်တော်မူပြီးတော့ ဘုရားအဆုံးအမ သာသနာ တည်ရှိနေတဲ့ အခါကာလကို ကြုံခဲတယ်၊ ရခဲတယ်၊ ဒါကြောင့် ရခဲတဲ့အခွင့်ကောင်းကြီးကို ရနေတဲ့အခါမှာ မမေ့ကြနဲ့ သတိတရား လက်ကိုင်ထားပြီး ကြိုးစားအားထုတ်ကြလို့ ဆိုလိုပါတယ်)

မနုဿပဋိလာဘော-လူအဖြစ် လူ့ဘဝကို ရခြင်းကို၊ ဒုလ္လဘော-ကြုံခဲရခဲ၏၊ သမ္ပတ္တိ-ပြည့်စုံခြင်းကို၊ ဒုလ္လာဘော- ရခဲ၏။

(ပြည့်စုံခြင်းဆိုတာ မဂ်ဖိုလ်တရားထူးရရေးအတွက် သင့်လျော်သောအရပ်၌ နေရခြင်း၊ မျက်စိ, နား စသောရုပ်ရေအင်္ဂါ ဣန္ဒြေတို့နှင့် ပြည့်စုံရခြင်း၊ ဘုရားအစစ် တရားအစစ် သံဃာ အစစ်ဆိုတဲ့ ရတနာသုံးပါးကိုကြည်ညိုတဲ့ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း ခေတ်ကာလကောင်းခြင်း၊ စားဖွယ်သုံးဖွယ်တို့နှင့် ပြည့်စုံခြင်း၊ ကျန်းမာခြင်း၊ တရားအားထုတ်နိုင်လောက်အောင် သန်စွမ်းခြင်း ဆိုတာတွေပါပဲ၊ အဲဒီ ရခဲတဲ့ပြည့်စုံခြင်းဆိုတာတွေကို ရနေတဲ့အခါမှာ ကြိုးစားအားထုတ်ကြရမယ်လို့ ဆိုလိုပါတယ်။)

ပဗ္ဗဇ္ဇာ–ရှင်ရဟန်းအဖြစ်ကို၊ ဒုလ္လဘာ–ရခဲ၏၊ သဒ္ဓမ္မသဝနံ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရား ကြားနာ ရခြင်းကို၊ ဒုလ္လဘံ–ရခဲ၏။

(အဲဒီ ရခဲတာတွေရနေတဲ့ ယခုအခါမှာ မေ့မနေကြနဲ့၊ အရဟတ္တဖိုလ်ရောက်သည့်တိုင်အောင် ကြိုးစားအားထုတ် ကြလို့ ဆိုလိုပါတယ်။)

အဲဒီ ဒုလ္လဘငါးပါးနဲ့ ဩဝါဒပေးပြီးတဲ့အခါမှာ အချို့ ရဟန်းတော်တွေက မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းတောင်း ကြတယ်၊ မြတ်စွာဘုရားက သူတို့စရိုက်ကိုကြည့်ပြီး သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို ကမ္မဋ္ဌာန်းပေးပြီးတဲ့အခါမှာ အားလုံးသောရဟန်း တော်တွေဟာ တောအရပ်သစ်ပင်အောက်အစရှိတဲ့ သင့်လျော်ရာ ဌာန ကိုသွားပြီး တရားနှလုံးသွင်း အားထုတ်နေကြပါတယ်။

မြတ်စွာဘုရားလဲ ဂန္ဓကုဋီကျောင်းတော်ဝင်ပြီးတော့ အလိုရှိခဲ့ပါလျှင် လယ်ယာန်တောင်းဖြင့် ခေတ္တခဏလဲလျောင်းပြီး

အနှာ ယူပါတယ်၊ ကိုယ်၏ညောင်းညာပင်ပန်းမှု သက်သာရာ ရကဲ့အခါလဲ လျောင်းရာမှထတော်မူပြီး ဒုတိယအချိန်မှာ လောက ကို ပြန်ပြီး ကြည့်ရှုတော်မူပါတယ်။

သတ္တဝါတို့ရဲ့ သဒ္ဓါအစရှိသော ဣန္ဒြေအနုအရင့်ကိုသိနိုင်တဲ့ ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်ရယ်၊ သတ္တဝါတို့ရဲ့ အလို အကြိုက်စရိုက် စိတ်နေသဘောထားတွေကိုသိနိုင်တဲ့ အာသယာ–နုသယဉာဏ်တော်ရယ်၊ ဒီဉာဏ်တော်ကြီး နှစ်ပါးကို ဗုဒ္ဓစက္ခု–ဘုရား မျက်စိလို့ခေါ်ပါတယ်၊ အဲဒီဗုဒ္ဓစက္ခုဖြင့် ကျွတ်သင့်ကျွတ် ထိုက်တဲ့ ဝေနေယျသတ္တဝါတွေကို ကြည့်ရှုတော်မူတာပါပဲ။

ကျွတ်ထိုက်တဲ့သူဟာ မိမိထံသို့ ရောက်လာမည်ဆိုရင် အသင့်စောင့်နေတော်မူပါတယ်၊ အဝေးမှာ နေတယ်ဆိုရင်လဲ ကိုယ်တော်တိုင် တန်ခိုးဖြင့် ကြွတော်မူပြီး ဟောကြားဆုံးမတော် မူပါတယ်။

ဒီလိုကြည့်ရှုတော်မူပြီးတဲ့နောက် တတိယအချိန်ပိုင်းမှာ မြတ်စွာဘုရား သီတင်းသုံးရာ ဆွမ်းခံရာဖြစ်တဲ့ မြို့ရွာ နိဂုံးက လူတွေဟာ ကောင်းစွာ ဝတ်ရုံပြီး ပန်းနံ့သာများကိုလဲ ယူကာ တရားနာရန် ဘုရားထံသို့ လာကြတယ်၊ အဲဒီလိုတရားနာဖို့ အမျိုးသား, အမျိုးသမီးတွေ တစ်သီတစ်တန်းကြီး လာနေပုံကိုလဲ အာရုံပြုပြီး ကြည်ညိုနိုင်ပါတယ်၊ ယခု တောင်ဥက္ကလာပ ဆယ်ရပ်ကွက် ဟေမဝန်ဓမ္မာရုံကြီးဆီကို တရားနာဖို့လာနေကြ သလို ရှိမှာပေါ့။

အဲဒီလို တရားနာပရိသတ်တွေ မြို့ထဲကလာနေကြသလို စုံလဲစုံလင် တရားဟောချိန်လဲကျတဲ့အခါ မြတ်စွာဘုရားက ဓမ္မာရုံကြီးဆီသို့ကြွပြီး သင့်လျော်တဲ့တရားကို ဟောကြားတော်မူပါတယ်၊ အဲဒီအခါမှာ ရဟန်းပရိသတ်တွေကလဲ ငါးရာ, တစ်ထောင်, နှစ်ထောင်စသည်ဖြင့် ရာနဲ့ ထောင်နဲ့ချီပြီး များစွာပဲ ရှိနေတယ်၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတယ်ဆိုတော့ အနီးအပါးမှာရှိသမျှ ကျန်းမာတဲ့ ရဟန်းတော်တွေဟာ အကုန်လုံး လာရောက်ပြီ တရားနာကြပါတယ်၊ နောက်ပြီး ရဟန်းမိန်းမ တွေလဲ လာရောက်ပြီး တရားနာကြပါတယ်၊ နောက်ပြီး လူ အမျိုးသား ဥပါသကာ, အမျိုးသမီး ဥပါသိကာတွေလဲ တရားနာ လာကြပါတယ်၊ ဒါပေမယ့် မြတ်စွာဘုရားက ပဓာန ဖြစ်တဲ့ ရဟန်းတော်များကိုသာ "ဘိက္ခဝေ ရဟန်းတို့" လို့ ခေါ်တော်မူပြီး တရားဟောလေ့ရှိပါတယ်၊ အဲဒီလိုတရားဟော ပြီးတဲ့အခါ ပရိသတ်ကို ပြန်ကြဖို့ခွင့်ပေးတော်မူပါတယ်၊ ဒီတစ်ခါ လူပရိသတ်များက မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး ပြန်သွားကြပါတယ်၊ အဲဒါဟာ ဆွမ်းကိစ္စပြီးတဲ့နောက်နေ့ခင်းပိုင်း ပစ္ဆာဘတ္တကိစ္စကို ဆောင်ရွက် တော်မူပုံပါပဲ။

## ၃။ ပုရိမယာမကိစ္စ

၃။ ပုရိမယာကိစ္စဆောင်ရွက်တော်မူပုံကတော့ ခုနက ပြောခဲ့သည့်အတိုင်း နေ့ခင်းပိုင်းကိစ္စကို ဆောင်ရွက်ပြီးတဲ့နောက် ညနေအချိန်မှာ အလိုရှိတော်မူလျှင် မြတ်စွာဘုရားဟာ

ရေသုံးသပ်(ရေချိုး)တော်မူပါတယ်၊ ရေချိုးပြီးတဲ့နောက် ဂန္ဓကုဋိ ပရိဝုဏ်အတွင်းက တရားပလ္လင်မှာ တစ်ပါးတည်းထိုင်နေပါတယ်၊ အဲဒီအခါ ထိုထိုအရပ်မှ ရဟန်းတော်များက လာရောက်ပြီး ဆည်းကပ်ခစားနေကြတယ်၊ တစ်ချို့က ပြဿနာမေးလျှောက် ကြတယ်၊ တစ်ချို့က ကမ္မဋ္ဌာန်းတောင်းကြတယ်၊ တစ်ချို့က တရားဟောဖို့လျှောက်ကြတယ်၊ မြတ်စွာဘုရားက သူတို့အလို အားလျော်စွာ ပြည့်စုံအောင်ဖြေရှင်း ဟောကြားတော်မူပါတယ်။ ဒါဟာ ညနေချမ်း ညဉ့်ဦးယံခေါ်တဲ့ ပုရိမယာမ်မှာ ဆောင်ရွက် တော်မူပုံပါပဲ။

## ၄။ မဇ္ဈိမယာမကိစ္စ

အဲဒီလို စက်နာရီဖြင့် ၁၀ နာရီလောက်အထိ ညဉ့်ဦးယံ ကိစ္စက ဆောင်ရွက်ပြီးတဲ့နောက် ရဟန်းများ ပြန်သွားကြတဲ့အခါ စကြဝဠာအပေါင်းတိုက်တစ်သောင်းက နတ်ဗြဟ္မာတွေက မြတ်စွာဘုရားထံလာရောက်ပြီး အမျိုးမျိုးသော မေးခွန်း ပြဿနာ များကို မေးမြန်းကြပါတယ်၊ သဂါထာဝဂ္ဂသံယုတ်မှာ ဒီလိုမေးခွန်း တွေအများကြီး ရှိပါတယ်၊ မင်္ဂလသုတ်မေးခွန်းမျိုးပါပဲ၊ အဲဒီလို မေးခွန်းတွေ ဖြေကြားရင်း ညဉ့်သန်းခေါင်းယံကုန်သွားတယ်၊ အဲဒါက ညဉ့်အလယ်ပိုင်းမှာ မဇ္ဈိမယာမကိစ္စကို ဆောင်ရွက်တော် မူပုံပါပဲ။

## ၅။ ပစ္ဆိမယာကိစ္စ

၅။ ပစ္ဆိမယာမကိစ္စကို ဆောင်ရွက်တော်မူပုံကတော့ အဲဒီ၂ ချက်တီးအချိန်လောက်မှ နောက်မိုးလင်းအချိန်အထိ သုံးနာရီ လောက်ကို သုံးပိုင်းပိုင်းပြီး ပထမအချိန်မှာ ကိုယ်ကာယ မျှတ အောင် စင်္ကြံကြွတော်မူပါတယ်၊ ဒုတိယပိုင်းမှာ ယာဘက် နံတောင်းဖြင့်လျောင်းလျက် ကျိန်းစက်တော်မူပါတယ်၊ တတိယ ပိုင်းအချိန်မှာ ကျိန်းစက်ရာမှထပြီး လောကကြီးကို ကြည့်ရှု တော်မူပါတယ်၊ ပစ္ဆာဘတ္တကိစ္စပြောခဲ့တုန်းက ကျွတ်လိုက်တဲ့ ဝေနေယျသတ္တဝါတွေကို ကြည့်ရှုတော်မူပါတယ်၊ ပစ္ဆာဘတ္တကိစ္စ ပြောခဲ့တုန်းကလို ကျွတ်လိုက်တဲ့ ဝေနေယျသတ္တဝါတွေကို ကြည့်ရှုတော်မူတာပါပဲ၊ အဲဒါဟာ မိုးသောက်ယံမှာ ပစ္ဆိမယာမ ကိစ္စကို ဆောင်ရွက်တော်မူပုံပါပဲ။

မြတ်စွာဘုရားဟာ အဲဒီဗုဒ္ဓကိစ္စငါးပါးကို တစ်ရက်လဲ မဟုတ်၊ တစ်လနှစ်လလဲမဟုတ်၊ တစ်နှစ်နှစ်နှစ်လဲမဟုတ်၊ တစ်ရက်လျှင် တစ်နာရီကျော်ကျော်မျှ ကျိန်းစက်ပြီးတော့ လေးဆယ့်ငါးနှစ်တို့ကာလပတ်လုံး ဆောင်ရွက်တော်မူပါတယ်။

## ဝါတော်စဉ်ဒေသနာခရီး

ဗုဒ္ဓမြတ်စွာရဲ့ လေးဆယ့်ငါးဝါသာသနာပြုဒေသနာခရီးကို ကြည့်သိအားကျပူဇော်ရအောင် ဒီနေရာမှာ ကျေးဇူးရှင်မဟာစည်

ဆရာတော်ဘုရားကြီး ဟောကြားတော်မူတဲ့ ဝါဆိုစဉ်ဆောင်ပုဒ် လင်္ကာကို အခြေခံပြီး ပြောပြပါမယ်။

၁။ ဗုဒ္ဓမြတ်စွာဘုရားဟာ စောစောကဟောခဲ့တဲ့ အတိုင်း အမာခံရဟန္တာရဟန်းတော် ၆-ကျိပ်နှင့် အတူတကွ ဗာရာဏသီပြည် ဣသိပတနအမည်ရတဲ့ မိဂဒါဝုန်တောမှာ ပထမဦးဆုံး ဝါဆိုတော်မူပါတယ်။

၂။ ဒီနောက်ဒုတိယဝါဆိုမှစပြီး စတုတ္ထဝါအထိ မိုး, သုံးဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံး သာသနာပြုတော်မူတယ်။

ဒါကို ရည်ရွယ်ပြီးတော့ "ပထမဝါ၊ မိဂဒါ၊ သုံးဝါ ရာဇဂြိုဟ်"လို့ ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

(က) ပထမဝါ၊ မိဂဒါ၊ သုံးဝါရာဇဂြိုဟ်။(သုံးခေါက်ဆိုပါ)။

၃။ ဒီနောက်ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ သာလာ၌ ပဉ္စမဝါဆိုတော်မူတယ်၊ မကုလတောင်၌ ဆဋ္ဌမဝါဆိုတော်မူတယ်၊ တာဝတိံသာနတ်ပြည်၌ သတ္တမဝါဆိုတော်မူတယ်၊ ဒါကို အကြောင်းပြုပြီးတော့ ဒီလိုဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

(ခ) ဝေ- မကုလ၊ ငါး-ခြောက်ကျ၊ တာဝခုနစ်ဆို (သုံးခေါက် ဆိုပါ)။

ဒီနောက်အင္ဂမမြောက်ဝါကို သံသုမာရဂိရမြို့၌ သီတင်းသုံးတော်မူတယ်၊ နဝမမြောက်ဝါကို ကောသမ္ဗီပြည်ဃောသိတာရုံကျောင်း၌ဆိုတော်မူတယ်၊ ဒသမမြောက်ဝါကို ပါလိလေယျကခေါ် ပလလဲတော၌ ဆိုတော်မူတယ်၊ ဒါကိုရည်ရွယ်ပြီးတော့ ဒီလိုဆောင်ပုဒ်စီထားပါတယ်၊ အဲဒါကို လိုက်ဆိုကြပါ။

(ဂ) သံသုကောသမ်၊ ရှစ်-ကိုး စံ၊ ဆယ်တန်ပါဠိဆို။ (သုံးခေါက်ဆိုပါ)၊

ဒီနောက်ဧကာဒသမဝါကို နာလာမည်သော ပုဏ္ဏားရွာ၌ဆိုတော်မူတယ်၊ ဒွါဒသမဝါကို ဝေရဉ္ဇာပြည်၌ ဆိုတော်မူတယ်၊ ဒါကို ရည်ရွယ်ပြီးတော့ စီထားတဲ့ ဆောင်ပုဒ်ကိုလဲ လိုက်ဆိုကြပါ။

(ဃ) နာလာဆယ့်တစ်၊ တစ်ဆယ့်နှစ်၊ မှတ်လစ်ဝေရဉ်ဆို။ (သုံးခေါက်ဆိုပါ)၊

ဒီနောက် တေရသမဝါကို စာလိယတောင်၌ဆိုတော်မူတယ်၊ စုဒ္ဒသမဝါကို သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ဆိုတော်မူတယ်၊ ပန္နရသမဝါကို ကပိလဝတ်ပြည်နိဂြောဓာရုံကျောင်း၌ ဆိုတော်မူတယ်၊ သောဠသမဝါကို အာဠဝီပြည်၌ ဆိုတော်မူပါတယ်၊ ဒါကိုမှတ်သားမိအောင်စီထားတဲ့ ဆောင်ပုဒ်ကိုလဲလိုက်ဆိုကြပါ။

(င) စာ- ဇေ- ကပိ၊ အာဠာဝီ၊ ကပ်ဧ၏တစ်စီဆို။ (သုံးခေါက်ဆိုပါ)၊

ဒီနောက် သတ္တရသမဝါကို ရာဇဂြိုဟ်မြို့၌ ဆိုတော်မူတယ်၊ အဋ္ဌာရသမ– တစ်ဆယ့်ရှစ်ခုမြောက်ဝါနှင့် ဧကူနဝီသတိမ– တစ်ဆယ့်ကိုးခု မြောက်ဝါကို ရာဇဂြိုဟ်မြို့၌ ဆိုတော်မူတယ်၊ ဒါကို ရည်ရွယ်ပြီးတော့ စီထားတဲ့ ဆောင်ပုဒ်ကိုလဲ လိုက်ဆိုကြပါ။

(စ) ရာဇဂြိုဟ်တစ်၊ စာလီနှစ်၊ ထပ်လစ်ရာဇဂြိုဟ်။
(သုံးခေါက်ဆိုပါ)၊

ဒီနောက် နှစ်ဆယ့်တစ်ခုမြောက်ဝါမှစ၍ လေးဆယ့်လေးဝါ အထိ နှစ်ဆယ့်လေးဝါကို သာဝတ္ထိပြည်၌ဆိုတော်မူတယ်၊ အဲဒီ နှစ်ဆယ့်လေးဝါအနက် သာဝတ္ထိပြည်ထဲက ပုဗ္ဗာရုံကျောင်းမှာ ခြောက်ဝါ ဆိုတော်မူပါတယ်၊ ဇေတဝန်ကျောင်းမှာ တစ်ဆယ့် ရှစ်ဝါဆိုတော်မူပါတယ်၊ နောက်ဆုံးလေးဆယ့်ငါးခုမြောက်ဝါ ကို ဝေသာလီပြည်မြို့အနီးက ဝေဠုဝန်ရွာ၌ဆိုတော်မူတယ်၊ ဒါကိုလဲမှတ်သားရအောင် စီကုံးထားတဲ့ ဆောင်ပုဒ်ကိုချပေး ပါဦးမယ်။

(ဆ) နှစ်ဆယ့်လေးခါ၊ သာဝတ်မှာ၊ ဆုံးဝါဝေဠုဆို။
(သုံးခေါက်ဆိုပါ)၊

(ဇ) နှစ်ဆယ့်လေးဝါမှ၊ ခြောက်ပုဗ္ဗ၊ ဇေတအကြွင်းဆို။
(သုံးခေါက်ဆိုပါ)၊

(အင်္ဂုတ္တရအဋ္ဌကထာ ဒုတိယနှာ–၃၀၊ ဓမ္မပဒ အဋ္ဌကထာ ပထမနှာ–၃။)

မြတ်စွာဘုရားရှင်ရဲ့ ၄၅-ဝါဒေသနာခရီးတွင် ပဥ္စဝဂ္ဂီ ရဟန်းများအစ အရှင်သုဘဒ္ဒအဆုံး ထင်ရှားတဲ့ သာဝကအားလုံး အရေအတွက်မှာ အများကြားဖူးကြတဲ့အတိုင်း ရှစ်ဆယ်ရှိခဲ့ ပါတယ်။

အဲဒီရှစ်ဆယ်ထဲမှာ အရှင်သာရိပုတ္တရာအစ အရှင်သုဘုတိ အဆုံး လက်ယာတော်ရံက ၄၀-ရှိပါတယ်။

အရှင်မောဂ္ဂလာန်အစ အရှင်မောဃရာဇအဆုံးလက်ဝဲတော် ရံက ၄၀-ရှိပါတယ်။

ဒီအထဲလည်း လက်ယာတော်ရံစာရင်းမှ ၂၃-ပါး၊ ဧတဒဂ် ဂုဏ်ထူးရတော်မူပြီး လက်ဝဲတော်ရံစာရင်းမှ ၁၈-ပါး၊ ဧတဒဂ်ဂုဏ်ထူးရတော်မူကြပါတယ်၊ ကျန်တဲ့ ၃၉-ပါးကတော့ ဧတဒဂ်ဂုဏ်ထူး မဟာသာဝကများ ဖြစ်ကြပါတယ်။

ရဟန်းမိန်းမထဲကလည်း မဟာပဇာပတိဂေါတမီ၊ ပဋာစာရီ၊ ခေမာထေရီ စတဲ့ ဗုဒ္ဓသာဝိကာ ဘိက္ခုနီထေရီတွေလဲ ပေါ်ထွန်း ခဲ့တယ်။

ဒီပြင် သာသနာတော်တွင် ထင်ရှားတဲ့ လူဥပါသကာ ဘက်ကအနာထပိဏ်၊ စိတ္တသူကြွယ်စတဲ့ ဘုရားတပည့်တွေ၊ လူ့ ဥပါသိကာဘက်က ဝိသာခါ၊ နန္ဒမာတာ၊ ဥတ္တရာစတဲ့ဘုရား တပည့်မတွေလဲ ပေါ်ထွန်းခဲ့ပါတယ်။

ကျွတ်တန်းဝင်ခဲ့ကြတဲ့ ရဟန်းရှင်, လူ, နတ်, ဗြဟ္မာ အရေအတွက်ကလဲ ကုဋေကုဋာ မရေသာပါဘူး။

ဒီလိုသက်တော်ထင်ရှား မြတ်စွာဘုရားလက်ထက်တော်တုန်းက မြတ်စွာဘုရားအမှူးရှိတဲ့ ဗုဒ္ဓသာသနာဝင် ရှင်လူတွေ ပြုခဲ့ကြလို့ သာသနာတော်နေဝန်းထွန်းလင်းခဲ့ပါတယ်။

ဗုဒ္ဓမြတ်စွာဟာ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်းကြင်း ဥယျာဉ်တွင် ၁၄၈–ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့မှာ ပရိနိဗ္ဗာန်စံ တော်မူပါတယ်။

## ဂုဏ်တော်ပွင့်ဩဝါဒကထာ (၁)

### ၁။ အရဟံ ဂုဏ်တော်

(က) ပူဇော်ထိုက်မှန်၊ အရဟံ၊ ပူဇံ မြတ်စွာဘုရား။
(ခ) ကိလေသာရန်၊ ပယ်သတ်မှန်၊ အရ–ဟံ ဘုရား။
(ဂ) သံသာစက်၊ ဒေါက်ဖျက်မှန်၊ အရ–ဟံ ဘုရား။
(ဃ) မျက်မှောက်မျက်ကွယ်၊ အကူပယ်၊ ဘုန်းကြွယ်
အ–ရဟံ ဘုရား။

ဒီနေ့ အရဟံဂုဏ်တော်ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပုံ ဩဝါဒစကားကို ပြောကြားလိုပါတယ်၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးတွင် နံပါတ်(၁) ဂုဏ်တော်ဟာ အရဟံ–ဂုဏ်တော်ပဲ။

(က) အရဟံ–လို့ အက္ခရာသုံးလုံး စုပေါင်းရွတ်ဆိုလိုက်ရင် "ပူဇော်အထူးကို ခံတော်မူထိုက်ပါပေသော မြတ်စွာဘုရား"လို့ အနက်အဓိပ္ပာယ်ထွက်ပါတယ်။

မှန်ပါတယ်၊ အဆင်းမလှ၊ ရနံ့မကြွယ်တဲ့ပန်းကို လူများ မမြတ်နိုးကြပါဘူး၊ အဆင်းလဲလှ ရနံ့လဲမွှေးတဲ့ပန်းဆိုရင် လူတိုင်းမြတ်နိုးမြဲပါပဲ၊ ဒါကိုပင် ဂုဏ်ကြက်သရေရှင်များမှာ အဆင်းလဲလှ ရနံ့လဲမွှေးကြတဲ့ ပန်းပမာ၊ လူအများရဲ့ မြတ်နိုးဖွယ်ဖြစ်ရပါတယ်။

ဂုဏ်တော်များသခင်အနန္တ ကျေးဇူးတော်ရှင် မြတ်ဘုရားမှာ လူနတ်ဗြဟ္မာသတ္တဝါအများရဲ့ မြတ်နိုးလေးစားအားထား ကိုးကွယ်ပူဇော်ဖွယ်ဖြစ်တော်မူရပါတယ်၊ မြတ်စွာဘုရား၏ ပူဇော်ဖွယ်ဂုဏ်တော်အနန္တတို့တွင် သိသာရုံဂုဏ်တော်တချို့ကို အနည်းငယ် ပြောပြပါဦးမယ်။

ကိလေသာကင်း သန့်ရှင်း ကြည်လင်တော်မူသောကြောင့် ပင် ပင်ကိုယ်က လက္ခဏာကြီးငယ်အသွယ်သွယ် တင့်တယ်ပင်း ရွှေအဆင်းကဲ့သို့ ဝါဝင်းတဲ့ ရွှေရောင်ခြည်တော်များ ကွန့်မြူး တော်မူတဲ့အပြင် အရပ်ထိုထိုမှ ညိုနီဖြူလျက်ပန်းနောင်ယှက်ပြီး ပြိုးပြိုးပြက်ပြက် တခဲနက်တဲ့ရောင်ခြည်တော်များ အပြိုင်အဆိုင် မြိုင်မြိုင်ကြီး မြူးကွန့်ကာ နှစ်သက်ကြည်ညိုစရာ ဖြစ်နေတာလဲ ထူးခြားတဲ့ ပူဇော်ဖွယ်ဂုဏ်များပါပဲ။

ဒါကြောင့်ပင် ဘုရားရှင်ဟာ သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားထံ ဗျာဒိတ်ခံစဉ်ကပင် လူနတ်များရဲ့ ထူးတဲ့ ပူဇော်မှုကိုလဲ ခံတော်မူခဲ့ရပါပေတယ်။

ထို့နောက်လေးသင်္ချေကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ ဖြည့်တော်မူစဉ်ကလဲ ဘဝများစွာ လူလိုတစ်မုံ နတ်ဗြဟ္မာလို တစ်နည်း တိရစ္ဆာန်လိုတစ်သွယ် ဘယ်ဘဝရောက်ရောက် အများ ရဲ့ပူဇော်မှုကို ခံယူတော်မူခဲ့ရတာပဲ များပါတယ်။

နောက်ဆုံးဘဝ ဘုရားဖြစ်ရန် မယ်တော်မာယာဝမ်းမှာ သန္ဓေယူတော်မူစဉ်မှာလဲ နတ်များရဲ့စောင့်ရှောက်ပူဇော်မှုကို ခံတော်မူရတာပဲ။

ဒီနောက်ဖွားမြင်တော်မူရာအခါမှာလဲ နတ်များသာမက ရဟန္တာ ဗြဟ္မာကြီးများပင်လာပြီး အလောင်းတော် သတို့သားအား ထွေးပိုက်ခံယူ ပူဇော်ခဲ့ကြတယ်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရဲ့ဆရာ ကာဠဒေဝိလရသေ့ ကြီးပင် နတ်များထံမှ ဘုရားလောင်းဖွားမြင်ကြောင်း သတင်း ကောင်းကြားရလို့ လာရောက်တွေ့ဆုံရာ သူ့ခေါင်းပေါ် ကြွရောက် တော်မူတဲ့ အလောင်းတော် သတိုးသားလေးကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့်အတူ အံ့သြကြည်နူး အထူးပူဇော်ခဲ့ ကြပါ တယ်။

ထို့နောက် တစ်ဖန်အလောင်းတော် လေးလ–သားအရွယ် တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာပြုစဉ် သပြေပင်ရိပ်ဈာန်ဝင်စားနေတဲ့ အလောင်းတော် သတိုးသား ကလေးကို ဖူးမြင်ရပြန်လို့ ခမည်းတော်ကြီးဟာ ဒုတိယအကြိမ် အလောင်းတော်သားလေးအား ဖူးမြော်ပူဇော်ရပြန်တယ်။

မြတ်ဘုရားဟာ ဒါကိုပင် အနန္တဂုဏ်သခင်ဖြစ်တော်မူလို့ အလောင်းတော်ဘဝကပင် အများ သတ္တဝါတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူခဲ့ရပါတယ်၊ ဗောဓိပင်အောက်တွင် မာရ်ငါးအင် ပယ်နှင်၍ ဘုရားရှင်ဖြစ်တဲ့အခါမှစပြီး ပရိနိဗ္ဗာန်စံပြီးရာ ယခုအခါ အထိ လူရောနတ်ရော ဗြဟ္မာရောပင် သောသောအုတ်ကြွက် နေ့ရက်မစဲပူဇော်ပွဲကို အမြဲခံယူတော်မူထိုက်တဲ့ မြတ်စွာဘုရား ပါပဲ။

ဒါကြောင့်ပင် အများသူငါတို့က "သော ဘဂဝါ ဣတိပိ အရဟံ- ထိုမြတ်စွာဘုရားသည် ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ- မည်တော်မူပါပေ၏"-လို့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်း ပွားများ ပူဇော်ကြပါတယ်။

ဒါကိုဘုန်းကြီးက "ပူဇော်ထိုက်မှန်၊ အရဟံ၊ ပူဇံ မြတ်ဘုရား" လို့ အတိုချုပ်ဆောင်ပုဒ်စီပေးပါတယ်။

အဲဒီမြတ်စွာဘုရားအား ပူဇော်တဲ့အခါ ပစ္စည်းနဲ့ပူဇော်တဲ့ အာမိသပူဇာ အကျင့်ဓမ္မနဲ့ ပူဇော်တဲ့ ဓမ္မပူဇာလို့ နှစ်မျိုးရှိပါတယ်၊ အဲဒီနှစ်မျိုးတို့တွင် အကျင့်ဓမ္မနဲ့ ပူဇော်တာဟာ အမြတ်ဆုံးပဲ- လို့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

**မှတ်ချက်။** ။သပြေကန် ပရိတ်ကြီး နိဿယသစ်နှင့် သာသန သမ္ပတ္တိဒီပနီများကို မှီးငြမ်းပြုပါသည်။

## ၁။ အရဟံ ဂုဏ်တော်ဖွင့်

ဒီနေ့ပြောရမှာကတော့ အရဟံ ဂုဏ်တော်ဖွင့်ကွင်း ပါဝင်တဲ့ (ခ) ကိလေသာရန်၊ ပယ်သတ်မှန်၊ အရ-ဟံ ဘုရားဆိုတဲ့ အပိုင်းပဲ။

အရ- ဟံ လို့ အ-နှင့်ရ-က တစ်အုပ်စု၊ ဟံ-ကတစ်ခု ခွဲပြီး ရွတ်ဖတ်ရင် "ကိလေသာ ရန်သူကို ပယ်သတ်တော်မူ တတ်ပေသော မြတ်စွာဘုရား" လို့အနက်အဓိပ္ပာယ်ရပါတယ်။

ကိလေသာများဟာ သတ္တဝါအများအား အရိယာအဖြစ် မရရှိအောင်၊ ဘုရားမဖြစ်အောင် ဖြစ်ပျက် မွေး သေ သံသရာရှည်အောင်၊ နှောင့်ရှက်ဖျက်ဆီးတတ်သော ဩ္ဖွဲ့ အသေကင်းတရားပိုင်ရှင် အရိယာဖြစ်လိုသူ၊ တရားမင်းစင်စစ် ဘုရားဖြစ်လိုသူများရဲ့ အကြီးမားဆုံး ရန်သူများဖြစ်ကြ ပါတယ်။

### ကိလေသာ ၁၀-ပါး

အဲဒီရန်သူ ကိလေသာတွေဟာ ၁၀-ပါးရှိပါတယ်၊ ဘာတွေလဲဆိုတော့-

၁။ တပ်မက်လိုချင်တာက လောဘ၊

၂။ စိတ်ဆိုးပြစ်မှားတာက ဒေါသ၊

၃။ အမှန်မသိ အမှားသိတာ တွေဝေတာက မောဟ၊

၄။ အထင်ကြီးတာ, ထောင်းလွှားတာက မာန၊
၅။ အယူမှားတာက ဒိဋ္ဌိ၊
၆။ ရတနာသုံးပါး၊ ကံ,ကံ၏အကျိုးတရားအပေါ်မှာ ယုံမှားတာက ဝိစိကိစ္ဆာ၊
၇။ ကုသိုလ်ရေးတွင် ထိုင်းမှိုင်းပျင်းရိတာက ထိန၊
၈။ စိတ်ပျံ့လွင့်တာက ဥဒ္ဓစ္စ၊
၉။ အကုသိုလ် ဒုစရိုက်ပြုရမှာကို မရှက်တာက အဟိရိက၊
၁၀။ အကုသိုလ် ဒုစရိုက်ပြုရမှာကို မကြောက်တာက အနောတ္တပ္ပ-တဲ့။

## အကျယ်ပွားက ၁၅၀၀

၁။ ဒီကိလေသာတွေဟာ အကျယ်ပွားရင် (၁၅၀၀) တစ်ထောင့်ငါးရာတောင်ရှိပါသတဲ့၊ ဘယ်လိုလဲဆိုရင်- စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ရယ်လို့ ပရမတ္ထတရားလေးပါးရှိပါတယ်၊ အဲဒီလေးပါးထဲက စိတ်ဟာ ၈၉-ပါးရှိသော်လဲ အာရုံကိုသိတတ်တဲ့ သဘောလက္ခဏာတစ်ခုတည်းရှိလို့ သူ့ကို စိတ် ၁-ခုလို့မှတ်ပါ။ စေတသိက် ၅၂-ခုရှိတယ်၊ စိတ် ၁+စေတသိက် ၅၂-ပေါင်းရင်၊ ၅၃-ပါးဖြစ်တယ်၊ ဒီစိတ်, စေတသိက် ၂-မျိုးကို အာရုံဆီ ညွတ်တတ်တဲ့ နာမ်တေပညာသ- ၅၃-ပါးလို့လဲ ခေါ်တယ်။

၂။ ရုပ် ၂၈-ပါးထဲက ကံ, စိတ်, ဥတု, အာဟာရ ဆိုတဲ့အကြောင်းလေးပါးကြောင့်ဖြစ်တဲ့ နိပ္ဖန္နရုပ် ၁၈-ပါး၊ လက္ခဏာရုပ် ၄-ပါး+ပေါင်း ၂၂-ရှိတယ်။

ဒီတော့ နာမ် ၅၃ + ရုပ် ၂၂ ပေါင်း ၇၅-ပါးသောတရားများဟာ မိမိအဇ္ဈတ္တ အတွင်းသန္တာန်မှာလဲရှိတယ်၊ အပြင် ဗဟိဒ္ဓသန္တာန်မှာလဲ ရှိတယ်၊ ဒါကြောင့်ခုနင်ကပြောခဲ့တဲ့ ၇၅-ပါးသော ရုပ်ခန္ဓာတရားတွေကို အတွင်း အပ သန္တာန်နှစ်ပါးနဲ့ မြှောက်ပွားလိုက်ရင် ၁၅၀ ဖြစ်ပါတယ်။

ဒီ ၁၅၀ သော ရုပ်နာမ်သဘောတရားတွေကို ကိလေသာ ၁၀-ပါးတွေက ယှဉ်နိုင်ဖြစ်နိုင်တယ်၊ ဒါကြောင့် ရုပ်နာမ်သဘောတရား ၁၅၀-ကို ကိလေသာ ၁၀-ပါးနဲ့မြှောက်ပွားလိုက်ရင်၊ ကိလေသာ ၁၅၀၀-ဖြစ်ပါတယ်၊ ဒါကို အကျဉ်းမှတ်သားရအောင် အခြေပြု သင်္ဂြိုဟ်ကျမ်းမှာ ဒီလိုပြထားပါတယ်။

## ၁၅၀၀- ကိလေသာဆောင်ပုဒ်

၁။ နာမ်တေပည်၊ ရုပ်နိပ္ဖန်၊ လက္ခဏာရုပ်လေး။

၂။ သန္တာန်နှစ်ဝ၊ မြှောက်ဆင့်က၊ တစ်ရာ့ငါးဆယ်ရေး။

၃။ ဆယ်ကိလေသာ၊ မြှောက်ဆင့်ကာ၊ ငါးရာတစ်ထောင်တွေး။

## ရန်သူအောင်မှ မင်းဖြစ်ရ

မင်းအဖြစ်ကို အလိုရှိသူဟာ ရန်သူများကို တွန်းလှန်အောင်မြင်နိုင်မှ မင်းဖြစ်ရတယ်၊ ဓမ္မရာဇာ တရားမင်းအဖြစ်ကို အလိုရှိတော်မူသော မြတ်စွာဘုရားရှင်လဲ အရိယာ မဖြစ်အောင်

ဘုရားမဖြစ်အောင် နှောင့်ယှက်ဖျက်ဆီးတတ်တဲ့ ကိလေသာရန်သူ ၁၅၀၀–ကို ပယ်သတ်နိုင်ကြောင်း လက်နက်ကောင်းရရန် အခြေခံပါရမီ ၁၀–ပါးအပြား ၃၀–တို့ကိုလဲ ဖြည့်ကျင့်တော်မူခဲ့ရတယ်၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ကျင့်ပြီး နောက်ဆုံး ပစ္ဆိမဘဝိက သိဒ္ဓတ္ထမင်းသားဘဝ အရောက်တွင် ပါရမီ, သမထ, ဝိပဿနာလက်နက်များဖြင့် ဆက်ကာဆက်ကာ တိုက်ခိုက်ခဲ့ရာ မဂ်ဉာဏ် ၄–ပါး လက်နက်ကောင်းများကို ဆက်လက်ရရှိပြီး အပြင်းအထန်တိုက်ခိုက်တော်မူလို့ ၁၅၀၀– ကိလေသာရန်သူအားလုံးကို ချေမှုန်းအောင်မြင်တော်မူသောကြောင့် အရ–ဟံ ဘွဲ့တော်ကိုခံယူကာ ဓမ္မရာဇာ တရားမင်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါတယ်။

ဒါကြောင့် "အရ–ဟံ– လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား"လို့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပွားများ ကြပါတယ်။

သောဘဂဝါ– အကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– ဤသို့ ၁၅၀၀ ကိလေသာစက်ရဲရန်မက် တို့ကို လေးချက်မဂ်ရှိန် ဝရဇိန်ဖြင့် ပယ်နှိမ်ခုတ်ထွင် ၄ပ်မတင်အောင် သုတ်သင်တော်မူတတ်သည်၏အဖြစ်ကြောင့်၊ အရ–ဟံ– အရ–ဟံ မည်တော်မူပါပေ၏၊ အဲဒါလို ရွတ်ပွားနှလုံးသွင်းက ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းတာ ဖြစ်ပါတယ်။

## ဆုပေး

ယခုဟောကြားတဲ့ အရ– ဟံ ဂုဏ်တော်ဖွင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရားကို နာကြားကျင့်ပွားရတဲ့ ကုသိုလ်စေတနာ တို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် မာရ်ငါးပါးကို အောင်မြင်တော် မူသလို တရားနာ ပရိသတ်များလဲ ထိုက်သည်အားလျော်စွာ အန္တရာယ်ကင်း ရောဂါရှင်း၍ စိတ်တွင်း ချမ်းသာ သာသနာပြုနိုင် ကြပါစေ၊ သာသနာပြုရင်း တွေ့ပြီး, တွေ့ဆဲ, တွေ့လတ္တံ့ ဖြစ်တဲ့ လောကဓံအကောင်းအဆိုးများကိုလဲ သည်းခံ ကျော်လွှား ကာ အောင်မြင်စွာ သာသနာပြုနိုင်တဲ့ သာသနာပြု အာဇာနည် သူတော်ကောင်းများ ဖြစ်ကြပါစေကုန်သတည်း။

# ဂုဏ်တော်ဖွင့်ညွှန်ဝါဒကထာ (၃)

## ၁။ အရဟံ ဂုဏ်တော်ဖွင့်

(က) သံသာစက္ကံ၊ ဒေါက်ဖျက်မှန်၊ အရ-ဟံ ဘုရား။

လှည်းဘီး ရထားဘီး စက်ဘီးများ၏ ထောက် (စပုတ်)တိုင်ကို ပါဠိလို "အရ"လို့ခေါ်ပါတယ်။ ဟန္တ = တစ်ပုဒ်က ဖျက်တယ်လို့ အနက်ရှိတယ်၊ အရ-နဲ့ ဟ ပေါင်းလိုက်တဲ့အခါ အရဟံ-ဘီး၏ ထောက်-အကန့်တို့ကို ခုတ်ဖြတ်ဖျက်ဆီးတယ်လို့ အနက်ရတယ်၊ ဘယ်လိုထောက်အကန့်တွေကို ဘယ်လိုခုတ်ဖြတ် ဖျက်ဆီးသလဲဆိုရင် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ဘီး၏ ထောက်-အကန့်တွေကို အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့် ခုတ်ဖြတ်ဖျက်ဆီးတော်မူပါတယ်။

ဖျက်ဆီးပုံကတော့- ပဋိစ္စသမုပ္ပါဒ် ဒေသနာမှာလာတဲ့ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ သုံးပါးတစ်လှည့်စီ မပြတ်လည်ပြီးဖြစ်နေတာကို သံသရာစက်ဘီးလို့ခေါ်ပါတယ်၊ အဲဒီသံသရာစက်ဘီးမှာ အဝိဇ္ဇာက မူလရင်းဖြစ်သောကြောင့် ဘီး၏ဘေးပတ်လည်အဝိုင်းအကွပ်နဲ့ တူပါတယ်၊ သင်္ခါရမှ ဇာတိကျအောင် အလယ်ပိုင်း အင်္ဂါဆယ်ပါးကတော့ ဘီး၏ ထောက်တိုင်(အကန့်) တွေနဲ့ တူပါတယ်၊ လှည်းဘီး၊ ရထားဘီး၊ စက်ဘီးများဟာ အလယ်ကထောက်တိုင်တွေ ကျိုးပြတ်ကုန်ရင် ပုံတောင်းနဲ့ အကွပ်တစ်ခြားစီဖြစ်ပြီး မလိမ့်နိုင်မလည်နိုင် မသွား

နိုင်တော့ဘူး၊ အဲဒါလို့ဘဲ ဒီပဋိစ္စသမုပ္ပါဒ် သံသရာစက်ဘီး ကြီးမှာလဲ ပုံတောင်းသဖွယ်ဖြစ်တဲ့ အဝိဇ္ဇာနဲ့ အကွပ်သဖွယ်ဖြစ်တဲ့ ဇရာ မရဏတို့ကို ဆက်သွယ်ပေးတဲ့အခါ အစရှိသော အလယ်ပိုင်း တရားတွေကို ပယ်ဖျက်လိုက်ရင် မလည်နိုင်တော့ပါဘူး၊ အဲဒီလို သံသရာစက်ကြီး မလယ်နိုင်အောင် ထောက် အကန့်နဲ့ တူတဲ့ သင်္ခါရ အစရှိသောအလယ်ပိုင်းက အင်္ဂါတွေကို မြတ်စွာဘုရားက အရဟတ္တမဂ်ဉာဏ်တော်ဖြင့် စွန့်ပယ် ဖျက်ဆီးတော်မူပါတယ်၊ အဲဒါကို ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလိုစီထား ပါတယ်။

ပုံတောင်းတူစွာ အဝိဇ္ဇာတစ်ရပ် အကွပ်ပမာ ဇရာမရဏ ပတ်လည်စသည့် ပဋိစ္စသမုပ္ပါယ် ဥ္ဒရဟာတ်သံသရာ ဘီးစကြာဝယ် သင်္ခါရမှ ဇာတိကျအောင် အလယ်က ဆယ်တန့်ထောက် အကန့်တို့ကို အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့် မဆက်မစပ် အကုန်လုံးပြတ်အောင် ခုတ်ဖြတ်ဖျက်ဆီး စွန့်ပယ်တော်မူပြီး သောကြောင့် ရတော်မူသော အရဟံဟူသောအမည်တော်နာမ ဝိသေသဂုဏ်တဲခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက် ကျော်စောတော်မူပေသော မြတ်စွာဘုရားတဲ့။

အဲဒီမှာ အလယ်က ဆယ်တန့်ထောက် အကန့်တွေဆိုတာ (၁) သင်္ခါရ၊ (၂) ဝိညာဏ်၊ (၃) နာမ်ရုပ်၊ (၄) သဠာယတန၊ (၅) ဖဿ (၆) ဝေဒနာ၊ (၇) တဏှာ၊ (၈) ဥပါဒါန်၊ (၉) ဘဝ၊ (၁၀) ဇာတိ ဆိုတဲ့ ဒီဆယ်ပါး ပါပဲ။ ဒီနေရာမှာ သင်္ခါရ

ဇာတိကျအောင် အလယ်က အင်္ဂါဆယ်ပါးကို ပယ်တယ်ဆိုတော့ အဝိဇ္ဇာနဲ့ မရဏကတော့ ကျန်နေပါသေးသလားလို့ မေးစရာ ရှိပါတယ်၊ အဲဒီ နှစ်ပါးလဲမကျန်ပါဘူး၊ ဇာတိကို ပယ်လိုက်ရင် ဇရာ မရဏာဆိုတာလဲမရှိနိုင်တော့ဘူး၊ ဝိညာဏ် နာမ်ရုပ်စသည်ကို ပယ်လိုက်ရင် အဝိဇ္ဇာလဲ မဖြစ်နိုင်တော့ပါဘူး၊ ဒါပေမယ့် အရဟံပုဒ်ထဲမှာပါတဲ့ "အရ"သဒ္ဒါက ထောက်- တိုင်လို့သာ အနက်ရှိတဲ့အတွက် ထောက်-တိုင်နဲ့တူတဲ့ အလယ်က အင်္ဂါ ဆယ်ပါးကို ဖျက်ဆီးတယ်လို့သာဆိုရခြင်း ဖြစ်ပါတယ်၊ ဝေါဟာရမျှပါပဲ၊ စင်စစ်အားဖြင့် ကျရောက်တဲ့အနက်ကတော့ အလယ်ကအင်္ဂါတွေမရှိရင် အဝိဇ္ဇာနဲ့ ဇရာမရဏတို့လဲ မဖြစ်နိုင် တော့တဲ့အတွက် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ-၁၂-ပါးလုံးကို ပယ်ဖျက် တယ်လို့ပဲ ဖြစ်ပါတယ်။

## အထောက်အကန့်တို့ကိုပယ်ဖျက်ပုံ

ပယ်ပုံအားဖြင့် ပြောရမယ်ဆိုရင် ကိလေသာဝဋ်ထဲမှာ မူလရင်းအချုပ်အခြာဖြစ်တဲ့ အဝိဇ္ဇာကစပြီး ပယ်ရတယ်၊ အဲဒီအဝိဇ္ဇာကို မပယ်နိုင်ရင်တော့ အဲဒီအဝိဇ္ဇာကြောင့် သင်္ခါရ ဝိညာဏ်အစရှိတဲ့ နောက်လိုက်အင်္ဂါတွေအကုန်လုံးဖြစ်ပွားသွား မယ်၊ ဘယ်လိုလဲဆိုရင် အပါယ် ၄-ပါး၊ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကာမဘဝ၌ မသိမှု-သိမှားမှု အဝိဇ္ဇာရှိလျှင် ကာမဘဝကိုဖြစ်စေ တတ်တဲ့ ကာမကုသိုလ်ကံသင်္ခါရတွေဖြစ်တယ်၊ ဒါန သီလ အစရှိသော ကာမကုသိုလ်ကံတွေ ပါဏာတိပါတအစရှိသော

အကုသိုလ်ကံတွေပါပဲ။ အဲဒီကံသင်္ခါရကြောင့် ကာမဘဝ၌ ပဋိသန္ဓေ ဝိညာဏ်ဖြစ်တယ်၊ အပါယ်လေးပါး ပဋိသန္ဓေ, လူ့ ပဋိသန္ဓေ ဝိညာဏ်တွေပါပဲ။

အဲဒီပဋိသန္ဓေ ဝိညာဏ်ဖြစ်ရင် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အကျိုးတရားလေးပါးလဲ ဖြစ်ကြောတာဘဲ၊ အဲဒီလိုအကျိုးတရားတွေဖြစ်နေရာမှာ မသိမှု၊ သိမှားမှု အဝိဇ္ဇာဖြစ်ပြန်လျှင် တဏှာ ဥပါဒါန် ဘဝဆိုတဲ့ ပစ္စုပ္ပန်အကြောင်း တရားတွေလဲ ဖြစ်ဦးမယ်၊ တစ်ဖန် ကာမဘဝကြောင့် အနာဂတ် ဘဝ၌ ဇာတိ ဇရာ မရဏလဲ ဖြစ်သွားဦးမယ်၊ ဒါက ကာမ ဘဝကို မသိတဲ့ အဝိဇ္ဇာမှစပြီး သံသရာစက်လည်သွားပုံပဲ။

နောက်ပြီးတော့ ရူပဗြဟ္မာဘဝ၌ မသိမှု- သိမှားမှု အဝိဇ္ဇာ ရှိလျှင် အဲဒီရူပဘဝကို ဖြစ်စေတဲ့ ရူပဈာန်ကုသိုလ်သင်္ခါရတွေကို ဖြစ်အောင် အားထုတ်တယ်၊ အဲဒီရူပဈာန်သင်္ခါရကြောင့် ရူပ ဗြဟ္မာဘဝ၌ ပဋိသန္ဓေ ဝိညာဏ်ဖြစ်တယ်၊ အဲဒီဝိညာဏ်နှင့်အတူ နာမ်ရုပ် အာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့အကျိုးတရားလေးပါး လဲဖြစ်တယ်၊ အဲဒီ အကျိုးတရားတွေကို အနိစ္စ စသည်ဖြင့် အမှန်အတိုင်းမသိတဲ့ အဝိဇ္ဇာဖြစ်ပြန်လျှင် တဏှာ ဥပါဒါန် ကမ္မဘဝ ဆိုတဲ့ ပစ္စုပ္ပန်အကြောင်းတရားတွေလဲ ဖြစ်မယ်၊ အဲဒီကမ္မဘဝကြောင့် အနာဂတ်ဘဝ၌ ဇာတိ ဇရာ မရဏဆိုတဲ့ အကျိုးတရားတွေလဲဖြစ်သွားမယ်၊ ဒီလိုဖြစ်ပုံကို ဗကဗြဟ္မာကြီး ဝတ္ထုဖြင့် သိနိုင်ပါတယ်။

## ဗကဗြဟ္မာ ဝတ္ထု

ပထမဈာန် ဗြဟ္မာ့ဘုံမှာ ဗကဆိုတဲ့ မဟာဗြဟ္မာကြီးရှိတယ်၊ သူက ရှေးတစ်ဘဝလုံးက ရသေ့ပြုပြီး ကသိုဏ်းပရိကံကိုပြုလို့ စတုတ္ထဈာန်ကိုရခဲ့တယ်။ အဲဒီဈာန်သခ်ါရ၏ အစွမ်းကြောင့် ဝေဟပ္ဖိုလ်ခေါ်တဲ့ စတုတ္ထဈာန်ဘုံမှာ ဖြစ်ခဲ့တယ်၊ အဲဒီဘုံမှာ ကမ္ဘာပေါင်းငါးရာပတ်လုံး တည်နေခဲ့တယ်၊ အဲဒီဘဝမှာ တတိယဈာန်ကိုပွားစေခဲ့လို့ အဲဒီဘဝမှ စုတေတဲ့အခါ သုဘကိဏှာဆိုတဲ့ တတိယဈာန်ဘုံမှာ ခြောက်ဆယ့်လေးကမ္ဘာ အသက်ရှည်တဲ့ ဗြဟ္မာကြီး ဖြစ်ခဲ့တယ်၊ အဲဒီဘဝမှာလဲ ဒုတိယဈာန်ကို ပွားစေခဲ့လို့ အဲဒီဘုံမှ စုတေတဲ့အခါ အာဘဿရာဆိုတဲ့ ဒုတိယဈာန်ဘုံမှာ ရှစ်ကမ္ဘာ အသက်ရှည်တဲ့ ဗြဟ္မာကြီး ဖြစ်ခဲ့ပြန်တယ်။ အဲဒီဘဝမှာလဲ ပထမဈာန်ကို အထူးအမြတ် ပွားစေခဲ့တဲ့အတွက် အဲဒီဘုံမှ စုတေတဲ့အခါ ပထမဈာန်ဘုံမှာ မဟာဗြဟ္မာကြီး ဖြစ်နေပါတယ်၊ အစပထမတုံးကတော့ မည်သည့်ကုသိုလ်ကံကြောင့် မည်သည့်ဘုံမှာဖြစ်ခဲ့ရတယ်၊ မည်မျှအသက်ရှည်ခဲ့တယ်ဆိုတာ သိခဲ့တယ်၊ ကာလကြာလာတော့ အဲဒါကို မေ့ပြီ သူ့ဘဝဟာ မအိုမသေ ထာဝရမြဲနေတယ်လို့ အထင်အယူရှိလာပါသတဲ့၊ အဲဒါကို မူလပဏ္ဏာသပါဠိ (၄၀၁) ဒီလိုပြသထားပါတယ်။

ဘိက္ခဝေ- ရဟန်းတို့၊ တေနခေါ်ပနသမယေန- ထိုသို့ငါသည် ဥက္ကဋ္ဌမြို့အနီး သုဘဂတော၌ သီတင်းသုံးနေစဉ်ကာလ၌

ဗကဿ ဗြဟ္မုနော- ဗကဗြဟ္မာအား၊ ဧဝရူပံ- ဤသို့သဘော ရှိသော၊ ပါပကံ-ယုတ်ညံ့သော၊ ဒိဋ္ဌိဂတံ-အယူမှားသည်၊ ဥပ္ပန္နံ ဟောတိ- ဖြစ်ပေါ်၏၊ ဣဒံနိစ္စံ- ဤကိုယ် ဤဌာနသည် မြဲ၏၊ ဣဒံဓုဝံ ဣဒံသဿတံ- ဤကိုယ်ဤဌာနသည် ခိုင်ခံ့ သည် အမြဲတည်၏၊ ဣဒံကေဝလံ- ဤကိုယ်ဤဌာနသည် လိုလေသေမရှိပြည့်စုံ၏။ ၊ ဣဒံအစဝနဓမ္မံ- ဤကိုဤဌာနသည် စုတေခြင်း သေခြင်းသဘောမရှိ၊ ဣဒံနဇာယတိ နဇီယတိ နမီယတိ- ဤကိုယ်ဤဌာနသည် မဖြစ် မအိုမသေ၊ နစဝတိ န ဥပပဇ္ဇတိ မစုတေ၊ ကပ်ရောက်၍မဖြစ်၊ ဣတောစ ပနညံ ဥတ္တရိ နိဿရဏံ နတ္ထိ- ဤကိုယ် ဤဌာနမှ အခြားတစ်ပါးသော ထွက်မြောက်ရာလည်း မရှိတော့ပြီ၊ ဣတိ-ဤသို့အယူမှား ဖြစ်ပေါ်၏-လို့ ပြဆိုထားပါတယ်။

အဲဒီအခါမှာ အဲဒီဗြဟ္မာကြီး၏ မိစ္ဆာအယူကို ဖြေရှင်း ပယ်ဖျောက်ဖို့ မြတ်စွာဘုရားက အဲဒီဗြဟ္မာ့ဘုံကို အဘိညာဉ် တန်ခိုးဖြင့် ကြွတော်မူပါတယ်၊ အဲဒီရောက်တဲ့အခါကျတော့ ဗကဗြဟ္မာကြီးက မြတ်စွာဘုရားကို ဒီလိုဖိတ်ခေါ်ပါတယ်၊ "လာပါအရှင် ဂေါတမ- ကောင်းသောလာခြင်းပါပဲ၊ ဒီကိုလာဖို့ အလှည့်က နောက်ကျသကိုး၊ ဒီဘုံဌာနကမြဲပါတယ်၊ ခိုင်ခံ့ ပါတယ်၊ အမြဲတန်းတည်နေပါတယ်၊ လိုလေသေးမရှိ ပြည့်စုံ နေပါတယ်၊ စုတေခြင်း သဘောမရှိပါ၊ ဒီဘုံဌာနမှာ မဖြစ် မအို မသေပါ၊ ကပ်၍မဖြစ်ပါ၊ ဒီဌာနမှတစ်ပါးလဲ လွန်ကဲထူးမြတ်သော ထွက်မြောက်ရာမရှိတော့ပါဘူး"လို့ ဖိတ်ခေါ်ပါတယ်။

ဒီတော့ မြတ်စွာဘုရားက အခြားဗြဟ္မာတွေအား ပြောကြားပါတယ်၊ အို- ဗြဟ္မာတို့- ဗကဗြဟ္မာဟာ မသိမှု- သိမှားမှု အဝိဇ္ဇာအားကြီးလှ၏၊ မမြဲတာ မခိုင်တာ မတည်တာ ကိုပင် မြဲသည် ခိုင်သည် တည်သည်ဟုဆိုဘိ၏၊ မပြည့်စုံတာကို ပြည့်စုံသည်ဟု ဆိုဘိ၏၊ စုတေခြင်း သေခြင်း သဘောရှိနေတာ ကိုပင် စုတေခြင်း သေခြင်းသဘောမရှိဟု ဆိုဘိ၏၊ ဖြစ်ရာ အိုရာ သေရာ စုတေရာ ကပ်၍ဖြစ်ရာဌာန ကိုပင် ဤဌာနမှာ မဖြစ် မအို မသေ မစုတေ ကပ်၍မဖြစ်ဟု ဆိုဘိ၏၊ ဤဌာနမှ အခြားတစ်ပါး လွန်ကဲထူးမြတ်သော ထွက်မြောက်ရာ ရှိနေ ပါလျက် မရှိဟုဆိုဘိ၏၊ ထို့ကြောင့် မသိမှုအားကြီးလှသည်- ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူ ပါတယ်။

ဒီလိုမိန့်တော်မူတဲ့အခါ ဗကဗြဟ္မာက သူ့စကားမှန်တဲ့ အကြောင်း၊ သူ့ဌာနမှတစ်ပါးထွက်မြောက်ရာ မရှိတဲ့အကြောင်း၊ တစ်ခြား ထွက်မြောက်ရာကို မျှော်လင့်ပြီး အားထုတ်နေလျှင် ဆင်းရဲပင်ပန်းရုံမျှသာရှိမည့်အကြောင်း၊ သူ့ဌာနက ပထဝီ အာပေါ တေဇော ဝါယောနှင့် ဘူတဒေဝ ပဇာပတိတို့ကို လက်ခံ သိမ်းပိုက်လျှင် သူ၏အနီးနေ သူ၏ နောက်လိုက်အဖြစ်ဖြင့် သူက အလိုရှိတိုင်း စီမံဖန်ဆင်းနိုင်ကြောင်း ပြန်ပြောပါတယ်။

ဒီတော့ မြတ်စွာဘုရားက "ဗကဗြဟ္မာ -- သင်၏အကျိုး ပေးပုံနဲ့ တန်ခိုးအစွမ်းကို ငါသိပါတယ်၊ နေတစ်စင်းနှင့် လလိုထွန်းလင်းရာအရပ်ကို စကြဝဠာဟုခေါ်သည်၊ အဲဒီလို

စကြဝဠာ တစ်ထောင်မှာ သင်၏အလိုရှိတိုင်း ဖြစ်နိုင်သည်၊ (သူ၏စကားကို ဗြဟ္မာများ နတ်များက နာခံကြသည်ဟုဆိုလို၏၊) သင့်ဘုံထက် မြင့်မြတ်သော အာဘဿရာဘုံဆိုတာရှိသည်၊ အဲဒီဘုံကို သင်မသိဘူး၊ သင်ဟာ တစ်ချိန်ကအဲဒီဘုံမှာ ဖြစ်ခဲ့တယ်၊ ဒီဘုံမှာဖြစ်နေတယ်၊ ကာလကြာမြင့်သွားသောကြောင့် အဲဒီဘုံ၌ ဖြစ်ခဲ့တာကို သင်မေ့သွားတယ်၊ အဲဒီအကြောင်းကို ငါသိတယ်၊ အဲဒီ အာဘဿရာဘုံထက် မြင့်မြတ်သော သုဘကိဏှာဘုံဆိုတာ လဲရှိတယ်၊ အဲဒါထက်မြင့်မြတ်သော ဝေဟပ္ဖိုလ်ဘုံဆိုတာလဲ ရှိတယ်၊ အဘိဘူမည်သော အသညသတ်ဗြဟ္မာအပေါင်းလဲ ရှိတယ်၊ အဲဒီဘုံတွေကို သင်မသိမမြင်ဘူး၊ ငါသိတယ်မြင်တယ်၊ ဒါကြောင့်ငါဟာသင့်အောက်လဲမကျဘူး၊ သင်နှင့် တန်းတူလဲ မဟုတ်၊ သင့်ထက်မြတ်တယ်”- စသည်ဖြင့် ထုတ်ဖော်ပြီး မိန့်ကြားတော်မူတယ်။

နောက်ပြီးတော့ ဗကဗြဟ္မာဟာ ရှေးဘဝတွေက အသက် ရှည်ကြောင်း ကောင်းမှုတွေကို ပြုခဲ့တဲ့အကြောင်းများကိုလဲ ထုတ်ဖော်ပြီး ဟောကြားတော်မူတယ်၊ ဒီလိုရှေးဟောင်းနောက် ဖြစ်တွေကို ထုတ်ဖော်ပြတော့ ဟုတ်ပေလိမ့်မယ်လို့ နည်းနည်း ယုံကြည် သက်ဝင်လာတယ်၊ ဒါတောင် စိတ်နှလုံး ဒုန်းဒုန်းကျ ယုံကြည်တာမဟုတ်သေးဘူး၊ သူက ပိုပြီး တန်ခိုးကြီးတယ်လို့ ထင်နေသေးတယ်၊ ဒါကြောင့် သူ့ကဘယ်သူမှ မမြင်ရအောင် တန်ခိုးဖြင့် ပုန်းကွယ်လိုက်တော့မယ်လို့ ပြောတယ်၊ ဒီတော့

မြတ်စွာဘုရားက ကောင်းပြီ ဗကဗြဟ္မာ တတ်နိုင်လျှင် ပုန်းကွယ်ပါလို့ မိန့်တော်မူတယ်၊ ဗကဗြဟ္မာက သူ့အစွမ်းရှိသမျှ မြတ်စွာဘုရားနဲ့ အခြားဗြဟ္မာတွေမမြင်ရအောင် ပုန်းကွယ်ပါတယ်၊ အခါတိုင်းဆိုရင် သူ့ကိုအခြားဗြဟ္မာတွေက မမြင်ရဘူး သူ့ကပြမှသာမြင်ရတယ်၊ ယခုတော့ မြတ်စွာဘုရားက မပျောက်မကွယ်နိုင်အောင် ခိဋ္ဌာန်ပြုထားပါတယ်၊ ဒါကြောင့် အခြားဗြဟ္မာတွေကပါ ဗကဗြဟ္မာကိုမြင်နေရတယ်၊ ဟော ဗကဗြဟ္မာကြီး ဘယ်နေရာမှာထိုင်နေတယ်၊ ရပ်နေတယ် စသည်ဖြင့် အခြားဗြဟ္မာတွေက ပြောကြတယ်၊ အဲဒီလို ဗကဗြဟ္မာ မပုန်းကွယ်နိုင်ကြောင်း ထင်ရှားတဲ့အခါ မြတ်စွာဘုရားက ငါ ပုန်းကွယ်မယ်လို့မိန့်တော်မူပြီး အဲဒီဗြဟ္မာတွေနဲ့အနီး မျက်မှောက်မှာပဲ တန်ခိုးဖြင့် ပုန်းကွယ်နေတော်မူပါတယ်၊ ဗြဟ္မာတွေက မမြင်ရပေမယ့် ဤအနီးမျက်မှောက်တွင်ပဲ ရှိတယ်ဆိုတာကို သိရအောင်လို့ တရားဂါထာတစ်ပုဒ်ကိုလဲ ရွတ်ဆိုဟောကြားတော်မူပါတယ်။

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပါဒိယိံ။

ဘဝေ–ကာမရူပ အရူပဟူသောသုံးပါးသော ဘဝ၌၊ ဘယံ–ဖြစ်ခြင်း အိုခြင်း သေခြင်းအစရှိသော ကြောက်ဖွယ်ဘေးကို၊ ဒိသွာဧဝ– မြင်သောကြောင့်သာလျှင်၊ ဝိဘဝေသိနံ–ဘဝကင်းရာ နိဗ္ဗာန်ကိုရှာမှီးသော ပုဂ္ဂိုလ်တို့၏၊ ဘဝံစ– ဘဝ၌သာလျှင်

ဖြစ်နေရခြင်းကိုလဲ၊ ဒိသွာဇဝ–မြင်သောကြောင့်သာလျှင် ကိဥ္စဘဝ– တစ်စုံတစ်ခုသော ဘဝကိုမျှ **အဟံ–ငါသည်၊** ဘိဝဒိ – မချိုးမွမ်းသတည်း၊ နန္ဒိဥ–ဘဝဥ္ဒ နှစ်သက်ပျော်ကာ ယ်တာသော တဏှာကိုလဲ၊ နဥပါဒိယိ– ဆုတ်ကိုင်မထားဘဲ နှန့်လွှတ်ခဲ့ပေသတည်း၊”လို့ ရွတ်ဆိုဟောကြားတော်မူပါတယ်။

ဒိဂါထာဟာ အလွန်လေးနက်တဲ့အဓိပ္ပာယ်ရှိပါတယ်၊ ကပြဟ္မာက သူ့ဘဝ သူ့ဌာနကို ကောင်းလှပြီ မအိုတော့ဘူး၊ သေမပျက်တော့ဘူး၊ ဒါထက်ကောင်းတဲ့တရား ကောင်းတဲ့ လဲ မရှိတော့ဘူးလို့ ထင်နေတယ်၊ ဒီလိုထင်တဲ့အခြား ဟ္မာတွေကလဲ နည်းလှမယ်မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုရင် တို့က ကမ္ဘာနဲ့ချီပြီး အသက်ရှင်နေတော့ မသေတော့ဘူးလို့ ငစရာဖြစ်နေပါတယ်။ လူ့လောကမှာတောင် အသက် စ်သိန်းတန်းက ကျော်တဲ့အခါမှာ လူတွေဟာ အနိစ္စသဘော သခြင်းတရား ထင်မြင်ရန် **ခက်ခဲ**လို့ ဘုရားမပွင့်ဘူးလို့ ဆိုရှိပါတယ်။

ယနေ့အခါမှာတောင် တစ်ချို့လူတွေဟာ အရွယ်ကလဲ ကောင်းတုန်းမှာ ပစ္စည်းဥစ္စာအခြွေအရံအလုပ်အကိုင် စသည်ကလဲ အဆင်ပြေနေမယ်ဆိုရင် အိုခြင်း နာခြင်း သေခြင်းဆိုတာတွေကို သူတို့နဲ့မဆိုင်သလိုလိုဘဲ ဖြစ်နေတယ်၊ ဘာမှဂရုမစိုက်ကြဘူး။ အမြဲတည်နေရမလောက်ပဲ၊ သူတို့ကိုယ်သူတို့ အထင်ကြီး နေကြတယ်၊ အဲဒီလိုကိုယ့်ဘဝနဲ့ ကိုယ်ဌာနကို အထင်ကြီးပြီး

အားကိုးနေကြတဲ့ ဗကပြဟ္မာအစရှိတဲ့ ပြဟ္မာတွေကို **သတိသံဝေဂ** ရစေရန် မြတ်စွာဘုရားက ဒီဂါထာဖြင့် ဟောကြား**တော်မူ**ပါတယ်။

အကျဉ်းချုပ်ဆိုလိုတာကတော့ ဘဝသုံးပါးမှာ ကြောက်**ဖွယ်**ဘေးတွေကိုလဲ မြင်ပါတယ်၊ ဘဝကိုအပြစ်မြင်ပြီး**ဘဝမှ** လွတ်မြောက်ရာကို ရှာကြံသူတွေလဲ ရူပဘဝ အရူပဘဝတွေ**ကို** နိဗ္ဗာန်ထင်မှတ်ပြီး အဲဒီဌာနတွေကို ရောက်**အောင်** တရားအားထုတ်တဲ့အတွက် အဲဒီ ရူပ အရူပဘဝ**မှာပဲ** ပြန်ကျနေတာကိုလဲ မြင်ပါတယ်၊ ဒါကြောင့် ဘယ်ဘဝကိုမှ **ကောင်း**တယ် မြဲတယ် ချမ်းသာတယ်လို့ မချီးမွမ်းပါဘူးတဲ့၊ **ဘဝမှာ** ပျော်မွေ့ နှစ်သက်တတ်တဲ့ တဏှာကိုလဲ ဆုပ်ကိုင်မထား**တော့ဘဲ** လုံးလုံး စွန့်လွှတ်လိုက်ပါတယ်တဲ့။

ဗကပြဟ္မာဟာ အသက်ရှည်ကြောင်း ကံကိုဆည်းပူးခဲ့တဲ့ ဘဝတုန်းက ရသေ့ပြုပြီး သမထဘာဝနာကို**အား** ထုတ်ခဲ့တယ်၊ အဲဒါဟာ သာမညရည်ရွယ်ချက်နဲ့ မဟုတ်ဘူး၊ ဇာတိ ဇရာ ဗျာဓိ မရဏာဿ- ပဋိသန္ဓေနေခြင်း အိုရခြင်း နာရခြင်း သေရခြင်း၏၊ အန္တ- အဆုံးဖြစ်သောတရား**ထူးကို**၊ ကရိဿာမိတိ-ပြုအံ့ဟူ၍ ရည်ရွယ်လျက် နိက္ခမ္မ-တောထွက်၍၊ ဣတိပဗ္ဗဇ္ဇံပဗ္ဗဇိတွာ- ရသေ့ရဟန်းပြု၍၊ သမာပတ္တိယော နိဗ္ဗတ္တေတွာ- ဈာန်သမာပတ် တို့ကို ဖြစ်စေ၍။ ပ။ ဈာနရတိယာ- ဈာန်ဟူသော ပျော်မွေ့ခြင်းဖြင့် ဝီတိနာမေတိ-အချိန်ကုန်စေတယ်-

လို့ ဆိုထားပါတယ်၊ ဒါကြောင့် အဲဒီတုံးကရထားတဲ့ဈာန်နဲ့ နောက်ကာလမှာရတဲ့ ဗြဟ္မာ့ဘဝကို လမ်းဆုံးတရားအမြတ်ဆုံး ဌာနလို့ ယူဆထားကြောင်း ထင်ရှားပါတယ်၊ ဒါကြောင့်ပဲ သူက ဈာန်ဘဝ ဈာန်ဌာနဟာ မြတ်တယ် စသည်ဖြင့် ချီးမွမ်းတာပါပဲ။

# ဂုဏ်တော်ဖွင့်ဩဝါဒကထာ (၄)

## အရ ဟံဂုဏ်တော်ဖွင့်

### (ဂ) သံသာစက္ကံဒေါက်ဖျက်မှန်၊ အရ–ဟံဘုရား

မြတ်စွာဘုရားကတော့ အဲဒီဗြဟ္မာရဲ့ ဘဝကိုလဲမချီးမွမ်းဘူး၊ အဲဒါထက်မြင့်မြတ်တဲ့ ဗြဟ္မာဘဝတွေကိုလဲ မချီးမွမ်းဘူး၊ ဘာကြောင့်လဲ အဲဒီဘဝတွေမှာ ကြောက်ဖွယ်ဘေးတွေကို မြင်နေလို့ပါပဲ။ ဗြဟ္မာဘဝမှာနာခြင်းဆိုတာမရှိဘူး၊ အိုခြင်း ဆိုတာလဲ မထင်ရှားဘူး၊ ဒါပေမယ့် အသက်တမ်းကုန်တဲ့ အခါမှာ သေကြရမှာချည်းပဲ၊ သူတို့အသက်တမ်းက တစ်ချို့မှာ အသေချ်ယျကပ်တစ်ကပ်လောက်ပဲရှိတယ်၊ အချို့မှာ မဟာ ကပ်ကြီး နှစ်ကပ်မှစပြီး ငါးရာအထိလဲရှိပါတယ်၊ သုဒ္ဓါဝါသ မှာ တစ်ထောင်မှစပြီး တစ်သောင်းခြောက်ထောင်အထိလဲ ရှိပါ တယ်၊ အရူပလေးဘုံမှာတော့ နှစ်သောင်း လေးသောင်း ခြောက်သောင်းနှင့် ရှစ်သောင်းလေးထောင်အသီးသီးရှိပါတယ်။ ဗကဗြဟ္မာကြီးကတော့ ပထမဈာန်ဘုံက ဖြစ်တဲ့အတွက် မဟာ ကပ်၏လေးပုံတစ်ပုံရှိတဲ့ အသင်္ချေတစ်ကပ်သာ အသက်တမ်း ရှိပါတယ်။

အဲဒီအသက်တမ်းကုန်လို့စုတေတဲ့အခါ ဘာဖြစ်ရမလဲဆိုရင် ရူပဈာန်တွေရရင်တော့ အဲဒီရူပဈာန်တွေမှာပဲ ဆက်ပြီးဖြစ်မှာပဲ။

ဒါပေမယ့် မိမိဘဝကိုမြဲတယ်ထင်နေတော့ နောက်ဘဝအတွက် ဘာမျှအားထုတ်မယ် မဟုတ်ပါဘူး၊ အဲဒီတော့ အဲဒီဘဝက စုတေတဲ့အခါမှာ လူ့ဘဝနတ်ဘဝမှာဖြစ်ဖို့ပဲ ရှိပါတယ်၊ အဲဒီ လူ့ဘဝ နတ်ဘဝရောက်တဲ့အခါ ကုသိုလ်ပြုလျှင် သုဂတိ ဘဝတွေမှာ ဖြစ်သွားနိုင်ပါတယ်၊ အကုသိုလ်ကတွေ ပြုမိရင်တော့ အပါယ်လေးပါးလဲကျသွားနိုင်သေးတာပဲ။ ဒီပုံဒီနည်းဖြင့် **သံသရာ** ဆင်းရဲတွေကို တွေ့သွား**ရမယ်၊ ဒီလို ဘဝ၏အဖြစ်တွေကို** မြင်တော်မူတဲ့အတွက်လဲ မြတ်စွာဘုရားက **ဘဝကို မချီးမွမ်း**တာ ပါပဲ။ မချီးမွမ်းရုံမျှ မဟုတ်သေးဘူး ကဲ့ရဲ့လဲ ကဲ့ရဲ့ ရှုတ်ချတော်မူပါတယ်၊ တစ်ဘဝဖြစ်ရင် အိုခြင်း နာခြင်း သေခြင်း ဆင်းရဲကို တစ်ကြိမ်တွေ့ရမယ်၊ ဆယ်ဘဝဖြစ်ရင် ဆယ်ကြိမ်တွေ့ရမယ်၊ ဘဝတစ်ရာဖြစ်ရင် အကြိမ်တစ်ရာ **တွေ့**ရမယ် စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပါတယ်။

အဲဒီဂါထာဖြင့် ဟောလိုက်တဲ့အခါ**မှာ** ဗြဟ္မာတွေတရားထူး ရကြပုံကို အဋ္ဌကထာ (မ-ဌ ၂-၃၁၁)**မှာ** "ဒေသနာပရိယော သာနေ၊ ဒေသနာတော်၏အဆုံး**၌၊** ဒေသနာနုသာရေန ဒေသနာတော်ကို အစဉ်လျှောက်သ**ဖြင့်၊ ဝိ**ပဿနာဂဗ္ဘံ- ဝိပဿနာ ကိုယ်ဝန်ကို၊ ဂါဟာပေတွာ- **ယူစေကုန်၍**၊ ဒသ မတ္တာနိဗြဟ္မာ သဟဿာနိ- တစ်သောင်းခန့်မျှသော ဗြဟ္မာတို့သည်၊ မဂ္ဂဖလာ မတပါနံ- မဂ်ဖိုလ်ဟူသောအမြိုက်အဖျော်ကို၊ ပိဝိံသု- သောက်ကြ လေကုန်ပြီ"လို့ ပြောဆိုထားပါတယ်။ အဲဒီဝိပဿနာ ကိုယ်ဝန်ကို

ယူစေတယ်ဆိုတဲ့ စကားကို အထူး သတိပြုပြီး မှတ်ထားကြရမယ်၊ တရားနာရင်း မဂ်ဖိုလ်ရောက်တယ်ဆိုတာ ဒီပုံဒီနည်းချည်းပါပဲ၊ တရားနာရင်း ဝိပဿနာရှုပြီး ရောက်ကြတာချည်းပါပဲ။

ယခုပြောခဲ့တဲ့ ဗကဗြဟ္မာဝတ္ထုထဲမှ သိစေလိုရင်းကတော့ ရူပဗြဟ္မာဘဝကိုသေခြင်းကင်းတဲ့အမြတ်ဆုံး ဌာနထင်နေတယ်၊ အဲဒါဟာ အဝိဇ္ဇာပဲ၊ အဲဒီအဝိဇ္ဇာကြောင့်တဏှာ ဥပါဒါန်ဖြစ်ပြီး ရူပစတုတ္ထဈာန် သင်္ခါရကမ္မဘဝတွေ ဖြစ်ခဲ့တယ်၊ အဲဒီကမ္မဘဝကြောင့် ဝေဟပ္ဖိုလ်ဘုံရောက်ခဲ့တယ်၊ အဲဒီမှာ တစ်ဖန် တတိယဈာန် သင်္ခါရကမ္မဘဝဖြစ်စေခဲ့တဲ့အတွက် တတိယဈာန်ဘုံ ကိုရောက်ရတယ်၊ အဲဒီမှာ ဒုတိယဈာန် သင်္ခါရကမ္မဘဝကို ဖြစ်စေခဲ့တဲ့အတွက် ဒုတိယဈာန်ဘုံကို ရောက်ခဲ့တယ်၊ အဲဒီမှာ ပဌမဈာန် သင်္ခါရကမ္မဘဝကို ဖြစ်စေခဲ့တဲ့အတွက် ပဌမဈာန် ဘုံမှာ မဟာဗြဟ္မာကြီး ဖြစ်ပြီး အဲဒီဘုံဌာနကိုမြဲတယ်စသည်ဖြင့် ယူဆစွဲလမ်းပြီး ပြောဆိုနေတယ်၊ ဒါတွေဟာ ဒီနေရာမှာ သိစေလိုရင်းပါပဲ။

## အရူပဘဝနှင့် စပ်၍အဝိဇ္ဇာစသည်ဖြစ်ပုံ

နောက်ပြီးတော့ အရူပဘဝ၌မသိမှု သိမှားမှုအဝိဇ္ဇာရှိလျှင် အဲဒီအရူပဘဝကိုဖြစ်စေတတ်တဲ့ အရူပဈာန်ကိုကုသိုလ်သင်္ခါရ တွေဖြစ်အောင် အားထုတ်တယ်၊ အဲဒီအရူပဈာန်သင်္ခါရကြောင့် အရူပဘဝ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်တယ်၊ အဲဒီဝိညာဏ်နှင့် အတူနာမ်ရုပ် အာယတနရယ် ဖဿရယ် ဝေဒနာရယ် ဒီအကျိုး

တရားတွေ ဖြစ်တယ်၊ အဲဒီအကျိုးတရားတွေကို အနိစ္စ စသည်ဖြင့် အမှန်အတိုင်း မသိတဲ့အဝိဇ္ဇာဖြစ်လျှင် တဏှာ ဥပါဒါန် ကမ္မဘဝ ဆိုတဲ့ ပစ္စုပ္ပန်အကြောင်းတရားတွေလဲ ဖြစ်တယ်၊ အဲဒီပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ်ဘဝ၌ ဇာတိ ဇရာ မရဏဆိုတဲ့ အကျိုးတရားတွေလဲဖြစ်သွားမယ်၊ အဲဒီအရူပဘဝ၌ အဝိဇ္ဇာစသည် ဖြစ်ပုံကို အာရုဇာရဥဒက အစရှိသော သာသနာပ ရသေ့တို့၏ အကြောင်းအရာဖြင့် သိနိုင်ပါတယ်။

အာဠာရ ရသေ့က အာကိဉ္စညာယတနဘုံကို အမြတ်ဆုံးဌာန အနေနဲ့ထင်မှတ်တယ်၊ အဲဒီဘုံကိုရောက်စေတတ်တဲ့ အာကိဉ္စညာ- ယတနစျာန်ကိုလဲ အမြတ်ဆုံးတရား အနေနဲ့ပဲ အသိအမှတ်ပြု ထားတယ်၊ အဲဒါဟာ အဝိဇ္ဇာပဲ၊ အဲဒီအဝိဇ္ဇာကြောင့် အဲဒီဘုံနဲ့ စျာန်ကို နှစ်သက်လိုချင်တဲ့ တဏှာဖြစ်တယ်၊ စွဲလမ်းတဲ့ ဥပါဒါန်ဖြစ်တယ်၊ အဲဒီဥပါဒါန်ကြောင့် အာကိဉ္စညာယတနစျာန် ကိုရအောင် အားထုတ်တယ်၊ အဲဒီစျာန်သခါရကြောင့် အာကိဉ္စညာ ဘုံမှာ ဝိဉာဏ်အစရှိသော အကျိုးတရားငါးပါး ဖြစ်ရတယ်။ အဲဒီအကျိုးတရား ငါးပါးရှေ့ဦးစွာဖြစ်တာက ဇာတိပဲ၊ ကမ္ဘာ ပေါင်း ၆ သောင်းပတ်လုံး ရှင်ကျက်နေတာက ဇရာပဲ။ နောက်ဆုံး သေပျက်မှာကမရဏပဲ၊ အဲဒါဟာ အဝိဇ္ဇာ ကစပြီး မရဏမှာ အဆုံးသတ်သွားမည့် သံသရာစက်လည်ပုံပါပဲ၊ ဥဒကရသေ့မှာလဲ အဝိဇ္ဇာစသည်ဖြစ်ပုံကိုနည်းတူပါပဲ၊ နေဝသညာ ဘုံနဲ့ နေဝသညာ စျာန်ကိုအမြန်ဆုံးတင်တာရယ်၊ နေဝသညာစျာန်ကိုရအောင် အားထုတ်တာရယ်၊ နေဝသညာဘုံ၌ ဝိဉာဏ်စသည် ဖြစ်တာရယ်၊

ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင်ပတ်လုံး ရှင်ကျက်နေတာရယ် ဒါတွေလောက်ပဲ ထူးပါတယ်။

ယခုပြောလာခဲ့တာဟာ ကမ္မဘဝ ရူပဘဝ အရူပဘဝဆိုတဲ့ ဘဝသုံးပါးမှာ မသိမှု သိမှားမှုအဝိဇ္ဇာဖြစ်ရင် တဏှာ ဥပါဒါန် သင်္ခါရ ကမ္မဘဝဆိုတဲ့ အကြောင်းတရားတွေဖြစ်ပြီး အဲဒီ အကြောင်းတရားတွေကြောင့် ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့အကျိုးတရားတွေဖြစ်ပုံနဲ့ အဲဒီအကျိုးတရား တွေဆိုတာလဲ အစပိုင်းက ဇာတိ၊ အလယ်ပိုင်းက ဇရာ၊ အဆုံး ပိုင်းက မရဏဆိုတဲ့ ဆင်းရဲအစုသာဖြစ်ပုံတွေကို ပြောလာခဲ့ တာပဲ။ အတိုချုပ်အားဖြင့်ဆိုရင် အဝိဇ္ဇာကစပြီးဇရာ မရဏ အဆုံးသတ်တဲ့ သံသရာစက်ရဟတ်လည်ပုံပါပဲ။

## ထောက်အကန့်တို့ကို ပယ်ဖျက်ပုံ နိဂုံးချုပ်

အဲဒီသံသရာစက်မှာ ယခုနေ့တရားအပိုင်း စတုန်းကပြောခဲ့တဲ့ အတိုင်း အတိတ်အကြောင်း ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း အနာဂတ်အကျိုးအားဖြင့် လေးလွှာရှိတယ်၊ အတိတ်အကြောင်း နဲ့ပစ္စုပ္ပန်အကျိုးကြား တစ်ဆက်၊ ပစ္စုပ္ပန်အကျိုးနဲ့ ပစ္စုပ္ပန် အကြောင်း အကြားတစ်ဆက်၊ ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်အကျိုးအကြား တစ်ဆက်အားဖြင့် သုံးဆက်ရှိတယ်၊ အတိတ် ပစ္စုပ္ပန် အနာဂတ် အားဖြင့် အဓွန့်ကာလသုံးပါးရှိတယ်၊ အတိတ်အကြောင်း ငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါးစသည်ဖြင့် အခြင်းအရာသရုပ်နှစ်ဆယ် ရှိတယ်၊ အဲဒီလိုလေးလွှာသုံးဆက်ကာလသုံးပါး သရုပ်နှယ်ဆယ်

ရှိတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ကို မြတ်စွာဘုရားဟာ ခပ်သိမ်းသော အခြင်းအရာအားဖြင့် သိတော်မူပါတယ်၊ အဲဒီလိုသိတော်မူပြီးတော့ အဲဒီသံသရာစက်၏ သင်္ခါရ ဇာတိကျအောင် အလယ်က ဆယ်တန့် ထောက်အကန့်တို့ကို ဖျက်ဆီးတော်မူခဲ့ပါတယ်၊ ဘယ်လိုဖျက်ဆီးသလဲဆိုရင် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အရ သစ္စာလေးပါးကိုသိသောအားဖြင့် ဖျက်ဆီးတော်မူတာပါပဲ၊ တည့်တည့်ပြောရရင် သစ္စာလေးပါးကို သိတော်မူတာနဲ့ အဲဒီထောက်အကန့်တွေကို ဖျက်ဆီးပြီးဖြစ်သွားတာပါပဲ။ ဒါကြောင့် ဂုဏ်တော်ဖွင့်ဘုရားရှိခိုးမှာ–

"ပုံတောင်းတူစွာ၊ အဝိဇ္ဇာတစ်ရပ်၊ အကွပ်ပမာ၊ ဇရာမရဏာ၊ ပတ်လည်စသည့်၊ ပဋိစ္စသမုပ္ပါဒ်၊ ရဟတ်သံသရာ၊ ဘီးစကြာဝယ်၊ သင်္ခါရမှ၊ ဇာတိကျအောင်၊ လယ်ကဆယ်တန့်၊ ထောက်အကန့်တို့ကို၊ အရဟတ္တမဂ်၊ ဉာဏ်သန်လျက်ဖြင့်၊ မဆက်မစပ်၊ အကုန်လုံးပြတ်အောင်၊ ခုတ်ဖြတ်ဖျက်ဆီး၊ စွန့်ပယ်တော်မူပြီးသောကြောင့်၊ ရတော်မူသော၊ အရဟံဟူသော အမည်တော်နာမ၊ ဝိသေသဂုဏ်တံခွန်ဖြင့်၊ မိုးစွန်ဘဝဂ်၊ မဆန့်တက်အောင်၊ နံ့လျက်ကျော်စောတော်မူပေသော မြတ်စွာဘုရား လို့ ဆိုထားပါတယ်၊ အဲဒါကိုရွတ်ဆိုပြီး ကြည်ညိုကြဦးစို့––

ပုံတောင်းတူစွာ အဝိဇ္ဇာတစ်ရပ်။ ပ။ ကျော်စောတော်မူပေသော မြတ်စွာဘုရား ။ ။

# ဂုဏ်တော်ဖွင့်ဩဝါဒကထာ (၅)

## ၁။ အရဟံ ဂုဏ်တော်ဖွင့်

ဒီနေ့ပြောရမှာကတော့ (ဃ) မျက်မှောက် မျက်ကွယ်၊ အကူပယ်၊ ဘုန်းကြွယ် အ- ရဟံ ဘုရား- ဆိုတဲ့အပိုင်းကို ရောက်ပါပြီ။

အ + ရဟံ၊ အ-မရှိ၊ ရဟ-ဆိတ်ကွယ်ရာ၊ မကောင်းမှု ပြုခြင်း၌ ဆိတ်ကွယ်ရာမရှိ ဆိတ်ကွယ်ရာ၌ မကောင်းမှု မပြု- လို့ ဆိုလိုပါတယ်။

လောကတွင်ပညာမဲ့သူ လူဗာလတို့ကား မကောင်းမှုထိုထိုကို ဆိတ်ကွယ်ရာတွင်မှု ဆိုဖွယ်ရာမရှိ၊ လူရှေ့မရှောင် သူ့ရှေ့မရှောင် ပြောင်ကျကျပင်ပြုနေကြ၏၊ ပညာရှိအမည်ခံ အချို့ပုဂ္ဂိုလ်ကြီး များပင် မျက်မြင်၌ မကောင်းမှုကို မပြုကြသော်လည်း ဆိတ်ကွယ် ရာတွင်မှု အံ့ဩဖွယ်ရာ ပြုလုပ်နေကြပါတယ်။

ဟုတ်ပါတယ်၊ စိတ်နှလုံးမစင်ကြယ်တဲ့ သူတွေဟာ အများရဲ့ မျက်မှောက်မှာတော့ ကဲ့ရဲ့ဖွယ်မရှိအောင် အစစအရာရာ စောင့်စည်း နေကြတယ်၊ သူတစ်ပါးမမြင်လောက် မကြားလောက် မသိလောက်ဘူးလို့ ထင်ရတဲ့ မျက်ကွယ်ကျတော့ သူ့ပင်ကိုယ်ရင်း စိတ်သဘောအတိုင်း မတော်တာတွေ မကောင်းမှုတွေကို ပြုတယ်၊ ဥပမာ သူခိုးတွေဟာ ရဲအစောင့်အရှောက်တွေ လူအများတွေ မမြင်နိုင် မသိနိုင်ဘူးလို့ ထင်ရတဲ့နေရာမှာ ခိုးတယ်၊ လူငယ် တွေဟာ လူကြီးမိဘတွေ ဆရာသမားတွေ မမြင်လောက် မသိ

လောက်တဲ့နေရာမှာ သူတို့အလိုရှိရာတွေကို ပြုလုပ်တတ်တယ်၊ လူကြီးလူကောင်းတွေဆိုတာလဲ အများမမြင်လောက် တဲ့ နေရာမှာ မတော်မသင့်တာတွေကို ပြုလုပ်တာရှိတတ်တယ်၊ ရသေ့ရဟန်း သူတော်ကောင်း ပညာရှိလို့ ဝန်ခံနေတဲ့အချိန် ပုဂ္ဂိုလ်တွေမှာပင် စိတ်မစင်ကြယ်ရင် ဒီလို မျက်ကွယ်မှာ မတော်တာတွေကို ပြုတတ်ကြတယ်။

အမှန်ကတော့ မျက်ကွယ်ဆိုတာမရှိပါဘူး၊ လူတွေက မမြင်ပေမဲ့ နတ်တွေကမြင်နေတာပါပဲ၊ ဒါကြောင့်အရှင်သုဒိန် မထေရ်ပါရာဇိကအမှုပြုစဉ်က မြေတည်နတ်မှစပြီး နတ်တွေက မြင်တွေလို့ ကြွေးကြော်လိုက်ကြတာ တစ်ခဏချင်း ဗြဟ္မာ့ပြည် ရောက်သွားတယ်–လို့ ဆိုပါတယ်။

နောက်ပြီးတော့ လူတွေနတ်တွေဘယ်သူမှ မမြင်နဲ့ဦးတော့ ကိုယ့်ဟာကိုယ်တော့ သိနေတာပဲ၊ အဲဒါဟာ အကောင်းဆုံး အမိုင်လုံဆုံး သက်သေလို့ ဆိုပါတယ်၊ ဒါကြောင့် အပါယ် လားကြောင်း မကောင်းမှု အကုသိုလ်ကံကို ပြုထားရင် ဘယ်သူမှ မသိပေမယ့် ကိုယ့်ဟာကိုယ်သိနေတဲ့အတွက် သေခါနီးမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ထင်ပြီး အပါယ်ဘဝ ကျရောက် သွားနိုင်တယ်၊ အဲဒါ ကိုယ့်ဟာကိုယ် သက်သေခံ သွားတာပါပဲ။

မြတ်စွာဘုရားမှာတော့ စိတ်အညစ်အကြေး ကိလေသာ ဟူသမျှကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်တော်မူပြီးဖြစ်တဲ့ အတွက်စိတ်နှလုံးတော် အခါခပ်သိမ်းအမြဲတန်းစင်ကြယ် နေပါ တယ်၊ မကောင်းမှုကို ပြုလိုတဲ့စိတ် ကြံလိုတဲ့စိတ် ဆိုတာလုံးဝ

မရှိပါဘူး၊ ဒါကြောင့်အများ၏ မျက်မှောက်မှာ ကိုယ် နှုတ် စိတ်သုံးပါးလုံး စင်ကြယ်နေသလို တစ်ပါးတည်း သီတင်းသုံးနေတဲ့အခါလဲ စင်ကြယ်နေပါတယ်၊ ဆိတ်ကွယ်ရာကို အလိုရှိတော်မမူဘူး၊ ဆိတ်ကွယ်ရာရယ်လို့ အထူးမရှိဘူး၊ အမြဲတမ်း စင်ကြယ်နေတာပဲ၊ ဒါကြောင့် "အ-ရဟံ ဆိတ်ကွယ်ရာ မရှိဘူး"ဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးကို ရရှိတော်မူပါတယ်၊ အဲဒါကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒါလိုရေးထားပါတယ်။

"မျက်မှောက်မျက်ကွယ် အခြင်းခပ်သိမ်းစင်ကြယ်၍ ဆိတ်ကွယ်ရာမရှိတော်မူသောကြောင့် ရတော်မူသော အ- ရဟံ ဟူသော အမည်တော်နာမဝိသေသဂုဏ်တော်ခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နံ့လျက်ကျော်စောတော်မူပေသော မြတ်စွာဘုရား"။

## အ-ရဟံ မာဂဏ္ဍီ ဝတ္ထု

မြတ်စွာဘုရားရှင်ရဲ့ အ-ရဟံ ဂုဏ်တော်နှင့်စပ်ပြီး ကြည်ညိုဖွယ်ရာ ဝတ္ထုတစ်ပုဒ်ကို ထုတ်ပြပါဦးမယ်။

ကုရုတိုင်းတွင် မာဂဏ္ဍီပုဏ္ဏားကြီးရဲ့ သမီးတောင်းခြင်းငါးဖြာခြောက်ပြစ်ကွာတဲ့ မာဂဏ္ဍီဆိုတာရှိတယ်၊ သူဌေးသူကြွယ် ကုန်သည်မင်းမျိုးများရဲ့သားများက မာဂဏ္ဍီကို လိုချင်လို့ လက်ဆောင်ပဏ္ဏာအမျိုးမျိုးနဲ့ စေ့စပ်တောင်းရမ်းကြသော်လဲ၊ ပုဏ္ဏားကြီးက သူ့သမီးနှင့် တန်သူမရှိဘူး- ဆိုပြီး ငြင်းပယ်လို့သာ နေပါသတဲ့။

တစ်နေ့တော့ မြတ်စွာဘုရားဟာ ကျွတ်ထိုက်တဲ့ သတ္တဝါများကို ကြည့်ရှုတော်မူတော့ မာဂဏ္ဍိပုဏ္ဏားကြီး ဇနီး မောင်နှံတို့ရဲ့ သုံးမဂ်သုံးဖိုလ်ရမည့် အဖြစ်ကိုမြင်တော်မူလို့ ထိုပုဏ္ဏားကြီး မိန်းကိုယ်နေကျေးရွာအရပ် ရွာပြင်ပအရပ်သို့ ကြွရောက် သီတင်းသုံးတော်မူပါတယ်။

ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားရဲ့လက္ခဏာတော်ကြီးငယ် ရှေ့ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်တော်မူပုံကို ဖူးမြင်ရတော့ "လောကတွင် ဒီရဟန်းနှင့် တူတဲ့ယောကျ်ားမြတ်မည်သည် မရှိပေ၊ ဒီရဟန်းဟာ ငါ့သမီးနှင့် ထိုက်တန်တယ်၊ ဒီရဟန်းအား ငါ့သမီးကို ပေးအပ်မယ်"လို့ ကြံစည်ပြီး "ရဟန်း- အကျွန်ုပ်အား သမီးတစ်ယောက်ရှိပါတယ်၊ အကျွန်ုပ်ဟာ ထိုသမီးနှင့် ထိုက်တန်တဲ့ ယောကျ်ားကိုမမြင်လို့ ထိုသမီးကို တစ်ဦးတစ်ယောက်အားမျှမပေးခဲ့ရပါ၊ သင်ရဟန်းကား ထိုသမီးအား ထိုက်တန်လှတယ်၊ အကျွန်ုပ်ဟာ သင်ရဟန်းအား ထိုသမီးကို ခြေရင်းအလုပ်အကျွေးပြုရန် ပေးလိုလှပါတယ်၊ ထိုသမီးကို ခေါ်ဆောင်လာသည့်တိုင်အောင် ဒီအရပ်၌သာ ဆိုင်းငံ့နေပါဦး"လို့ ပြောဆိုတယ်၊ အင်း- ဘာသာရေး ယဉ်ကျေးမှု အသိဉာဏ်မရှိပြီဆိုရင် ဒါကိုပင် အတွေးအမြင်များတတ် ကြတာကိုး၊ သံဝေဂ ရဖွယ်ပါပဲ။

မြတ်ဘုရားလဲ အဲဒီပုဏ္ဏားကြီးရဲ့လျှောက်စကားကို ဘာမျှ ပြန်လည်မမိန့်ကြားဘဲ ဆိတ်ဆိတ်နေတော်မူတယ်။ ဆိတ်ဆိတ်

နေတိုင်းသဘောတူတာတော့ မဟုတ်ဘူးနော်၊ ဒါကတော့ ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်ကိုအကြောင်းပြုပြီး စောင့်ရှောက်တော်မူတာပါပဲ။

ပုဏ္ဏားကြီးလဲ အိမ်ကိုအမြန်ပြန်ပြီး "ရှင်မရေ- ဒီနေ့ ငါသမီးနှင့် ထိုက်တန်တဲ့ ယောကျ်ားတစ်ယောက်ကိုမြင်ခဲ့တယ်၊ ထိုယောကျ်ားအား သမီးကိုပေးကြစို့"လို့ ပြောပြီး သမီးအား တန်ဆာဆင်ယင်ပြီး မြတ်ဘုရားထံ အမြန်ပြေးလာကြကယ်။

ဒီအခါမှာ ဗုဒ္ဓသာသနာဝင် လူအပေါင်းလဲကြားသိကြပြီး အံ့ဩကာ အုတ်အုတ်ကျက်ကျက်ဖြစ်ပြီး ထိုနေရာသို့ ထွက်လိုက်လာကြပါတတ်တဲ့၊ မြတ်စွာဘုရားဟာ ပုဏ္ဏားမှာထားခဲ့တဲ့ နေရာမှာ သီတင်းသုံးနေတော်မမူဘဲ၊ ထိုနေရာတွင် ခြေတော်ရာ ပဒစေတီကိုချပြထားခဲ့ပြီး အခြားတစ်နေရာတွင် သီတင်းသုံးနေတော်မူပါတယ်၊ မြတ်စွာဘုရားရဲ့ ဒီလိုခြေတော်ရာဟာဖူးမြင်လိုသူအား သာတွေမြင်စေနိုင်တဲ့ ခြေတော်ရာမျိုးမို့ အခြားသူများ မတွေ့မြင်ကြရပါဘူး။

အဲဒီနေရာရောက်တော့ ပုဏ္ဏားကြီးအား ပုဏ္ဏေးမကြီးက "ဘယ်မှာလဲ"လို့မေးတော့ ခြေတော်ရာကိုသာ တွေ့ရလို့ "ဒါဟာ သူ့ခြေရာပဲ"လို့ ပြောတယ်၊ ဒီတော့ပုဏ္ဏေးမကြီးက လက္ခဏာ မန္တာန်တတ်မြောက်သူမို့ "ဒီခြေရာမျိုးဟာ ကာမဂုဏ် ခံစားသူရဲ့ ခြေရာမျိုးမဟုတ်ဘူး၊ တပ်မက်သူရဲ့ ခြေရာဟာ ခြေဖျားထောက်ဟန်ရှိတယ်၊ အမျက်ထွက်သူရဲ့ ခြေရာဟာ လျှင်စွာနင်းလို့

ဖနောင့်ခွက်တယ်၊ တွေဝေသူရဲ့ ခြေရာကတော့ ဆွဲငင်ဘိသို့ ဖြစ်တယ်။ ဝင့်မြစ်ပြတ်သူရဲ့ခြေရာကား ဒါမျိုးပဲ”လို့ ပြောတယ်။

ဒီတော့ ပုဏ္ဏားကြီးက “အို-ရှင်မကလဲ ရေခွက်ထဲက မီးချောင်းကိုမြင်တာပါ၊ ငါကသမီးကို ပေးမယ်ဆိုတော့ ထိုရဟန်းက လက်ခံပြီးသားပါ ဆိတ်ဆိတ်သာနေစမ်း- လာ လိုက်ခဲ့”လို့ ပုဏ္ဏားကြီးက ခေါ်သွားပါတယ်။

မြတ်စွာဘုရားထံရောက်တော့ “ရဟန်း- သမီးကိုသင့်အား ပေးအံ့”လို့ ဆိုပါတယ်၊ ဒီတော့မြတ်စွာဘုရားက “ငါ့အား သင့်သမီးဖြင့် အလိုမရှိပါ”လို့ ဆိုပါတယ်၊ ပြီးတော့ “ပုဏ္ဏား ကြီးအကြောင်းတစ်ခုကို သင့်အား ငါပြောဆိုအံ့”လို့ မိန့်တော် မူပါတယ်၊ ဒီအခါ ပုဏ္ဏားက နားထောင်နေပါတယ်၊ ဒီတော့ မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပါတယ်။

ငါဟာထီးနန်းစည်းစိမ်ကို စွန့်လွှတ်ပြီး ရဟန်းပြုခဲ့တယ်၊ မြို့တံခါးဝတွင် မာရ်နတ်လာပြီး စကြာမင်းဖြစ်မည့်အကြောင်း ဖြားယောင်းတယ်၊ ဒါတွေကိုလဲ ငါပယ်ခဲ့တယ်။ ဒီတော့ မာရ်နတ်က “ငါ့အကြောင်းသိရမယ်”ဆိုပြီး ခုနစ်နှစ်တိုင်တိုင် အမြဲစ်ရှာလာခဲ့ပါတယ်။

မြတ်စွာဘုရားအလောင်းတော်ဟာ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်ပြီး သက်တော် ၃၅ နှစ်အရွယ်တွင် ဗောဓိပင် အောက်၌ မာရ်ငါးပါးကို အောင်မြင်လို့ဘုရားဖြစ်တော်မူပါတယ်။ ဒီနောက်သတ္တဌာနစံတော်မူစဉ် ပဉ္စမသတ္တာဟ၌ ဆိတ်ကျောင်း ညောင်ပင်ရင်းတွင် သီတင်းသုံးတော်မူပါတယ်။

ဒီအခါတွင် မာရ်နတ်ဟာ ခုနစ်နှစ်ပတ်လုံး သိဒ္ဓတ္ထမင်းသားအားအပြစ်ရှာသော်လဲ မတွေ့ရသဖြင့် စိတ်ညစ်နေရာ၊ သူ့ရဲ့ တဏှာ, ရတိ, ရာဂါတို့သုံးယောက်က အကြောင်းအကျိုးမေးပြီး သူတို့ပင် ဘုရားအား ဖြားယောင်းမည်ဆိုပြီး ဘုရားထံ ရောက်လာကြပါတယ်။

သုံးယောက်လုံးက ယောက်ျားများအကြိုက် "အပျိုငယ်အရွယ်၊ တစ်သားနှစ်သားမွေးပြီးစအရွယ်၊ အပျိုကြီးအရွယ်စတဲ့ အရွယ်မျိုးစုံဖြင့်ကိုယ်ဟန်ပြပြီး အရှင်ရဟန်း၊ အရှင်ရဟန်းရဲ့ အလုပ်အကျွေးပြုပါမယ်"လို့ အမျိုးမျိုး အကြိမ်ကြိမ်ဖြားယောင်းကြတယ်။

ဒီတော့ မြတ်စွာဘုရားက "အတုမရှိ မြင့်မြတ်ကဲ့ [illegible] လေးပါးကုန်ရာ နိဗ္ဗာန်၌ နှလုံးသွင်းခြင်းတည်းဟူသော [illegible] ဖြင့် နှလုံးသွင်းတော်မမူ၊ ထို့နောက်မြတ်စွာဘုရားသည် ဤမျှလောက်ဖြင့် လိုက်ပါနေကြကုန်သေးသော ငါ့မာရ်နတ်သမီးသုံးယောက်တို့ကို "ဖယ်ကြကုန်လော့၊ အဘယ်ကိုမြင်၍ ဤသို့အားထုတ်နေကုန်သနည်း၊ ဤသို့သော [illegible] ဖြားယောင်းမှုမျိုးကို ရာဂကင်းသော ဘုရားရှင်တို့။ ရှေ့တော်၌ ပြုရန်မထိုက်၊ မြတ်စွာဘုရားအား ရာဂစသည်တို့ကို ပယ်အပ်ပြီးပြီ၊ ထိုမြတ်စွာဘုရားကို အဘယ်အကြောင်းကြောင့် မိမိ၏ အလိုသို့ဆောင်နိုင်ကုန်အံ့နည်း" ဟု မိန့်တော်မူကာ ဤဂါထာတို့ကို ဟောတော်မူတယ်။

၁။ အကြင်မြတ်စွာဘုရားသည် အောင်အပ်ပြီးသော ကိလေသာကို တစ်ဖန်အောင်ဖွယ်မလို၊ လောက၌ အကြင်မြတ်စွာဘုရား၏ အောင်ပြီးသော ကိလေသာနောက်သို့ ကိလေသာတစ်စုံမျှ အစဉ်မလိုက်တော့ချေ၊ အပိုင်းအခြားမရှိ ကျက်စားနိုင်သည့် သဗ္ဗညုတ ဉာဏ်ရှိတော်မူသော ရာဂစသောခရီးလမ်းကြောင်းမရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့ခေါ်ဆောင်နိုင်ကုန်အံ့နည်း၊

၂။ အကြင်မြတ်စွာဘုရားအား တစ်စုံတစ်ခုသော လောကသို့ ခေါ်ဆောင်ရန် ပိုက်ကွန်ပမာကပ်ငြိတတ်သော တဏှာသည်မရှိ၊ အပိုင်းအခြားမရှိကျက်စားနိုင်သည့် သဗ္ဗညုတ ဉာဏ်ရှိတော်မူသော ရာဂစသော ခရီးလမ်းကြောင်းမရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

ဒေသနာတော်၏အဆုံး၌ နတ်ပေါင်းများစွာတို့အား တရားထူးကို ထိုးထွင်း၍သိခြင်းသည် ဖြစ်လေ၏။ မာရ်နတ်-သမီးတို့သည် ထိုနေရာ၌ပင် ကွယ်ပျောက်ကုန်။

မြတ်စွာဘုရားက "ဤတရားတော်ကိုဆောင်တော်မူပြီးလျှင် မာဂဏ္ဍိပုဏ္ဏား ငါဘုရားသည် ရှေးအခါ၌ ဤမာရ်နတ်သမီးသုံးယောက်တို့ကို မြင်ရခဲ့ပြီ၊ သလိပ်စသည်တို့ဖြင့် မလိမ်းမကျံဘဲ ရွှေတုံး ရွှေခဲနှင့်တူသော ခန္ဓာကိုယ်ဖြင့် ပြည့်စုံကြကုန်၏၊ ထိုအခါ၌သော်လဲ မေထုန်မှု၌ ဆန္ဒမဖြစ်ခဲ့သည်

သာတည်း၊ သင့်သမီး၏ ကိုယ်သည်ကား ၃၂-ပါးသော အခြင်းအရာ အပုပ်အသိုးအပြည့်ဖြစ်၍ အပြင်ပ၌ အဆန်း တကြယ်ပြုအပ်သော မစင်အိုးသဖွယ်ဖြစ်၏၊ ငါဘုရား၏ ခြေတော်သည် မစင်အညစ်အကြေးပေးကျံလာခဲ့သည်ဖြစ်စေ ကာမူ ဤသင့်သမီးသည် တံခါးခုံနေရာ၌ ရှိနေစေကာမူ ဤသို့သဘောရှိသော သင့်သမီး၏ကိုယ်၌ ငါဘုရားသည် ခြေတို့ကို မထိရာပေတကား”ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ ပါတယ်။

တဏှာ, ရတိ, ရာဂါ မာရ်နတ်သမီးတို့ကိုမြင်၍မှု မေထုံ၌ဆန္ဒမျှလည်း မဖြစ်ခဲ့ပေ၊ ကျင်ငယ်ကျင်ကြီး အပြည့် ဖြစ်သော ဤသင်တို့သမီး မာဂဏ္ဍီကို ခြေဖြင့်လည်း တို့ထိရန် အလိုမရှိပေ၊ ဒေသနာတော်အဆုံး၌ ပုဏ္ဏားလင်မယားနှစ်ဦး တို့လည်း အနာဂါမိဖိုလ်၌ တည်လေ၏။

# ဂုဏ်တော်ဖွင့်ဩဝါဒကထာ (၆)

## ၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

### (က) ကိုယ်တိုင်သိတာ၊ မှန်သူစွာ၊ သမ္မာသမ္ဗုဒ္ဓဘုရား။

ဒီနေ့ပြောကြားရမှာကတော့ မြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော် ၉-ပါးတွင် အမှတ်(၂)သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖွင့်ရဲ့ အကြောင်း ဖြစ်ပါတယ်။

သမ္မာသမ္ဗုဒ္ဓေါမှာ-သမ္မာက မှန်စွာ-လို့ အနက်ရှိတယ်၊ သံ-ကကိုယ်တိုင်-လို့အနက်ရှိတယ်၊ ဗုဒ္ဓေါ-က သိတယ်-လို့ အနက်ရှိတယ်၊ သုံးပုဒ်ပေါင်းလိုက်တော့ ကိုယ်တိုင်လဲသိတယ်၊ မှန်စွာလဲသိတယ်-လို့ အနက်ရတယ်။

သာဝကတွေမှာ ကိုယ်တိုင်မသိနိုင်ဘူး၊ မြတ်စွာဘုရား ဟောတဲ့ တရားကို ကြားနာရမှ သစ္စာလေးပါးတရားကို သိနိုင် တယ်၊ အရှင်သာရိပုတ္တရာမထေရ်တောင် အရှင်အဿဇိထံမှ မြတ်စွာဘုရား ဟောထားတဲ့တရားကို ကြားနာရမှ တရားထူး ကိုသိတယ်၊ ဒါကြောင့် သမ္မာသမ္ဗုဒ္ဓ မမည်ဘူး၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေဟာ သူတစ်ပါးထံနည်းမခံရဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သစ္စာလေးပါးတရားကို သိတော်မူကြပါတယ်၊ ဒါပေမယ့် မြတ်စွာ ဘုရားလို အရာရာမှာ အပြည့်အစုံ မှန်ကန်စွာ မသိနိုင်ကြဘူး၊ မိမိတို့သိထားတဲ့တရားလို အရာရာမှာ အပြည့်အစုံမှန်ကန်စွာ မသိနိုင်ကြဘူး၊ မိမိတို့သိထားတဲ့တရားကို သူတစ်ပါးနားလည်

အောင် ဘယ်လိုဟောရမယ်ဆိုတာကို မသိနိုင်ကြဘူး၊ ဒါကြောင့် သမ္မာသမ္ဗုဒ္ဓ မမည်ကြဘူး၊ ဗုဒ္ဓမြတ်စွာဘုရားမှာတော့ သစ္စာလေးပါးတရားတွေကို သူတစ်ပါးထံမှ နည်းမခံရဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် အပြည့်အစုံ မှန်ကန်စွာ သိတော်မူတယ်၊ ဒါကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေတယ်။

## သိတော်မူတဲ့တရားတွေက

သိတော်မူတဲ့တရားတွေက ဘယ်ဟာတွေလဲဆိုရင်-

၁။ ထူးသော ဉာဏ်ဖြင့် သိသင့်သိထိုက်တဲ့သစ္စာလေးပါးဆိုတဲ့ အဘိညေယျတရား၊

၂။ ပိုင်းခြားရ၍သိသင့်သိထိုက်တဲ့ ဒုက္ခသစ္စာဆိုတဲ့ ပရိညေယျတရား၊

၃။ ပယ်သင့်ပယ်ထိုက်တဲ့ သမုဒယသစ္စာဆိုတဲ့ ပဟာတဗ္ဗတရား၊

၄။ မျက်မှောက်သိမြင်သင့်, သိမြင်ထိုက်တဲ့ နိရောဓသစ္စာဆိုတဲ့ သစ္ဆိကာတဗ္ဗတရား၊

၅။ မိမိသန္တာန်၌ ဖြစ်စေသင့် ဖြစ်ပွားစေထိုက်တဲ့ မဂ္ဂသစ္စာဆိုတဲ့ ဘာဝေတဗ္ဗ တရား-ဆိုတဲ့ ဒီတရားတွေပါပဲ။

အဲဒီတရားတွေကို မြတ်စွာဘုရားဟာ ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူလျက် ပဋိစ္စသမုပ္ပါဒ်တရားတွေကို ရှေးဦးစွာ ဆင်ခြင်တော်မူပြီးတော့ ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတဲ့ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်

ကို ရှင်း အရဟတ္တမဂ်ဉာဏ်ဖြင့် အပြည့်အစုံ သိမြင်တော်မူလျက် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

အဲဒါဟာ အာဠာရ ဥဒကတို့ထံက ရခဲ့တဲ့နည်းနဲ့ သိတာမဟုတ်ဘူး၊ ဘယ်သူ့ထံကရခဲ့တဲ့နည်းနှင့်မျှ သိတာမဟုတ်ဘူး၊ အဲဒီခေတ်ကာလတုန်းက ပဋိစ္စသမုပ္ပါဒ်ဆိုတာအသံတောင် မကြားရသေးဘူး၊ ဥပါဒါနက္ခန္ဓာငါးပါး၏ အဖြစ်အပျက်ကိုရှုရတယ်ဆိုတာလဲ အသံတောင်မကြားရသေးဘူး၊ လူ့လောကမှာသာ မဟုတ်သေးဘူး၊ နတ်လောကက ဗြဟ္မာလောကတွေမှာလဲ အဲဒီလို ရှုပုံရှုနည်းတွေကို ဘယ်သူမျှ မဟောပြောနိုင်ကြသေးဘူး။

ဘုရားအလောင်းတော်ဟာ "အိုခြင်း, သေခြင်း ဟာ ဘာ့ကြောင့်ရှိရသလဲ၊ ဘဝအသစ်ဖြစ်လို့ရှိရတယ်၊ ဘဝအသစ်ဟာလဲ ဘာကြောင့်ဖြစ်ရသလဲ၊ ဖြစ်ကြောင်းကံရှိလို့ ဖြစ်ရတယ်၊ ကံဟာလဲ ဘာကြောင့်ဖြစ်ရသလဲ၊ စွဲလမ်းလို့ ဖြစ်ရတယ်၊ ဘာ့ကြောင့်တပ်မက်လိုချင်ရသလဲ၊ အကောင်းအဆိုးကိုခံစားရလို့ တပ်မက်လိုချင်တယ်" စသည်ဖြင့်ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်စပ်ဖြစ်ပုံတွေကို မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်ပြီးခဏ မစဲဖြစ်နေတဲ့ ဥပါဒါနက္ခန္ဓာငါးပါး၏ အဖြစ်အပျက်ကို ရှုတော်မူတယ်၊ ဒီလိုရှုနေရင်း ဝိပဿနာဉာဏ် အရိယာမဂ်ဉာဏ်တွေအစဉ်အတိုင်းတက်ပြီး အရဟတ္တမဂ်ဉာဏ်ဖြင့်ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုလျက်သစ္စာလေးပါး အမှန်တရားတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် အမှန်အတိုင်းသိတော်မူပါတယ်၊ ဒီလိုသိသည်နှင့်

တစ်ပြိုင်နက် အလုံးစုံကိုသိနိုင်တဲ့ သဗ္ဗညုတ ဉာဏ်အစရှိသော ဗုဒ္ဓမြတ်စွာဘုရားတို့၏ ဂုဏ်အလုံးစုံကိုလဲ ရတော်မူပါတယ်၊ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်က ဒီလိုကိုယ်ပိုင် ဉာဏ်ဖြင့် မှန်ကန်စွာသိပြီး ဘုရားအဖြစ်သို့ ရောက်တော်မူပုံကို ဖော်ပြပါတယ်။

## ဘုရားရှင်၏သမ္မာသမ္ဗုဒ္ဓဉာဏ်တော်

ဒီမြတ်စွာဘုရားရှင်ရဲ့ သမ္မာသမ္ဗုဒ္ဓ ဉာဏ်, သဗ္ဗညုတ ဉာဏ်အကြောင်းကို အနည်းငယ် ထပ်မံချဲ့ထွင် ဟောကြားပါဦးမယ်။

သမ္မာ–အကောင်းဆုံး၊ သံ–ကိုယ်တော်တိုင်၊ ဗုဒ္ဓ–သိတော်မူသောဘုရား၊ သမ္ဗုဒ္ဓ–ကိုယ်တော်တိုင် သိတယ်ဆိုတာ နည်းညွှန်သူ ဆရာမရှိပါရမီအစွမ်းကြောင့် မိမိဘာသာရှာဖွေတွေ့ရှိ သိတော်မူတယ်လို့ ဆိုပါတယ်။

ပစ္စေကဗုဒ္ဓါများလဲ ဆရာမရှိ အလိုလို သိတော်မူကြတယ်၊ သို့သော် အသိချင်းမတူကွာခြားပုံကို သမ္မာဖြင့်ပြတယ်၊ အကောင်းဆုံးသိတယ်ဆိုရာတွင် အမှားအရှိ အမှန်အတိုင်း သိတယ်၊ မသိတဲ့အရာမရှိ၊ အားလုံး သိတယ်လို့ဆိုလိုတယ်၊ ဒီအချက်ဖြင့် သဗ္ဗညုတဉာဏ်တော်ရဲ့ အစွမ်းကိုပြတယ်၊ ဒါကြောင့်ပင် တစ်စိတ်တစ်ဒေသသိကြတဲ့ ပစ္စေကဗုဒ္ဓါများမှာ သမ္မာသမ္ဗုဒ္ဓအမည်ကို ခံတော်မမူကြရတော့ပေ။

လောကတွင် အလွန်နက်တဲ့တောကြီးသို့ မလှည့်လည်ဘူးသူများဟာ ထိုတောရဲ့ အခြေအနေကို မသိရ၊ မခန့်မှန်းနိုင်ကြပါ၊

လှည့်လည်ဖူးသူများသာ တောရဲ့အလွန်နက်ရှိုင်းပုံကိုရော၊ ပန်း သစ်သီးမျိုးတွေ ဝေဝေဆာဆာနှင့် သာယာနေပုံကိုပါ သိနိုင်ကြပါတယ်၊ ပိဋကတ်တွင် ကျင်လည်ဖူးတဲ့ ပညာရှိတို့မှာ ဘုရားရှင်ရဲ့ ဉာဏ်တော်ကို ခန့်မှန်းနိုင်ကြတယ်။

အဘိဓမ္မာအလိုအားဖြင့် လောကတွင် အရာဝတ္ထုမှန်သမျှ မပြောင်းမလဲ တည်မြဲတယ်လို့ မရှိပါ၊ သာမန်လူများ အမြင်တွင် တည်မြဲနေတယ် ထင်ရတဲ့အရာဝတ္ထုမှာ ဓာတုဝိဘာဂဉာဏ်, ထက်သန်တဲ့ဉာဏ်ကြီးရှင်များ အမြင်တွင် ဖြစ်ပျက်မစဲ တသဲသဲ ဖောက်ပြန်နေတဲ့ အရာသာဖြစ်လျက်နေပါတယ်၊ ထိုထိုအရာဝတ္ထု များမှာ အဌကလာပ် ရုပ်ဓာတ်တွေမရောသာအောင် ဖွဲ့စည်းတည် နေတဲ့အရာများသာ ဖြစ်ခဲ့တယ်၊ ဖြစ်မြဲဖြစ်နေတဲ့ အဌကလာပ်ရုပ် ဆိုတာ တစ်ခုမျှမရှိဘဲ ဖြစ်ပြီးလျှင်ချုပ်ပျောက်ရသည်သာ၊ ချုပ်ပျက်တဲ့နေရာဝယ်အစားထိုးလျက် အသစ်အသစ်ကလာပ် များက ထပ်မနားမစဲ ဖြစ်လျက်ချုပ်လျက်ရှိနေခဲ့တယ်၊ ရုပ်ကလာပ် ကလေးတစ်ခုရဲ့ ပမာဏမှာလဲ ပြောမပြနိုင်အောင်ပင် သေးငယ် လှတယ်၊ အရာဝတ္ထုတစ်ခုတွင် ထိုရုပ်ကလာပ်ကလေးတွေကို စိတ်ဖြာဝေခွဲလျက် တစ်သန့်စီ တစ်သန့်စီသိနိုင်တယ်၊ ထို ကလာပ်များရဲ့အဖြစ်နှင့်အပျက်ကိုလဲ ကွဲကွဲပြားပြားပိုင်းပိုင်း ခြားခြား သိတယ်ဆိုလျှင် ထိုအသိမှာ မည်မျှခက်ခဲစွာ ဖြစ်နိုင်တဲ့ အသိပါလဲ၊ အခြားဉာဏ်ကြီးရှင်များရဲ့အရာပင် မဟုတ်ပါ။

ဘုရားရှင်ကား ထိုမျှအထိ သိတော်မူခဲ့ရာ သူမတူတဲ့ ဉာဏ်တော်ရှင်အဖြစ် အသိအမှတ်ပြုခဲ့ကြရပါသေတယ်။ ထို့ကြောင့်

ပင် ထိုသို့သောအသိအရ အဘိဓမ္မာတွင် ရုပ်ဓာတ်တို့ကို အမျိုးမျိုး စိတ်ဖြာလျက် တိကျသေချာစွာ ဟောတော်မူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

သတ္တဝါများခန္ဓာကိုယ်တွင် သူ့အဖွဲ့အစည်းနှင့်သူ ရုပ်ကလာပ်တွေဖြစ်နေပုံကိုရော၊ ထိုရုပ်ကလာပ်များမှာအကြောင်းမဲ့ဖြစ်နေကြတာမဟုတ်ပဲ ဆိုင်ရာအကြောင်းကိုယ်စီနဲ့ ဖြစ်ကြပုံနှင့် အကြောင်းကလာပ်များကလဲ အကျိုးရုပ်ကလာပ်များကို ဆိုင်ရာသတ္တိဖြင့် ကျေးဇူးပြုထောက်ပံ့လျက် ရှိနေကြပုံကိုရော, ရုပ်အဖွဲ့အစည်း တစ်ခုတည်းကရုပ်တွေ အပြန်အလှန်ကျေးဇူးပြုနေကြပုံရော, ထိုရုပ်ကလာပ်တွေ သက်တမ်းဘယ်မျှရှိတယ်ဆိုတာကိုရော, ဖြစ်ပြီးရုပ်ကလာပ်များပျက်၍ ရုပ်ကလာပ်တွေ အသစ်များဆက်ကာဆက်ကာအစားထိုးပေါ်လာ၍ ဖြစ်ပျက်ဖြစ်ပျက် နေဟန်ကိုရော, ဓာတ်ခွဲဝေဖန်လျက်ဟောထားတာဟာ လိုလေသေးမရှိပါ၊ ထိုအချက်များကို လေ့လာရတဲ့ ပညာရှိများက အလွန်သိတော်မူပါပေတယ်–လို့ ဉာဏ်တော်ကိုခန့်မှန်းအားရ ကြတယ်။

ဒီမျှသာမက အကောင်အထည်မရှိတဲ့ နာမ်တရားများကိုလဲ စိတ်နှင့် စေတသိက်တွဲ၍ သူ့အတွဲနှင့်သူ ဖြစ်နေကြတာကိုရော, တစ်ခုပျက် တစ်ခုဖြစ်နှင့်အစဉ်မပြတ်ဆက်ကာဆက်ကာ ဖြစ်ပျက်နေပုံကိုရော, အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ရပုံ, ရှေးစိတ်က နောက်စိတ်ကို သတ္တိအမျိုးမျိုးဖြင့် ကျေးဇူးပြုထောက်ပံ့ပေးလျက်ရှိပုံ, ဖြစ်လာသော်၊ နာမ်တရားများကလဲ ရုပ်ကလာပ်တွေကို ပေါ်လာအောင်ပေါ်ပြီး ရုပ်များတည်တံ့နိုင်အောင် သတ္တိ

အမျိုးမျိုးဖြင့် ကျေးဇူးပြုအထောက်အပံ့ပေးလျက် ရှိနေပုံများကို ရော ဟောထားတာဟာ လိုလေသေးမရှိ စုံစေ့လှပေတယ်။

ဤနာမ်တရားများကို ခွဲထားတာဟာ အလွန်ပြုနိုင်ခဲ့တဲ့ အမှုကြီးကိုပြုစွမ်းတော်မူခဲ့ခြင်းပါ၊ ရှင်နာဂသေနက မိလိန္ဒ မင်းကြီးကို မေးသည်မှာ "ဂင်္ဂါ ယမုနာ စတဲ့ မြစ်ကြီးငါးသွယ်က ရေတွေ သမုဒ္ဒရာထဲစီးဝင်ခဲ့ရာ သမုဒ္ဒရာရေနှင့် ရောနေတဲ့ ထိုရေများကို ဒါက ဂင်္ဂါမြစ်ရေ, ဒါက ယမုနာမြစ်ရေစသည်ဖြင့် ခွဲခြားနိုင်ပါမည်လော"ဟု မေးတယ်။

မင်းကြီးက "ခဲယဉ်းလှပါကြောင်း" လျှောက်ထားတယ်၊ ဒါက ဖဿ, ဒါက ဝေဒနာ စသည်ဖြင့် နာမ်တရားများကို ခွဲခြားတဲ့ဘုရားရှင်မှာ ထိုရေကို ခွဲခြားရသည်ထက် အဆပေါင်း များစွာ ခက်ခဲလှတဲ့ ခွဲခြားမှုကြီး ပြုခဲ့ရာ တကယ့်ပြုနိုင်ခဲ့တဲ့ အမှုကြီးကို ပြုခဲ့ခြင်းပါပေ"ဟု အရှင်မြတ်က ချီးကျူးတော်မူခဲ့ပေတယ်။

ဒီတရားများကို ရှေးခေတ် ယခုခေတ်များတွင် ဘုရားရှင်မှ တစ်ပါးမည်သူမျှမသိကြ၊ မဟောနိုင်ခဲ့ကြရာ၊ ဘုရားရှင်ရဲ့ အတုမရှိတဲ့ ဉာဏ်တော်ကြီးကို ဖော်ပြလျက် ရှိပါတယ်။

အဘိဓမ္မာတွင် ပုဂ္ဂိုလ်ရဲ့ မျက်နှာမလိုက် သဘာဝဓမ္မ ရှိသမျှတို့ကို အတိအကျအကုန်စုံအောင် ဟောခဲ့ပေမယ့် တရားကျင့်ရေးနှင့် စပ်တဲ့ သုတ္တန်ကျပြန်တဲ့အခါ တရားနာများရဲ့ ဓာတ်ခံအလိုက် သိထိုက်တဲ့တရားအချို့ကို ထုတ်ကာ သိလွယ် မြင်လွယ် နာချင်ဖွယ် နှစ်သက်ဖွယ်ဖြစ်အောင် အနက်သဒ္ဒါ

ဝေဝေဆာဆာနဲ့ ဥပမာ ဥပစာ စသည်ဆင်လျက် ဟောပြောတော်မူချက်မှာလဲ တရားတတ်စကားတတ်ဖြစ်တော်မူကြောင်း ထင်ရှားလှပါပေတယ်။ ပရမတ်ပညတ်စုံအောင် အကုန်သိတော်မူပါပေတယ်လို့ အံ့ဩချီးကျူးရပြန်တယ်၊ ဒါကိုပင် ပိဋကတ်မြင့်သဗ္ဗညုတဉာဏ်ကို မှန်းဆနိုင်တယ်၊ မှန်ပါတယ်၊ အခြေခံက မှန်ရင် မှန်းဆချက်လဲ လွဲတယ်လို့ မရှိနိုင်ပါ။

# ဝုဏ်တော်ဖွင့် ဩဝါဒကထာ (၇)

## ၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

### (က) ကိုယ်တိုင်သိတော မှန်သစ္စာ၊ သမ္မာသမ္ဗုဒ္ဓ ဘုရား။

### အရှင်သာရိပုတ္တရာ၏ မှန်းဆအမြင်

အရှင်သာရိပုတ္တရာမထေရ်က "အသိဉာဏ်အရာဘုရားရှင် ထက်သာလွန်တဲ့သူဟာ ရှေးကလဲမရှိခဲ့ဘူး, ယခုလဲမရှိ၊ နောင်လဲ ရှိလိမ့်မည်မဟုတ်၊ ဒါကိုပင် ဘုရားရှင်အပေါ်မှာ တပည့်တော့ ကြည်ညိုခြင်းဖြစ်ပါတယ်"လို့ လျှောက်ထား ပါတယ်။

ဘုရားရှင်က "သာရိပုတ္တရာ၊ ဝစ်ထစ်ချ ရဲရဲဝံ့ဝံ့ ကြုံးဝါး လျှောက်တင်ခဲ့၏၊ ဘုရားရှင်မှန်သမျှတို့ရဲ့ စိတ်ကိုသိ၍လော" လို့မေးတော်မူရာ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဘုရားရှင်များ ပိုင်းခြားသိနိုင်တဲ့ စေတောပရိယဉာဏ်, တပည့်တော်မှာမရှိပါ ဒါပေမယ့် တရားမှန်းဆချက်ကိုသိထားပါတယ်၊ ဥပမာ ရှင်ဘုရင်ရဲ့ အမွန်အဖျားကျတဲ့ မြို့တစ်မြို့ရှိခဲ့ရာ ပြအိုးမ တံတိုင်းများဖြင့် အခိုင်အလုံကာရံထားသည်မှာ ကြောင်ဝင်ပေါက် ပင်မရှိ၊ လုံလှပါတယ်၊ တံခါးကလဲ တစ်ပေါက်တည်းရှိတယ်၊ ထိုမြို့တံခါးစောင့်ဟာ ဒီမြို့သို့ ဝင်ထွက်သွားလာသူ သတ္တဝါ အကြီးစားများမှာ ဒီတံခါးပေါက်ကပင် ဝင်ထွက်တယ်လို့- သိနိုင်ပါတယ်။ ထို့အတူ အားလုံးသောဘုရားရှင်များမှာ ဗောဇ္ဈင် ခုနစ်ပါးပွားများ၍ သတိပဋ္ဌာန်းလေးပါးတွင် စိတ်ခိုင်မာစွာ

ထားကာ သဗ္ဗညုတဉာဏ်ကို ရကြတယ်လို့ တရားမှန်းဆချက်ကို သိလျက်ရှိပါကြောင်း” လျှောက်ထားပါတယ်။

အရှင်သာရိပုတ္တရာရဲ့မှန်းဆချက်မှာ အမှန်တရားကို အခြေခံ၍မှန်းဆခြင်းဖြစ်ရာ အမှန်းအဆမလွဲခဲ့ပါ၊ ဉာဏ်ရှိသူမှာ ခြေရာမြင်ရင် သတ္တဝါကိုမှန်းဆရာတွင် မလွဲနိုင်သကဲ့သို့ပင် ဘယ်သူမျှမဟောနိုင်မသိနိုင်တဲ့တရားတွေကို မြင်ရ၍ အတုမရှိတဲ့ ဉာဏ်ရှင်အဖြစ် မှန်းဆရာတွင် အဘယ်မှာ လွဲနိုင်ပါတော့အံ့နည်း။

ဒီအရာတွင် ဘုရားမှလွဲရင် ပညာအကြီးဆုံး အရှင်သာရိပုတ္တရာပင် ဘုရားရှင်တို့ စိတ်ကိုသိတဲ့ ဉာဏမရ၊ အမှန်းအဆသာ မှန်းဆနိုင်ပါတယ်၊ သာသနာတော်တွင် ပညာအရှိဆုံး သာဝကကြီးပင် မသိနိုင်တဲ့ ဘုရားရှင်မှန်သမျှတို့ရဲ့ စိတ်တော်ကို သိနိုင်တဲ့အတွက်လဲ ဘုရားရှင်မှာ သူမတူတဲ့ အသိဉာဏ်ပိုင်ရှင်အဖြစ်အား ရကြည်ညိုရပြန်တယ်။

သဗ္ဗညုတဉာဏ်တော်ကြီးကြောင့်ပင် ပညာရှင်ထိပ်သီးများစွာနှင့် နတ်ဗြဟ္မာတို့ ဘယ်သူမေးမေးဖွေးရဟယ်မရှိ၊ လေးကန်ဆုတ်ဆိုင်းနေတယ်မရှိ ရွံ့ထိတ်ခြင်းမရှိ၊ ချက်ချင်းပင်ဖြေကြားနိုင်တာလဲ အထင်အရှားပင်။

အဘယမင်းသားက “မြတ်စွာဘုရား၊ မင်းပုဏ္ဏားသူကြွယ် ရဟန်းပညာရှိတွေ ပြဿနာမေးလျှောက်လာတဲ့အခါရေးကပင် ဘယ်သို့ ဖြေမည်လို့ စဉ်းစားထားပါသလား၊ သို့မဟုတ် ခဏချင်းဖြေနိုင်ပါသလား”လို့ လျှောက်တယ်။

"မင်းသား- ဒီအချက်တွင် သင့်ကိုမေးရပေဦးမည်၊ ရထား အစိတ်အပိုင်းများကို သင်နားလည်သလား"လို့ မေးတော်မူရာ မိမိနားလည်ကြောင်း လျှောက်ထားတယ်။

"သင့်ကို တစ်ဦးတစ်ယောက်က ရထားအစိတ်အပိုင်း ကိုမေးလျှင် ရှေးကပင် ငါဘယ်သို့ဖြေမည်လို့ စဉ်းစားထားရ သလား၊ သို့မဟုတ် ချက်ချင်းပင်ပြောနိုင်သလား"လို့ မေးတော် မူပြန်ရာ "တပည့်တော် ရထားမောင်းသူပါ၊ ရထား အစိတ်အပိုင်း တွေ အားလုံးနားလည်ထားပြီးဖြစ်ရာ၊ စဉ်းစားဖွယ်မလိုပါ၊ ချက်ချင်းပြောနိုင်ပါတယ်"လို့ လျှောက်ထားတယ်။

"မင်းသား-ငါဘုရားကား သဗ္ဗညုတဉာဏ်တော်ကြီးကို ထိုးထွင်းသိမြင်ထားပြီးဖြစ်ရာ၊ တရားအချက်တို့ကို သိပြီး ဖြစ်နေတဲ့ ငါဘုရားမှာ ကြိုတင်စဉ်းစားဖွယ်မလို၊ ချက်ချင်း ဉာဏ်တော်မှာထင်လာရတော့တယ်"လို့ မိန့်ကြားတော်မူ ပါတယ်။ (မ၊ ၂၊ ၅၈)

## ကောသလမင်းရဲ့လျှောက်ထားပုံ

ကောသလမင်းကြီးက မိမိဟာဘုရားရှင်ရဲ့ သမ္မာသမ္ဗုဒ္ဓ အဖြစ်ကို ဘာ့ကြောင့်ယုံကြည်မှန်းဆကြည်ညိုမြတ်နိုးရကြောင်း အကြောင်းများစွာ လျှောက်ထားခဲ့တယ်၊ ထိုအကြောင်းများမှ အကြောင်းတစ်ချက်မှာ လောကတွင် မင်းပညာရှိ၊ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ သူကြွယ်ပညာရှိတို့ ရှိကြပါတယ်၊ ထိုပညာရှိ များဟာ မိမိတို့ပညာစွမ်းဖြင့် သူတစ်ပါးအယူအဆကို ဖောက်ထွင်း

ဖျက်ဆီးသကဲ့သို့ ပြုကာလှည့်လည်ရှိကြပါတယ်၊ သူတို့ဟာ ဘုရားရှင် ဘယ်အရပ်ရောက်တယ်၊ ကြားရရင် "ဘုရားရှင် ဘယ်လိုဖြေသော် မိမိတို့က ဘယ်လိုအပြစ်တင်လိုက်မယ်"လို့ ခက်ရာခက်ဆစ် အမေးပြဿနာကိုကြိုတင် ပြင်ဆင်ထားနှင့်ကြတယ်၊ သို့သော် ဘုရားရှင်ထံ သူတို့ရောက်လာ၍ ဘုရားက တရားဟောတဲ့အခါ မိမိတို့မေးရန်အပြစ်တင်ရန် စီမံပြင်ဆင်ခဲ့ကဲ့ ဝါဒများကို တင်ခြင်း၊ မေးခြင်း၊ မပြုတော့ဘဲ ဘုရားရဲ့ တပည့်သာဝကအဖြစ် ခံယူကြတော့တယ်၊ တစ်ချို့ ရဟန်းပြုကြတယ်၊ ထိုအချက်များကြောင့် မိမိဟာ ဘုရားရှင်ရဲ့ သမ္မာသမ္ဗုဒ္ဓ အဖြစ်မှန်းဆ ယုံကြည်နိုင်ခဲ့ကြောင်း လျှောက်ထား ခဲ့ပါတယ်။ (မ၊ ၂၊ ၃၂၂)

တစ်ရံတစ်ခါ ဝါဒတင်လာတဲ့ပညာရှိ ထိပ်သီးများလဲ ရှိခဲ့တယ်၊ အားလုံးအရှုံးပေးရသည်ချည်းသာ၊ ရှင်တော်မြတ်ဟာ တစ်ခါတစ်ရံ တိတ္ထိပရိဗိုဇ်တို့ကျောင်းသို့ကြွ၍ သူတို့အမေးများကိုဖြေခြင်း၊ တရားဟောခြင်းများ ပြုတော်မူလေ့ရှိတယ်၊ မကျေနပ်သူ ဘုရားထက်လွန်အောင် ပြောနိုင်သူမရှိခဲ့၊ ထိုခေတ်က အတွေးအခေါ်အလွန်သန်တဲ့ ခေတ်ဖြစ်ရာ ဘုရားရှင်ကအမှန်တရားတို့ကိုထုတ်ဖော်ပြနိုင်ခြင်း၊ နားလည်ကျေနပ်အောင် ဟောတော်မူနိုင်ခြင်း၊ အခြားသူများမလှန်နိုင်အောင် အကြောင်းအချက်တို့ကို အကွက်ကျကျ ထုတ်ပြနိုင်ခြင်းများကြောင့် ဘုရားရှင်ရဲ့ အနတ္တဝါဒကို တွန်းလှန်ဖြိုဖျက်နိုင်သူ–လို့ မရှိခဲ့ပေ၊ ဒါလိုပင်

မည်သည့်ပရိသတ် မည်သည့် ပုဂ္ဂိုလ်မျိုးနှင့် ကြုံရကြုံရ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဘုရားမြတ်ကသာ အနိုင်ရ အသာရခဲ့တာဟာ သဗ္ဗညုတဉာဏ်တော်ကြီးကြောင့်ပါပဲ၊ ဒီဉာဏ်တော်ကြီး ကြောင့်ပင် ဘုရားရှင်ရဲ့ ဝေသာရဇ္ဇ–ရဲရင့်တဲ့ ပုဂ္ဂိုလ်အဖြစ် ထင်ရှားခဲ့ပါတယ်၊ အဲဒီဘုရားရှင်ရဲ့ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ဖွင့်ကို ဒီလို ရှိခိုးပူဇော်နိုင်ရန် စီကုံးထားပါတယ်။

မဟာစည်ဆရာတော်ဘုရားကြီးက–

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖွင့်ဘုရားရှိခိုး

ထူးသောဉာဏ်ဖြင့် သိသင့်သိထိုက်တဲ့ သစ္စာလေးပါး တည်းဟူသော အဘိညေယျတရား, ပိုင်းခြား၍သိသင့်သိထိုက်တဲ့ ဒုက္ခသစ္စာတည်းဟူသော ပရိညေယျတရား, ပယ်သင့်ပယ်ထိုက်တဲ့ သမုဒယသစ္စာတည်းဟူသော ပဟာတဗ္ဗတရား, မျက်မှောက် ထင်ထင်ဆိုက်ရောက်၍ သိမြင်သင့် သိမြင်ထိုက်တဲ့ နိရောဓသစ္စာ တည်းဟူသော သစ္ဆိကာတဗ္ဗတရား, ပွားများသင့် ပွားများထိုက်တဲ့ မဂ္ဂင်သစ္စာတည်းဟူသော ဘာဝေတဗ္ဗတရားအားဖြင့် သစ္စာ လေးပါးခပ်သိမ်းသောတရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသောကြောင့် ရတော်မူသော သမ္မာသမ္ဗုဒ္ဓဟူသော အမည်တော်နာမ ဝိသေသဂုဏ်တံခွန်ဖြင့် မိုးစွန်ဘဝဂ် မဆန့် တက်အောင် နံ့လျက်ကျော်စောတော်မူသော မြတ်စွာဘုရား။

ဒီဂုဏ်တော်ဖွင့် ဩဝါဒတရားတို့ကို နာကြားကြရတဲ့ ကုသိုလ်စေတနာတို့ကြောင့် သူတော်စင်များသည် ဤတရားတော်လာတိုင်း ဘုရားရှင်အားကြည်ညိုပွား၍ သစ္စာလေးပါး တရားကိုကိုယ်တိုင်အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်မျက်မှောက်ပြုနိုင်ကြပါစေ။ သာသနာပြုနိုင်ကြပါစေ၊ သာသနာပြုရင်း တွေ့ပြီး တွေ့ဆဲ တွေ့လတ္တံ့ဖြစ်တဲ့ လောကဓံ အကောင်းအဆိုးများကိုလဲ သည်းခံကျော်လွှားကာ အောင်မြင်စွာ သာသနာပြုနိုင်တဲ့ သာသနာပြုအာဇာနည်သူတော်ကောင်းများ ဖြစ်ကြပါစေကုန်သတည်း။

# ဂုဏ်တော်ပွင့်ဩဝါဒကထာ (၈)

## ၃။ ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်ပွင့်

က။ ကျင့်ဆယ့်ငါးဖြာ၊ သိ, အဋ္ဌာ၊ ဝိဇ္ဇာစရဏသမ္ပန္န ဘုရား။
ခ။ သုံးပါးဝိဇ္ဇာ၊ ပု, ဒိ, အာ၊ စုံလှာ မြတ်ဘုရား။
ဂ။ ဝိ, မ, ဣဓ, ဒိ၊ ဉာဏ်ကျွန့်ပို၊ ထပ်ရှိ ရှစ်ပါး မြတ်ဘုရား။
ဃ။ သိ, ကျိန်, ဇာ, ဘော၊ ဟိနှင့်ဩ၊ သုတော ပညာသဒ္ဒါများ။
င။ သတိ, ဝီရိယ၊ ဈာန်လေးဝ၊ စရဏဆယ့်ငါးပါး။
စ။ ဝိဇ္ဇာစရဏ၊ သမ္ပန္န၊ ဗုဒ္ဓရှိခိုးပါ၏ဘုရား။

### ဝိဇ္ဇာ ဆိုတာ

ဝိဇ္ဇာ-ဆိုတာ ဉာဏ်ပညာအလင်းပါပဲ၊ ဗုဒ္ဓမြတ်ဘုရားရှင်တော်ဟာ ဘုရားဖြစ်မည့် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ညဉ့်ဦးယာမ်တွင်-

၁။ အသင်္ချေချေ လွန်လေများစွာ ကမ္ဘာဘဝတို့က ဖြစ်ခဲ့သမျှသော ခန္ဓာအစဉ် နေရာဌာန အမျိုးအမည် အရည်အချင်း အဆင်း သဏ္ဌာန်တို့ကို မကျန်မကြွင်း သိမြင်တော်မူခြင်းတည်းဟူသော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်။

၂။ အဝေးအနီး ပိတ်ဆို့ကွယ်ကာ အရပ်မှာ၌ မြင်စရာရှိသမျှ သဏှ သုခုမဖြစ်သောအဆင်းသဏ္ဌာန် ပစ္စုပ္ပန် ရူပါရုံတို့ကို အကုန်အစင် သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်။

(က) ဒိဗ္ဗစက္ခုဉာဏ်တော်ဆိုတာ ကမ္မ, ဂတိ, စုတိ, ပဋိသန္ဓေတို့ဖြင့် ဖြစ်လေသမျှသတ္တဝါတို့၏ လားရာ ဒုဂ္ဂတိ, သုဂတိအမျိုးမျိုး အကျိုးပေးသည်တို့ကို သိတော်မူနိုင်ခြင်းတည်းဟူသော စုတုပပါတဉာဏ်။

(ခ) ထိုထိုဘဝ ဖြစ်သမျှ၌ သုခဒုက္ခ၏ အကြောင်းဖြစ်သောကုသိုလ်ကံ အကုသိုလ်ကံတို့ကို ဝေဖန်၍ သိခြင်းတည်းဟူသော ယထာကမ္မူပဂဉာဏ်။

(ဂ) ဖြစ်လတ္တံ့သောကာလဘဝများစွာ ကမ္ဘာအသင်္ချေကုန်သော်လည်း မသွေမလှန် မှန်သောအတိုင်း မြင်နိုင်သော အနာဂတံသဉာဏ်တော်၊ ဤဉာဏ် ၃–ပါးနှင့် ဒိဗ္ဗစက္ခုဉာဏ်ပါ ထိုဉာဏ်လေးပါးတို့၏ အပေါင်းအစုဖြစ်သော **ဒိဗ္ဗစက္ခုဉာဏ်တော်**။

၃။ အဝိဇ္ဇာ, ဘဝဂ် အောက်ထက် ထုတ်လျှိုး ယိုစီး ပုပ်သိုးတတ်သော ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ မောဟပိတ်ဖုံးပေါင်းရုံးယှက်မှေးညစ်ကြေးကူပြော အာသဝေါကို ကွာလျှော့ဖြတ်ချွေ ကုန်စေတတ်သော အာသဝက္ခယဉာဏ်တော်။

ဒီဖော်ပြပါသုံးတန်ပညာ ပုဒ်အာဆိုတဲ့ ဝိဇ္ဇာမည်ရ ဤဉာဏ ကား ဘယ ဘေရဝ သုတ်မှလာတဲ့ ဝိဇ္ဇာသုံးပါးမည်ပါတယ်။

၄။ ထိုမှတစ်ပါး အထူးထူးအပြားပြားများသောအားဖြင့် ရုပ်ပွားသဏ္ဌာန်တို့ကို အလိုရှိတိုင်း ဖန်ဆင်းတော်မူနိုင်ခြင်းတည်းဟူသော ဣဒ္ဓိဝိဓဉာဏ်။

၅။ ဝေးနီးစကြာဝဠာ, အရပ်မှာ၌ သတ္တဝါတို့၏ အာသာအစ စိတ်ဥတုတို့ကြောင့်ဖြစ်သော သိမ်မွေ့သော အသံတို့ကိုလည်း ကြားနိုင်သော ဒိဗ္ဗသောတဉာဏ်။

## ၃။ ဝိဇ္ဇာစရဏဂုဏ်တော်ဖွင့်

၆။ လွန်လေပြီး ခါ ရက်သတ္တာနှင့်နှောင်လာကာလ သတ္တာဟ ပရစိတ္တ တိက္ခ, မှ မုဒ္ဒ အနုအရင့် ရင့်နုဣန္ဒြေ ကိလေသာမြူ အထူအပါးနည်းများအစ ဒ္ဒ, သုဝိညာ, သုဒ္ဓါကာရဟူသမျှကို မချထင်ထင်သိမြင်နိုင်သော စေတောပရိယဉာဏ်တော်။

၇။ လောကခံ၌ ဖောက်ပြန်၍ ဖြစ်သမျှ သင်္ခါရတို့၏ အခြင်းအရာဖြစ်သော လက္ခဏာရေးသုံးပါးတို့၏ သဘောကို ဟုတ်သောအတိုင်း မြင်နိုင်သော ဝိဝဿနာဉာဏ်တော်။

၈။ စိတ္တ, ဆန္ဒရှိသမျှအပေါင်း၌ အလိုအတိုင်းပြီးစေနိုင်သော မနောမယိဒ္ဓိဉာဏ်တော်၊ အမွှေသုတ်လာ ဤငါးဖြာနှင့် ယခင် ပုဒ်အာ ပေါင်းထည့်ပါသော်ဝိဇ္ဇာရှစ်ပါးခေါ်ပါတယ်။

## စရဏ–ဆိုတာ

စရဏ–ဆိုတာ ဖော်ပြပါ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး အသိဉာဏ်ထူးများကို ရရာရကြောင်း အခြေခံအကျင့်ကောင်း တရားများပါပဲ။

အရိယာများဟာ ပဋိပတ်အကျင့်နှင့်ကင်းပြီးမဂ်ဖိုလ်နိဗ္ဗာန် ကိုရကြတာမဟုတ်ပါ၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုရကြရသလိုပင်၊ ဘုရားရှင်လဲ အခြေခံအကျင့် ပဋိပတ်ဖြင့် ဖော်ပြပါဝိဇ္ဇာဉာဏ်များကို ရတော်မူခဲ့ပါတယ်၊ ထိုအကျင့် ပဋိပတ်များကို မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းစရဏတရားများလို့ ဆိုရပါတယ်။

ဘုရားရှင်ရဲ့ ဝိဇ္ဇာဉာဏ်များက သဗ္ဗညုတဉာဏ်တော်ကို ပြည့်စုံအောင် ဖြည့်ပေးပါတယ်၊ မှန်ပါတယ်၊ အာသဝက္ခယ ခေါ်အရဟတ္တမဂ်ဉာဏ်မရဘဲ သဗ္ဗညုတဉာဏ်ကို မရနိုင် ပါဘူး၊ အာသဝက္ခယဉာဏ်ရမှ သဗ္ဗညုတဉာဏ်တော်ကို ရတာမို့ ဝိဇ္ဇာက သဗ္ဗညုတဉာဏ်ကို ပြည့်စုံစေတယ်–လို့ ဆိုရပါတယ်၊ စရဏ တရားများကတော့ မဟာကရုဏာကိုပြည့်စုံစေပါတယ်၊ ဘုရားရှင်ရဲ့ စရဏတရားများတွင် ကရုဏာဘာဝနာရောန်လဲ ပါတာမို့ ဘုရားဖြစ်တဲ့အခါ စရဏတရားများအကောင်းဆုံး အထွက်အထိပ်သို့ရောက်သလို ကရုဏာလဲကြီးကျယ်မြင့်မြတ် ပူဇော်အပ်တဲ့ မဟာကရုဏာ အဖြစ်သို့ ရောက်တော်မူ ပါတယ်။

၁။ အဲဒီ စရဏတရားအကျင့်များကတော့ တည်ကြည်မြဲမြန် ဖြောင့်မှန်ချမ်းမြေ့ သိမ်မွေ့တော်မူသည်ဖြစ်၍ ကိုယ်နှုတ် နှလုံးတို့ကို ကောင်းစွာစောင့်စည်းတော်မူခြင်းတည်း ဟူသော သီလသံဝရ အကျင့်တော်။

၂။ စက္ခု သောတ စသော် ဒွါရခြောက်ပါး၌ လုံခြုံသော တံခါးရှိတော်မူခြင်းတည်းဟူသော ဣန္ဒြိယေသု ဂုတ္တဒွါရတာ အကျင့်တော်။

၃။ ဘောဇဉ်ငါးဖြာ ရသာနက်လေး ဘုဉ်းပေးပရာဘုတ်ရာ၌ အယုတ်အလွန်ကို သိတော်မူခြင်းတည်း ဟူသော ဘောဇနေ မတ္တညုတာအကျင့်တော်။

၄။ နိုးကြားလုံ့လ ဥဿာဟနှင့်တကွ ယှဉ်တော်မူနိုင်ခြင်း တည်းဟူသော ဇာဂရိယာနုယောဂ- အကျင့်တော်။

၅။ ရတနာသုံးပါးကို လေးစားယုံကြည်သော သဒ္ဓါတရား အကျင့်တော်။

၆။ ကုသိုလ်ဟူသရွေ့ မမေ့မလျော့သော သတိအကျင့်တော်။

၇။ ဒုစရိုက်ဘက်မကောင်းပြုဖို့အတွက် ရှက်ရွံ့ခြင်းတည်း ဟူသော ဟိရီအကျင့်တော်။

၈။ ဒုစရိုက်ဘက်မကောင်းပြုဖို့အတွက် ကြောက်ရွံ့ခြင်းတည်း ဟူသော ဩတ္တပ္ပအကျင့်တော်။

၉။ သိသင့်ဖွယ်ရာ အဖြာဖြာကို ရှာဖွေသိခြင်းတည်းဟူသော ဗာဟုသစ္စအကျင့်တော်။

၁၀။ မကောင်းမှုရှောင်, ကောင်းမှုဆောင်ဖို့ အောင်မြင်အောင် ကြိုးစား လုံ့လအားထုတ် ဝီရိယအကျင့်တော်။

၁၁။ လေ့ကျင့်သင်ကြားတတ်မြောက်သိမြင်သော ပညာ အကျင့်တော်။

၁၂။ ကမ္မဋ္ဌာန်း အာရုံတစ်ခုတွင် ရှုမြင်တဲ့အခါ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ အင်္ဂါငါးဖြာ သက်ဝင်ယှဉ်တွဲသော ပထမဈာန်အကျင့်တော်။

၁၃။ ကမ္မဋ္ဌာန်း အာရုံတွင် ရှုမြင်တဲ့အခါ ပီတိ, သုခ, ဧကဂ္ဂတာ ' ါသုံးဖြာ သက်ဝင်ယှဉ်တွဲသော ဒုတိယဈာန် အကျ ်တော်။

၁၄။ ကမ္မဋ္ဌ အာရုံတွင် သုခ, ဧကဂ္ဂတာ အင်္ဂါနှစ်ဖြာသက်ဝင် ယှဉ်တွဲသော တတိယဈာန်အကျင့်တော်။

၁၅။ ဥပေက္ခာ, ဧကဂ္ဂတာ အင်္ဂါနှစ်ဖြာသက်ဝင်ယှဉ်တွဲသော စတုတ္ထဈာန် အကျင့်တော်များပါပဲ။

## ဆရာကောင်းမှ တပည့်ကောင်းတယ်

လောကတွင် အသိဉာဏ်သာရှိ၍ အကျင့်တရားမရှိသော သူမှာ သူတစ်ပါးတို့မတရားပြုမူနေတာကို တွေ့ရလျက်ပင် သနားစောင့်ရှောက်ရမှန်း မသိပါ၊ ကယ်တင်ရန်လဲ နားမလည် တတ်ပါ၊ အကျင့်လဲမရှိ အသိဉာဏ်လဲမရှိသူဆိုရင်ကား ပြောဖွယ် မရှိပေ၊ သူမကောင်းသူခံပေါ့၊ ကိုယ့်အနေသာချည်းပဲ၊ ကြားညှပ် မခံနိုင်ပေါင် စသည်ဖြင့် လူမှုရေးအသိ အကျိုးဆောင်စိတ်ဓာတ်

မရှိဘဲ၊ တစ်ကိုယ်ကောင်းဆန်ဆန် မျက်နှာလွှဲ ခဲပစ်နေတတ်လေ့ရှိတယ်။

အသိဉာဏ်ဝိဇ္ဇာနှင့် အကျင့်စရဏရှိသူဆိုရင် မိမိက တရားရှိသူဖြစ်ရာ သူတစ်ပါးအကျိုးမဲ့ပြုနေလျှင် သနားတတ်တယ်၊ ထိုအကျိုးမဲ့မှလဲ ကယ်တင်ပြီးအကျိုးရှိအောင် စောင့်ရှောက်ပြုပြင်ပေးတတ်တယ်၊ ဒါကြောင့် ထိုဝိဇ္ဇာစရဏသမ္ပန္နပုဂ္ဂိုလ်မျိုးရဲ့ တပည့်များမှာ တပည့်ကောင်းများ ဖြစ်ကြရတယ်၊ ဒါဟာ ဝိဇ္ဇာစရဏ ပြည့်စုံသူများရဲ့ ဓမ္မတာပါပဲ။

အကောင်းဆုံး ဝိဇ္ဇာစရဏရှင်ဘုရားမြတ်ကား သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အကျိုးမဲ့အကျိုးရှိသိတော်မူပြီး မဟာကရုဏာတော်ဖြင့် သတ္တဝါများကို အကျိုးမဲ့မှ ကယ်တင်ကာ အကျိုးရှိရာသို့လည်း အနည်းနည်းဖြင့် ပို့တော်မူမြဲမို့ မကောင်းသောတပည့်မရှိလုပေ၊ ကောင်းစွာကျင့်သော တပည့်များသာ ဖြစ်ကြရာလက်ထက်တော်အခါကအရိယာများမှာ "နှစ်ဆယ့်လေးသချေ့ကုဋေခြောက်ဆယ် မိုလ်ခြေတစ်သိန်း"ဟု ပြောစမှတ်ပြုမဲ့ကြရတယ်။

## ဒီဂုဏ်ကို အာရုံပြု ရှိခိုးကြပါစို့

ကဲ–ဒီနေ့ ဒီဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်အကြောင်းကိုတစ်ကဏ္ဍရပ်ကြပြီး ဒီဂုဏ်တော်ကို အာရုံပြုကာ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော် ဘုရားကြီးရဲ့ တိုတိုတုတ်တုတ် ဂုဏ်တော်ဖွင့်ဘုရားရှိခိုးဖြင့် ရှိခိုးပြီး ဩဝါဒကို အဆုံးသတ်ကြပါစို့။

ဝိဇ္ဇာစရဏသမ္ပန္နော– ဝိဇ္ဇာမည်သော ဉာဏ်ထူးသုံးပါး, ဉာဏ်ထူးရှစ်ပါး အခြေခံအကျင့်စရဏတရား ၁၅–ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

ဤဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်ဖွင့်တရားတို့ကို နာကြားကျင့်ပွားနိုင်ကြသည်ဖြစ်၍ ဆရာကောင်းတပည့်မွန်များ ဖြစ်ကြပါစေ၊ သာသနာပြုနိုင်ကြပါစေ၊ သာသနာပြုရင်း တွေ့ပြီးတွေ့ဆဲ တွေ့လတ္တံ့ဖြစ်တဲ့ လောကဓံအကောင်းအဆိုးများကိုလဲ သည်းခံကျော်လွှားကာ အောင်မြင်စွာ သာသနာပြုနိုင်တဲ့ သာသနာပြုအာဇာနည်သူတော်ကောင်းများ ဖြစ်ကြပါစေကုန်သတည်း။

(သာဓု...၊ သာဓု...၊ သာဓု)

# ဂုဏ်တော်ဖွင့်ဩဝါဒကထာ (၉)

## ၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဖွင့် (ဒုတိယပိုင်း) ဩဝါဒကထာ

ဒီနေ့ဘုန်းကြီးပြောရမှာတော့ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဖွင့် (ဒုတိယပိုင်း) ဖြစ်ပါတယ်၊ ယခင်တစ်ပတ်ကဂုဏ်တော်ရဲ့ ဝိဇ္ဇာ ၃–ပါး၊ ဝိဇ္ဇာ ၈–ပါးနှင့်စရဏတရား ၁၅–ပါးသရုပ် အရေအတွက်များကို ဟောပြောခဲ့ပါတယ်၊ ယခုအခါ ထို ဂုဏ်တော်ရှင်မြတ်စွာဘုရားရဲ့ အရည်အသွေး သဘောတရား များကို ဆက်လက်ပြောကြားလိုပါတယ်။

### ဒုက္ခခံနိုင်ရည်ရှိတော်မူပုံ

မြတ်ဘုရားဟာ ပါရမီစွမ်းအားကြောင့် ဘုန်းကံတော် ကြီးမားတဲ့ဘုရားဖြစ်တော်မူလို့ ကြည်ညိုသူနတ်လူအများ လှူဒါန်းပူဇော်ထားတဲ့ ကျောင်းကန်များတွင် စံတော်မူပြီး သက်သက်သာသာ အေးချမ်းစွာနေတော်မူနိုင်သော်လည်း ဒါလို နေတော်မမူဘဲ သတ္တဝါအများအတွက် မနေမနား ဒေသစာရီ ချီးမြှောက်တော်မူခဲ့ပါတယ်။

ပန်းခင်းသောလမ်းကိုချည်းကြွမြန်းတော်မူခဲ့သည် မဟုတ် ပါ၊ မြေကြမ်းသောလမ်းခရီးကြမ်းများကိုလဲ လျှောက်တော် မူခဲ့ပါတယ်၊ ဥတုကြမ်းတမ်းတဲ့ တောစခန်းသစ်ပင်ရင်းများ တွင်လည်း စံတော်မူခဲ့ရတယ်၊ ဘယ်လိုဥတုကြမ်း ဘယ်လို

နေရာညှဲ့နှင့် ကြဲ့ရကြဲ့ရ အမှုထားတော်မမူပါ၊ ဘုရားဖြစ်ခါမှ မဆိုထားဘိ ဘုရားမဖြစ်ခင် အလောင်းတော်ဘဝကပင် ဥရုဝေလ တောအရပ် သစ်ပင်ရင်းတွင် ကျင်လည်ခဲ့စဉ်ကလဲ စိတ်တုန် လှုပ်ခြင်းမရှိ ပကတိကြည်လင်စွာ ခံနိုင်ရည်ရှိတော်မူခဲ့ပါတယ်၊ ဒါဟာမြတ်ဘုရားရဲ့ အကျင့်စရဏာများရဲ့စွမ်းပကားများ မဟုတ် ပါလား၊ အံ့ဩမပြီး အံ့ချီးဖွယ် စရဏာအကျင့်တော်များပါတကား။

အနည်းငယ်ပြောဖွယ်ရှိပါသေးတယ်၊ ကိလေသာ မကင်းသူ များသာ ဆင်းရဲဘေးဒဏ်ခံနိုင်ရည်မရှိဖြစ်ကြသော်လည်း ဘုရားရှင်မှာ ကိလေသာကုန်ပြီးမို့ ခံနိုင်ရည်ရှိတော်မူရာ ဝိဇ္ဇာဉာဏ် အားကြောင့်လို့လဲ ဆိုရပါမယ်။

## ဟတ္ထာဠဝက နှင့် မြတ်ဘုရား

အခါတစ်ပါး မြတ်စွာဘုရား အာဠဝီပြည်အနီး ယင်းတိုက် တောကြီးအတွင်း နွားအများသွားလာရာ ခရောင်းတောမြေကြမ်း သစ်ရွက်အခင်းပေါ်ဝယ် စံနေတော်မူပါတယ်။

ဒီအခါ ဟတ္ထာဠဝက ဆိုသူရောက်လာပြီး "ဘယ်လိုလဲ မြတ်ဘုရား၊ ဒီအနားမှာရောက်လို့လာ၊ ချမ်းသာစွာများ ကျိန်းစက် တော်မူရပါရဲ့လားဘုရား"လို့ နှုတ်ဆက်စကားလျှောက်ထား တယ်။

ဒီတော့မြတ်စွာဘုရားက "အေး– ငါချမ်းသာစွာကျိန်းစက်ရ ပါရဲ့၊ မင်းသား လောကမှာ ချမ်းသာစွာ အိပ်စက်ရသူများတွင် ငါလဲ အပါအဝင်ပဲ"လို့ မိန့်တော်မူပါတယ်။

ဒီအခါ ဟတ္ထာဠဝက က– "မြတ်စွာဘုရား– အေးမြလွန်းတဲ့ ဆောင်းတွင်းညလဲဖြစ်, ဆီးနှင်းတွေကလဲကျ, မြေကြီးကလဲကြမ်း, သစ်ရွက်ခင်းကလဲပါးလျှား, အထက်သစ်ပင်အရွက်တွေကလဲကျဲ, သင်္ကန်းကလဲအေး, လေအေးလေကြမ်းကလဲတိုက်နေပါလျက် "ချမ်းသာစွာ အိပ်ရပါရဲ့လို့ မိန့်တော်မူပါပေ့ဘုရား" လို့ ပြန်လည်လျှောက်ထားတယ်။

ဒီလိုသူကလျှောက်ပြန်တော့ မြတ်စွာဘုရားက "ဒါလိုဆိုရင် မင်းသားကိုပင် မေးရဦးမှာပဲ၊ အတွင်းအပြင် အင်္ဂတေလဲလိမ်း ကျံအပ်ပြီးပိတ်ထားတဲ့ တံခါးပြုတင်းပေါက်တွေလဲရှိတဲ့အထွတ် တပ်တိုက်အိမ်ကြီးအတွင်း ကော်ဇောအခင်းများခင်းထားတဲ့ ပလ္လင်သလွန်ယက် မယားလေးယောက်အပြုအစုခံလျက် အိပ်တဲ့ သူဟာ ချမ်းသာစွာ အိပ်ရမလား, မအိပ်ရဘူးလား" လို့ မေးတော်မူ ပါတယ်။

ဒီတော့ ဟတ္ထာဠဝက က– "ချမ်းသာစွာအိပ်ရပါမယ်ဘုရား" လို့ဖြေကြားလျှောက်ထားပါတယ်။

ဒီအခါ မြတ်ဘုရားက "ဘယ့်နှယ်ဖြေကာလဲမင်းသား၊ ဒီသူဟာရာဂကြောင့်ဖြစ်တဲ့ ကိုယ်စိတ်ပူပန်မှုတွေ, ကြုံလာရတဲ့ အခါ ဒေါသ, မောဟကြောင့်ဖြစ်တဲ့ ကိုယ်စိတ်ပူပန်မှုတွေကြုံ လာတဲ့အခါ ဆင်းရဲစွာအိပ်ရမယ်မို့လား" လို့ ထပ်ဆင့်မေးတော် မူတော့ ဟတ္ထာဠကလဲ "မှန်ပါ–မိန့်တော်မူတဲ့အတိုင်းပါဘုရား" လို့ လျှောက်တင်ပါတယ်။

ဒီအခါ မြတ်ဘုရားက "အေးဟုတ်ပေတယ်၊ ဆင်းရဲစွာ အိပ်ရတဲ့ထိုသူရဲ့ ရာဂ, ဒေါသ, မောဟမျိုးများကို ငါဘုရားဟာ အရှင်းပယ်ပြီးမို့ ငါ့မှာ အမြဲတန်းချမ်းချမ်းသာသာ ကျိန်းစက်တော်မူရပေတယ်-လို့ မိန့်တော်မူတာပဲ မင်းသား"လို့ မိန့်ကြားတော်မူပါတယ်။

(အံ၊ ၁၊ ဒေဝဒူတဝဂ်၊ ဟတ္ထကသုတ်- ၁၃၅)။

## အနီးကပ်ထောက်လှမ်းကြည့်လဲ ကြည်ညိုဖွယ်ပဲ

"သံဝါသေန သီလံ ဝေဒိတဗ္ဗံ- ပေါင်းကြည့်မှ သီလကို သိရသည်"ဆိုတဲ့ ပါဠိအရ နီးနီးကပ်ကပ်ပေါင်းသင်းဆည်းကပ် ရတဲ့ တပည့်သာဝကများဟာ ဘုရားရှင်ရဲ့ စရဏကိုအားရ ကြည်ညိုကြရတယ်။

ဗြဟ္မာယုဆိုတဲ့ ဗြဟ္မဏပါမောက္ခကြီးက စုံစမ်းခိုင်းတဲ့ ဥတ္တရလုလင်ဟာ မြတ်ဘုရားနှင့် နီးနီးကပ်ကပ်နေတာ ခုနစ်လ ကြာအောင် စုံစမ်းထောက်လှမ်းခဲ့တယ်၊ ဥတ္တရလုလင်ဟာ ဇာတ်မြင့်ပညာတတ် ဗြဟ္မာယုပါမောက္ခကြီးရဲ့ လက်ရုံးတပည့် ကြီးမို့ ဇာတိမာန် ပညာမန်တက်ပြီး ပေါင်းမကြည့်ရသေးလို့ အကြောင်းမသိခင် အစပိုင်းကဆိုရင် ဘုရားရှင်အား မထီ လေးစားဆက်ဆံခဲ့တယ်၊ စကားစစ်လဲ ထိုးကြည့်တယ်။

ဥတ္တရလုလင် တဖြည်းဖြည်းသူသာအရေးနိမ့်ခဲ့ရပြီး ဘုရားရှင်ရဲ့ ဝါစာအစိန္တေယျဂုဏ်ကိုလဲ ကြည်ညိုလေးစား

ခဲ့ရတယ်။ အကျင့်စရဏနှင့် ပတ်သက်ပြီးသွားလာပုံနေပုံထိုင်ပုံ စားပုံသောက်ပုံ ဒကာ ဒကာမများနှင့် ဆက်ဆံပုံအစရှိတဲ့ မြတ်ဘုရားရဲ့ အမူအရာအားလုံးကို သေချာစွာ စုံစမ်းခဲ့တယ်။ အပြစ်အနာအဆာလုံးဝမတွေ့ရအောင် ပီရိသေသပ် ယဉ်ကျေး သိမ်မွေ့လှတဲ့ ကိုယ်အမူအရာ နှုတ်အမူအရာများကိုသာ တွေ့မြင်ကြည်ညိုခဲ့ရတယ်။ ဒါတွေကို အစုံစမ်းခိုင်းသူ ဗြဟာမ္မာယု ပြဟ္မဏပါမောက္ခကြီးအား ပြန်လည်တင်ပြတယ်။

ဒီလိုဘုရားရှင်ရဲ့ အကျင့်စရဏများကို ကြားသိရတဲ့ ပါမောက္ခကြီးဟာ ဘုရားရှင်ကို မျက်မှောက်မမြင်ရပဲနဲ့ပင် သဒ္ဓါနှမ်းအိ ပီတိဖြစ်လွန်းလှလို့ ရှိမခိုးပဲ မနေနိုင်အောင် သဒ္ဓါကြည်ညိုစိတ်ကို မျိုသိပ်မရနိုင်တော့တာမို့-

"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" လို့ ဗုဒ္ဓရှင်တော်မြတ်ရှိရာသို့ ဦးညွတ်ရှိခိုးမိပါတော့တယ်။ ဤသို့စကားအလွန်များတဲ့ မြတ်ဘုရားရဲ့ အကျင့်၊ ဂုဏ်များကို ထောက်ထားပြီး မြတ်ဘုရားရဲ့အကျင့် စရဏဂုဏ်တော်ကို အာရုံပြုမှန်း ကမ္မဋ္ဌာန်းပွားနိုင်ကြပါတယ်။

(မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မာယုသုတ်-၃၄၁)

## သာသနာပြုပုဂ္ဂိုလ်များ သတိထားဖွယ်

ဗုဒ္ဓသာသနာဝင်သူတော်စင်များနှင့် ရပ်ကွက်မွှာရုံမှအစ ကျောင်းကန်ဘုရား၊ ရိပ်သာများတွင် ဝေယျာဝစ္စဂေါပကလူကြီး

လူကောင်းသာသနာပြုပုဂ္ဂိုလ် ရဟန်း, ရှင်, လူများလဲ ဒီမြတ်ဘုရား ရဲ့ ဝိဇ္ဇာစရဏဂုဏ်တော်များကို အာရုံပြု ကြည်ညိုအားကျပြီး ကိုယ်နှင့်တန်ရာတန်ရာ အသိအကျင့်များကို ဖြည့်ကျင့်ကာ သာသနာပြုနိုင်ကြရပါမယ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လောကမံ ကောင်းဆိုးများကို ကြံ့ကြံ့ခံကျော်လွှားကာ အောင်မြင်စွာ သာသနာပြုနိုင်ကြရပါမယ်။

## သာသနာပြုနိုင်ကြပါစေ

ကဲ- ဒီနေ့အဖို့ ဗုဒ္ဓါနုဿတိသြဝါဒကို ဒီမှာတွင် ရပ်နားကြပါဦးစို့၊ နိဂုံးချုပ်ခါနီးမှာ ရှစ်လုံးဖွဲ့မြန်မာကဗျာဖြင့် မြတ်ဘုရားရဲ့ "ဝိဇ္ဇာစရဏဂုဏ်"တော်ကို အာရုံပြုရှိခိုးကြ ရအောင်ပါ။

| | |
|---|---|
| သုံးပါးရှစ်ပါး | သိပွားဝိဇ္ဇာ၊ |
| ကျင့်ဆယ့်ငါးပါး | ထင်ရှားစရဏာ၊ |
| လုံးစုံပြည့်ဝ | ဗုဒ္ဓ မြတ်စွာ၊ |
| ရှိညွတ်ကျိုး | ရှိခိုးမြတ်ပူဇာ။ |

ဤဂုဏ်တော်ဖွင့်သြဝါဒတရားကို နာကြားနိုင်ကြသည် ဖြစ်၍ ဤဂုဏ်တော်မှာ လာတဲ့အတိုင်း ဘုရားရှင်အား ကြည်ညိုသောအားဖြင့် ထိုဝိဇ္ဇာစရဏအကျင့်များကို တတ်စွမ်း သမျှ ကိုယ်စီကိုယ်င ကျင့်သုံးနိုင်ကြ၍ ဆင်းရဲငြိမ်းချမ်း

နိဗ္ဗာန်နန်းကို စံမြန်းနိုင်ကြပါစေ၊ သာသနာပြုနိုင်ကြပါစေ၊ သာသနာပြုရင်း တွေ့ပြီး၊ တွေ့ဆဲ၊ တွေ့လတ္တံ့ဖြစ်တဲ့ လောကဓံ ကောင်းဆိုးများကိုလဲ သည်းခံကျော်လွှားကာ အောင်မြင်စွာ သာသနာပြုနိုင်တဲ့ သာသနာပြုအာဇာနည်သူတော်ကောင်းများ ဖြစ်ကြပါစေကုန်သတည်း။

# ဂုဏ်တော်ဖွင့်ဩဝါဒကထာ (၁၀)

## ၃။ ဝိဇ္ဇာစရဏဂုဏ်တော်ဖွင့် (တတိယပိုင်း)

## ဩဝါဒကထာ

ဒီကနေ့ မြတ်စွာဘုရားရှင်ရဲ့ ဝိဇ္ဇာစရဏဂုဏ်တော်ဖွင့် (တတိယပိုင်း)ကိုပြောကြားပါမယ်၊ ပထမပိုင်းနှင့် ဒုတိယပိုင်းတုန်းက ဒီဂုဏ်တော်ရဲ့ သရုပ်အရေအတွက်များနှင့် သဘောတရားဓာတ်လမ်းအချို့ကို ပြောခဲ့ပါပြီ၊ ဒီအပတ်တော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ တပည့်ရင်း လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးသာတဲ့ "သာသန သမ္ပတ္တိ ဒီပနီ"နှင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ "ဟေမဝတ သုတ္တာန်တရားတော်"များမှ ကောက်နုတ်ရင်းပြချက်ကို ဟောကြားပါဦးမယ်။

## ဝိဇ္ဇာ စရဏ ဆိုတာ

၁။ စရဏ–ဆိုတာ၊ ဘယ်ဟာလဲ။

၂။ နိဗ္ဗာန်ရောက်ကြောင်း၊ အကျင့်ကောင်းပဲ။

၃။ သုံးသိက္ခာတွင်၊ ကျင့်ကောင်းလျှင်၊ ခေါ်တွင်ဘယ်ဟာလဲ။

၄။ ကျင့်ကောင်းစရဏ၊ မြတ်သီလ၊ တည်မျှ သမာဓိပဲ။

၅။ ဝိဇ္ဇာ ဆိုတာ၊ ဘယ်ဟာလဲ။

၆။ ကျင့်ကြောင့်သိမြင်၊ ပညာလျှင်၊ ခေါ်တွင် ဝိဇ္ဇာပဲ။

ဒီအမေးအဖြေများကိုရှုတ်ဆိုကြည့်ရုံနဲ့ စရဏဆိုတာ နိဗ္ဗာန်ရောက်ကြောင်းသီလနှင့် သမာဓိ-ပဲ၊ ဝိဇ္ဇာ-ဆိုတာ စရဏအကျင့်ကြောင့်ရရှိတဲ့ အရိယအသိအမြင်ပဲလို့ သိသာ လောက်ပါပြီ၊ သမ္ပန္န-ဆိုတာကတော့ ပြည့်စုံတာပဲ၊ မြတ်စွာ ဘုရားမှာ အဲဒီ စရဏနှင့် ဝိဇ္ဇာပြည့်စုံတော်မူပါတယ်၊ ဒီအကြောင်း အကျိုးအရဆိုရင် "စရဏဝိဇ္ဇာသမ္ပန္န-လို့ ဆိုသင့်ပါသော်လဲ သဒ္ဒါစည်းကမ်းအရ ဒွန်သမာသ်တွဲစပ်ရာတွင် အက္ခရာပုဒ် နည်းတဲ့ပုဒ်ကို ရှေ့မှထားပြီး များသောပုဒ်ကို နောက်ကထား ရမြဲမို့၊ ဝိဇ္ဇာစရဏသမ္ပန္န-လို့ ဆိုထားပါတယ်။

## ငှက်ဥပမာ

သဒ္ဒါပါဠိအနက်အဓိပ္ပာယ် တစ်မျိုးပြန်ဆိုပြီး ပမာဆောင် ရရင် -စရဏဆိုတာငှက်များရဲ့ခြေနှင့် အတောင်ပံ-လို့ ပြန်ဆို ရပြီး၊ ဝိဇ္ဇာ-ဆိုတာ အရိယာတို့ ထိုးထွင်းသိနိုင်သော ပညာပင် ဖြစ်ရာ ငှက်ဥပမာအရတွင် မျက်လုံးနှုတ်သီးများနှင့် တူရပေမယ်။

ကျေးငှက်များဟာ မျက်စိများဖြင့် အရပ်မျက်နှာများကို ထင်ထင်လင်းလင်းအမြင်ရှင်းစေပြီ၊ အတောင်ပံတို့ဖြင့် ကောင်းကင်သို့ပျံတက်တာ၊ ခြေတို့ဖြင့် တည်နားခြင်း, ခူးယူကိုင် တွယ်ခြင်းများကို ပြုမူလျက်၊ နှုတ်သီးဖြင့် သစ်သီးကြီးငယ်, အပွင့်များကို ထိုးဖောက်ဆိတ်ဆွစားသောက်ရင်း အသက်ရှင် ကြရတယ်၊ ရာသက်ပန်မျှတကြရတယ်။

ဒီငှက်ဥပမာတွင် မျက်စိအတောင်ပံမပါက လိုရာခရီးကို မသွားရောက်နိုင်၊ ခြေနှင့်နှုတ်သီးမပါက သစ်သီးကြီးငယ် စသည်ကို ခူးယူထိုးဆွမစားသောက်နိုင်၊ အသက်မရှင်နိုင်ဘူး၊ အားလုံးပြည့်မှသာအသက်ရှင် တည်နေနိုင်မှာ ဖြစ်ပါတယ်။

ဒီ ဥပမာအတိုင်းပင် မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာလဲ ဝိဇ္ဇာစရဏတရားနှစ်ပါး ပြည့်စုံမှသာ မဂ်ဖိုလ်နိဗ္ဗာန် အရသာကို ခံစားနိုင်မှာပါ။ တစ်ပါးပါးချို့တဲ့က မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကို ခံစားနိုင်မှာ မဟုတ်ပါဘူး။

ဒီဥပမာ ွင် ငှက်များရဲ့ မျက်လုံးနှင့် ကံရဲ့အကျိုးကို ယုံကြည်တဲ့ ကမ္မကိရိယဉာဏ်၊ နှုတ်သီးနှင့် အရိယာများရဲ့ ဉာဏ်အ[ ]ာ်တူပါတယ်၊ သူတို့ကဝိဇ္ဇာအဖွဲ့ဝင်များပဲ၊ ခြေ, အတောင်ပံနှင့် စရဏအသင်းဝင် သီလ သမာဓိအကျင့်တို့ တူပါတယ်။

## ဉာဏ်မျက်စိ ပျက်လျှင်

ကံ, ကံရဲ့အကျိုးကိုယုံကြည်တဲ့ ကမ္မကိရိယဉာဏ်မျှ မရှိသူဆိုရင် အဘယ်မှာငါးပါးသီလရှိပါမည်လဲ၊ ဈာန်သမာပတ်တရားဆိုတာတော့ သာ၍ ဝေးရောပေါ့၊ ဒီလိုပုဂ္ဂိုလ်မျိုးကို ညမျက်စိပျက်တဲ့ငှက်နှင့် တူတယ်လို့ဆိုရမယ်၊ မျက်စိမပါတဲ့ ငှက်ဟာ လိုရာခရီးမပေါက်ဘဲ ဒုက္ခရောက်ရသလို၊ ကမ္မကိရိယ ဉာဏ်ပျက်စီးသူလဲ သံသရာခရီးတွင် အပါယ်လေးပါးသို့သာ ဝင်ရမှာပဲ။

## စရဏပါရမီနှင့် ဝိဇ္ဇာပါရမီ

ဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်သန်တောင့်တပြီးပြုလုပ်တဲ့ ကုသိုလ်မျိုးကို ပါရမီကုသိုလ်-လို့ခေါ်ပါတယ်၊ ထိုကုသိုလ်ပါရမီတို့တွင်-

၁။ စရဏပါရမီကုသိုလ်ဆိုတာ- ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရားများကို နာကြား, သင်ကြား, ရှုပွားဆင်ခြင်မှုမှ ကင်းတဲ့ ဒါန, သီလ, သမထဘာဝနာ တရားပဲပါ။

၂။ ဝိဇ္ဇာပါရမီကုသိုလ်ဆိုတာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဝိပဿနာတရားများကို နာကြား, သင်ကြား, ရှုပွားဟောကြားမှု ကုသိုလ်တရားပါပဲ။

## ဝိဇ္ဇာကင်းက ယောက်မ ပမာ

ရှေးရှေးမြတ်စွာဘုရားများရဲ့ သာသနာတော်တွင် စရဏပါရမီကုသိုလ်မျိုးကိုသာ ပြုခဲ့ကြသူများဆိုရင် နောက်နောက် ဘုရားရှင်များကို တွေ့ကြုံဖူးမြင်ရပါသော်လဲ မဂ်ဖိုလ် အကျိုးထူးများကို မရရှိနိုင်ကြပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ဝိဇ္ဇာ အဆောက်အဦ ဝိဇ္ဇာမျိုးစေ့မှ ကင်းဆိတ်ကြလို့ပါပဲ။

ဒီပုဂ္ဂိုလ်မျိုးဟာ ယခု ဂေါတမမြတ်စွာဘုရား လက်ထက်တော်တွင် ကောသလမင်းနှင့် မလ္လိကာမိဖုရားကြီးတို့လိုပါပဲ၊ ကောသလမင်းကြီးဆိုရင် အလွန်အကျွမ်းဝင်တယ်၊ မြတ်စွာဘုရားထံတော်သို့လဲ ဆည်းကပ်မပြတ် တရားမြတ်ကို နာကြားတယ်။

ဒီကောသလမင်းကြီးအား အသီးအခြား ဟောကြားထားတဲ့ ကောသလသံယုတ်–လို့ပင် တစ်ခန်းတစ်ကဏ္ဍ ဂန္ထဝင်ထင်ရှား ခဲ့တယ်။

မြတ်စွာဘုရားဟာ ကောသလမင်းကြီးရဲ့ နေပြည်တော်ဖြစ်တဲ့ သာဝတ္ထိပြည်မှာ အကြာရှည်ဆုံး သီတင်းသုံးတော်မူခဲ့တယ်၊ ကောသလမင်းကြီးဟာ ရာဇိကာရုံခေါ်တဲ့ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး ကျောင်းဒကာဖြစ်ခဲ့တယ်၊ ဒါပေမယ့် ရှေးရှေးဘဝများက အသိအလိမ္မာပညာဝိဇ္ဇာအသင်းအပင်းနှင့် သက်ဆိုင်တဲ့ပါရမီခတ်ခံနည်းပါးသူဖြစ်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုမရရှာဘူး၊ မြတ်ဗုဒ္ဓ ဘုရားရှင်နှင့် အပေါင်းကြီး ရင်းနှီးနေ ာ်လဲ ဟင်းမွှေတဲ့ ယောက်မကြီးလို သစ္စာလေးပါး ဝိမုတ္တိတရားရဲ့ အရသာကို မသိရှာဘူး၊ မလ္လိကာ မိဖုရားကြီးလဲ ကောသလမင်းကြီးနှင့်အတူ ဘုရားကိုကြည်ညိုသူ ဘုရားနှင့် ရင်းနှီးသူ တရားနာကြားသူ ကျောင်းအမအမည်ခံသူဖြစ်ပါလျက် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို မသိမြင် မခံစားရရှာဘူး၊ သနားစရာပါပဲ၊ သုနက္ခတ္တရဟန်းဆိုရင် မြတ်ဘုရား နောက်ပါးက ထပ်ချပ်မကွာ လိုက်ပါရပါလျက် အလုပ်အကျွေးဖြစ်ပါလျက် ကျွတ်တမ်းမဝင်နိုင်ရုံမျှမက အယူမှားသို့ပင် သက်ဝင်ကူးပြောင်းသွားရှာသေးတယ်၊ မုချအပါယ်လားမည့်သူပါပဲ၊ ဒီပုဂ္ဂိုလ်များကတော့ ငှက်ဥပမာပြန်ကောက်ရရင် နှုတ်သီးနှင့် မျက်လုံးမပါသူများပါပဲ။

## စရဏကင်းပြန်လျှင် ခြေတောင်ပံကျိုးပမာ

ဝိဇ္ဇာမျိုးစေ့သာရှိပြီး စရဏမျိုးမှ ကင်းကြသူများဆိုရင်လဲ နောင်အခါ ဘုရားရှင်ရဲ့ သာသနာတော်နှင့် ကြုံကြိုက်လျက်သော်မှ သာသနာတော်ရဲ့တရားအရသာကို မခံစားနိုင်ကြတဲ့ ဧရာပထ နဂါးနှင့် ကပိလငါးကြီးများလို ဖြစ်ကြရတယ်။

အဲဒီ ဧရာပထ နဂါးနှင့် ကပိလငါးကြီးများဟာ ကဿပ မြတ်စွာဘုရားလက်ထက်တော်အခါတွင် ပိဋကသုံးပုံဆောင် ကျမ်းဂန်တတ်ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြရတယ်၊ ဒါပေမယ့် စရဏတရားဆိုတဲ့ ခြေအတောင်ပံများ ကင်းခဲ့ကြတာကြောင့် ဒုဂ္ဂတိဘုံဘဝတွင် ဖြစ်ကြရတာမို့ ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံရပါသော်လဲ သာသနာတော်ရဲ့ တရားအရသာကို အငွေ့အသက် ကလေးကိုမျှ မခံစားကြရပါဘူး။

## ကပိလငါးကြီးဝတ္ထု

ဒီနေရာတွင် ကပိလငါးကြီးအကြောင်းကို အနည်းငယ် ဖော်ပြပါဦးမယ်၊ သာဝတ္ထိပြည်မွန်ဇေတဝန်ရွှေကျောင်းတွင် မြတ်စွာဘုရားကိန်းအောင်းတော်မူစဉ်က ဖြစ်ပါတယ်၊ တစ်နေ့သ၌ တံငါသည်များဟာ အစိရဝတီမြစ်အတွင်းမှ ရွှေအဆင်းရှိပြီး ခံတွင်းပုပ်တဲ့ငါးကြီးတစ်ကောင်ကို ဖမ်းမိကြရာ ပသေနဒီ ကောသလမင်းကြီးထံ တင်ပြကြတယ်၊ ကောသလ မင်းကြီးကလဲ ထိုငါးကြီးကို မြတ်စွာဘုရားထံဆောင်ယူစေပြီး တင်ပြလျှောက်

ထားတယ်၊ ဒီတော့မြတ်စွာဘုရားရှင်က အဲဒီငါးကြီးအကြောင်းကို ဒီလိုဟောကြားတော်မူပါတယ်။

“မင်းကြီး– ဒီငါးကြီးဟာ ကဿပဘုရားရှင်ရဲ့ သာသနာတော်တွင် ကပိလအမည်ရှိတဲ့ ရဟန်းဖြစ်ခဲ့တယ်၊ သူဟာ အကြားအမြင်များသူ စာပေပိဋကတ တတ်ကျွမ်းသူ ဖြစ်ခဲ့တယ်၊ ဒါကြောင့်အခြွေအရံ တပည့်ပရိသတ်လဲ များပြားခဲ့တယ်၊ ပစ္စည်းလာဘ်လာဘကို မက်မောခဲ့တယ်၊ စာပေပညာမာန် တက်ပြီး ဘုရားတရားတော်ကို အမှားကိုအမှန်၊ အမှန်ကို အမှား–လို့ပြောင်းပြန် ဖောက်ထိုးလုပ်ခဲ့တယ်၊ သူ့စကားကို မနာယူသူများအား ဆဲရေးခြိမ်းခြောက်ခဲ့တယ်၊ ကဿပ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကိုဖျက်ဆီးခဲ့တယ်။

အဲဒီကပိလရဟန်းဟာ အဲဒီ အကုသိုလ်ကံကြောင့် သေသော အခါ အဝီစိငရဲတွင်ဖြစ်ရပြီး၊ အကုသိုလ်အကြွင်းအားဖြင့် ယခုအခါ ငါးလာပြီး ဖြစ်ရရှာတယ်၊ သူဟာမြတ်စွာဘုရားရှင်ရဲ့ ပရိယတ္တိတရားစာပေများကို ကာလရှည်ကြာ ကောင်းစွာ ပို့ချခဲ့တယ်၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုလဲ ချီးကျူးခဲ့ ဖူးတယ်၊ ဒါကြောင့် ယခုရွှေလိုဝင်းတဲ့ ရွှေအဆင်းရှိနေတယ်၊ စာပေပညာမာန်တက်ကာ သူဖောက်ပြန်လာပြီး သာသနာဖျက် လုပ်ငန်းလုပ်ဆောင်ချက်ကို မလိုက်နာတဲ့ ရဟန်းကောင်းများကို ဆဲရေးတိုင်းတွာခဲ့တဲ့ အကုသိုလ်ကံကြောင့် သူရဲ့အာခံတွင်းမှ အပုပ်နံ့ထွက်ရရှာတယ်”။

အဲဒီလို မြတ်စွာဘုရားက မိန့်ကြားတော်မူပြီးနောက်၊ အဲဒီကပိလငါးကြီးအား တန်ခိုးတော်နဲ့ စကားပြောခိုင်းတော်မူပါတယ်၊ ကဿပမြတ်စွာဘုရားလက်ထက်က ဖြစ်ပျက်ခဲ့ပုံတွေကိုရော၊ အဝီစိငရဲကျရောက်ခဲ့ရပုံတွေပါမကျန်၊ယခုငါးလာဖြစ်ပုံအထိ မြတ်စွာဘုရားက မေးတော်မူတိုင်း မဆိုင်းမတွအားလုံးကြားရအောင် ဖြေကြားပါတယ်။

ပြီးတော့ မြတ်စွာဘုရားက ဒီကနေ သင်ဘယ်ကိုသွားဦးမှာလဲ–လို့မေးတော်မူတော့ "အဝီစိငရဲသို့ ပြန်သွားရပါဦးမည်ဘုရား"လို့ ဖြေကြားပြီး စိတ်ညစ်ညစ်နဲ့ သူ့ကိုတင်ဆောင်လာတဲ့လှေဦးကိုသူ့ခေါင်းနဲ့ ပြန်ဆောင့်ကာ သေပြီး အဝီစိငရဲမှာ ဖြစ်ရပြန်ရှာပါတယ်။ ဒါဟာဝိဇ္ဇာဉာဏ် နှုတ်သီးမျက်လုံးရှိခဲ့သော်လဲ စရဏအခြေအတောင်ပံကျိုးခဲ့လို့ပါပဲ။

## ဝိဇ္ဇာနှင့်စရဏ အကျိုးပေးကြပုံ

ရဟန္တာမဖြစ်သေးဘဲ ဝိဇ္ဇာစရဏကုသိုလ်ရှင်များ သံသရာခရီးသွားကြရာတွင် သဒ္ဓါကြည်လင် စရဏပါရမီရှင်က သဌေးပိုင်း မင်းပိုင်းတွင် အကျိုးပေးတယ်၊ ဝိဇ္ဇာပညာပါရမီရှင်က ဆရာ ပိုင်းတွင် အကျိုးပေးတယ်။

ရှေးရှေး ဘုရားရှင်များ လက်ထက် ဝိဇ္ဇာရော စရဏပါ နှစ်ဖြာသော ပါရမီများကို ဖြည့်ကျင့်ခဲ့ကြသူများဆိုရင် နောက်နောင် ဘုရားရှင်များရဲ့ သာသနာတော်နှင့် ကြုံတွေ့သောအခါ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာများကို ရရှိခံစားကြရတယ်။

အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်နှင့် ခေမာ, ဥပ္ပလဝဏ် စတဲ့ ရဟန်းပုဂ္ဂိုလ်ထူးများ၊ အနာထပိဏ်, စိတ္တသူကြွယ် နှင့်ဝိသာခါ, ဥတ္တရာ, သုဘဒ္ဒါ စတဲ့ လူပုဂ္ဂိုလ်ထူးများလိုပါပဲ။

## ငှက်နှင့် တူညီ မြတ်ယောဂီ

စရဏံ ပါဒပက္ခံဝ၊ ဝိဇ္ဇံ တုဏ္ဍာ သမံသမံ။
ပူရယိတွာန ပက္ခေယျု၊ ဘုဥ္ဇိတုံ အမတံ ရသံ။

ပါဒပက္ခံဝ- ခြေအတောင်ပံနှင့်တူသော၊ စရဏံ-စရဏတရားမျိုးကိုလည်းကောင်း၊ တုဏ္ဍာသမံ-နှုတ်သီးနှင့်တူသော၊ ဝိဇ္ဇံ-ဝိဇ္ဇာတရားမျိုးကိုလည်းကောင်း၊ သမံ-မပိုမသာညီညွတ်စွာ၊ ပူရယိတွာန-ပြည့်စုံစေ၍၊ အမတံရသံ-အမြိုက်အရသာကို၊ ဘုဥ္ဇိတုံ-သုံးဆောင်ခံစားခြင်းငှာ၊ ပက္ခေယျု-သံသရာစခန်းမှ ပျံသန်းကူးမြောက်ကြကုန်ရာသတည်း။

## ငှက်နှင့်တူညီ မြတ်ယောဂီကဗျာ

ခြေတော်ပံက စရဏတူစွာ၊
နှုတ်သီး မျက်လုံး မှတ်အုန်းဝိဇ္ဇာ။
ငှက်နှင့်တူသော ယောဂီလိမ္မာ၊
အမြိုက်သီး စားပြီး ပျံနိဗ္ဗာ။

မြတ်စွာဘုရားရှင်မှာကား ထိုဝိဇ္ဇာစရဏတရားများနှင့် လုံး၀ဥဿုံ ပြည့်စုံတော်မူပါပေတယ်၊ ထိုမြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်ကို အာရုံ ပြုကြပြီး တပည့်သာဝက တို့သူငါများလဲ ကိုယ်နှင့်တန်ရာ တန်ရာ ဝိဇ္ဇာစရဏ ဂုဏ်များကို ဖြည့်ကျင့်ကြရပါမယ်၊ အားလုံး ဖြည့်ကျင့် နိုင်ကြ၍ ဒုက္ခကင်းရာနိဗ္ဗာန်ချမ်းသာကိုလျင်မြန်စွာ ဆိုက်ရောက်မျက်မှောက်ပြုနိုင်ကြပါစေ။ သာသနာပြုနိုင်ကြ ပါစေသော် ။ ။

# ဂုဏ်တော်ဖွင့်ဩဝါဒကထာ (၁၁)

## ၄။ သုဂတဂုဏ်တော်ဖွင့် ဩဝါဒကထာ

၁။ ကောင်း**စွာ လာ,** ကြွ၊ ကောင်းမိန့်ဟ၊ သုဂတ ဘုရား။

ဒီနေ့**ပြောရမှာကတော့** သုဂတ ဂုဏ်တော်ဖွင့် ဖြစ်ပါတယ်၊ ဒီဂုဏ်**တော်မှာလဲ** ကြည်ညိုဖွယ်ရာ လိုက်နာကျင့်ဖွယ် ရာတွေ များ**စွာပါ**တယ်။

### ကောင်းစွာ ကြွလာတော်မူပုံ

သု–ကောင်းစွာ၊ အာဂတ–ကြွလာတော်မူသည်–တဲ့။ ဒါကြောင့် ကျေးဇူးတော်ရှင် ညောင်ကန်ဦးဗုစ်ဆရာတော် ဘုရားကြီးက ဒီလိုဖွင့် ရှိခိုးတော်မူခဲ့ပါတယ်။

ယောဘာဂဝါ–အကြင်မြတ်စွာဘုရားသည်၊ ကြတိပိ ကြမိနာစ ကာရဏေန– ဤသို့ ဒီပင်္ကရာမြတ်စွာဘုန်းလျှံ ရှင်တော်ထံဝယ် ဆုပန်သည်မှ နေ့ကစ၍များလှလွန်လေ လေးသင်္ချေနှင့် တွက်ရေ မှန်စွာ ကမ္ဘာတစ်သိန်းကာလပတ်လုံး အဆုံးမရှိ အပရိမာန ဝေနေယျတို့၏ ချမ်းသာစီးပွားများမည် အကြောင်းကောင်းသော အားထုတ်ခြင်း အယုတ်တရားနှစ်ပါးသို့မကပ်၊ သဿတ, ဥစ္ဆေဒဒိဋ္ဌိတို့၌ မငြိမတွယ် သုံးဆယ်ပါရမီ အညီမယွင်း စွန့်ခြင်း ကိစ္စ စရိယသုံးပါး များသောကျင့်ဝတ် ပဋိပတ်ဖြင့် ကောင်းမြတ်စွာ

လာတော်မူသည်၏အဖြစ်ကြောင့်၊ သော ဘဂဝါ–ထိုမြတ်စွာ ဘုရားသည်၊ သုဂတော–သုဂတမည်တော်မူ၏၊ ဣတိဂုဏ သမ္ပန္န– ဤသို့သုဂတဂုဏ်နှင့် ပြည့်စုံတော်မူသောမြတ်စွာ ဘုရားကို၊ အဟံ–အကျွန်ုပ်သည်၊ သိရသာ–ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ–ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

မှန်ပါတယ်၊ ဂေါတမမြတ်စွာဘုရားရှင်ရဲ့ အလောင်းတော် သုမေဓာ ရှင်ရသေ့ဟာ ဒီပင်္ကရာမြတ်စွာဘုရားရှင်ရဲ့ ခြေတော် ရင်းတွင် ကိုယ်ကိုဝပ်စင်း တံတားခင်းပြီးသက်နှင်းလှူဒါန်းရင်း စိတ်တွင်းမှာ --- အကယ်၍ ငါ ကိလေသာကုန်ခန်း ရဟန္တာ မြတ်ဖြစ်လိုလတ်သော် များမြတ်သံဃာ နောက်ပါတစ်ပါး ဖြစ်နိုင်သားပဲ၊ သို့သော်လဲလေ များဝေနေကို ကယ်စေနိုင်ဘိ စွမ်းအင်ရှိလျက် ကိုယ်လွတ်ထွက်သော် မသင့်လျော်ဘူး ငဲ့မျှော် သနား သတ္တဝါများအတွက် ဘုရားတစ်ဆူ တောင်းဆုပျိုးမှန် ကြိုးစားတော့မည်”လို့ စိတ်တွင်းမြဲစွာ ဓိဋ္ဌာန်လိုက်ပါတယ်။

ဒီအခါ ဒီပင်္ကရာစောမြတ်စွာလဲ သုမေဓာရှင်ရသေ့ရဲ့ ခေါင်းရင်းမှာ ရပ်တော်မူလျက် “သက်စွန့်ကိုယ်နှင်း တံတား ခင်းလျက် ဘုရားဆုပန်လျှင်းတဲ့ ဒီရသေ့ဟာ နောင်သောအခါ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဂေါတမအမည်ဖြင့် ငါလိုပင် သဗ္ဗညုဘုရားရှင် ဖြစ်လိမ့်မည်”လို့ ဗျာဒိတ်စကား မိန့်ကြား တော်မူပါတယ်။

## ပါရမီ ၁၀–ပါး

ဒီအချိန်မှစ၍ ဘုရားအလောင်းတော်ဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး "ဒါန, သီလ, နေက္ခမ္မပါ၊ ပညာ, ဝီရိယ၊ တစ်ဝခန္တီ၊ ' ပါရမီသစ္စာ၊ ဓိဋ္ဌာန်ဖြာလျက်၊ မေတ္တာ, ဥပေက္ခာ–"လို့ဆိုတဲ့ ပါရမီဆယ်ပါးတို့ကိုလဲ ဖြည့်ကျင့်တော်မူခဲ့ပါတယ်။

## အပြား ၃၀

ဒီ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တဲ့အခါမှာလဲ–

၁။ များပေါင်းဝဠ်ဘေး၊ ထွက်မျှော်တွေး၊ ပြုရေးဆယ်ဖြာ ပါရမီ။

၂။ လက်ခြေအင်္ဂါ၊ စွန့်ကျင့်ကာ၊ ဆယ်ဖြာ ဥပပါရမီ။

၃။ အသက်စွန့်ကာ၊ ဖြည့်ကျင့်တာ၊ ဆယ်ဖြာ ပရမတ္ထပါရမီ–

ဆိုတဲ့ အပြားသုံးဆယ်တို့ကိုလဲ ဖြစ်ပွားစေခဲ့ပါတယ်။

## စွန့်ခြင်းကြီးငါးပါး

နောက်ပြီးတော့ "ပါရမီဒါန–စာဂဝင်ပါ၊
ကိုယ်အင်္ဂါနှုံး မျက်လုံးဥစ္စာ။
တိုင်းပြည် သားမယား– စွန့်ကြေးငါးဖြာ၊
လောင်းဘုရားထူးခြားဇာနည်သာ။"–ဆိုတဲ့

စွန့်ခြင်းကြီးငါးပါးတို့ကိုလဲ ဖြည့်ကျင့်တော်မူခဲ့ပါတယ်။

လို့ပြင်လဲ "သတ္တဝါခပင်း - ဘေးကင်းချမ်းသာ၊
ဆွေမျိုးခပင်း - ဘေးကင်းချမ်းသာ။
မြတ်စွာ ဗုဒ္ဓ - ဖြစ်ရဖို့ရာ၊
ကျင့်သုံးပါး - ကျင့်ပွားဇာတိပါ -

ဆိုတဲ့ စရိယသုံးပါးတို့ကိုလဲ ဖြည့်ကျင့်ခဲ့ပါတယ်၊ အဲဒီအကျင့်တရားများကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာမြင့်အောင် ကျင့်ခဲ့ပါတယ်တဲ့။

## ဘုရားဖြစ်တော်မူတယ်

အဲဒါလို ပါရမီများ ဖြည့်ကျင့်ပြီးတဲ့အခါ ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်ဟာ မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် အိန္ဒိယ မဇ္ဈိမဒေသ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးရဲ့ တောင်ညာစံဒေဝီ မဟေသီဖြစ်တဲ့ မဟာမာယာဒေဝီရဲ့ ဝမ်းကြာတိုက်မှာ ပဋိသန္ဓေတည်နေတော်မူခဲ့ပါတယ်။

မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့၌ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်တို့ရဲ့အကြား လုမ္ဗိနီအင်ကြင်းဥယျာဉ်ဘွင်းဝယ် မိးရှူးသန့်စင် ဘုရားအလောင်းတော်ကို ဖွားမြင်ခဲ့ပါတယ်။

ဖွားမြင်တော်မူလာတဲ့ဘုရားအလောင်းတော်ကို သိဒ္ဓတ္ထ-လို့အမည်တော်မှည့်ပြီး ၁၆နှစ်အရွယ်တွင် ယသောဓရာ ဆိုတဲ့မင်းသမီးနှင့် လက်ထပ်တယ်၊ ၁၃ နှစ် ပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစားတော်မူတယ်။

ဒီနောက် အလောင်းတော်မင်းသားဟာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး မဟာသက္ကရာဇ် ၉၇ခုနှစ်၊ ဝါဆိုလပြည့် တနင်းလာနေ့ ညဉ့်အချိန် ထီးနန်းစည်းစိမ် ကာမဂုဏ် ချမ်းသာများကို ငြီးငွေ့ ခိတ်ပျက်ကာ တောထွက်ပြီး ရဟန်းပြုတော်မူခဲ့ပါတယ်။

ဒီနောက် ဥရုဝေလတောတန်းတွင် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်များ သေလုနီးပါးအဆင်းရဲခံပြီး ဖြည့်ကျင့်တော်မူခဲ့ပါတယ်။

ဒီနောက် ဒုက္ကရစရိယာအကျင့်မှားများကို ပယ်ရှားစွန့်ပစ်ခဲ့ပြီး ဗုဒ္ဓဂယာခေါ်တဲ့ ဗောဓိပင်အောက်ကြွကာ အာနာပါနသတိ-ပဋ္ဌာန်တရားကို အခြေခံပြီး ကျင့်ပွားအားထုတ်တော်မူရာ မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ညဉ့်လင်းအားကြီးအချိန်တွင် အာသဝေါတရားကုန်ခန်းတဲ့ အာသဝက္ခယဉာဏ်တော်နှင့်တကွ တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိပြီး ဘုရားဖြစ်တော်မူပါတယ်။

ဒီလိုသဗ္ဗညုဘုရားဖြစ်တော်မူတယ်ဆိုရင်ပဲ အတ္တကောင်ငါကောင်လို့ အထင်မှားတဲ့ သဿတဒိဋ္ဌိနှင့် သေရင်အလိုလိုဘဝပြတ်တယ်လို့ အယူမှားတဲ့ ဥစ္ဆေဒဒိဋ္ဌိများလဲ ကင်းတယ်၊ ကာမဂုဏ်ခံစားမှု ကာမသုခလ္လိကာနုယောဂနှင့် အကျင့်လမ်းမှန်မပါဘဲ ကိုယ့်ကိုယ်ကိုဆင်းရဲအောင် ညှင်းဆဲမှု အတ္တကိလမထာနု

ယောဂအကျင့်များများကိုလဲ ရှောင်ဖယ်ပြီး ဖြစ်ပါတယ်၊ ဒါကြောင့် သုဂတော– ကောင်းစွာ ကြွလာတော်မူတဲ့ မြတ်စွာ ဘုရား–လို့ ကြည်ညိုလေးစားရှိခိုးအားထုတ်ရမယ်။

## ကောင်းစွာကြွသွားတော်မူပုံ

နောက်ပြီးတော့ "သု– ကောင်းသောနိဗ္ဗာန်သို့၊ ဂတ– ကြွသွားတော်မူသောဘုရား"။ ဒါကြောင့် ညောင်ကန်ဦးဗုဓ် ဆရာတော်ကြီးက–

ယောဘဂဝါ– အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– ဤသို့ပါရမီ ပုည သမ္ဘာရ၏ ဝိသေသဂုဏ် အလုံးစုံကြောင့် ရွှေဘုံအောင်ခန်းသာ ငြိမ်းချမ်းသာထူးဆန်း ကဲလွန် ဘေးဒဏ်မနှော ရှင်တော်ဟောသည့် ကောင်းသောနိဗ္ဗာန် သို့ ဇကန်ထုတ်ခြောက် ကြွရောက်တော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။

သမ္မုဒ္ဓဟု ရမှုမှန်စွာ စေတနာထက်ထက် ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ အရိယာမဂ် စဉ်မပျက်သား ခဲခက်မြင်ကျယ် သူတော်နွယ်ဖြင့် တင့်တယ်သော သွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။

ထိုထိုမဂ်ဖြင့် ပ–ပျက်ပယ်ခွာ ကိလေသာလည်း တစ်ခါ တစ်ဖန် မဖြစ်ပြန်သဖြင့် ဖြောင့်မှန်စွာ သွားတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သုဂတော– သုဂတမည်တော်မူ၏

တဲ့၊ ဒါဟာဆရာတော်ဦးဗုမ်ရဲ့ ဖွင့်ဆိုချက်ပါပဲ၊ ဒါကိုတော့ ရှင်းပြဖွယ်ပင် မလိုတော့ပါဘူး။

မှန်ပါတယ်၊ မြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်တော်မူပြီး နောက် ၄၅-ဝါတို့ကာလပတ်လုံးပင် မိမိကိုယ်တော်တိုင် ဆိုက်ရောက်မျက်မှောက်ပြုထားတဲ့ သန္တိသုခ နိဗ္ဗာန်ချမ်းသာကို လူနတ်ပြဟ္မာ ဝေနေယျာအများအားလဲ ကိုယ်တော်တိုင်လျှောက် လှမ်းခဲ့တဲ့ မဂ္ဂင်ရှစ်တန် ကျင့်လမ်းမှန်အတိုင်း နည်းပြဟောကြားပြီး တင့်တယ်စွာပင် အနုပါဒိသေသနိဗ္ဗာန်သို့ အပြီးသတ်ဝင်ကြွတော် မူသွားပါတယ်။

အဲဒါကို မဂ္ဂင်ရှစ်ဖြာ တင့်တယ်သောအမူအရာဖြင့် ကောင်းစွာ နိဗ္ဗာန်သို့ကြွသွားတော်မုပုံကလဲ ထိုထိုမဂ်ဖြင့် အကြွင်းမဲ့ ပယ်ခွာထားတဲ့ ကိလေသာခပ်သိမ်းလဲ နောက်ထပ်မဖြစ်ကိန်း နိုင်တော့တာမို့ ဖြောင့်မှန်စွာ ကြွသွားတော်မူတာ ဖြစ်ပါတယ်။

ဒါကြောင့်ပင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား ကြီးက သုဂတော-မဂ္ဂင်ရှစ်ဖြာ တင့်တယ်သောအမူအရာဖြင့် ကောင်းစွာသွားခြင်း ကောင်းစွာဖြစ်ခြင်းရှိတော်မူပေသော မြတ်စွာ ဘုရား-လို့ ဖွင့်ဆိုရေးဖွဲ့တော်မူခဲ့ပါတယ်။

ကဲ-ဒီနေ့ ဒါလောက်ဆိုရင်တော်လောက်ပါပြီ၊ မြတ်စွာ ဘုရားရှင်ရဲ့ သုဂတဂုဏ်တော်ဖွင့်တရားကို နာကြားရတဲ့ ကုသိုလ် စေတနာတို့ကြောင့် ဤတရားတော်လာတိုင်း လိုက်နာကျင့်ကြံ ကြိုးစားအားထုတ် နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်

ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေ။ သာသနာပြုနိုင်ကြပါစေ၊ သာသနာပြုရင်း **တွေ့ပြီး တွေ့ဆဲ** တွေ့လတ္တံ့ဖြစ်တဲ့ လောကခံအကောင်း၊အဆိုးတွေကိုသည်းခံ ကျော်လွှားကာ အောင်မြင်စွာ သာသနာပြုနိုင်တဲ့ သာသနာပြု အာဇာနည်သူတော်ကောင်းများ ဖြစ်ကြပါစေကုန်သတည်း။

# ဂုဏ်တော်ဖွင့်ဩဝါဒကထာ (၁၂)

## သုဂတဂုဏ်တော်ဖွင့် ဩဝါဒကထာ (ဒုတိယပိုင်း)

## ကောင်းသောစကားပြောကြားသည်

သု– **ကောင်း**သောစကားကို၊ ဂတ–ဆိုတော်မူသည်–တဲ့။ ဒီဂုဏ်တော်ကို ရည်ရော်ပြီးတော့ ကျေးဇူးရှင်ညောင်ကန် ဦးဗုဓ်ဆရာတော်ဘုရားကြီးက ဒီလိုဖွဲ့ဆို **ရှိခိုး**တော်မူခဲ့ပါတယ်။

ယောဘဂဝါ–အကြင်မြတ်စွာဘုရား**သည်၊** **ဉာတိပိ** ဉာမိနာစ ကာရဏေန– ဤသို့ အကျိုးမရှိသည့်**အရာ၌** **သူ**နာလိုသည်, မနာလိုသည် စကားနှစ်တန်တွင် မဟုတ်မမှန်**သည်** ဟုတ်မှန်သည် နှင့်စပ်သော လေးရပ်သောစကားတို့ကို ပယ်ရှား**စွန့်ခွာ၍** ဟုတ်မှန် သောအရာ၌ သူနာလိုသည်တစ်ချက် သူမနှစ်**သက်သည်** တစ်ပါး စကားနှစ်မျိုးတို့ကို အကျိုးရှိက ဂတိသို့မ**လိုက်** ဖြစ်ထိုက် သည်အားလျော်စွာ ဟောဆိုတော်မူသည်၏အဖြ**စ်ကြောင့်**လည်း၊ သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ သုဂတော– **သုဂတ**မည် တော်မူ၏၊ ဉာတိဂုဏာသမ္ပန္နံ– ဤသို့သုဂတဂုဏ်**နှင့်** ပြည့်စုံတော် မူသော မြတ်စွာဘုရားကို၊ အဟံ–အကျွန်ုပ်သည်၊ သိရသာ– ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ နမာမိ–ရိုသေမြတ်နိုးရှိခိုး ပါ၏ဘုရား။

## စကားခြောက်ခွန်း

ဒီဂုဏ်တော်ကို ရည်ရော်ပြီးတော့ ရှေးသူမြတ်တို့က "စကား ခြောက်ခွန်း၊ သုံးမြတ်ညွှန်း၊ လေးခွန်းကိုယ်ပယ်၊ နှစ်ခွန်းတယ်"လို့ ဆိုရိုးပြုတော်မူခဲ့ကြပါတယ်။ စကားခြောက်ခွန်းဆိုတာ–

၁။ မှန်လည်းမမှန် အကျိုလည်းမရှိ သူတစ်ပါးလည်း မနှစ်သက်သောစကား။

၂။ မှန်ကားမှန်၏ အကျိုးမရှိ သူတစ်ပါးလည်း မနှစ်သက် သောစကား။

၃။ မှန်လည်းမှန်၏ အကျိုးလည်းရှိ၏ သူတစ်ပါးလည်း မနှစ်သက်သောစကား။

၄။ မှန်လည်းမမှန် အကျိုးလည်းမရှိ သူတစ်ပါးနှစ်သက် သောစကား။

၅။ မှန်၏ အကျိုးမရှိ သူတစ်ပါးနှစ်သက်သောစကား။

၆။ မှန်လည်းမှန်၏ အကျိုးလည်းရှိ၏ သူတစ်ပါးနှစ်သက် သောစကား–တို့ ဖြစ်ပါတယ်။

## ပယ်သော လေးခွန်း

ဒီစကားခြောက်ခွန်းတို့တွင် မြတ်ဘုရား ပယ်ရှားတော်မူတဲ့ စကားလေးခွန်းတို့မှာ–

၁။ မှန်လည်း မမှန်၊ အကျိုးလည်းမရှိ၊ သူတစ်ပါးလဲ မနှစ်သက်တဲ့စကားတဲ့၊ မဟုတ်မတရား စွပ်စွဲပြီး ဆဲရေးတဲ့ စကားမျိုးပါပဲ။

၂။ မှန်လည်းမမှန်၊ အကျိုးလဲမရှိ၊ နားထောင်သူတော့ နှစ်သက်တဲ့စကားတဲ့၊ အသားလွတ် နားချမ်းသာရုံမျှ မြှောက်ပင့်ပြောတဲ့ စကားမျိုးပါပဲ။

၃။ မှန်တော့မှန်၏၊ အကျိုးမရှိ၊ နားထောင်သူလဲ မနှစ်သက်တဲ့ စကားတဲ့၊ မျက်စိမမြင်သူကို "အကန်း" လို့ခေါ်တာမျိုး၊ နားမကြားသူ နားလေးသူကို "နားပင်း" လို့ ခေါ်တာမျိုး ကိုယ်ရေပြားရောဂါရှိသူကို "အနူ" လို့ခေါ်တာမျိုးပါပဲ။

၄။ မှန်တော့မှန်၏၊ အကျိုးမရှိ၊ နားထောင်သူတော့ နှစ်သက်တဲ့စကားတဲ့၊ ဒုစရိုက်အကုသိုလ်ဘက်တွင် အစွမ်းထက်သူအား ချီးကျူးတဲ့စကားမျိုးပါပဲ၊ အသတ်ကောင်းသူ, အခိုးကောင်းသူ, အပျော်စွဲသူ, အလိမ်ကောင်းသူ, အမူးသန်သူ, စတဲ့ စကားမျိုးပါပဲ။

## ပြောသောနှစ်ခွန်း

ဒီသုဂတဂုဏ်တော်အရ စကားခြောက်ခွန်းတို့တွင် မြတ်ဘုရား သုံးနှုန်းဟောကြားတော်မူတဲ့ စကားနှစ်ခွန်းမှာ–

၁။ ကျိုးရှိဟုတ်မှန်၊ သုမနာခံတဲ့ စကားတဲ့၊ မကောင်းမှု အကုသိုလ် ဒုစရိုက်ပြုလုပ်ရင် အပါယ်ကျမယ်၊ သံသရာထဲတွင် ဆင်းရဲကြာမယ်၊ ကံကြီးထိုက်သူဒေဝဒတ် ကုစားမရဘူး၊ ငရဲကျမယ်၊ အဇာတသတ်လဲ ဒီလိုပဲ စတဲ့ စကားမျိုးပါပဲ။

၂။ ကျိုးရှိဟုတ်မှန်၊ သူနာခံလိုတဲ့ စကားတဲ့၊ ဒါနပြုရင် ချမ်းသာမယ်၊ သီလစောင့်ရင် အသက်ရှည်အနာကင်းမယ်၊ သမထပွားရင် စိတ်ချမ်းသာမယ်၊ ကုသိုလ်ကောင်းမှုပြုရင် လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာကိုရမယ်၊ ဝိပဿနာ ဘာဝနာတရားကို ပွားများအားထုတ်ရင် နိဗ္ဗာန် မျက်မှောက်ပြုမယ်–ဆိုတဲ့တရား စကားတော်မျိုးပါပဲ။

သတ္တဝါအများဟာ မကောင်းမှုပြုရင် လွတ်လပ်ပျော်ရွှင်နေချင်တိုင်းနေရင် အကျိုးမများ အပြစ်ပွားတယ်၊ ဒုက္ခရောက်မယ် ဆိုတာကို ဘုရားအစရှိတဲ့သူတော်ကောင်းများက ဒါမှမဟုတ် ဆရာမိဘ ဦးကြီး ဒေါ်ကြီးစသည်တို့က ပြောဆိုဆုံးမရင် မကြိုက်ကြဘူး နှုတ်လှန်ထိုးချင်ကြတယ်၊ အဲဒီစကား မျိုးကိုတော့ မြတ်ဘုရားဟာ အချိန်ကာလကို ကြည့်ပြီး ပြောကြားတော် မူပါတယ်တဲ့။

အပြစ်ကင်းစွာ ပညာသင်တာ, ဥစ္စာရှာတာ, အများအကျိုး ဆောင်တာ, ဒါန, သီလ, ဘာဝနာပြုလုပ်တာ ကောင်းတယ်–လို့ ပြောတာမျိုးကိုတော့ အခါခပ်သိမ်းနှစ်သက်ကြတယ်၊ ဒီစကားမျိုးကို မြတ်ဘုရားဟာ အချိန်မရွေး ပြောကြားတော် မူပါတယ်။

အဲဒီစကားမျိုးကိုတောင် လူမိုက်များကတော့ နားခါး တတ်ကြသေးတယ်၊ နွံ့ဆိုးဆိုးလိုသူ သားသမီးတပည့်တစ်ချို့ ဆိုရင်လဲ နားမထောင်ချင်တတ်ကြသေးဘူး၊ ဒါကတော့

"ငါထားလို့ ဘုရားတောင်မှ မတတ်နိုင်ဘူး"ဆိုတာမျိုးပေါ့။

ဘာပဲဖြစ်ဖြစ် မြတ်စွာဘုရားရှင်ကတော့ ဆိုခဲ့ရာ စကား ခြောက်မျိုးတွင် လေးမျိုးကိုပယ်ပြီး၊ နှစ်မျိုးကို ပြောကြားတော် မူပါတယ်၊ ဒါကြောင့် သုဂတော–ကောင်းသောစကားကို ဆိုတော်မူတတ်ပါပေသော မြတ်စွာဘုရား–လို့ သုဂတဂုဏ်ထူး ကို ရရှိတော်မူပေတာပဲ။

## အဘယရာဇကုမာရသုတ်

ဒီသုဂတဂုဏ်တော်နှင့် ပတ်သက်ပြီး အထူးကြည်ညို သဒ္ဓါပွား မှတ်သားရအောင် အဘယရာဇကုမာရသုတ်ကို ထုတ်ပြ ပါဦးမယ်။

အခါတစ်ပါး၌ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးနေတော်မူပါတယ်၊ ထိုအခါက မြတ်ဘုရားအား အံ့တုပြိုင်ဆိုင်နေကြသူ တိတ္ထိများတွင် တစ်ဦးအပါအဝင်ဖြစ်တဲ့ နိဂဏ္ဌနာဋပုတ္တ က သူ့တပည့် အဘယ မင်းသားကို ဘုရားရှင်အပေါ် ဝါဒတင်ရန် အကြံပေး ပါတယ်။

အကြံပေးပုံက "ဂေါတမဗုဒ္ဓသည် သူတစ်ပါးမချစ် မနှစ်သက်သောစကားကို ပြောဆိုပါသလော–ဟု မေးပါ၊ 'ပြောသည်'ဟုဆိုလျှင် ဒီလိုဆိုရင် ပုထုဇဉ်နှင့်ဘာထူးသေးလဲ လို့ အပြစ်တင်မေးပါ၊ 'မပြောပါ'ဟုဆိုပြန်ရင်လဲ 'ဒေဝဒတ်

သည် အပါယ်လားမည့်သူ၊ ငရဲကျမည့်သူ၊ တစ်ကမ္ဘာလုံး ငရဲနေရမည့်သူ၊ ကုစားမရကောင်းသောသူ'ဟု ဒေဝဒတ် မှကြိုက်သောစကားကို ဘာကြောင့်ပြောရပါသလဲဟု မေးပါ။ ဒါလို နှစ်ဖက်စွန်း မလွတ်တဲ့အမေးကိုမေးလျှင် ရှင်ဂေါတမမှာ သံဆူးခွကြီး မျိုထားရသူပမာ မထွေးနိုင်မမျိုနိုင် ဖြစ်လိမ့်မယ်" လို့ အကြံပေးပါတယ်။

အဘယမင်းသားလဲ ဝန်ခံပြီး ယနေ့အချိန်မရှိ၊ နက်ဖြန်မှ မေးတော့မည်-ဟု မြတ်ဗုဒ္ဓအား ဆွမ်းဘုဉ်းပေးရန်ပင့်ပါတယ်၊ နောက်နေ့ နံနက်တွင် သူ့အိမ်သို့ဆွမ်းဘုဉ်းပေးကြွရောက်တော်မူလာတဲ့ ဘုရားရှင်အား ထိုပြဿနာကိုမေးလျှောက်ပါတယ်။

အစွမ်းနှစ်ဖက်ထောင်ဖမ်းသည်ကိုသိတော်မူတဲ့ဘုရားမြတ်က "ဒီအရေးမှာ တစ်ထစ်ချ ပုံသေပြောလို့ မဖြစ်ဘူး မင်းသား"လို့ အစွန်းနှစ်ဖက်ရှောင်ပြီး ဖြေကြားတော်မူတဲ့အခါ "ဒီအဖြေကြောင့် နိဂဏ္ဌာတွေပျက်စီးကုန်ရပါပြီဘုရား"လို့ အဘယမင်းသားက ပြန်လျှောက်တယ်။

ဒီတော့ မြတ်ဘုရားက "မင်းသား၊ အဘယ်ကြောင့်သင်ဟာ ဒီပြဿနာမေးမှု၌ နိဂဏ္ဌာတွေပျက်စီးကြလေပြီ"လို့ပြောရသလဲ မေးတော်မူပြန်ပါတယ်။

ထိုအခါ အဘယမင်းသားဟာ သူ့ဆရာနာဋပုတ္တက သင်ပြပေးလိုက်ပုံအကြောင်းစုံကို ပြန်လျှောက်ထားတယ်။ မြတ်ဘုရားရှင်ရဲ့ နှစ်ဖက်စွန်းလွတ်အောင် ဖြေကြားပုံကြောင့်

နိဂဏ္ဍာတွေပျက်စီးကုန်ပါပြီးဘုရား–လို့လျှောက်တဲ့အကြောင်းကို လျှောက်ထားတယ်။

ထိုအခါအဘယမင်းသားရဲ့ပေါင်ပေါ်တွင် ပက်လက်အိပ် တတ်ကာမျှ ကလေးသူငယ်ဟာ ရှိနေတယ်၊ မြတ်ဘုရားက အဲဒီကလေးငယ်ကို သက်သေတင်ကာ ဒါလို မိန့်ကြားတော်မူ ပါတယ်။

"မင်းသား၊ သင့်သားတော် ဒီသူငယ်ကလေးဟာ သင့်ရဲ့မေ့လျော့မှုကြောင့် ဖြစ်စေ၊ အထိန်းတော်များရဲ့ မေ့လျော့ မှုကြောင့်ဖြစ်စေ၊ သစ်သားစ သို့မဟုတ် အိုးခြမ်းကွဲတစ်ခုခုကို မျိုမိလို့ လည်ချောင်းထဲ တစ်ဆို့နေရင် သင်ဘယ်လိုလုပ်မလဲ"ဟု မေးတော်မူတယ်။

ဒီအခါ အဘယမင်းသားက "တပည့်တော် ထုတ်ယူရ ပါမည်၊ သာမန်နှင့်မရရင် လက်ချောင်းကို ကွေးပြီး သွေးသံ ရဲရဲနှင့်ပင် ဆွဲထုတ်တန်ဆွဲထုတ်ရပါမည်၊ ဘာ့ကြောင့်လဲဆိုရင် တပည့်တော်ရဲ့သားအပေါ်မှာ ချစ်သောကြောင့် ဖြစ်ပါတယ်"ဟု လျှောက်ထားပြန်တယ်။

ထိုအခါမြတ်စွာဘုရားက "မင်းသား၊ ငါဘုရားလဲ ထို့အတူပင် စကားခြောက်ခွန်းတွင် လေးခွန်းသောစကားကို ပြောကြားတော်မမူဘဲ နှစ်ခွန်းသောစကားကိုသာ အချိန်အခါ ကြည့်ပြောကြားတော်မူပါတယ်၊ ဘာကြောင့်လဲဆိုတော့ သတ္တဝါ အများကို ငါဘုရား ချစ်မြတ်နိုးတော်မူသောကြောင့်ပေတည်း"ဟု

**မိန့်ကြား**တော်မူပါတယ်။

(မဇ္ဈိမပဏ္ဏာသ၊ အဘယရာဇကုမာရသုတ်)။

ဒါဟာမြတ်ဘုရားရှင်ရဲ့ ကောင်းသောစကားကိုသာဆိုတော်**မူပုံ** သုဂတဂုဏ်တော်ပါပဲ၊ ဒီတရားတော်ကိုကြားနာကြရ၍ **ဒီ**တရားတော်လာတိုင်းပင် ဘုရားရှင်၏ဂုဏ်တော်ကို အာရုံပြု ကြည်ညိုသဒ္ဓါပွားနိုင်ကြပါစေ၊ ထိုဗုဒ္ဓါနုဿတိသမာဓိမှ တစ်ဆင့် ဝိပဿနာကိုလဲ ရှုပွားနိုင်ကြပါစေ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြု နိုင်ကြပါစေ၊ သာသနာပြုနိုင်ကြပါစေသတည်း။

# ဂုဏ်တော်ဖွင့် ဩဝါဒကထာ (၁၃)

## လောကဝိဒူ ဂုဏ်တော်ဖွင့် ဩဝါဒကထာ

* လောကသုံးဝ၊ ကုန်သိထ၊ လောကဝိဒူ မြတ်ဘုရား။

လောက- လောကအားလုံးကို ၊ ဝိဒူ-သိတော်မူသည်၊ လောကကို သိပါသည်ဆိုသော ပုဂ္ဂိုလ်အားလုံးထက် သာလွန်သိနိုင်သော ဉာဏ်ကြီးရှင် ပုဂ္ဂိုလ်ထူး-လို့ ဆိုပါတယ်။

## လောကသုံးပါးရှိခဲ့ရာ

၁။ သတ္တဝါအမျိုးမျိုးကို သတ္တလောကလို့ ဆိုပါတယ်။

၂။ သတ္တဝါများရဲ့ တည်နေရာ ဘုံဌာနတွေကို ဩကာသလောကလို့ဆိုပါတယ်။

၃။ သတ္တဝါ, ဘုံ-ဟူသော ဝေါဟာရပညတ်များရဲ့တည်ရာရုပ်နာမ်တရားများကို သင်္ခါရလောက-လို့ ခေါ်ပါတယ်၊ အဲဒီလောကအားလုံးကို အကုန်အစင် သိမြင်တော်မူတဲ့ဘုရားကို လောကဝိဒူဘုရား-လို့ ခေါ်ပါတယ်၊ ဒီဂုဏ်တော်ကို ထေရဝါဒပိဋကဂန္ထဝင်မြောက် ရှိခိုးပူဇော်နိုင်ရန် ကျေးဇူးတော်ရှင် ညောင်ကန်ဦးဗုဓ်ဆရာတော်ဘုရားကြီးက ဒီလိုဖွဲ့ဆိုတော်မူခဲ့ပါတယ်။

## လောကဝိဒူဂုဏ်တော်ဖွင့် ဘုရားရှိခိုး

ယောဘဂဝါ–အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန– ဤသို့ လူနတ်ဗြဟ္မာ များစွာခပင်း ဆင် မြင်း ကျွဲ နွား စသောအားဖြင့် ထူးခြားကြီးငယ် အရွယ်ဟန်ပန် သဏ္ဌာန်ထွေထွေ အခြေမရှိ ဒွိနှင့်စတု ဗဟုပါဒ နာမသညာ အင်္ဂါကွဲပြား ထင်ရှားဖြစ်ကြ ဝေါဟာရဟု သတ္တဝါအပေါင်း အစုသည် တစ်ခုတစ်ခုသော စကြဝဠာတို့၌ သချာသချေ မရေတွက်အပ် ဣန္ဒြေနှင့် စပ်သော်လည်း ပညတ်ဟူသမျှသော "သတ္တလောက"။

ဣန္ဒြေနှင့်တကွ မုချဆတ်ဆတ် ပရမတ္ထသဘော ရောနှော ပြုပြင်သမျှ ပဋိစ္စသမုပ္ပါဒ် မပြတ်ဆက်ကာ သံသရာဟု ခန္ဓ, အာယတန ဓာတ်တို့၏ အပေါင်းသည် အကြောင်းလျှင်တည်ရာ ရှိသော အာဟာရဋ္ဌိတိအားဖြင့် ၁–ပါး၊ ရုပ်နာမ်အားဖြင့် ၂–ပါး၊ ဝေဒနာအားဖြင့် ၃–ပါး၊ အာဟာရအားဖြင့် ၄–ပါး၊ ခန္ဓာအားဖြင့် ၅–ပါး၊ အာရုံအာရမ္မဏိကအားဖြင့် ၆–ပါး၊ ဝိညာဏဋ္ဌိတိအားဖြင့် ၇–ပါး၊ လောကဓမ္မအားဖြင့် ၈–ပါး၊ သတ္တဝါသအားဖြင့် ၉–ပါး၊ အာယတနအားဖြင့် ၁၂–ပါး၊ ဓာတ်အားဖြင့် ၁၈–ပါး အပြား ရှိသော ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော "သင်္ခါရ လောက"။

အောက်ထက်နှစ်ပြင် ကောင်းကင်နှစ်ပါးဖြင့် ပိုင်းခြား အပ်သော မြင်းမိုရ်, စကြဝဠာ, ဟိမဝန္တာ, သမုဒ္ဒရာ, သီတာ,

အိုင်, အင်းကုန်းကျဉ်း တောတောင် ဘုံဆောင်တည်ထွန်းကျွန်း ကြီးလေးသွယ် ကျွန်းငယ်နှစ်ထောင် ဝန်းမျှောင်ရံကာ အရာရာ နှင့် ယုဇနာနှစ်သိန်း လေးသောင်း အထုရှိသော မြေ, ယူဇနာ လေးသိန်းရှစ်သောင်းအထုရှိသော ရေ, ယုဇနာကိုးသိန်း ခြောက်သောင်းအထုရှိသော လေတို့၏ တည်ရာ သချာအစုတို့ ဖြင့် တစ်ခုတစ်ခုသော စကြဝဠာ၌ ဓမ္မတာသဘော အန္တောဂဓ ဖြစ်သော သတ္တဝါတို့၏ အမျိုး သိဩိုင်း, ကာဠသုတ်, သံဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိဟု ကပ်ရှိတည်ပြီး ငရဲကြီး ရှစ်ထပ်ကို ပတ်ပတ်ရံလျက် ဉဿဒ ငရဲငယ် တရာနှစ်ဆယ့်ရှစ်တန်, ထိုမှကျန်သော တိရစ္ဆာန်, ပြိတ္တာ၊ အသုရကာယ်, အပါယ်လေးဘုံနှင့်တကွ မနုဿလူ့ဘုံ အစ ကာမ ၁၁ဘုံ၊ ဗြဟ္မပါရိသဇ္ဇာအစ ရူပ ၁၆ဘုံ၊ အာကာ သနဉ္စာယတနအစ ရူပ ၄ဘုံ အလုံးစုံသော "ဩကာသလောက"။

ဤသို့ဆိုအပ်ခဲ့ပြီးသမျှ သတ္တလောက သင်္ခါရလောက ဩကာသလောကတည်းဟူသော လောကသုံးပါးတို့ကို သမန္တစက္ခု သဗ္ဗညုဖြင့် တစ်ခုမကျန်သိတော်မူသည်၏ အဖြစ်ကြောင့်လည်း၊ သောဘဂဝါ-ထိုမြတ်စွာဘုရားသည် လောကဝိဒူ- လောကဝိဒူ မည်တော်မူ၏၊ ဣတိဂုဏသမ္ပန္နံ- ဤသို့သော လောကဝိဒူဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ- ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ-ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

## သတ္တလောကကို သိတော်မူပုံ

သတ္တလောကကို သိတော်မူရာတွင် လူနတ်ဗြဟ္မာ ငရဲသား တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အမျိုးမျိုးတို့ကို အမျိုးမျိုး အဖုံဖုံ စုံအောင်သိတော်မူပါတယ်၊ သတ္တဝါတစ်ဦးစီ၏ ယခု တစ်ဘဝ အဖြစ်သာမက ရှေးကဖြစ်ခဲ့ဖူးသော ဘဝအဖြစ်မျိုးတွေ နောင်ဖြစ်မည့်ဘဝအဖြစ်မျိုးတွေကိုလဲ သိတော်မူပါတယ်၊ တန်ခိုး ကြီးတဲ့ နတ် ဗြဟ္မာ ရသေ့များနှင့်သာဝကများလဲ ထိုသို့သိကြပ တယ်၊ သို့သော်လဲ သူတို့ဟာ ဘဝဘယ်မျှ ကမ္ဘာဘယ်လောက်အ ထိသာဟု အကန့်အသတ်ဖြင့်သိကြတယ်၊ မြတ်ဘုရားရှင်ကတော့ အဆုံးအစမရှိသိတော်မူသည်မှာ ထူးခြားချက်ပင် ဖြစ်ပါတယ်။

သတ္တဝါနှင့် စပ်၍ ထိုအသိမျိုးမှာ အခြားအချို့ပုဂ္ဂိုလ်များလဲ သိတန်သလောက်သိနိုင်သေးတာမို့ မထူးဆန်းလှ–ဟု ဆိုချင်ဆို နိုင်ပါသေးတယ်၊ ဘယ်သူမျှလိုက်၍ မမှီနိုင်သောဘုရားရှင်ရဲ့ အသိတော်ကား ရှိပါသေးတယ်၊ သတ္တဝါများရဲ့ အတွင်းဓာတ်ခံ ကို သိရန်မှာ မြတ်ဘုရားရှင်များရဲ့ အရာသာပါပဲ။

ဒါကြောင့်ပင် သတ္တဝါများကို ဘယ်လိုဓာတ်ခံမျိုးရှိနေသည်၊ ဘယ်အနုသယ ကိလေသာကလွန်ကဲသည်၊ နည်းသည်၊ ဘယ် လိုစိတ်ကြိုက်အလိုဆန္ဒရှိသည်၊ ဘယ်စရိုက်မျိုးလွန်ကဲသည်၊ ဘယ်ဣန္ဒြေက ရင့်နေပြီ၊ နုသေးသည် စသည်တို့ကို အတွင်း ဝင်ကြည့်၍ အတိအကျမြင်ရသူပမာ သေချာစွာ ခွဲခြားသိတော်မူနိုင် ပေတယ်။

ဥပါဒ်အနေပေါ်နေသော သဘာဝတရားများကို အနုစိတ် သိရန်ပင် ခက်ခဲလှပါတယ်၊ အခြားသူများအရာမဟုတ်၊ ပေါ်မလာ သေးဘဲ စာတ်သတ္တိအဖြစ်သာ တည်ရှိနေတဲ့ သဘောတရားများကို သိရန်မှာ အခက်ဆုံးပင်ဖြစ်ရာ သဗ္ဗညုဉာဏ်ရှင်ကိုထား၍ အခြား ဘယ်သူများ သိနိုင်ပါ့မလဲ၊ ဒါကြောင့် အတွင်းဓာတ်ခံ ကိလေသာ အပုပ်ဓာတ်ကိုသိတဲ့ အာသယာနုသယဉာဏ်၊ ဣန္ဒြေအရင့် အကျက်ကိုသိတဲ့ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်များမှာ အခြား သူများနှင့်မဆိုင် ဘုရားရှင်များနှင့်သာဆိုင်သည့် အသာဓာရဏ ဉာဏ်များပါပဲ။

## ဗုဒ္ဓဉာဏ်စွမ်း ပဒုမ္မာကမ္မဋ္ဌာန်း

သတ္တဝါများရဲ့အတွင်းဓာတ်ခံစရိုက်စသည်ကို အတိအကျ သိရေးမှာ ဘုရားရှင်ရဲ့အရာသာမို့ လက်ယာတော်ရံ အဂ္ဂသာဝက ပညာဧကတဒဂ်ရ အရှင်သာရိပုတ္တရာကဲ့သို့ ပညာရှင်ထိပ်သီး မထေရ်ကြီးသော်မှ ကမ္မဋ္ဌာန်းတရား အလုပ်ပေးလွဲတော်မူခဲ့ရသေး တယ်။

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ကိန်း အောင်းနေတော်မူစဉ်က ဖြစ်ပါတယ်၊ ထိုအခါအရှင်သာရိ ပုတ္တရာ မထေရ်မြတ်ထံတွင် ရွှေပန်းထိမ်သည်သား တစ်ယောက်ဟာ ရဟန်းပြုရာ၊ သုဝဏ္ဏကာရမထေရ်-လို့ နာမည်တွင်ပါတယ်။

အရှင်သာရိပုတ္တရာ မထေရ်ဟာ ထိုသုဝဏ္ဏကာရမထေရ် အား နပျိုသူဖြစ်၍ ရာဂအဖြစ်များတတ်တယ်-လို့ ကြံစည်ပြီး

စက်ဆုပ်ရွံ့ရှာဖွယ်လို့ ရှုမှတ်ရတဲ့ အသုဘကမ္မဋ္ဌာန်းကို ပေးတော်မူပါတယ်။

သုဝဏ္ဏကာရမထေရ်ဟာ တောသို့ဝင်ပြီး အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ပါသော်လဲ စိတ်တည်ငြိမ်မှုကိုပင် မရရှိသဖြင့် အရှင်သာရိပုတ္တရာထံသို့ သုံးကြိမ်တိုင်တိုင်ပင် ပြန်လာကာ ကမ္မဋ္ဌာန်းတရားကို နာကြား ထပ်မံအားထုတ်ပြန်ပါသော်လဲ စိတ်တည်ငြိမ်မှုကိုမျှပင် မရှိပါ။

ဒါကြောင့် အရှင်သာရိပုတ္တရာမထေရ်ဟာ ထိုရဟန်းကို ခေါ်ပြီး မြတ်စွာဘုရားထံချဉ်းကပ်ကာ အကြောင်းစုံကို တင်ပြလျှောက်ထားရာ မြတ်စွာဘုရားက "သတ္တဝါများရဲ့အတွင်း မာတ်ခံ ကိလေသာသဘောကိုသိတဲ့ ဒီ အာသယာနုသယဉာဏ် ဆိုတာဟာ သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်တို့ရဲ့ အရာသာ ဖြစ်တယ်"လို့ဆင်ခြင်တော်မူပြီး ယောဂီရဟန်း၏အလို အဇ္ဈာသယကို ကြည့်ရှုတော်မူရာ၊ ရွှေပန်းထိမ်သည်အမျိုး၌ အကြိမ်ငါးရာပင် ဖြစ်ခဲ့ကြောင်း သိမြင်တော်မူရတော့ ယောဂီ ရဟန်းအား လှည်းဘီးပမာဏမျှရှိသော ရွှေပဒုမ္မာကြာပန်းကြီး ဖန်ဆင်းပြပြီး– "လောဟိတကံ– နီမြန်းသောအဆင်းပါတကား၊ လောဟိတကံ– နီမြန်းသော အဆင်းပါတကား"လို့ ကျောင်းအစွန်သဲပုံတွင် ထိုပန်းကိုစိုက်ထောင်စေကာ ထိုင်လျက်ရှုမှတ်ခိုင်းပါတယ်။

အဲဒီယောဂီရဟန်းဟာ ထိုပဒုမ္မာကြာပန်း လောဟိတက ကမ္မဋ္ဌာန်းကို စီးဖြန်းလျက်ပင် စိတ်တည်ငြိမ်မှုရပြီး ဈာန်လေးပါးကို ရရှိသွားပါတယ်၊ ထိုအခါ မြတ်ဘုရားက ထိုနီမွိတပဒုမ္မာ

ကြာပန်းကို တဖြည်းဖြည်းညှိုးနွမ်းပုံ ဖန်ဆင်းပြတော်မူပြန်ရာ၊ ထို ယောဂီရဟန်းက "ဩော်–ဥတုကြောင့် ဖြစ်တဲ့ ဒီပဒုမ္မာကြာပန်းပင် ညှိုးနွမ်းရင့်ယော် မပြဲဘဲရှိချေသေးသော် ကံကြောင့်ဖြစ်တဲ့ ဒီငါတို့ ခန္ဓာကိုယ်ကား အဘယ်မှာ မြဲနိုင်ပါမလဲ၊ မမြဲ–ဆင်းရဲ–သဘောပဲသာတကား"လို့ လက္ခဏာရေးတင်ကာ ရှုမြင့်မိပါတယ်။

ထိုအခါ မြတ်ဘုရားက ဇေတဝန်ကျောင်းတော်ပေါ်က နေလျက်ပင် ထိုရဟန်းထံ ရောင်ခြည်တော်လွှတ်၍ အနီးသို့ ကြွလာသလို ဖန်ဆင်းပြီး ဒီတရားကို ဟောပါတယ်။

"တန်ဆောင်မုန်းလတွင် ဖြစ်ပေါ်တဲ့ ကုမုဒြာကြာပန်းကို လက်ဖြင့် ချိုးယူ ဖြတ်တောက်သလို မိမိရဲ့ ချစ်ခြင်းတဏှာကို အရဟတ္တမဂ်ဖြင့် ဖြတ်တောက်လော့၊ ငြိမ်းအေးရာ နိဗ္ဗာန်ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်ပါတယ်၊ နိဗ္ဗာန်ရောက်ရန် မဂ္ဂင်ရှစ်တန်လမ်းမှန်ကိုသာလျှင် ဖြစ်ပွားစေလော့"။

ဒီဒေသနာတော်ရဲ့အဆုံးတွင် အရှင်သာရိပုတ္တရာရဲ့ အတူနေတပည့် ရွှေပန်းထိမ်သည်သား ရဟန်းဟာ တရားတော်ကို နာကြားရင်း ခန္ဓာအတွင်း ဉာဏ်သွင်းရှုမှတ်လိုက်ရာ၊ ဝိပဿနာဉာဏ်စဉ်တက်၍ သောတာပတ္တိမဂ်ဖိုလ်၌ တည်သွားပါတယ်။ (ဓမ္မပဒ၊ ၄၊ ၂၊ သုဝဏ္ဏကာရတ္ထေရဝတ္ထု)။

## ဗုဒ္ဓဉာဏ်စွမ်းလက်ကိုင်ပဝါ ကမ္မဋ္ဌာန်း

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ်က ဖြစ်ပါတယ်၊ ရာဇဂြိုဟ်ပြည်

မနေသေဋ္ဌီသေဋ္ဌေးကြီးရဲ့ သမီးဟာ ကျွန်ယောက်ျားနဲ့ ဖောက်ပြားပြီး အိမ်မှ ထွက်ပြေးစဉ်လမ်းခရီး၌ သားတစ်ယောက်ပြီး တစ်ယောက် မွေးဖွားခဲ့ရာ၊ ပထမသားကို လမ်း၌ ဖွားသောကြောင့် မဟာပန္ထက၊ ဒုတိယသားကို စူဠပန္ထက- လို့နာမည်မှည့်ပေးထားပါတယ်။

ထိုသားနှစ်ယောက် ပြေးသွားနိုင်တဲ့ အရွယ်တွင် မိဖနှစ်ပါးလဲ စိတ်ပြေလောက်ပြီ၊ သားနှစ်ယောက်ကလဲ အဖိုးနှင့်အဖွားကို မေးလှပြီ-ဆိုပြီး၊ မိဖရပ်ထံ ပြန်လာရာ၊ မိဖများက စိတ်နာပြီး သမီးနှင့်သားမက် အား အမွေပစ္စည်းကိုသာ ထိုက်သင့်သလောက် ပေးလိုက်ပြီး၊ မြေးနှစ်ယောက်ကိုသာ အိမ်တွင် မွေးမြူကြီးပွား စေပါတယ်။

အဖိုးဖြစ်သူဟာ မြေးအကြီးကိုသာ ပထမ ကျောင်းတော်သို့ ခေါ်ခေါ်သွားရာ မဟာပန္ထကဟာ ရတနာသုံးပါးခတ်သက်ဝင်ပြီး ရှင်ရဟန်းပြုခွင့်တောင်းသဖြင့် အဖိုးကခွင့်ပေးလို့၊ ဦးစွာ ရှင်သာမဏေပြုတယ်၊ အသက် ၂၀ပြည့်တော့ ရဟန်းပြုတယ်၊ ပရိယတ္တိစာပေများ သင်ကြားပြီးနောက် တရားအားထုတ်ရာ မဟာပန္ထက မထေရ်ဟာ ကိလေသာကုန်ခန်း ရဟန္တာဖြစ်တော်မူပါတယ်။

ဒီနောက် ညီငယ် စူဠပန္ထကအား ရှင်ရဟန်းပြုပေးရန် သေဋ္ဌေးကြီးထံ ခွင့်ပန်ပြန်ရာ၊ သေဋ္ဌေးကြီးက ခွင့်ပေးသဖြင့် စူဠပန္ထကမထေရ်ဖြစ်ရတယ်၊ ရှင်ပြုပြီးစကပင် အစ်ကို မဟာပန် က ဂါထာတစ်ပုဒ်သင်ပေးရာ ၀ါတွင်းလေးလ ကျက်မှတ်၍မရဘဲ ရှိချေတယ်၊ ဒါကြောင့် မဟာပန္ထက မထေရ်က စူဠပန်အား သာသနာတော်နှင့် မထိုက်တန်ဆိုကာ နှင်ထုတ်လိုက်ပါတယ်။

ဒီအခါ ရှင်စူဠပန်ဟာ ကျောင်းတော်မှ ထွက်ခွာသွားတယ်၊ ဒါကိုမြတ်ဘုရားသိမြင်တော်မူတော့ သူ့ရှေ့ကဆီးပြီး "သင် ရဟန်းဖြစ်တာဟာ ငါဘုရားထံမှဖြစ်တာပဲ၊ သင့်အစ်ကိုထံဖြစ်တာ မဟုတ်ဘူး၊ လာ ငါဘုရားတရားပေးမည်၊ ငါ့ထံမှာလာနေ"လို့ မိန့်တော်မူလျက် ခေါင်းကိုလက်တော်နဲ့ သုံးသပ်ရင်း ဂန္ဓကုဋိ တိုက်တော်သို့ ခေါ်ဆောင်သွားတော်မူတယ်။

ဂန္ဓာကုဋိတိုက်တော်ရောက်တော့ ပဝါပိုင်းလေးတစ်ခုကို စူဠပန်အားပေးပြီး "ရဇောဟရဏံ-မြူကို ဆောင်တတ်သည်။ ရဇောဟရဏံ- မြူကို ဆောင်တတ်သည်"လို့ ကမ္မဋ္ဌာန်းစီးဖြန်း နေပါဟု ကမ္မဋ္ဌာန်းပေးတော်မူရာ၊ စူဠပန်မထေရ်ဟာ ထိုကမ္မဋ္ဌာန်း ကို စီးဖြန်းရင်းပင် ပဝါပိုင်းကလေး ညစ်နွမ်းလာတာကိုတွေ့ပြီး "သြော်- ဒီပဝါပိုင်းပင်ဖြူစင်တဲ့အဖြစ်မှ ညစ်နွမ်းတဲ့အဖြစ်သို့ ရောက်ရချေသေးတယ်၊ ပြုပြင်ခြင်းသဘောရှိတဲ့ သင်္ခါရတရား မှန်သမျှဟာ မမြဲလေကုန်စွတကား"လို့ ဆင်ခြင်ကာ ခန္ဓာ ကိုယ်တွင်း တရားသွင်းကာ ဝိပဿနာကို ပွားစေပါတယ်။

ဒါကို သိတော်မူတဲ့မြတ်စွာဘုရားက ကျောင်းတော်တွင်းမှ ရောင်ခြည်တော် စေလွှတ်ပြီးအနီး၌ ကြွရောက်ထိုင်တော်မူသလို ဖန်ဆင်းကာ "ချစ်သား စူဠပန္ထက- သင်ဟာ ပဝါပိုင်းကိုသာ ညစ်နွမ်း၏၊ မြူ, မြေမှုန့် ဖြစ်၍ဖြစ်၏--လို့အမှတ်သညာ မပြုလင့်၊ သင့်ရဲ့ကိုယ်တွင်း၌လဲ ရာဂမြူစသည်တို့သည် ရှိကုန်၏၊ ထိုရာဂမြူစသည်တို့ကို ပယ်လော့" စတဲ့တရားဂါထာများကို ဟောကြားတော်မူပါတယ်။

ဒီတရားတော်များကို နာကြားရတဲ့ အရှင်စူဠပန္ထက မထေရ်ဟာ တရားနာကြားရင်း ခန္ဓာကိုယ်တွင်း ဉာဏ်သွင်း တရားရှုပွားသဖြင့် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာ ဖြစ်တော်မူပါတယ်။

(ဓမ္မပဒ၊ ၄၊ ၁၊ စူဠပန္ထကမထေရ် ဝတ္ထု)

နေရောင်ကို မျှော်လင့်နေတဲ့ ပွင့်ခါနီး ပဒုမ္မာကြာငုံကြီးပမာ အလွန်ပင် ဉာဏ်ရင့်ကျက်နေသည်ကို သာဝကများ အမှတ်မထားမိဘဲ ဘုရားရှင်သာ သိတော်မူသည်မှာ ဓာတ်ခံ သိရာ၌ သူမတူအောင် စွမ်းဆောင်တော်မူနိုင်တဲ့ ဘုရားရှင်ရဲ့ ဉာဏ်တော်စွမ်းပင် ဖြစ်ပါတယ်။

ဤလောကဝိဒူဂုဏ်တော်ဖွင့်တရားကို နာကြားကြရတဲ့ ကုသိုလ်စေတနာတို့ကြောင့် ဤတရားတော်လာတိုင်း ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပွားများနိုင်ကြသည်ဖြစ်၍ ဗုဒ္ဓါနုဿတိသမာဓိမှ ဆင့်၍ ဝိပဿနာတရားကို ဆက်ပွားကာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေ၊ သာသနာ ပြုနိုင်ကြပါစေ။

# ဂုဏ်တော်မှင့် ဩဝါဒကထာ

## အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်

## ပထမပိုင်း

၁။ ဆုံး သတ္တဝါ၊ ဆုံးမရာ၊လိမ္မာစေတတ် မြတ်ဘုရား။
၂။ အနုတ္တရ၊ ပုရိသ၊ ဒမ္မသာရထိ ဂုဏ်ထင်ရှား။

ဒီနေ့ဟောကြားမည့် ဘုရားဂုဏ်တော်ကတော့"အနုတ္တရော ပုရိသ ဒမ္မသာရထိ"ဂုဏ်တော်တဲ့။

အနုတ္တရော-မိမိထက် သာလွန်သူမရှိသော အမြတ်ဆုံး ပုဂ္ဂိုလ်။

ပုရိသဒမ္မ-ဆုံးမထိုက်သောသတ္တဝါတို့ကို၊

သာရထိ-ဆုံးမတော်မူ၏။

အနုတ္တရောပုရိသဒမ္မသာရထိ- ဆုံးမထိုက်သော သတ္တဝါတို့ကိုဆုံးမရာ၌ အတုမရှိ အသာဆုံးအမြတ်ဆုံးဖြစ်သော မြတ်စွာဘုရား-တဲ့။

ဒါကြောင့် ကျေးရူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားရှိခိုးတော်မူသော ဘုရားဂုဏ်တော် ၉-ပါး ဘုရားရှိခိုး၌ ဤဂုဏ်တော်နှင့်စပ်ပြီး ဒီလိုဖော်ပြထားတော်မူပါတယ်။

အနုတ္တရော ပုရိသဒမ္မသာရထိ-

ယဉ်ကျေးလိမ္မာ ပညာအသိ မရှိကြသေး၍ ဆုံးမပေးထိုက်

သော ပုဂ္ဂိုလ်တို့ကို ယဉ်ကျေး လိမ္မာ ပညာပြည့်ဝ အချိုးကျအောင် ဆုံးမသွန်သင် ပဲ့ပြင်မှု၌ အတုမရှိ အမြတ်ဆုံး ဖြစ်တော်မူပေသော မြတ်စွာဘုရား။ ဒီလိုဖော်ပြထားပါတယ်။

စကားပြေအဓိပ္ပါယ် ရှင်းရှင်းနဲ့ လိုရင်းကို ကျက်မှတ်ပြီး မြတ်စွာဘုရားရှင်ရဲ့ အနုတ္တရောပုရိသဒမ္မသာရထိ– ဂုဏ် တော် ကြည်ညိုရှိခိုးကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းလိုကြသူများဟာ ဒီဂုဏ်တော်ဖွင့်ကို ကျက်မှတ်ထားကြရမယ်။

## ဤဂုဏ်တော်ပွားရကျိုး

ဒီ–အနုတ္တရော ပုရိသဒမ္မသာရထိ– ဂုဏ်တော်ကို ရွတ်ဆို ဘုရားရှိခိုးခြင်း ပုတီးစိပ်ခြင်း စိတ်တွင်းအကြိမ်ကြိမ်နှလုံးသွင်းပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ရှုပွားအားထုတ်ခြင်း ပြုသူဟာ လက်ငင်း အားဖြင့် မိမိနှင့် ဆက်စပ်သူများအား ပြောဆိုဆုံးမရာတွင် ဩဇာကြောင်းတယ်၊ အောင်မြင်တယ်–လို့ ရှေးပညာရှိများ ပြောရိုး ဆိုစဉ်ရှိပါတယ်၊ အဲဒီလို လက်တွေ့ အကျိုးရရှိသူများကလဲ ကိုယ်တွေ့ သက်သေထူ ပြောကြားကြပါတယ်။

အထူးအားဖြင့် ဘုရားဂုဏ်တော်များကို ရှုပွားနှလုံးသွင်း သူများဟာ ၁–လိုချင်မှုလောဘ၊ ၂–စိတ်ဆိုးစိတ်ပျက်မှုဒေါသ၊ ၃–ကုသိုလ်ကောင်းမှုတို့၌ နောက်ဆုတ်လိုမှု၊ ထိုင်းမှိုင်းပျင်းရိမှု ထိနမိဒ္ဓ၊ ၄–စိတ်ပျံ့လွင့်ပြေးသွားမှု–နောင်တ ပူပန်မှု ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ၅–ရတနာသုံးပါးအပေါ်တွင် ယုံမှားသံသယဖြစ်မှု

ဝိစိကိစ္ဆာ–ဆိုတဲ့ နီဝရဏ စိတ်ညစ်များကင်းစင်ပြီး စိတ်ကြည်လင် ငြိမ်းအေးမှုသမာဓိကို ရနိုင်တယ်–လို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ ဖွင့်ပြပါတယ်။

ဒီ–ဗုဒ္ဓါနုဿတိ သမာဓိကို အခြေခံပြီး ဝိပဿနာတရားကို ပွားရင် မဂ်ဖိုလ်နိဗ္ဗာန်ကိုပင်ရနိုင်တယ်– လို့ ကျမ်းဂန်များမှာ လာရှိပါတယ်။

အနုတ္တရောပုရိသဒမ္မသာရထိ–ဂုဏ်တော်အကြောင်းကို ပြန်ဆက်ကြပါဦးစို့၊ ဖော်ပြခဲ့ပြီး လောကဝိဒူဂုဏ်တော်ကို သိခြင်းဟာ ဒီ–အနုတ္တရောပုရိသဒမ္မသာရထိ–ဂုဏ်တော်ကို ရခြင်းရဲ့အကြောင်းဖြစ်တယ်။

အထူးအားဖြင့် သတ္တဝါများရဲ့ အတွင်းဓာတ်ခံ အမျိုးမျိုးကို အသေအချာသိခြင်းမှာ သတ္တဝါများကို ယဉ်ကျေးအောင် နည်းပေး ဆုံးမရာတွင် အလွန်ပင်ထိရောက်လှပေတယ်၊ မှန်ပါတယ်၊ ရောဂါ၏လက္ခဏာကိုမသိဘဲ ဆေးပေးလျှင် အနာတစ်ခြား ဆေးတစ်ခြားဖြစ်ကာ လူနာမှာရောဂါမပျောက်ဘဲ တိုးပြီးဆိုးတတ် သေးတယ်၊ ရောဂါ၏လက္ခဏာနှင့် လူနာ၏ဓာတ်ခံသိတဲ့ ဆရာသာ အနာနှင့်ဆေးတည့်အောင် ပေးနိုင်တယ်။

သတ္တဝါတွေမှာ ပူးဝင်စွဲကပ်နေတဲ့ ကိလေသာများဟာ တကယ့်အနာရောဂါများပဲ။

ဆိုးဝါးတဲ့ ကာယကံမှု ဝစီကံမှု မနောကံမှုများဟာ ကိလေသာ အနာရှိလို့ဖြစ်တဲ့ ဖောက်ပြန်မှုများဖြစ်တယ်။

"ပုထုဇ္ဇနော ဥမ္မတ္တကော" အရ ပုထုဇဉ်မှန်သမျှ အရူးချည်းပဲလို့ အဆိုရှိရာတွင် အဲဒီအရူးထခြင်းဟာလဲ ကိလေသာအနာရောဂါရဲ့ ဖောက်ပြန်မှုပင်ဖြစ်တယ်။

တရားတော်အမျိုးမျိုး လက်ကိုင်ရှိတော်မူတဲ့ ရှင်တော်ဗုဒ္ဓဟာ ကိလေသာများရဲ့အငုပ်အတက် အနည်းအများစတဲ့ အတွင်းအခြေအနေမှန်ကို ဇကန်သိတော်မူရာ ပေးသမျှတရားဆေးတွေ ဓာတ်ခိုက်လျက် ဘယ်မျှရှိင်းနေသူဖြစ်ဖြစ် ယဉ်ကျေးရတော့တာပဲ။

သတ္တဝါများရဲ့ ဝါသနာစရိုက်အကြိုက် ဓာတ်ခံကို ပိုင်ပိုင်နိုင်နိုင်မသိကြတဲ့ သာဝကများတွင် တစ်ခါတစ်ရံ တရားနှင့် ဓာတ်ခံစရိုက် မတိုက်ဆိုင်မိဘဲ လွဲတဲ့အခါရှိတတ်သော်လည်း ဓာတ်ခံကို ပိုင်နိုင်စွာ သိတော်မူတဲ့ ဘုရားရှင်မှာ အဲဒါလိုလွဲတယ်လို့ မရှိပါ။

သာဝကများဆုံးမလို့ ခရီးမရောက်သူဟာ ဘုရားမြတ်ထံရောက်လာပြီး ဘုရားရှင်ရဲ့အဆုံးအမကို ခံယူရလျှင် ခရီးရောက်၍ပြီးမြောက်ယဉ်ကျေးသူ ဖြစ်ရတော့တာပဲ။

ဒါကြောင့် "အနုတ္တရော ပုရိသဒမ္မသာရထိ သတ္တဝါတို့ကို ယဉ်ကျေးအောင်ဆုံးမရာ၌ အတုမရှိ စွမ်းတော်မူသော ပုဂ္ဂိုလ်မြတ်ဘုရားပါတကား" လို့ တစ်လောကလုံးက အံ့ချီးဂုဏ်တင် ဦးထိပ်ရွက်ပန်ဆင်ရပါတယ်။

## လူဆိုး–ရှင်ဆိုး–နတ်ဆိုး–တိရစ္ဆာန်ဆိုးများကို ဆုံးမနိုင်တယ်

ဒါလို–အနတ္တရောပုရိသဒမ္မသာရထိ–ဂုဏ်ရှိ ဘဂဝါ စော မြတ်စွာဟာ နာဠာဂိရိဆင်လို ဒေါသအိုးပေါက်ကွဲ ဒေါသ ရောဂါဆိုးပြင်းထန်တဲ့ တိရစ္ဆာန်မျိုးကိုလဲ အလျင်မနှေး တရား ဆေးပေးပြီး ဒေါသရိုင်းကင်းကာ ယဉ်ကျေးလိမ္မာစေတော် မူနိုင်ပါတယ်။

မောဟနှင့်ဒေါသ ရောဂါတက်ပြီး လူ့အသက် ရာထောင် ချီ သတ်နေမှာတဲ့ အင်္ဂုလိမာလလို လူဆိုးလူမိုက်မျိုးကြီးကိုလဲ ကိလေသာရောဂါနှင့် တရားဆေးကိုတည့်အောင် တိုက်ကျွေး ဆုံးမပြီး မောဟ, ဒေါသကင်းကွာ ယဉ်ကျေးလိမ္မာစေတော်မူ နိုင်ပါတယ်။

ဒို့ဌ်, မောဟနှင့် မာနရောဂါပွားပြီး ထောင်လွှားနေကြတဲ့ ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပတို့လို ရသေ့ ညီနောင် ရှင်တစ်ထောင်ရသေ့ ရဟန်းဆိုးများကိုလဲ ကိလေသာ အနာနှင့်ဆေးတည့်အောင် မှန်စွာတိုက်ကျွေးဆုံးမပြီး ဒိဋ္ဌိ– မောဟ–မာနကင်းကွာယဉ်ကျေးလိမ္မာ ရဟန္တာဖြစ်အောင် ဆုံးမ တော်မူနိုင်ပါပေတယ်။

ဥဒယ ပုဏ္ဏားလို့ အမ္ဗဋ္ဌလုလင်လို မာနအိုး ပုဏ္ဏားဆိုး များကိုလဲ ပညာမှန်တရားမျိုးနဲ့ မာနကျိုးအောင်ချိုးပြီး ယဉ်ကျေး လိမ္မာသူများဖြစ်အောင် ဆုံးမတော်မူနိုင်ပါတယ်။

အာဠာဝကလို ဘီးလူးဆိုးမာရ်နတ်လို နတ်ဆိုးမျိုးများကိုလဲ မာန်ကျိုးကာနိမ့်သွားပြီး ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပါပေတယ်။

ဒီအဓိပ္ပါယ်များကို အကျဉ်းချုပ်မှတ်သားရအောင် ရှစ်လုံးဖွဲ့ ကဗျာရေးပို့ချပေးပါဦးမယ်။

အနုတ္တရော ပုရိသဒမ္မသာရထိ

## ဂုဏ်တော်ဖွင့် ရှစ်လုံးဖွဲ့များ

၁။ အနာမသိ ဆေးမရှိပါ၊
အနာတစ်ခြား ဆေးမှားပေးရာ၊
ရောဂါပွားတိုး ခံဆိုးလူနာ၊
ဆရာမှား ရှောင်ရှားသိစရာ၊
၂။ အနာမှန်သိ ဆေးရှိသေချာ၊
အနာနှင့်ဆေး တည့်ပေးမှန်စွာ၊
ရောဂါပျောက်ရှင်း ဘေးကင်းလူနာ၊
ဆရာကောင်း မှီပေါင်းဆည်းကပ်ပါ။
၃။ ကိလေနှိပ်စက် တိုးတက်ရောဂါ၊
သံသာဝဋ်ထဲ ဆင်းရဲသတ္တဝါ၊
တရားဆေးမြတ် ပေးတတ်ဆရာ၊
သတ္တဝါများ တရားရ-ကြတာ။

၄။ ကိလေနာမျိုး ဖျက်ချိုးပယ်ခွာ၊
ကိလေကင်းဝေး ယဉ်ကျေးသဗ္ဗဝါ၊
နိုင်နင်းဆုံးမ အနုတ္တရမြတ်စွာ၊
ပုရိသ–ဒမ္မသာရထိပါ။

ဘုရားဖက်လျက်၊ သက်ရှည်ကျန်းမာ၊ ဘေးကင်းကွာ၊ ချမ်းသာကြပါစေ။

# ဂုဏ်တော်ပွင့် ဩဝါဒကထာ

## အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်

### ဒုတိယပိုင်း

**၁။ ဆုံးမထိုက်စွာ၊** သတ္တဝါ လိမ္မာစေတတ် မြတ်ဘုရား။

**၂။ နည်းစုံကြမ်းနု၊** ဆုံးမမှု၊ အတုမရှိ မြတ်ဘုရား။

**၃။ အနုတ္တရ၊** ပုရိသ၊ ဒမ္မသာရထိ ဂုဏ်ထင်ရှား၊

**ဒီနေ့** ဘုန်းကြီးဟောမည့် ဘုရားဂုဏ်တော်ပွင့် တရား **ကတော့** "**အနုတ္တရောပု**ရိသဒမ္မသာရထိ" ဂုဏ်တော် ဒုတိယပိုင်း **ဖြစ်**ပါတယ်။

**ဆုံးမထိုက်သော** ပုဂ္ဂိုလ်တို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ **အတုမရှိ** အမြတ်ဆုံးဖြစ်တော်မူပေသောကြောင့် အနုတ္တရော **ပုရိသဒမ္မသာရထိ** မည်တော်မူပေသော မြတ်စွာဘုရား-လို့ **ယမန်ဂ**တရားပွဲတွင် ဟောကြားခဲ့ပါပြီ။

**မြတ်စွာ**ဘုရားရှင်ဟာ သတ္တဝါများကို ဆုံးမမှု၌ အနုနည်းဖြင့် **ဆုံးမလျှင်** ယဉ်ကျေးမည့်သတ္တဝါကို အနုနည်းဖြင့် ဆုံးမတော် **မူပါတယ်၊** အကြမ်းနည်းဖြင့် ဆုံးမလျှင် ယဉ်ကျေးမည့်သတ္တဝါကို **အကြမ်းနည်းဖြင့်** ဆုံးမတော်မူပါတယ်၊ အနုနည်း အကြမ်းနည်း **နှစ်နည်းလုံး**သုံးပြီးဆုံးမလျှင် ယဉ်ကျေးလိမ္မာမည့် သတ္တဝါကို **နှစ်နည်းလုံး**သုံး၍ ဆုံးမတော်မူပါတယ်။

ရှင်ဒေဝဒတ် နည်းညွှန်ချက်အရ အဇာတသတ်မင်းက နာဠာဂိရိဆင်ကြီးကို အရက်မူးအောင် အလွန်အကျွံတိုက်ကျွေးပြီး တပည့်သံဃာများနှင့် ဆွမ်းခံကြွလာတော်မူတဲ့ မြတ်စွာဘုရားသို့ လွှတ်လိုက်တယ်။

ထိုစဉ်အခါ မြတ်စွာဘုရားရှင်က ဆင်ကြီးအားမေတ္တာဖြင့် တရားတော် ပို့လွှတ်တော်မူသဖြင့် ဆင်ကြီးဟာ မြတ်စွာဘုရား ရှေ့တွင် ဒူးတုပ်ဦးညွှတ်ရတယ်။

ဒီနောက် မြတ်ဘုရားရှင်က တရားဟောကြားဆုံးမတော်မူခဲ့ မှုလို့ နာဠာဂိရိ ဆင်ကြမ်းကြီးမှာ ဆင်လိမ္မာအဖြစ်သို့ ကူးပြောင်းရ တယ်။

ဒီအဖြစ် အပျက် မျက်မှောက်တွေ့ မြင်ကြရတဲ့ လူသားအပေါင်း တအံ့တသြ ပြောစမှတ်ပြုကြရတယ်။

ဘယ်လို ပြောကြလဲဆိုရင်–

"တုတ်တွေ, ချွန်းတွေ, ကြိမ်လုံးတွေနဲ့ ယဉ်ပါးအောင် ဆုံးမ, မရသော ဆင်ကြမ်းကြီးကို တုတ်မပါ, သန်လျက်မပါဘဲ လိမ္မာယဉ်ကျေးအောင် ဆုံးမတော်မူနိုင်တဲ့ မြတ်စွာဘုရားပါပေ" ဒီလို ပြောဆို ချီးကျူးကြရပါတယ်။

မြတ်စွာဘုရားရှင်ဟာ သစ္စက, အမှုန့်တွေဖြစ်တဲ့ ပညာရှိ မာန်ကြီးသူအများတို့ကို ပေါ်ကြမ်းကြမ်း ပြောဆိုနှိမ်ချ ဆုံးမတော် မူရတယ်။

ဝါဒပြိုင်လာသော ပညာရှိတို့ကို သူတို့ဝါဒနိမ့်ကျအောင် နှိမ့်ချပြီးမှ သာယာညင်းပျောင်းစွာ တရားပြပြီးဆုံးမတော် မူရတယ်။

ဗကဗြဟ္မာစတဲ့ တစ်ချို့တန်ခိုးကြီး ဗြဟ္မာများကို တန်ခိုးပြိုင်ပြီး ဆုံးမတော်မူပါတယ်။ ဒါဟာ မြတ်စွာဘုရားရှင်ရဲ့ သတ္တဝါများအပေါ်တွင် အနုအကြမ်းနည်းစုံဖြင့် ယဉ်ကျေးအောင် ဆုံးမတော်မူပုံ အမြွက်မျှဖြစ်ပါတယ်။

တစ်ခါတုန်းက ကေသိမည်တဲ့ မြင်းဆရာတစ်ဦး ဘုရားမြတ်ထံရောက်လာရာ ဘုရားမြတ်က "မြင်းများကို ဘယ်လိုဆုံးမသလဲကေသိ"လို့ မေးတော်မူတယ်။

ဒီတော့ မြင်းဆရာ ကေသိက "တပည့်တော် မြင်းများကို အနုနည်းဖြင့်လဲဆုံးမပါတယ်၊ အကြမ်းနည်းဖြင့်လဲ ဆုံးမပါတယ်၊ အကြမ်းအနု နှစ်မျိုးစုံဖြင့်လဲ ဆုံးမပါတယ်၊ ဘယ်နည်းနဲ့မှ ဆုံးမလို့မရတဲ့မြင်းကိုတော့ သတ်ပစ်လိုက်ပါတယ်ဘုရား"လို့ လျှောက်ထားပါတယ်။

ဒီအခါ မြတ်စွာဘုရားက "ကေသိ-ငါဘုရားလဲ သတ္တဝါများကို အနု, အကြမ်း, အနုနှင့်အကြမ်းနည်းလမ်းသုံးမျိုးတို့ဖြင့်ပင် ဆုံးမတော်မူတယ်၊ ဘယ်နည်းနဲ့မှ ဆုံးမမရတဲ့ သတ္တဝါကိုမူ သတ်ပစ်လိုက်ရတယ်"လို့ မိန့်တော်မူပါတယ်။

ဒီလိုမြတ်ဘုရားက မိန့်ကြားတော့ ကေသိ-က "အရှင်ဘုရားမှာ ပါဏာတိပါတ သူ့အသက်သတ်ခြင်းကို မပြုကောင်းဘူးမို့လားဘုရား" လို့အံ့သြတကြီးလျှောက်တယ်။

ဒီတွင်-ဘုရားရှင်က "အေး-မှန်တယ်၊ငါဘုရား ဆုံးမ ပါလျက် နားမထောင်တဲ့ သတ္တဝါကိုငါမဆုံးမ, မကံမြစ်ဘဲ လက်လွှတ် လိုက်ရင် ထိုသူမှာသေသည်ပင် မည်တော့တယ်"လို့ မိန့်တော် မူပါတယ်။(အံ၊သကေသိသုတ်-၄၂၇)

ဒီအဓိပ္ပါယ်ကို အတိုချုပ်မှတ်ရအောင် ရှစ်လုံးဖွဲ့ကဗျာရေးပြီး ပို့ချပါဦးမယ်။

## ဘုရားဆုံးမပုံ-နည်းမျိုးစုံ ရှစ်လုံးဖွဲ့ကဗျာများ

၁။ ဘုရားဆုံးမ များလှ သတ္တဝါ၊
အနုနည်းနဲ့ရ ဆုံးမနုသာ၊
အကြမ်းနည်းနဲ့ရ ဆုံးမကြမ်းပါ၊
ကြမ်းနုရ ဆုံးမကြမ်းနုဖြာ။

၂။ ထိုသုံးနည်းပြ ဆုံးမဖြာဖြာ၊
နားမထောင်ငြား မိုက်မှားသတ္တဝါ၊
မဆုံးမဘဲ ရှောင်လွှဲမြတ်စွာ၊
သံသာထဲ သေမြဲဖန်ခါခါ။

ချုန့်ရှိဆုံးမ ဓမ္မရသာ၊
လိုက်နာသူများ ထူးခြားလီမှာ၊
နိဗ္ဗိန်းဆုံးမ ဗုဒ္ဓမြတ်စွာ၊
ပုရိသ-ဒမ္မ-သာရထိ ပါ။

တစ်ခါတုန်းက စမ္ပာပြည်ဂဂ္ဂရာ ရေကန်နား၌ ရဟန်းသံဃာများနှင့်အတူ သီတင်းသုံးနေတော်မူတဲ့ မြတ်ဘုရားထံ ကန္ဒရကပရိဗိုဇ်နှင့် ပေဿမည်သောဆင်ထိန်း၏ သားတို့ ရောက်လာကြတယ်။

ကန္ဒရကပရိဗိုဇ်က ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ်ဖြင့် မြတ်စွာဘုရားရှင်အား ခြံရံစောင့်နေကြသော သံဃာပရိသတ်ကို မြင်ရတဲ့အခါ လှည့်ကာပတ်ကာ ကြည့်ရှုပြီး လွန်စွာအံ့ဩရလျက် အံ့ဩဖွယ်အဖြစ် ချီးကျူးစကားကို လျှောက်ထားခဲ့ပါတယ်။

ဒီအခါ မြတ်စွာဘုရားက "ဒီရဟန်းများမှာ ရဟန္တာနှင့် ကျင့်ဆဲသေက္ခအရိယာများသာ ဖြစ်ကြတယ်၊ ဒီငါ့တပည့်သား ရဟန်းများဟာ ကာယ ဝေဒနာ စိတ္တ ဓမ္မဟူသော သတိပဋ္ဌာန်းလေးပါး တရားတို့၌ ခိုင်မြဲစွာတည်တဲ့ စိတ်ရှိကြတယ်"လို့ မိန့်တော်မူပါတယ်။

ဒီတော့ "ပေဿက" ဆို-မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားရဲ့ သတိပဋ္ဌာန်လေးပါး ဟောကြားထားတာဟာ အံ့ဩဖွယ်

ဖြစ်ပေါ်ခဲ့သည့်ဘုရား၊ တပည့်တော်များလည်း တစ်ရုံတစ်ခါ ဒီသတိ ပဋ္ဌာန်တရားကြီးနှလုံးပါ၊တွင် ပွားများ၍ စိုက်ကြပါ ထိုဘုရား ရှုပ်လိမ်ပွေရှက်သော အသိခက်တဲ့ လူများအတွက် အကျိုးရှိ မရှိ တရားများကို မြတ်စွာဘုရား သိနားလည်တော်မူပုံမှာ လွန်စွာ အံ့သြဖွယ်ဖြစ်ပါတယ်။

သုံ့ချီးပြီးတာ အသိခက်အောင် ရှုပ်ပွေသူများဖြစ်ပြီး တိရစ္ဆာန်များကား ဖြောင့်စင်းပေါ်လွင်လှပါတယ် တပည့်တော်များ ဟာ ဆင်ရိုင်းတိုက်ယဥ်အောင် ဆုံးမနိုင်သူများဖြစ်ကြပါတယ်၊ စမ္ပာပြည် အသွားအပြန်ခရီးအတွင်း ဆင်ရိုင်းများဟာ သူလုပ် လိုတာတွေကို မဖုံးမကွယ်မလှည့်ဖြားဘဲ ထင်ရှားပြလုပ်သည် သာဖြစ်ပါတယ်၊ လူများဟာ ရှုပ်ပွေလှပါတယ်၊ တိရစ္ဆာန်ဟာ ပေါ်လွင် ဖြောင့်စင်းလှပါတယ် ဘုရား" လို့ လျှောက်ထားပါတယ်။

ဒီပေဿရဲ့ လျှောက်ထားချက်ကို အနည်းငယ်ထပ်ရှင်း ပြပါဦးမယ်။ တိရစ္ဆာန်များဟာ ကျင်ကြီးစွန့်လိုလျှင်လဲ ပြောင်ပြောင်စွန့်လိုက်ကြ ၊ ကျင်ငယ်စွန့်လိုလျှင်လဲ ပေါ်ပေါ် လွင်လွင်စွန့်လိုက်ကြ၊ ဘေးဖယ်လိုလျှင်လဲ ချွန်ဆောင်မှုမရှိဘဲ ဘေးဖယ်လိုက်ကြ၊ ရပ်လိုလျှင်လဲ ရပ်လိုက်ကြနဲ့ လုပ်ချင်သမျှ ကို မဖုံးမကွယ် ထင်ရှားပြုကြတယ်။

လူများကတော့ ရေ့တွင်တစ်မျိုး ကွယ်ရာတစ်မျိုး စိတ်ထဲက တစ်မျိုး အပြင်အမူအရာကတစ်ဖုံနဲ့ အလွန်ရှုပ်ရှက်တော်နိုင် လှတယ်။

ပုထုဇဉ် လူသားများကား အရှုပ်အထွေးသမားသာ ဖြစ်ကြတယ်၊ အရိယာဖြစ်လျှင် အရှုပ်အထွေးကင်းပြီး ဖြောင့်စင်းသူဖြစ်တယ်၊ တကယ်ယဉ်ကျေးသူ ဖြောင့်စင်းသူ အရိယာသံဃာပရိသတ်ကို မျက်မြင်တွေ့ရတဲ့ ပသေနဒီက–"ဒီပုဂ္ဂိုလ်များဟာ ဒီသတိပဋ္ဌာန်အကျင့်တရားဖြင့် ယဉ်ကျေးသူတွေဖြစ်ကြပါပေတယ်"လို့ အားရမိရာမှ တရားကောင်း လက်ကိုင်ရှိသဖြင့် ယဉ်ကျေးသူတွေဖြစ်အောင် ဆုံးမတော်မူနိုင်တဲ့ ဘုရားရှင်အဖြစ်ကို ကြည်ညိုမဆုံးဖြစ်ပြီး၊ အံ့ဖွယ်ရာအဖြစ်လျှောက်ထားတာ ဖြစ်ပါတယ်။ (မဇ္ဈိမပဏ္ဏာသ၊ကန္ဒရကသုတ်–၂)။

## အနုတ္တရောပုရိသ ဒမ္မသာရထိဂုဏ်ဝယ် ကြည်ညိုဖွယ် ရှစ်လုံးဖွဲ့ကဗျာ

၁။ သတိပဋ္ဌာန်တရား ဘုရားဟောရာ၊
ကျင့်ပွားသူများ ဖြစ်သွားအရိယာ၊
စိတ်ထားဖြူဖွေး ယဉ်ကျေးလိမ္မာ၊
ကိုယ်နှုတ်လဲ ထူးကဲသိမ်မွေ့တာ။

၂။ သတိပဋ္ဌာန်ကျင့်ရ သာဝကတွေမှာ၊
ကိလေကင်းဝေး ယဉ်ကျေးလိမ္မာ၊
နိုင်နင်းဆုံးမ အနုတ္တရမြတ်စွာ၊
ပုရိသ–ဒမ္မသာရထိပါ။

ကိလေးဆိုးပြွမ်း၊ သတ္တဝါကြမ်း၊ မြိုက်ငွေမ်းဆုံးမမြတ်ဘုရား။

လက်နက်မပါ၊ တရားသာ၊ မှန်စွာဆုံးမမြတ်ဘုရား။

တပည့်မှန်သမျှ၊ ယဉ်ကျေးရ၊ ဆုံးမနိုင်သူမြတ်ဘုရား။

အနုတ္တရပုရိသ၊ ဒမ္မသာရထိဂုဏ်ရှင်ဘုရား။

# ဂုဏ်တော်ပွင့် ဩဝါဒကထာ

## အနုတ္တရောပုရိသဒမ္မသာရထိ-ဂုဏ်တော်

## တတိယပိုင်း

၁။ ကိလေဆိုး ပြွမ်း၊ သတ္တဝါကြမ်း၊ မြိုက်လွှမ်းဆုံးမမြတ်ဘုရား။
၂။ လက်နက်မပါ၊ တရားသာ၊မှန်စွာဆုံးမမြတ်ဘုရား။
၃။ တပည့်သာဝက၊ ယဉ်ကျေးရ၊ ဆုံးမကောင်းသူမြတ်ဘုရား။
၄။ အနုတ္တရပုရိသ၊ ဒမ္မသာရထိဂုဏ်ရှင်ဘုရား။

ဒီနေ့ ဘုန်းကြီးဆက်လက်ဟောကြားမည့် ဂုဏ်တော်ပွင့် ဩဝါဒကထာကတော့ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော် (တတိယပိုင်း)ဖြစ်ပါတယ်။

## အနုတ္တရဂုဏ်တော်ဝိဂြိုဟ်

အဒန္တာနံ ဒုဋ္ဌပုရိသာနံ ဒမနကိစ္စေ နတ္ထိ အတ္တနော ဥတ္တရိတရော ဧတဿာတိ အနုတ္တရော။

ဧတဿ-ထိုမြတ်စွာဘုရားအား၊ အဒန္တာနံ-မယဉ်ကျေးကုန်သော၊ ဒုဋ္ဌပုရိသာနံ-ဆိုးသွမ်းသောသတ္တဝါတို့ကို၊ ဒမနကိစ္စေ-ယဉ်ကျေးအောင် ဆုံးမခြင်းကိစ္စ၌၊ အတ္တနော-ကိုယ်တော်ထက်၊ ဥတ္တရိတရော-ကဲလွန်သော ပုဂ္ဂိုလ်သည်၊ နတ္ထိ-မရှိ၊ ဣတိတသ္မာ-ထိုကြောင့် ဒီနေရာ၌ အနုတ္တရ မည်တော်မူ၏။

မယဉ်ကျေးသော သတ္တဝါဆိုးတို့ကို ယဉ်ကျေးအောင် ဆုံးမရာ၌ ကိုယ်တော်မြတ်ထက် လွန်သူ ပုဂ္ဂိုလ်မရှိသောကြောင့် ဒီနေရာ၌ အနုတ္တရမည်တော်မူပါတယ်။

## ပုရိသဒမ္မသာရထိဂုဏ်တော်ဝိဂြိုဟ်

ပုရိသ ဒမ္မေ သာရေတိ ဒမေတိ ဒန္တဘူမိံ သမ္မာ ပေတီတိ ပုရိသဒမ္မသာရထိ။

ပုရိသဒမ္မေ-အားခွန်မာန်တက် ဆုံးမခက်ကုန်သော သတ္တဝါတို့ကို၊ သာရေတိ- ဒမေတိ-ယဉ်ကျေးအောင် ဆုံးမတော်မူတတ်၏၊ ဒန္တဘူမိံ-ယဉ်ကျေးသော ဘုံသို့၊ သမ္မာပေတိ-ကောင်းစွာ ဆိုက်ရောက်စေတတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ပုရိသဒမ္မသာရထိ-ပုရိသဒမ္မသာရထိ မည်တော်မူ၏။

ယောကျ်ားတို့၏ ခွန်အား စောင်းမာန်တက်၍ ဆုံးမရ ခက်အောင် မယဉ်ကျေးသောသတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော ယဉ်ကျေးသော ဒန္တဘူမိသို့ ရောက်စေတတ်သောကြောင့် ပုရိသဒမ္မသာရထိ မည်တော်မူပါပေတယ်။

## အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်ဖြစ်လာတယ်

ဖော်ပြခဲ့ရာ အနုတ္တရပုဒ်နှင့် ပုရိသဒမ္မသာရထိ ပုဒ်နှစ်ပုဒ် တို့ကို တွဲစပ်လိုက်သောအခါ အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်ဖြစ်လာပါတယ်။

အနုတ္တရောပုရိသဒမ္မသာရထိ–ယဉ်ကျေးအောင် ဆုံးမမှုဒွ အတုမရှိသည်ဖြစ်၍ အားခွန်မာန်တက် ဆုံးမခက်သော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော သတ္တိကြောင့် မြတ်စွာဘုရားဟာ အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူပါတယ်။

ဒီဂုဏ်တော်နှင့်စပ်ပြီး ယခင်တရားပွဲတွေမှာ လူဆိုးလူကြမ်း, ရဟန်ဆိုး၊ ဘီလူးဆိုး၊ နတ်ဆိုး၊ တိရစ္ဆာန်ဆိုးများကို ယဉ်ကျေးအောင် ဆုံးမနိုင်တဲ့ မြတ်စွာဘုရားရှင် ဖြစ်ကြောင်းကို တော်တော်လေး ဟောခဲ့ပါပြီ။

ဒီတရားပွဲမှာ အဆုံးမကောင်းသော မြတ်စွာဘုရားရှင်ရဲ့ တပည့်ပရိသတ်များယဉ်ကျေးငြိမ်သက်ပြီး ကြည်ညိုဖွယ်ရာဖြစ်၍ ဆရာဘုရားရှင်ရော တပည့်သံဃာများပါ ချီးကျူးဖွယ်ဖြစ်ပုံကို ဆက်လက် ပြောပါဦးမယ်။

## ကောသလမင်းတရား လျှောက်ထားပုံ

ပရိသတ်အား ဒီမျှလောက်ယဉ်ကျေးအောင် ဆုံးမပုံကို မြင်ကြရသူများက မြတ်စွာဘုရားကို အတုမဲ့ဆုံးမတတ်သူ အနုတ္တရောပုရိသဒမ္မသာရထိအဖြစ်ကို ချီးကျူးလေးစားသဒ္ဒါပွားယုံကြည်နိုင်ကြတယ်။

ဒီအချက်မှာ မဇ္ဈိမပဏ္ဏာသဓမ္မစေတီယသုတ်(၃၂၄)တွင် ကောသလမင်းကြီး လျှောက်ထားချက်ဖြင့် ထင်ရှားတယ်။

မင်းကြီးလျှောက်ထားပုံက မြတ်စွာဘုရား-“တပည့်တော်ဟာ သတ်ဖြတ်နိုင် ဒါဏ်တပ်နိုင်တဲ့ အာဏာပိုင်တစ်ဦးဖြစ်ပါတယ်၊ ဒါပေမယ့် လွှတ်ရုံးတော်မှာ တပည့်တော် စကားပြောစဉ် အလုအယက် ဝင်ပြောသူများကို “ငါပြောနေစဉ်ဝင်မပြောကြနဲ့”လို့ တားမြစ်သော်လဲ မရခဲ့ပါဘုရား။

ရှင်တော်မြတ်ဘုရားဟာ ရာပေါင်းများစွာသော ပရိသတ်၌ တရားဟောနေတော်မူသောခါ ချေဆတ်သံ ချောင်းဟန့်သံကိုမျှ မကြားရပါဘုရား၊ တစ်ခါတုန်းက အရှင်မြတ်ဘုရား တရားဟောနေစဉ် ရဟန်းတစ်ပါး ချောင်းဟန့်မိရာ၊ အနားရှိရဟန်းတစ်ပါးက “အရှင်တိတ်တိတ်နေပါ၊ အသံမပြုနဲ့၊ ဘုရားရှင်တရားဟောနေပါတယ်”လို့ သတိပေးတာကို တွေ့ခဲ့ရပါတယ်ဘုရား။

တုတ်မပါ လက်နက်မပါဘဲ ဤမျှငြိမ်သက်အောင် ဆုံးမနိုင်တာကို တပည့်တော်အားရအံ့ဩရပါတယ်၊ ဒါလောက်ယဉ်ကျေးသိမ်မွေ့တည်ငြိမ်တဲ့ ပရိသတ်များကို မြတ်စွာဘုရား သာသနာတော်မှတစ်ပါး တစ်ခြားဘယ်နေရာမှာမျှ မတွေ့ရဘူးပါ၊ ဒါကြောင့် ရှင်တော်မြတ်ရဲ့ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်ရှင်ဘုရားစစ်ဘုရားမှန် ဧကန်ဖြစ်တော်မူပုံကို မှန်းဆကြည်ညိုနိုင်ပါတယ်ဘုရား”လို့ လျှောက်ထားပါတယ်။

## ပရိသတ်ကိုကျေနပ်တော်မူပုံ

မြတ်စွာဘုရားရှင်ဟာ ကုသိနာရုံပြည်မလ္လာမင်းတို့ရဲ့ အင်ကြင်း ဥယျာဉ်တွင်းညောင်စောင်းထက်တွင် လျောင်းတက်လျက် နေတော်မူစဉ် ပရိနိဗ္ဗာန်စံခါနီးဝယ် စည်းဝေးနေရတဲ့ ရဟန်းပရိသတ်အား မိန့်ကြားတော်မူပုံမှာ--

"ရဟန်းတို့-ဘုရားတရားသံဃာ အပေါ်မှာ ဖြစ်စေ၊ မဂ် အပေါ် မှာဖြစ်စေ၊ အကျင့်ပဋိပတ်အပေါ်မှာဖြစ်စေ၊ အကယ်၍ များ ယုံမှားသံသယရှိကြလျှင် ယခုအခါ မေးသာမေးကြ၊ ဘုရား ရှင်ကို မျက်မြင်တွေ့ပါလျက် တို့တတွေ မမေး လျှောက်မိလေခြင်း ရယ်-လို့ နောက်မှနောင်တ, မဖြစ်ကြနဲ့"လို့ဖြစ်ပါတယ်။

ဒီလိုဘုရားရှင်က မိန့်ကြားသော်လဲ ရဟန်းတစ်ပါးတစ်လေ ကမျှ မမေးဘဲရှိပါတယ်။ ဒီတော့ မြတ်ဘုရားက "ငါဘုရားကို လေးစားကြောက်ရွံ့လို့ မမေးဝံ့ဖြစ်ခဲ့ကြလျှင် အနီးအပါးရှိ မိတ်ဆွေ ရဟန်းတစ်ပါးပါးကို တစ်ဆင့်ပြောကြား မေးမြန်းနိုင်လေ"လို့ မိန့်တော်မူပြန်ပါတယ်။ ဒါပေမယ့် ရဟန်းတစ်ပါးမျှ မေးမြန်းခြင်း မရှိပါဘူး။

ထိုအခါ အရှင်အာနန္ဒာက "ဒါလောက်များပြားတဲ့ ပရိသတ် ထဲမှာ တစ်ပါးတစ်လေမျှ ဘုရား-တရား-သံဃာ-မဂ်- အကျင့်ပဋိပတ်၌ ယုံမှားမရှိ-လို့ ဝါပည့်တော် ယုံကြည်ပါတယ်၊ အံ့ဩဖွယ်ရှိပါပေစွဘုရား"လို့ လျှောက်ထားပါတယ်။

ဒီတော့ မြတ်စွာဘုရားက "အာနန္ဒာ-သင်ဟာ ယုံကြည်ချက်အရ လျှောက်ထားခြင်းဖြစ်တယ်၊ ငါဘုရားကတော့ ဒီရဟန်းတွေ ယုံမှားမရှိ-လို့ အတိအကျသိတော်မူတယ်၊ ဒီပရိသတ်ထဲမှာ အညံ့ဆုံးရဟန်းဟာ သောတာပန်ဖြစ်ကယ်"လို့ မိန့်တော်မူပါတယ်။ (ဒီ-၂၊ မဟာပရိနိဗ္ဗာနသုတ်-၁၂၇)

မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန်စံဝင်ခါနီး မိမိပရိသတ်ကျေနပ်အားရတော်မူတာနဲ့အမျှ ရှေးခေတ် ခုခေတ် ထိုအဖြစ်ကို ကြားရသူတိုင်းက ဗုဒ္ဓမြတ်စွာရဲ့ "အနုတ္တရောပုရိသဒမ္မသာရထိ" အဖြစ်ကို နှစ်နှစ်ကာကာ ကြည်ညိုအားရကြပါတယ်။

## သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ပထမပိုင်း

၁။ ချမ်းသာရရန်၊ ကျင့်လမ်းမှန်၊ ဇကန်ညွှန်ကြား မြတ်ဘုရား။

၂။ လူနတ်အများ၊ ချမ်းသာပွား၊ အားထားဆရာ မြတ်ဘုရား။

၃။ သတ္ထာဒေဝ၊ မနုဿာန၊ ဂုဏ လွန်ထင်ရှား။

ဒေဝမနုဿာနံ-နတ်လူတို့၏၊ သတ္ထာ-ဆရာတည်း။ သတ္ထာဒေဝမနုဿာနံ၊ နတ်လူတို့၏ဆရာဖြစ်တော်မူသော ဘုရား ပေတည်း။ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်အရ သတ္တဝါတို့ကို ယဉ်ကျေးအောင်ဆုံးမတော်မူနိုင်သောကြောင့်ပင် "သတ္ထာ ဒေဝမနုဿာနံ-လူနတ်တို့၏ဆရာ" ဟူသော ဂုဏ်တော်ကြီးကို ရတော်မူတယ်။

ဘုရားမြတ်ရဲ့ အဆုံးအမကိုခံရသဖြင့် ယဉ်ကျေးလာတဲ့ နတ်ဗြဟ္မာတို့က "တို့ဆရာပဲ" လို့ အသည်းစွဲမြတ်နိုးဂုဏ်ပြု အသိအမှတ်ပြုရာမှ ဒီဂုဏ်တော်ကြီးမှာ-ကမ္ဘာလောကတွင် ပဲ့တင်ရိုက်ခတ်လျက် ကျော်စောလာတာဖြစ်တယ်။

လောကဆရာများထံမှရတဲ့ ပညာမှာ တစ်ဘဝစာအတွက် သာပါ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေနိုင်တာလဲ မဟုတ်ဘူး၊ ဘဝါဘဝ အစမထင် သံသရာတစ်ခုတွင် ကမ္ဘာများစွာ ဖန်ခါခါ ရလာခဲ့ဖူးတဲ့ ပညာမျိုးသာဖြစ်တာမို့ ထူးဆန်းလှတာလဲ မဟုတ်ဘူး။

မြတ်စွာဘုရားပေးတဲ့ ပညာမှာ သံသရာဒုက္ခတွေသိမ်းဖို့ အငြိမ်းဓာတ်သုခကို ရကြောင်းသိကြောင်း ပညာဖြစ်တာမို့

ဘဝများစွာက တစ်ခါမျှမကြုံခဲ့ဘူးတဲ့ အဲဒီအငြိမ်းဓာတ်ကို တွေ့ရတဲ့အခါ ဘယ်ဆရာအပေါ်မှ မဖြစ်စဘူးတဲ့ ထူးထူးကဲကဲ မြတ်နိုးမှုမျိုးဖြင့် ဆရာအစစ်အဖြစ် မြတ်နိုးကြတယ်။

လောကတွင် မိမိဆရာက တော်သလိုလျော်သလို ဖြစ်ခဲ့ရင်–ငါ့ဆရာဘဲ–လို့ ညွှန်ပြရန်ဝန်လေးတတ်ကြတယ်၊ ဆရာက အသင် အပြကောင်းပြီး အကျင့်ကောင်း ဂုဏ်ကောင်းလဲ ရှိရင် မိမိဆရာ အဖြစ်ရဲဝံ့စွာ ထုတ်ဖော်နိုင်ကြတယ်။

မြတ်စွာဘုရားရှင်ဟာ အတုမရှိတဲ့ နည်းညွှန် လမ်းပြဖြစ်တဲ့ အပြင် သူမတူတဲ့အကျင့်များ ဂုဏ်များဖြင့် ထင်ရှားခဲ့ပြန်တာမို့ အဲဒီခေတ် တပည့်သာဝကများမှာ မျက်နှာကိုမော့ ရင်ကိုကော့ကာ မိမိတို့ရဲ့ ဆရာအဖြစ် ရဲဝံ့စွာတင်ပြနိုင်ကြတယ်။

ဘာကြောင့်လဲဆိုရင် မိဖတို့ မေတ္တာမျိုး ကရုဏာမျိုးကိုလဲ ရရှိတယ်၊ ပစ္စည်းဥစ္စာ အမွေး ထက် ထူးမြတ်တဲ့ ပညာအမွေကိုလဲ ခံယူရတယ်၊ လောကရဲ့ဆရာဖြစ်တဲ့ မြတ်စွာဘုရားဟာ သတ္တဝါ တို့ရဲ့ ဆင်းရဲကြောင်း ဆင်းရဲပုံအစုံစုံကို ဉာဏ်ဝင်စား ဆင်ခြင်တဲ့ မဟာကရုဏာသမာပတ်ကို အထပ်အထပ်အခါအခါ မကြာမကြာ ဝင်စားသနားတော်မူလျက်ရှိတာမို့ ဘယ်ဆရာဘယ်မိဖမျိုးမှ မထားနိုင်တဲ့ မေတ္တာကရုဏာကိုလဲ ထားတော်မူတယ်၊ ဘယ်ကာလကဘယ်သူကမှ တစ်စုံတစ်ဦးတစ်ယောက်မျှ မပေးနိုင်ခဲ့တဲ့ ထူးမြတ်တဲ့ လောကုတ္တရာအမွေကိုလဲ ချီးမြှောက် ပေးသနားခဲ့တယ်။ ဒါကြောင့်ပင် ဘုရားတပည့်–တပည့်များစွာ သတ္တဝါတို့မှာ

"ငါဘုရားသားတော်ပေ့၊ ငါဘုရားသမီးတော်ပေ့"လို့ လည်မော့ကာ ဝံ့ဝံ့ကြွားကြွား မြွက်ကြားနိုင်တယ်။

## မြတ်နိုးလေးစားအပ်သောဆရာ

ဒါအပြင် ဘုရားရှင်ရဲ့ ဆရာအဖြစ်ဟာ လေးနက်လှပါတယ်၊ လောကဆရာများဟာ လာဘ်ပူဇော်သက္ကာရ အကျော်အစောကို လိုလားတတ်ကြတယ်၊ ကိုယ်ကျိုးကို ငဲ့ကြသေးတယ်။

ငါတို့ ဂေါတမနွယ်ဖွား မြတ်စွာဘုရားဟာ အလောင်းတော်ဘဝပါရမီတွေဖြည့်စဉ်ကပင် လာဘ်စသည်ကိုမလိုလားဘဲ တရားကိုသာ အလေးပေးခဲ့ပါတယ်၊ ထီးနန်းစည်းစိမ်တွေ စွန့်ကာ တောထွက်လာတဲ့အခါမှစပြီး ဘယ်သို့သော လာဘ်သပ်ပကာ ကျော်စော်ထင်ရှားမှုကိုမှ အရေးမထားခဲ့ပါ၊ ဘုရားဖြစ်တော်မူတဲ့အခါမှာကား ဆိုဖွယ်ရာမရှိပါပေ။

ဗောဓိပင်ရင်းမှာပင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရပြီး ဗုဒ္ဓကိစ္စပြီးစီးခဲ့ပြီဖြစ်တာမို့ ကိုယ်ကျိုးအတွက် လုံးဝလိုတာမရှိတော့ပါ၊ သတ္တဝါများအတွက်သာ မေတ္တာကရုဏာ ကြီးမားစွာထားခဲ့တာမို့ နေ့မအားညမအား ကြိုးစားနည်းပြခြင်းဖြင့်သာ အချိန်ကိုကုန်လွန်စေခဲ့ပါတယ်။

လောကဆရာများဟာ မိမိထံရောက်လာတဲ့ တပည့်များကိုသာ ပညာသင်ကြားပေးကြတယ်။

မြတ်စွာဘုရားရှင်ကတော့ မိမိထံရောက်လာတဲ့ တပည့်များ သာမက အပြည့်ပြည့်အရွာရွာသို့ အံရောက်ကြွကာ ဟောပြတော် မူခဲ့ပါတယ်၊ နေ့စဉ်ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ဂရုတစိုက် ကြည့်တော်မူလေ့ရှိပါတယ်။

ကျွတ်ထိုက်တဲ့ သတ္တဝါတွေ့လျှင် ဘယ်လောက်ပင် ဝေးဝေး ဘယ်နေရာမဆို ယုတ်စွအဆုံး အညစ်အကြေးစွန့်ပစ်ရာ လူမသွား ချင်သောအရပ်များပင်ဖြစ်ဖြစ် ကြွတော်မူပါတယ်။

တစ်ရံတစ်ခါ တန်ခိုးဖြင့်ကြွပြီး တစ်ရံတစ်ခါ ခြေကျင်ပင် လျှောက်တော်မူတယ်၊ အချို့ကျွတ်ထိုက်ဖို့နီးတဲ့ သတ္တဝါဆိုလျှင် နီ့နီးကပ်ကပ် တယုတယပင် စောင့်ရှောက်နည်းပေးတယ်၊ တစ်ချို့အဝေးမှပင် ရောင်ခြည်လွှတ်ပြီးအားပေးတယ်၊ အဝေးမှပင် တရားပြတော်မူတယ်၊ မိုးလင်းခါနီးခဏလေးမှ ကျိန်းစက်ချိန် ထားပြီး နေ့ရောညဉ့်ပါသတ္တဝါများကို နည်းလမ်းညွှန်ပြ ဆုံးမ ခြင်းဖြင့် လေးဆယ့်ငါးဝါကာလပတ်လုံး ကြိုးစားတော်မူခဲ့တဲ့ ဗုဒ္ဓရှင်တော်ရဲ့ဆရာအဖြစ်မှာ ဘယ်မျှအားရကြည်ညို ရှိသေ လေးစားဖွယ် ကောင်းလှပါသလဲ။

ဒါကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးက "သတ္ထာဒေဝမနုဿာနံ–ချမ်းသာရကြောင်း လမ်းကောင်းညွှန်ပြ ဆုံးမတော်မူ၍ လူနတ်တို့၏ ဆရာမြတ်ဖြစ်တော်မူပါပေသော မြတ်စွာဘုရား"ဟု ဂုဏ်တော်ဖွင့် ရေးသားရှိခိုးတော်မူပါတယ်။

## နိဗ္ဗာန်ခရီးညွှန်ဦးစီးမှုန်ဆရာဘုရား

တစ်နည်းအားဖြင့် "သတ္ထ" သဒ္ဒါဟာ ကုန်သည်များရဲ့ အကြီးအမှူး ဦးစီးခေါင်းဆောင်နှင့် တူတာကြောင့်လဲ မြတ်စွာဘုရားကို သတ္ထာ–လို့ဆိုရပြန်ရတယ်။

အသွားအလာခက်ခဲတဲ့ခရီးကို 'ကန္တာရ–ခရီးခဲ' လို့ခေါ်တယ်။ အဲဒီ 'ကန္တာရ' မှာ ခြသေ့်, သစ်, ကျား–စတဲ့ သားရဲပေါတဲ့ ကန္တာရ, ရေရှားအစာရှားတဲ့ ကန္တာရ, ဘီလူးပေါတဲ့ ကန္တာရ, သူခိုးဓားပြပေါများတဲ့ ကန္တာရ–လို့ရှိရာတွင် ရှေးက ကုန်သည်များဟာလည်းဖြင့် အဲဒီကန္တာရများကို ဖြတ်ကျော်သွားရတဲ့အခါ အသိအလိမ္မာပညာရှိတဲ့ ဦးစီးခေါင်းဆောင်ကောင်းကို လိုအပ်ပါတယ်။

ခေါင်းဆောင်လိမ္မာလျှင် ကန္တာရနှင့်မကြုံရအောင် အခန့်မသင့်၍ ကြုံရပြန်လျှင်လဲ ငယ်သားများကို ဘေးရန်ကင်းအောင် စောင့်ရှောက်ကယ်တင်တတ်တယ်။

ဇာတ်တော်တွင် ဒေဝဒတ်အလောင်း ကုန်သည်ကြီးခေါင်းဆောင်တဲ့ လှည်းသားငါးရာနှင့် ဘုရားအလောင်း ကုန်သည်ကြီးဦးစီးခေါင်းဆောင်တဲ့ လှည်းသားငါးရာတို့ ဘီလူးပေါများတဲ့ ကန္တာရနှင့် ကြုံရတဲ့အခါ ဒေဝဒတ်အလောင်း ခေါင်းဆောင်တဲ့ လှည်းသားငါးရာမှ လူနှင့်နွားများမှာ ဘီလူးအစာဖြစ်ကြရတယ်။

ဘုရားလောင်းခေါင်းဆောင်တဲ့ လှည်းသားငါးရာမှာ ချမ်းသာစွာ ဘေးရန်ကင်းတဲ့နယ်မြေသို့ ရောက်ကြရတယ်။

ထိုအတူ သံသရာကားပင်္ဂိုသန္ဓေ, အိုး, နာ, သေရေးဘေး အမျိုးမျိုးထူပြောလှတဲ့ ကန္တာရကြီးဖြစ်တယ်၊ ထိုကန္တာရမှာကျင် ကျင်လည်ကြရတဲ့သတ္တဝါများဟာ ဘေးရန်အမျိုးမျိုး ကြုံတွေ့နေကြရတဲ့ ဒုက္ခသည်များသာ ဖြစ်ကြတယ်။

ဗုဒ္ဓရှင်တော်မြတ် ဦးစီးခေါင်းဆောင်တဲ့ သတ္တဝါများဟာ အဲဒီကန္တာရကို လွန်မြောက်နိုင်ကြပြီး ဘေးကင်းတဲ့ နာမ်မြေဖြစ်တဲ့ သန္တိသုခ နိဗ္ဗာန်နဝာတ်သို့ ဆိုက်ရောက်ကြရတယ်။

ဒါကြောင့် ဘုရားရှင်မြတ်ကို ကန္တာရမှကယ်တင်စောင့်ရှောက်တတ်တဲ့ ကုန်သည်ဦးစီးပမာပြုပြီး "ဒေဝမနုဿာနံ-နတ်လူတို့၏၊ သတ္ထာ-ဦးစီးခေါင်းဆောင် ကုန်သည်ကြီးနှင့်တူတော်မူသော မြတ်စွာဘုရား"လို့ ဂုဏ်ပြုချီးကျူး ကြရပေတယ်။

ဒီသတ္ထာဒေဝမနုဿာနံ-ဂုဏ်တော်ကို အထူးကြည်ညိုပြီး ဗုဒ္ဓါနုဿတိဘာဝနာကိုပွားနိုင်ကြရန် သင်ပြကန်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအရှင်မြတ်ရဲ့ ဂုဏ်တော်ပွင့်အနက်ကို ဒီတွင်ဖော်ပြပါဦးမယ်။

သောဘဂဝါ-ဘုန်းတော်ခြောက်ပါးသခင် ထိုရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ-ကုန်သည်ကြီးမှူးဦးစီးပမာ သတ္တဝါတို့ကို သံသာတစ်ဝှမ်း ခရီးကြမ်းမှ ရွှေနန်းနိဗ္ဗာန် ထုတ်ကယ်ယူလျက်နတ်လူဗြဟ္မာ မြတ်ဆရာဟု မှတ်စရာအရည်အကောင်း ၍အကြောင်းကြောင့်လည်း၊ **သတ္ထာဒေဝ မနုဿာနံ**-ခေတ်လုံးလျှံအောင် ဆူညံခြိမ့်ဝေ ကျော်ကြားတော်မူပါပေသတည်း။

# ဗုဒ္ဓဂုဏ်တော်ဖွင့်

## ပထမပိုင်း

၁။ သစ္စာလေးပုံ၊ တရားစုံ၊ အကုန်သိပြား ဗုဒ္ဓဘုရား။
၂။ သတ္တလောက၊ အိပ်မောကျ၊ ပထမနိုးသူ ဗုဒ္ဓဘုရား။
၃။ ပါရမီဖြည့်ကျင့်၊ ရင့်ထက်ရင့်၊ သိပ္ပင့်မွေးပျံ့ ဗုဒ္ဓဘုရား။

## သစ္စာလေးပါးတရားအလုံးစုံသိသူ ဗုဒ္ဓ

ဒီနေ့ဘုန်းကြီးဟောမည့် ဘုရားဂုဏ်တော်ဖွင့် ဩဝါဒကထာ တရားကတော့ ဗုဒ္ဓဂုဏ်တော့်ဖွင့် (ပထမပိုင်း) တရားတော်ဖြစ်ပါတယ်၊ သပြေကန်ပရိတ်ကြီး နိဿယသစ်ကို မှီငြမ်းပြုပြီး သိလွယ်သည်ထက်သိလွယ်အောင် အကျဉ်းချုပ်ဆောင်ပုဒ်များကိုပါ ရေးသားပြီး ဟောပြသွားပါမယ်။

ဗုဒ္ဓ–ဆိုတာ သစ္စာလေးပါးတရားကို သိတယ်, သိစေတယ်–လို့ အဓိပ္ပါယ်ရပါတယ်။

သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ–ဆိုတဲ့ဝိဂြိုဟ်အရ အလုံးစုံသော တရားတို့ကို သိတော်မူသောကြောင့်လဲ 'ဗုဒ္ဓ' လို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့် "စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ–သစ္စာလေးပါးမှ လွတ်တဲ့တရားမည်သည်မရှိ" ဆိုတဲ့စာအရ တရားအားလုံး သစ္စာလေးပါးတွင် ပါဝင်ပြီးဖြစ်တာမို့ သစ္စာလေးပါးကို သိတယ်–ဆိုသဖြင့် တရားအကုန်သိတယ်–ဆိုတဲ့အနက်လဲ ပြီးပါတယ်။

သဗ္ဗညုမသိဘဲ အရိယာ, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, ဗုဒ္ဓ-ရယ်လို့ ဖြစ်တာမရှိပါဘူး၊ သစ္စာအားလုံးကိုသိခြင်းဖြင့်သာ ဖြစ်ကြရတယ်၊ သစ္စာသိရာတွင် အချို့မှာ သစ္စာသိရုံမျှရှိပြီး အချို့မှာ ပဋိသမ္ဘိဒါ, အဘိညာဉ်, သမာပတ်စတဲ့ ဂုဏ်ထူးများ ကိုလဲ တစ်ပါးတည်းသာ ရကြပါတယ်။

ဘုရားရှင်လဲသစ္စာသိတဲ့ အရဟတ္တမဂ်နှင့် ဖိုလ်ရဲ့ အခြားမဲ့မှာပင် သဗ္ဗညုတဉာဏ်တော်ကြီးကိုရတယ်၊ ဒသဗလခေါ် ဘုရားအား ဉာဏ်တော်ဆယ်ပါးတွင်လည်း အပြီးတိုင်ပေါက်ရောက်တယ်။

အခြား အသာဓာရဏ(သူတစ်ပါးနှင့်မဆိုင်တဲ့)ဂုဏ်တော်, ဝေသာရဇ္ဇဉာဏ်စတဲ့ မြတ်စွာဘုရားသာ ရတဲ့ ဗုဒ္ဓဂုဏ်တော် အားလုံးကိုလဲ ရတော်မူတယ်။

ဒါကြောင့်ပင် သစ္စာသိကြသော်လဲ သစ္စာသိသောကြောင့် ရအပ်တဲ့ဂုဏ်ချင်းမှာ အလွန်ကွာခြားလှတာမို့ ဗုဒ္ဓဆိုတဲ့ အမည်တော်မှာ အခြားပုဂ္ဂိုလ်များနှင့် မဆိုင်တော့ပါဘူး။

မှန်ပါတယ်၊ ဗုဒ္ဓ-ဆိုတဲ့အမည်တော်မှာ မယ်တော် ခမည်းတော်များက မှည့်ခေါ်ရတာလဲမဟုတ်၊ အကို , အမ, မိတ်ဆွေ ဉာတိ, ရဟန်း, ပုဏ္ဏား, နတ်ဗြဟ္မာတို့က မှည့်ခေါ်ရတာလဲမဟုတ် အရဟတ္တဖိုလ်ရဲ့ အဆုံးမှာဖြစ်လာတဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ဗောဓိပင်ရင်းတွင် ရတာနှင့်တစ်ပြိုင်နက် တရားအလုံးစုံသိခြင်း ကြောင့်ဖြစ်တဲ့ အမည်ပညတ်တော်ဖြစ်တယ်ဆိုတာကို မဟာနိ-ဒ္ဒေသပါဠိ (၃၆၃)တွင် ဟောတော်မူပါတယ်။

လောကတွင် ပစ္စည်းဥစ္စာများစွာရှိသူကို သေဋ္ဌေး(သဌေး)၊ ပညာကြီးသူကို ပဏ္ဍိတ(ပညာရှိ)–စသည့်ဖြင့် မိမိသူတစ်ပါးက မှည့်ခေါ်ပေးရတာမဟုတ်ဘဲ သူ့ဂုဏ်အရ အမည်တွင်လာတာ ဖြစ်သလို သဗ္ဗညုတဉာဏ်တော်ကြီးကြောင့် အလိုလိုတွင်လာရတဲ့ ဗုဒ္ဓ–ဆိုတဲ့ အမည်တော်ကြီးဖြစ်ပါတယ်၊ အခြားသစ္စာသိရုံမျှ သိသူများကို "ဗုဒ္ဓ"ဘုရားရယ်လို့ လောကအသိအမှတ် မပြုကြပါ။

## လောကမှာ ရှေးဦးစွာနိုးကြားသူဗုဒ္ဓ

ဗုဒ္ဓ–ဆိုတာ ဗုဓ–မှ သဒ္ဒါနည်းအရ ဖြစ်လာတယ်၊ ဗုဓ–ဆိုတဲ့သဒ္ဒါက သိခြင်းကိုသာမက နိုးကြားခြင်းအနက်ကိုလဲ ဟောပါတယ်၊ အိပ်ပျော်ရာမှ နိုးသူလို့အဓိပ္ပာယ်ရပါတယ်။

မောဟ–မကင်းသေးလျှင် အိပ်ပျော်နေသူပင် ဖြစ်ပါတယ်၊ အိပ်ပျော်နေသူဟာ ဘာမျှမသိရသလို မောဟ–ရှိသူဟာ တရားအမှန်ကို မမြင်ရတာကြောင့် တကယ်အအိပ်ကြီး အိပ်နေသူသာ ဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ **အအိပ်ကြီးအိပ်ပျော်နေကြတဲ့** လောကထဲမှ အရဟတ္တမဂ်ဖြင့် **မောဟကို** ဖျက်ဆီးနိုင်တာကြောင့် ပထမဆုံး **နိုးကြားသူပုဂ္ဂိုလ်မြတ်ကြီး** ဖြစ်ပါတယ်။

လောကတွင် အတူအိပ်နေကြသူများထဲမှ ပထမဆုံး နိုးသူဟာ ကျန်သူများအအိပ်မလွန်ရအောင် နှိုးပေးသ ၄ ပထမဆုံး နိုးတော်မူတဲ့ မြတ်စွာဘုရားဟာ အအိပ်ကြီးအိပ်လျက်ရှိတဲ့

သတ္တဝါများကို နှိုးပေးတော်မူတာမို့ အိပ်ပျော်ရာမှ နိုးကြသူများမှာ ဂဏန်းမထိုးနိုင်တော့ပါဘူး။

မြတ်ငှ ဘုရားသခင် နှိုးပေးတော်မူချက်အရ နိုးလာရသဖြင့် အားရလျက်ရှိတဲ့ သတ္တဝါများက "ဗုဒ္ဓ–နိုးလာတဲ့ပုဂ္ဂိုလ်မြတ်ကြီးပဲ"လို့ ဂုဏ်တင်ရာမှ အဲဒီအမည်ဟာ ဗုဒ္ဓမြတ်စွာမှာသာ တွင်ခဲ့တာမို့ နောက်မှနိုးရသူများက အဲဒီအမည်ကို မခံဝံ့မခံရဲကြတော့ပါဘူး။

## ပွင့်တော်မူသောဗုဒ္ဓ

ဗုဓ–ဆိုတဲ့ပုဒ်က "ဝိကာသန– ပွင့်ခြင်း"အနက်ကိုလဲဟောသေးတယ်၊ ဒီပုဒ်အလိုအားဖြင့် ဗုဒ္ဓ–ပွင့်တော်မူသော ဘုရား–လို့ဆိုလိုတယ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ် ဖြစ်ခြင်းကိုပင် ပွင့်တယ်–လို့ဆိုရတယ်။

သစ်ပင်များတွင် ပွင့်စေတတ်တဲ့ ဓာတ်သတ္တိ–ရှိနေတယ်၊ အဲဒီဓာတ်သတ္တိအရှိန်မှာ မြေ, ရေ, နေပူစတဲ့ အထောက်အပံ့ဖြင့် တရွေ့ရွေ့တိုးတက်လာခဲ့ပြီး နောက်ဆုံးပွင့်လောက်အောင် အရှိန်ကောင်းလာတဲ့တစ်နေ့တွင် အကင်းအငုံထွက်ကာ ပွင့်လာရတော့တယ်။

ဘုရားပွင့်ရန်မှာ အလောင်းတော်ဘဝက ပါရမီတွေဖြည့်နေခဲ့ရတာဟာ ပွင့်စေတတ်တဲ့ ဓာတ်သတ္တိအရှိန်တက်အောင် ပြုပြင်နေရခြင်းဖြစ်တယ်၊ နောက်ဆုံးဘဝမှာ ဓာတ်သတ္တိအရှိန်အကောင်းဆုံးဖြင့် ငုံကင်းထွက်လာခြင်းပင်ဖြစ်တယ်။

တောထွက်၍ တရားအားထုတ်တဲ့အခါဟာ အမှုးအတံ အတော်ကြီးထွက်လာတဲ့ အချိန်ပဲ။

တောမိပင်ရှေ့ပလ္လင်ဝယ် အရဟတ္တဖိုလ်ရခြင်းဟာ ကားကား စွင့်စွင့် ကြွားကြွားဝင့်လျက် ပွင့်လာခြင်းပင်ဖြစ်တယ်။

ဗုဒ္ဓဂုဏ်တော်အထပ်ထပ်ချပ်လွှာတွေရကာ တင့်တယ်စွာ ပွင့်လာတဲ့ ထိုဘုရားရှင်တော်မြတ် ပန်းပွင့်တော်ကြီးရဲ့ရနံ့မှာ သောင်း လောကဓာတ် နတ်ဗြဟ္မာတွေ အရပ်ရပ်ကို တစ်ဆက်ခြင်း ပျံ့နှံ့သွားပြီး အားအရဆုံး ကြည်နူးရွှင်ပျော်မဆုံး ဖြစ်ကြရတာယ်။

တစ်စ, တစ်စ လှုပ်ပြည်အရပ်ရပ် ပျံ့နှံ့သွားတဲ့အပြင် ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ရ တရားပီတိဖြစ်ရသူတို့က အဆုံမရှိ ပန်းပွင့်တော်ကြီးပဲ–လို့ အသီးသီးဂုဏ်တင် ကြည်ရွှင်အားရ ချီးကျူးထောမနာရပေတယ်။

ဒါကြောင့် သပြေကန်အရှင် ဝါသေဋ္ဌာဘိဝံသ ဆရာတော် ဘုရားကြီးက–"သောဘဂ်ဝါ–ဘုန်းတော်ကြီးမား ထိုရှင်တော် မြတ်ဘုရားသည်၊ ဣတိပိ–သစ္စာလေးတန် တရားမှန်ကို ရွှေဉာဏ် တော်ထူး မဂ်အမှူးဖြင့် လက်ဦးတွင်ဘိ မြင်သိတော်မူ နတ်လူ တတွေ မြင်သိစေတတ် ထူးမြတ်ဘိတောင်း ဤအကြောင်း ကြောင့်လည်း၊ ဗုဒ္ဓေါ–ဗုဒ္ဓနာမံ ဘွဲ့တော်ခံလျက် သုံးတန်ဘုံ ဘွေ ထင်ရှားတော်မူပါပေသတည်း။"လို့ ပရိတ်ကြီးနိဿယတွင် ရေးသားတော်မူထားပါတယ်။

# ဗုဒ္ဓဂုဏ်တော်ဖွင့်
## ဒုတိယပိုင်း

၁။ အရဟတ္တဉာဏ်၊ သဗ္ဗညုဉာဏ်၊ ကေန်ရကြောင်း–ဗုဒ္ဓဘုရား။

၂။ သစ္စာသိရုံ၊ မကစုံ၊ အကုန်သိကြောင်း ဗုဒ္ဓဘုရား။

၃။ တစ်ဆယ့်လေးဉာဏ်၊ ပြည့်စုံပြန်၊ ဗုဒ္ဓံမည်ရ မြတ်ဘုရား။

## ဘာကြောင့်ဗုဒ္ဓမည်သလဲ

ဒီနေ့ ဟောကြားမည့် ဘုရားဂုဏ်တော်ဖွင့် တရားတော်ကတော့ ဗုဒ္ဓဂုဏ်တော်ဖွင့် (ဒုတိယပိုင်း)တရားတော် ဖြစ်ပါတယ်။

ဒီတရားတော်ကိုဟောတဲ့အခါ ကျေးဇူးရှင် မုံရွာလယ်တီ ဆရာတော် ဘုရားကြီးပါဠိလိုရေးသားပြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီး မြန်မာဘာသာပြန်ဆိုရေးသားတဲ့ သာသနသမ္ပတ္တိ ဒီပနီကျမ်းကို မှီငြမ်းပြုပြီး သိလွယ်သည့်ထက် သိလွယ်အောင် အကျဉ်းချုပ်ဆောင်ပုဒ်ကို ရေးသားပြီး ဟောကြားသွားပါမယ်။

စတ္တာရိ အရိယသစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

စတ္တာရိ–လေးပါးကုန်သော၊ အရိယစ္စာနိ–အရိယသစ္စာ တို့ကို၊ ဗုဇ္ဈတိ–သိတော်မူတတ်၏၊ ဣတိတသ္မာ– ထို့ကြောင့်၊ ဗုဒ္ဓေါ–ဗုဒ္ဓ မည်တော်မူ၏။ ဒီဗုဒ္ဓဆိုတဲ့ ဂုဏ်ပုဒ်ဟာ သမ္မာသမ္ဗုဒ္ဓ ဂုဏ်ပုဒ်တွင်အတွင်း ဝင်ပြီးဖြစ်တဲ့အတွက် အထူးဆိုဖွယ်မရှိလှ

ပါဘူး။ ဒါပေမယ့် "ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဣတိ၊ ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဣတိ"လို့ ဘုရားမပွင့်မီ အနှစ်တစ်ထောင်ကပင် ဘုရားပွင့်တော်မူလိမ့်မည်–ဆိုတဲ့ ဗုဒ္ဓကောလာဟလ ဖြစ်ပေါ်ချိန်မှစပြီး ပကတိသဘောအားဖြင့် လောကကြီးတစ်ခုလုံးတွင် ထင်ပေါ်ကျော်စောတဲ့ "ဗုဒ္ဓ"ဂုဏ်တော်ပုဒ်ကြီး တစ်ခုဖြစ်ပါတယ်။

ရှေးအခါ ပညာရှိပုဂ္ဂိုလ်ကြီးတို့ကလဲ ယောသော ပိ ခေါ ဒုလ္လဘော လောကသ္မိံ၊ ယဒိဒံ ဗုဒ္ဓေါ ဗုဒ္ဓေါတိ–လို့ မြွက်ဆိုကျူးရင့်လေ့ ရှိတော်မူကြပါတယ်။

ဗုဒ္ဓေါ ဗုဒ္ဓေါတိ– ဗုဒ္ဓ, ဗုဒ္ဓဟူသော၊ ဝါ၊ ဘုရားဘုရား–ဟူသော၊ ယဒိဒံ ယောအယံဃောသော–အကြင်ကောင်းဆိုးဆူညံ ကျော်စောသံသည်၊ အတ္ထိ–ရှိ၏၊ လောကသ္မိံ–လောကကြီးထဲ၌၊ သောဃောသော–ထိုကျော်စောသံကိုလည်း၊ ခေါ–စင်စစ်၊ ဒုလ္လဘော–ရခဲလှ၏။

အဲဒီ"ဗုဒ္ဓ" ဆိုတဲ့ အမည်တော်, ဂုဏ်တော်ဟာ မြတ်စွာဘုရားရှင်ရဲ့ ဝိမောက္ခန္တိကဉာဏ်တော်ရဲ့ အစွမ်းဖြင့်ပြီးတဲ့ ဉာဏ်ဖြစ်တယ်။

ဒီနေရာတွင် ဝိမောက္ခ–ဆိုတာ အရဟတ္တမဂ်ပါပဲ၊ အဲဒီအရဟတ္တမဂ်ခေါ်တဲ့ ဝိမောက္ခရဲ့အဆုံးတွင် ရအပ်တာကြောင့် သဗ္ဗညုတဉာဏ်ကို ဝိမောက္ခန္တိကဉာဏ်ခေါ်တယ်၊ အဲဒီဗုဒ္ဓဆိုတဲ့ အမည်တော်, ဂုဏ်တော်ဟာ ဝိမောက္ခန္တိကဖြစ်တဲ့ သဗ္ဗညုတဉာဏ်ကိုရတာနှင့် တစ်ပြိုင်နက် ရရှိတဲ့အမည်တော် ဂုဏ်တော်ဖြစ်ပါတယ်။

## ဗုဒ္ဓစကားပြေဆောင်ပုဒ်

အရဟတ္တမဂ်ဉာဏ်ဆုံးတွင်၊ သဗ္ဗညုတဉာဏ်ယှဉ်၊ ခါတွင် ဗုဒ္ဓမြတ်ဘုရား။

## ဉာဏ်တော် ၁၄ ပါးပြည့်စုံသောဗုဒ္ဓ

စုဒ္ဒသဟိ ဗုဒ္ဓဉာဏေဟိ သမန္နာဂတတ္တာ ဗုဒ္ဓေါ။

စုဒ္ဒသဟိ ဗုဒ္ဓဉာဏေဟိ-တစ်ဆယ့်လေးပါးသော ဘုရားဉာဏ်တို့နှင့်၊ သမန္နာဂတတ္တာ-ပြည့်စုံတော်မူသောကြောင့်၊ ဗုဒ္ဓေါ-ဗုဒ္ဓမည်တော်မူ၏။

တစ်ဆယ့်လေးပါးသော ဘုရားဉာဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လဲ ဗုဒ္ဓမည်တော်မူပါတယ်။

## ဗုဒ္ဓဉာဏ်တော်ဆယ့်လေးပါးဆိုတာ

၁။ သစ္စာလေးပါးကိုသိတဲ့ ဉာဏ်က ၄-ပါး။

၂။ ပဋိသမ္ဘိဒါဉာဏ်တော်က ၄-ပါး။

၃။ အသာဓာရဏ ဉာဏ်တော်က ၆-ပါး၊ ပေါင်း ၁၄-ပါး ဖြစ်ပါတယ်။

## သစ္စာလေးပါး

အဲဒီဉာဏ် ၁၄-ပါးကို သိသာရုံမျှ သရုပ်ထုတ်ပြပါဦးမယ်။ အဲဒီဉာဏ် ၁၄-ပါးထဲက ပထမဆုံးသစ္စာလေးပါးဆိုတာ-

၁။ ရုပ်နာမ်ဖြစ်ပျက်သခါရ–ဒုက္ခသစ္စာတစ်ပါး၊

၂။ ရုပ်နာမ်ဖြစ်ပျက်ကို အကောင်းထင်မှားပြီး လိုချင်တာက ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာ–တစ်ပါး၊

၃။ ရုပ်နာမ်ဖြစ်ပျက်အားလုံး ချုပ်ငြိမ်းတာက နိရောဓသစ္စာ–တစ်ပါး။

၄။ ရုပ်နာမ် ဖြစ်ပျက်အားလုံး ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကောင်း မဂ္ဂင်ရှစ်ပါးက မဂ္ဂသစ္စာတစ်ပါး၊ အဲဒါဟာ သစ္စာလေးပါးသရုပ် အကျဉ်းချုပ်သိစရာပါပဲ။ (ဒီသစ္စာလေးပါးအကြောင်းအကျယ်သိလိုရင် မဟာစည်ဓမ္မစကြာတရားတော်ကြီး စာအုပ်စသည်တွင် ဖတ်ရှု သိရှိနိုင်ပါတယ်။)

## ပဋိသမ္ဘိဒါဉာဏ်လေးပါး

ပဋိသမ္ဘိဒါဉာဏ်လေးပါးဆိုတာ–

၁။ အနက်သဘော အမျိုးမျိုး အကျိုးတရားအမျိုးမျိုးတို့တွင် သိမြင်ခွဲခြမ်းနိုင်တဲ့ ဓမ္မပဋိသမ္ဘိဒါ ဉာဏ်ကတစ်ပါး။

၂။ တရားအထူးအထွေ အမျိုးမျိုးတို့တွင် သိမြင်ခွဲခြမ်းနိုင်တဲ့ ဓမ္မပဋိသမ္ဘိဒါ ဉာဏ်ကတစ်ပါး။

၃။ သဒ္ဒါအမျိုးဘာသာ စကားအမျိုးမျိုးတို့တွင် တတ်ကျွမ်းလိမ္မာနိုင်တဲ့ နိရုတ္တိပဋိသမ္ဘိဒါ ဉာဏ်ကတစ်ပါး။

၄။ အကြောင်းအရာဆုံတိုက် ကြုံကြိုက်သည်အားလျော်စွာ ဉာဏ်ထဲမှာ အဆင်သင့် အထူးထူးအထွေထွေ ထင်မြင်ပေါ်လာစေရန် စွမ်းနိုင်တဲ့ ပဋိသမ္ဘိဒါဉာဏ်ကတစ်ပါး၊ အဲဒါဟာ ပဋိသမ္ဘိဒါလေးပါးသရုပ် အကျဉ်းချုပ်ပါပဲ။

## ပဋိသမ္ဘိဒါဉာဏ်စွမ်းရည်များ

**အတ္ထပဋိသမ္ဘိဒါဉာဏ်**ရဲ့ အစွမ်းဖြင့် တစ်ခုသောတရားရဲ့ အနက် အဓိပ္ပါယ်အမျိုးမျိုး အကျိုးအမျိုးမျိုးကို အထူးထူး အထွေအထွေ ကိုယ်တိုင်လဲသိမြင်နိုင်တယ်။ သူတစ်ပါးတို့အားလဲ သိလွယ်မြင်လွယ်အောင်ဝေဖန်ပြီး ဟောကြားနိုင်ပါတယ်။

**ဓမ္မပဋိသမ္ဘိဒါဉာဏ်**ရဲ့ အစွမ်းဖြင့် တရားအမျိုးမျိုး အကြောင်းအမျိုးမျိုးတို့ကို ကိုယ်တိုင်လဲသိမြင်နိုင်တယ်၊ သူတစ်ပါးတို့အားလဲ အဆန်းတကြယ် ပြောပြဟောပြနိုင်တယ်။

**နိရုတ္တိပဋိသမ္ဘိဒါဉာဏ်**ရဲ့ အစွမ်းဖြင့် မာဂဓဘာသာမှစပြီး ဘာသာအမျိုးမျိုး သဒ္ဒါပုဒ်ပါဠိ အမျိုးမျိုးတို့ရဲ့ ဝိဂြိုဟ်, ဝစနတ်, ဗျုပ္ပတ်တွေ အထူးထူးတို့ကို ကိုယ်တိုင်လဲသိစွမ်းနိုင်တယ်၊ သူတစ်ပါးတို့အားလဲ အဆန်းတစ်ကြယ် ပုဒ်ဗျည်းအစဉ်တို့ဖြင့် နားဝင်အောင် ဟောပြောပြသနိုင်တယ်။

နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ပေါက်တဲ့ ပုဂ္ဂိုလ်မှသာ သဒ္ဒပါရဂူ ဖြစ်နိုင်တယ်။

**ပဋိဘာနပဋိသမ္ဘိဒါဉာဏ်**ရဲ့ အစွမ်းဖြင့် တစ်ခုသောတရားရဲ့ အနက်အဓိပ္ပာယ်ကိုသိမြင်ရာတွင် ဥပမာ, ဥပမေယျ, သက်သေ, သာဓကစုံလင်စွာနဲ့သိနိုင်တယ်။ သူတစ်ပါးတို့အားလဲ တရားဓမ္မ ဟောပြရာတွင် ထင်မြင်သိလွယ်အောင် ဥပမာ, ဥပမေယျ အမျိုးမျိုးပုံဆောင်ပြီး ဟောပြနိုင်တယ်။

ပဋိဘာနပဋိ ဒါဉာဏ်ပေါက်တဲ့ ပုဂ္ဂိုလ်ဟာ အဟော အပြောအနှုန်းအဖွဲ့ကောင်းတယ်။

## ပဋိသမ္ဘိဒါဉာဏ်ရကြောင်းရှစ်ပါး

ယခုပြောတဲ့ ပဋိသမ္ဘိဒါ ဉာဏ်လေးပါးဟာ ပုထုဇ္ဇန်များနှင့် မဆိုင်ပါ၊ အရိယာပုဂ္ဂိုလ်များနှင့် သာဆိုင်ပါတယ်၊ အရိယာပုဂ္ဂိုလ် တိုင်းနှင့်လဲ သက်ဆိုင်တာမဟုတ်ပါ၊ ပါရမီ အဆောက်အဦး ကြီးကျယ်ပြီး ပဋိသမ္ဘိဒါ ဉာဏ်မျိုးစေ့ရှိပြီးတဲ့ အရိယာပုဂ္ဂိုလ်တို့နှင့် သာဆိုင်တယ်။

ပဋိသမ္ဘိဒါဉာဏ်ကိုရခြင်း၏ အကြောင်းများက ရှစ်ပါးရှိ ကြောင်းကို အဋ္ဌကထာဆရာကြီးများက ပြဆိုတော်မူကြတယ်၊ အဲဒီရှစ်ပါးကို ဒီနေရာတွင် ဗဟုသုတအဖြစ် ဖော်ပြပါဦးမယ်။

၁။ ပုဗ္ဗယောဂ–ရှေးဘဝ၌ ပဋိသမ္ဘိဒါမျိုးစေ့ကို ထူထောင် ကြိုးစားခဲ့ခြင်း။

၂။ ဗာဟုသစ္စ–အကြားအမြင်များခြင်း။

၃။ ဒေသဘာသာ–ဒေသရွာနအမျိုးမျိုးတို့၌ ပြောဆိုကြသော ဘာသာစကားကို လိမ္မာကျွမ်းကျင်ခြင်း။

၄။ အာဂမ–မြတ်စွာဘုရား၏ ပါဠိတော်ကို အာဂုံဆောင်ခြင်း။
၅။ ပရိပုစ္ဆာ–ပါဠိတော်အဋ္ဌကထာတို့၌ မေးမြန်းလေ့ရှိခြင်း။
၆။ အဓိဂမ–မဂ်ဖိုလ်ကိုရခြင်း။
၇။ ဂုရုသန္နိဿယ–ဗဟုသုတနှင့် ပြည့်စုံသော ဆရာအခယံ၌ ဆည်းကပ်ခြင်း။
၈။ မိတ္တသမ္ပတ္တိ–ပညာရှိသောမိတ်ဆွေကောင်းနှင့် ပြည့်စုံခြင်းတဲ့၊ ဒါတွေဟာ ပဋိသမ္ဘိဒါဉာဏ်ရခြင်းရဲ့ အကြောင်းရှစ်ပါး တို့ပါပဲ။

## ပဋိသမ္ဘိဒါဉာဏ်ရကြောင်းရှစ်ပါးဆောင်ပုဒ်

ဒီနေရာတွင် ဒီပဋိသမ္ဘိဒါဉာဏ်ရကြောင်း ရှစ်ပါးလင်္ကာ ဆောင်ပုဒ်ကို သာသနသမ္ပတ္တိဒီပနီကျမ်းမှ ဖော်ပြပါဦးမယ်။

ရှေးဘဝက၊ လုလ္လကြိုးစား၊ အကြားအမြင်၊ ကျွမ်းကျင် ဘာသာ၊ မြတ်စွာပါဠိ၊ ဆောင်ဘိအာဂုံ၊ ကျမ်းမျိုးစုံ၌၊ မေးတုံ့ပုစ္ဆာ၊ မဂ်ပါဖိုလ်ရ၊ ဆရာ့ထံရင်း၊ ကပ်ခြင်း မသွေ၊ မိတ်ဆွေပြည့်စုံ ရှစ်ပါးတုံ၊ မှတ်တုံ့ပဋိသမ္ဘိဒါတည်း။

## ပဋိသမ္ဘိဒါလေးပါးအရကောက်များ

အဲဒါပဋိသမ္ဘိဒါလေးမျိုးတို့တွင် အတ္ထပဋိသမ္ဘိဒါ၌ အတ္ထရဲ့ အရကောက်က ငါးမျိုးရှိပါတယ်။ အဲဒီငါးမျိုး

၁။ အကြောင်းကြောင့်ဖြစ်ပေါ်တဲ့ အကျိုးတရားစု။
၂။ နိဗ္ဗာန်။

၃။ ပါဠိတော်အနက်သဘော၊

၄။ ဝိပါက်စိတ်။

၅။ ကြိယာစိတ်–တို့ဖြစ်ပါတယ်။

ဓမ္မပဋိသမ္ဘိဒါ၌ ဓမ္မရဲ့အရကောက်ကလဲ ငါးမျိုးပဲရှိပါတယ်၊ အဲဒီငါးမျိုးက–

၁။ အကျိုးကို ဖြစ်စေတတ်တဲ့အကြောင်းဟူသမျှ၊

၂။ အရိယမဂ်၄ပါး၊

၃။ ပါဠိတော်အစဉ်၊

၄။ ကုသိုလ်၊

၅။ အကုသိုလ်–တို့ဖြစ်ပါတယ်။

နိရုတ္တိပဋိသမ္ဘိဒါ၌ နိရုတ္တိဆယ်မျိုးရှိပါတယ်။ နိရုတ္တိဆယ်မျိုးက–အခြားမဟုတ်ပါ၊ ဆိုခဲ့ပြီးတဲ့ အတ္ထငါးမျိုး၊ ဓမ္မငါးမျိုးတို့နှင့်သက်ဆိုင်ရာ သဒ္ဒါ, ပုဒ်, ပါဌ်, ဆယ်မျိုးတို့ ဖြစ်ကြပါတယ်။ အဲဒီသဒ္ဒါပုဒ်ပါဌ်ဆယ်မျိုးတို့ကို ဗျူပ္ပတ္တိကြံ၍ ဝိဂြိုဟ်, ဝစနတ်ပြုလုပ်မှု၌ အဲဒီနိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဟာ လျင်မြန်ကျွမ်းကျင်တယ်။

ပဋိဘာနပဋိသမ္ဘိဒါဆိုတာ ဆိုခဲ့ပြီးတဲ့ ပဋိသမ္ဘိဒါ သုံးပါးတို့ရဲ့ကိစ္စအလုံးစုံ၌ အကုန်သက်ဆိုင်တယ်၊ ဒါကြောင့် ပဋိဘာနပဋိသမ္ဘိဒါကို သဗ္ဗတ္ထကပဋိသမ္ဘိဒါဉာဏ်–လို့လဲ ခေါ်ဆိုပါတယ်။ ဒီဉာဏ်တော်များကိုရရှိလို့လဲ ဗုဒ္ဓလို့ခေါ်ပါတယ်။

# ဗုဒ္ဓဂုဏ်တော်ဖွင့်

## တတိယပိုင်း

၁။ တစ်ဆယ့်လေးဉာဏ်၊ ပြည့်စုံပြန်၊ ဗုဒ္ဓမည်ရ-မြတ်စွာဘုရားရှင်

ဒီနေ့ ဘုန်းကြီးဟောကြားမည့် ဘုရားဂုဏ်တော်ဖွင့်တရားကတော့-ဗုဒ္ဓဂုဏ်တော်ဖွင့်(တတိယပိုင်း)တရားတော်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဗုဒ္ဓဂုဏ်တော်ဖွင့် ဒုတိယပိုင်းတရားတုန်းက ၁။ သစ္စဉာဏ် ၄ပါး။ ၂။-ပဋိသမ္ဘိဒါဉာဏ်၄-ပါး၊ ၃။ အသာဓာရဏဉာဏ် ၆ပါး၊ ပေါင်း ဉာဏ် ၁၄-ပါးနှင့် ပြည့်စုံသောကြောင့် "ဗုဒ္ဓ"မည်တော်မူတယ်-လို့ ဟောခဲ့တယ်။ အဲဒီ ၁၄-ပါးတို့တွင် သစ္စဉာဏ် ၄ပါးနှင့် ပဋိသမ္ဘိဒါဉာဏ် ၄-ပါးအကြောင်းကို ဟောခဲ့ပြီးပြီ။ ဒီတရားပွဲမှာကျန်တဲ့ အသာဓာရဏဉာဏ် ၆-ပါး အကြောင်းကိုဆက်ဟောပါမယ်။

### အသာဓာရဏဉာဏ်ခြောက်ပါး

၁။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်-တဲ့။ သတ္တဝါများရဲ့ ဣန္ဒြေရင့်မရင့်ကိုသိတဲ့ဉာဏ်ဟာ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ ဒီဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်ဖြင့် "ဒီသတ္တဝါများဟာ ရင့်တဲ့ဣန္ဒြေရှိကြတယ်၊ ဒီသတ္တဝါများမရင့်သေးနတဲ့ဣန္ဒြေရှိကြတယ်၊ ဒီသတ္တဝါများဟာ တရားသိမြင် ကျွတ်တမ်း

ဝင်ထိုက်ကြပြီ၊ ဒီသတ္တဝါများဟာ တရားမသိမြင်နိုင်, ကျွတ်တမ်းမဝင်နိုင်ကြသေးဘူး" လို့သိတော်မူပါတယ်။

၂။ **အာသယာနုသယဉာဏ်**-တဲ့။ ဒီဉာဏ်နှင့်စပ်တဲ့ စကားရပ်တွင်အာသယ- က တစ်ပုဒ်၊ အနုသယ-ကတစ်ပုဒ်ရယ်-လို့ နှစ်ပုဒ်ခွဲရမည်။

## အာသယ

စိတ်ရဲ့ အမြဲစွဲမှီရာဌာန-ကို အာသယလို့ ဆိုပါတယ်။ အဲဒီအာသယ-ဟာ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, ပဋိစ္စသမုပ္ပါဒ်, ဝိပဿနာ အားဖြင့် လေးပါးအပြားရှိပါတယ်။

ဝဋ်၌ ခင်မင်တွယ်တာကြတဲ့ ပဋ္ဌနိဿိတ သတ္တဝါများရဲ့ စိတ်ဟာ အများအားဖြင့် သဿတဒိဋ္ဌိ၌ဖြစ်စေ, ဥစ္ဆေဒဒိဋ္ဌိ၌ဖြစ်စေ မှီတွယ်နေတတ်တယ်။

ဝဋ်ကိုမခင်မင် ဝဋ်၌ငြီးငွေ့ကြတဲ့ ဝိဝဋ္ဋနိဿိတသတ္တဝါများရဲ့စိတ်ဟာ ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးတရား၌ လည်းကောင်း၊ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါး ဝိပဿနာတရား၌လည်းကောင်း မှီတွယ်နေတတ်တယ်။

အဲဒီစိတ်ရဲ့ မှီရာလေးပါးကို 'အာသယ'-ဆိုတယ်။

## အနုသယ

အနုသယ-ဆိုတာဥပါဒ်ခြင်း(ဖြစ်ခြင်း)သို့ မရောက်ဘဲ စိတ်အစဉ်တွင် မျိုးဓာတ်အနေအားဖြင့် အစဉ်ကိန်းဝပ်နေတဲ့

ကိလေသာဓာတ်ကို အနုသယလို့ဆိုရတယ်။

အနုသယရဲ့သဘောကို အကျဉ်းချုပ်သိရအောင် ဒီလို ဆောင်ပုဒ်စီထားတယ်။ "အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးဓာတ်နုသယ"တဲ့။

အဲဒီအနုသယဟာ သဂြိုဟ် သမုစ္စည်းပိုင်း၌လာတဲ့အတိုင်း ကာမရာဂါနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ, ဒိဋ္ဌာနုသယ, မာနာနုသယ, ပဋိဃာနုသယ, ဝိစိကိစ္ဆာနုသယ- ဆိုတဲ့ အနုသယ ခုနစ်ပါးဖြစ်ပါတယ်။

## နှလုံးသွင်းအတွင်းဓာတ်-အာသယာနုသယ

အာသယ, အနုသယနှစ်ပါးကို ပေါင်းခေါ်လျှင် "သတ္တဝါများရဲ့ နှလုံးသွင်းအတွင်းဓာတ်"လို့ဆိုလိုပါတယ်။

မြတ်စွာဘုရားဟာ အဲဒီအာသယာနုသယဉာဏ်ဖြင့် သတ္တဝါများရဲ့ နှစ်လုံးသွင်းအတွင်းဓာတ်ကို ကောင်းစွာ သိမြင်တော်မူပါတယ်၊ "ဤမည်သောသတ္တဝါများမှာ ဒီအာသယ နှလုံးသွင်းရှိပြီး၊ ဤမည်သောသတ္တဝါမှာ ဒီအတွင်း ဓာတ်လွန်ကဲတယ်" စသည်ဖြင့် သိတော်မူပါတယ်။

မြတ်စွာဘုရားဟာ ဆိုခဲ့ပြီးတဲ့ ဣန္ဒြိယပရောပရိယတ္တိဉာဏ်နှင့် အာသယာနုသယ ဉာဏ်နှစ်ပါးကို ပိုင်နိုင်တော်မူသောကြောင့်သာ သတ္တဝါများရဲ့စရိုက် အားလျော်တဲ့တရားကို ဟောကြားပြီး လွယ်ကူစွာ ချွေချွတ်တော်မူနိုင်ပါတယ်။

၃။ ယမကပါဋိဟာရိယဉာဏ်–တဲ့။ ဒီဉာဏ်ဟာ အထက်ပိုင်းကိုယ်တော်မှ မီးအဟုန်၊ အောက်ပိုင်းကိုယ်တော်မှ ရေအဟုန်၊ လက်ဝဲကိုယ်တော်မှ ရေအဟုန်၊ လက်ယာကိုယ်တော်မှ မီးအဟုန်၊ ဒါလိုအစုံအစုံသော ရေမီးတို့ကိုတစ်ပြိုင်နက် ဖြစ်စေမှုသည်လည်းကောင်း၊ တစ်ပြိုင်နက်တည်း အံ့ဖွယ်နှစ်ပါးအစုံကို ဖြစ်စေမှုသည်လည်းကောင်း၊ အဲဒါလို အံ့ဖွယ်နှစ်ပါးအစုံစုံကို ဖြစ်စေမှုဟာ ယမကပါဋိဟာရိယ ယမိုက်ပြာဋိဟာ မည်ပါတယ်၊ အဲဒီတန်ခိုးပြာဋိဟာ အစုံစုံဖြစ်စေရန် စီရင်နိုင်တဲ့ဉာဏ်ဟာ ယမကပါဋိဟာရိယ ဉာဏ်မည်ပါတယ်။

ဒီတန်ခိုးအစုံစုံကို တစ်ပြိုင်နက်တည်း ဖြစ်စေတယ်ဆိုသော်လည်း ဥပါဒ်, ဌီ, ဘင် တည်းဟူသော ခဏအားဖြင့် တစ်ပြိုင်နက်ဖြစ်စေနိုင်တာမဟုတ်။ အဲဒီတန်ခိုးအစုံစုံကို ဖြစ်စေနိုင်တဲ့ မြတ်စွာဘုရားရှင်ရဲ့ ဇောဝီထိနာမ်အစဉ်များကြောင့်ဖြစ်တဲ့ တန်ခိုးများဟာလည်း အလွန်လျင်မြန်လှသဖြင့် တစ်ပြိုင်နက် တစ်ခဏတည်းကဲ့သို့ ထင်မြင်ရပါတယ်။

ယခု စိတ်ဟာပကတိသဘောအားဖြင့် မျက်စိတစ်မှိတ် လျှပ်စစ်ပြက်ကာလမှာ ကုဋေတစ်သိန်းမျှအဖြစ်လျင်မြန်တဲ့ အပေါ်မှာ မြတ်စွာဘုရားရှင်ရဲ့ သန္တာန်တွင်ဖြစ်တဲ့ ထိုထိုစိတ်အစဉ်ကလဲ ဘဝင်များထက် မခြားသဲ အလွန်အဖြစ်လျင်မြန်လှတာကြောင့် [illegible]အဟုန်ကိုဖြစ်စေလိုတဲ့အခါ၊ အာပေါကသိုဏ်းဈာန်ကို ဝင်စားတော်မူပါတယ်။

ဒီနောက် ဘဝင်အနည်းငယ်မျှ ခြားစေပြီးလျှင် မီးအဟုန်ကို ဖြစ်စေရန် တေဇောကသိုဏ်းစျာန်ကို ဝင်စားတော်မူတယ်။

အဲဒီအခါ ရေမီးအစုံအစုံ အံ့သြဖွယ်ရာ တန်ခိုးပြာဋိဟာ ဖြစ်လာတယ်။

ထိုအတူ အညို၊ အရွှေ၊ ရောင်ခြည်တော်အစုံကို ဖြစ်စေလိုလျှင် နီလကသိုဏ်းစျာန်၊ ပီတကသိုဏ်းစျာန်ကို ဝင်စားတော်မူတယ်။

ဒီနည်းအားဖြင့် အံ့ဖွယ်အမျိုးမျိုး တန်ခိုးအစုံစုံ ဖြစ်စေပုံကို သိနိုင်ပါတယ်။

တစ်ခါတစ်ရံ မြတ်စွာဘုရားဟာ ထိုယမိုက်ပြာဋိဟာကို ပြတော်မူပါတယ်၊ ဗောဓိမဏ္ဍိုင်၌ နတ်ဗြဟ္မာများရဲ့ မာန်မာနကို နှိပ်နင်းခြင်းအကျိုးငှာ တစ်ကြိမ် ယမိုက်ပြာဋိဟာကို ပြတော်မူပါတယ်။

ကပိလဝတ်ပြည်သို့ ပထမအခေါက် ကြွတော်မူစဉ်အခါ ဆွေတော်မျိုးတော်ဖြစ်တဲ့ သာကီနွယ်များရဲ့ မာန်မာနကို နှိပ်ချိုးခြင်းငှာ တစ်ကြိမ်ပြတော်မူပါတယ်။

သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ တစ်ကြိမ်ပြတော်မူပါတယ်၊ ပါထိကပုတ္တကို အကြောင်းပြုပြီး စည်းဆေးရာတွင်လဲ တစ်ကြိမ်ပြတော်မူပါတယ်။

ဒါဟာ မြတ်စွာဘုရားရဲ့ ယမကပါဋိဟာရိယ ဉာဏ်တော် စွမ်းဖြစ်ပါတယ်။

၄။ **မဟာကရုဏာသမာပတ္တိဉာဏ်**-တဲ့။ ဒီ-မဟာကရုဏာ သမုဒ္ဒရာကြီးထဲတွင် ဇာတိ, ဇရာ, မရဏ အစရှိတဲ့ လှိုင်းလုံးကြီးများဖြင့် လွှမ်းမိုးပြီး နစ်မြော လျက်ရှိကြတဲ့ ဒုက္ခိတသတ္တဝါများကို သိမြင်တော်မူတဲ့ မြတ်စွာဘုရားဟာ "ဒီလောကကြီးဟာ မီးလောင်တဲ့ နှောင်အိမ်ကြီးလို တစ်ပြောင်ပြောင် တောက်လောင်နေပါတကား"လို့ သနားခြင်းကြီး သနားမှုနဲ့ယှဉ်တဲ့ ကရုဏာသမာပတ်ကို ဝင်စားတော်မူတယ်၊ အဲဒီကရုဏာ သမာပတ်နှင့်ယှဉ်တဲ့ဉာဏ်ဟာ မဟာကရုဏာသမာပတ္တိဉာဏ်မည်ပါတယ်။

မြတ်စွာဘုရားဟာ နေ့တိုင်းနေ့တိုင်းညဉ့်အခါ, နံနက်မိုးသောက်အခါတို့၌ ကုဋေပေါင်းနှစ်သန်းလေးသိန်း အရေအတွက်ရှိတဲ့ မဟာကရုဏာ သမာပတ်တို့ကို ဝင်စားတော်မူပါတယ်။

၅။ **သဗ္ဗညုတဉာဏ်**-တဲ့။ ဒီသဗ္ဗညုတဉာဏ်က သိဖွယ်ရှိသမျှ ဉေယျတရားအလုံးစုံကို အကုန်သိမြင်တဲ့ ဉာဏ်တော်ကြီးပါပဲ။

၆။ **အနာဝရဏဉာဏ်**-တဲ့၊ အနာဝရဏဉာဏ်က ဝရဇိန်မိုးကြိုးကို ဟန့်တားခြင်းမှာ မတတ်သာသကဲ့သို့ တစ်စုံတစ်ခုမျှ အနှောင့်အယှက် အဟန့်အတားမရှိတဲ့ ဉာဏ်တော်ကြီးဖြစ်တယ်။

ဒီဉာဏ်တော်ခြောက်ပါးကို အများနှင့်မဆိုင်တဲ့ ဘုရားပိုင်တော်မူတဲ့ အသာဓာရဏဉာဏ်-လို့ခေါ်ပါတယ်၊ ဒါကို ဒီလိုအကျဉ်းချုပ်ဆောင်ပုဒ်ဖြင့် မှတ်ယူနိုင်ပါတယ်။

## ဆောင်ပုဒ်

ပစ္စေကဗုဒ္ဓ၊ သာဝကတို့၊ မရမဆိုင်၊ ဉာဏ်မထျိုင်၊ မှတ်ကိုင်အသာဆေး။

## ဉာဏ် ၁၄-ပါး ပြည့်စုံလင်-ဗုဒ္ဓဘုရားရှင်

ပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာပညာကထာတွင်-

ဣမေဟိ စုဒ္ဒသဟိ ဉာဏေဟိ သမန္နာဂတော ဗုဒ္ဓေါ ဘဂဝတော အတီတံသေ အပ္ပဋိဟတံဉာဏံ-စသည်ဖြင့် ပြဆိုခဲ့ပြီးတဲ့ ဗုဒ္ဓဉာဏ်တော် တစ်ဆယ့်လေးပါးနှင့်ပြည့်စုံတဲ့ ဘုရားမြတ်ဉာဏ်တော် ဂုဏ်ကျေးဇူးကို မိန့်ဆိုထားပါတယ်။

ဒီနေရာတွင် စာဖတ်သူများ ဉာဏ်မှီသမျှ ကြည်ညိုခွင့်ရအောင် မြန်မာပြန်မှုကို ဖော်ပြပါဦးမယ်။

ဒီတစ်ဆယ့်လေးပါးကုန်သော ဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားအား-လွန်ခဲ့ပြီးအတိတ်၌ ဉာဏ်တော်ဟာ အပိတ်အပင်မရှိ၊ ဖြစ်လတ္တံ့ အနာဂတ်၌ ဉာဏ်တော်ဟာ အပိတ်အပင်မရှိ၊ မျက်မှောက်ပစ္စုပ္ပန်၌ ဉာဏ်တော်ဟာ အပိတ်အပင်မရှိ။ သိဖွယ်ဧယျတရားစုဟာ အကြင်မျှလောက်ရှိတယ်၊ သိနိုင်တဲ့ ဉာဏ်တော်ကလဲ ထိုမျှလောက်ရှိတယ်၊ သိတဲ့ဉာဏ်တော်ဟာ အကြင်မျှလောက်ပင်ရှိတယ်၊ သိဖွယ်ဉေယျတရားစုလဲ ထိုမျှလောက်ပင်ရှိတယ်၊ သိတဲ့ဉာဏ်တော်ဟာ သိဖွယ်ဉေယျတရားစုလျှင် အဆုံးရှိတယ်၊ သိဖွယ်ဉေယျတရားစုဟာလဲ သိတဲ့

ဉာဏ်လျှင် အဆုံးရှိတယ်၊ သိဖွယ်ဧေယျတရားကို လွန်ပြီးသိတဲ့ ဉာဏ်ဟာမရှိ၊ အသိဉာဏ်တော်ကိုလွန်ပြီး သိဖွယ်ဧေယျ တရားစုလဲမရှိ၊ နတ်ပြည်နှင့်တကွ မာရ်မင်းနိုင်ငံနှင့်တကွ ဗြဟ္မာပြည်နှင့်တကွ ဒီ-ဩကာသ လောကကြီးရော၊ ရဟန်းပုဏ္ဏားနှင့်တကွ နတ်လူနှင့်တကွ သတ္တလောကသားသတ္တဝါအများပါ ဗုဒ္ဓမြတ်ဘုရားရှင်ရဲ့ ဉာဏ်တော်အတွင်းမှာသာ ကျင်လည်ဖြစ်ပွားကြရပါတယ်။

ဥပမာဆိုရလျှင် အလုံးစုံသော ငါး လိပ်သတ္တဝါများဟာ မဟာသမုဒ္ဒရာအတွင်း၌သာ ကျက်စားကြရသလို၊ ပျံသန်းနိုင်သမျှ ငှက်အပေါင်းဟာ ကောင်းကင်အတွင်း၌သာ ကျင်လည်ကျက်စားကြရသလို၊

ဒီဥပမာအတိုင်းပင် လူ့ပြည်မှာပဲဖြစ်ဖြစ်, နတ်ပြည်မှာပဲဖြစ်ဖြစ်, ဗြဟ္မာ့ပြည်မှာပဲဖြစ်ဖြစ် ရှိရှိသမျှ လူနတ်ဗြဟ္မာပညာရှိ ပုဂ္ဂိုလ်သတ္တဝါများဟာ မြတ်စွာဘုရားရဲ့ ဉာဏ်တော်အတွင်း၌သာလျှင် ကျင်လည်ကျက်စားကြရတယ်။

ဒီတစ်ဆယ့်လေးပါးသော ဉာဏ်အထူးတို့နှင့် ပြည့်စုံတော်မူသောကြောင့်လဲ ဗုဒ္ဓမည်တော်မူပါတယ်။

# ဗုဒ္ဓဂုဏ်တော်မှတ်

## စကားပွဲပိုင်း

၁။ တစ်ဆယ့်လေးဉာဏ်၊ ပြည့်စုံပြန်၊ ဗုဒ္ဓမည်ရ မြတ်ဘုရား။
၂။ သိစရာမှန်သမျှ၊ ကုန်သိရ၊ ဗုဒ္ဓမြတ်ဘုရား။

## သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ဗုဒ္ဓဂုဏ်အထူး

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်က ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်ပြီး သစ္စာလေးပါးတရားအလုံးစုံကို အရဟတ္တမဂ်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူပုံကိုပြပါတယ်။

ဗုဒ္ဓဂုဏ်တော်ကတော့ သဗ္ဗညုတဉာဏ်တော်အစရှိတဲ့ ဗုဒ္ဓဉာဏ်တော်တို့ဖြင့် သင်္ခတနှင့်အသင်္ခတ တရားအလုံးစုံကို အကြွင်းမဲ့ သိတော်မူပုံကိုပြပါတယ်။

## ဗုဒ္ဓဉာဏ်တော်ဆိုတာ

ဗုဒ္ဓဉာဏ်တော်ဆိုတာ–

၁။ သစ္စာ ၄ပါးကိုသိတဲ့ ဉာဏ်က ၄–ပါး၊
၂။ ပဋိသမ္ဘိဒါဉာဏ်က ၄–ပါး၊
၃။ သာဝကတို့နှင့် မဆက်ဆံတဲ့ အသာဓာရဏဉာဏ်က ၆–ပါးဆိုတဲ့ ဒီဉာဏ်တော် ၁၄–ပါး ပါပဲ။

## အသာဓာရဏဉာဏ်-၆ပါး

အဲဒီထဲမှာ အသာဓာရဏဉာဏ် ၆-ပါးဆိုတာက-

၁။ ဝေနေယျသတ္တဝါအများရဲ့ ဣန္ဒြေအနုအရင့်ကိုသိတဲ့ ဣန္ဒြိယပရောပရိယတ္တိဉာဏ်။

၂။ သတ္တဝါများရဲ့အလိုအကြိုက် အာသယနှင့် ကိန်းဝပ်နေတဲ့ အနုသယများကိုသိတဲ့ အာသယာနုသယဉာဏ်။

၃။ ရေမီးအစရှိတဲ့အလုံးစုံသော တန်ခိုးပြာဋိဟာများကို ဖန်ဆင်းနိုင်တဲ့ ယမကပါဋိဟာရိယဉာဏ်။

၄။ သတ္တဝါများအားသနားခြင်းနှင့် ယှဉ်တဲ့ မဟာကရုဏာသမာပတ္တိဉာဏ်။

၅။ အလုံးစုံကိုသိတဲ့ သဗ္ဗညုတဉာဏ်။

၆။ သိလိုရာကိုဆင်ခြင်လျှင် အပိတ်အပင် အကွယ်အခြားအဆီးအတားမရှိသိနိုင်တဲ့ အနာဝရဏဉာဏ်-ဆိုတဲ့ ဒီဉာဏ် ၆-ပါးပါပဲ။

## သင်္ခတ တရားဆိုတာ

သင်္ခတတရားဆိုတာ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့က ပေါင်းစုညီညွတ်ပြီး ပြုအပ်တဲ့ခန္ဓာငါးပါး ရုပ်နာမ်တရားတွေပါပဲ။ တည့်တည့်ပြောရမယ်ဆိုရင် အကြောင်းညီညွတ်မှဖြစ်တဲ့တရားတွေပါပဲ။

ဥပမာ–တုတ်, သံချောင်းအစရှိတဲ့ မာတဲ့နှစ်ခုတိုက်ခိုက်တဲ့ အခါ အသံမြည်လာတယ်၊ အဲဒါမျိုးပါပဲ။ အဲဒီအသံလဲ သင်္ခတ တရားပဲ။

## အသင်္ခတ တရားဆိုတာ

အသင်္ခတတရားဆိုတာ အကြောင်းတရားနှင့် မဆိုင်တဲ့ တရားပါပဲ၊ အဲဒါဟာ တစ်ကယ်ရှိတဲ့ ပရမတ္ထအားဖြင့်ဆိုရင် နိဗ္ဗာန်တရားတစ်ပါးတည်းသာ ရှိပါတယ်၊ ပရမတ္ထမဟုတ်တဲ့ ပညတ်အနေအားဖြင့်ဆိုရင်တော့ အမည်ပညတ်, သဏ္ဌာန်ပညတ်, ပုံသဏ္ဍာန်ပညတ်စသည်ဖြင့် ပညတ်အမျိုးမျိုးတွေများစွာ ရှိပါတယ်။

## သင်္ခတနှင့် အသင်္ခတ

အဲဒီတော့ သင်္ခတတရားဆိုတာ အကြောင်းကြောင့်ဖြစ်တဲ့ ရုပ်တရားပါပဲ၊ အသင်္ခတတရားဆိုတာ နိဗ္ဗာန်နှင့် ပညတ်တရားပဲ၊ ဒီလိုမှတ်ထားကြရမယ်၊ သိစရာဟာ အကျဉ်းအားဖြင့်ဆိုရင် ဒီနှစ်မျိုးပဲရှိတယ်။

ဒါကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ–သဗ္ဗညုတဉာဏ်ကို ဒီလိုပြထားပါတယ်။

သဗ္ဗံ–အလုံးစုံသော၊ သင်္ခတံ–သင်္ခတတရားကိုလည်းကောင်း၊ အသင်္ခတံ–အသင်္ခတတရားကိုလည်းကောင်း၊ အနဝသေသံ–အကြွင်းမဲ့၊ ဇာနာတိ–သိတတ်၏။ တ္တတိတသ္မာ–ထို့ကြောင့်၊ သဗ္ဗညုတဉာဏံ–သဗ္ဗညုတဉာဏ်မည်၏။ ဒီလို အကျဉ်းချုပ်ပြထားပါတယ်၊

အဲဒီလို အကျဉ်းချုပ်ပြပြီးတော့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တရားအလုံးစုံကိုသိပုံ၊ စက္ခုနှင့်ရူပစသည်ဖြင့် ဒွါရ ၆-ပါးနှင့် အာရုံ ၆-ပါးအလုံးစုံကိုသိပုံ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို အကြွင်းမဲ့သိပုံ၊ အဘိညာ၊ ပရိညာ၊ ပဟာနဘာဝနာ သစ္ဆိကိရိယာတို့ရဲ့သဘောကို အကြွင်းမဲ့သိပုံ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သင်္ခတ၊ အသင်္ခတတို့ရဲ့သဘောကို အကြွင်းမဲ့ သိပုံ၊ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ၊ ကာမာဝစာရ၊ ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာတရားတို့ကို အကြွင်းမဲ့ သိပုံ၊ သစ္စာလေးပါး၊ ပဋိသမ္ဘိဒါ၄-ပါး၊ အသာဓာရဏဉာဏ် ၆-ပါး ဆိုင်ရာတရားတို့ကို အကြွင်းမဲ့သိပုံ၊ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့ မြင်သမျှ တွေ့ထိသမျှ သိသမျှ ရှာကြံသမျှတို့ကို အကြွင်းမဲ့ သိပုံတို့ဖြင့် အကျယ်ဖွင့်ပြထားပါတယ်။

## ဧယျခံငါးပါး

အဲဒီလို အကျဉ်းပြထားတဲ့ တရားတွေကိုပင် ဧယျမမွ-ဧယျခံတရားငါးပါးလို့လဲပြဆိုကြပါတယ်။ အဲဒါတွေက ဘာတွေလဲဆိုလို့ရှိရင်-

၁။ သင်္ခါရ-အကြောင်းကြောင့်ဖြစ်တဲ့ နိပ္ဖန္နရုပ် ၁၈-ပါးနှင့် စိတ်စေတသိက် ၅၃ပါး၊ ခုနကပြခဲ့တဲ့ သင်္ခတတရားတွေပဲ။

၂။ ဝိကာရ-နိပ္ဖန္နရုပ်တို့ရဲ့ အမူအရာအထူး၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ-ဆိုတဲ့ ဒီအနိပ္ဖန္နရုပ် ငါးပါးပါပဲ။

၃။ လက္ခဏ–ရုပ်နာမ်တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာနှင့် ဥပါဒ်, ဋ္ဌီ, ဘင်– ဆိုတဲ့ သင်္ခတလက္ခဏာတွေပါပဲ။

၄။ နိဗ္ဗာန်–ခုနကပြခဲ့တဲ့ အသင်္ခတတရားထဲကနိဗ္ဗာန်ပါပဲ။

၅။ ပညတ်–အမည်သဒ္ဒါ ပညတ်အမျိုးမျိုး, ရုပ်နာမ်အစဉ်, သဏ္ဌာန်ပညတ်အမျိုးမျိုး, ပုံသဏ္ဌာန်ပညတ်အမျိုးမျိုး, အရုပ်မျက်နှာ ပညတ်, ကာလပညတ် အခိုက်အတန့်ပညတ်, ဘုံဌာနပညတ်, ပုဂ္ဂိုလ်သတ္တဝါပညတ်စသည်ဖြင့် လူနတ်ဗြဟ္မာ သတ္တဝါတွေက အသိအမှတ်ပြုထားတဲ့ ပညတ်အမျိုးမျိုးပါပဲ၊ အာကာသဓာတ် ဆိုတဲ့ အနိပ္ဖန္နရုပ်လဲ အဲဒီအထဲမှာ ပါဝင်ပါတယ်–လို့ယူရပါတယ်။

## သင်္ခတ၊ အသင်္ခတ နှစ်ပါးတွင်ပါဝင်တဲ့ဉေယျဓမ်တရား

အဲဒီဉေယျဓမ်တရားငါးပါးဟာ သင်္ခတနှင့် အသင်္ခတ နှစ်ပါး ထဲ အတွင်းဝင်ပါတယ်။ ဒါကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ (၃၄၀) မှာဒီလိုပြထားပါတယ်။

ပဉ္စနေယျပထပ္ပဘေဒံ–ဉေယျဓမ်တရားငါးပါး အပြားရှိသော၊ သဗ္ဗံ–အလုံးစုံကို၊ အညာသိ–သိတော်မူလေပြီ၊ ဣတိ၊ ဤအကြောင်းကြောင့်၊ သဗ္ဗညုတ–သဗ္ဗညုမည်တော်မူ၏၊ ဟိ–မှန်ပေ၏၊ သင်္ခတာသင်္ခတာဒိဘေဒါ–သင်္ခတ, အသင်္ခတ စသည်အပြားရှိကုန်သော၊ သဗ္ဗဓမ္မာ–အလုံးစုံသောတရားတို့ သည်၊ သင်္ခါရဝိကာရလက္ခဏနိဗ္ဗာနပညတ္တိဘေဒါ–တိ– သင်္ခါရတရား, ဝိကာရတရား, လက္ခဏတရား, နိဗ္ဗာန်တရား

ပညတ်တရား–ဟူ၍၊ ပဉ္စဝနေယျပထာ–ဒေယျခံတရားငါးပါး တို့သည်သာလျှင်၊ ဟောအပ်–ဖြစ်ကုန်၏၊ အဲဒီလိုပြထားပါတယ်။

## ဗုဒ္ဓစက္ခု–ဘုရားမျက်စိ

အဲဒီဒေယျခံတရား ငါးပါးကိုသိရာမှာ ဝေနေယျသတ္တဝါ တို့ရဲ့ သဒ္ဒါအစရှိတဲ့ဣန္ဒြေ အနုအရင့်ကိုသိတာလဲပါတယ်။ အလိုအကြိုက်အာသယနှင့် အနုသယကိလေသာတို့ကို သိတာလဲ ပါတယ်၊ အဲဒီလိုသိတဲ့ ဣန္ဒြိယပရောပရိယတ္တိဉာဏ်နှင့် အာသယာ နုသယဉာဏ်–ဆိုတဲ့ ဒီဉာဏ်နှစ်ပါးကို ဗုဒ္ဓစက္ခု–ဘုရားမျက်စိ– လို့ခေါ်တယ်။

အဲဒီဘုရားမျက်စိဖြင့် ကျွတ်ထိုက်တဲ့သတ္တဝါတွေကို ကြည့်ရှုရွေးချယ်တော်မူပါတယ်၊ အဲဒီလိုကြည့်ရှု ရွေးချယ်ပြီး အဲဒီကျွတ်ထိုက်တဲ့သတ္တဝါတွေကို ဟောသင့်တဲ့အချိန်မှာ ဟောသင့် တဲ့တရားကို ဟောတော်မူပါတယ်။

ဒါကြောင့် "အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက်ရေး မခက်ပါ"ဆိုသလိုပင် မြတ်စွာဘုရား၏ တရားတော်ကို နာကြား ရတဲ့ ပုဂ္ဂိုလ်ပေါ့ဟာ အလျင်အမြန်တရားထူးကို ရသွားကြ ပါတယ်။

## ဗုဒ္ဓဂုဏ်တော်ရဲ့စွမ်းရည်သတ္တိ

အဲဒီလိုတရားဟောရာမှာ ဝေနေယျသတ္တဝါတို့ရဲ့ အခြေ အနေကို သိတာရယ်၊ ဟောသင့်တဲ့တရားကို သိတာရယ်၊ ဘယ်လိုဟောရမည်ဆိုတဲ့ ဟောသင့်တဲ့အခြင်းအရာကို သိတာရယ်၊ ဒီသုံးပါးလဲ ဗုဒ္ဓဂုဏ်တော်ရဲ့ စွမ်းရည်သတ္တိတွေပါပဲ။

ဒါကြောင့် "ပဇာယ၊ ဝေနေယျသတ္တဝါအပေါင်းကို၊ ဗောဓေတာ-သိစေတော်မူတတ်၏၊ ဝါ၊ တရားထူးကိုသိအောင် ဟောတော်မူတတ်၏၊ ဣတိ-ဤအကြောင်းကြောင့်၊ ဗုဒ္ဓေါ-ဗုဒ္ဓမည်တော်မူတယ်"လို့လဲဖွင့်ပြထားပါတယ်။ ဒါကြောင့် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက ဗုဒ္ဓဂုဏ်တော်ဖွင့် ဘုရားရှိခိုးမှာ ဒီလိုရေးစီထားပါတယ်။

## ဗုဒ္ဓဂုဏ်တော်ဖွင့်ဘုရားရှိခိုး

စိတ်တစ်ခုယုတ်ကိုးဆယ်၊ စေတသိတ် ၅၂-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါးဟူသော သင်္ခါရတရား၊ ဝိကာရရုပ်ငါးပါးဟူသော ဝိကာရတရား၊ သာမညလက္ခဏာ-ဟူသော လက္ခဏာတရား၊ နိဗ္ဗာန်တရား အမျိုးမျိုးသောပညတ်တရားအားဖြင့် ပိုင်းခြား၍ သိသင့်သိထိုက်သော ဉေယျဓမ္မတရားငါးပါး၊ သင်္ခတ, အသင်္ခတ စသည်ပြားသော တရားအလုံးစုံကို ကိုယ်တော်တိုင်သိတော်မူပြီး၍ ဝေနေယျများစွာ ဗြဟ္မာနတ်လူသုံးဘုံသူတို့အားလဲ ဟောကြား ညွှန်ပြလျက် သိသင့်သမျှ အလုံးစုံသိတော်မူတတ်သောကြောင့် ရတော်မူသော ဗုဒ္ဓဟူသောအမည်တော်နာမဝိသေသ ဂုဏ်တော်နှင့် ပြင့် မိုးစွန်ဘဝဂ် မဆန့်တက်အောင် နှံ့လျက်ကျော်စောတော်မူပေ သောမြတ်စွာဘုရား။

(မဟာစည်ပဋိစ္စသမုပ္ပါဒ်တရားတော် ဒုတိယတွဲမှ ကောက်နုတ် ဖော်ပြပါသည်။)

# ဘဂဝါဂုဏ်တော်ဖွင့်

၁။ ဣဿရိယ၊ ဓမ္မ ယသ–ရှိ၊ သိရီကာမ၊ ပယတ္တ ပြည့်ဝ ဘဂဝါ ဘုရား။

၂။ ဘဂ–ဘုန်းတော်များ၊ ဝါ–ရှိသည်၊ ဘဂဝါ–ဘုန်းတော် ရှိသော ဘုရား။

သူတစ်ပါးထက် သာလွန်ကဲတဲ့ ဘုန်းတော်များရှိတဲ့ဘုရား– လို့ ဆိုလိုပါတယ်၊ ရှေးကောင်းမှုကံများကြောင့် ဖြစ်တဲ့ အကျိုးဂုဏ် အင်များကို 'ဘဂ'–'ဘုန်း' လို့ခေါ်တယ်။ မြတ်စွာဘုရား၌ လွန်ကဲ ထူးခြားစွာ ဖြည့်ဆည်းပူးတော်မူခဲ့တဲ့ ပါရမီ–ဆုတောင်းမှု အစွမ်း ကြောင့် သူတကာထက်သာလွန်ကဲတဲ့ ဘုန်းတော်များကို ရတော် မူတယ်။

## ဘုန်းတော်ခြောက်ပါး

အဲဒီဘုန်းတော်များကို "၁–ဣဿရိယ၊ ၂–ဓမ္မ၊ ၃–ယသ၊ ၄–သိရီ၊ ၅–ကာမ၊ ၆–ပယတ္တ" လို့ ခြောက်ပါးခွဲပြပါတယ်။

## ဣဿရိယဘုန်းတော်

အဲဒီဘုန်းတော်ခြောက်ပါးတွင် ဣဿရိယဘုန်းတော်ဆိုတာ အစိုးရခြင်းပင်ဖြစ်ပါတယ်။

မြတ်စွာဘုရားဟာ စက်ဆုပ်ဖွယ်အာရုံကို စက်ဆုပ်ဖွယ် မရှိတဲ့အဖြစ်ဖြင့် ရှုတော်မူနိုင်တယ်။

စက်ဆုပ်ဖွယ်မရှိတဲ့အာရုံကို စက်ဆုပ်ဖွယ်အဖြစ်ဖြင့် ရှုနိုင်တယ်။

စက်ဆုပ်ဖွယ်အာရုံ, မစက်ဆုပ်ဖွယ်အာရုံမှန်သမျှကို ဥပေက္ခာပြု လျစ်လျူရှုနိုင်တယ်။

မြတ်စွာဘုရားဟာ အဲဒါလို ဤဣ, အနိဋ္ဌ ဆိုးကောင်းအာရုံ အမျိုးမျိုးကို လိုသလိုရှုရန် မိမိရဲ့စိတ်တော်ကို လွန်စွာအစိုးရတော်မူပါတယ်၊ အဲဒီလို စိတ်တော်ကို အစိုးရခြင်းကိုလဲ "ဣဿရိယ-ဘုန်းတော်"လို့ဆိုရပါတယ်။

## ဣဿရိယဘုန်းတော်ရှစ်ပါး ဘုရားရှိခိုး

ဒါ့ပြင် "အဏိမာ" စတဲ့ဘုန်းတော်ရှစ်ပါးကိုလဲ "ဣဿရိယဘုန်းတော်"လို့ပင်ဆိုရပါတယ်။

ဒီနေရာတွင် ဣဿရိယဘုန်းတော်ရှစ်ပါး ဘုရားရှိခိုးကို ဖော်ပြလိုက်ရင် အကျဉ်းအားဖြင့်လဲသိပြီး အရကျက်မှတ်ရှိခိုးလိုသူအတွက်လဲ အဆင်ပြေသွားပါတယ်။ ဒါကြောင့် သပြေကန်ပရိတ်ကြီး နိဿယသစ်မှ ကူးယူဖော်ပြလိုက်ပါတယ်။

အဏိမာ လဃိမာပတ္တိ၊ ပါကမ္မံ မဟိမာတထာ။
ဣသိတာစ ဝသိတာစ၊ ယတ္ထ ကာမာ ဝသာယိတာ။
ဣဿရိယဂုဏ ဘာပေတံ၊ ဝန္ဒေ အပ္ပဋိပုဂ္ဂလံ။

အဏိမာစ-အနုမြူသဖွယ် သေးငယ်ပုံဟန် ဖန်နိုင်စွမ်းဘိ အဏိမာခေါ် ဘုန်းတော်ကတစ်မျိုး၊ လဃိမာစ-လေဝယ်လွင့်ပါး

ဝါဠမ်းလားသို့ ငှက်များပုံသွင် ထက်ကောင်းကင်၌ ခြေလျင်လျှင် လျှားကြွသွားနိုင်ဘိ အစွမ်းရှိသည့် လဃိမာခေါ် ဘုန်းတော်က တစ်ဖုံ၊ ပတ္တိစ–အဓိဋ္ဌာန်ဖြင့် စိတ်ကြံတိုင်းသာ လိုရာဒေသမှန်သမျှ သို့ မကြာရလျှင်း ခဏချင်းပေါက်ရောက်စွမ်းနိုင်ဘိ ပတ္တိ– ဟုခေါ် ဘုန်းတော်ကတစ်တန်၊ ပါကမ္မ–ရှင်မြတ်စိတ်တွင် ဖြစ်စေချင်သည့် ပုံသွင်စသည်အလီလီကို လိုသလိုဖန် စီမံသမျှ ပြီးစီးရသည့် ပါကမ္မခေါ် ဘုန်းတော်ကတစ်ရပ်၊ မဟိမာစ– ကိုယ်တော်မြတ်ကို ကြီးလိုသမျှ ရူပပုံဟန် ဖန်နိုင်စွမ်းဘိ မဟိမာခေါ် ဘုန်းတော်ကတစ်သွယ်၊ ဓာထ–ဘုန်းတော်ဆိုသမျှ မလိုရအောင် ထိုမှတစ်ပါး၊ ဣသိတာစ–နတ်လူပြဟ္မာသတ္တဝါကို လိုရာလိုရာ အပါဆောင်ကြဉ်း စိုးပိုင်ခြင်းဟု နိုင်နင်းသတ္တိ ဣသိတာခေါ် ဘုန်းတော်ကတစ်ဝ၊ ဝသိတာ–ဣန္ဒြိမော် ဝသ် ဘော်၌ ပြိုင်ဖော်မရှိ စွမ်းနိုင်ဘိသည့် ဝသိတာခေါ် ဘုန်းတော်က တစ်ပါး၊ ယတ္ထကာမဝသာယိတာစ–ကောင်းကင်းပျံရိုး မြေလျှိုး စသည့် အလီလီရှုမှုအဝဝ ပြုသမျှတွင် ပြီးစေချင်သော် မတင်မကျ မရှိရအဲ လုံးဝမသွေပြီးစေနိုင်ဘိ အစွမ်းရှိထ ယတ္ထကာမဝသာ ယိတာခေါ် ဘုန်းတော်ကတစ်ခု၊ ဣတိ– ဤသို့၊ ဣဿရိယဂု ဏောပေတံ–အရာရာမျိုး အစိုးတစ်ရ ဣဿရိယ–ဟု ရှစ်ဝအစုံ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော၊ အပ္ပဋိပုဂ္ဂလံ–ပြိုင်ဖက်ရည်တူ မရှိမူ၍ လူ့ထက်လဲမြတ် နတ်ထက်လဲသာ ပြဟ္မာဦးညွတ် ထွတ်ဖျားသခင်ရှင်ကောက်မြတ်ဘုရားကို၊ဝန္ဒေ–ဝန္ဒာမိ–ထူးမြတ်ရှစ်

တန်ခိုးဂုဏ်တွင် အာရုံထားကာ ပွားသဒ္ဒါဖြင့် များစွာမြတ်နိုး ဦးညွတ်လျှိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

ဒီပါဠိဂါထာပါဌ်နိဿယကို ဖော်ပြပြီးနောက် သံပေါက်လင်္ကာဖြင့် ရှိခိုးလိုသူများအတွက် ရေးသားလိုက်ပါဦးမယ်။

## ဉာဿရိယဘုန်းတော်ရှစ်ပါး သံပေါက်လင်္ကာများ

၁။ အနုမြူသဖွယ်၊ သေးသေးငယ်၊ စွမ်းတယ် 'အဏိမာ' ဘုန်းတော်။

၂။ ငှက်သွင်ဝါဂွမ်း၊ ကောင်းကင်လမ်း၊ ပျံစွမ်း 'လဃိမာ' ဘုန်းတော်။

၃။ အဓိဋ္ဌာန်မြောက်၊ စိတ်ကြံပေါက်၊ သွားရောက်မြန်ဘိ 'ပတ္တိ' ဘုန်းတော်။

၄။ စိတ်ကြံသမျှ၊ ပြီးစီးရ၊ စွမ်းလှ 'ပါကမ္မ' ဘုန်းတော်။

၅။ ကြီးလိုသမျှ၊ ကိုယ်ကာယ၊ ကြီးထစွမ်းနော် 'မဟိမာ' ဘုန်းတော်။

၆။ နတ်လူဗြဟ္မာ၊ သတ္တဝါ၊ လိုရာဆောင်ဘိ 'ဤသိတာ' ဘုန်းတော်။

၇။ ဉာဒ္ဓိဝိဓော်၊ ဝသိဘော်၊ နိုင်သော် 'ဝသိတာ' ဘုန်းတော်။

၈။ မြေလျှိုးမိုးပျံ၊ တန်ခိုးလျှံ၊ စွမ်းသန် 'ယတ္ထ ကာမဝသာယိတာ' ဘုန်းတော်။

၉။ ဘုန်းတော်ရှစ်ပါး၊ ပြည့်စုံကြွား၊ ဘုရားရှိခိုး မြတ်ပူဇော်။

## ကျေးဇူးတော်ရှင် စက္ကိန္ဒာဘိသိရိ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ၊ ညောင်ကန် ဦးဗုဓ်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော ဘုရားဂုဏ်တော်ဖွင့်ဘုရားရှိခိုး

## ဘုရားဂုဏ်တော်ကိုးပါးအနက်

(၁) ယောဘဂဝါ–အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ ဣမိနာစကာရဏေန–ဤသို့လိုချင်ခြင်းလောဘ, အမျက်ထွက်ခြင်းဒေါသ, မိုက်မဲတွေဝေခြင်းမောဟ, ထောင်လွှားခြင်းမာန, အမြင်မှားခြင်းဒိဋ္ဌိ, ယုံမှားသက်ာရှိခြင်းဝိစိကိစ္ဆာ, မနှံခြင်းထိန, ပျံ့လွင့်ခြင်းဥဒ္ဓစ္စ, ဒုစရိုက်မှမရှက်ခြင်း အဟိရိက, မကြောက်မလန့်ခြင်း အနောတ္တပ္ပ–တည်းဟူသော ကိလေသာ ၁၀–ပါးတို့ကြောင့်ဖြစ်သော ပူပန်ခြင်းသောကတို့၏ တည်ရာ များစွာသော ဣဋ္ဌ, အနိဋ္ဌ အာရုံတို့၌ တွေ့ကြုံသမျှသော အဖြစ်အပျက်တို့ဖြင့် နှိပ်စက်မှုတွေ့ ညစ်ညူးစေတက်သော ကိလေသာအပေါင်းတို့မှ အချင်းခပ်သိမ်း ဝါသနာနှင့်တကွ ဝေးတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

ဥပါဒ်ဘေးဒဏ် ရန်မာန်အန္တရာယ် အပါယ်လေးရပ်တို့ဖြင့် မပြတ်ညှဉ်းဆဲလျက် ဆင်းရဲဒုက္ခကိုသာ ဖြစ်စေတတ်သောကြောင့် ရန်သူမည်ကုန်သော ဆိုအပ်ခဲ့ပြီးသော ကိလေသာအရပ်ရပ်တို့ကို အရဟတ္တမဂ် ဥဏ်သန်လျက်ဖြင့် တစ်ချက်တည်းလျှင် ကုန်စင်ကြွင်းမဲ့ ချိုးဖွဲ့ဖျက်ဆီးတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊

ကာလသုံးစဉ်, အယာဉ်သုံးထပ်, အစပ်သုံးဖြာ, အလွှာလေးဆင့်, ချင်းရာနှစ်ဆယ်, နှစ်သွယ်မြစ်မှာ, အင်္ဂါတစ်ဆယ့်နှစ်ပါး တရားအစုတို့သည် ကြိမ်ဖန်များစွာ လည်ကာမပြတ်ဖြစ်တတ်, ပျက်တတ်သော အခြင်းအရာဖြင့် ဝင့်သံသရာစက်ရဟတ်ဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်၏ အချက်အကန့်အကွက်တို့ကို ဗောဓိမဏ္ဍာလရပ်ဒေသဝယ် သီလတည်းဟူသော မြေ၌ခြေတော်အစုံတည်းဟူသော ဝီရိယဖြင့် ညီမျှသန့်ရှင်းဖြောင့်စင်းမတ်မတ်ရပ်တော်မူ၍ စင်ဖြူကြည်စွာ သဒ္ဓါလက်လှ ကိုင်ထစွဲမှတ်အကြွင်းမဲ့ဖြစ်တတ်သော အရဟတ္တမဂ် သန်လျက်ရွှေဓား ဉာဏ်စက်သွားဖြင့် ထွားထွားညက်ညက် ချိုးဖျက်ခုတ်ဖြတ်တော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဦးကင်းထိပ်ခေါင်ဥဿျောင်တင့်ဆုံး ရွှေတုံးအတူမြတ်တော်မူ၍ နတ် လူ ဗြဟ္မာအာဏာရှိန်ပြင်း အမင်းမင်းတို့ ဝပ်စင်းတုပ်ပျပ် ရှိဦးညွတ်လျက်ပူဇော်အပ်သမျှသော ပစ္စည်းလေးဖြာ ပူဇာသက္ကာရအထူးကို ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

ဤလောက၌ သီလ, သမာ ပညာရှိယောင်ဆောင်ကုန်သောသူတို့သည် လူတကာတို့ကဲ့ရဲ့မည်ကို ကြောက်သောကြောင့်အလျောက်ဘာသာ ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျူ မကောင်းမှုကို ပြုကြကုန်သကဲ့သို့၊ ထိုမြို့တူလည်း မြူနည်းပြောထူထိုထိုလူနှင့် မတူ ကွဲပြား မြတ်ဘုရားသည် အခြား တစ်သီး

ပိတ်ဆီးကွယ်ကာ ဆိတ်ငြိမ်ရာ၌ ယုတ်မာညစ်ညူး မကောင်းမှုကို ပြုခြင်းမှာထိုက်တော်မမူသည်၏ အဖြစ်ကြောင့်လည်းကောင်း။ သောဘဂဝါ-ထိုမြတ်စွာဘုရားသည်၊ အရဟံ-အရဟ မည်တော်မူ၏၊ ဣတိ ဂုဏာသမ္ဘန္န-ဤသို့ အရဟံဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်းရတနာမြတ် အင်္ဂါဖြင့်၊ နမာမိ-ရှိသေ မြတ်နိုးရှိခိုးပါ၏ဘုရား။

(၂) ယောဘဂဝါ-အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ-ဤမိန့်ခဲ့ကာရဏာေန-ဤသို့သုံးပါး လောကအနန္တ၌ နာမ-ရူပသင်္ခါရဖြင့် နိယာမ်အစဉ် အလျဉ်မပြတ် ဖြစ်တတ်သမျှ သင်္ခါရ-ဏ ဝိကာရနှင့်၊ လက္ခဏာတစ်တန် နိဗ္ဗာန်တစ်ရပ်၊ ပညတ်တစ်ခြား ဤသို့အစာဖြင့် ငါးပါးဉေယျ ဓမ္မအပြား မှုပ်တရားတို့ကို သူတစ်ပါးထံ နည်းမခံဘဲ သယမ္ဘူတမြတ် ဉာဏ်ဖြင့် သဘာဝကိစ္စအလျောက် မဖောက်မပြန် ဟုတ်မှန်တိုင်း သ၊ နော်လာမယွင်း ထိုးထွင်း၍ သိတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။

ကာမဂုဏ်မြူညစ်၌ အပြစ်ကိုမမြင်သည်ဖြစ်၍ ပျော်ရွှင် မြူးတူး ယစ်မူးမွေ့လျော်ခြင်းနှင့်သာ သံသရာနှင့်တကွ မောဟ တဏှာ ကိလေသာအပေါင်းတို့မှ အလုံးစုံသောတရားတို့ကို သိသဖြင့် မိမိအလိုလိုသာ ကောင်းစွာနိုးတော်မူသည်၏ အဖြစ် ကြောင့်လည်းကောင်း။

နေကိုလင့်၍ ပွင့်သောကြာသည် နေ၏အရောင်အဝါနှင့် စပ်ယှက်သဖြင့် မြတ်သော အရောင်အသရေ ပြေပြစ်ရှုဖွယ် တင့်တယ်ခြင်းသို့ ရောက်သည်ဖြစ်၍ အသင့်အားဖြင့်ပွင့်သော ပဒုမ္မာကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့် ဆက်ဆံရောနှောသည် ဖြစ်၍ မနှိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးအထူးဝိသေသ ဒသဗလ ဆ အသာဓာရဏအစု စတုဝေသာရဇ္ဇ ဣဿရိယစသော ဘုန်းတော်ခြောက်မည် ရောင်ခြည်တော်ခြောက်သွယ် အံ့ဘွယ် တော်တစ်ဆယ့်ရှစ်ဖြာ လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်စွာ တန်းဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ ကိုယ်တော်တိုင်သာလျှင် အသင့်အားဖြင့် ပွင့်ခြင်းသို့ ရောက်တော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း။

ဘုရား, ပစ္စေကဗုဒ္ဓါရဟန္တာတို့ စဉ်လာမှီဝဲကျင့်မြဲထုံး ဟောင်း လမ်းကြောင်းသဖွယ်ဖြစ်သော အရိယမဂ်ပေါင်း တစ်ကြောင်းတည်းသော ခရီးဖြင့်သာ မဟာနဂရနိဗ္ဗာနသို့ ကြွရောက်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

မဂ်, ဖိုလ်, နိဗ္ဗာန်ရတနံကြုံကြိုက် ထိုက်ထိုက်သမျှ များလှ သတ္တဝါဝေနေယျာကို ထုတ်ခါဖော်ပြ ရွှေနှုတ်ဟလျက် ဓမ္မရသာ သောက်စေငှာလျှင် သစ္စာလေးထွေ တရားရေကို ခွဲဝေစိပ်ဖြာ ဒေသနာဖြင့် ငြိမ်စွာနက်လေး တိုက်ကျွေးတော် မူသည်၏အဖြစ်ကြောင့်လည်းကောင်း၊ သောဂတဘဝါ-ထိုမြတ်စွာ ဘုရားသည်၊ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊

လောကဝိဂုဏာ သမ္ဗန္ဓ-ဤသို့ သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ-ရှိသေမြတ်နိုး၍ရှိခိုးပါ၏ဘုရား။

(၃) ယောဘဂဝါ-အကြင်မြတ်စွာဘုရားသည်၊ လောကိယ်-လောကိနာစကာရဏေန-ဤသို့အသချေ လွန်လေများစွာ ကမ္ဘာဘဝ တို့က ဖြစ်ခဲ့သမျှသော ခန္ဓာအစဉ်နေရာဌာန အမျိုး, အမည် အရည်အချင်း အဆင်းသဏ္ဌာန်တို့ကို မကျန်မကြွင်းသိမြင်တော် မူခြင်းတည်းဟူသော "ပုဗ္ဗေနိဝါသာနုဿတိဉာဏ်" အဝေး, အနီး ပိတ်ဆီးကွယ်ကာ အရပ်မှာ၌ မြင်စရာရှိသမျှ သတ္တ, သုခမဖြစ်သောအဆင်းသဏ္ဌာန် ပစ္စုပ္ပန်ရူပါရုံတို့ကို အကုန်အစင် သိမြင်နိုင်သော "ဒိဗ္ဗစက္ခုဉာဏ်" ကမ္မ, ဂတိ, စုတိ, ပဋိသန္ဓေတို့ဖြင့် ဖြစ်လေသမျှ သတ္တဝါတို့၏လားရာ၊ ဒုဂ္ဂတိ, သုဂတိအမျိုး အကျိုးပေးသည်တို့ကို သိတော်မူနိုင်ခြင်း တည်းဟူသော "စုတူပပါတဉာဏ်" -ထိုထို ဘဝဖြစ်သမျှ၌သုခ, ဒုက္ခ၏ အကြောင်းဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ဝေဖန်၍ သိခြင်းတည်းဟူသော "ယထာကမ္မုပဂဉာဏ်" ဖြစ်လတ္တံ့သော ကာလ ဘဝများစွာ ကမ္ဘာအသချေ ကုန်သော်လည်း မသွေမလှန် မှန်သောအတိုင်းမြင်နိုင်သော "အနာဂတံသဉာဏ်" ထိုဉာဏ် လေးပါးတို့၏အပေါင်းအစုဖြစ်သော "ဒိဗ္ဗစက္ခုဉာဏ်" အဝိစိ, ဘဝဂ်-အောက်,ထက် ထုတ်လျှိုးစီးယိုပုပ်သိုးတတ်သော ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ မောဟပိတ်ဆုံး

ယေါင်းရုံးယုက်မှေး ညစ်ကြေးထူပြော အာသဝေါကို ကွာလျော့ဖြတ် ချေကုန်စေတတ်သော "အာသဝက္ခယဉာဏ်" သုံးတန်ပညာ ပု,ဒိ,အာဟု ဝိဇ္ဇာမည်ရ ဤဩနကား ဘယ ဘေရဝ သုတ်မှ လာသည် ဝိဇ္ဇာမည်၏။

ယင်းသည်မှတစ်ပါး အထူးထူးအပြားပြား များသော အားဖြင့် ရုပ်ပွားသဏ္ဌာန်တို့ကို အလိုရှိတိုင်းဖန်ဆင်းတော် မူနိုင်ခြင်း တည်းဟူသော "ဣဒ္ဓိဝိဓဉာဏ်"ဝေး, နီးစကြာဝဠာ အရပ်မှာ၌ သတ္တဝါတို့၏အာသာအစု စိတ်ဥတုတို့ကြောင့်ဖြစ်သော သိမ်မွေ့ သောအသံတို့ကိုလည်းကြားနိုင်သော "ဒိဗ္ဗသောတဉာဏ်" လွန် လေပြီးခါ ရက်သတ္တာနှင့် နောက်လာကာလ သတ္တာဟ၌ပရစိတ္တ တိက္ခ, မုဒု ရင့်, နု ဣန္ဒြေကိလေသာမြူ အထူ,အပါး နည်းများ အစုစု, သုဝိညာသုဒ္ဓါကာရဟူသမျှကို မှချထင်ထင် သိမြင်နိုင်သော "စေတောပရိယဉာဏ်" လောကခံ၌ဖောက်ပြန်၍ ဖြစ်သမျှ သခ်ါရတို့၏ အခြင်းအရာဖြစ်သော လက္ခဏာရေး သုံးပါးတို့၏ သဘောကို ဟုတ်သောအတိုင်း မြင်နိုင်သော "ဝိပဿနာဉာဏ်" စိတ္တ, ဆန္ဒရှိသမျှအပေါင်း၌ အလိုအတိုင်း ပြီးစေနိုင်သော "မနောမယိဒ္ဓိဉာဏ်" ဓလေ့ဖန်ပိုင်းခြား ဤသို့အားဖြင့်ငါးပါး ဤတွင် ယခင်က သုံးပါးလောင်းထားသဖြင့် ဤရှစ်ဆင့်လည်း တစ်နည်းမည်ရအမွှန်ဟု သုတ်မှလာသည် ဝိဇ္ဇာမည်၏။

တည်ကြည်မြဲမြဲ ဖြောင့်မှန်ချမ်းမြေ့သိမ်မွေ့တော်မူသည် ဖြစ်၍ ကိုယ်နှုတ်နှလုံးတို့ကို ကောင်းစွာစောင့်စည်းတော်မူခြင်း

တည်းဟူသော "သီလသံဝရ" စကျွ, သောတ စသည် ခြောက်ပုံ စိတ်အာရုံ၌ လုံခြုံသောတံခါးရှိတော်မူခြင်း တည်းဟူသော "ဣန္ဒြိယေသုဂုတ္တဒွါရတာ" ဘောဇဉ်ငါးဖြာ ရသာနက်လေး ဘုဉ်းပေးပရာဘုတ်ရာ၌ အယုတ်, အလွန်ကိုသိတော်မူခြင်း တည်း ဟူသော "ဘောဇနေမတ္တညုတာ" နိုးကြားလုလ္လ ဥဿာဟနှင့် တကွ ယှဉ်တော်မူနိုင်ခြင်းတည်းဟူသော "ဇာဂရိယာနုယောဂ" ဟူ၍ သီလလေးပါး၊ သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ သချာ ၇ပါး တရားသဒ္ဓမ္မ-ရူပါဝစရ စတုက္ကဈာ- ဈာနလေးပါး-ပေါင်းသောအားဖြင့် ဘုရားမြတ်စွာ အရိယာတို့ စဉ်လာကျင့်ထုံး လက်သုံးမှန်လှ စရဏတစ်ဆယ့်ငါးဖြာ မြဲမကွာသည့် ဝိဇ္ဇာဉာဏ်အပေါင်းနှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့်လည်း၊ သောဘဂဝါ-ထိုမြတ်စွာဘုရားသည်၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ဣတိဂုဏသမ္ပန္န-ဤသို့ ဝိဇ္ဇာစရဏဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ နမာမိ- ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၄) ယောဘဂဝါ-အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ- ဣမိနာစကာရဏေန-ဤသို့ ဒီပင်္ကရာ မြတ်စွာဘုန်းလျှံ ရှင် တော်ထံဝယ် ဆုပန်သည်မှ နေ့ကစ၍ များလှလွန်လေ လေးသင်္ချေ နှင့် ထွက်ရေမှန်စွာ ကမ္ဘာတစ်သိန်းကာလပတ်လုံး အဆုံးမရှိ အပရိမာနဝေနေယျတို့၏ ချမ်းသာစီးပွားများမည့်အကြောင်း၊

ကောင်းသောအားထုတ်ခြင်း၊ အယုတ်တရားနှစ်ပါးသို့မကပ် သဿတ, ဥစ္ဆေဒဒိဋ္ဌိတို့၌ မငြိမတွယ်သုံးဆယ်ပါရမီ အညီမယွင်း စွန့်ခြင်းကိစ္စ စရိယသုံးပါး များသောကျင့်ဝတ်ပဋိပတ်ဖြင့် ကောင်းမြတ်စွာ လာတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

ပါရမီပုညသမ္ဘာရ၏ ဝိဝသေသဂုဏ်အလုံးစုံကြောင့် ရွှေဘုံ အောင်ခန်း သာငြိမ်းချမ်းသား ထူးဆန်းကဲလွန် ဘေးဒဏ် မနှောရှင်တော်ဟောသည့် ကောင်းသောနိဗ္ဗာန်သို့ ဧကန်ထုတ် ခြောက် ကြွရောက်တော်မူသည်၏ အဖြစ်ကြောင့်လည်ကောင်း။

သမ္ဗုဒ္ဓဆု ရမှုသန့်စွာ စေတနာထက်ထက် ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ အရိယာမဂ် စဥ်မပျက်သား ခဲခက်မြင်ကျယ် သူတော်နွယ်ဖြင့် တင့်တယ်သော သွားခြင်းရှိတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

ထိုထိုမဂ်ဖြင့် မ–ပျက်ပယ်ခွာ ကိလေသာလည်း တစ်ခါ တစ်ဖန် မဖြစ်ပြန်သဖြင့် ဖြောင့်မှန်စွာ သွားတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

အကျိုးမရှိသည့်အရာ၌ သူနာလိုသည်, မနာလိုသည် စကားနှစ်တန်တွင် မဟုတ်–မမှန်သည် ဟုတ်မှန်သည်နှင့် စပ်သော လေးရပ်သော စကားတို့ကို ပယ်ရှားစွန့်ခွာ၍ ဟုတ်မှန်သောအရာ၌ သူနာလိုသည် တစ်ချက်, သူမနှစ်သက်သည် တစ်ပါး စကားနှစ်မျိုးတို့ကို အကျိုးရှိက ဂတိသို့မလိုက် ဖြစ်

ထိုက်သည်အားလျော်စွာ ဟောဆိုတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။ သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ သုဂတော–သုဂတမည်တော်မူ၏၊ ဣတိဂုဏသမ္ပန္နံ–ဤသို့ သုဂတဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ–အကျွန်ုပ်သည် သိရသာ–ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ–ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၅) ယောဘဂဝါ–အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ–ဣမိနာစ ကာရဏေန–ဤသို့ လူနတ်ဗြဟ္မာ များစွာခပင်း ဆင်မြင်းကျွဲနွား စသောအားဖြင့် ထူးခြားကြီး,ငယ် အရွယ် ဟန်ပန် သဏ္ဌာန်ထွေထွေ အခြေမရှိ ဒွိနှင့်စတု ဗဟုပါဒ နာမသညာ အင်္ဂါကွဲပြား ထင်ရှားဖြစ်ကြ ဝေါဟာရဟု သတ္တဝါအပေါင်း အစုသည် တစ်ခုတစ်ခုသော စကြဝဠာတို့၌ သချာ,သချေ မရေတွက်အပ် ဣန္ဒြေနှင့်စပ်သော်လည်း ပညတ်ဟူသမျှသော "သတ္တလောက"၊

ဣန္ဒြေနှင့်တကွ မုချ ဆတ်ဆတ် ပရမတ္ထသဘော ရောနှော ပြုပြင်သမျှ ပဋိစ္စသမုပ္ပါဒ် မပြတ်ဆက်ခါ သံသရာဟု ခန္ဓာ, အာယတန, ဓာတ်တို့၏အပေါင်းသည် အကြောင်းလျှင်တည်ရာ ရှိသော အာဟာရဋ္ဌိတိအားဖြင့်တစ်ပါး၊ ရုပ်, နာမ်အားဖြင့်နှစ်ပါး၊ ဝေဒနာအားဖြင့်သုံးပါး၊ အာဟာရအားဖြင့်လေးပါး၊ ခန္ဓာအားဖြင့် ၅ပါး၊ အာရုံ, အာရမ္မဏိက အားဖြင့် ၆ပါး၊ ဝိညာဏဋ္ဌိတိအားဖြင့် ၇ပါး၊ လောကဓမ္မအားဖြင့် ၈ပါး၊ သတ္တဝါသအားဖြင့် ၉ပါး၊

အာယတနအားဖြင့် ၁၂ပါး၊ ဓာတ်အားဖြင့် ၁၈ပါး အပြားရှိသော ကံ, စိတ်, ဥတု အာဟာရတည်းဟူသော အကြောင်းတရား ၄ပါးတို့သည် ပြုပြင်အပ်သမျှ တရားအစုတည်းဟူသော "သင်္ခါရလောက"၊

အောက်, ထက်နှစ်ပြင် ကောင်းကင်နှစ်ပါးဖြင့် ပိုင်းခြားအပ်သောမြင့်မိုရ်, စကြဝဠာ, ဟိမဝန္တာ, သမုဒ္ဒရာ, သီတာ, အိုင်, အင်း, ကုန်း, ကျင်း, တော, တောင် ဘုံဆောင်တည်ထွန်း ကျွန်းကြီးလေးသွယ် ကျွန်းငယ်နှစ်ထောင် ဝန်းမျှောင်ရံကာ အရာရာနှင့် ယုဇနာနှစ်သိန်းလေးသောင်း အထုရှိသောမြေ၊ ယုဇနာလေးသိန်းရှစ်သောင်း အထုရှိသောရေ၊ ယူဇနာ ကိုးသိန်းခြောက်သောင်း အထုရှိသောလေတို့၏ တည်ရာ သချာအစုတို့ဖြင့် တစ်ခုတစ်ခုသောစကြဝဠာ၌ မမွတာသဘော အဇ္ဈောဂတဖြစ်သော သတ္တဝါတို့၏ အမျိုး-သိဥ္စိုဝ်း, ကာဠသုတ်, သံဃာတ, ရောအရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိဟု ကပ်ရှိတည်ပြီး ငရဲကြီး ၈ထပ်ကို ပတ်ပတ်ရံလျက် ဥဿဒငရဲငယ် တစ်ရာ့နှစ်ဆယ့်ရှစ်တန် ထိုမှကျန်သောတိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, အပါယ်၄ဘုံနှင့်တကွ မနုဿလူ့ဘုံအစ ကာမ ၁၁ဘုံ၊ ဗြဟ္မာပါရိသဇ္ဇာအစ ရူပ ၁၆ ဘုံ၊ အာကာသာနဉ္စာယတနအစ အရူပ ၄ဘုံ- အလုံးစုံသော "ဩကာသလောက"၊

ဤသို့ဆိုအပ်ခဲ့ပြီးသမျှ သတ္တလောက, သင်္ခါရလောက, ဩကာသလောကတည်းဟူသော လောက ၃ပါးတို့ကို သမန္တ

စက္ခု သဗ္ဗညုဖြင့် တစ်ခုမကျန်သိတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သောဘဂဝါ-ထိုမြတ်စွာဘုရားသည်၊ လောကဝိဒူ-လောကဝိဒူမည်တော်မူ၏။ ဣတိဂုဏသမ္ပန္နံ-ဤသို့လောက ဝိဒူဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ နမာမိ-ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၆) ယောဘဂဝါ-အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ-ဣမိနာစကာရဏေန-ဤသို့သီလက္ခန္ဓ စသည် ပညာ သမာဓိ-က္ခန်ကဲလွန်စွာဘိ တိသမ္ဘဒါ ကိုးဖြာကျေးဇူး ဂုဏ်ထူးမည်ရ တစ်ဌာနနှင့် သကျမျိုးစင် သာကီဝင်ဟု အုံးအင်ပြောစီ စည်ရှည်များမြောင် သုံးပြည်ထောင်၌ ရန်မှောင်မသန်း တက်နေထွန်းသို့ ထက်ဝန်းကြည်ညာ ထင်ရှားစွာသား ရာဇာဓိပ္ပတိ နွယ်ရိုးရှိသည် ဇာတိဝံသအမျိုး တန်ခိုးရှိန်စော် ဘုန်းတော်ခြောက်ပါး ဉာဏ်အားဆယ်ဖြာအ-သာဓာရဏ ဓမ္မခြောက်ခု စတုဝေသာ လက္ခဏာကြီး, ငယ် ခြောက်သွယ်ရောင်ထွေ ကြက်သရေအထူး ကျေးဇူးတော်အစုတို့ဖြင့် ဘုံသုံးဆယ့်တစ်ထပ် ခေတ်သုံးရပ်အလုံးတွင် ပြိုင်နှုံးမမှုအစိုးရသား ဣဿရိယဘုန်းတော်ထသည် ဤသုံးမည်သော တိမဟတ္တဂုဏ်ဖြင့် တစ်စုံတစ်ယောက်သောသူမျှ အတုမရှိသည်ဖြစ်၍ မုနိတကာတို့၏ အထွင့်အထိပ်ဖြစ်သော မုနိန္ဒရာဇာတိမုနိန္ဒ၊ နရာတိနရိန္ဒ၊ ရာဇာတိရာဇိန္ဒ၊ ဒေဝါတိ ဒေဝိန္ဒ၊ သက္ကာတိသက္ကိန္ဒ၊ ဗြဟ္မာတိ ဗြဟ္မိန္ဒ၊ သေဋ္ဌ, ဇေဋ္ဌ အတုလဖြင့် အနုတ္တရမည်

တော်မူသော မြတ်စွာဘုရားသည် ဟိနုပမာအားဖြင့် ရထား၌ မလိမ္မာသောမြင်းကို အချင်းနှင့်လျော်စွာ လိမ္မာအောင် ဆုံးမ တတ်သော ရထားမှူးကဲ့သို့ ရှိခိုးညွတ်ရာ ရတနာသုံးပါးတို့အား ပြစ်မှား ငြိငြင် ဆန့်ကျင်သော အယူဝါဒဖြင့် ဆုံးမနိုပ်စက် အမျက်စောင်းမာန် ခက်ထန်ထောင်လွှား မှောက်မှားရိုင်းပြသည် ဖြစ်၍ မယဉ်ကျေးကုန်သော ဗြဟ္မာနတ်လူ အယူဖောက်ပြန် တိရစ္ဆာန်ထွေပြား နဂါးဘီးလူးတို့ကို အထူးထူးအသွယ်သွယ် အံ့သြဘွယ်သော တန်ခိုးပြာဋိဟာတို့ဖြင့် သမာအယူ၌ တည်စေ ခြင်းငှာ သာသာညှင်းညှင်း နိုင်နင်းအောင် ဆုံးမတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။ သောဘဂဝါ–ထိုမြတ်စွာဘုရား သည်။ အနုတ္တရောပုရိသဒမ္မသာရထိ–အနုတ္တရောပုရိသဒမ္မသာ ဂုဏ်ရတိ မည်တော်မူ၏၊ ဣတိဂုဏသမ္ဗန္ဓ–ဤသို့အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ–အကျွန်ုပ်သည်၊ သိရသာ–ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ–ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၇) ယောဘဂဝါ–အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ–ဣမိနာစကာရဏေန–ဤသို့ပါဏာတိပါတ စသည်များစွာ ပဟာတဗ္ဗ မမ္မအစု မကောင်းမှုတို့ကို ပြုကျင့်သည်ရှိက ဒုဂ္ဂတိ ဘဝသို့ ရောက်ရသည်၏အဖြစ်ကြောင့်လည်းကောင်း။

ဒါန၊သီလ စသည်ထွေထွေ ဘာဝေတဗ္ဗ ဓမ္မစဉ်လာ ဤအရာ၌ သဒ္ဓါယုံကြည် မလည်မဆုတ် အားထုတ်သည်မှာ

ချမ်းသာသုံးပါး ထင်ရှားဥဿုံ ပြည်စုံသည်၏အဖြစ်ကြောင့်
လည်းကောင်း။

မျက်မှောက်နှင့်တမလွန် နှစ်တန်စုံညီ လောကီ, လောကုတ္တရာ ချမ်းသာ,ဆင်းရဲ မလွဲမချွတ်ယုတ်, လတ်, မြတ်ဖြင့် ဖြစ်သင့်သည်အလိုက် ဒုစရိုက် သုစရိုက်အထိုက်အတန် ဝေဖန်သဖြင့် ချီးမြှင့်, နှိမ့်ချဆုံးမတော်မူသည်ဖြစ်၍ လူသုံးဦးတို့၏ ဆရာအဖြစ်သို့ရောက်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

တိုင်းခြားမြေစပ် အရပ်တစ်ပါးသို့ သွားလာကောင်းဝယ်သော ကုန်သည်ကြီးသည် ခရီးအကြား လှည်းသားတကာများစွာသော ကုန်သည်အပေါင်းတို့အား ဆန်, ရေ, စပါး စားသောက်စရာ ရှာ၍မရသော ဒုဗ္ဘိက္ခကန္တာရ, နိရုဒကကန္တာရ- စားပြ, ခိုးသား, သစ်, ကျား, ဘီးလူးတို့သည် အထူးထူးအပြားပြား ဆီးတား နှောင့်ယှက် နှိပ်စက်ဖျက်ဆီးတတ်သောခရီး ၅-ပါးတို့မှ ရှေ့မျှော်နောက်ချင့် သင့်တင့်သော အစီအမံဖြင့် ဘေးရန်လွတ်အောင် ထုတ်ဆောင်ယူသွားသကဲ့သို့ ဇာတိ, ဇရာ,ဗျာဓိ, မရဏ ကန္တာရ၌ ဖြစ်ကြ, ပျက်တုံ ဆန် စုန်မျောပါး နာဖျားအိုခြင်း သေကင်းရှင်းကွာ နာနာဘာဝ စသည်အပြား များသောအားဖြင့် ကူးသွားထွက်မြောက်ခြင်းငှာ မတတ်နိုင်သော သံသရာဝဲ ခရီးခဲ အပေါင်းတို့မှ အကြောင်း,အကျိုးနှင့် လျော်စွာဟောကြား ပြသဆုံးမသဖြင့် အဆင့်ဆင့်အထပ်ထပ် လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာသို့ ရောက်အောင်ပို့ဆောင်နှုတ်ကြည်းသိမ်းဆည်း

ကယ်တင်တော်မူသည်၏အဖြစ်ကြောင်းလည်းကောင်း။ ဧသော ဘဂဝါ-ထိုမြတ်စွာဘုရားသည်၊ သဗ္ဗညုတဉာဏ်-သဗ္ဗာ ဒေဝ မနုဿာနံ-သဗ္ဗာ ဒေဝ မနုဿာနမည်တော်မူ၏၊ ဣတိဂုဏာသမ္ပန္နံ-ဤသို့ သဗ္ဗာ ဒေဝ မနုဿာနဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ-ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၈) ယောဘဂဝါ-အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ-ဣမိနာစကာရဏေန-ဤသို့မိုက်မှောင်ပျောက်ကင်းသည့်၊ အလင်းဖြစ်လာသည့်, မီးတောက်သည့်, ဆီခမ်းသည့်, ဤလေးမည်သောကိစ္စကို တကွနက်ပြီးစေသော ဆီမီး၏ဥပမာကဲ့သို့ မဂ်ကိစ္စသည်လည်း: ပိဋ္ဌနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌနှင့် တကွသော ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း၊ အာယူဟနဋ္ဌ,နိဒါနဋ္ဌ, သံယောဂဋ္ဌ, ပလိဗောဓဋ္ဌနှင့် တကွ သော သမုဒယသစ္စာကိုပယ်ခြင်း နိဿရဏဋ္ဌ, ဝိဝေကဋ္ဌ, အသင်္ခတဋ္ဌ, အမတဋ္ဌနှင့်တကွသော နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ နိယျာနဋ္ဌ, ဟေတွဋ္ဌ, ဒဿနဋ္ဌ, အဓိပတေယျဋ္ဌနှင့် တကွသော မဂ္ဂသစ္စာကို ပွားစေခြင်းတည်းဟူသော ကိစ္စလေးပါးတို့ကို တစ်ပြိုင်နက်ပြီးစေသော အသီးသီးသော မဂ်တို့၏သတ္တိနှင့်တကွ အရဟတ္တမဂ်ဉာဏ်ဖြင့် လေးတန်သောသစ္စာကို ဆရာမရှိ မိမိအလိုလိုသာ ကောင်းစွာထိုးထွင်း၍ သိတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း။

နေ၏အရောင်သည် အထောင်အသောင်းမက များလှစွာသော ကြာငုံတို့ကို အာရဏ်သင့်သဖြင့်ပွင့်စေသကဲ့သို့ အဝိဇ္ဇာတိုက် မိုက်သည်ဖြစ်၍ ကြာငုံနှင့်အတူ လူ,နတ်, ဗြဟ္မာသတ္တဝါအပေါင်းတို့အား သစ္စာလေးပါးတရား အပေါင်းတို့ကို ဒေသနာတန်ဆောင်ဉာဏ်အရောင်ဖြင့် မိုက်မှောင်ကိုထွင်း၍ ပွင့်လင်းသိစေတတ်သောကြောင့်လည်းကောင်း။

လောကဘာသာ ဓမ္မတာဖြင့်ကြင်နာလေးမြတ်မပြတ် စောင့်မယုယကြည်လင်ချစ်ခင်အပ်သော သမီးသားတို့ကို လျောက်လျားမိန်းမောစိတ်ဇော ယွင်းချွတ်လွတ်လွတ်အိပ်ပျော်ရာမှ ချမ်းသာစွာနိုးစေတတ်သောအမိတို့ကဲ့သို့ မဟာကရုဏာ သမာပတ်ဉာဏ်လွန်အားသန်သဖြင့်- သယမ္ဘူတ သုံးလူ့ဘသည် ရာဂဗန္ဓနစသည်အပြားများသောအားဖြင့် အစီးအပွားကို မသိ ပျင်းရိသွမ်းသောမေ့လျော့သောသတ္တဝါတို့၏ အလိုက်စရိုက်နှင့်လျော်စွာ ဣန္ဒြာသယအလိုကျအောင် ယုယသာယာဒေသနာဖြင့် ချမ်းသာနှစ်ခြိုက်အမြိုက်သာခေါင် နိဗ္ဗာန်သောင်သို့ တင်ဆောင် ပြုညွှန်းတိုက်တွန်းတော်မူပေ၍ နိုးစေတတ်သောကြောင့်လည်းကောင်း။

စကြာမင်းသည်အချင်း ၁၂ယူဇနာရှိသော မိမိ၏ပရိသတ်၊ မြတ်သောစကြာအဟုန်ဖြင့် အလုံးစုံသောအရပ်မျက်နှာတို့ကို လွှယ်ကူစွာရောက်စေသကဲ့သို့ အနန္တသတ္တဝါဝေနေယျာကို ဒေသနာ ဉာဏ်အလျှံဝင်းဝါ မြတ်စကြာဖြင့် သံသရာမြစ်မဝဲသြဃမှ နိဗ္ဗာနကျော် ညာကျွန်းမော်သို့ ရည်ရော်ထုတ်ခြောက်

မျက်မှောက်ဖြစ်အောင် ပို့ဆောင်ရောက်စေတော်မူတတ်သော ကြောင့်လည်းကောင်း။

ဤလောက၌ ပဏ္ဍုသောသာ လေပမာကဲ့သို့ သတ္တဝါတို့၏ ကိလေသာမြူမှုန်အလုံးစုံကို အကုန်စင်စွာ ဖျောက်လွှင့်ရသော ဝိပဿနာဉာဏ် အသင့်ဖန်၍ထိုက်တန်ရာရာ ဒေသနာဖြင့် သစ္စာလေးပါးမြတ်တရားကို ထင်ရှားစွာ သိစေတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သောဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ–ဗုဒ္ဓမည်တော်မူ၏၊ ဣတိဂုဏသမ္ပန္နံ–ဤသို့ ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ–အကျွန်ုပ်သည်၊ သိရသာ–ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ–ရိုသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၉) ယောဘဂဝါ–အကြင်မြတ်စွာဘုရားသည်၊ ဣတိပိ– ဣမိနာစကာရဏေန–ဤသို့လောကီ, လောကုတ္တရာ ချမ်းသာ ခိုင်ဖြိုး ကြီးမြင့်စေတတ် ကောင်းမြတ်သောဒါန, သီလ ဘာဝနာ မဟာ ကုသိုလ်မဂ်, ဖိုလ်အထွဋ်သို့ ရောက်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

ဒေဝပုတ္တ ကိလေသနှင့် အဘိသင်္ခါရ ခန္ဓမစ္စု ငါးခုသော မာန် တွင်းပရန်ကို မကျန်ကုန်စင်အောင် မြင်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

ဘဝသုံးပါးလှည့်ကာသွားသည့် ရထားပမာ တူမျှစွာသား တဏှာပူပန် ပုပ်သိုးနံကို ပျို့အန်ထွေးတော်မူသည်၏ အဖြစ် ကြောင့်လည်းကောင်း။

ကိုယ်တော်မြတ်စွာ ငယ်လိုရာ၌ ပမာဏမြူငယ်တော်မူ၏၊ ကြီးမူလိုကာ စကြဝဠာကိုကွယ်ကာပတ်ချပ်ဖုံးအုပ်ကြီးမားပေါ်ပါး သည်မှာ လျင်မြန်ရာ၌ ပမာစိတ်လို၊ ထိုထိုခရီး ဝေးနီးအရပ် နှံ့စပ်အောင်သာကြွလိုပါက လွယ်ကာရောက်နိုင်၊ ကိုယ်တိုင်မပြု အမူမူ၌ တစ်ခုမကျန် ဓိဋ္ဌာန်ပြီးစီး ဘုန်းကြီးထွန်းထား မြတ်ဘုရား ၏ စိတ်သွားတိုင်းသာ လိုတော်ပါသည် မှန်စွာစိုးရှေ့ တေဇအချူး တန်ခိုးအရာ လိုတိုင်းပါအောင် လေ့လာတတ်ကုန် လုံးစုံအမှု ပြုပြုသမျှပြီးရသည်ချည်း ဤသို့တည်းဖြင့် ပေါင်းစည်းစဉ်စီ ဤရှစ်လီကား "လောကိဣဿရိယဘုန်းတော်"၊

ထိုလောကီနှင့် အညီယှဉ်လိုမဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်ပေါက ကိုးဌာနကား "လောကုတ္တရာဓမ္မဘုန်းတော်" ပုညသမ္ဘာရ ဂုဏ အထွေး ကျေးဇူးရှိန်စော် အာနုဘော်နှင့် ထိုက်လျော်သင့်ရန် ဘုံသုံးတန်၌ ဟုတ်မှန်တိုင်း ကျော်စောခြင်းတည်းဟူသော "ယသဘုန်းတော်" လက္ခဏာတော်ကြီးသုံးဆယ့်နှစ်ဖြာ လက္ခဏာ တော်ငယ် ရှစ်ဆယ် ခြောက်သွယ်သော အရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတော်မူသော အသရေတော်သတ္တိ တည်းဟူသော "သိရီဘုန်းတော်" အတ္တပရဟိတနှစ်ပါး များသော အားဖြင့် တောင့်တတိုင်းပြီးစီးနိုင်သော အလိုတော်ကား "ကာမဘုန်းတော်" ခပ်သိမ်းသောလောက၏ ဆရာအဖြစ်သို့ ရောက်ကြောင်း ကောင်းသောလုလ္လတည်းဟူသော "ပယတ္တ ဘုန်းတော်" သုံးဘော်လောက ခေတ်သုံးခွင် တေဇလျှံညီးပ ငါး

မာရ်နှိပ်အား ဣဿရိယ စသည်အပြား ဘုန်းခြောက်ပါးသည် ထင်းရှားစွာရှိတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

ကသိုဏ်းအသုဘ ကာယဂတာ အာနာပါန ဒွါဝိသ ဘာဝနာ အပ္ပနာနှင့်လျော်စွာ ဈာန်အင်္ဂါကိုလေ့လာ၍ နေတော်မူခြင်း တည်းဟူသော "ဒိဗ္ဗဝိဟာရ" ဗြဟ္မစိုရ်လေးပါး လျော်သောအားဖြင့် ဈာန်တရားကိုပွား၍ နေတော်မူခြင်းတည်းဟူသော "ဗြဟ္မဝိဟာရ" ဖလသမာပတ်ဖြင့်ကောင်းမြတ်စွာနေတော်မူခြင်းတည်းဟူသော "အရိယဝိဟာရ" ဟုဆိုအပ်သော ဝိဟာရ သုံးပါးတို့ကို လည်းကောင်း။

အဖော်မပါဆိတ်ငြိမ်ရာ၌ ဘာသာနေတော်မူသည်ဖြစ်၍ ကိုယ်၏ဆိတ်ငြိမ်ခြင်းတည်းဟူသော "ကာယဝိဝေက" နီဝရဏ စသည်များစွာ ကိလေသာကိုပယ်ခွာပြီးမှ ဈာနသမာပတ်ဖြင့် လျောက်ပတ်စွာနေတော်မူသည်ဖြစ်၍ စိတ်၏ဆိတ်ငြိမ်ခြင်းတည်းဟူသော "စိတ္တဝိဝေက" ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, သင်္ခါရုပဓိတည်းဟူသော ဥပဓိလေးပါးတို့၏ငြိမ်ရာ နိဗ္ဗာန်ကို အာရုံပြု၍နေသဖြင့် သင်္ခါရတို့၏ဆိတ်ငြိမ်ခြင်းတည်းဟူသော "ဥပဓိဝိဝေက"ဟုဆိုအပ်သောဝိဝေကသုံးပါးတို့ကိုလည်းကောင်း။

အနတ္တဝိပဿနာဖြင့် ကောင်းစွာသိအပ်သည်ဖြစ်၍ အတ္တစွဲယူ ကိုယ်ဟူသည်မှဆိတ်သော "သုညတဝိမောက္ခ" ဒုက္ခာနုပဿနာဖြင့်ကောင်းစွာ သိအပ်သည်ဖြစ်၍ ဒုက္ခ၏တည်ရာ ဘုံသုံးဖြာကို တဏှာဖြင့် မတောင့်တသော " အပ္ပဏိဟိတ

ဝိမောက္ခ” အနိစ္စာနုပဿနာဖြင့် ကောင်းစွာ သိအပ်သည်ဖြစ်၍ ရာဂ, ဒေါသ, မောဟဖြစ်ပေါင်း အကြောင်းမရှိသော “အနိမိတ္တ ဝိမောက္ခ” ဟု ဆိုအပ်သော ဝိမောက္ခသုံးပါးတို့ကို လည်း ကောင်း။

အပေါင်းဝိဟာရဝိဝေကနှင့် ဝိမောက္ခအပြား သုံးပါးသုံးဆင့် အကျင့်နှင့်တကွ ထိုမှတစ်ပါး ဥတ္တရိမနုဿဓမ္မသာလွန် ကောင်းမွန် သောအကျင့်မြတ်တို့ကို ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, ခန္ဓာ, အာယတန, ပဋိစ္စသမုပ္ပါဒ်, ဓာတ်စတွက်ရေ ဣန္ဒြေ, သစ္စာ များစွာသော အပြားအားဖြင့်လည်းကောင်း နိပ်စက်, ပြုပြင်, ပုပင်, ဖောက်ပြန် လေးတန်အနက်ရှိသော ဒုက္ခသစ္စာကို လည်းကောင်း။

ဝဋ်တရား၏ပွားကြောင်းလုံ့လ ဒုက္ခထွေထွေ ဖြစ်စေ တတ်သောအကြောင်း ဝဋ်အဟောင်းနှင့် ယှဉ်ပေါင်းမဂ္ဂာ မဂ်ပညာကို ရှောင်ခွာတစ်ချက် အနက်လေးခုရှိသောသမုဒယ သစ္စာကိုလည်းကောင်း။

ဝဋ်မှထွက်၍ ငြိမ်းချက်ကေန်လောကမဲ၏ ဆိတ်ညံတစ်ခု ပေါင်းရုံးစု၍ မပြုမပြင်မြဲပင်အနေ မသေကုန်ရ နိရောဓ၌ အတ္တလေးပါးရှိသည်ကိုလည်းကောင်း။

သံသရာမှ ထုတ်ခွာဆောင်ယူ ပြည်နိဗ္ဗူသို့ရှေးရှုရောက် ကြောင်း ကျင့်ကောင်းမည်မှန်နိဗ္ဗာန်ပြည်ထိရှုပြီးဘိ၍ မိမိစိုးရ အတ္တလေးပါးရှိသော မဂ္ဂသစ္စာကိုလည်းကောင်း။

ဤသို့လျှင် ငါးမာရ်အောင်မြင် မြတ်ချစ်ရှင်၏ နိသင်ဆပ္ပား ခြောက်ပါးဘုန်းတော် နှဘော်စဉ်စီ စုံပြည့်ညီသား လောကီ လောကုတ္တရာ ခန္ဓာ အာယတန ဓာတ်မှစ၍ အတ္တကြွင်းမဲ့ တစ်ဆယ့်ခြောက်တန် သစ္စာဉာဏ်ကို မကျန်မကြွင်း ရှင်းလင်း သိသာ စိတ်ဖြာဝေဖန်၍ ဟောတော်မူတတ်သောကြောင့် လည်းကောင်း၊ သောဘဂဝါ–ထိုမြတ်စွာ ဘုရားသည်၊ ဘဂဝါ–ဘဂဝါမည့်တော်မူ၏၊ ဣတိဂုဏသမ္ပန္နံ–ဤသို့ဘဂဝါ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ–အကျွန်ုပ်သည်၊ သိရသာ– ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ နမာမိ–ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

ဣတိ–ဤသို့၊ နဝဂုဏဝိသေသသဟိတံ–ကိုးပါးသော ဂုဏ်ထူးဝိသေသနှင့်တကွ ဖြစ်တော်မူသော၊ ဗုဒ္ဓဉာဏေနပိ–ဘုရားရှင်ကို့ဉာဏ်ဖြင့်သော်လည်း၊ အသင်္ချေယျဂုဏသမ္ပန္နာဂတံ–ပိုင်းခြားရေတွက်၍မကုန်နိုင်သော ကျေးဇူးတော်ဂုဏ်တော် အပေါင်းနှင့် ပြည့်စုံတော်မူသော၊ အသဒိသံ– အတူမရှိထသော။ ဣန္ဒာဓိပတိ–အစိုးရသော သိကြားဗြဟ္မာ စကြာမန္ဒတ် လောကနတ်တို့ကို လွန်စွာအစိုးရတော် မူပြီးထသော၊ ဓမ္မရာဇံ–ဝိသုဒ္ဓိနတ်တို့၏ အထွဋ်မှန်ကင်းတရားမင်းကို၊ အဟံ–အကျွန်ုပ်သည်။ သိရသာ–ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ အာဒရံ–ရိုသေစွာ၊ နမာမိ– သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဒါရှိခိုးပါ၏ဘုရား။



# ကိုးကွယ်ပူဇော်မြတ်တရားဂုဏ်တော်



# ကိုးကွယ်ပူဇော်–မြတ်တရားဂုဏ်တော်

## သွာက္ခာတဂုဏ်တော်(က)

၁။ မြတ်စွာဘုရား၊ ဟောဖော်ကြား၊ ဆယ်ပါးတရားတော်။
၂။ မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မကွန်၊ ဆယ်တန်သရုပ်ဖော်။
၃။ အနက်သဒ္ဒါ၊ ပုဒ်ဗျည်းပါ၊ မြတ်စွာဟောပုံ ပြည့်စုံသော်။
၄။ ကောင်းစွာဟောပြ၊ သွာက္ခာတ၊ ဓမ္မဂုဏ်မည်ကျော်။

## သွာက္ခာတဂုဏ်ဆိုတာ

ဒီနေ့ဟောကြားမှာက တရားဂုဏ်တော်ခြောက်ပါးထဲက ပထမဂုဏ်တော်ဖြစ်တဲ့ ·သွာက္ခာတ ဂုဏ်တော်ဖြစ်ပါတယ်။

ဘဂဝတာ– ဘုန်းဂုဏ်ရနံ့– သုံးဘုံနှံ့အောင်– ပျံ့လှိုင်ကျော်ကြား– ရှင်တော်မြတ်ဘုရားသည်၊ ဓမ္မော– မဂ်လေးတန် ဖိုလ်လေးတန်– နိဗ္ဗာန်ပရိယတ်– ဆယ်ပါးသောတရားတော်မြတ်ကို၊ သွာက္ခာတော–သဒ္ဒါမှန်လျက်– ကောင်းအနက်နှင့် ကောင်းချက် ဗျည်းပြင်၊ ထက်ဝန်းကျင်ဝယ်၊ စင်ကြယ်ထူးခြား ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏။

## တရားဆယ်ပါး

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ဟာ ၁၀–ပါးရှိပါတယ်။ ၁၀–ပါးက–

| | |
|---|---|
| ၁။ သောတာပတ္တိမဂ်က | ၁–ပါး |
| ၂။ သကဒါဂါမိမဂ်က | ၁–ပါး |

၃။ အနာဂါမိမဂ်က ၁–ပါး

၄။ အရဟတ္တမဂ်က ၁–ပါးတဲ့၊

ဒါကို မဂ် ၄–ပါးလို့ ခေါ်ပါတယ်၊ နောက်ပြီးတော့

၁။ သောတာပတ္တိဖိုလ်က ၁–ပါး

၂။ သကဒါဂါမိဖိုလ်က ၁–ပါး

၃။ အနာဂါမိဖိုလ်က ၁–ပါး

၄။ အရဟတ္တဖိုလ်က ၁–ပါး၊ ဒါကို

ဖိုလ်လေးပါးလို့ ခေါ်တယ်၊ နောက်ပြီးတော့–

၁။ ရုပ်နာမ်ဒုက္ခအားလုံး ချုပ်ငြိမ်းခြင်း
နိဗ္ဗာန်က ၁–ပါး၊ နောက်ပြီးတော့–
နားယူသင်ကြားအပ်တဲ့–

၁။ မြတ်စွာဘုရားရှင် ၄၅ နှစ်ပတ်လုံး ဟောကြားတော်မူခဲ့တဲ့ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံခေါ်တဲ့ ပရိယတ်ဓမ္မက္ခန္ဓာတရားအစုက ၁–ပါးတဲ့။

အားလုံးပေါင်းလိုက်ရင်–

၁။ မဂ်တရားက ၄–ပါး

၂။ ဖိုလ်တရားက ၄–ပါး

၃။ နိဗ္ဗာန်တရားက ၁–ပါး

၄။ ပရိယတ် ဓမ္မက္ခန်က ၁–ပါးအားဖြင့် ၁၀–
ပါးဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ အဲဒီတရား၁၀–ပါးတွေကို မှန်ကန်တဲ့ သဒ္ဒါစည်းကမ်း လေးနက်တဲ့အနက် နည်းလမ်းအံ့ဝင်ဂွင်ကျ ကောင်းမွန်လှတဲ့ ပုဒ်ဗျည်းများဖြင့် ထက်ဝန်းကျင် ပြည့်စုံစင်ကြယ် တင့်တယ်ကောင်းမွန်စွာ ဟောကြားတော်မူထားပါတယ်၊ ဒါကြောင့် ဒီမြတ်စွာဘုရား ဟောကြားထားတဲ့ တရားတော်ဟာ ကောင်းစွာဟောကြားအပ်တဲ့သွာက္ခာတ တရားတော် ဖြစ်တယ်တဲ့။

## အားလုံးကောင်းတဲ့တရား

မြတ်စွာဘုရားရှင်ရဲ့ တရားတော်ဟာ ကောင်းစွာဟောကြား အပ်တဲ့တရားတော်ဖြစ်တယ်၊ မြတ်ဘုရားရဲ့တရားတော် အားလုံးတွင် မကောင်းတဲ့အစိတ်အပိုင်းရယ်လို့ နည်းနည်းလေး မျှပင် မရှိပါဘူး၊ အားလုံးကောင်းတဲ့တရားတော်ချည်းဖြစ်ပါတယ်။

ဒီလိုကောင်းတာဟာလဲ အားလုံးဘုရားဟောပြောချက် ဒေသနာတွေဟာ အနက်သဒ္ဒါနှင့်ပြည့်စုံလို့ပါပဲ။

သဒ္ဒါကအစီအစဉ်မကျ နည်းလမ်းစည်းကမ်းမညီမျှတဲ့ တရားမျိုးလဲ မကောင်းပါဘူး။

ဆိုလိုရင်းအချက် အနက်အဓိပ္ပါယ်ကလဲ အကျိုးမဲ့ဖြစ်နေတဲ့ တရားမျိုးလဲမကောင်းပါဘူး။

မြတ်စွာဘုရားရှင်ရဲ့ ဒေသနာများကတော့ သဒ္ဒါကလဲ ပညာရှိများအပြစ်ရှာမရဘဲ ချီးမွမ်းရလောက်အောင် အစီအစဉ် ကျတယ်၊ သာယာပြေပြစ်ပြီး နှစ်သက်ဖွယ်ဖြစ်တယ်၊ အနက်ကလဲ

တကယ့်အကျိုးစီးပွားရရေး ငြိမ်းချမ်းရေး ချမ်းသာရေးကို ဖြစ်စေတတ်တဲ့ အနက်ဖြစ်တယ်၊ ဒါကြောင့် မြတ်ဘုရားရှင်ရဲ့ တရားအားလုံးတွင် မကောင်းတဲ့ အစိတ်အပိုင်းရယ်လို့ နည်းနည်းလေးမျှ မရှိပဲ တရားအလုံးစုံဟာ အားလုံးကောင်းတဲ့ တရားတော်များသာ ဖြစ်ပါတယ်။

## သွာက္ခာတဂုဏ်တော်ဝိဂြိုဟ်

ဒါကြောင့် သုဋ္ဌုအက္ခာတောတိ သွာက္ခာတော–လို့ ဝိဂြိုဟ်ပြုရတယ်၊ သုဋ္ဌု–ကောင်းစွာ၊ အက္ခာတော–ဟောကြားအပ်၏၊ ဣတိတသ္မာ– ထို့ကြောင့်၊ သွာက္ခာတော–သွာက္ခာတမည်၏။

## နာကျင့်ကျိုးရ သွာက္ခာတဂုဏ်(ခ)

၁။ နာယူမှတ်သား၊ ကျင့်ကြံပွား၊ ရကြားကောင်းကျိုးပေါ်၊

၂။ ကောင်းခြင်းသုံးဖြာ၊ ပြည့်စုံစွာ၊ သွာက္ခာတဂုဏ်တော်။

တစ်နည်းအားဖြင့် မြတ်စွာဘုရားရှင်သည် ၄၅–နှစ်ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့တဲ့ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်–ဟု ဆယ်တန်ပိုင်းခြား တရားတော်များသည်၊

၁။ နာယူမှတ်သားသင်ကြားပို့ချမှု ပရိယတ္တိ၊ သဒ္ဓမ္မအားဖြင့် အစ၏ကောင်းခြင်း။

၂။ ထိုပရိယတ္တိနည်းလမ်းအရ လိုက်နာကျင့်ပွားအားထုတ်မှု ပဋိပတ္တိသဒ္ဓမ္မအားဖြင့် အလယ်၏ကောင်းခြင်း။

၃။ ထိုပရိယတ္တိနည်းလမ်းအရ ကျင့်ပွားမှုပဋိပတ္တိအလုပ်ကို လုပ်သဖြင့် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြု သိမြင်ရရှိမှု ပဋိဝေဓသာသနာ အားဖြင့် အဆုံး၏ကောင်းခြင်း–ဆိုတဲ့ ကောင်းခြင်း သုံးပါးနှင့် ပြည့်စုံသောကြောင့် ကောင်းစွာဟောကြား အပ်တဲ့ သွာက္ခာတဓမ္မတို့ ဖြစ်ကြပါတယ်။

## ချုံ့ပြဦးမယ်

အများသိသာအောင်အနည်းငယ် ချုံ့ပြပါဦးမယ်၊ ဘုရား တရားတော်၌ ကောင်းခြင်းသုံးဖြာရှိပုံကို ဒါလို့လဲ မှတ်အပ် ပါသေးတယ်။

တရားတော်၌ နာယူခြင်း၊ ကျင့်ရခြင်း၊ အကျိုးရခြင်းရယ်လို့ အပိုင်းသုံးပိုင်းရှိခဲ့ရာ ထိုသုံးပိုင်းလုံးမှာ အကောင်းအတိသာ ဖြစ်လို့လဲ ကောင်းခြင်းသုံးဖြာနှင့်ပြည့်စုံတယ်–ဆိုရတယ်၊ ဒါကြောင့်လဲ ဘုရားတရားတော်ဟာ သွာက္ခာတဓမ္မဖြစ်ပါတယ်။

## နာကြားချမ်းသာရ အကောင်းခြင်း

ဘုရားတရားတော်ကို နာရ၊ သင်ရလျှင် တရားကိုသိခြင်း အနက်ကိုသိခြင်းဖြင့် နာကြားသင်ကြားရသူများ၌ ပီတိအထူး ဖြစ်ကြရတယ်၊ ဒါကြောင့်ပင် ဘုရားရှင်သက်တော်ထင်ရှားရှိစဲ လက်ထက်တော်အခါက မြတ်ဘုရားတရားတော်ရဲ့ ကောင်းမြတ် လှပုံကို ဂုဏ်တင်ချီးကျူးကြတဲ့ အသံများမှာမစဲခဲ့ပါ။

စိတ်ကိုချမ်းသာ အေးမြစေတတ် ပီတိဖြစ်စေတတ်တဲ့ တရားဖြစ်တာကြောင့်လဲ ထိုတရားကိုနာရသူမှာ–သောက, ပရိဒေဝ, စတဲ့အပူတွေ ကင်းရတယ်၊ အပူကင်းအညစ်ကင်းလို့လဲ စိတ်တွင် အေးမြပီတိ ပဿဒ္ဓိဖြစ်ကြရတယ်။

## ကျင့်ပွားချမ်းသာရ အလယ်၏ ကောင်းခြင်း

ကျင့်ရသောအခါဝယ် ဆိုဖွယ်ရာမရှိဘူး၊ အကျင့်သီလ တစ်ခုဖြင့်ပင် ဘေးကင်းရန်ကင်း ကိုယ်ချမ်းသာစိတ်ချမ်းသာ ခြင်းကိုဖြစ်စေတတ်တယ်၊ သမာဓိ ပညာ စတဲ့အကျင့်များကို ကျင့်ပွားရပါလျှင် တရားကတက်လေလေ ပီတိပဿဒ္ဓိသုခ သမာဓိတွေ ဖြိုးဖြိုးဝေကာ အပျော်ကြီးပျော်စရာကောင်းလေလေ ဖြစ်ရတော့တယ်။

## တရားချမ်းသာအကျိုးရ အဆုံး၏ကောင်းခြင်း

တရားပေါက်ပြီးအလိုရှိတဲ့ မဂ်ဖိုလ်နိအကျိုး, နိဗ္ဗာန် မျိုးကိုရတဲ့အခါတွင်မှု ပြောမပြနိုင်လောက်အောင် ဝမ်းသာခြင်း ချမ်းသာခြင်းကို ရတော့တာပါပဲ။

ဒီနောက်ဒုက္ခအားလုံး လက်စသိမ်းရတော့မည်ကိုသိပြီး တွေးလိုက်တိုင်းဝမ်းသာရခြင်း ဖလသမာပတ္တိဗိမာန်ကြီးကို ပိုင်ကာ နေလိုတိုင်းပင် ပျော်ရွှင်ချမ်းမြေ့စွာနေရခြင်း စသည်ဖြင့် ချမ်းသာဖွယ်အတိဖြစ်ရာ အဆုံး၏ကောင်းခြင်းမှာ အထွတ် အထိပ်သို့ရောက်တော့တယ်၊ ဒီကောင်းခြင်း သုံးဖြာကိုသိရလျှင်

ဘုရားရှင်ရဲ့တရားတော်မှာ ဘယ်မျှကောင်းမွန်ဟောကြားအပ်တယ်ဆိုတာကို သိနိုင်ပါတယ်။

## တရားနာယူဝမ်းသာသူ ကာရဏပါလိဝတ္ထု
(ပဉ္စင်္ဂုတ္တရ-၂၀၆)

## ဘယ်ကလာသလဲ

အခါတစ်ပါးတွင်မြတ်စွာဘုရားဟာ ဝေသာလီပြည်မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်တဲ့ ကျောင်းကြီး၌သီတင်းသုံးနေတော်မူပါတယ်။

ထိုအခါကာရဏပါလိပုဏ္ဏားဟာ လိစ္ဆဝီမင်းများရဲ့ အမှုကိုထမ်းဆောင်ပြုလုပ်နေပါတယ်။

ကာရဏပါလိပုဏ္ဏားဟာ အဝေးမှလာတဲ့ပိင်္ဂိယာနိ ပုဏ္ဏားကိုမြင်တော့-

"အို-အရှင်ပိင်္ဂိယာနိ-နေမွန်းတည့်ချိန်ကြီးမှာ ဘယ်ကလာပါသလဲ" လို့မေးတယ်။

## ဘုရား ဖူးပြန်လာတယ်

"အို-အရှင်ကာရဏပါလိ ပုဏ္ဏား၊ အကျွန်ုပ်ကိုမေးသလား၊ အကျွန်ုပ်ဟာဂေါတမမြတ်စွာဘုရားထံမှ လာပါတယ်"လို့ပြောကြားတယ်။

"အို–အရှင်ပိင်္ဂိယာနီ–၊ ဘယ်လိုထင်လဲ၊ ပညာထက်မြက်မှုမှာ–ရဟန်းဂေါတမကိုပညာရှိ– လို့ထင်သလား–"လို့ ကာရဏပါလီပုဏ္ဏားက မေးတယ်။

"အို–ဘယ်လိုမေးလိုက်တာလဲ၊ အရှင်ကာရဏပါလီရယ် အကျွန်ုပ်ကဘယ်လိုလူစားမို့လို့လဲ၊ ရဟန်းဂေါတမရဲ့ ပညာထက်မြက်မှုကို ဘယ်လိုလုပ်ပြီး သိနိုင်ပါမလဲ၊ ရဟန်းမြတ်ဂေါတမရဲ့ ပညာထက်မြက်မှုကို သိသူဟာလဲ ထိုရဟန်းမြတ်ဂေါတမလို ပုဂ္ဂိုလ်ထူးမျိုးမှသာလျှင် ဖြစ်ရမယ်"လို့ အရှင်ပိင်္ဂိယာနီက ပြန်ပြောတယ်။

## ချီးမွမ်းလှချည့်လား

ဒီတော့ အရှင်ကာရဏပါလီက "အရှင်ပိင်္ဂိယာနီဟာ အမှန်တကယ်ပဲ ရဟန်းဂေါတမကို မြင့်မြင့်မြတ်မြတ် ချီးမွမ်းခြင်းနဲ့ ချီးမွမ်းလွန်းလှပါဘိတယ်"လို့ ပြောပါတယ်။

## လူနတ်တို့ထက် မြတ်တဲ့ဘုရား

ဒီအခါပိင်္ဂိယာနီပုဏ္ဏားက "အရှင်ကာရဏပါလီကလဲ ပြောရဲလွန်းလှပါကလား၊ အကျွန်ုပ်ကဘယ်လိုလူစားမို့လို့လဲ၊ ရဟန်းမြတ်ဂေါတမကို ဘာဖြစ်လို့မချီးမွမ်းနိုင်ရမှာလဲ၊ ထိုအရှင်ဂေါတမဟာ ချီးမွမ်းထိုက်တဲ့ဂုဏ်များကြောင့် ချီးမွမ်းအပ်သူဖြစ်လို့သာ နတ်တို့ထက် မြတ်တော်မူပေတယ်"လို့ ပြန်ဖြေကြားတယ်။

ဒီတော့ ကာရဏပါလိပုဏ္ဏားက "အရှင်ပိင်္ဂိယာနီဟာ အဘယ်အကျိုးထူးကို ကောင်းစွာတွေ့မြင်ပြီး ရဟန်းဂေါတမ အပေါ်တွင် ဒါလောက် ကြည်ညိုရသလဲ" လို့ မေးပြန်ပါတယ်။

## ဘုရားတရားကို ကြားနာရသော်

ဒီအခါပိင်္ဂိယာနီပုဏ္ဏားက– "အို–အရှင်ပုဏ္ဏား၊ မွန်မြတ်ချိုမြိန်ရသာရှိန်ဖြင့် တင်းတိမ်ရောင့်ရဲပြီးသား ယောကျ်ားဟာ တခြား အညံ့စားအရသာများကို မလိုလားမတောင့်တတော့ဘူး၊ အို–အရှင်ပုဏ္ဏား–၊ ဒါလိုပင်မြတ်စွာဂေါတမဘုရားရဲ့ တရားတော် မှန်သမျှကို ကြားနာရတဲ့အခါတိုင်း ကြားနာရလာ ထိုသူဟာ တစ်ခြားတစ်ပါး သမဏဗြာဟ္မဏများရဲ့ အယူဝါဒတရားကို မလိုလားမတောင့်တ–တော့ဘူး။

အရှင်ပုဏ္ဏား၊ အားအင်ကလဲနည်းပါး ဆာလောင်မွတ်သိပ်မှု ကလဲအားကြီးလှတဲ့ ယောကျ်ားဟာ ပန်းပေါင်းစုံဝတ်ရည်အရသာ ထုပ် ပျားမုန့်ဆုပ်ကိုသုံးဆောင်ရတိုင်းပင် ဘယ်နေရာမှာ လျက်လျက် အရသာတစ်ပါး လောင်းစွက်ရန်မလိုတော့တဲ့ ချိုမြိန်မှု အရသာကောင်းကိုရနေတယ်၊ ဒါလိုပင်၊ အို–အရှင်ပုဏ္ဏား၊ မြတ်စွာဘုရား ဂေါတမရဟန်းရဲ့တရားမှန်သမျှကို ကြားနာရတဲ့ အခါတိုင်း ကြားနာရလာ ထိုသူဟာဝမ်းမြောက်မှု ကြည်လင်မှုကို ရနေတာပါပဲ။

"အို-အရှင်ပုဏ္ဏား၊ စန္ဒကူးဟုံးကိုရထားတဲ့ ယောကျ်ားဟာ အရင်းကဖြစ်စေ၊ အလယ်မှဖြစ်စေ၊ အဖျားမှဖြစ်စေ၊ နမ်းရှုရတဲ့နေရာတိုင်းမှ နံ့သာတစ်ပါးလောင်းစွက်ရန် မလိုတော့တဲ့ အကောင်းဆုံးအနံ့ကိုရနေတယ်၊ အရှင်ပုဏ္ဏား၊ ဒါလိုပင် မြတ်စွာဘုရားဂေါတမရဟန်းရဲ့ တရားမှန်သမျှကို ကြားနားရတဲ့ အခါတိုင်း ကြားနားရလာ ထိုသူဟာနှစ်သိမ့်မှုဝမ်းသာမှုကို ရနေတယ်။

"အို-အရှင်ပုဏ္ဏား၊ ရောဂါအနာနှိပ်စက်ပါ၍ လွန်စွာဆင်းရဲ အလုံးအလဲမကျန်းမာသူ ယောကျ်ားအား ကျွမ်းကျင်လိမ္မာ ဆေးဆရာဟာ တစ်ခဏချင်းသာ အနာရောဂါကို မှန်စွာပိုင်ပိုင် ကုသနုတ်ပယ်နိုင်သလိုပင် အရှင်ပုဏ္ဏား၊ ဒါလိုပင် ထိုရဟန်းမြတ် အရှင်ဂေါတမရဲ့ တရားတော်မှန်သမျှကို ကြားရတိုင်းပဲ ကြားနာရလာထိုသူမှာ စိုးရိမ်ပူဆွေး ငိုကြွေးပူပွဲ ကိုယ်ဆင်းရဲနှင့် စိတ်ဆင်းရဲပါ ပြင်းစွာပင်ပန်းမှုများ ချုပ်ပျောက်သွားကြရတယ်၊

"အို-အရှင်ပုဏ္ဏား၊ ကြည်လင်ချိုအေးဖြူဖွေး ရောင်မောင်း ဆိပ်ကမ်းကောင်းဆုံး နှလုံးမွေ့ပျော်ဖွယ်ရာ ရေကန်သာသို့ နွေအပူ နေအပူထဲမှာ ဆင်းရဲခံလာရပြီး ခရီးကလဲပင်ပန်းလာ၊ အစာရေစာကလဲ ငတ်မွတ်လာကြား ယောကျ်ားဟာ ထိုရေကန်သာ အတွင်းသို့ သက်ဆင်းရေချိုးရလျှင်ဖြစ်စေ၊ ရေသောက်လို့ဖြစ်စေ၊ ပူလောင်ပင်ပန်း ညှိုးနွမ်းပူအိုက် အားလုံးချုပ်ဆုံး အေးငြိမ်း သွားသလိုပင်၊ အို-ပုဏ္ဏား၊ ဒါလိုပင်၊ ထိုအရှင် ဂေါတမ

ရဟန်းမြတ်၏ တရားတော်မှန်သမျှကို ကြားနာရတိုင်း ကြားနာရလာ ထိုသူမှာလဲ ပူလောင်ပင်ပန်း ညှိုးနွမ်းပူအိုက်မှု အားလုံးချုပ်ဆုံး အေးငြိမ်း သွားကြရတယ်”လို့ အားရပါးရ ဖြေကြားပြောပြပါတယ်။

## ကာရဏပါလီ သရဏဂုံတည်ပုံ

ဒီတော့မှပင် အရှင်ကာရဏပါလိပုဏ္ဏားဟာ နေရာမှ ထလျက် လက်ဝဲဘက်ပခုံးထက်တွင် ကိုယ်ဝတ်ကို စမွယ်တင်ကာ လက်ယာဒူးဝန်းကို မြေတွင်ထောက်ထားပြီး မြတ်စွာဘုရားရှိရာ ဘက်ဆီသို့ လက်အုပ်ချီပြီးတော့–

“ပူဇော်ထိုက်ပြားသိဉာဏ်ပွား၊ ထိုဘုရားရှိခိုးပါ၏ဘုရား။
ပူဇော်ထိုက်ပြားသိဉာဏ်ပွား၊ ထိုဘုရားရှိခိုးပါ၏ဘုရား။
ပူဇော်ထိုက်ပြားသိဉာဏ်ပွား၊ ထိုဘုရားရှိခိုးပါ၏ ဘုရား”

လို့ သုံးကြိမ်ရွှင်လန်း ဥဒါန်းကျူးရင့်ပါတယ်။

ဒီနောက်တစ်ခါအရှင်ကာရဏပါလိဟာ–

“အရှင်ပိဂိယာနီရယ်၊ အလွန်နှစ်သက်ဖွယ်ရှိပါပေတယ်၊
အရှင်ပိဂိယာနီရယ်၊ အလွန်နှစ်သက်ဖွယ်ရှိပါပေတယ်၊
မှောက်သည့်အိုးအား၊ လှည့်ပြသွားသလိုပဲ၊
ဖုံးထားသည့်အရာ၊ ဖွင့်ပြတာလိုပဲ၊

မျက်စိလည်သူအား၊ လမ်းပြသွားသလိုပဲ၊

အနိုက်မှောင်ဝှင်း၊ မီးထွန်းလင်းပြသလိုပဲ၊

ထို့အတူသာ အရှင်ပိဋကဓိယာန်ဟာ ကြောင်းများစွာဖြင့် သေချာတရားပြပါပေတယ်။

"အကျွန်ုပ်ဟာ–သဒ္ဓါပွားများ–

မြတ်ဘုရားကို၊ အားထားခို၊ ကြည်ညိုဆည်းကပ်ပါ၏ ဘုရား။

မြတ်တရားကို၊ အားထားခို၊ ကြည်ညိုဆည်းကပ်ပါ၏ ဘုရား။

မြတ်သံဃာကို အားထားခို၊ ကြည်ညိုဆည်းကပ်ပါ၏ ဘုရား။

တရားဟောဆရာအရှင်ပိဋကဓိယာန်ရယ်၊ အမှန်အဟုတ် အကျွန်ုပ်ကို ယနေ့မှစ၍လျှက် အသက်ထက်ဆုံး ရတနာသုံးပါးကို [illegible]ဆည်းကပ်သူ ဥပါသကာ– လို့သိမှတ်ပါလော" လို့ လျှောက်ထားပါလို့ [illegible] ပြောကြားပါတယ်။

## တရားကျင့်စဉ် တရားချမ်းသာယှဉ်

## ညဥ့်လုံးပေါက်တရားပွဲ

တရားကျင့်နေသူယောဂီမှာ တရားကျင့်နေစဉ်တွင် တရားချမ်းသာတွေကို ရရှိခံစားနေရတယ်၊ ဒီအကြောင်းကို အဝန္တီတိုင်း ပဝတ္တတောင်ပေါ်ကျောင်း၌ တရားအားထုတ်နေကြတဲ့ ရဟန်းတော် ၉၀၀ တို့အား ဟောကြားအားပေးတော်မူပါတယ်။

အနည်းငယ်ချဲ့ပါဦးမည်၊ အဝန္တီတိုင်း ကုလလဃရမြို့၌ အရိယာသောတာပန်ဒါယိကာမ ကာဠီအမျိုးသမီးရဲ့သား အရှင်ကောဋိကဏ္ဏသောဏဟာ မိခင်ရဲ့တောင်းပန်မှုကြောင့် ထိုမြို့လယ် တရားမဏ္ဍပ်တွင် ညဥ့်လုံးပေါက်တရားဟောကြား၏။

ထိုတရားပွဲတွင် မြို့လုံးကျွတ်တရားနာကြတယ်၊ မိခင်မယ်ကာဠီတို့လဲ အိမ်စောင့်တစ်ယောက်ကိုသာထားခဲ့ပြီး အိမ်လုံးကျွတ် တရားလာနာကြတယ်။

## ခိုးသားကိုးရာတို့ရဲ့အကြံ

ထိုတရားပွဲညဥ့်တွင် ခိုးသား ၉၀၀ တို့ဟာ မယ်ကာဠီအိမ်တွင်းသို့ ဥမင်လိုဏ်ခေါင်းဖောက်ပြီး ပစ္စည်းများကို ခိုးယူကြတယ်၊ သူတို့ရဲ့ခိုးမှူးကြီးကတော့ တရားပွဲတွင် မှောင်ရိတ်တွင်သန်လျက်ထမ်းလျက် တကယ်လို့အိမ်ဖောက်ထွင်းတာ သိပြီး မယ်ကာဠီများပြန်လာရင် ခေါင်းဖြတ်သတ်ရန်စောင့်နေတယ်။

## တရားနာခွဲကောင်းသူကြောင့် သူခိုးဘဝမှကျွတ်ကြတယ်

အိမ်စောင့်အမျိုးသမီးကအိမ်တွင်းသို့ ခိုးသားများစွာ ဥမင်လိုဏ်ခေါင်းဖောက်ပြီးဝင်လာကာ၊ ပထမအကြိမ်အလွယ်သုံးငွေများကိုခိုးယူနေကြောင်း၊ ဒုတိအကြိမ်ငွေသားများကို ခိုးယူနေကြကြောင်းနှင့် တတိယအကြိမ်တွင် ရွှေတိုက်ကိုဖွင့်ပြီး ရွှေများကိုပင် ခိုးယူနေကြကြောင်းများကို အိမ်နောက်ဖေးပေါက်က ထွက်လာပြီးတရားနာနေသူ အိမ်ရှင်မယ်ကာဠီအား အသိပေး ပြောကြားရာတယ်။

ထိုအခါတိုင်းပင် မယ်ကာဠီက "ဟဲ့ ပစ္စည်းဆိုတာသခ်ါရပဲ သူခိုးမခိုးလဲ တစ်နေ့နေ့တစ်ချိန်မှာ ပျက်စီးဆုံးရှုံးမှာ၊ စွန့်ပစ်ခဲ့ရမှာပဲ၊ သူခိုးတွေကသူတို့လိုတာကိုယူကြပါစေ၊ ငါဟာအလွန်တရာကြားနာရခဲ့တဲ့တရားကိုနာကြားနေတယ်၊ တရားနာ အနှောင့်အယှက်ဖြစ်လာအောင် လာမပြောနဲ့၊ ပြန်သွား"လို့ချည်း သုံးကြိမ်လုံးပင်ပြောဆိုတယ်။

ဒါကိုပရိသတ်စွန် မှောင်ရိပ်ခိုပြီး ပြန်လာရင် သတ်ရန်ချောင်းနေတဲ့ ခိုးမှူးကြီးကြားသိရတော့ "ငါတို့ကတော့ ပစ္စည်းယူလူသတ်ဖို့ကြံစည်တယ်၊ ပစ္စည်းရှင်ကတော့ငါတို့အပေါ် အမျက်မထွက်တဲ့အပြင်၊ တရားကိုသာအလေးပြုနာနေတယ်၊ ဒီလိုသူတော်ကောင်းမရဲ့ ပစ္စည်းကိုခိုးယူသူတို့တစ်တွေဟာ မိုးကြိုးပစ်ပြီး ခေါင်းခုနစ်စိတ်ကွဲကာ သေခြင်းဆိုးနဲ့ သေကုန်လိမ့်

မယ်”လို့ သတိသံဝေဂရကြယ်၊ ဒါကြောင့်ခိုးမှူးကြီးဟာ သူရဲ့ နောက်လိုက်ခိုးသားများအား “ပစ္စည်းများပြန်ထားရန်နှင့် သူဟာ သံဝေဂရပြီး ဒီအလုပ်ကိုစွန့်ကာ ရဟန်းဝတ်တော့မည်”ဟု ပြောတယ်။

နောက်လိုက်ခိုးသားများကလဲ သူတို့ပါဆရာကြီးရဲ့ အကြံ အတိုင်း လိုက်ပါပြုလိုကြောင်းပြောကြတယ်။

## ယောဂီ ရဟန်း ၉၀၀ ဖြစ်ကြတယ်

ဒါကြောင့်ခိုးမှူးကြီးနှင့် ခိုးသား ၉၀၀ တို့ဟာ ထိုတရားပွဲ အပြီးတွင်မယ်ကာဠီအား ဝန်ချတောင်းပန်းပြီးနောက် အရှင် သောဏမထေရ်ထံ ရဟန်းပြုလိုကြောင်း တောင်းပန်ကြတယ်။

မိခင်မယ်ကာဠီတောင်းပန်းပေးချက်အရ အရှင်သောဏ မထေရ်က အဲဒီ ခိုးသား ၉၀၀ အား ရဟန်းပြုပေးတယ်။

သူတို့အုပ်စုကို အုပ်စုခွဲပြီး ဝိပဿနာ အလုပ်ပေးတရား များကို ဟောကြားပြသတယ်။

ရဟန်းတော် ၉၀၀ တို့ဟာ ပဝတ္တတောင်ပေါ်တွင် ဝိပဿနာ တရားကိုကျင့်ပွား အားထုတ်ကော်မူကြပါတယ်။

## မြတ်ဘုရား၏ယောဂီအားပေးတရားတော်

ဒီအခါတွင် မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတွင် ကိန်းအောင်းစံပျော်ရင်းက ကွတ်သင့်

ကျွတ်ထိုက်တဲ့သတ္တဝါများကို ကြည့်ရှုတော်မူတဲ့အခါ အဲဒီ ယောဂီရဟန်း ၉၀၀ကိုမြင်တော်မူတယ်။

ဒါကြောင့်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူရင်း ကပင် တန်ခိုးတော်ဖြင့် ထိုရဟန်းတော်များအနားသို့ ကြွရောက် ဟောကြားသကဲ့သို့ တရားတော်များကို ဟောကြားအားပေးတော် မူပါတယ်။

ထိုမြတ်စွာဘုရားဟောကြားသောဂါထားများတွင် ဒီနေရာ၌ တရားကျင့်သူဟာ လူ့ချမ်းသာထက်လွန်မြတ်တဲ့ ပျော်မွေ့ခြင်းဖြင့် ပျော်မွေ့ရကြောင်းနှင့် တရားယောဂီမှာရရှိတဲ့ပီတိဟာ အမြိုက် ချမ်းသာပင်ဖြစ်ကြောင်းဂါထာကို ဖော်ပြပါဦးမယ်။

* သုညာဂါရံပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။

* ယတောယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတေ ပီတိပါမုဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

သုညာဂါရံ–ထုံဂနိုင်ဝယ် စုံမြိုင်ရှက်စိတ်လူမသန်းသည့် ဂူနန်းကမ္မဋ္ဌာန်းကျောင်းသို့၊ ပဝိဋ္ဌဿ–စိတ်တဖြူဖြူနိမိတ်ယူလျက် နိဗ္ဗူပရမေ, အမြန်တွေ့ရအောင် ဈာန်လေ့ရှင်လန်းဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်အားထုတ်ရန် အမှန်ဝင်ရောက်လျက်၊ သန္တစိတ္တဿ–နီဝရဏငါးအင် ညစ်ကြေးမတင်ပဲ ဖြူစင်သမာဓိ ပဿဒ္ဓိအစွမ်းကြောင့် ငြိမ်းအေးသောစိတ်ရှိသည်ဖြစ်၍ ဓမ္မ–

ဒွါရနှင့် အာရုံ ဆုံတိုင်းဖြစ်ပေါ်နေသော ရုပ်နာမ်တရားကို၊ သမ္မာဝိပဿတော– မှန်ကန်စွာရှုမှတ်သိမြင်သော၊ ဘိက္ခုနော– ယောဂီရဟန်းအား၊ ဝါ–သံသရာဘေးကို ရှုသောယောဂီ ရဟန်း အား၊ အမာနုသီ–သာမန်လူ့နတ်တို့၏ ပျော်မွေ့ခြင်းကို လွန်သော၊ ဝါ–သာမန်လူ့နတ်တို့မတွေ့နိုင် မရောက်နိုင်သော၊ ရတိ–သမာဓိ ပဿဒ္ဓိစသည်တို့က ထောက်ပံ့အပ်သော ပီတိသုခ တည်းဟူသော ပျော်မွေ့ခြင်းသည်၊ ဟောတိ–ဖြစ်ပါပေ၏၊ ဟောတိ–တရား အလုပ်အားမထုတ်သူတွေနှင့်မဆိုင် တရားအလုပ် အားထုတ် သူတွေနှင့်သာဆိုင်သည့် ယောဂီကိုယ်ပိုင်ပျော်မွေ့ခြင်း ဖြစ်ပါ ပေသတည်း။

ယတောယတော–အကြင်အကြင်ရုပ်အဖို့နာမ်အဖို့မှ၊ ခန္ဓာနံ ဥဒယဗ္ဗယံ–ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို၊ သမ္မသတိ– သတိမပြတ် ရှုမှတ်သုံးသပ်၏၊ တတောတတော၊ ထိုထို သုံးသပ်တိုင်းသော ရုပ်အဖို့နာမ်အဖို့မှ၊ ပီတိပါမုဇ္ဇံ–များစွာ နှစ်သိမ့်အားရမှုဟူသော ပီတိနှင့် အနည်းငယ် နှစ်သိမ့်အားရမှု ဟူသောပါမုဇ္ဇကို၊ လဘတေ–မုချမှန်စွာရလေပါ၏၊ တံ– ထိုပီတိပါမုဇ္ဇသည်၊ ဝိဇာနတံ–ဖြစ်ပျက်သိမြင် ဝိပဿနာယောဂီရှင် တို့၏၊ အမတံ–အသေကင်းသော နိဗ္ဗာန်သို့ဧကန်ရောက်ကြောင်း အစစ်ဖြစ်၍ ရှင်ချစ်ပရမေချီးမြှောက်လိုက်သော အမြိုက်ရည် ချမ်းသာပါပေတည်း။

ဒါကိုအကျဉ်းချုပ်မှတ်သားရအောင်ဘုန်းကြီးက ဆောင်ပုဒ် ရှစ်လုံးဘွဲ့ရေးထားပါတယ်။

## ယောဂီဝလေ့ပျော်မွေ့ချမ်းသာ ရှစ်လုံးဘွဲ့

၁။ ဆိတ်ငြိမ်ရာသို့ ဝင်လို့မသွေ၊
စိတ်ငြိမ်တည့်မတ် ဝိပဿနာရှုနေ၊
ထိုယောဂီအား လူများထက်ပေ၊
ပျော်မွေ့ခြင်း မယှဉ်းရနိုင်ပေ။

၂။ ဝိပဿနာတရား ကြိုးအားထုတ်နေ၊
အားထုတ်သူအား မမှားမသွေ၊
ပီတိရွှင်ပွား ရကြောင်းထွေထွေ၊
ထိုပီတိ ခေါ်ဘိအမြိုက်ရေ။

## ရဟန္တာ ၉၀၀ ဖြစ်ကြတယ်

ဒီတရားတော်များကို မြတ်စွာဘုရားရှင်က ဟောကြား အားပေးတဲ့အခါ အဲဒီရဟန်းတော်ကိုးရာတို့ဟာ တရားရှုပွားရင်း ပေါ်တိုင်း မပြတ်ရှုမှတ်တဲ့သတိ၊ တည်ငြိမ်မှုသမာဓိ၊ ငြိမ်အေးမှု ပဿဒ္ဓိ၊ နှစ်သိမ့်ဝမ်းမြောက်မှုပီတိပါမှဖွံ့နှင့် ကိုယ်စိတ်ချမ်းသာ မှုများကိုလဲရရှိပါတယ်။

ဒီနောက်သူတို့ဟာ ဝိပဿနာဉာဏ်တွေတိုးတက်ပြည့်စုံပြီး ကိလေသာကုန်ခန်းရဟန္တာဖြစ်ကြပါတယ်။

## သွာက္ခာတဂုဏ်

ဒီခိုးသားကိုးရာတို့ဟာ မယ်ကာဋ္ဌိရဲ့ တရားနာသဒ္ဒါတရားကောင်းပုံကိုမြင်ရခြင်း၊ ရဟန်းပြုခြင်း၊ ဘုရားရှင်ဟောကြားတဲ့ တရားကိုနာကြား ကျင့်ပွားရခြင်းများကြောင့် သူခိုးဘဝကလွတ်ကြရတယ်၊ တရားထူးရပြီး ရဟန္တာဖြစ်ကြရတယ်၊ ဒါကြောင့်အပါယ်လေးပါးဆင်းရဲနှင့် သံသရာဆင်းရဲ အားလုံးမှလွတ်ကင်းပြီး တရားချမ်းသာနှင့် ပျော်ကြရတယ်။

ဒါဟာတရားအားထုတ်ကျင့်ပွားသူ ယောဂီများရရှိခံစားရတဲ့ တရားချမ်းသာပဲပါပဲ၊ ဒါဟာတရားတော်ရဲ့ အလယ်၌ကောင်းခြင်း သွာက္ခာတဂုဏ်ဖြစ်ပါတယ်။

## သံယာများနှင့် ယောဂီများရဲ့တရားချမ်းသာ ပျော်မွေ့ကြပုံ

ဒီသေနာအရမမ္ပဗိကိုအမြိုက်ရည်ချမ်းသာဆိုဟာ တရားရှင်ယောဂီတို့ရဲ့ချမ်းသာဖြစ်ပါတယ်။

တရားရှိသူ ယောဂီရဲ့ချမ်းသာဟာ တရားမရှိသူ သာမန်ပုထုဇဉ်တို့ရဲ့ ချမ်းသာနှင့်မတူပါဘူး။

တရားမရှိသူ သာမန်ပုထုဇဉ်များက ကိလေသာ ကာမဂုဏ်ခံစားဖက် အပေါင်းအဖော်တွေနှင့် နေရမှ ချမ်းသာကြတယ်။

တရားရှိသူယောဂီတွေကတော့ ကာမဂုဏ်ကြိုက်သူ အပေါင်းအဖော်များနှင့် ကင်းပြီး တစ်ကိုယ်တည်းနေရမှ ချမ်းသာကြတယ်။

သာမန်ပုထုဇဉ်တွေက ကိလေသာကာမဂုဏ် အကြောင်းတွေကို တွေးပြီးပျော်ကြတယ်။

တရားယောဂီများကတော့ ကိလေသာကာမဂုဏ် စိတ်တွေကင်းပြီး ရုပ်နာမ်တရားများကို ရှုမှတ်သိမြင်တဲ့ သမာဓိ ပညာစိတ်အစဉ်နဲ့သာ ပျော်ကြတယ်။

ဒီလိုတရားပီတိနဲ့ ပျော်နေရတဲ့ တရားကျင့်ပွားနေရတဲ့ ချမ်းသာဟာ တရားတော်ရဲ့ အလယ်၌ကောင်းခြင်းဖြစ်ပါတယ်။

ပရိယတ္တိစာပေသင်ကြားပို့ချပြီး ရာသက်ပန်ရဟန်းခံတ်နဲ့ နေပျော်နေကြတဲ့ ရဟန်းတော်တွေ။

တရားဓမ္မကျင့်ပွားဟောကြားပြီး ရာသက်ပန်ရဟန်းဝတ် ယောဂီဝတ်နဲ့ ပျော်နေကြတဲ့ ရဟန်းတွေယောဂီတွေဟာ ဒီဓမ္မ ပီတိနဲ့ ပျော်နေနိုင်ကြတာဖြစ်ပါတယ်။

## တရားကျင့်က – ချမ်းသာရပုံ
## မယ်ကာဋိဝဏ္ဏ တရားဦးပွဲတော်

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်၊ ညဥ့်ပစ္ဆိမယာမ် အရုဏ်တက်ခါနီးအချိန်၌ မဇ္ဈိမဒေသ ဗုဒ္ဓဂယာခေါ်သော ဗောဓိပင်ရင်းတွင် ကိလေသာအားလုံးကင်းပြတ်သည့် အရဟတ္တမဂ်ဉာဏ်တော်နှင့်တကွ သစ္စာလေးပါးခပ်သိမ်းသော တရားတို့ကို သိမြင်တော်မူသည့် သဗ္ဗညုတဉာဏ်တော်ကိုရယူတော်မူပြီး သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်။

ရှင်တော်မြတ်ဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်ညဥ့် နေဝင် လ-ထွက်ချိန်၌ ဗာရာဏသီပြည်အနီး ဣသိပတနအမည်ရသော မိဂဒါဝုန်တောတွင် ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိဆိုတဲ့ ပဉ္စဝဂ္ဂီငါးပါးအုပ်စု ရဟန်းတို့အား တရားဦးဓမ္မစကြာတရားကို ဟောကြားတော်မူပါတယ်၊ နတ်ပြဟ္မာများစွာလဲ တရားနာလာကြတယ်။

### တရားနာဖိတ်ရန်သွားတယ်

ထိုတရားဦးဓမ္မစကြာတရားပွဲသို့တရားနာလာကြတဲ့ နတ်ပြဟ္မာများစွာတို့တွင် သာတာဂိရိနတ်ဘီလူးဟာ တရားနာပရိသတ်ထဲမှာ သူ၏သူငယ်ချင်း ဟေမဝတနတ်ဘီးလူး မပါသေးတာကိုသိပြီး သွားခေါ်ရန် ထိုဓမ္မစကြာတရားပွဲမှ နောက်ပါ

နတ်ဘီလူး အခြံအရံငါးရာနှင့်အတူတကွ ထွက်ခဲ့ကြကာ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာတောင်ဆီသို့ လာခဲ့ကြတယ်။

## ဘောလည်လာရန် ဖိတ်ကြားလာတယ်

ဟေမဝတနတ်ဘီလူးကလဲ သူ့ရဲ့ ဟိမဝန္တာဘောတောင် တစ်ခွင်တွင် ဒါလောက်တောင် ပန်းစုံတွေပွင့်ဖူးပြီး ကြည်နူးဖွယ် ကောင်းအောင် သာယာလှပတဲ့မြင်ကွင်းကို ဒီတစ်ခါသာ ထူးထူး ခြားခြားတွေ့ရသေးတာကြောင့် သူ့သူငယ်ချင်း သာတာဂိရိနတ် ဘီလူးကို ပြသဖို့ခေါ်ရန် နောက်ပါနတ်ဘီလူး ငါးရာနှင့်အတူ ကောင်းကင်ခရီးဖြင့် သာတာဂိရိတောင်ဆီကို ထွက်ခဲ့ကြသယ်။

## ရာဇဂြိုဟ်မြို့ပေါ်တွင်ဆုံမိကြတယ်

ထိုနတ်နှစ်ပါးဟာ ဤသိဂိလ, ပဏ္ဍဝနှင့် ဂိဇ္ဈ, ဝေဘာန်, ..... တောင်ရံငါးလုံး ပတ်ပုံ့ထားခဲ့တဲ့ ရာဇဂြိုဟ်မြို့တော် အထက်ကောင်းကင်ယံတွင် ဆုံမိကြတယ်။

သူတို့နတ်နှစ်ပါးဆုံမိရာ အောက်တည့်တည့်တွင် ကုလ ....သမီးနှင့် အိမ်တောင်ကျပြီး သွားဦးကလေးဖွားရန် ....ရသဖြင့် မိဖရိုးရာ ဒီ ရာဇဂြိုဟ်မြို့သို့ ပြန်လာတော့ မိမျှားက တိုက်အပေါ် ထပ်တွင် ကိုယ်ဝန်စောင့်ရင်း ချမ်းသာစွာ နေရန်ထားတဲ့ ရာဇဂြိုဟ်သေဌေးသမီး မယ်ကာဠီတို့ ပြာသာဒ် ....မြကြီးရှိဘယ်၊ မယ်ကာဠီဟာ နွေဥတုနှင့်မိုးဥတု စပ်ကူး ....၌ ဝါဆိုလပြည့်ည၌ မှုအိုက်တာနဲ့ ပြူတင်းတံခါးများကို ဖွင့်ပြီး လေညင်းခံနေပါတယ်။

## နတ်နစ်ပါးစကားပြောသံကြားရတယ်

အဲဒီအချိန်မှာပင် ကောင်းကင်တွင်ဆုံမိကြတဲ့ နတ်နှစ်ပါးတို့ရဲ့ စကားပြောသံကိုကြားရသဖြင့် သူမဟာ နားထောင်နေပါတယ်။

"ဟာသူငယ်ချင်း သာတာဂိရိရယ်၊ မှာထားအလားသင့်ဆိုတာလိုပဲ မင်းကိုတွေ့ချင်လို့ ငါလာခဲ့တာဗျာ"

"အို-ဟေမဝတပါလား၊ ငါကလဲမင်းကို တွေ့ချင်လို့တာပဲမောင်ရေ့" "ဘာကိစ္စလဲပြောစမ်းပါဦး"

"အေး-ငါရဲ့ ဟိမဝန္တာတောတောင်တခိုတွင် ဒါလောက်တောင် ပန်းစုံပူးပြီး အလှထူးတာကို ဒီတစ်ခါသာ ထူးထူးခြားခြားတွေ့မြင်ရလို့ မင်းကိုပြချင်လွန်းလို့ လာခေါ်တာကွ"

"ဟေ-ဟုတ်လား၊ အဲဒါမထူးဆန်းလှပါဘူးကွာ၊ မင်းရဲ့ ဟိမဝန္တာ တောတောင်တစ်ခွင်သာ ပန်းစုံပွင့်ပြီးလှပတာမဟုတ်သေးဘူး၊ လောကဓာတ်ကြီးတစ်ခုလုံး ဒီလိုပန်းစုံပွင့်ဖူးပြီး ကြည်နူးဖွယ်လှပနေတာပဲဟာကို"

"အို--ဟုတ်သားပဲ၊ မင်းပြောမှ ငါသတိထားကြည့်မိတယ်၊ အဲဒါဘာ့ကြောင့်လဲ"

"အေး-အဲဒါဟာ တစ်ခြားကြောင့် ဟုတ်ရိုးလားကွာ၊ လောကမှာဘုရားပွင့်လို့ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောတွင် တရားဦးဟောနေပြီ၊ အဲဒီပွဲကိုပူဇော်တဲ့အနေနဲ့ တစ်လောကလုံး

ပန်းရုံဖွင့်ပြီး လုပနေတာပဲ၊ အဲဒီက ငါလာခဲ့တာပဲ၊ မင်းကိုတရားနာ စေချင်လို့လာခေါ်တာ သူငယ်ချင်းရေ့"

## ဘုရားပွင့်ဟယ်ဆိုတာကိုကြားရရုံနဲ့ ဧသဘာပန်ဖြစ်ကယ်

ဒါလိုနတ်ဘီလူးနှစ်ဦးပြောကြားကြတဲ့ စကားထူးများကို ကြားရသူ မယ်ကာဠီဟာ "အို-လောကမှာ ဘုရားပွင့်ပြီတဲ့၊ လောကမှာဘုရားပွင့်ပြီဟဲ့"ဆိုတဲ့အသံကို သူ့နားမှတစ်ဆင့် နှလုံးသားတွင်း တိုးပင်ပြီး အထပ်ထပ် ပဲ့တင်ထပ်ကာ ဝမ်းအသာ ကြီးသာသွားတယ်။

၁။ မယ်ကာဠီရဲ့သန္တာန်တွင် ကြက်သီးမွေးညင်း တစ်ဖျင်းဖျင်းထတဲ့ အသေးစားခုဒ္ဒိကာပီတိများလဲ ဖြစ်ပွားလာတယ်။

၂။ ခန္ဓာကိုယ်တွင်း လျှပ်စစ်ဓာတ်စီးဆင်းသလို တစ်ဖျတ်ဖျတ် တုံခါနေတဲ့ ခဏိကာပီတိများလဲ ဖြစ်ပွားလာတယ်။

၃။ ပင်လယ်ကမ်းစပ်နား သွားထိုင်သူအပေါ်တွင် ပင်လယ်ရေလှိုင်းလုံးကြီးများ တစ်ဖွားဖွားလွှမ်းခြုံသည့်အလား တစ်ကိုယ်လုံး ရှိန်းကနဲရှိန်းကနဲ ဖြစ်သွားရတဲ့ ဩက္ကန္တိကာပီတိများလဲ ဖြစ်ပွားလာကြတယ်။

၄။ သူမရဲ့ တစ်ကိုယ်လုံး နတ်ပူးသလားထင်မှားရလောက်အောင် တုံခါလှုပ်ယိမ်းတက်ကြွလာစေတဲ့ ဥဗ္ဗေဂါပီတိများလဲ ဖြစ်ပွားလာကြတယ်။

၅။ ဆိတ်ငြိမ်းစိမ်လိုက်သလို တစ်ကိုယ်လုံးစိမ့်ဝင်ပြီး နူးညံ့တဲ့ အတွေ့အထိချမ်းသာကို ခံစားရတဲ့ ဖရဏာပီတိများလဲ တစ်ပွားပွား ဖြစ်ပွားလာကြတယ်။

မယ်ကာဥ္စီဟာ ကြားရတဲ့ "ဘုရားပွင့်ပြီ" ဆိုတဲ့အသံကိုလဲ သတိထားရှုမှတ်နေတယ်၊ ထိုအသံနှင့်တစ်သားတည်း ပင် ရင်ထဲတွင်အယပ်ထပ် ကြားယောင်ရိုက်ခတ်ပေါ်နေတဲ့ ပီတိများကိုလဲ သတိထားရှုမှတ်နေတယ်။

ဘုရားကိုကြည်ညိုတဲ့စိတ်များ၊ ဝမ်းသာပီတိစိတ်များနှင့် တစ်ဆက်တည်း ကိုယ်ခန္ဓာတွင်ဖြစ်ပွားတဲ့ ပီတိရှိန်ရှိန်ရပ်ဟရားကို လှုပ်ရှားမှုများကိုလဲ သတိထားပြီး ရှုမှတ်နေပါတယ်။

မယ်ကာဥ္စီဟာ ရှုမှတ်ရင်း ရှုမှတ်ရင်းက အသင်္ချေနာက် စောစောတွင် ဖင်လုံးကျုံကျုံနေတဲ့ စပယ်ပန်းဖင်ပေါ်မှ နံနက်လင်းလို့ နေထွက်လာတဲ့အခါ နေပူကြောင့် စပယ်ပန်းပွင့် တွေ ကြွေကျနေကြသလိုပင် နှုံးနှုံးကြားသိစိတ်များရဲ့ တစ်ပွားပွားပေါ်ပျောက်နေမှုကိုလဲ သိမြင်ရတယ်၊ ထိုမှတစ်ဆင့် ကြားသိမှုကို ရှုပွားနေတဲ့ မှတ်သိစိတ်များလဲ နောက်ဆုံး မှတ်သိပြီး ပေါ်ပျောက်နေတာကိုလဲ သိနေတယ်။

ကြည်ညိုသဒ္ဓါစိတ်နှင့် မှတ်သိစိတ်များဖြစ်ပေါ် ပျောက်ပျက် နေပုံကိုလဲ သိမြင်နေတယ်။

ဝမ်းသာစိတ် သောမနဿနှင့် မှတ်သိစိတ်များ ပီတိကြောင့် ဖြစ်တဲ့ အေးစိမ့်ချမ်းသာတဲ့ ပီတိရုပ်များနှင့် မှတ်သိစိတ်များ ပေါ်ပျောက်နေပုံကိုလဲ သိမြင်နေတယ်။

ဒါ့ကြောင့် မပြတ်တဲ့ရုပ်နာမ်တွေ ထပ်တစ်လဲလဲ နိုပ်စက်နေတာကြောင့် ဆင်းရဲပုံများ၊ ထိုထိုရုပ်နာမ်ဖြစ်ပျက်ဆင်းရဲများ နှိပ်စက်နေတာကို မနှိပ်စက်အောင် မတတ်နိုင်ဘဲခံနေရပုံ၊ အတ္တကောင်ငါကောင်မရှိတဲ့ပုံ၊ သဘောတရားသက်သက်မျှဖြစ်ပုံများကိုလဲ ရှုမှတ်ရင်းပင် သိမြင်နေပါတယ်။

ရှုမှတ်ဆဲတွင် ပေါ်ပြီးပျောက်သွားတာကိုတွေ့ရ၍ မမြဲ-လို့သိတာက အနိစ္စာနုပဿနာဉာဏ်။

"အနိစ္စမြင်ရင် ဒုက္ခထင်သည်၊ ဒုက္ခထင်တော့ အနတ္တမြင်သည်။ အနတ္တထင် နိဗ္ဗာန်ခွင် ပြေးဝင်ဆိုက်ရောက်သည်" ဆိုတဲ့အတိုင်း မယ်ကာဠီဟာ "ဘုရားပွင့်တယ်" ဆိုတဲ့ အသံကြားသိကြားတဲ့ ထိုအသံနှင့်တစ်ဆက်တည်း ဖြစ်ပေါ်ပျောက်ပျက်တဲ့ရုပ်နာမ်များကို ရှုမှတ်ရင်းပင် ဝိပဿနာဉာဏ်များ တိုးပွားပြည့်စုံပြီး ဆင်းရဲအေးငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုသိမြင်ကာ သောတာပန်ဖြစ်သွားပါတယ်။

## တစ်ဆင့်ကြားနဲ့ ဘုရားအကြည်ညိုဆုံး တေဒဂ်ရသူ

ဒီလိုတစ်ဆင့် ကြားနဲ့ ဘုရားကိုကြည်ညိုသူများတွင် အမြတ်ဆုံး ဧတဒဂ်ရာထူးကို ဘုရားရှင်က ချီးမြှောက်ပေးအပ်ခံရသူဖြစ်ပါတယ်၊ ဒါဟာမြတ်စွာဘုရားရှင်ရဲ့တရားကို ကျင့်ပွားသူဟာ တရားထူးနိဗ္ဗာန်ချမ်းသာကို ရရှိချမ်းသာပုံ သာဓက

တစ်ခုပါပဲ၊ ဒါဟာဘုရားရှင့်ရဲ့ ကောင်းစွာ ဟောကြားအပ်တဲ့ တရားတော်ရဲ့ ပရိယောသာနကလျာဏ- အဆုံး၏ ကောင်းခြင်း သွာက္ခာတဂုဏ်တော်ပါပဲ။

## တရားရသော် တရားနဲ့ပျော်ပုံ
## မဟာကပ္ပိနမထေရ်ဝတ္ထု
(ဓမ္မပဒ-၄-၁၊ ၃၅၁၊ ၃၅၉)

### ရတနာသုံးပါးသတင်းနံ့စမ်းခဲ့တယ်

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ် ဓမ္မပီတိသုခံသေတိ- အစရှိတဲ့တရားတော်ကို ဟောတော်မူပါတယ်။

ထိုစကားကို အနည်းငယ်ချဲ့ပါဦးမယ်၊ ကုက္ကုဋဝတီတိုင်း ပြည့်ရှင်ဘုရင်မင်းမြတ်ဟာ ဘုရားတရားသံဃာ ပွင့်ပေါ်ကြောင်း သတင်းကို ထောက်လှမ်းရန် နေ့စဉ်နေ့တိုင်းပင် မြင်း ၄ စီး နှင့် မြင်းသည်တော် ၄ ဦးတို့အား အရပ်လေးမျက်နှာသို့ နှစ်ယူဇနာ သုံးယူဇနာတိုင်တိုင် စေလွှတ်တော်မူပါတယ်။

### ရတနာသုံးပါး သတင်းဆောင်သူအား သုံးသိန်းဆုချတယ်

ထိုနေ့သည် မင်းကြီးနှင့် အမတ်တစ်ထောင်တို့ ဥယျာဉ် ကစားထွက်စဉ် သာဝတ္ထိမြို့မှရောက်လာသော ကုန်သည်များထံမှ

သာဝတ္ထိမြို့တွင်ဘုရားပွင့်၍ တရားဟောကြားလျက် နောက်လိုက်တပည့်သံဃာများလည်း ပေါ်ထွန်းကြောင်းကိုကြားသိရတယ်။

ထိုအခါ မင်းကြီးဟာ သတင်းတစ်မျိုးကို ကြားရတိုင်းပင် မေ့မျောသွားလောက်အောင်ပင် ဝမ်းသာပီတိများဖြစ်ပွားပြီး၊ သတင်းတစ်မျိုးလျှင် ဆုတော်ငွေတစ်သိန်း ချီးမြှင့်တော်မူတယ်။

ဒီနောက် မဟာကပ္ပိနမင်းကြီးနှင့် နောက်ပါအမတ်တစ်ထောင်တို့ဟာ ထိုရတနာသုံးပါးသတင်းကြားရာ ဥယျာဉ်တွင်းမှာပင် အနော်ဇာဒေဝီနှင့် အမတ်ကတော်များအား ထီးနန်းလွှဲအပ်ကြောင်း စာများရေးပေးလျက် ထိုရတနာသုံးပါး သတင်းပေးသူ ကုန်သည်များကိုစေလွှတ်ပြီး ရတနာသုံးပါးရှိရာ သာဝတ္ထိမြို့သို့ ကိုယ်စီ စီးကာထွက်ခဲ့ကြပါတယ်။

လမ်းတွင်တွေ့ရသော မြစ်သုံးတန်ကို ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်များကို ဆင်ခြင်အဓိဋ္ဌာန်ပြုပြီး ကူးခဲ့ကြရာ၊ မြင်းခွာစွန်းမျှသာ ရေစွပ်စိုရုံဖြင့် ကူးမြောက်နိုင်ခဲ့ကြတယ်။

## တရားလဲရ ရဟန်းပြုကြတယ်

မြတ်စွာဘုရားရှင်ကလဲ ထိုနေ့နံနက်စောစောတွင် ကျွတ်သင့်ကျွတ်ထိုက်တဲ့ သတ္တဝါများကိုကြည့်တော်မူသော် ထိုမဟာကပ္ပိနမင်းကြီးအမှူးရှိသော အမတ်တစ်ထောင်နှင့် အနော်ဇာဒေဝီအမှူးရှိသော အမတ်ကတော်တစ်ထောင်တို့ ကျွတ်တမ်းဝင်ကြမည်ကို

မြင်တော်မူသဖြင့် သာဝတ္ထိပြည်မှထွက်ကြွလာပြီး စန္ဒာဘမြစ်ကမ်း ညောင်ပင်အောက်တွင်ထိုင်၍ စောင့်ကြိုတော်မူပါတယ်။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ဟာ မြစ်သုံးတန်ကို ရတနာသုံးပါးဂုဏ် အာရုံပြုဓိဋ္ဌာန်ကာ၊ အောင်မြင်စွာကူးခဲ့ပြီးနောက် စန္ဒာဘမြစ်ကမ်း ညောင်ပင်ရင်းတွင် ရောင်ခြည်တော်ခြောက်သွယ်ဖြန့်ခင်းပြီး သီတင်းသုံးထိုင်နေတော်မူတဲ့ မြတ်စွာဘုရားထံမှောက်သို့ ရောက်လာကြတယ်။

မြတ်စွာဘုရားကလဲ ရောက်ရောက်ချင်းပင် ထိုမဟာကပ္ပိနမင်းကြီးအမှူးရှိတဲ့ အမတ်တစ်ထောင်တို့အား တရားဟောကြားတော်မူပါတယ်၊ မဟာကပ္ပိနမင်းကြီးအမှူးရှိတဲ့ အမတ်တစ်ထောင်တို့ဟာ ဟရားတော်အဆုံးတွင် သောတာပန်တည်ကြပြီး မြတ်ဘုရားထံ ရဟန်းအဖြစ် တောင်းပန်ကြတော့၊ မြတ်ဘုရားက ဧဟိ-ဘိက္ခု-ဖြင့် ရဟန်းပြုပေးတော်မူသဖြင့် အားလုံးရဟန်းဖြစ်ကြတယ်။

## ရတနာသုံးပါးသတင်းပေးသူအား ကိုးသိန်းဆုချတယ်

အနော်ဇာဒေဝီလဲ ကုန်သည်များထံမှ ရတနာသုံးပါးသတင်းကိုကြားသိရလို့ ကုန်သည်များအား သတင်းတစ်ပုဒ်လျှင် သုံးသိန်းစီဆုချတယ်။

ဒီနောက် မဟာကပ္ပိနမင်းနှင့် အမတ်တစ်ထောင်တို့ ပေးစာများအရ ထီးနန်းကိုလွှဲအပ်ခဲ့ပြီး ဘုရားထံသွားကြကြောင်း

သိရတော့ အနော်ဇာဒေဝီနှင့် အမတ်ကတော်တစ်ထောင်တို့ဟာ "ငါတို့လဲသူများထွေးသွားတဲ့ တံတွေးပမာ ထီးနန်းစည်းစိမ်ကို မယူလိုကြဘူး၊ ဘုရားထံသွားကြမည်"လို့ ဆုံးဖြတ်ချက်ချကာ မြင်းရထားကိုယ်စီ စီးလျက်ထွက်ခဲ့ကြသော် မြစ်သုံးတန်ကို တွေ့တော့ ရတနာသုံးပါးဂုဏ်ကို အာရုံပြုစိတ္တာန်ပြီး ကူးခဲ့ကြတယ်။ ရထားဘီးအကွပ်မျှသာ ရေစိုစွတ်ရုံဖြင့် အောင်မြင်စွာ ကူးနိုင်ခဲ့ကြတယ်။

## အမျိုးသားရဟန္တာတစ်ထောင်နှင့် အမျိုးသမီးရဟန္တာတစ်ထောင်ဖြစ်ကြတယ်

အနော်ဇာဒေဝီတို့ရောက်လာချိန်တွင် မြတ်ဘုရားက မဟာကပ္ပိနမထေရ်တို့အား တန်ခိုးတော်ဖြင့်ကွယ်ထားပြီး အနော်ဇာဒေဝီအမှူးရှိတဲ့ အမတ်ကတော်တစ်ထောင်အား တရားဟောတော်မူပါတယ်။။

မြတ်ဘုရားရဲ့ တရားအဆုံးတွင် မဟာကပ္ပိနမထေရ်အမှူးရှိတဲ့ ရဟန်းတော်များဟာ ကိလေသာကုန်းခန်း၍ ရဟန္တာ ဖြစ်ကြတယ်။

အနော်ဇာဒေဝီအမှူးရှိတဲ့ အမတ်ကတော်တစ်ထောင်တို့က သောတာပန်ဖြစ်ကြတယ်။

ထိုအခါ သဒ္ဓါတရားနိုင်မြဲလှောက်ပြီဖြစ်၍ မြတ်စွာဘုရားက တန်ခိုးတော်ကိုရုပ်သိမ်းလိုက်ရာ အနော်ဇာဒေဝီတို့က

မဟာကပ္ပိနမင်းတို့ကို ရဟန်းဝတ်ဖြင့် ဖြုံးစားကြီးမြင်ကြရပြီး သူမတို့အားလဲ ရဟန်းပြုပါရန် မြတ်စွာဘုရားထံ တောင်းပန်ကြတယ်။

မြတ်ဘုရားက သာဝတ္ထိပြည်ရှိ ဘိက္ခုနီကျောင်းသွားပြီး ရဟန်းပြုကြရန် စေလွှတ်သဖြင့် သူမတို့ဟာ ဘုရားရှင်အမိန့်အတိုင်း သွားရောက်ရဟန်းပြုကြပြီး တရားကျင့်ကြရာ ကိလေသာကုန်ခန်း ရဟန္တာဖြစ်ကြပါတယ်။

## အဟောသုခံ-ပြဿနာ

မြတ်စွာဘုရားရှင်ဟာ မဟာကပ္ပိနမထေရ်အမှူးရှိတဲ့ ရဟန္တာတစ်ထောင်အားခေါ်ဆောင်ပြီး ကောင်းကင်ခရီးဖြင့် သာဝတ္ထိပြည်ဇေတဝန်ကျောင်းသို့ ကြွတော်မူပါတယ်။

ဇေတဝန်ကျောင်းရောက်သော် အခြားရဟန်းများက နားနေကြသော်လဲ အရှင်မဟာကပ္ပိနမထေရ်ကတော့ ကျောင်းတိုက်တွင်းတွင် "အဟောသုခံ အဟောသုခံ-အော်ချမ်းသာစွ၊ အော်-ချမ်းသာစွ"လို့ ဥဒါန်းကျူးကာ လှည့်လည်နေသတဲ့။

ဒါကိုတွေ့မြင်ကြားသိကြရတဲ့ ရဟန်းတော်များက မြတ်စွာဘုရားထံသွားပြီး "မဟာကပ္ပိနမထေရ်ကြီးဟာ အဟောသုခံ အဟောသုခံ-အော်ချမ်းသာစွ၊ အော်ချမ်းသာစွ"လို့ ဥဒါန်းကျူးလျက် လှည့်လည်ပါတယ်ဘုရား

"သူဟာ ရဟန်းဝတ်လာတာ မကြာသေးလို့ သူ့လူ့ဘဝ တုန်းက ခံစားခဲ့တဲ့ထီးနန်းမင်းစည်းစိမ်ကို အကြောင်းပြုတမ်းတ ပြောဟန် တူပါတယ်ဘုရား"လို့ လျှောက်ထားကြတယ်။

ဒီအခါ မြတ်ဘုရားက ရဟန်းများရှေ့တွင် မဟာကပ္ပိနမထေရ်ကိုခေါ်ပြီး စစ်ဆေးပါတယ်၊ "သင်ချစ်သားဟာ–မင်းစည်းစိမ်ကိုတမ်းတပြီး ချမ်းသာစွ ချမ်းသာစွ–လို့ ဥဒါန်းကျူးတယ် ဆိုတာ မှန်သလား"လို့ မေးတော်မူပါတယ်။

ဒီတော့ အရှင်မဟာကပ္ပိနမထေရ်က "မြတ်စွာဘုရား၊ တပည့်တော်ဟာ မင်းစည်းစိမ်ကိုအမှတ်ရပြီး ချမ်းသာစွ, ချမ်းသာစွ–လို့ဥဒါန်းကျူးတယ်၊ မကျူးဘူးဆိုတာကို မြတ်စွာ ဘုရားသိပါတယ်ဘုရား"လို့ လျှောက်ထားတယ်။

## နိဗ္ဗာန်ဥဒါန်း

ဒီအခါမြတ်ဘုရားက– "ငါရဲ့ချစ်သားရဟန်းများတို့၊ ငါ့သားတော် မဟာကပ္ပိနမထေရ်ဟာ မင်းစည်းစိမ်ကိုရည်မှန်းပြီး ဥဒါန်းကျူးတာမဟုတ်ဘူး၊ ငါ့သားတော်အား တရားချမ်းသာ ကြောင့်ဖြစ်တဲ့ ဝမ်းသာမှုဓမ္မပီတိ တရားချမ်းသာကြောင့်ဖြစ်တဲ့ ပျော်မွေ့မှု ဓမ္မရတိဟာ တအိအိဖြစ်ပေါ်နေတယ်၊ အဲဒီငါ့ သားတော် မဟာကပ္ပိနမထေရ်ဟာ တရားမြိုက်ချမ်းသာမြတ် နိဗ္ဗာန်ဓာတ်ကြီးကို အကြောင်းပြုပြီးဥဒါန်းကျူးတာဖြစ်တယ်"လို့ မိန့်တော်မူပြီး ဒီတရားတော်ကို ဟောတော်မူပါတယ်။

ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။

အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

ဓမ္မပီတိ–မဂ်လေးတန် ဖိုလ်လေးတန် မြတ်နိဗ္ဗာန်ဟု ကိုးတန်သော လောကုတ္တရာတရား နို့ချိုရည်ကိုသောက်စို့ရခြား ရရှိစံစားရသောသူသည်၊ သုခံ–ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းဝမ်းသာ ချမ်းချမ်းသာသာ၊ သေတိ–ဝိဟရတိ–ရပ်သွား ထိုင်လျောင်း လှည့်ကာပြောင်း၍ ကောင်းကောင်းကြီး အိပ်ရနေရပါ၏၊ ပဏ္ဍိတော–တရားနို့ချိုရည်ကို သောက်စို့ရသော တရားမြင်သိ တရားပညာရှိသည်၊ ဝိပ္ပသန္နေန စေတသာ–နီဝရဏငါးအင်ကိလေသာ အညစ်အကြေးမတင်ဘဲ ဖြူစင်ကြည်လင်သော စိတ်ဓာတ်ဖြင့်၊ အရိယပ္ပဝေဒိတေ–ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူတော်စွာတို့ ဟောကြားအပ်သော၊ ဓမ္မေန–နိဗ္ဗာန်လမ်းပြ ဗောဓိပက္ခိယတရား၌၊ သဒါ–အခါခပ်သိမ်း၊ ဝါ–နေ့ရော ညဉ့်ပါ ဘယ်ခါမပြတ် တရစပ်၊ ရမတိ–မွေ့လျော်ရလေ၏၊ ရမတိ– ရှာန်ချမ်းသာ ဝိပဿနာချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာမှာပျော်မွေ့ပြီးရင်း ပျော်မွေ့ရင်းမို့ ပျော်မွေ့ခြင်းကြီးမက ပျော်မွေ့ရပါပေသတည်း။

(သာဓု–သာဓု–သာဓု)

## တရားရသော်တရားနဲ့ပျော် ရှစ်လုံးဘွဲ့

တရားချိုနို့ သောက်စို့သူဟာ၊
လျောင်းထိုင်ရပ်သွား လေးပါးချမ်းသာ၊
သူမြတ်ဟောကြား တရားတော်မှာ၊
စိတ်ကြည်မြ နိစ္စမွေ့လျော်တာ။

မြတ်ဘုရားရဲ့ ဒီတရားတော်အဆုံးတွင် တရားနာပရိသတ်များဟာ သောတာပန်စသည် တည်ကြပါသတဲ့၊ ဒါဟာ ဘုရားဟောကြားအပ်တဲ့ တရားတော်ကိုကျင့်လျှင် အကျိုးရတဲ့အဆုံးရဲ့ကောင်းခြင်း သွာက္ခာတဂုဏ်တော်ဖြစ်ကြောင်း သာဓကဝတ္ထု ဖြစ်ပါတယ်။

## လိုက်နာကျင့်သုံးဖွယ်

၁။ မဟာကပ္ပိနမထေရ်အမှူးရှိတဲ့ ဘိက္ခုရဟန္တာ တစ်ထောင်နှင့် ဘိက္ခုနီရဟန္တာတစ်ထောင်တို့ဟာ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ သံဃာနုဿတိဘာဝနာတရားကို ကျင့်ပွားကြ၍ ထီးနန်းစည်းစိမ်ကို စွန့်နိုင်ခဲ့ကြပြီး မြစ်သုံးတန်ကို ရေယာဥ်မပါဘဲနဲ့ အံ့ဩဖွယ်ရာ ကူးနိုင်ခဲ့ကြတယ်။

ဒီရတနာသုံးပါးကို ကိုးကွယ်ကြည်ညိုရခြင်း၏ အကျိုးကို သိမြင်အားကျပြီး ရတနာသုံးပါးကို လေးလေးစားစား ကိုးကွယ်ကြည်ညိုကြရမယ်။

၂။ တရားထူးရကြသူများဟာ လောကီ ကိလေသာ ကာမဂုဏ်များကို ပယ်စွန့်နိုင်ပြီး တရားချမ်းသာနှင့် ပျော်မွေ့တော်မူကြတယ်။

ဒီတရားကျင့်ရကျိုးကို သိမြင်အားကျပြီး တရားဘာဝနာများကို အလေးအနက်ထား၍ ကြိုးစားကျင့်ပွားကြရမယ်။

## သန္ဒိဋ္ဌိကဂုဏ်တော်

၁။ ကိုယ်တိုင်ကျင့်က၊ ကိုယ်သိရ၊ ဓမ္မသန္ဒိဋ္ဌိကဂုဏ်။

ယခု ဘုန်းကြီးဆက်လက်ဟောကြားမှာကတော့ တရားဂုဏ်တော် ၆-ပါးထဲက ဒုတိယဂုဏ်ဖြစ်တဲ့ သန္ဒိဋ္ဌိကဂုဏ်ကို ဟောကြားမှာ ဖြစ်ပါတယ်။

ဘဂဝတာ-ဘုန်းဂုဏ်ရန့် သုံးဘုံနှံ့အောင် ပြန့်လွှင့်ကျော်ကြား ရှင်တော်မြတ်ဘုရားသည်၊ အက္ခာတော-ဟောကြားတော်မူအပ်သော၊ ဓမ္မော-မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ၁၀-ပါးသော တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော-ကျင့်ကြံအားထုတ်လျှင် မျက်မှောက်ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ် ပါပေတကား။

## အခြားဝါဒ၌ ဗုဒ္ဓဝါဒလို ကိုယ်တွေ့နိဗ္ဗာန်တရားမရှိ

သန္ဒိဋ္ဌိက-ကိုယ်တိုင်သိမြင်ထိုက်တဲ့ တရားတဲ့၊ သူတစ်ပါးအပြောမှုဖြင့် ယုံကြည်လက်ခံရတာမဟုတ်ဘဲ ကိုယ်တိုင်ကျင့်ပြီး

ကိုယ်တိုင်ဒိဋ္ဌတွေ့ရသိရတဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရားများကို သန္ဒိဋ္ဌိက လို့ဆိုပါတယ်။

မြတ်ဘုရားဟောကြားသော မဂ်ဖိုလ်နိဗ္ဗာန်၌ ကိုယ်တွေ့ သိရသော သန္ဒိဋ္ဌိကဂုဏ်ရှိတယ်–ဆိုသဖြင့် ဗုဒ္ဓအဆုံးအမ သာသနာ၏ အပြင်ပအယူအဆ ဝါဒဓမ္မများ၌ ထိုကဲ့သို့ ကိုယ်တွေ့သိခြင်းဖြင့် သိရတာမဟုတ်ဘဲ သူများအပြောဖြင့် လွှမ်းနေရတဲ့ ဓမ္မများသာဖြစ်ကြောင်းကို သိနိုင်တယ်။

ဗြဟ္မဏဝါဒ၌ ချမ်းသာရာတရားများရှိပါရဲ့၊ ကိုယ်တွေ့လဲဖြစ် ပါရဲ့၊ ဒါပေမယ့် ထိုချမ်းသာရာတရားများမှာ နိဗ္ဗာန်ကဲ့သို့ ဒုက္ခခပ်သိမ်း ငြိမ်းစေတတ်တဲ့ ဓာတ်လဲမဟုတ်၊ ဗြဟ္မာ့ပြည်ရောက်ကြောင်း တရားသာဖြစ်တယ်။

ဗြဟ္မာကို သူတို့က “ကမ္ဘာနှင့်သတ္တဝါတို့ကို ဖန်ဆင်းသူ၊ မအိုမသေအမြဲတည်နေသူ”လို့ဆိုရာ၊ ထိုဗြဟ္မာတို့ရဲ့ နေရာဘုံကို သူတို့အလိုအားဖြင့် နိဗ္ဗာန်တစ်မျိုးလို့ဆိုရတယ်၊ ဗြဟ္မာကို အမြဲတည်နေသူ–လို့ ဆိုရသည်မှာ သူတို့ကိုယ်တွေ့သိ မဟုတ်ဘဲ သူများအပြောမျှသာ ဖြစ်တယ်။

ဗုဒ္ဓဝါဒအရ အမှန်မှာသူတို့ပြောသလို အနိစ္စဓာတ်မဟုတ်ဘဲ ရုပ်ဓာတ်နာမ်ဓာတ်ပင်ဖြစ်ပြီး တစ်နေ့နေ့မှာ သေကျေပျက်စီးကာ လူ့ပြည်နတ်ပြည်မှတစ်ဆင့် အပါယ်အထိထိုးကျနိုင်တဲ့ ဓာတ်တို့ သာ ဖြစ်ကြတယ်။

## အခြားဘာသာဝါဒများနှင့် ဗုဒ္ဓဝါဒနှိုင်းချက်

ထေရဝါဒ ဗုဒ္ဓဘာသာကျမ်းဂန်တွင်ပါရှိသော ဝေဿဝိုပညာ ဝတ္ထုတွင် ဗကဗြဟ္မာကြီးက သူ့ကိုယ်သူ မြဲတယ်လို့ ထင်နေ တယ်၊ ကမ္ဘာလောကကိုလဲ သူက ဖန်ဆင်းတယ်လို့ ထင်နေ တယ်။

သူထင်သလိုမဟုတ်ကြောင်း နားလည်အောင် ဘုရားရှင် ကိုယ်တိုင် သူ့ရှိတဲ့ ဗြဟ္မာ့ပြည်ကိုကြွပြီး ဆုံးမတော်မူခဲ့ရ တယ်။

တစ်ချို့က ကောင်းကင်ဘုံ၌ ကမ္ဘာကိုဖန်ဆင်းတဲ့ ထာဝရ တည်မြဲတဲ့ အနန္တတန်ခိုးရှင်ရှိတယ်-လို့ ယုံကြည်ကြတယ်၊ သူ့ရဲ့တပည့်ကောင်းများမှာ ထိုတန်ခိုးရှင်ထံ ရောက်ကြရတယ်-လို့ဆိုတယ်၊ ထိုတန်ခိုးရှင်များရဲ့နေရာ ကောင်းကင်ဘုံဆိုတာ သူတို့အလို နိဗ္ဗာန်တစ်မျိုးတဲ့၊ ဒါပေမယ့် ထိုနိဗ္ဗာန်မျိုးဟာ ပြောသူကလဲသူများပြောဖြင့်သာ ယုံကြည်ခဲ့ရပြီး နားကြားသူကလဲ သူများပြောအရသာ နားကြားရတာဖြစ်ရှာ၊ အပြောသာရှိပြီး တစ်ကယ်လက်တွေ့ မြင်အောင်မပြနိုင်တာကြောင့် ကိုယ်တွေ့ သိရတဲ့ ဗုဒ္ဓသာသနာက နိဗ္ဗာန်အစစ်မျိုးတော့မဟုတ်ပါ၊ အခြားဘာသာဝါဒ မျိုးမျိုးမှာလဲ စိတ်ကူးချက် အထင်မှားချက် များသာဖြစ်ရာ အဘယ်မှာ ကိုယ်တွေ့သိအောင် ညွှန်ပြနိုင်မှာလဲ၊ မညွှန်ပြနိုင်ကြပါ။

## သုဘဒ္ဒသုတ္တန်

ဒီသန္နိဋ္ဌာကဂုဏ်တော်နှင့် ပတ်သက်ပြီး သုဘဒ္ဒပရိဗိုဇ်အား မြတ်ဘုရားဟောကြားတဲ့ သုဘဒ္ဒသုတ္တန်တရားတော်ကို ဟောပြပါဦးမယ်။

## မြတ်ဗုဒ္ဓဒေသနာခရီး

မြတ်စွာဘုရားဟာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်ညဉ့် နောက်ဆုံးပိုင်းအချိန်တွင် မဇ္ဈိမဒေသ မဟာဗောဓိပင်ရင်း၌ လောဘအစရှိတဲ့ ကိလေသာအားလုံးကို အပြီးအပြတ်ပယ်သတ်တဲ့ အရဟတ္တမဂ်ဉာဏ်တော်နှင့် တရားအားလုံးကိုသိတဲ့ သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဘုရားအဖြစ်သို့ရောက်တော်မူခဲ့ပါတယ်။

မြတ်စွာဘုရားဟာ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်-လ, ထွက်ချိန်တွင် ဗာရာဏသီပြည်အနီး ဣသိပတနအမည်ရှိတဲ့ မိဂဒါဝုန်တောတွင် ငါးပါးအစုရှိတဲ့ ပဥ္စဝဂ္ဂီရသေ့ရဟန်းများရှိတဲ့ များစွာသော နတ်ဗြဟ္မာတို့အား ဓာရားဦးဓမ္မစကြာတရားကို ဟောတော်မူပါတယ်။

မြတ်စွာဘုရားရှင်ဟာ ထိုမိဂဒါဝုန်တောတွင် ဝါဆိုလျက် တရားဟောပြတော်မူစဉ် ပဥ္စဝဂ္ဂီရဟန်းငါးပါးရယ်၊ ယသ သေဋ္ဌေးသား ငါးကျိပ်ငါးယောက်ရယ်၊ ပေါင်းပုဂ္ဂိုလ်ခြောက်ကျိပ်တို့ဟာ ကိလေသာကုန်ခန်း ရဟန္တာများဖြစ်ကြပြီး သာသနာ့ဝင်ရဟန်း

များလဲဖြစ်ကြတယ်၊ ထိုရဟန္တာ ရဟန်းအပါးခြောက်ဆယ်တို့အား ထိုနှစ်မိုးဥတုကုန်းဆုံးချိန် တန်ဆောင်မုန်းလတွင် ခရီးတစ်ကြောင်းလျှင် တစ်ပါးစီ တရားဟောစေလွှတ်တော်မူပြီး ကိုယ်တော်တိုင်လည်း တရားဟောကြွတော်မူပါတယ်။

မြတ်စွာဘုရားဟာ အဲဒါလို တပည့်ရဟန္တာ ရဟန်း ၆၀-ပါးနှင့် ကိုယ်တော်တိုင်ပါ တရားဟောခရီးကြွပြီး သာသနာပြုတော်မူတဲ့အတွက် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် တပို့တွဲလပြည့်နေ့ ၌ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် တပည့်သာဝကရဟန်း ၁၂၅၀ အစည်းဝေးဝယ် ဩဝါဒပါတိမောက်တရားတော်ကို ဟောပြတော်မူခဲ့ပါတယ်။

အဲဒါလိုပင် မြတ်စွာဘုရားဟာ ကိုယ်တော်တိုင်ရော တပည့်ရဟန်းများပါ တရားဟောပြ သာသနာပြုကြတဲ့အတွက် အိန္ဒိယသကြင်းပြတ်တဲ့ အငြိမ်းဓာတ်နိဗ္ဗာန်တရားထူးကို ရကြသူရဟန်းရှင်လူပရိသတ်များဟာ ရာ-ထောင်-သောင်းဂဏန်းမှ သိန်းသန်းကုဋေချီအောင်များပြားလာခဲ့ပါတယ်၊ ထိုပရိသတ်များတွင် အမျိုးသားရဟန်းဘိက္ခုပရိသတ်များသာမက အမျိုးသမီးရဟန်းဘိက္ခုနီ ပရိသတ်များပါ များစွာပါဝင်လာပါတယ်၊ မြတ်ဘုရားဟာ ထိုပရိသတ်တွင် လက်ဝဲရံ လက်ယာရံ ဧကဒဂ်နှင့် တရားဟော ထူးချွန်တေဒဂ်စတဲ့ ဘွဲ့ထူးဂုဏ်ထူးထိုက်တန်သူများအား ထိုဘွဲ့ထူးဂုဏ်ထူးများကို ချီးမြှောက်ပြီး တပည့် ရဟန်းရှင်လူပရိသတ်အား စနစ်တကျအုပ်ချုပ် စီမံလျက် သာသနာပြုတော်မူပါတယ်။

## ဝါ ၄၅- သက်တော် ၈၀- အချိန်ဝယ်

အဲဒါလို သာသနာပြုလာတဲ့ မြတ်စွာဘုရားရှင်ဟာ သက်တော် ၈၀-ဝါတော် ၄၅-ဝါ ရရှိတော်မူလာပါတယ်။

သတ္တဝါများအပေါ်တွင် သနားခြင်းကြီးစွာ မဟာကရုဏာ အရှင်ဖြစ်တော်မူတဲ့ ထိုဗုဒ္ဓမြတ်စွာဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံဝင်ရန် အချိန်ကျတဲ့အတွက် အာယုသင်္ခါရကို လွှတ်တော်မူပြီးနောက် မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်ပိုင်းကာလ တွင် ပါဝါမြို့သားဖြစ် ရွှေပန်းထိမ်သည် စုန္ဒရဲ့ဆွမ်းကို ဘုဉ်းပေး တော်မူပြီးတဲ့အခါ ဝမ်းသွေးသွန်ရောဂါဖြစ်ပေါ်လာပြီး အပြင်း အထန်ဝေဒနာနှိပ်စက်ခံရသော်လဲ ကုသိနာရုံမြို့မလ္လာမင်းတို့ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုရန် ၆-မိုင်ဝေးကွာတဲ့ခရီးကို ၂၅-ဌာနတို့၌ နားကာနားကာ ပင်ပန်းစွာကြွတော်မူပါတယ်။

## သုဘဒ္ဒအားသနားငဲ့ညှာ ကြွခဲ့ပါတယ်

အဲဒါလို ကြွတော်မူခြင်းဟာ သုဘဒ္ဒပရိဗိုဇ်ရဲ့တရားထူးရမည့် အရေးကို မြင်တော်မူတာကြောင့် သုဘဒ်ပရိဗိုဇ်အား သနားတော် မူသဖြင့် ကြွချီတော်မူတာဖြစ်ပါတယ်။

အဲဒါလို သနားခြင်းကြီးစွာ မဟာကရုဏာတော်ဖြင့် ပါဝါပြည် ကုသိနာရုံမြို့အထိ သုံးဂါဝုတ်ခေါ် ခြောက်မိုင်ဝေးကွာ သော ခရီးကို နောက်ပါရဟန်းတော်များစွာတို့နှင့်တကွ ကြွတော် မူတဲ့ မြတ်စွာဘုရားဟာ ကုသိနာရုံမြို့မလ္လာမင်းတို့ရဲ့ အင်ကြင်း

ဥယျာဉ်တွင်း အင်ကြင်းပင်ပျိုနှစ်ခုတို့ရဲ့အကြား မြောက်အရပ်သို့ ခေါင်းရင်းပြုလျက် ခင်းထားတဲ့ ညောင်းစောင်းတော်ထက်တွင် လက်ယာနံတောင်းဖြင့် နောက်ဆုံး လျောင်းစက်စံတော်မူပါတယ်။

## သုဘဒ္ဒပရိဗိုဇ်ရဲ့ အကြံ

အဲဒီအခါတွင် သုဘဒ္ဒပရိဗိုဇ်ကလဲ အဲဒီကုသိနာရုံမြို့မှာ ရှိနေတဲ့အတွက် မြတ်ဘုရားဟာ အဲဒီညမှာ ပဲ ပရိနိဗ္ဗာန်စံဝင်တော့ မယ်–ဆိုတဲ့သတင်းကိုကြားရတယ်၊ အဲဒီလိုကြားရတော့ သုဘဒ္ဒ ပရိဗိုဇ်က ဒီလိုဆင်ခြင်မိပါသတဲ့။

"သမ္မာသမ္ဗုဒ္ဓဘုရားတို့ဆိုတာ အလွန်ပွင့်ခဲ ပေါ်ခဲတယ်၊ တစ်ခါတစ်ရံမှသာ ပွင့်ပေါ်တော်မူကြတယ်–လို့ ကြီးရင့်တဲ့ဆရာ ဆရာ ပရိဗိုဇ်ကြီးများက ပြောတာကိုကြားဖူးတယ်၊ ဒီကနေ့ည နောက်ဆုံးပိုင်းယာမ်မှာပဲ ရဟန်းဂေါတမ ပရိနိဗ္ဗာန်စံတော့မည်တဲ့၊ ငါ့မှာလဲ မပြေလည်တဲ့ ယုံမှား သံသယတစ်ခုရှိနေတယ်၊ အဲဒီ ယုံမှား သံသယကို ပြေလည်ကင်းရှင်းအောင် ရဟန်းဂေါတမ– က ဟောကြားဖြေရှင်းပေးလိမ့်မယ်–လို့လဲ ငါယုံကြည်တယ်" လို့ဆင်ခြင်မိပါသတဲ့။

## အရှင်အာနန္ဒာထဲ ခွင့်ပန်တယ်

သုဘဒ္ဒပရိဗိုဇ်ဟာ အဲဒီလိုအကြံဖြစ်ပြီးတော့ သန်းခေါင် ယာမ်အချိန်မှာ မြတ်ဘုရားထံသို့ အရေးတကြီးလာခဲ့ပါတယ်။

အဲဒီအခါတုန်းက မြတ်စွာဘုရားရှင်ရဲ့ အလုပ်အကျွေးအရှင်အာနန္ဒာက အပေါက်ဝကနေ စောင့်နေတယ်၊ ဝင်သင့်တဲ့သူကိုမှ ဝင်ခွင့်ပေးတယ်၊ ဒါကြောင့် သုဘဒ္ဒပရိဗိုဇ်က အရှင်အာနန္ဒာထံ ဝင်ခွင့်တောင်းတယ်။

အို–အရှင်အာနန္ဒာ၊ ပရိဗိုဇ်၏ ဆရာဆရာကြီးများထံမှ ဒါလို ကြားဖူးပါတယ်၊ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့ဆိုတာ အလွန်ပွင့်ခဲပေါ်ခဲတယ်၊ တစ်ခါတစ်ရံမှသာ ပွင့်ပေါ်တော်မူကြတယ်–လို့ကြားဖူးပါတယ်၊ ရဟန်းဂေါတမက–လဲ ဒီနေ့ည နောက်ဆုံးပိုင်းယာမ်မှာ ပရိနိဗ္ဗာန်စံဝင်တော့မယ်–လို့လဲ ကြားသိရပါတယ်၊ ကျွန်ုပ်မှာလဲမပြေလည်တဲ့ ယုံမှားသံသယ တစ်ခုရှိနေပါတယ်၊ အဲဒီ ယုံမှားသံသယကို ပြေလည်ကင်းရှင်အောင် ရဟန်းဂေါတမ–က ဖြေရှင်းပေးနိုင်လိမ့်မယ်–လို့ အကျွန်ုပ်ယုံကြည်ပါတယ်၊ "အို–အရှင်အာနန္ဒာ၊ ဒါကြောင့် ရဟန်းဂေါတမကို တွေ့ဆုံဖူးမြင်ရန် အကျွန်ုပ်အခွင့်ရလိုပါတယ်၊ အခွင့်ပြုတော်မူပါ"လို့ ခွင်တောင်းပါတယ်။

အဲဒီတော့ အရှင်အာနန္ဒာက ဆင်ခြင်ကြည့်တယ်၊ ပရိဗိုဇ်တွေဟာ ဗုဒ္ဓသာသနာတော်နဲ့ ဆန့်ကျင်ဘက်တွေဖြစ်တယ်၊ မမေးသင့်တဲ့ အကော်အကပ်တွေကို မေးနေရင် မြတ်စွာဘုရားမှာ ပင်ပန်းတော်မူလိမ့်မယ်–လို့ ဆင်ခြင်ပြီးတော့ ဒီလိုပြန်ကြားပြီး ပယ်ခလိုက်တယ်။

ငါ့ရှင် သုဘဒ္ဒပရိဗိုဇ်၊ မသင့်တော်ဘူး၊ မြတ်စွာဘုရားကို မညှင်းဆဲပါနဲ့တော့၊ မြတ်စွာဘုရားဟာ ပင်ပန်းတော်မူလျက် ရှိနေပါတယ်။

ဒီတော့ သုဘဒ္ဒပရိဗိုဇ်ကလဲ နှစ်ကြိမ်မြောက် ခွင့်တောင်းတယ်၊ အရှင်အာနန္ဒာကလဲ နှစ်ကြိမ်မြောက်ပယ်ချတယ်၊ တတိယအကြိမ် ခွင့်တောင်းတော့လဲ ပယ်ချပါတယ်။

## သုဘဒ္ဒဟာ မြတ်စွာဘုရားအား ဖူးမြော်ခွင့်ရတယ်

မြတ်စွာဘုရားဟာ ဒီလိုသုဘဒ္ဒပရိဗိုဇ်က ခွင့်တောင်းတိုင်း အရှင်အာနန္ဒာက သုံးကြိမ်တိုင်တိုင် ပယ်ချနေတာကို ကြားတော်မူရတယ်၊ ဒါကြောင့်မြတ်စွာဘုရားက ဒီလိုအမိန့်ရှိပါတယ်။

"အာနန္ဒာမသင့်တော်ဘူး၊ သုဘဒ္ဒကို မတားမြစ်ပါလင့်၊ သုဘဒ္ဒဟာ ငါဘုရားကိုဖူးမြော်ရန် အခွင့်ရပါစေ"လို့ မြတ်စွာဘုရားက မိန့်တော်မူပါတယ်။

ဒီလိုခွင့်ပြုတာဟာ ဘာကြောင့်လဲဆိုရင် ဒီသုဘဒ္ဒပရိဗိုဇ်ဟာ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်တွင်နောက်ဆုံးကျွတ်တမ်းဝင်တဲ့ ရဟန္တာဖြစ်မည်ကို မြင်တော်မူလို့ မြတ်စွာဘုရားကခွင့်ပြုတာပါ။

အဲဒီတော့ အရှင်အာနန္ဒာက "ငါ့ရှင်သုဘဒ္ဒ၊ မြတ်ဘုရားထံသို့သွားပေတော့၊ သင့်အားမြတ်ဘုရားကိုယ်တော်တိုင်က ခွင့်ပြုပါတယ်" လို့ပြောကြားပြီး ခွင့်ပြုလိုက်ပါတယ်။

ဒီတော့မြတ်ဘုရားက–

"သုဘဒ္ဒပရိဗိုဇ် ထိုဂိုဏ်းဆရာကြီးအားလုံးပင် သူတို့ဝန်ခံသည့်အတိုင်း သိကြပါသလား၊ သူတို့အားလုံးပင် မသိဘဲရှိကြပါသလား၊ သူတို့ထဲကတစ်ချို့ကသာသိပြီး တချို့က မသိဘဲရှိကြပါသလား" ဆိုတဲ့ သင်မေးတဲ့မေးခွန်းကို ထားလိုက်ပါတော့။

"သုဘဒ္ဒပရိဗိုဇ်၊ သင့်အားအမှန်တကယ် အကျိုးရှိမည့်တရားကိုသာလျှင် ငါဘုရားဟောကြားမည်၊ သင့်ဟာငါဟောမည့်တရားကို ကောင်းမွန်ရိုသေစွာနာကြားလော့၊ ကောင်းမွန်ရိုသေစွာနှလုံးသွင်းလော့၊ ယခုငါတရားဟောမည်" လို့ မိန့်တော်မူပါတယ်။

အဲဒီတော့ သုဘဒ္ဒပရိဗိုဇ်က "ကောင်းပါပြီမြတ်စွာဘုရား" လို့ဝန်ခံလျှောက်ထားတယ်။

## မဂ္ဂင်ရှစ်ဖြာမရှိရာ ကိလေသာငြိမ်းသူမရှိပေ

အဲဒီအခါ မြတ်ဘုရားက ဒီတရားတော်ကိုဟောတော်မူပါတယ်။

"သုဘဒ္ဒပရိဗိုဇ်၊ အကြင်တရားဝိနည်းဆိုတဲ့ ဘာသာရေးသာသနာရေး၌ မဂ္ဂင်ရှစ်ပါးကိုမရအပ်ဘူး၊ ထိုမဂ္ဂင်ရှစ်ပါးမရတဲ့ မဂ္ဂင်ရှစ်ပါးမရှိတဲ့ အဲဒီဘာသာရေး သာသနာရေး၌ ကိလေသာငြိမ်းတဲ့ သောတာပန်ပထမရဟန်းကိုလဲ မရအပ်မရနိုင်ဘူး၊ ကိလေသာငြိမ်းအေးတဲ့ သကဒါဂါမ်ဒုတိယရဟန်းကိုလဲ မရ

နိုင်ဘူး၊ ကိလေသာငြိမ်းအေးတဲ့ အနာဂါမ်တတိယရဟန်းကိုလဲ မရအပ်မရနိုင်ဘူး၊ ကိလေသာငြိမ်းအေးတဲ့ ရဟန္တာစတုတ္ထရဟန်းကိုလဲ မရနိုင်ဘူး။”

## မဂ္ဂင်ရှစ်ဖြာရှိရာမှာ ကိလေသာငြိမ်းသူ ရှိနိုင်ပေ

“သုဘဒ္ဒပရိဗိုဇ်၊ အကြင်ဓမ္မဝိနယ–တရားဝိနည်းခေါ်တဲ့ ဘာသာရေး သာသနာရေး၌ မဂ္ဂင်ရှစ်ပါးကို ရအပ်တယ်၊ ထို မဂ္ဂင်ရှစ်ပါးကို ရအပ်တဲ့ရနိုင်တဲ့ ဓမ္မဝိနယ–တရားဝိနည်း ဘာသာရေး သာသနာရေး၌ ကိလေသာငြိမ်းတဲ့ပြင် သောတာပန် ပထမရဟန်းကိုလဲ ရအပ်ရနိုင်တယ်၊ ကိလေသာငြိမ်းတဲ့ သကဒါဂါမ် ဒုတိယရဟန်းကိုလဲ ရအပ်–ရနိုင်တယ်၊ ကိလေသာငြိမ်းအေးတဲ့ အနာဂါမ်တတိယရဟန်းကိုလဲ ရနိုင်တယ်၊ ကိလေသာငြိမ်းအေးတဲ့ ရဟန္တာစတုတ္ထရဟန်းကိုလဲ ရနိုင်တယ်” လို့ ဟောတော်မူပါတယ်။

## ငါ့ဘုရားသာသနာ အရိယာ ရှစ်ဖြာမဂ္ဂင်စုံရှိတယ်

၁။ မင်္ဂဉာဏ်ရကာ၊ ဖိုလ်တန်းရ၊ အကာလိကဓမ္မဂုဏ်။

၂။ မဂ်ပုဂ္ဂိုလ်ပင်၊ ဖိုလ်မရခင်၊ အလျင်မသေပုံ။

၃။ မဂ်ရပြီးရာ၊ ဖိုလ်မပါ၊ ကမ္ဘာမပျက်သေးပုံ။

၄။ ထို့ကြောင့်ခေါ်ရ၊ အကာလိက၊ ဗုဒ္ဓဓမ္မဂုဏ်။

၁။ လုံ့စူးမီးလောင်၊ ရေးမကြီးပေါင်၊ ကျင့်ဆောင်တရား ရေးကြီးတယ်။

၂။ ဩပနေယျိက၊ မြတ်ဓမ္မ၊ ဟောပြဂုဏ်ထင်ပေါ်။

၃။ ကိုယ်, စိတ် လျောက်ပတ်၊ ကပ်ဆောင်မှတ်၊ ထူးမြတ်ဩပ နေယျိက ဤဂုဏ်တော်။

၄။ ကိလေသာသတ်၊ နိဗ္ဗာန်မြတ်၊ ဆောင်တတ်မဂ်ဉာဏ် ဤဂုဏ်တော်။

၅။ ဖိုလ်နှင့်နိဗ္ဗာန်၊ မဖောက်ပြန်၊ သိရန်ဆောင်တတ် တရားတော်။

၆။ ကိုယ်ထဲစိတ်ထဲ၊ သိစွဲမြဲ၊ ပိုင်ပဲရအောင်ကပ်၍ဆောင်။

## ငါဘုရားသာသနာ အရိယာ ရှစ်ဖြာမဂ္ဂင်ရှိပါတယ်

"ချစ်သားသုဘဒ္ဒ၊ ငါဘုရားရဲ့တရားသဖြင့် ဆုံးမရာ ဒီဓမ္မဝိနယသာသနာ၌ မဂ္ဂင်ရှစ်ပါးထင်ရှားရှိတယ်၊ ဒီမဂ္ဂင်ရှစ်ပါး ထင်ရှားရှိရာ ငါဘုရားရဲ့သာသနာ၌သာလျှင် ကိလေသာငြိမ်းချမ်း သောတာပန် ပထမရဟန်းလဲရှိတယ်၊ ကိလေငြိမ်းချမ်းသကဒါဂါမ် ဒုတိယရဟန်းလဲရှိတယ်၊ ကိလေငြိမ်းချမ်း အနာဂါမ်တတိယ ရဟန်းလဲ ရှိတယ်၊ ကိလေငြိမ်းချမ်းရဟန္တာ စတုတ္ထရဟန်းလဲ ရှိတယ်။

## အခြားသာသနာမှာ ရဟန္တာမရှိပါ

"ငါဘုရားသာသနာမှတစ်ပါး အခြားအယူဝါဒ သာသနာ များဟာ (တရားသိမြင်တဲ့ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်

လေးယောက် မဂ်လေးတန်ရရန်ကျင့်ကြတဲ့ ဝိပဿနာယောဂီလေးယောက်ဆိုတဲ့) ရဟန်းမြတ်တစ်ကျိပ်နှစ်ယောက်တို့မှ ကင်းပဆိတ်သုဉ်းကြတယ်။

## တရားကျင့်သုံးနေလျှင်လောကတွင် ရဟန္တာမဆိတ်သုဉ်းပါ

ချစ်သားသုဘဒ္ဒ၊ ဒီဟောခဲ့ပြီးငြား ရဟန်းမြတ်တစ်ကျိပ်နှစ်ပါးတို့ဟာ မှန်စွာဆင့်ဆင့် ဟောပြောကျင့်လျက် နေကြလျှင်လောကတစ်ခွင်မှာ ကိလေသာကင်းကွာ ရဟန္တာတို့မှ မဆိတ်သုဉ်းနိုင်ပါ။

## ငါဘုရားသာသနာ၏ပြင်ပတွင် ယောဂီလဲမရှိ၊ အရိယာလဲမရှိပေ

"ချစ်သားသုဘဒ္ဒ၊ ငါဘုရားဟာ သဗ္ဗညုတဉာဏ်ရှာကြံရန်တွက် အသက်နှစ်ဆယ့်ကိုးနှစ်အရွယ်က ရဟန်းပြုခဲ့တယ်၊ ချစ်သားသုဘဒ္ဒ၊ ငါဘုရား ရဟန်းပြုခဲ့ရာကာလမှစပြီး ယနေ့အထိ အနှစ်ငါးဆယ်ကျော်ခဲ့ပြီ၊ ဤ ငါဘုရားသာသနာတော်ရဲ့ အပြင်ပတွင် နိဗ္ဗာန်ရရန် သတိပဋ္ဌာန်ဝိပဿနာ တရားကျင့်ပွားသူယောဂီလဲ မရှိပေ။ ကိလေငြိမ်းချမ်း ပထမသောတာပန် ရဟန်းလဲမရှိပေ၊ ကိလေငြိမ်းချမ်း ဒုတိယသကဒါဂါမ်ရဟန်းလဲမရှိပေ၊ ကိလေငြိမ်းချမ်း တတိယအနာဂါမ်ရဟန်းလဲမရှိပေ၊ ကိလေငြိမ်းချမ်း စတုတ္ထရဟန္တာရဟန်းလဲမရှိပေ။"

"ဤ ငါဘုရား၏ ဓမ္မဝိနယ သာသနာတော်မှတစ်ပါး အခြားဘာသာဝါဒများတွင် ကိလေငြိမ်းချမ်း ရဟန်းမြတ်တစ်ကျိပ် နှစ်ယောက်တို့မှ ကင်းပဆိတ်သုဉ်းကြတယ်။"

## ငါဘုရားတရားကိုဟောကြားကျင့်ပွားနေလျှင် လောကတွင် ရဟန္တာရှိနေဦးမည်

"ချစ်သားသုဘဒ္ဒ၊ ဤရဟန်းမြတ်များ တစ်ကျိပ်နှစ်ပါးတို့ဟာ မှန်စွာအဆင့်ဆင့် ဟောပြောကျင့်ပွားနေကြငြားလျှင် လောကတစ်ခွင်တွင် ရဟန္တာအရှင်မြတ်များဟာ မဆိတ်သုဉ်းသည်သာ ဖြစ်လေရာပါတယ်"လို့ ဟောကြားတော်မူပါတယ်။

## သုဘဒ္ဒပရိဗိုဇ်ရဟန်းပြုပြီး ရဟန္တာ ဖြစ်တယ်

ဒါလို မြတ်ဘုရားက တရားစကားကို ဟောကြားပြသော် သုဘဒ္ဒပရိဗိုဇ်ဟာ ဗုဒ္ဓမြတ်စွာကို

"အိုမြတ်ဗုဒ္ဓ-နှစ်သက်ဖွယ်ရှိပါပေစွ၊ အိုမြတ်ဗုဒ္ဓ နှစ်သက်ဖွယ်ရှိပါပေစွ၊"

"ဘုန်းတော်ကြီးမား မြတ်ဘုရား၊ လောကထင်ရှား ဥပမာအားဖြင့် မှောက်ထားအိုးကိုလှန်ပြလိုက်သလို၊ ဖုံးအုပ်အရာကို ဖွင့်ပြလိုက်သလို၊ မျက်စိလယ်သူကို လမ်းမှန်ပြလိုက်သလို၊ အမိုက်မှောင်ခန်းမထဲ၌ မီးထွန်းပြလိုက်သလို၊ အဲဒါလိုပင် ဘုရားရှင်ဟာ အကျွန်ုပ်အားအကြောင်းများစွာဖြင့် တရားပြတော်မူပါပေပြီ။"

"အိုမြတ်ဗုဒ္ဓ-၊ ထိုအကျွန်ုပ်သုဘဒ္ဒဟာ မြတ်ဘုရားကိုလဲ အားထားကိုးကွယ်ပါတယ်ဘုရား၊ ဘုရားဟောကြား မြတ်တရားကိုလဲ အားထားကိုယ်ကွယ်ပါတယ်ဘုရား၊ တပည့် သားမြတ်သံဃာများကိုလဲ အားထားကိုးကွယ်ပါတယ်။"

"အို-မြတ်ဘုရား၊ တပည့်တော်ဟာ, မြတ်စွာဘုရားရဲ့ ထံပါးဝယ် ရှင်အဖြစ်လဲရလိုပါတယ်၊ ရဟန်းအဖြစ်လဲရလို ပါတယ်ဘုရား"လို့ တောင်းပန်လျှောက်ထားတယ်။

ထိုအခါ မြတ်ဘုရားက တစ်ခြားသာသနာပပုဂ္ဂိုလ်များ ဆိုလျှင် ဘုရားသာသနာတွင် ဝင်လိုက လေးလပတ်လုံး ပရိဝါသ် ကျင့်သုံးပြီးမှရှင်ရဟန်းပြုပေးကြောင်း၊ သင်ချစ်သားသုဘဒ္ဒ ကတော့ ပရိဝါသ်မကျင့်သုံးဘဲ ရှင်ရဟန်းပြု ပေးထိုက်သူ ဖြစ်ကြောင်းကို ငါဘုရားမြင်တော်မူတယ်-လို့ မိန့်တော်မူပါတယ်။

ထိုအခါ သုဘဒ္ဒပရိဗိုဇ်က မြတ်စွာဘုရားတပည့်တော်ဟာ မြတ်ဘုရားသာသနာတွင်း ဝင်ရမည်ဆိုလျှင် လေးလမျှမကဘဲ လေးနှစ်ပတ်လုံးပင် ပရိဝါသ်ကျင့်သုံးနိုင်ပါတယ်ဘုရား"လို့ လေးမြတ်စွာ ပြန်လျှောက်ထားတယ်။

ထိုအခါ မြတ်ဘုရားရှင်က "ဒီလိုဆိုရင်သုဘဒ္ဒကို-ယခုပင် ရှင်ရဟန်းပြုပေးလိုက်တော့"လို့ မိန့်တော်မူတယ်။

ထိုအခါ အရှင်အာနန္ဒာက "ကောင်းပါပြီဘုရား"လို့ လျှောက်ထားပြီး သုဘဒ္ဒပရိဗိုဇ်အား ရှင်ပြုပေးတော်မူပြီး မြတ်ဘုရားထံသို့ ခေါ်ဆောင်သွားပါတယ်။

မြတ်ဘုရားက ထိုခဏတွင်းမှာပင် ရှင်သုဘဒ္ဒအား ရဟန်းပြုပေးတော်မူပြီးနောက် ဝိပဿနာအလုပ်ပေးတရားကိုပါ ဟောကြားပေးတော်မူပါတယ်။

ရဟန်းတော်အရှင်သုဘဒ္ဒဟာ မြတ်စွာဘုရား ပေးသနားလိုက်တဲ့ ဝိပဿနာအလုပ်ပေးတရားကို နာကြားပြီးသော် ထိုအင်ကြင်း ဥယျာဉ်တွင်းမှာမင် သတိပဋ္ဌာန်ဝိပဿနာတရားကို စကြံသွားပြီး ကြိုးစားအားထုတ်ပါတယ်။

ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ၊ ဌိတောဝါဌိတောမိတိ ပဇာနာတိ–ဆိုတဲ့ မဟာသတိပဋ္ဌာန်သုတ်ပါဠိတော်အတိုင်းပင်–

ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထား၊ လက်နှစ်ဖက်ကိုပိုက်ပြီး စင်္ကြံထိပ်တွင် “ရပ်တယ်, ရပ်တယ်”လို့ ရပ်နေပုံကိုသတိထားရှုမှတ်တယ်၊ သွားတော့ “သွားတယ်၊ သွားတယ်၊ ဘယ်လှမ်းတယ်, ညာလှမ်းတယ်, ကြွတယ်, ချတယ်, ကြွတယ်, လှမ်းတယ်, ချတယ်” စသည်ဖြင့်ရှုမှတ်နေပါတယ်။

အရှင်သုဘဒ္ဒရဲ့ သန္တာန်တွင် ရှုမှတ်ရင်းရှုမှတ်ရင်း လိုချင်မှု, စိတ်ပျက်မှု, ပျံ့လွင့်ပူပန်မှု, ထိုင်းမှိုင်းပျင်းရိမှု, သံသယဖြစ်မှုဆိုတဲ့ တရားမရအောင် ဆို့ပိတ်တတ်တဲ့ နီဝရဏတရားများကလဲ ကင်းစင်လာတယ်။

အရှင်သုဘဒ္ဒဟာ ရှုမှတ်ရာရှုမှတ်ရာအာရုံမှာသာ ကပ်ကနဲ ကပ်ကနဲမှတ်သိတဲ့ သတိနှင့် မှတ်သိခံခြေလှမ်းရုပ်ကိုကွဲကွဲပြားပြား သိလာတယ်။

အရှင်သုဘဒ္ဒဟာ သွားချင်, ရပ်ချင် စိတ်များကြောင့် သွားရပ် ရပ်ရပ်များပေါ်ရပုံကိုလဲ သိလာတယ်။

အရှင်သုဘဒ္ဒဟာ ခြေလှမ်းတိုင်းခြေလှမ်းတိုင်း တစ်ရိပ်ရိပ် ဖြစ်ပျက်နေတဲ့ ရုပ်သဘောများနှင့် မှတ်သိ, မှတ်သိနေတဲ့ သတိနာမ်သဘောများကိုလဲ ကွဲကွဲပြားပြားသိလာတယ်။

အရှင်သုဘဒ္ဒဟာ ရှုမှတ်ဆဲမှာပေါ်လာပြီး ပျောက်သွားတာ ကိုသိတဲ့ အနိစ္စာနုပဿနာဉာဏ်ကိုလဲ တွေ့သိရတယ်။

မမြဲတဲ့တရားများ ထပ်တလဲလဲမပြတ် နှိပ်စက်နေတဲ့ ဆင်းရဲဒုက္ခကိုလဲ သိမြင်လာတယ်။

ဖြစ်အောင်ပျက်အောင်စေခိုင်းနေတဲ့ အတ္တကောင်ငါကောင် လဲမရှိ၊ ဖြစ်တတ်ပျက်တတ်တဲ့ ငါကောင်အတ္တကောင်လဲမရှိဘဲ သူ့အကြောင်း အားလျော်စွာပေါ်လာပြီး ပျောက်ပျက်ဆင်းရဲနေတဲ့ အနတ္တသဘောတရားချည်းပဲလို့လဲ သိမြင်လာတယ်။

အရှင်သုဘဒ္ဒဟာ ဖြစ်ပျက်သိတဲ့ဉာဏ်၊ အပျက်ချည်းကိုသာ သိတဲ့ဉာဏ်၊ ကြောက်စရာလို့သိတဲ့ဉာဏ်၊ ရုပ်နာမ်ခန္ဓာအားလုံးကို မကောင်းတာတွေပဲ–လို့အပြစ်မြင်တဲ့ဉာဏ်၊ ရုပ်နာမ်ဘဝအားလုံး ကိုငြီးငွေ့တဲ့ဉာဏ်၊ သံသရာဝဋ်က လွတ်ချင်တဲ့ဉာဏ်၊ လွတ်အောင် ဆက်လက်ရှုမှတ်တဲ့ဉာဏ်၊ အကောင်းအဆိုးမျိုးစုံကို လျစ်လျူရှုပြီး သဘောသက်သက်ကိုသာ သိတဲ့ဉာဏ် စတဲ့ဉာဏ်စဉ်များ တိုး တက်ပြီး လေးမဂ်လေးဖိုလ်ကိုရတဲ့ ကိလေသာကုန်ခန်းရဟန္တာ ဖြစ်ပါတယ်။

အရှင်သုဘဒ္ဒဟာ အာသဝေါကုန်းခန်းရဟန္တာတို့တွင် တစ်ပါးအပါအဝင်ဖြစ်ပြီး မြတ်စွာဘုရားရှင်ရဲ့ နောက်ဆုံးပစ္ဆိမ မျက်မှောက် တပည့်သာဝက ဖြစ်တော်မူပါတယ်။

## အကာလိကတရားဂုဏ်တော်

၁။ မဂ်ဉာဏ်ရက၊ ဖိုလ်တန်းရ၊ အကာလိကဓမ္မဂုဏ်။

၂။ မဂ်ပုဂ္ဂိုလ်ပင်၊ ဖိုလ်မရခင်၊ အလျင်မသေပုံ။

၃။ မဂ်ရပြီးရာ၊ ဖိုလ်မပါ၊ ကမ္ဘာမကျက်သေးပုံ။

၄။ ချက်ချင်းလက်ငင်း၊ ကျိုးပေးခြင်း၊ မည်သင်းအကာလိကဂုဏ်။

အခုပြောမည့်တရားက"အကာလိကဓမ္မဂုဏ်" တဲ့၊ အကာလိက– အခါမလင့် လက်ငင်းချက်ချင်း အကျိုးပေးတတ်တယ်တဲ့။

ဘဂဝတာ–ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တမည် ဘုန်းခြောက်လီနှင့် စုံညီပြည့်ဝတော်မူလေသော မြတ်စွာဘုရားသည်၊ အက္ခာတော–ဟောကြားတော်မူအပ်သော၊ ဓမ္မော–မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ရှိကြား မြတ်တရားတော်သည်၊ အကာလိကော–အခါအခွင့်မကြာဖင့်ဘဲ မလင့်ချက်ခြင်း လက်ငင်းအကျိုးပေးတတ်သော တရားတော်မြတ်ပါပေတကား။

ဒီအကာလိက တရားဂုဏ်တော်ဟာ မဂ်လေးပါးတရားနှင့် သာဆိုင်တဲ့ တရားတော်ဂုဏ်ဖြစ်ပါတယ်၊ ဝိပဿနာတရားကို ကြိုးစားအားထုတ်သူ ယောဂီဟာ ဝိပဿနာဉာဏ် အား

ကောင်းပြည့်စုံတဲ့အခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ရုပ်နာမ်ဖြစ်ပျက် ဆင်းရဲအားလုံးချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုသိမြင်ဆိုက်ရောက်သွားတယ်။

## မဂ်ဝီထိစိတ်ဖြစ်ပုံ

ဒီနေရာတွင် ပရိယတ္တိစာပေမသင်ကြားဖူးသေးတဲ့ သူများ အနည်းငယ်မျှ ဗဟုသုတဖြစ်စေရန် မဂ္ဂဝီထိစိတ်ဖြစ်ပုံကို အဘိဓမ္မာကျမ်းလာအတိုင်း ဖော်ပြပါဦးမယ်။

၁။ ဝိပဿနာရှုဆဲ ယောဂီအားအရိယမဂ်ဉာဏ်ဖြစ်လိုလတ် သော်ထိုအခိုက်၌ ထင်ရှားသော အာရုံတစ်ခုခုကို နှလုံးသွင်းလျက် မနောဒွါရာဝဇ္ဇန်းစိတ် ရှေးဦးစွာဖြစ်ပေါ်လာသည်။

၂။ ထိုနောက် ထိုအာရုံကိုပင် မမြဲဟူ၍သော်လည်းကောင်း၊ ဆင်းရဲဟူ၍သော်လည်းကောင်း၊ သဘောတရားမျှ ဟူသော် လည်းကောင်း သိလျက်ပရိကံ, ဥပစာ, အနုလုံ-ဟုခေါ်သော ဇောစိတ်သုံးကြိမ်အစဉ်အတိုင်း ဖြစ်ပေါ်ကြသည်။

၃။ ထိုနောက် ဖြစ်ပျက်မှုသင်္ခါရ အားလုံးချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ကျရောက်သွားသော ဂေါတြဘုဇောစိတ်ဖြစ်ပေါ်သည်။

၄။ ထိုနောက် ထိုချုပ်ငြိမ်းရာနိဗ္ဗာန်၌ပင် သက်ဝင် တည်နေလျက် မဂ်ဇောတစ်ကြိမ်, ဖိုလ်ဇောနှစ်ကြိမ်အစဉ်အတိုင်း ဖြစ်ပေါ်လာကြသည်။

၅။ ထိုနောက် ပဋိသန္ဓေက ရခဲ့သည့်အာရုံ၌ ဖြစ်နေကျ ဖြစ်သော ဘဝင်စိတ်များဖြစ်ပေါ်သွားကြသည်။

၆။ ထိုနောက် တွေ့သိပြီးခါစဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ပြန်လှန်၍ ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်, ပစ္စဝေက္ခဏာဇော ၇–ကြိမ်အစဉ်အတိုင်း ဖြစ်ပေါ်ကြပြီးလျှင် ဘဝင်စိတ်များ ဖြစ်ပေါ်သွားသည်၊ ဤသည်ကား အရိယာမဂ်ဝိထိ စိတ်ဖြစ်ပုံအစဉ်ပေးတည်း။

ပုထုဇဉ်ကဝိပဿနာရှုလို့ ဉာဏ်ပြည့်စုံလျှင်လဲ နိဗ္ဗာန်ဆိုက်ရောက်ပြီဆိုလျှင် ဒီဖော်ပြပါအတိုင်း မဂ္ဂဝိထိစိတ်ဖြစ်ပေါ်တယ်။

သောတာပန်ကဝိပဿနာရှုလို့ ဉာဏ်ပြည့်စုံလျှင်လဲ ထိုနည်းအတူပင် မဂ္ဂဝိထိစိတ်ဖြစ်တယ်။

သကဒါဂါမ်ကဝိပဿနာရှုလို့ မဂ္ဂဝိထိစိတ်ဖြစ်လျှင်လဲ ဒီအတိုင်းပဲ ဖြစ်ပါတယ်။

အနာဂါမ်ကဝိပဿနာရှုလို့ မဂ္ဂဝိထိစိတ်ဖြစ်လျှင်လဲ ဒီအတိုင်းပဲဖြစ်ပါတယ်။

အဲဒီသောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်လေးပါးဟာ မိမိဖြစ်ပြီးတယ်ဆိုလျှင် ဖြစ်ပြီးခြင်းတစ်ဆက်တည်းဖိုလ်ဆိုတဲ့ အကျိုးကိုပေးတော့တာပဲ။

မဂ်ကအကြောင်းကုသိုလ်ဖြစ်တယ်၊ ဖိုလ်ကအကျိုးဝိပါက်ဖြစ်တယ်၊ မဂ်ကကိလေသာတွေကို သတ်ပေးတယ်၊ ကိလေသာကင်းငြိမ်းခြင်းသုခကို ဖိုလ်ကခံစားတယ်။

အခြားကုသိုလ်များက နောင်ဘဝမှအကျိုးပေးတယ်။

အကျိုးပေးမြန်ပါတယ်ဆိုတဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံများမှာ နေ့ချင်းအကျိုးပေးကြတယ်ဆိုရာမှာပင် နာရီပိုင်းအချိန်ကာလအတော်ကြာပြီးမှ အကျိုးပေးကြတယ်၊ မဂ်တရားတို့၏ တစ်ခြားကုသိုလ်များကဲ့သို့ ကာလမဆိုင်းဘဲ တစ်ဆက်တည်းအကျိုးပေးနိုင်တာဟာ ကိလေသာများကို တစ်ခါတည်းသတ်နိုင်တဲ့ အလွန်အားကြီးတဲ့ အာနုဘော်ကြောင့်ဖြစ်တယ်။

ထိုအစွမ်းအာနုဘော်ကြောင့် အကျိုးပေးရာ၌လဲ တစ်ခြားကုသိုလ်များရဲ့ အကျိုးထက် သာလွန်တုမရတဲ့အကျိုးကို ပေးစွမ်းနိုင်တယ်။

တစ်ခြားကုသိုလ်များရဲ့ အကျိုးမှာ ကိလေသာမကင်းဒုက္ခမရှင်းတဲ့ အကျိုးများသာဖြစ်ပြီး ကိလေသာကင်းဒုက္ခရှင်းပြီးအေးငြိမ်းခြင်း သုခချမ်းသာကိုခံစားရတဲ့ မဂ်ရဲ့အကျိုးဖလချမ်းသာဟာ အကျိုးချမ်းသာအားလုံးရဲ့ အထွတ်အထိပ်ဖြစ်တယ်။

ဒါလို လျင်လျင်မြန်မြန် အကျိုးပေးနိုင်အောင် အစွမ်းရှိခြင်း, အကောင်းဆုံးအကျိုးကို ပေးနိုင်ခြင်းများကြောင့် မဂ်ရဲ့သတ္တိဟာ အံ့ချီးဖွယ်ပင်ဖြစ်ပါတယ်။

စောစောကပြခဲ့တဲ့ ဝိပဿနာရှုသူဝိပဿနာ ဉာဏ်ပြည့်စုံလို့ နိဗ္ဗာန်မျက်မှောက် ဆိုက်ရောက်တော့မယ်ဆိုရင်၊ အဲဒီမဂ္ဂဝီထိစိတ်အစဉ်များ ဖြစ်ပွားလာတယ်။

အဲဒီ မဂ္ဂဝိထိစိတ်များတွင်ပါဝင်တဲ့ မဂ်စိတ်တစ်ကြိမ် ဖိုလ်နှစ်ကြိမ်ဆိုတဲ့ စိတ်အစဉ်ဟာ ဖြတ်ထားလို့မရဘဲ ဘစ်ဆက်တည်း ဖြစ်ပေါ်လာတယ်။

ရတနသုတ်ပါဠိတော် ယံဗုဒ္ဓသေဋ္ဌော ဂါထာတွင်ပါဝင်တဲ့ သမာဓိ မာနန္တရိကညမာဟု၌ အာနန္တရိကဆိုတဲ့ ပါဠိကို အနက် ပြန်ဆိုရာ၌ "မိမိ၏အခြားမဲ့ဖြစ်သော ဖိုလ်ဟူသော အကျိုးရှိ၏" လို့ဖြစ်တယ်။

အခြား ကုသိုလ်များမှာ ဖြစ်ပြီးနောက် ကာလတစ်ပါးသို့ ရောက်ပြီးမှ အကျိုးပေးကြတယ်၊ ဤ မဂ်ဉာဏ်ကတော့ မိမိဖြစ်ပြီးလျှင် ပြီးခြင်းကာလမခြားဘဲ အကျိုးပေးတတ်တာဟာ ထူးခြားတဲ့ ဂုဏ်တစ်ရပ်ဖြစ်တယ်။

ဒီအာနန္တရိကဂုဏ်ပင် တရားဂုဏ်တော်ခြောက်ပါး၌ အကာလိကော အခါမလင့်ချက်ခြင်း လက်ငင်းအကျိုးပေးတတ်သော တရား–လို့ မဂ်အတွက် သီခြားဂုဏ်တစ်ရပ်အဖြစ် ပါဝင်တယ်။

မိမိရဲ့အခြားမဲ့၌ ကောန်ပုံသေ အကျိုးပေးတတ်သောကြောင့် မဂ်ဖြစ်တဲ့အခါ ဖိုလ်မဖြစ်လာရန် တားမြစ်နိုင်တဲ့ "အန္တရာယ်–ရယ်" လို့ တစ်စုံတစ်ရာမရှိနိုင်ပါဘူး။

ဒါကြောင့် မဂ်ပုဂ္ဂိုလ်ကို ဌိတကပ္ပီ တည်နေတဲ့ ကမ္ဘာရှိတဲ့ ပုဂ္ဂိုလ်, ပျက်တော့မည့်ကမ္ဘာကိုပင် မပျက်သေးအောင် ရပ်တန့်ထားနိုင်တဲ့ ပုဂ္ဂိုလ်–လို့ ဘုရားဟောတော်မူပါတယ်။

ပုဂ္ဂိုလ်ကလဲ မဂ်သို့အဆိုက်၊ ကမ္ဘာကလဲလောင်ကျွမ်း ပျက်စီးချိန်ရောက်နေလျှင် ဖိုလ်မရောက်သေးခင် ကမ္ဘာက မပျက်သေးဘဲ ဆိုင်းငံ့နေရတယ်။

ဒါကြောင့် (ပုဂ္ဂလပညတ် ၁၁၆၊ အဘိဋ္ဌ၊ ၃၊ ၃၈) ဋ္ဌ ဋ္ဌိတကပ္ပီ–ကမ္ဘာကိုတန့်ရပ်ထားနိုင်တဲ့ ပုဂ္ဂိုလ်လို့ဆိုတယ်။

တစ်ကယ်ဆိုတော့ ကမ္ဘာမပျက်အောင် တားထားနိုင်တာ မဟုတ်ပါဘူး၊ မဂ္ဂဝီထိနှင့် ပစ္စဝေက္ခဏာ ဉာဏ်ငါးပါးတိုင်အောင်မျှ တန့်ရပ်ထားနိုင်တာကို ဆိုတာပါ၊ ဗုဒ္ဓသာသနာ တည်ရှိချိန်တွင် ကမ္ဘာပျက်တယ်–လို့လဲမရှိပါဘူး၊ ဒါပေမယ့် ဒီလိုအဖြစ်မျိုးပင် ဖြစ်စေဦးတော့ မဂ်ပုဂ္ဂိုလ်မှာ အန္တရာယ်မဖြစ်နိုင်ဘူး–လို့ ပြလိုတဲ့ အတွက် ဟောကြားတာဖြစ်ပါတယ်။ မဂ်၌တည်ဆဲပုဂ္ဂိုလ်တွင် သေရန်အကြောင်းဖန်လာကလဲ ဖိုလ်စိတ်မဖြစ်သေးဘဲ မသေ နိုင်ပေ၊ ဖိုလ်စိတ်ဖြစ်ပြီးမှသာ သေရမည်ပင်၊ ဒါလိုပင် ကမ္ဘာ ပျက်ဘေး သေဘေးများပင်မတားနိုင်ဘဲ မဂ်ဉာဏ်ပြီးက ဖိုလ်ဉာဏ် တစ်ဆက်တည်း ဖြစ်ခြင်းကိုပင် အခါအခွင့်မဆိုင်းလင့်ဘဲ မဖင့် မနှေး ချက်ခြင်းအကျိုးပေးတဲ့ အကာလိကဂုဏ်–လို့ဆိုပါတယ်။

## ညောင်ကန်ဆရာတော်ဦးဗုဓ်၏ အကာလိကတရား ဂုဏ်တော်ပွင့်

ဒီနေရာတွင် ညောင်ကန်ဆရာတော်ဦးဗုဓ်၏ အကာလိက တရားဂုဏ်တော်ပွင့်ကို ရွတ်ဆိုရှိခိုးပြီး အကာလိကဂုဏ်တော်ပွင့်ကို [illegible]ကြပါစို့။

ဘဂဝတာ–မြတ်စွာဘုရားသည်၊ သွာက္ခာတော–ကောင်းစွာ ဟောကြားတော်မူအပ်သော၊ ဓမ္မော–မဂ်လေးတန် ဖိုလ်လေးတန်, –

နိဗ္ဗာန်ပရိယာတ္တိဟုဆိုအပ်သော တရားတော်သည်၊ အကာလိက ကော-ပုညကိရိယ, ဒါနစသည်, များလှစွာသော, ဝဋ္ဋနိဿိတ, အနိဿိတကုသိုလ်တရားသည်, များသောဘဝ, ပရံပရ, ကာလရှည်ကြာ, အခါလေးမြင့်ဆိုင်းငံ့လင့်၍ အကျိုးပေးခြင်း သဘောရှိသော ကာလိကမည်သောလောကီ ကုသိုလ်မှုတစ်ပါး ထင်ရှားမတည် ဘာရှည်မခံမြန်မြန်ထက်ထက် တစ်ချက်သော စိတ္တက္ခဏဖြင့် ဘဝသုံးလည်လှည့်လည်စေတတ်ရဟုတ်ပမာ အဝိဇ္ဇာနှင့်တဏှာမူလ သခါရဟု တကွရောယှက်ခန္ဓာစက်ဖြင့် ပျက်ခြင်းသဘောရှိသော မဂ်ဇောကုသိုလ်ဖိုလ်ဟူသောအကျိုးနှင့် စပ်လျက် ဥပါဒ်, ဌီ, ဘင် ဘဝင်ခဏ ကာလအခြား မရှိသော ကြောင့် အကာလိကမည်တော်မူပါပေ၏တကား။

(သာဓု-သာဓု-သာဓု)

## ၄။ ဧဟိပဿိက တရားဂုဏ်တော်

၁။ ဘုရားဟောကြား၊ လွန်ထင်ရှား၊ နာကြားကျင့်လှည့်တရား တော်။

၂။ သန့်ရှင်းစင်ကြယ်၊ ငြိမ်းချမ်းတယ်၊ လာကွယ်ကျင့်လှည့် တရားတော်။

၃။ ရွှေလ, ပတ္တမြား, ပမာလား, ထင်ရှားရှုဖွယ်တရားတော်။

၄။ ဧဟိပဿိက၊ မြတ်ဓမ္မ၊ ဟောပြဂုဏ်ထင်ပေါ်။

ဒီနေ့ဟောမည့် တရားဂုဏ်တော်ကတော့ "ဧဟိပဿိက တရား"ဂုဏ်တော် ဖြစ်ပါတယ်။

ကိုးကွယ်ပူဇော် မြတ်တရားဂုဏ်တော်

## ဖိတ်ခေါ်ပြထိုက်ပုံ

ဧဟိပဿိက=လာစမ်းပါ, ကျင့်ကြည့်လှည့်စမ်းပါ-လို ဖိတ်ခေါ်ထိုက်တဲ့ တရားဖြစ်ပါတယ်၊ ထင်ရှားရှိတာကြောင့်ဂ လာကျင့်ကြည့်စမ်းပါ-လို့ဖိတ်ခေါ်ထိုက်တဲ့ တရားဖြစ်ပါတယ် စင်ကြယ်သန့်ရှင်းတာကြောင့်လဲ လာနာကြားကြည့်စမ်းပါ, လာ-ကျင့်ကြည့်စမ်းပါ-လို့ ဖိတ်ခေါ်ထိုက်တဲ့ တရားဖြစ်ပါတယ်၊ လောက၌ ပြတိုက်စသည်တွင် ဘာမှုမရှိတဲ့အပြင်၊ ရှိတဲ့ အရာဝတ္ထု ကလဲ မစင်မကြယ်လဲဖြစ်ပြီး နှစ်သက်ဖွယ်လဲမရှိရင် လူအများဟာ ကြည့်ရှုချင်ကြမည်မဟုတ်တဲ့အတွက် ဖိတ်ခေါ်ဖို့ရာ အဘယ်မှာ ထိုက်တန်ပါမည်လဲ။

မြတ်ဘုရား ဟောကြားပြသတော်မူတဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရား များကတော့ နာကြားကျင့်ပွားလျှင် မိမိသန္တာန်ထင်ရှားဖြစ်ပေ ရရှိတွေ့မြင်နိုင်ပြီး ထင်ရှားရှိတဲ့ တရားများလဲဖြစ်ပါတယ်၊ဆီးနှင်း မြူ တိမ် သူရိန် မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပချိန်တွင် ကောင်းကင် ဝယ် အလွန်ထင်ရှားစွာ ထွက်ပေါ်နေတဲ့ ရှုချင့်စဖွယ် ရွှေလမင်းကြီးအလား၊ လက်တွင်တင်ထား အရည်အသာ ကောင်းတဲ့ ပတ္တမြား ပုံသွင် မြတ်ဘုရားရှင်ရဲ့ တရားတော်ဟာလဲ အလွန်ထင်ရှားပြီး အပြစ်ကင်းစင်လှပါတယ်၊ ဒါကြောင့်အများကို ဖိတ်ခေါ်ပြသ ထိုက်တဲ့ တရားဖြစ်ပါတယ်၊ ဧဟိပဿိက မည်ပါပေတယ်။

## မြတ်ဘုရားကဖိတ်ခေါ်တော်မူခဲ့ပုံ

မြတ်ဘုရားကလဲ "ဧဟိပဿ–လာလှည့်ကျင့်ကြည့်လှည့်" ဆိုတဲ့ သဘောဖြင့် ဟောခဲ့တဲ့တရားတွေ များစွာရှိပါတယ်။

ဒီ–ငါဘုရားသာသနာတော်မှာသာ ပထမ သမဏ သောတာပန်ရှိတယ်၊ ဒုတိယသမဏသကဒါဂါမ်ရှိတယ်၊ တတိယ သမဏ အနာဂါမ်ရှိတယ်၊ စတုတ္ထသမဏ ရဟန္တာရှိတယ်။

ငါဘုရားသာသနာမှတစ်ပါး တစ်ခြားဘာသာ အယူဝါဒ များ၌ ဒီလိုသမဏလေးပါးတို့မှကင်းဆိတ်ကြတယ်။

အဲဒီလို အရိယာသမဏဖြစ်ရန်မှာ မဂ်ဖိုလ်နိဗ္ဗာန်တရား များပင်ဖြစ်တယ်။

အထူးအားဖြင့်ထိုမဂ်ဖိုလ်နိဗ္ဗာန်ရရန်မှာ

၁။ သမ္မာဒိဋ္ဌိ = မှန်စွာမြင်သိမှု၊
၂။ သမ္မာသင်္ကပ္ပ = မှန်စွာကြံစည်မှု၊
၃။ သမ္မာဝါစာ = မှန်စွာပြောမှု၊
၄။ သမ္မာကမ္မန္တ = မှန်စွာပြုလုပ်မှု၊
၅။ သမ္မာအာဇီဝ = မှန်စွာအသက်မွေးမှု၊
၆။ သမ္မာသတိ = မှန်စွာအမှတ်ရမှု၊
၇။ သမ္မာဝါယာမ = မှန်စွာအားထုတ်မှု၊
၈။ သမ္မာသမာဓိ = မှန်စွာတည်ကြည်မှု–ဆိုတဲ့ မဂ္ဂင်ရှစ်ပါး

သီလ, သမာဓိ, ပညာအကျင့်တရားများကို ပွားကြရမည်။

ဒီမဂ္ဂင်ရှစ်ပါးတရားဟာ ငါ့ဘုရားသာသနာမှာသာ ရှိတယ်၊ တစ်ခြားဘာသာ အယူဝါဒများ၌မရှိဘူး။

"မဂ္ဂင်ရှစ်ဖြာ၊ ရှိရာ၊ ကိလေသာငြိမ်းသူမရှိပေ။

မဂ္ဂင်ရှစ်ဖြာ၊ ရှိရာမှာ၊ ကိလေသာငြိမ်းသူ ရှိနိုင်ပေ။"

ဆိုတဲ့အတိုင်းပင် ကိလေသာငြိမ်းသူဖြစ်လိုလျှင် ငါ့ဘုရားသာသနာတွင် လာရောက်နာကြားကျင့်ပွား ကြည့်လှည့်ကြလော့–လို့ မိန့်ခေါ်တော်မူပါတယ်။ (ဒီ၂၊ မဟာဝဂ္ဂ၊ ၁၂၄)

## မဟာသတိပဋ္ဌာန်ဖိတ်ခေါ်သံ

ကုရုတိုင်း ကမ္မာသဒမ္မနိဂုံး၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ မဟာသတိပဋ္ဌာနသုတ်တော်၌ သတိပဋ္ဌာန်ဝိပဿနာတရားကိုကျင့်ပွားသူဟာ–

၁။ စိတ်ညစ်ကိလေသာကင်းမယ်၊

၂။ စိုးရိမ်သောကကိုလွန်မြောက်မယ်၊

၃။ ငိုကြွေးမှုပရိဒေဝကိုလွန်မြောက်မယ်၊

၄။ ကိုယ်ဆင်းရဲဒုက္ခချုပ်ငြိမ်းမယ်၊

၅။ စိတ်ဆင်းရဲဒေါမနဿ ချုပ်ငြိမ်းမယ်၊

၆။ အရိယာမဂ်ကိုရမယ်၊

၇။ နိဗ္ဗာန်ကိုမျက်မှောက်ပြုရမယ်။

ဒီသတိပဋ္ဌာန်အကျိုး ခုနစ်မျိုးကိုရနိုင်တဲ့ အကျင့်လမ်းစဉ်ဟာ ဒီသတိပဋ္ဌာန် အကျင့်လမ်းတစ်ကြောင်းတည်းသာ ဖြစ်တယ်လို့လဲ မြတ်စွာဘုရားရှင်က ကြေညာဖိတ်ခေါ်တော်မူပါတယ်၊ ဒီဖော်ပြပါ- သတိပဋ္ဌာန်ဖိတ်ခေါ်သံကို အကျဉ်းချုပ်မှတ်သားရန် ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးက ဒီလိုဓမ္မဂီတိ ကဗျာကို ရေးသားတော်မူခဲ့ပါတယ်။

## မဟာသတိပဋ္ဌာနသုတ်–ကြေငြာချက်မိန့်ခွန်းတော်

သတိပဋ္ဌာန်ကြေငြာချက်ကို၊
သတ္တဝါအတွက်ဟောခဲ့တယ်။
စိတ်ညစ်ကြေးတွေ၊ ကင်းကွာဝေးလို့၊
ပူဆွေးငိုကြွေး လွန်မြောက်မယ်။
ကိုယ်စိတ်မထိန်း–ဆင်းရဲကိန်းလဲ၊
ချုပ်ငြိမ်းကွယ်ပျောက်သွားရမယ်။
အရိယာမဂ်ကို–မြန်မြန်ရလို့၊
နိဗ္ဗာနကိုရောက်ရမယ်။
ထိုကြောင့်မြတ်စွာ ဟောဖော်ကြားတယ်၊
ကြိုးစားအားထုတ်ကြ ကျင့်ကြကွယ်။
ကျင့်ကွယ်၊ ကျင့်ကွယ်။

## သတိပဋ္ဌာန်အာမခံချက်မိန့်ခွန်း

ဒီမဟာသတိပဋ္ဌာနသုတ်မှာပင် မြတ်စွာဘုရားက "ဒီသတိပဋ္ဌာန် ဝိပဿနာတရားကိုကျင့်ပွားသူဟာ ပါရမီဉာဏ်ဝိရိယရှိသူဆိုရင် ခုနစ်ရက်အတွင်း ပါရမီဉာဏ်ဝိရိယ နည်းပါးသူဆိုရင် ခုနစ်နှစ်အတွင်းမှာပင် ထိုအကျိုးခုနစ်မျိုးကိုရနိုင်တယ်-"လို့ အာမခံပေး မိန့်ကြားတော်မူခဲ့ပါတယ်။

ဒီဝန်ခံချက် မိန့်ခွန်းတော်ကိုလဲ ကျေးရူးရှင်မဟာစည် ဆရာတော်ဘုရားကြီးက အကျဉ်းချုပ်မှတ်သားရန် ဓမ္မဂီတိကဗျာကို ရေးသာတော်မူခဲ့ပါတယ်။

## သတိပဋ္ဌာနသုတ်-ဝန်ခံချက်မိန့်ခွန်းတော်

သတိပဋ္ဌာန်ဓမ္မစက်ကို၊ ဝန်ခံချက်နဲ့ ဒို့မြတ်စွာ။
ဟောမိန့်ပုံမှာ ထိုတရားကို၊ ဖြစ်ပွားစေတဲ့ရှင်လူမှာ။
အလွန်ကြာလျှင် ခုနစ်နှစ်နဲ့၊ ရဟန္တာစစ်ဖြစ်နိုင်ပါ၊
စွဲမှုကျန်တောင် နာဂါမ်လောက်တော့၊
ဆိုက်ရောက်မယ်တဲ့ ဧကန်ပါ။
မြန်သူဆိုလျှင် ခုနစ်ရက်နဲ့၊ ထိုဖိုလ်မဂ်ကိုရနိုင်ပါ။
ရဲရင့်ခိုင်မာဝန်ခံချက်နဲ့၊ ဓမ္မစက်ကိုဟောခဲ့ပါ။
နိဗ္ဗာန်လိုသူမယုံမှားနဲ့၊ မြတ်ဘုရားကိုယုံကြည်ကာ။
သတိပဋ္ဌာန်ကိုယ့်သန္တာန်၊ အမြန်ပွားစေရာ။
သို့ပွားစေမှ နိဗ္ဗာန်ရ၊ မုချငြိမ်းအေးမှာ။

ဒီလိုဧဟိပဿိ တရားဂုဏ်တော်ကိုပြတဲ့ တရားတွေဟာ များစွာရှိပါသေးတယ်။

## သုငယ်ချင်းချင်းခပ်တင်းတင်း တရားနာ ဖိတ်ခေါ်ခဲ့ပုံ

မဂ်ဖိုလ်နိဗ္ဗာန်ဓမ္မကွန်ဟု ၁၀–တန်သော တရားတော်များဟာ ထင်ရှားရှိကြရုံမျှမက ကောင်းကင်ကရောင်ခြည်ဝင်းပ ဖိုးရွှေလနှင့် ဇောတိရသ ကျောက်မျက်ပတ္တမြားသဖွယ် အလွန်စင်ကြယ်သန့်ရှင်း အပြစ်ကင်း၊ပြီးတာကြောင့် "လိုက်ခဲ့စမ်းပါ၊ မည်မျှအဖိုးတန်ပြီး အကျိုးရှိတဲ့တရားဆိုတာ ကိုယ်တိုင်သိရအောင် နာကြားကျင့်ပွားကြည့်စမ်းပါ"လို့ ဖိတ်ခေါ်ပြသထိုက်တဲ့ ဂုဏ်တော်များထင်ရှားရှိတယ်၊ ဒါဟာ ဧဟိပဿိကဂုဏ်တော် ဖြစ်ပါတယ်။

ငါတို့ဂေါတမ ဘုရားအလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားတောထွက်တော်မူတဲ့အခါ ကြာသက်နံးဆက်ကပ်လှူဒါန်းတဲ့ ဃဋိကာရ ဗြဟ္မာကြီးဟာ ကဿပမြတ်စွာဘုရားပွင့်စဉ်က မျက်မမြင် မိဖနှစ်ပါးအား ပြုစုလုပ်ကျွေးခဲ့တဲ့ ဃဋိကာရမည်သူ အိုးလုပ်သား အနာဂါမ် သူတော်ကောင်းကြီးဖြစ်ခဲ့တယ်။

သူဟာ ဘုရားကိုကြည်ညိုသူ တရားအရသာကို ကိုယ်တိုင်ရရှိခံစားသောသူ အနာဂါမ်ကြီးဖြစ်တဲ့အတွက် ထိုစဉ်က ဇာတ်မြင့်သေ‌ဌေးသား မိတ်ဆွေချစ်ဇောတိပါလ ပုဏ္ဏားလုလင်အား ဘုရားဖူးလိုက်ရန် ဖိတ်ခေါ်တိုက်တွန်းခဲ့တယ်။

မျိုးရိုးဇာတ်မြင့်သူမို့ မာနကြီးလှတဲ့ ငါတို့ဂေါတမဘုရား လောင်း ဇောတိပါလလုလင်ဟာ ဇာတိမာန်တက်သဖြင့်ဘုရားကို ပင် အဖက်မတန်ဘူးလို့ထင်တာ ကဿပဘုရားရှင်ထံသို့ တစ် ခေါက်မျှ မလိုက်ပါခဲ့ပါ။

တစ်ချိန်တွင် ဃဋိကာရဟာ မြစ်ဆိပ်အနီးရှိ ဘုရားရှင် ထံခေါ်ရန်အကြံဖြင့် ဇောတိပါလလုလင်ကို မြစ်ဆိပ်သို့ ရေချိုးခေါ်ခဲ့တယ်။

ရေချိုးပြီးချိန်တွင် ဃဋိကာကသူတော်စင်ကြီးက သူငယ်ချင်း ဇောတိပါလအား "ငါဖူးမြော်ရန်မင်းကို ခေါ်ခေါ်နေတဲ့ ကဿပ ဘုရားရှင်ဟာ ဒီမြစ်ဆိပ်နားမှာပင် သီတင်းသုံးလျက်ရှိတယ်၊ လိုက်ခဲ့စမ်းပါ၊ ဖူးကြည့်စမ်းပါ၊ တရားနာကြည့်စမ်းပါ"လို့ သုံးကြိမ်တိုင်တိုင် ဖိတ်ခေါ်ပါတယ်။

သုံးကြိမ်ခေါ်သော်လဲ ဇောတိပါလက မလိုက်ဘဲတင်းခံ နေတဲ့အခါ၊ 'မလိုက်မနေရ' အောင်သူငယ်ချင်းခပ်တင်းတင်းပင် သျှောင်ဆံပင်ကိုဆွဲပြီး ခေါ်ဆောင်တယ်။

ဒီတော့ "ဇာတ်နိမ့်အောက်တန်းကျသူ အိုးထိန်းသည် ဃဋိကာရဟာ ငါ့ဆံပင်ကိုပင်ဆွဲခေါ်တာဟာ အံ့သြဖွယ်ဖြစ်တယ်၊ တကယ်အကျိုးရှိလို့သာ ခေါ်တာဖြစ်ရမယ်"လို့ ဆင်ခြင်ပြီး ဘုရားဖူးတရားနာလိုက်သွားပြီး ဘုရားဖူးတရားနာပါတယ်။

ကဿပမြတ်ဘုရားထံမှ ဖူးမြော်ပြီးတရားနာအပြန် ကျောင်း အပြင်ဘက် ရောက်တွင် ဇောတိပါလလုလင်က "ဟော့-သူငယ်

ချင်း ဇောတိပါလ–မင်းဟာငါ့ကိုဘုရားဖူးရန် သွေးဆောင်ဆွဲခေါ် ခဲ့တယ်၊ ယခု မင်းကို ငါ စကားတစ်ခွန်းကိုမေးမယ်၊ မှန်မှန် မပြောရင် မင်းကိုတတောင်နဲ့ ထောင်းရလိမ့်မယ်”လို့ ဃဋိကာရ အား ပြောတယ်။

ဒီတော့ ဃဋိကာရက“ဘာလဲမေးပါ၊ ငါမှန်မှန်ဖြေပါမယ်” လို့ပြောတော့ ဇောတိပါလလုလင်က “ဒါလောက်ကြည်ညိုဖွယ် ကောင်းပြီး ကျင့်သုံးဖွယ်ကောင်းတဲ့ဘုရားကို မင်းအမြဲဖူးမြော် နာကြားရ လျက်သားနဲ့ ဘာ့ကြောင့်မင်းဘုရားထံတွင် ရှင်ရဟန်း မပြုသလဲ” လို့မေးတယ်။

ဒီအခါ ဃဋိကာရအိုးထိန်းသည် သူတော်စင်ကြီးက “ငါဟာ ငါ့သူငယ်ချင်းကို သွေးဆောင်ဆွဲပြီး တရားနာခေါ်ရတဲ့ အကျိုးနပ်ပြီ” လို့စိတ်ထဲမှာဝမ်းသာပြီး “သူငယ်ချင်းဇောတိပါလ ငါဟာမျက် မမြင်မိဖနှစ်ပါးကို လုပ်ကျွေးနေရလို့ ရဟန်းမပြုနိုင်တာပါကွာ၊ ဘုရားတရားကို လွန်ကြည်ညိုပြီး ရဟန်းပြုလိုလှပါတယ်”လို့ ဝမ်းသာအားရ ပြောပြတယ်။

အဲဒီတုန်းက ဂေါတမဘုရားလောင်းဇောတိပါလဟာ ကဿပဘုရားထံတွင် ရဟန်းပြုခဲ့သေးတယ်၊ ဃဋိကာရ အိုး ထိန်းသည်ကတော့ ထိုဘဝမှစ၍တေသော် ဗြဟ္မာ့ပြည်တွင် ဗြဟ္မာကြီးဖြစ်နေခဲ့တယ်။

ဒါကြောင့် ထိုဃဋိကာရဗြဟ္မာကြီးဟာ ထိုစဉ်က ဂေါတမ ဘုရားလောင်းဇောတိပါလဟာ ဘဝအဆက်ဆက်ပါရမီဖြည့်လို့ ယခုဘုရားဖြစ်မည့် နောက်ဆုံးဘဝတွင် တောထွက်လာတဲ့

သိဒ္ဓတ္ထမင်းသားကို ရဟန်းပြုရန် ကြာသက်န်းကို လှူဒါန်းလာတာ ဖြစ်တယ်။

ဒီဝတ္ထုဇာတ်လမ်းတွင် သိစေချင်တာက ဒီမြတ်ဘုရားရှင်ရဲ့ တရားတော်ဟာ အလွန်ထင်ရှားစင်ကြယ်ပြီး ကျင့်သူများ ဆင်းရဲကင်းပြတ် အငြိမ်းဓာတ်ကိုရစေနိုင်တာမို့ ရင်းနှီးသူချစ်မိတ်ဆွေများအား မရ–အရ ခပ်တင်းတင်းပင် ဘုရားဖူးတရားနာခေါ်ထိုက်တဲ့ ဧဟိပဿိက ဂုဏ်နှင့်ပြည့်စုံတဲ့ တရားဖြစ်ကြောင်းပါပဲ။

## ၅။ ဩပနေယျိကဂုဏ်တော်

၁။ ကိုယ်စိတ်အတွင်း၊ တရားသွင်း၊ ချက်ခြင်းကျင့်ဆောင် တရားတော်။

၂။ ရင်ဝကလုံ၊ နတ်ပယ်ရန်၊ အမှန်ရေးကြီး ပုံဆောင်မျှော်။

၃။ ပုဆိုးဥသျှောင်၊ မီးစွဲလောင်၊ ငြိမ်းအောင်ရေးကြီး ပုံဆောင်မျှော်။

၄။ ထို့ထက်လေးစား၊ နှာကျင့်ပွား၊ တရားရအောင်ကျင့်ဖို့မျှော်။

၅။ ဘုရားဟောပြ၊ ကျင့်ပွားကြ၊ ဩပနေယျိကဂုဏ်တော်။

## ဩပနေယျိကဆိုတာ

ဒီနေ့ ဘုန်းကြီးဟောကြားမည့်တရားတော်ကတော့ တရားဂုဏ်တော် ၆–ပါးတွင် ၅–နံပတ်ကပါဝင်တဲ့ “ဩပနေယျိက ဂုဏ်တော်တရား” ဖြစ်ပါတယ်။

ဩပနေယျိက–မိမိစိတ်ထဲ ရွဝင်အောင် ဆောင်ကပ်ထိုက်တဲ့ တရားတဲ့၊ မိမိတို့အတွက် မရ–ရအောင်ကြိုးစားရယူထိုက်တဲ့ တရား–လို့ဆိုလိုပါတယ်။

ဘဂဝတော–ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသည်၊ သွက္ခာတော–သတ္တဝါ ဝေနေယျ တရားရအောင် နည်းစုံဖြာ ကောင်းစွာဟောကြားအပ်သော၊ မဂ္ဂာ–မဂ်လေးတန်ဖိုလ်လေးတန်နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာသည်၊ ဩပနေယျိကော–ပုဆိုးဥဒ္ဓျောင် မီးစွဲလောင်ကို ငြိမ်းအောင်ပြုရန် ရေးကြီးမှန်ချက် ထို့ထက်ထူးကဲ ကိုယ်စိတ်ထဲကို တရားစွဲအောင် ကျင့်ဆောင်ထိုက်သော တရားတော်မြတ်ပါပေတကား။

မဂ်ဖိုလ်နိဗ္ဗာန်တရားများဟာဒုက္ခငြိမ်းကြောင်းအကောင်းဆုံး ကိုယ်ကျိုးကိုယ်စီးပွား အစစ်အမှန်ဖြစ်တယ်၊ ဒါကြောင့်အဲဒီ တရားများထက်ပိုပြီး ရယူထိုက်တဲ့ တရားရယ်လို့ ဘယ်မှာရှိပါမည်လဲ၊ ထို့ကြောင့် ရှင်တော်ဗုဒ္ဓက ထိုတရားများကို မရ–အရ အနေနဲ့ , အရေးတကြီးပင် ရယူရန် အကြိမ်ကြိမ်အဖန်ဖန် ထပ်တလဲလဲ မကြာမကြာ အခါခါပင် နှိုးဆော်တော်မူခဲ့ပါတယ်။

## သဏ္ဍာယဒိဋ္ဌိပယ်ရန် တရားကျင့်ဖို့အရေးအကြီးဆုံး

ရင်ဝတွင် *လှံအစူးခံရသူဟာ အဲဒီလှံကြီးကို နုတ်ဖို့ရန် အရေးတစ်ကြီး ကြိုးစားရသလို၊ ဦးခေါင်းမီးလောင်ခံရသူဟာ

အဲဒီမီးကိုငြိမ်းသတ်ရန်အရေးတကြီးကြိုးစားရသလိုပင် မွေး သေ ဖြစ်ပျက် အမြဲနှိပ်စက်နေတဲ့ သံသရာဘေးကို မြင်သူဟာ သတိတရား စွဲစွဲမြဲမြဲထားကာ သက္ကာယဒိဋ္ဌိကြီးကို အပြီးပယ် နုတ်ဖို့ရန် အရေးတကြီးကို အားထုတ်သင့်တယ်၊ (သဂါထာဝဂ္ဂ ဒေဝတာ သံယုတ်-၁၂)

ဒါဟာမြတ်ဘုရားရဲ့ သတ္တဝါများအတွက် တရားကျင့်ရေး ကိုအထူးသတိပေး နှိုးဆော်ချက်ဖြစ်ပါတယ်။

သက္ကာယဒိဋ္ဌိဟာ ရုပ်နာမ်ခန္ဓာအပေါ်၌ ငါ-ဆိုတဲ့ အတ္တ စွဲဖြင့် လွဲမှားတဲ့ အယူဖြစ်တယ်၊ အဲဒီသက္ကာယဒိဋ္ဌိဟာ သဿတ, ဉစ္ဆေဒ-စတဲ့ ဒိဋ္ဌိ ထိုထိုအကုသိုလ်အမျိုးမျိုးရဲ့အခြေခံဖြစ်တယ်၊ ဒါကြောင့် သံသရာဒုက္ခတို့ကို အဆက်မပြတ် ထပ်တလဲလဲ မဆုံးအောင် ခံရခြင်းရဲ့ အကြောင်းရင်း မျိုးစေ့ဖြစ်တယ်။

အဲဒီ သက္ကာယဒိဋ္ဌိရှိနေသူများအဖို့အပါယ်လေးပါးဟာ ကိုယ်ပိုင်အိမ်ရာသဖွယ် ဖြစ်နေတော့တယ်၊ ဒါကြောင့် ငရဲမီး အလောင်းခံရ၊ ပြိတ္တာဖြစ်လျက် အစာငတ်ခံရ၊ တိရစ္ဆာန်ဖြစ်လျက် ဒုက္ခအမျိုးမျိုးခံရခြင်းမျိုးကို မရပ်မစဲ ဆင်းရဲခံရမည်ဖြစ်တယ်။

သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ တစ်ရံတစ်ခါ ကုသိုလ်ကံတော်လို့ သုဂတိနတ်ဘဝရောက်တာဟာ ခုနစ်ရက် ခုနစ်လ မဲမှောင်နေတဲ့ မိုးကြီးထဲ တွင်စက္ကန့်ပိုင်းကလေးမျှ လျှပ်စီးလက်လိုက်သလိုသာ ဖြစ်တော့တယ်။

ဒါလို မဆုံးအောင်ခံရမည့် အနန္တဆင်းရဲများကြောင့် မြတ်ဘုရားက ဒီသက္ကာယဒိဋ္ဌိကြီးကို ပယ်နုတ်ဖို့ရာ ပြောကြား တိုက်တွန်းတော်မူခဲ့တာဖြစ်ပါတယ်။

ဤတွင် မဂ်ဉာဏ်ကိုရမှ သက္ကာယဒိဋ္ဌိအပြီးတိုင် ပယ်နိုင်မည် ဖြစ်တာကြောင့်၊ "သက္ကာယဒိဋ္ဌိကို ပယ်နိုင်အောင် ကြိုးစားကြ" ဆိုတဲ့ စကားတော်ဖြင့် "မဂ်ဖိုလ်နိဗ္ဗာန်ကို ရအောင် ဝိပဿနာ တရားအလုပ်ကို ကျင့်ပွား အားထုတ်ကြလော"လို့ ဆိုလိုတော်မူလိုရင်းဖြစ်ပါတယ်။

ရင်ဝလှံစူးခံရသူ၊ ဦးခေါင်းမီးလောင်ခံရသူ ဥပမာမှာလဲ အတော်လေးနက်လှပါတယ်၊ ရင်ဝလှံစူးခံရသူအတွက် သိုလှံကို နုတ်ပယ်ဖို့ရန်ထက်အရေးကြီးတဲ့ ကိစ္စမရှိတော့ပါဘူး၊ ဦးခေါင်း မီးလောင်ခံရသူအတွက်လဲ ဤနည်းအတူပင် မီးငြိမ်းဖို့ထက် အရေးကြီးတဲ့ ကိစ္စမရှိတော့ပါဘူး။

ဤဥပမာများမှာလဲ သက္ကာယဒိဋ္ဌိနှင့်စာလျှင် အတော် လေးသက်ကျတဲ့ ဥပမာများသာဖြစ်ပါတယ်၊ ဘာ့ကြောင့်လဲဆိုရင် ရင်ဝလှံစူး ဦးခေါင်းမီးလောင်ခံရသူရဲ့ဒုက္ခမှာ တစ်ဘဝအတွက် ဒုက္ခသာဖြစ်ရာ၊ သံသရာမဆုံးနိုင်အောင် ဒုက္ခအမျိုးမျိုးပေးနိုင်တဲ့ သက္ကာယဒိဋ္ဌိလှံ၊ သက္ကာယဒိဋ္ဌိမီးနှင့် နှိုင်းစာပါက ဘာမျှမပြော လောက်သောကြောင့်ပါပဲ။

ဒီလိုဆိုရင် လှံစူးခံရသူ လှံနုတ်ဖို့အရေးကြီးတာထက်၊ ဦးခေါင်းမီးလောင်ခံရသူ မီးငြိမ်းဖို့အရေးကြီးတာထက် သက္ကာယဒိဋ္ဌိကို ပယ်သတ်ဖို့က အဆပေါင်းများစွာ ပိုပြီးအရေးကြီးပါတယ်။

ဒါကြောင့်ပင် ရင်ဝလုံ့စူးခံရသူဟာ လုံကိုနှုတ်သေးဘဲ ဦးခေါင်းမီးလောင်ခံရသူဟာ မီးကိုမငြိမ်းသတ်သေးဘဲ သစ္စာလေး ဒိဋ္ဌိကို ပယ်သတ်နိုင်အောင် အရေးတကြီးပြုရမည်-လို့ အမိန့်ရှိပါယ် ရပါတယ်။

## ဩပနေယျိကဂုဏ်နှင့်အညီ အရေးတကြီးတရားအားထုတ်ခဲ့ကြပုံ

ဘုရားဟော အချို့ပါဠိတော်များ၌ မီးစွဲလောင်လျက်ရှိတဲ့ ကိုယ်ဝတ်အထည်နှင့် ဦးခေါင်းကိုအရေးမပြု လျစ်လျူရှုကာ တရားရအောင်သာ ကြိုးစားရန် ဟောကြားထားတော်မူတယ်၊ ဘုရားရှင် လက်ထက်တော်အခါနှင့် လက်ထက်တော်နောက်ပိုင်း ခေတ်အခါများတွင် အချို့သူတော်ကောင်း ရှင်မြတ်ကြီးများမှာ ဘုရားရှင် အလိုတော်ကျအတိုင်း အရေးတကြီး အားထုတ်တော်မူကြတယ်။

## ပေါင်ကျိုးမှာရှုပွားနိဗ္ဗာန်သွားသော မဟာတိဿမထေရ်ဝတ္ထု

ဒီဖြစ်ရပ်ဟာ နှစ်ပေါင်းနှစ်ထောင့်ငါးရာအကျော်ကာ ဗုဒ္ဓ လက်ထက်တော်တုန်းက ဖြစ်တယ်၊ သာဝတ္ထိပြည်၌ တိဿမည် တဲ့သူကြွယ်သားဟာ အမွေမခွဲရသေးတဲ့ ကုဋေလေးဆယ်ဥစ္စာ များကို ညီဖြစ်သူစူဠတိဿအား စွန့်လွှတ်လွှဲအပ်ပြီး ရဟန်း

ပြုလျက် တောရကျောင်းတစ်ကျောင်းတွင် ရဟန်းတရားကို ကြိုးစားအားထုတ် နေတော်မူတယ်။

ထိုအခါ စူဠတိဿရဲ့ဇနီးမယား (ခယ်မတော်) က အရှင်တိဿသာ သနားဘောင်မှာ မပျော်ဘဲလူထွက်လာခဲ့သော် အမွေခွဲဝေပေးရမည်ကို နမြောစိုးရိမ်သောကြောင့် လူဆိုးစားပြတို့အား ငွေပေးပြီး အရှင်တိဿအား အသတ်ခိုင်းတယ်။

လူဆိုးများက အရှင်တိဿကို ဖမ်းဆီးသတ်ရန် အားထုတ်ကြတယ်၊ ထိုအခါ အရှင်တိဿက ကိလေသာမကင်းသေးဘဲ သေရမည်ကို ရှက်လဲရှက် ကြောက်လဲကြောက်ရွံ့လှသဖြင့် "ဥပါသကာတို့၊ ငါ့အား တစ်ညမသတ်ဘဲ စောင့်စားကြပါဦး၊ ငါဘယ်ကိုမျှ ထွက်မပြေးနိုင်အောင် လုံလောက်တဲ့အာမခံပေးပါမည်" လို့ တောင်းပန်ပြီး၊ မိမိပေါင်နှစ်ချောင်းကို ထက်ပိုင်းကျိုးသွားအောင် ကျောက်တုံးကြီးဖြင့် ကိုယ်တိုင်ရိုက်ချိုးကာ အာမခံပေးပြီးတော့ တရားကိုသာ အမြန် ကြိုးစားအားထုတ်ပါတယ်။

အရှင်တိဿဟာ ပြင်ထန်းလှသော ပေါင်ကျိုးနာဒုက္ခဝေဒနာကို ရှုမှတ်ရင်းပင် ရဟန်းပြုတဲ့အခိုန်မှစပြီး ယနေ့အထိ သီလစင်ကြယ်ပုံကို ဆင်ခြင်မိသဖြင့် အားကြီးတဲ့ ပီတိပါမောဇ္ဇများ ဖြစ်ပေါ်လာတယ်။

အရှင်တိဿဟာ ထိုအခါတွင် ဒုက္ခဝေဒနာ၌ မနသိကာရ ခေါ် နှလုံးသွင်းမှုမရှိသဖြင့် နာကျင်မှု ...ဒုက္ခဝေဒနာမှ ပျောက်ငြိမ်း

နေသကဲ့သို့ ဖြစ်နေတယ်၊ ဒီလိုဖြစ်ပုံမျိုးကို ဝေဒနံဝိကမ္မမှုတွာ- ဝေဒနာကို ခွာတယ်-လို့ အဋ္ဌကထာ၌ဆိုတယ်၊ ဒါလိုမခံသာမှု ဝေဒနာမှ သက်သာရာရပြီး ဖြစ်ပေါ်ခိုက်ရုပ်နာမ်ကို ရှုမှတ်လျက် ဝိပဿနာကို အစဉ်အတိုင်း တိုးပွားစေသဖြင့် နံနက် အရုဏ် တက်တဲ့အခါ အရဟတ္တဖိုလ်သို့ ရောက်တော်မူဘယ်။

အရှင်တိဿဟာ ရဟန္တာဖြစ်ပြီးနောက် ဖြစ်ရပ်မှန်ကို ဥဒါန်းကျူးလျက် ပရိနိဗ္ဗာန်စံဝင်သွားပါတယ်။ (ဒီ၊ ဋ္ဌ၊ ၂၊ ၃၃၉)

## လုံ့စုံးနာရှပွား နိဗ္ဗာန်သွားသော ပီတမလ္လမထေရ်ဝတ္ထု

"ဘယ်သူနှင့်ပြိုင်ပြိုင် ငါကသာအနိုင်ရရမည်" လို့ လက်ဝှေ့ ကျော် ပီတမလ္လကဟိန်းဟောက်ရင်း တစ်ဖြောင်းဖြောင်း မြည် အောင် လက်ခမောင်းခတ်လိုက်တယ်။

သူဟိန်းဟောက်တဲ့အတိုင်းလဲ သူဟာပွဲတိုင်းကျော် အောင်ပွဲ ရနေသူဖြစ်တယ်၊ သူဟာ ပဏ္ဍု၊ စောဠ၊ ဂေါဠ-မည်တဲ့တိုင်း သုံးတိုင်းတို့တွင် ရွှေရောင် အောင်လံတံခွန်ကိုရယူပြီး သီဟိုဠ် ကျွန်းဘက်သို့ ရောက်လာတယ်။

သူဟာ သီဟိုဠ်မင်းကို ဖူးမြင်တွေ့ဆုံတယ်၊ သူဟာ သီဟိုဠ်ကျွန်းလဲ သူ့ကိုလက်ဝှေ့ယှဉ်ပြိုင် ထိုးသတ်နိုင်သူမရှိသဖြင့် ပြိုင်ဘက်မရှိအောင် ဆုရကျော်ကြားသူဖြစ်တယ်။

လက်ဝှေ့ကျော်ပီတမလ္လဟာ သိဟိုဠ်မင်းထံမှ ဂုဏ်ပြု အောင်လံတံခွန်ကိုရယူပြီးနောက် တစ်နေ့သ၌ မြို့တွင်း လှည့် လည် ကြည့်ရှုရင်း မြက်မိုးထားတဲ့ အိမ်ဈေးလမ်းတံတားပေါ် အရောက်တွင် အနီးရှိထည်ဝါခန့်ငြားလှတဲ့ ဗုဒ္ဓရဟန်း တော်များ သီတင်းသုံး စာပေသင်ကြားရာ ပရိယတ္တိစာသင် ကျောင်းတိုက်ကြီး တစ်ခုဆီမှ သာယာနာပျော်ဖွယ်ရာ စာအံသံကိုကြားရတယ်။

သူကြားသိရတဲ့ စာအံရွတ်ဖတ်သံမှာ–

"ရူပံ ဘိက္ခဝေ နတုမှာကံ၊ တံပဇဟထ၊ တံ ဝေါ ပဟီနံ ဒီဃရတ္တံ ဟိတာယသုခါယ ဘဝိဿတိ–ရဟန်းတို့–၊ ရုပ်ဟာ သင်တို့ရဲ့ ဥစ္စာမဟုတ်၊ သင်တို့ဟာ အဲဒီရုပ်၌ တပ်မက်တဲ့ တဏှာကိုပယ်စွန့်ကြကုန်လော့၊ ရုပ်၌တပ်မက်နေသော ထိုတဏှာ ကိုပယ်စွန့်ခြင်းဟာ သင့်တို့အတွက် နေ့ညဉ့်ရှည်ကြာ ကာလ ပတ်လုံး အစီးအပွားအလို့ငှာ ချမ်းသာခြင်းငှာ ဖြစ်လိမ့်မယ်"ဟူ၍ ဖြစ်တယ်။

လက်ဝှေ့ကျော်ပီတမလ္လဟာ ထိုစာအံသံ ဓမ္မစာပေထဲမှ "ရူပံ နတုမှာကံ–ရုပ်ဟာသင်တို့ရဲ့ ဥစ္စာမဟုတ်" ဆိုတဲ့ ဝါကျ ကိုကြားရတော့ "ဩော်–ရုပ်ဟာ သင်တို့ရဲ့ဥစ္စာမဟုတ်ဘူး တဲ့၊ အင်း–ငါကတော့ ဒီခန္ဓာငါးပါးတွေကို ငါ့ဥစ္စာအနေနဲ့ အမြင်မှားနေခဲ့တယ်၊ ဟုတ်သပ၊ ငါဟာ ကိုယ့်ကိုယ်ကိုမလှ– လှအောင်, မဝ–ဝအောင်, အားမကောင်းကောင်းအောင် ပြုပြင် ချယ်လှယ်နေခဲ့တယ်၊ ဝဝဖြိုးဖြိုးအားအင်တိုးလာတဲ့ အခါမှာလဲ

ငါ့ရဲ့ရုပ်ကာယဗလကို ငါအားကိုးပြီးလက်ဖွေ့ထိုးလျှင် ငါသာ အနိုင် ရ–ရမယ်ဆိုတဲ့ ဟိန်းဟောက်ချက်ဖြင့် ပြိုင်ဘက်လူနှင့် မိုက်မိုက်ကန်းကန်း လက်ဖွေ့ထိုးသတ်ခဲ့တယ်၊ အနိုင်ရတိုင်း ရတိုင်း လဲမာန်မာနထောင်လွှားခဲ့တယ်၊ ဒါတွေကိုပင် ငါက ငါ့ဟာ ဟုတ်လှပြီဆိုပြီး သဘောကျနှစ်သက် မာန်တက်ခဲ့တယ်။

" တစ်ကယ်ဆိုတော့ ငါလုပ်ခဲ့သမျှ, ငါထောင်လွှားခဲ့သမျှ၊ ငါနှစ်သက်သဘောကျခဲ့သမျှတွေဟာ ငါ့အတွက်တစ်ကယ် စီးပွား ချမ်းသာရဖို့ရာမဟုတ်ဘဲ အလွဲလွဲအမှားမှား မိုက်လုံးထွားခဲ့ တာတွေချည်းပါကလား၊ မြက်စွာဘုရားကတော့ ရုပ်ဟာ ငါ့ဥစ္စာ မဟုတ်ဘူးတဲ့၊ အို–ငါဟာ ဒီအတိုင်းနေလို့တော့ မဖြစ်သေးဘူး လေ၊ ငါ့အတွက် အမှန်တကယ် ချမ်းသာစီပွားရအောင် အမှန်တရားကိုရှာဦးမှဖြစ်မယ်" လို့ ယောနိသောမနသိကာရအမှု လမ်းမှန်အတိုင်း နှလုံးသွင်းပြုတယ်။

လက်ဖွေ့ကျော်ပိတမလ္လဟာ ထိုလမ်းမှန်အကြံကိုပင် မိမိရဲ့ ကိလေသာစိတ် ဆင်ရိုင်းကြီးအားဆုံးမဖို့ရာ ချွန်းတောင်းသဖွယ် ဖြစ်ပြီး ထွက်ခဲ့တယ်၊ သူဟာ တရားပေစာရွတ်အံသံကြားရာ ကျောင်းကြီးပေါ် တက်သွားပြီး ရှင်ရဟန်းအဖြစ်ကို တောင်းပန် တယ်၊ သူဟာ ရှင်းရဟန်းအဖြစ်ကိုရတဲ့အခါ ပိတမလ္လမထေရ်– လို့ပင်ထင်ရှားလျက် ရဟန်းဝိနည်း ဒွေမာတိကာတို့ကို လေ့လာ ပြွမ်းတီးတတ်သိပြီးတော့ သီတင်းသုံးဖော် ရဟန်းသုံးကျိပ်တို့နှင့် အတူတကွ ကဗလဝါလိယအင်္ဂဏ–မည်တဲ့ တောအရပ်သွားပြီး ရဟန်းတရားများကို ကြိုးစားအားထုတ်နေပါတယ်။

ပိတမလ္လယောဂီရဟန်းဟာ နေ့ရောညပါ "သွားရင် သွားတယ်၊" စသည်ဖြင့် သတိပဋ္ဌာန်ဝိပဿနာတရားကို ကြိုးစားအားထုတ်တော်မူရာ ခြေဖဝါးတွေကွဲသဖြင့် ခြေဖြင့်စင်္ကြံတရားမရှုပွားနိုင်တော့ ဒူးထောက်တွားသွားလျက် စင်္ကြံတရားရှုမှတ်ပါတယ်။

တစ်ညဉ့်သောအခါ မှုန်ဝါးဝါးလရောင်အောက်တွင် သင်္ကန်းရောင်ဝါဝါဖြင့် လေးဖက်တွားပြီး တရားအားထုတ်နေတဲ့ ပိတမလ္လမထေရ်ကို တောလိုက်မုဆိုးဟာ သမင်ပဲလို့ထင်မှတ်မှားကာ လှံဖြင့် လှမ်းပြီးပစ်ထိုးလိုက်ပါတယ်။

လှံဟာ သူ့နံဆောတစ်ဖက်မှ နံဆောတစ်ဖက်သို့ ထိုးဖောက်သွားတယ်၊ ဒါပေမယ့်သူဟာ မသေသေးပါဘူး၊ လှံချက်နာကို သတိထားပြီး "နာတယ်, နာတယ်"လို့ ဒုက္ခဝေဒနာနုပဿနာ တရားကိုရှုပွားနေပါတယ်။

ထိုအခါ မုဆိုးဟာ "သားသမင်းတော့ မိပြီဟ" ဆိုပြီး ဝမ်းသာအားရနဲ့ပြေးယူရာ သမင်မဟုတ်ဘဲသင်္ကန်းဝါဝါနဲ့ ရဟန်းသာဖြစ်နေတာကိုတွေ့ရသဖြင့် တောင်းပန်ကန်တော့ကာ လှံကိုဆွဲနုတ်လျက် လှံပေါက်ဝကို မြက်ချောက်များဖြင့်ဆို့ပိတ်ပြီးနောက် ရဟန်းကိုကျောက်တုံးကြီးတွင် မှီမေးထားပေးတယ်။

ပိတမလ္လရဟန်းယောဂီက မုဆိုးအား သည်းခံခွင့်လွှတ်ကြောင်းမိန့်ကြားပြီး ပြန်လွှတ်လိုက်တယ်။

ထို့နောက် မိမိသန္တာန်မှာ လုံ့ထိုးခံရလို့ ဖြစ်ပျက်နှိပ်စက်နေတဲ့ ဒုက္ခဝေဒနာကို "နာတယ်၊ နာတယ်" စသည်ဖြင့် ရှုမှတ်လျက် ဝိပဿနာတရားကို ရှုပွားအားထုတ်နေတယ်၊ မထေရ်ဟာ မိမိသန္တာန်တွင် တရစပ်ဖြစ်ပျက်နေတဲ့ ဒုက္ခဝေဒနာကိုရှုပွားရင်းက ရဟန်းအဖြစ် သီလစင်ကြယ်ပုံ၊ တရားရှုမှတ်မှုဖြင့် လောဘစတဲ့ နီဝရဏစိတ်ညစ်များကင်းနေပုံများကို ဆင်ခြင်မိတော့ဝမ်းသာလ ာယ်၊ အဲဒီဝမ်းသာပီတိများနှင့် ပီတိဇသုခများ ဖြစ်ပေါ်လာသဖြင့် ဒုက္ခဝေဒနာဟာ ပျောက်ငြိမ်းသလိုဖြစ်သွားတယ်၊ ထိုအခါ မထေရ်ဟာ ဝိပဿနာတရားကို ရှုပွားရင်း မမြဲဆင်းရဲပြီး အစိုးမရပုံ ဉာဏ်များဖြစ်ပေါ်တိုးတက်ကာ၊ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ကိလေသာ ကုန်ခန်းရဟန္တာ ဖြစ်သွားတယ်။

ပီတမလ္လမထေရ်ကို မုဆိုးက သမင်မှတ်မှားပြီး လုံ့ထိုးရကြောင်း သိကြပြီးဆူဆူညံညံပြေးလာကြတဲ့ သီတင်းသုံးဖော်ရဟန်းများအား ထိုပီတမလ္လမထေရ်က မိမိရရှိထားတဲ့ အရဟတ္တဖိုလ်ကို ပြောကြားပြီး ဒီဥဒါန်းစကားကို ကျူးရင့်လိုက်တယ်။

## ထိုဥဒါန်းမှာ

"သဗ္ဗဝါအားလုံးအား ဘုရားဟောကြားတဲ့ တရားမြတ်ဟာ ရုပ်ဆိုတာသင်တို့ရဲ့ဥစ္စာမဟုတ်၊ သင်တို့တစ်တွေဟာ ထိုရုပ်အပေါ်တွင် တပ်မက်နှစ်သက်တဲ့ တဏှာကိုပယ်စွန့်ကြလော့" ဆိုတဲ့ စကားတော်ကို ဟောတော်မူအပ်ပါပြီ။

သင်္ခါရအားလုံးတို့ဟာ မမြဲကုန်စွတကား၊ ဖြစ်ခြင်းပျက်ခြင်း သဘောရှိကြတယ်၊ ဖြစ်ပေါ်လာကုန်ပြီးတော့ချုပ်ဆုံးကြတယ်၊ ထိုသင်္ခါရတရားများရဲ့ ချုပ်ငြိမ်းရာနိဗ္ဗာန်သာ ချမ်းသာလှပေတယ်လို့ဖြစ်ပါတယ်၊ (ဒီဃနိကာယ်၊ မဟာသတိပဋ္ဌာန သုတ်အဋ္ဌကထာ)။

## မဟာစည်တရားဂုဏ်တော်ဖွင့်

ဒိဋ္ဌိပနေယျိက ဂုဏ်တော်နှင့် စပ်ပြီးဟောကြားတဲ့တရားဟာ ဒါလောက်ဆိုရင်လုံလောက်ပါပြီ၊ ယခုကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားဂုဏ်တော်ဖွင့်ကို ရွတ်ဆိုပူဇော်ပြီး ဒိဋ္ဌိပနေယျိက ဂုဏ်တော်ကို နိဂုံးချုပ်ကြပါစို့။

ဘဂဝတော–မြတ်စွာဘုရားသည်၊ အက္ခာတော–ဟောကြားတော်မူအပ်သော၊ ဓမ္မော–တရားတော်သည်၊ ဒိဋ္ဌိပနေယျိကော–မိမိသန္တာန်တည်အောင် ကျင့်ဆောင်ထိုက်သော တရားတော်မြတ်ပါပေတကား။ (သာဓု–သာဓု–သာဓု)

## ၆။ ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိဂုဏ်တော်

၁။ တရားထူးရသူ၊ မြတ်ဝိညူ၊ နိဗ္ဗူချမ်းသာခံစားပျော်၊

၂။ ကိုယ်စီကိုယ်ငှ၊ နိဗ္ဗာန်ရ၊ အမတချမ်းသာခံစားပျော်၊

၃။ တရားရှင်သာ၊ မြိုက်ချမ်းသာ၊ ပိုင်စွာခံစားပျော်။

၄။ တရားမရ၊ လူဗာလ၊ အမတချမ်းသာ၊ ဝေးကွာသော်။

၅။ ပစ္စတ္တံဝေဒိတဗ္ဗော၊ ဘုရားဟော၊ ကျော်စေဝိညူဟိဂုဏ်တော်၊

ယခုဘုန်းကြီးဟောမှာကတော့ တရားဂုဏ်တော်ခြောက်ပါး တွင်နောက်ဆုံးဖြစ်တဲ့ "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ–တရားတော်" ဖြစ်ပါတယ်။

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ– ပညာရှိတို့သည် ကိုယ်စီ ကိုယ်င မိမိသန္တာန်၌ သိအပ်ခံစားအပ်သည်–တဲ့။

စာတတ် ပေတတ် ဗဟုသုတများတဲ့ ပညာရှိမျိုးကို အခြားအရာ၌ "ဝိညူ" ဆိုရသော်လဲ ဒီ "ပစ္စတ္တံ ဝေဒိတဗ္ဗ" ဂုဏ်ကတော့ အဲဒီစာပေ ဗဟုသုတပညာရှင် ဝိညူများရဲ့ အရာမဟုတ်ဘူး။

အရိယ မဂ်ဉာဏ်ဖြင့်သိတဲ့ အရိယာတို့ကိုသာ 'ဝိညူ' လို့ဆိုရတယ်၊ ထိုပညာရှိအရိယာများဟာ ပစ္စဝေက္ခဏာဉာဏ်ဖြင့် မိမိသန္တာန်၌ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ခဲ့တာကိုရော၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့တာကိုပါ သိကြပါတယ်။

အရိယာပညာရှိများဟာ ဖလသမာပတ်ဖြင့် နိဗ္ဗာန ဓာတ်ကိုတွေ့ကာ ထူးမြတ်တဲ့ငြိမ်းချမ်းမှု နိဗ္ဗုတိ–အရသာကိုလဲ ခံစားကြတယ်၊ ဒါလိုသိကြ, ခံစားကြရာမှာလဲ ကိုယ်, မဂ်ကိုယ်, ဖိုလ်ဖြင့် ကိုယ့်နိဗ္ဗာန် အသီးသီးကို ကိုယ်စီကိုယ်င တွေ့မြင်ခံစား ကြရပြီး "ပစ္စတ္တံ–အသီးသီးကိုယ်စီကိုယ်င မိမိသန္တာန်၌၊ ဝေဒိတ ဗ္ဗော–သိအပ်–ခံစားအပ်၏"လို့ ဆိုပါတယ်။

## ကိုယ်ပိုင်တရားသာ

ထိုတရားများဟာ ကိုယ်သာဆိုင်တဲ့ ကိုယ်ပိုင်တရား အစစ်ဖြစ်တယ်၊ မှန်ပါတယ်. ဆရာရဲ့ အရိယမဂ်ဉာဏ်က တပည့်ရဲ့ ကိလေသာများကို ပယ်နိုင်တာမဟုတ်သလို၊ တပည့်ရဲ့ အရိယမဂ်ဉာဏ်ကလဲ ဆရာရဲ့ကိလေသာများကို မပယ်သတ်နိုင်ပါ၊ ထို့အတူ ဆရာရဲ့ဖလသမာပတ်ဖြင့် တပည့်ချမ်းသာစွာ မနေနိုင်သလို တပည့်ရဲ့ဖလသမပတ်ဖြင့် ဆရာကချမ်းသာစွာ မနေနိုင်ပါ။

ဆရာ ကိုယ်တွေ့မျက်မှောက်ပြုထားတဲ့ နိဗ္ဗာန်ချမ်းသာကို တပည့်-တပည့်က မျက်မှောက်ပြုနိုင်တာမဟုတ်သလို၊ တပည့် ကိုယ်တွေ့မျက်မှောက်ပြုရတဲ့ နိဗ္ဗာန်ကိုလဲ ဆရာကမျက်မှောက် မပြုနိုင်ပါ။

ဒီနိဗ္ဗာန်တရားများဟာ တစ်ကယ်မိမိ၏ စိတ်မှာအသေအချာတွေ့မြင်ရတဲ့ ပညာရှင်များ ကိုယ်တွေ့ခံစားရတဲ့ တရားများသာဖြစ်ပေတယ်။

ဤတွင် "ဝိညူဟိ"အရ "အရိယာပညာရှင်များသာ"လို့ အနက်ယူရမည်ဖြစ်သဖြင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(၁၊ ၂၁၀)က "ဗာလာနံ ပန အဝိသယောစေသ=ဤ တရားများမှာ ဗာလတို့ရဲ့ အရာမဟုတ်၊ ဗာလတို့နှင့် မတန်မရာ"လို့ဆိုပါတယ်။

## ကိုယ်စီကိုယ်ငှခံစားရတဲ့တရား

ဒီ–ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်ဖြင့် အခြား လောကီကုသိုလ်အကျိုးများနှင့် ကွားခြားပုံကိုသိရပါတယ်၊ လောကီကုသိုလ်များကြောင့် ရအပ်တဲ့အကျိုးဟာ သူတစ်ပါးအားပေးနိုင် ခံစားစေနိုင်တာလဲရှိတယ်၊ ဥပမာအားဖြင့် ကုသိုလ်ကံကြောင့် ပစ္စည်းဥစ္စာပေါများလျှင် သူတစ်ပါးကိုပေးနိုင်တယ်၊ အိမ်ကောင်းအိပ်ရာကောင်းရသူဟာ သူတစ်ပါးကိုနေစေကာ၊ ချမ်းသာကိုဝေငှပေးနိုင်တယ်။

မဂ်ကုသိုလ်ကြောင့် ဖြစ်တဲ့ဖိုလ်အကျိုးကတော့ လောကီကုသိုလ်ကဲ့သို့ သူတစ်ပါးကိုဝေငှ–လို့ ရစကောင်းတဲ့ တရားမဟုတ်ဘူး၊ ကိုယ်ရဲ့ ရထားတဲ့ဖိုလ်ဖြင့်သာ ငြိမ်းအေးခြင်းနိဗ္ဗုတိ အရသာကိုခံစားရတယ်။

## ဆင်းရဲကင်းစင်နိဗ္ဗာန်မြင်ဥဒါန်း

ဒီ–ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ–တရားတော်နှင့်စပ်ပြီး မြတ်စွာဘုရားရှင် ဘုရားဖြစ်သစ်စ–က ကျူးရင့်တော်မူတဲ့ ဥဒါန်းပါဠိတော် ကိုစပ်ဆိုထားတဲ့ သံပေါက်ကဗျာကို ယခုရွတ်ဆိုကြပါစို့။

၁။ ဖြစ်ပျက် မွေး သေ၊ သံသာဗွေ၊ ထွေထွေဆင်းရဲသည်။
၂။ သံသာပွေလိမ်၊ ခန္ဓာအိမ်၊ ကြိမ်ကြိမ်ဆောက်သူ ရှာခဲ့သည်။
၃။ တဏှာယောကျ်ား၊ လက်သမား၊ ထင်ရှားငါတွေ့ပြီ။
၄။ တဏှာလက်သမား၊ မတွေ့ငြား၍၊ အိမ်ပွားခန္ဓာ၊ သံသရာ၊ ဖန်ခါလည်ခဲ့ ဆင်းရဲပြီ။

၅။ လက်သမားတထွာ၊ သတ်ဖို့ရာ၊ ငါ ပါရမီဖြည့်ခဲ့ပြီ။

၆။ သဗ္ဗညုတ၊ အရဟတ္တဟု၊ ဉာဏမဟာ၊ ငါရလာတော့၊
နှင်သာတရားခံ၊ သိတော်လှန်ပြီ၊ ကြိမ်ဖန်သင်ဟာ၊ အိမ်ခန္ဓာ၊
ဘယ်ခါ မဆောက်နိုင်တော့ပြီ။

၇။ သင့်ရဲ့လုပ်အား၊ ထုပ်ဒိုင်းမြားနှင့်၊ လျှိုထားယောက်ပါ၊
ကိလေသာ၊ ကုန်ငါဖြိုဖျက်ပြီ။

၈။ အဝိဇ္ဇာ အိမ်မိုး၊ အထွတ်မျိုး၊ ဖျက်ချိုးငါအောင်ပြီ။

၉။ ငါရဲ့စိတ်က၊ သင်္ခါရဟု၊ ဒုက္ခစက်ကွင်း၊ ဝဋ်ဘုံတွင်းမှ၊
လွတ်ကင်းတာမှန်၊ ပြည်နိဗ္ဗာန်၊ ကေန်ဆိုက်ရောက်ပြီ။

၁၀။ ငါဘုရားဟာ၊ ပူတဏှာနှင့်၊ အာသဝါတို့၊ ကုန်ရာကင်းပြတ်၊
အရဟတ်၊ မဂ်မြတ်ဖိုလ်ရောက်ပြီ။

## သပြေကန်ပရိတ်ကြီးနိဿယသစ်အနက်

ဒီ–ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ–တရားဂုဏ်တော်ကို သပြေကန်ပရိတ်ကြီး နိဿယသစ်နက်အတိုင်း ရွတ်ဆိုပူဇော်ပြီး နိဂုံးချုပ်ကြပါစို့။

ဓမ္မော–လောကုတ္တရာကိုးပါးကို၊ ဝိညူဟိ–တရားသိမြင်ပညာရှင်တို့သည်။ ပစ္စတ္တံ–ကိုယ်စီအမှန်ကိုယ့်သန္တာန်၌၊ ဝေဒိတဗ္ဗော–မဂ်ဖိုလ်နိဗ္ဗာန် ရပိုင်ဟန်ကို အမှန်တိုင်းရှိ သိမြင်အပ်ပါပေ၏။

(သာဓု–သာဓု–သာဓု)

## ထ ရားဂုဏ်တော်ပါဠိ

သွာက္ခာတော ဘဂဝတော ဓမ္မော၊ သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟီတိ။

## ညောင်ကန်ဆရာတော်ဦးဗုဓ် တရားဂုဏ်တော်ဖွင့် ဘုရားရှိခိုး

(၁) ဓမ္မော–မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိဟုဆိုအပ် ၁၀ပါးသောတရားတော်မြတ်ကို၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ သွာက္ခာတော–အတ္ထပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါ ဉာဏ်၏အာရုံဖြစ်သော အနက်၏နက်နဲခြင်း၊ အသိဉာဏ်၏ နက်နဲခြင်းသဘောရှိသော အကျဉ်းပြခြင်း, ရှေးဦးစွာပြခြင်း, ဖွင့်ခြင်း, ဝေဖန်ခြင်း, ထင်ရှားစွာပြခြင်း အပြားအားဖြင့် သိစေခြင်းတည်းဟူသော အတ္ထပဒ ၆-ပါးတို့နှင့် ယှဉ်သဖြင့်လည်းကောင်း။

ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၏ အာရုံဖြစ်သော ပါဠိ၏နက်နဲခြင်း, ဒေသနာ၏နက်နဲခြင်း သဘောရှိသော တစ်လုံးတစ်လုံးသော "အက္ခရာ" အနက်ကိုသိစေတတ်သော အက္ခရာအပေါင်းဟုဆိုအပ်သော "ဗျဉ္ဇန"အပြားအားဖြင့် ဝါကျကိုဝေဖန်ခြင်းဟုဆိုအပ်သော "နိဒ္ဒေသ"တည်းဟူသော ဗျဉ္ဇနပဒ ၆–ပါးတို့နှင့်ပြည့်စုံသဖြင့် အကျင့်နှင့်လျော်သော နိဗ္ဗာန်ကိုထင်စွာပြအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

တစ်ခုတစ်ခု အနုသန္ဓေရှိသော သုတ်ကိုဟောတော်မူရာ၌ အကြောင်းနိဒါန်းဖြင့် အစ၌ကောင်းခြင်း, အဆုံးနိဂုံး၌ကောင်းခြင်း, အလယ်စသော စကားတော်ဖြင့် အလယ်၌ကောင်းခြင်းကိုလည်းကောင်း။

ဟောတော်မူရာ တစ်ဂါထာသော ဓမ္မ၌ ထက်ဝန်းကျင် ကောင်းသည့်၏ အဖြစ်ကြောင့် ပထမပါဒဖြင့် အစ၌ကောင်းခြင်း, ဒုတိယပါဒဖြင့် အလယ်၌ကောင်းခြင်း, တတိယပါဒဖြင့် အဆုံး၌ ကောင်းခြင်းကိုလည်းကောင်း။

ဟောတော်မူသော တရားစကားတော်ကို ကြားနာရဆဲသော သူတို့အား နီဝရဏစသည်များစွာ ကိလေသာ၏ကွာသဖြင့် အစ၌ကောင်းခြင်း, ဆုံးမတော်မူတိုင်း ကျင့်ကုန်သောသူတို့ချာန်, မဂ်, ဖိုလ်တို့၏ ချမ်းသာကိုရသဖြင့် အလယ်၌ကောင်းခြင်း၊ မဂ်, ဖိုလ်ကိုရရန် အနုပါဒိသေသနိဗ္ဗာန်၏ အဆုံး၌ ကောင်းခြင်းကိုလည်းကောင်း။

အလုံးစုံသော ပရိယတ္တိသာသနာဟူသော ဓမ္မသည် မိမိ၏အနက်ဖြစ်သော သီလဖြင့် "အစ၌ကောင်းခြင်း" အယုတ်တရားနှစ်ပါးသို့မကပ် မဇ္ဈိမပဋိပတ်မြတ်သော ဝိပဿနာဖြင့် ကိလေသာကုန်သော မဂ်–ထိုမဂ်ပယ်ခွာကိလေသာကို ထပ်ခါငြိမ်းစေသော ဖလသမာဓိအကျိုး မြတ်နိုးနှစ်သက်ဖွယ်တို့ဖြင့် "အလယ်၌ကောင်းခြင်း" အကြောင်းတရားလေးပါး ပေါင်းစု၍ မပြုမပြင်သောအဖြစ်=မြဲပင်အနေမသေသောအဖြစ်=ကိလေသာ,

ကမ္မ, ဝိပါကဟု ဝဋ်သုံးမည်လည်းသည် အစဉ်အယဉ်ထန့်ပြင်း လွတ်ကင်းသောအဖြစ်=နာမ, ရူပသဏ္ဌာန်ဖြင့်ဆုံးမ၍ ထင်ရှား မရှိသောအဖြစ်=ရာဂ, ဒေါသ, မောဟတောက်ထိန်ပူရှိန်း ငြိမ်း သည်ဖြစ်၍ ချမ်းမြေ့သောအဖြစ်=ရာဂ, ဒေါသ,မောဟများစွာ ကိလေသာမြူမှေးညစ်တြေးမတင် စင်ကြယ်သော အဖြစ်=အပါယ် လေးပါးမလားမငြိ ဇာတိ, ဇရာ ဗျာဓိ, မရဏ ဒုက္ခကင်းဝေး ဘေးရန်မရှိသောအဖြစ် အစရှိသည်တို့ဖြင့် ပကတိငြိမ်းချမ်းခြင်း သဘောရှိသော အနုတ္တရဓမ္မဟိုဆိုအပ်သော ဝိမုတ္တိရသနိဗ္ဗာန်၏ "အဆုံး၌ကောင်းခြင်း"ကို လည်းကောင်း။

ဤသို့လျှင် အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းတို့ဖြင့် သွတ်သွင်းရအောင် ဆောင်အပ်သောပုဒ်၏ မရှိခြင်းကြောင့် အလုံးစုံပြည့်စုံခြင်း တင်းတင်းပိုပိုနှုတ်လိုစဖွယ် ပယ်အပ်သောပုဒ်၏မရှိခြင်းကြောင့် သန့်ရှင်းတင့်တယ် စင်ကြယ် သော အဖြစ်တို့ဖြင့်သာလျှင် ကောင်းစွာဟောတော်မူသည်၏ အဖြစ်ကြောင့် သွာက္ခာတမည်တော်မူ၏။

(၂) သန္ဒိဋ္ဌိကော–ထင်ရှားရှိသောမိမိသန္တာန်၌ ပူပန်နှိပ်စက် တတ်သောရာဂ, ဒေါသ, မောဟများစွာ ကိလေသာကို ပယ်ခွာဆေးလျှော်သဖြင့် ကျင့်ကုန်သော သူတော်ကောင်းတို့သာ ကောင်းစွာမြင်အပ်သော မဂ်တရားသည်လည်းကောင်း, ပွားများ လေ့လာ ကောင်းစွာကျင့်သည်ဖြစ်၍ မဂ်, ဖိုလ် ရကုန်သော အရိယာသူတော် ကောင်းတို့သာလျှင် ပစ္စဝေက္ခဏာ မှန်သော

သိခြင်းဖြင့် မိမိတို့ထင်မြင်ခြင်းငှာ ထိုက်သော လောကုတ္တရာ တရားကိုးပါးတို့သည်လည်းကောင်း=ကိုယ်တိုင်သိမြင် ဆင်ခြင် ထိုက်သော လောကုတ္တရာတရား ကိုးပါးသည် ချီးမွမ်းအပ်သော မဂ်ပညာဖြင့် ကိလေသာကို အောင်တတ်သောကြောင့် လည်း ကောင်း=မဂ်, ဖိုလ်နိဗ္ဗာန်၊ ဆယ်တန် ပရိယတ်တရားမြတ်သည် ဥပါဒ်, ဌီ, ဘင် စိတ်အစဉ်ဖြင့် ဆင်ခြင်ခြင်းငှာထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း သန္ဒိဋ္ဌိက မည်တော်မူ၏။

(၃) အကာလိကော-ပုညကြိယ ဒါန စသည်များလုစွာဘိ ဝင့်ဦးငြိသောနိဿိတ, အနိဿိတ ကုသိုလ်တရားသည် များသော ဘဝပရံပရ ကာလရှည်ကြာ အခါလေးမြင့်ငံ့လင့်၍ အကျိုး ပေးခြင်းသဘောရှိသော ကာလိကမည်သော လောကီ ကုသိုလ်မှ တစ်ပါး ထင်ရှားမတည် တာရှည်မခံ မြန်မြန်ထက်ထက် တစ်ချက်သော စိတ္တက္ခဏဖြင့် ဘဝသုံးမည်လှည့်လည်စေတတ် ရဟာတ်ပမာ အဝိဇ္ဇာနှင့် တဏှာမူလ သခ်ါရဟူဟု တကွရောယှက် ခန္ဓာစက်ဖြင့် ပျက်ခြင်းသဘောရှိသော မဂ်ဇောကုသိုလ် ဖိုလ် ဟူသော အကျိုးနှင့်စပ်လျက် ဥပါဒ်, ဌီ, ဘင် ဘဝင်ခဏကာလ အခြားမရှိသောကြောင့် အကာလိကမည်တော်မူ၏။

(၄) ဧဟိပဿိကော-လောကုတ္တရာကိုးပါးတရား ဓမ္မ သဘာဝ သည် ကိစ္စလက္ခဏာအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ မြူညစ်မတင် သန့်ရှင်းစင်သော ကောင်းကင်ပြင်ဝယ် တင့်တယ် ပြောင်ဝင်း ထွန်းလင်းပြည့်ထ ချမ်းအေးမြသည့် လ၏အသွင်ကဲ့သို့

လည်းကောင်း=ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဝယ် ကောင်းစွာ ထားအပ်သော ပတ္တမြားစစ်သည် အပြစ်မရှိ ပကတိ စင်ကြယ် သကဲ့သို့လည်းကောင်း= ဤသို့ ထင်ရှားသော အဖြစ်တို့ သာလျှင် လာလှည့်ရှုလှည့်ဟူသော အစီအရင်ကို ထိုက်သော ကြောင့်လည်းကောင်း ဧဟိပဿိကမည်တော်မူ၏။

(၅)ဩပနေယျိကော–ဦးခေါင်း, ကိုယ်ပါတန်းဆာမည်မှတ် အဝတ်ပုဆိုးတို့ကို အခိုးပြင်းထန်အလျှံ ပြောင်ပြောင်မီးလောင် စေကာမူ လျစ်လျူရှုလျက်ငဲ့ကွက်မရှိ မိမိစိတ်တွင် ကြည်လင် မပြတ်ပွားစေတတ်သဖြင့် ကပ်၍ဆောင်ခြင်းငှာထိုက်သော ပုဂ္ဂိုလ်တို့၏ မဂ်, ဖိုလ်ရှစ်ပါးတရားအပေါင်းသည်လည်းကောင်း ထင်ရှားရှိသော မိမိစိတ်ဖြင့် သင့်တင့်လျောက်ပတ် ကပ်၍ဆောင် ခြင်းငှာထိုက်သော အမြိုက်မည်မှန် နိဗ္ဗာန်တရားသည် လည်းကောင်း ရာဂ, ဒေါသ, မောဟမြစ်မှာ ကိလေသာကို စင်ကွာမကပ် အမြတ်လေးဖြာ မဂ်ပညာသည် ချမ်းသာကေန် ငြိမ်းရာမှန်သော နိဗ္ဗာန်သို့ဆောင် တတ်သောကြောင့် လည်းကောင်း ဖိုလ်လေးတန်နှင့် နိဗ္ဗာန်တရားသည် မမှား မဖောက် စဉ်တစ်လျှောက်ဖြင့် မျက်မှောက်ပြုအပ်သည်၏ အဖြစ်သို့ ဆောင်တတ်သောကြောင့်လည်းကောင်း ဩပနေယျိက မည်တော်မူ၏။

(၆) ပစ္စတ္တံ–အကြင်လောကုတ္တရာတရားကိုးပါးကို၊ ဝိညူဟိ–အက္ခရာပဒ အကျဉ်းသာပြ၍ မိန့်ဟမြွက်ဆိုလျှင် မဂ်,

ဖိုလ်ကိုသိသော "ဉဃာဋိတညုပုဂ္ဂိုလ်" အနက်ကိုပြသော ဗျဉ္ဇနအာကာရဖြင့် ဝေဖန်လျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုသိသော "ဝိပဉ္စိတညုပုဂ္ဂိုလ်" ထုတ်ဆိုသည့်ဝိဂြိုလ်, နိရုတ္တိ မငြိမတွယ် သိမြင်ဖွယ်ဖြင့် အကျယ်ပြသောနိဒ္ဒေသ- နယများမြောင် အသင့်ဆောင်မှ မိုက်မှောင်လွင့်ရှား တရားကိုသိကြသော "နေယျပုဂ္ဂိုလ်" တို့သည်။ ပစ္စုပ္ပန်ဝေဒိတဗ္ဗော-အသီးအသီး ကပ်နီးထပ်ရှိ မိမိစိတ်၌ နှစ်ခြိုက်ဖန်များ ခံစားအပ်သောကြောင့် ပစ္စတ္တံဝေ ဒိတဗ္ဗောဝိညူဟိ မည်တော်မူ၏။

ဣတိ-ဤသို့၊ ဆဂုဏာသဟိတံ-၆ပါးသော ဂုဏ်နှင့်တကွဖြစ်တော်မူလသော၊ ဇိနေန သေဝိတံ-မြတ်စွာဘုရားတို့သည် မပြတ်မှီဝဲတော်မူအပ်သော၊ တိဝိဓဗောဓိဒါတံ-သုံးပါးသော ဗောဓိဆုကိုပေးတတ်သော၊ သဒ္ဓမ္မံ-ဆယ်ပါးသောတရားတော်မြတ်ကို၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ အာဒရံ-ရိုသေစွာ၊ နမာမိ- သုံးတန်စေတနာသုံးဖြာ ၌ါရ ပဏာမဖြင့် ကြည်စွသဒ္ဒါ ရှိခိုးပါ၏ဘုရား။

# ကိုးကွယ်ပူဇော်မြတ်တရားဂုဏ်တော်



# ကိုးကွယ်ပူဇော် – မြတ်သံဃာဂုဏ်တော်

## ၁။ သုပ္ပဋိပန္နဂုဏ်တော်ဖွင့်

၁။ ဘုရားဟောလာ၊ မြတ်ဓမ္မာ၊ ကောင်းစွာကျင့်သော သံဃာတော်။

၂။ ကိလေကင်းကြောင်း၊ အကျင့်ကောင်း၊ မဂ်ကောင်းကောင်း စွာကျင့်သော သံဃာတော်။

၃။ သုပ္ပဋိပန္န၊ မည်တော်ရ၊ သံဃာ့မြတ်ဂုဏ်တော်။

## သုပ္ပဋိပန္နဂုဏ်တော်ဆိုတာ

ဒီနေ့ဘုန်းကြီးဟောကြားမည့် တရားတော်ကတော့ သံဃာ့ဂုဏ်တော် ၉–ပါးထဲက ပထမဆုံးဂုဏ်တော်ဖြစ်တဲ့ "သုပ္ပဋိပန္နဂုဏ်တရားတော် ဖြစ်ပါတယ်။

## သုပ္ပဋိပန္န ဝိဂြိုဟ်

သု = ကောင်းစွာ၊ ပဋိပန္န = ကျင့်သောပုဂ္ဂိုလ်၊ သုပဋိပန္န–ကောင်းစွာကျင့်သောပုဂ္ဂိုလ်–လို့ ဆိုပါတယ်။

သုဋ္ဌုပဋိပန္နာတိ သုပ္ပဋိပန္နာ

သုဋ္ဌု–ကောင်းစွာ၊ ပဋိပန္နာ–ကျင့်ဆဲဖြစ်ကြကုန်၏၊ ဣတိ တသ္မာ–ထို့ကြောင့်၊ သုပ္ပဋိပန္နာ–သုပ္ပဋိပန္န–မည်ကုန်၏။

သုဋ္ဌုပဋိပန္နတ္တာတိ သုပ္ပဋိပန္နော။

သုဋ္ဌု–ကောင်းစွာ၊ ပဋိပန္နတ္တ–ကျင့်ခြင်းကိစ္စပြီးစီးလေပြီ၊ ဣတိတသ္မာ–တို့ကြောင့်၊ သုပ္ပဋိပန္နော–သုပ္ပဋိပန္န–မည်၏။

ဤဝိဂြိုဟ်များအရ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၄–ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်၊ နှစ်ရပ်ပေါင်း အရိယာရှစ်ယောက်ဟာ ကောင်းစွာ ကျင့်ဆဲ ကျင့်ပြီး ဖြစ်သောကြောင့် သုပ္ပဋိပန္န–မည်တော်မူပါတယ်။

## သုပ္ပဋိပန္န ပုဂ္ဂိုလ်ဆိုတာ

သု–ကောင်းစွာ၊ ပဋိပန္န–ကျင့်သောပုဂ္ဂိုလ်–လို့ ဆိုလိုတယ်၊ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုရင် မြတ်ဘုရား ဟောကြားတဲ့တရားတော်များကို ကျင့်ဆဲကျင့်ပြီး အရိယာပုဂ္ဂိုလ်ရှစ်မျိုးနှင့် အရိယာဖြစ်ကြောင်း လောဘ, ဒေါသ, မောဟ ကိလေသာကင်းကြောင်း အကျင့်ကောင်းများကို ကျင့်နေတဲ့ သမ္မုတိသံဃာပုဂ္ဂိုလ်မျိုးကို ဆိုလိုပါတယ်။

## သုပ္ပဋိပန္န သံဃာဆိုတာ

သုပ္ပဋိပန္နသံဃာဆိုတာ ဘုရားဟောပြတဲ့ လောဘ, ဒေါသ, မောဟကင်းကြောင်းတရားတော် အကျင့်ကောင်းကို ကောင်းစွာ ကျင့်တော်မူတဲ့ ပုဂ္ဂိုလ်အပေါင်းဖြစ်ပါတယ်၊ ပါဠိလို သုပ္ပဋိပန္နသံဃာပင်ဖြစ်ပါတယ်။

## မဟာစည်တရားဂုဏ်တော်ဖွင့်

ဒီအဓိပ္ပါယ်အားလုံးကို ခြုံမိအောင်ရေးထားတဲ့ မဟာစည် တရားဂုဏ်တော်ဖွင့် ဘုရားရှိခိုးစာအုပ်တွင် -

"ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကသံဃော- တပည့်သားသံဃာတော်သည်၊ သုပ္ပဋိပန္နော- လောဘ, ဒေါသ, မောဟကင်းကြောင်း သီလ သမာဓိ ပညာအကျင့်ကောင်းကို ကောင်းစွာ ကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။" လို့ ဆိုထားပါတယ်။

## သုပ္ပဋိပန္နဂုဏ်

မြတ်ဘုရားဟောတော်မူတိုင်းပင် မချွတ်မယွင်းရအောင် လုံ့လ ဝီရိယကြီးမားစွာနဲ့ ကောင်းစွာကျင့်တော်မူတတ်သော ကြောင့် သံဃာတော်များဟာ သုပ္ပဋိပန္နဂုဏ်ရှိတော်မူကြပါတယ်။

ဆရာဖြစ်တော်မူတဲ့ မြတ်ဘုရားက အခြေခံအကျင့် စရဏ နှင့် အသိဉာဏ် ဝိဇ္ဇာပြည့်စုံတော်မူတဲ့ ဝိဇ္ဇာစရဏ ဂုဏ်ရှင် ဖြစ်တော်မူတာကြောင့် တပည့်သားသံဃာတော်များကလဲ ထိုဘုရားအဆုံးအမကို လိုက်နာကျင့်သုံးကြရတယ်။

ဒီတော့ မြတ်ဘုရားရှင်ရဲ့ တပည့်သားသံဃာတော်များ ဟာ အခြေခံအကျင့်စရဏကို ကျင့်သောကြောင့် အသိဉာဏ် ဝိဇ္ဇာဉာဏ်များကို ရရှိတော်မူကြတဲ့ သံဃာတော်များဖြစ်ကြတယ်။

ဆရာကောင်းဘုရားတပည့်သားသံဃာတော်များဟာ အာသဝေါကင်းကွာ ရဟန္တာဖြစ်ရေးကို လိုလားတောင့်တကြတာ

ကြောင့် မအိုခင်–မနာခင်–မသေခင်တွင် အခြေခံအကျင့်တရားများကို အထူးကြိုးစားအားထုတ်ကြတယ်။

ဒီအကြောင်းနှင့်စပ်ပြီး မြတ်ဘုရားက အင်္ဂုတ္တိုရ်ပါဠိတော် ပဥ္စကနိပါတ်တွင် ဒီလိုဟောကြားထားတော်မူပါတယ်။

မိဖက် ဖဖက် နှစ်ဖက်လုံး ဆွေခုနှစ်ဆက် တိုင်အောင် စင်ကြယ်သန့်ရှင်းတဲ့ အမျိုးဇာတ်ရှိခြင်း, အဆင်းလှခြင်း, မယ်တော် ခမည်းတော်များရဲ့ ချစ်မြတ်နိုးခံရခြင်း, နိဂုံးဇနပုဒ်သားများရဲ့ ချစ်မြတ်နိုးခြင်းခံရခြင်း, ဘုရင်မင်းတို့ တတ်သင့်တတ်ထိုက်တဲ့ အတတ်မျိုးများကို အပြည့်အစုံတတ်မြောက်ခြင်းဆိုတဲ့ ဒီအင်္ဂါ ငါးပါးနှင့် ပြည့်စုံတဲ့မင်းရဲ့သားကြီးဟာ မင်းအဖြစ်ကို တောင့်တ သလိုပင် မြတ်ဘုရားရှင်ရဲ့ မဂ်ဉာဏ်ကို ယုံကြည်တဲ့ သဒ္ဓါတရားရှိခြင်း, အနာရောဂါကင်းရှင်းပြီး အညီအမျှ ကျေညက်တဲ့ပါစက ဝမ်းမီးရှိခြင်း, ကောက်ကျစ်စဉ်းလဲ လှည့်ဖြားမှုမရှိဘဲ မိမိရဲ့အဖြစ်မှန်ကို ဖော်ပြတတ်ခြင်း, ကုသိုလ်တရားတော်များ၌ တာဝန်ပေါ့ ပြင်းထန်တဲ့ လုံ့လဝီရိယရှိခြင်း သစ္စာလေးပါးကို ထွင်းဖောက်ထိရောက်နိုင်တဲ့ ဖြစ်ပျက်ခြင်းပညာနှင့် ပြည့်စုံခြင်းဆိုတဲ့ ဒီတရား ငါးပါးပြည့်စုံတဲ့ ရဟန်းဟာ အာသဝေါကင်းကွာ ရဟန္တာအဖြစ်ကို တောင့်တလိုလားတယ်။ (အံ–၂–၁၃၄)

## မြတ်ဘုရားအမိန့်ကို လိုက်နာကြတယ်

ဒါလို အခြေခံ သီလအကျင့်စရဏကောင်းလှတာကြောင့်ပင် ဘုရားတပည့်သံဃာတော်များဟာ မြတ်ဘုရားက "ဒီအမှု

မအပ်ဘူး`မပြုလုပ်ရ၊ ဒီအမှုကို မုချပြုလုပ်မယ်၊ ကောင်းတယ်”လို့ မိန့်ကြားထားရင် အသက်စွန့်လျက် စောင့်ရှောက် ပြုလုပ်ကြပုံမှာ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ဖြစ်ပါတယ်၊ သမာဓိ, ပညာပိုင်းအကျင့်များ၌လဲ ထိုနည်းငှင်းပင်ဖြစ်ပါတယ်။

မြတ်ဘုရားကိုယ်တော်တိုင် အခြေခံအကျင့်စရဏဖြင့် ကျင့်ကြံကြိုးစားအားထုတ်ထား၍ ရရှိတော်မူထားတဲ့ မဂ်ဖိုလ်နိဗ္ဗာန်အမွေစစ်အမွေမှန်တရားများဟာ ယောကျ်ားတို့ စွမ်းအားလုံ့လဝီရိယဖြင့်သာ ရနိုင်တဲ့တရားများဖြစ်တယ်၊ နည်းနည်းပါးပါး စွမ်းအား လုံ့လလောက်နဲ့တော့ မရနိုင်ဘူး။

“အရေအကြော အရိုးသာကျန်ပါစေ, အသွေးအသားအားလုံးခန်းခြောက်ပါစေ, အသက်ပင်သေချင်သေသွားပါစေ, ကြိုးစားအားထုတ်ရမည်”လို့ ဘုရားမြတ်က အမိန့်ရှိတော်မူရင် ထိုအမိန့်တော်အတိုင်းပင် အသွေးအသားခန်းခြောက်ပိန်ချုံးရုံမျှမက အသက်ပါစွန့်ရသည်အထိ ကျင့်စွမ်းနိုင်တဲ့ သတ္တိရှိသူ ယောကျ်ားအာဇာနည်ကောင်း ပီသတော်မူကြပါတယ်။

အရိယာမဖြစ်မီကပင် ဒါလောက်တောင် စင်ကြယ်သန့်ရှင်း အပြစ်ကင်းအောင် အကောင်းဆုံးကျင့်ကြတဲ့ ထိုအရိယာအရှင်များမှာ ကိလေသာကင်းစင် အလွန်ပင် သန့်ရှင်းသူ အရိယာအဖြစ်သို့ ရောက်တဲ့အခါမှာဆိုရင် ဆိုဖွယ်ရာမရှိ အကောင်းအတိသာ ဖြစ်ကြပါတယ်။

## ကောင်းခြင်းသုံးစုံ သုပ္ပဋိပန္နဂုဏ်

ဤဗုဒ္ဓမြတ်စွာ သာသနာ၌ ဘုရားကလဲကိုယ်တိုင်ကျင့်ပြီး ကိုယ်တိုင်သိလာခဲ့သူဖြစ်တာကြောင့် အလွန်ကောင်းမြတ်တဲ့ ဘုရားစစ် ဘုရားမှန် သု–ဗုဒ္ဓ၊ တရားကလဲဘုရားကိုယ်တော်တိုင်တွေ့ လက်တွေ့အရ ဟောပြထားခဲ့တာကြောင့်၊ အလွန်ကောင်းမြတ်တဲ့ တရားစစ်တရားမှန် သု–ဓမ္မ၊ သံဃာကလဲဘုရားမြတ်အစစ်ရဲ့ တပည့်သားဖြစ်ပြီး– မြတ်ဘုရား စစ်ရဲ့တရားမှန်ကို အမွေဆက်ခံ ကျင့်သုံးလျက်ရှိကြတာကြောင့် အလွန်ကောင်းမြတ်တဲ့ သု–သံဃာများသာ ဖြစ်တော်မူကြပါတယ်၊ ဒါကြောင့် ကောင်းခြင်းသုံးဖြာပြည့်စုံသော ရတနာမြတ်သုံးပါးဖြစ်ပါတယ်။

## ရတနာသုံးစုံ ကောင်းသုံးဂုဏ် ရှစ်လုံးဖွဲ့

ကိုယ်တိုင်ကျင့်ရှိ မှန်သိမြတ်စွာ၊
ဘုရားစစ်ဟော ကောင်းသောဓမ္မာ။
ကျင့်ကောင်းကျင့်ရ ကောင်းလှသံဃာ၊
ကောင်းသုံးရှိ သုပ္ပဋိပန္နာ။

## မိတ်ဆွေကောင်းလိုကျင့်သော သံဃာ

မြတ်ဘုရားရှင်က "အာနန္ဒာ၊ ငါဘုရားကို မိတ်ဆွေအဖြစ် မျိုးဖြင့်ကျင့်ကြ၊ ရန်သူအဖြစ်မျိုးဖြင့် မကျင့်ကြလင့်၊ အဲဒါလို ရန်သူလိုမကျင့်ဘဲ မိတ်ဆွေလိုကျင့်ခြင်းဟာ သင်တို့အား

ကာလကြာမြင့်စွာ အကျိုးစီးပွားရရေး ချမ်းသာရေးအတွက် ဖြစ်လိမ့်မယ်”လို့ အရှင်အာနန္ဒာအား မိန့်တော်မူပြီးနောက် ရန်သူလိုကျင့်သူ မိတ်ဆွေလိုကျင့်သူများကို ခွဲခြား ဟောတော်မူပါတယ်။

လိုရင်းအဓိပ္ပါယ်အချုပ်ကတော့ ဘုရားမြတ်က “ဒီတရားဟာ သင်တို့အတွက် စီးပွားချမ်းသာရေးဖြစ်တယ်” လို့ ညွှန်ကြားတော်မူလျှင် ကောင်းစွာနားမထောင်ဘဲ မကျင့်သူဟာ ဘုရားမြတ်အပေါ်၌ ရန်သူလိုကျင့်ကြဲသူဖြစ်ပြီး ကောင်းစွာနားထောင်လျက် အမိန့်တော်အတိုင်း လိုက်နာကျင့်ကြဲသူဟာ ဘုရားမြတ်အပေါ်၌ မိတ်ဆွေလို ကျင့်ကြတဲ့ တပည့်ကောင်းများ ဖြစ်ကြတယ်။ (ဥပရိပဏ္ဏာသ မဟာသုညတသုတ် ၁၅၈)။

ဤမြတ်ဘုရားတပည့်သား သံဃာတော်များဟာ မြတ်ဘုရားအပေါ်၌ မိတ်ဆွေလို ကျင့်ကြတဲ့ တပည့်ကောင်းများ ဖြစ်ကြတာကြောင့် မကောင်းစွာကျင့်သူ ဒုပ္ပဋိပန္န-ရယ်လို့ အဘယ်မှာ ရှိပါမည်လဲ၊ သံဃာအားလုံးမြတ်ဘုရားအမိန့်တော်ကို မသွေမဖီဘဲ အမိန့်တော်နှင့် တစ်ညီတည်းကျင့်ကြတဲ့ သုပ္ပဋိပန္န-အကောင်းဆုံးကျင့်သူများသာ ဖြစ်ကြပါတယ်။

## အရှင်သာရိပုတ္တရာရဲ့ကောင်းစွာကျင့်ခဲ့ပုံ သုပ္ပဋိပန္နဂုဏ်

ဒီနေရာတွင် မြတ်ဘုရားရှင်ရဲ့ လက်ယာတော်ရံအဂ္ဂသာဝက ပညာတေဒဂ်ရ အရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့ ဘုရားမြတ်

စကားကို အသက်ပေးပြီး လိုက်နာကာ ကောင်းစွာကျင့်ခဲ့ပုံကို သိသာရုံမျှ တင်ပြပါဦးမယ်။

ယခုခေတ်လိုပင် ရှေးဘုရားရှင်လက်ထက်တော်၌လဲ ဓမ္မာရုံများတွင် စေတနာရှင် ဝေယျာဝစ္စအဖွဲ့များက အစားအသောက် စတုဒ္ဒိသာ ကျွေးကြတယ်။

အချို့ရဟန်းတော်များဟာ အခြားတစ်ပါးသို့ ဆွမ်းခံမကြွကြတော့ဘဲ နေ့တိုင်းပင် ထိုစတုဒ္ဒိသာဓမ္မာရုံသို့သွားပြီး ဆွမ်းစားကြတော့၊ လူအများသဒ္ဓါပျက်လျက် ကဲ့ရဲ့ကြတယ်။

ဒါကြောင့်မြတ်ဘုရားက "ယနေ့မှစပြီး စတုဒ္ဒိသာမဏ္ဍပ်တွင် ရဟန်းများဟာ တစ်ကြိမ်သာ ဘုဉ်းပေးကြရမယ်"လို့ သိက္ခာပုဒ်ပညတ်တော်မူပါတယ်။

တစ်နေ့သ၌ အရှင်သာရိပုတ္တရာ အရှင်မြတ်ဟာ ခရီးသွားရင်း ထိုစတုဒ္ဒိသာမဏ္ဍပ်၌ မကျန်းမမာဖြစ်နေပါတယ်၊ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ ထိုစတုဒ္ဒိသာမဏ္ဍပ်ဓမ္မာရုံ၌ ဒါယကာများ ကပ်လှူသောဆွမ်းကို တစ်ရက်သာဘုဉ်းပေးတော်မူပြီး၊ နောက်ရက်များတွင် မြတ်ဘုရားရဲ့သိက္ခာပုဒ်ပညတ်ချက်ကို လိုက်နာသဖြင့် ဆွမ်းဘုဉ်းပေးတော်မမူပါ။

မထေရ်မြတ်ဟာ မကျန်းမမာ ဂိလာနဖြစ်နေသဖြင့် တစ်ခြားသို့လဲ ဆွမ်းခံမကြွနိုင်ပါ၊ ဒါကြောင့် ဆွမ်းအငတ်ခံတော်မူပါတယ်။

ဒီအကြောင်းကို မြတ်ဘုရားကြားသိတော်မူတော့ "မကျန်းမမာတဲ့ ဂိလာနရဟန်းဆိုရင် စတုဒ္ဒိသာမဏ္ဍပ်၌ နေ့စဉ်ရက်ဆက်

ဆွမ်းဘုဉ်းပေးနိုင်တယ်”လို့ နောက်ထပ်ခွင့်ပြုချက် သိက္ခာပုဒ်ကို ဟောမိန့်ပညတ်တော်မူပါတယ်။

ဒါလိုပင် ဘုရားသားတော် ပုဂ္ဂိုလ်ကျော်သံဃာများဟာ မြတ်ဘုရားအမိန့်တော်ကို နာခံလျက် ကောင်းစွာကျင့်တော်မူကြပါတယ်။

## ဘုရားကိုယ်စား တရားကျင့်ပွား ဟောကြားခဲ့ကြပုံ သုပ္ပဋိပန္နဂုဏ်

မြတ်စွာဘုရားရဲ့ တပည့်သားသံဃာတော်များဟာ “ဓမ္မဒါယာဒါ ဘိက္ခဝေ ဘဝထ မာအာမိသ ဒါယာဒါ– ငါ၏ချစ်သားရဟန်းများတို့၊ သင်တို့သည် ငါဘုရား၏ တရားအမွေခံသာ ဖြစ်ကုန်လော့၊ ပစ္စည်းအာမိသအမွေခံမျှသာ မဖြစ်ကြကုန်လင့်” ဆိုတဲ့ (ဓမ္မဒါယာဒသုတ်လာ) မိန့်ကြားချက်ကိုလဲ ကောင်းစွာ လိုက်နာကျင့်သုံးတော်မူကြပါတယ်။

“ယော ခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ခေါ မမစ္စယေန သတ္ထာ– အာနန္ဒာ၊ ငါဘုရားသည် သင်တို့အား သုတ်အဘိဓမ္မာတရားတို့ကိုလည်း ဟောကြားခဲ့ပြီ၊ ဝိနည်းတရားကိုလည်း ပညတ်ခဲ့ပြီ၊ ငါဘုရား ဟောကြားခဲ့ပြီးသော ထိုတရားတော်များသည် ငါဘုရားမရှိသည့်နောက် ငါဘုရား၏ကိုယ်စား သင်တို့ကို ဟောကြားဆုံးမရစ်လိမ့်မည်”ဆိုတဲ့ (မဟာပရိနိဗ္ဗာနသုတ်လာ) မိန့်ကြားချက်ကိုလဲ ကောင်းစွာ လိုက်နာကျင့်သုံးကြပါတယ်။

မြတ်ဘုရားရဲ့တပည့်သား သံဃာတော်များဟာ မြတ်ဘုရား သက်တော်ထင်ရှားရှိစဉ်ကလဲ တရားအမွေခံအဖြစ် ကိုယ်တိုင် ကျင့်ပွားဟောကြားလိုက်နာခဲ့ကြသလို မြတ်ဘုရားပရိနိဗ္ဗာန်စံပြီး နောက်လဲ ယနေ့အထိ တရားအမွေခံအဖြစ် ကိုယ်တိုင်ကျင့်ပွား ဟောကြားလိုက်နာတော်မူလျက် ရှိကြပါတယ်။

သာဓကအားဖြင့် မြတ်ဘုရားရှင်ရဲ့ ပထမဝါကျွတ်စ- သာသနာခေတ်ဦးက ရဟန္တာရဟန်းတော် ခြောက်ကျိပ်တို့ဟာ ခရီးတစ်ကြောင်းလျှင် တစ်ပါးစီကြွပြီး တရားဟောထွက်ကာ တရားအမွေခံ သာသနာပြုတော်မူခဲ့ကြတယ်။

မြတ်ဘုရားပရိနိဗ္ဗာန်စံပြီးနောက် အရှင်မဟာကဿပအစ ရှိတဲ့ ဘုရားသားကျော် သံဃာတော်များဟာ ဗုဒ္ဓသာသနာတော် တရားအမွေများ မပျောက်ကွယ်ရအောင် အစဉ်အဆက်အားဖြင့် သင်္ဂါယနာခြောက်ကြိမ်တင်ပြီး ကိုယ်တိုင် ဆောင်ထားကျင့်ပွား ပြီး ဒကာဒကာမများအားလဲ ဟောကြားပြသ သာသနာပြုတော် မူခဲ့ကြပါတယ်၊ သာသနာပြုတော်မူလျက်ရှိကြပါတယ်။

ယနေ့မျက်မှောက်ကမ္ဘာလူသားများ ဗုဒ္ဓအဆုံးအမသာသနာ ဓမ္မများကို နာကြားကျင့်ပွားခွင့် ရနေကြတာဟာ မြတ်ဘုရား သားကျော် သံဃာတော်များရဲ့ ကျေးဇူးကြောင့် ဖြစ်ပါတယ်။

တတိယသင်္ဂါယနာခေတ်က သီရိဓမ္မာသောကမင်းကြီးရဲ့ အကူအညီဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိတဲ့

သံဃာတော်များဟာ ကိုးတိုင်းကိုးဌာနသို့ သာသနပြုကြွပြီး တော့လဲ တရားအမွေခံအဖြစ် ကောင်းစွာ ကျင့်တော်မူခဲ့ကြပုံ ဟာ ထင်ရှားတဲ့ သာဓကတစ်ရပ်ဖြစ်ပါတယ်။

ထိုဘုရားသားကျော် သံဃာတော်များရဲ့ တရားအမွေခံ အဖြစ် သာသနာတော်ကို စောင့်ရှောက်ခဲ့ကြပုံများတွင် ဒီနေရာ၌ စတုတ္ထသင်္ဂါယနာခေတ်က သံဃာတော်များ တရားတော်အမွေ ခံ စောင့်ရှောက်ခဲ့ကြပုံကို သာဓကအဖြစ် တင်ပြလိုပါသေးတယ်။

## စတုတ္ထသင်္ဂါယနာခေတ် သီဟိုဠ်သံဃာတော်များ၏ ကောင်းစွာ ကျင့်ပုံ သုပ္ပဋိပန္နဂုဏ်

သီဟိုဠ်နိုင်ငံ ဝဋ္ဋဂါမဏိမင်းဟာ သာသနာတော် ၄၄၀- ပြည့်နှစ်၌ နန်းတက်ခဲ့ပါတယ်။

ငါးလရှိတဲ့အခါ စောဠတိုင်းသား ကျေးကုလားများနှင့် ဗြာဟ္မဏတိဿပုန်ကန်မှုကြီး ပေါ်ပေါက်ခဲ့ပါတယ်။

ထိုစဉ်က သီဟိုဠ်နိုင်ငံဟာ တိုက်ပွဲပေါင်းများစွာကို ကြုံတွေ့ ခဲ့ရတယ်၊ သီဟိုဠ်မြေဟာ သွေးစွန်းခဲ့ရတယ်၊ ပြည်သူများဟာ လယ်ယာလုပ်ငန်းခွင်ကို စွန့်ပြီး တောသို့ ပုန်းရှောင်ကြရတယ်၊ စားနပ်ရိက္ခာပြတ်ပြီး ပြည်သူများ ငတ်မွတ်ခဲ့ကြတယ်၊ အဲဒီ တုန်းက ပြည်တွင်း စစ်အမှောင်ကာလဟာ ၁၅-နှစ်ကြာခဲ့တယ်။

အဲဒါလို အမှောင်ခေတ်အတွင်းဝယ် ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များဟာ အစာရေစာပြတ်ပြီး အငတ်ကြီး

တော်ခဲ့ကြတယ်၊ ဗုဒ္ဓသာသနာတော် ပျောက်ပျက်မသွားရန် ပိဋကစာပေများကို အသက်နဲ့ရင်းပြီး စောင့်ထိန်းကြရရှာတယ်၊ အချို့သာသနာ့ဝန်ထမ်း ရှင်ရဟန်းသံဃာတော်များဟာ သမုဒ္ဒရာကို ဖြတ်ကူပြီး ဇမ္ဗူဒိပ်ဘက်သို့ကူးကာ တိမ်းရှောင်လျက် ဗုဒ္ဓသာသနာ့တာဝန်ကို ထမ်းရွက်တော်မူကြရတယ်။

အချို့သာသနာ့ဝန်ထမ်းရှင်ရဟန်းသံဃာတော်များကတော့ အကြောင်းအမျိုးမျိုးကြောင့် ဇမ္ဗူဒိပ်သို့ မတိမ်းရှောင် ဖြစ်ခဲ့ကြပါတယ်။

လူသတ်တိုက်ပွဲပေါင်းများစွာဖြင့် ဒုက္ခပင်လယ်ဝေနေတဲ့ သီဟိုဠ်မြေမှာ သာသနာတော်ရေစီးကြောင်း ပြတ်လုတဲတဲလေး ရှိစဉ်တွင် မပြတ်ရအောင် သာသနာ့ဝန်ထမ်းရှင်ရဟန်းများဟာ အသက်နှင့်လဲပြီး ဆောင်ရွက်တော်မူကြရပါတယ်။

စူဠသိဝထေရ်ဟာ စစ်မီးလျှံကြားမှ ဆွမ်းမဘုဉ်းပေးရလဲ သစ်ရွက်ကို ဘုဉ်းပေးပြီး သံယုတ္တနိကာယ်ကြီးကို နှုတ်ငုံဆောင်ခဲ့ပါတယ်။

ဣသိဒတ္တထေရ်နှင့် မဟာသောဏထေရ်တို့ဟာချင်ရွေးရွက်၊ ငှက်ပျောဖက်စတဲ့ သစ်ရွက်သစ်ဖု သစ်ဥများကို ဘုဉ်းပေးပြီး၊ သီဟိုဠ်မြေမှာ ပရိယတ်ပဋိပတ် မကွယ်ပျောက်ရအောင် စောင့်ရှောက်တော်မူခဲ့ကြပါတယ်။

သီဟိုဠ်မြေစစ်မီးလျှံကြားမှာ နိကြောဓသာမဏေရဲ့ ဆရာ အနာဂါမ်ပုဂ္ဂိုလ်ကြီးဟာ တော်ပြတ်ပြီး လူသားစားသူများရဲ့ သတ်ဖြတ်စားသောက်မှုကို ခံခဲ့ရတယ်။

နိဂြောဓသာမဏေဟာ ဒါလောက် ကြောက်မက်ထိတ်လန့် ဖွယ်ခေတ်ဆိုးကြီးမှာ ညဉ့်လုံးပေါက် ရွာရိပ်ကိုမမှီးဘဲ အရညကင် အကျင့်ပျက်မည်စိုးသောကြောင့် တောသို့ဝင်ပြီး အရဟတ်တက်ခဲ့ ရပါတယ်။

ဒါလိုဆရာစိုက်ပျိုးပေးတဲ့ သာသနာ့မျိုးစေ့ အောင်မြင်ခဲ့တဲ့ သာမဏေ နိဂြောဓဟာ နောင်အခါ တိပိဋကဓရဝတ္တဗ္ဗကနိဂြောဓ မထေရ်ရယ်လို့ ထင်ရှားလာခဲ့ပါတယ်။

စစ်မီးလျှံ ကင်းဝေးရာ ဇမ္ဗူဒိပ်ဘက်သို့ မကူးတော့ဘဲ သီဟိုဠ်မြေမှာပင် ဗုဒ္ဓသာသနာ မပျောက်အောင် စောင့်ရှောက် တော့မယ်လို့ သန္နိဋ္ဌာန်ချပြီး ဇမ္ဗူဒိပ်သို့ ဖြတ်ကူးရာဌာန ဇမ္ဗုကောလ သင်္ဘောဆိပ်မှ နောက်ဆုတ်ပြန်လာကြတဲ့ ရဟန်းတော်ခြောက်ကျိပ်တို့ဟာ မလယတော မြိုင်တွင်းမှာ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်များကို စားသုံးလျက် ပိဋကတော်စာပေများကို စုပေါင်း ရွတ်ဖတ်သရဇ္ဈာယ်နေတော်မူကြတယ်၊ အာဟာရမမျှတ သဖြင့် နွမ်းလျလျရှိတဲ့အခါ သဲပုံကြီး စုပုံပြီးတော့ အဲဒီသဲပုံကြီး၌ ဝိုင်းပတ်နေရာယူကာ ခေါင်းချင်းဆိုင်လျက် ပိဋကစာပေများကို မမေ့မပျောက်ရအောင် နှလုံးသွင်းနေတော်မူကြတယ်။

သာသနာတော်နှစ် ၄၅၅–ခုနှစ်တွင် ကျေးကုလားမင်းများရဲ့ ရန်ငြိမ်းပြီး ဝဋ္ဋဂါမဏီမင်းကြီးဟာ ဒုတိယအကြိမ် ထီးနန်းကို ပြန်ရတယ်။ ပြည်တွင်းစစ်မီးလျှံများငြိမ်းသဖြင့် ရဟန်းရှင်လူ ပြည်သူများဟာ မိမိတို့မြို့ရွာများသို့ ပြန်လာကြတယ်။

မလယတောရိပ်မှ မထေရ်ခြောက်ကျိပ်တို့နှင့် ဣသိဒတ္တ, မဟာသောဏ, နိဂြောဓစတဲ့ မထေရ်များဟာ သီဟိုဠ်ကျွန်းတောင်ပိုင်း ကာလကရွာမဏ္ဍလာရာမ–ကျောင်းတိုက်ကြီးသို့ ရှေးရှုကြွလာကြတယ်။

ကာလကရွာဟာအိမ်ခြေ ၇၀၀–ခန့်ရှိပြီး စစ်သား စစ်ဒဏ် အကော်အတန်ကင်းသဖြင့် စစ်ပြေးရဟန်းတော်များ စုဝေးရာဌာန ဖြစ်တယ်။

ဇမ္ဗူဒိပ်(အိန္ဒိယ)ဘက်ကူးသွားကြတဲ့မထေရ် ၇၀၀–ကျော်တို့လဲ သီဟိုဠ်သို့ပြန်ကြွလာကြတယ်၊ ထိုအထဲတွင် ဣသိဒတ္တ, မဟာသောဏထေရ်ရဲ့ တပည့်များလဲပါသဖြင့် မဟာသောဏထေရ်ကို စုံစမ်းပြီး ကာလကရွာသို့ပင် လိုက်လာကြတယ်။

စစ်မီးငြိမ်းလို့ မထေရ်များ စုဝေးမိကြတဲ့အခါ ပိဋကစာပေများကို တိုက်ဆိုင်ညှိနှိုင်းကြတယ်။ အက္ခရာတစ်လုံး တစ်ပုဒ် တစ်ပါဒမျှကွဲလွဲ ပျောက်ဆုံးမှားယွင်းမှု မရှိကြောင်း သိကြရလို့ ဝမ်းသာကြရတယ်။ ဒါပေမယ့် မဟာနိဒ္ဒေသ တစ်ကျမ်းလိုနေသေးတယ်။ ဒါကြောင့် မထေရ်များဟာ စိုးရိမ်ကြီးစွာဖြင့် စုံစမ်းမေးမြန်း ထောက်လှမ်းတော်မူကြတော့ ထိုကျမ်းကို ဆောင်ထားသူဟာ တစ်ပါးတည်းရှိပြီး ထိုမထေရ်ဟာ ဒုဿီလ ဖြစ်နေကြောင်းကို သိကြရတယ်။

အဲဒီအခါ မဟာတိပိဋကထေရ်ကြီးက မိမိတပည့်မဟာရက္ခိတထေရ်အား သွားရောက်သင်ကြားနိုင်းတယ်၊ မဟာတိပိ

ဌကထေရ်ကိုယ်တော်တိုင်လဲ လိုက်ပါပြီး စာကိုနာကြားတော်မူတယ်။

စစ်မီးလျှံကြောင့် သီဟိုဠ်နိုင်ငံဗုဒ္ဓသာသနာတော်တွင် ပိဋကစာပေများကို သင်ကြားမှု ချို့တဲ့ခဲ့ရတယ်၊ အယူအဆကွဲပြားမှုများလဲ ရှိလာကြတယ်၊ ဒီလိုနဲ့ဗုဒ္ဓသာသနာတော်တွင် အတွင်းရန် အပြင်ရန်များလဲ ရှိလာခဲ့ကြတယ်။

နောင်အခါကာလမှာ ထိုကဲ့သို့သော အန္တရာယ်များကြောင့် ပိဋကစာပေများ မပျောက်ပျက်ရန် သီဟိုဠ်ကျွန်း မလယဒေသအာလောကလိုဏ်ဂူတော်မှာ ရဟန်းသံဃာတော်များ စုပေါင်းပြီး စတုတ္ထသင်္ဂါယနာ ပေထက်အက္ခရာတင်တော်မူခဲ့ကြပါတယ်။

## ၂။ ဥဇုပ္ပဋိပန္န သံဃာဂုဏ်တော်ဖွင့်

၁။ လက်ဝဲလက်ယာ၊ စွန်းနှစ်ဖြာ၊ ပယ်ခွာလယ်လမ်း၊ ကျင့်တဲ့သံဃာတော်။

၂။ ကိုယ်နှုတ်စိတ်ထား၊ ကောက်သုံးပါး၊ ပယ်ရှား ဖြောင့်ဖြောင့် ကျင့်သောသံဃာတော်။

၃။ ဥဇုပ္ပဋိပန္န၊ မည်တော်ရ၊ သံဃာ့မြတ်ဂုဏ်တော်။

## ဥဇုပ္ပဋိပန္နဂုဏ်ဆိုတာ

ဒီနေ့ဘုန်းကြီးဟောကြားမည့်တရားတော်ကတော့ သံဃာ့ဂုဏ်တော် ၉–ပါးတွင် ဒုတိယဂုဏ်အဖြစ်ပါဝင်တဲ့ "ဥဇုပ္ပဋိပန္နဂုဏ်တော်ဖွင့်တရားတော်" ဖြစ်ပါတယ်။

## ဝိဂြိုဟ်

ဥဇုကံ ပဋိပန္နာတိ ဥဇုပ္ပဋိပန္နာ–ဥဇုကံ–ဖြောင့်ဖြောင့်မတ်မတ် တည်တံ့စွာ၊ ပဋိပန္နာ–ကျင့်တော်မူကြကုန်၏၊ ဣတိတသ္မာ–ထိုကြောင့် ဥဇုပ္ပဋိပန္နာ– ဥဇုပဋိပန္နမည်ကုန်၏။

ဥဇုပ္ပဋိပန္န–ဆိုတာ ဖြောင့်မတ်စွာ ကျင့်တော်မူသည်–လို့ ဆိုလိုပါတယ်၊ လမ်းကောက်လမ်းမှားမလိုက်ဘဲ လမ်းဖြောင့်အတိုင်းကျင့်သူ၊ လှည့်ပတ်ခြင်း ကောက်ကျစ်စဉ်းလဲခြင်းမရှိဘဲ ရိုးသားဖြောင့်မတ်စွာကျင့်သူ– နှစ်မျိုးပင်ဖြစ်ပါတယ်။

ဒုက္ခငြိမ်းချမ်းရန် ရည်သန်ကျင့်ကြတဲ့အကျင့်များတွင် ကာမဂုဏ်ချမ်းသာကို ခံစားခြင်းဆိုတဲ့ လျော့လွန်းတဲ့ လက်ယာစွန်း ကာမသုခလ္လိကာနုယောဂအကျင့်နှင့် မိမိကိုယ်ကို ပင်ပန်းဆင်းရဲရုံမျှ ပင်ပန်းဆင်းရဲအောင် လျော့စွာ ကျင့်တဲ့ လက်ဝဲစွန်း အတ္တကိလမထာနုယောဂအကျင့်ရယ်လို့ လမ်းကောက်လမ်းမှား အကျင့်နှစ်မျိုး ရှိတယ်။

အဲဒီတစ်ဘက်စွန်းရောက် အကျင့်လမ်းစဉ်နှစ်မျိုးကို လိုက်မှား ကျင့်သုံးသူများဟာ လမ်းကောက် လမ်းမှားများ ဖြစ်တာကြောင့် အလိုရှိအပ်တဲ့ ဒုက္ခငြိမ်းချမ်းမှုကို မရနိုင်ဘဲ ဒုက္ခများကိုသာ ရှည်လျားစွာ ခံစားကြရတယ်။

ဒါကြောင့် ထိုလက်ဝဲစွန်း လက်ယာစွန်း လမ်းများဟာ ဒုက္ခငြိမ်းရေးအတွက် ဖြောင့်မတ်တဲ့လမ်းများ မဟုတ်ကြဘဲ လမ်းကောက် လမ်းလွဲလမ်းမှားများသာ ဖြစ်ကြတယ်။

ဗုဒ္ဓမြတ်စွာလက်ဦးဆုံး ဟောကြားတော်မူတဲ့ မဂ္ဂင်ရှစ်ပါး တရားလမ်းတော်ကြီးသာ မလျော့လွန်း မတင်းလွန်း လက်ယာစွန်း မထွက် လက်ဝဲစွန်း မထွက်ဘဲ အလယ်အလတ်ကျတဲ့ မၛ္ဈိမပဋိပဒါ အကျင့်မှန် လမ်းဖြောင့် လမ်းကောင်းဖြစ်တယ်။

ဒီမၛ္ဈိမပဋိပဒါ အလယ်လမ်းအကျင့်ကို ကျင့်သူဟာ ဒုက္ခအားလုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာဓာတ်သို့ ဆိုက်ရောက်ရတယ်။

ဒီမဂ္ဂင်ရှစ်ဖြာမၛ္ဈိမပဋိပဒါ အကျင့်လမ်းဟာ တစ်ခုတည်းသော နိဗ္ဗာန်ရောက်ရန် လမ်းမှန်ဖြစ်တယ်။

အားလုံးသော ဘုရားအဆူဆူနှင့် ပစ္စေကဗုဒ္ဓါအရိယာမှန်သမျှတို့ဟာ ဒီမဂ္ဂင်ရှစ်ဖြာ မၛ္ဈိမပဋိပဒါလမ်းဖြင့်သာ သံသရာတစ်ဘက်ရောက် ထွက်ရပ်ပေါက်တော်မူကြပါတယ်။

ဒီအချက်ဖြင့် တစ်ကယ့်ငြိမ်းချမ်းရေး သန့်ရှင်းစင်ကြယ်ရေးကို ဒီမဂ္ဂင်ရှစ်ဖြာ မၛ္ဈိမပဋိပဒါလမ်းမှလွဲပြီး တစ်ခြားရောက်နိုင်ရနိုင်တဲ့လမ်း မရှိတော့ဘူးဆိုတာကို သိရတယ်။

## အရိယာမဂ္ဂင်ရှစ်ပါး

| | | | |
|---|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ | = | မှန်စွာမြင်ခြင်း၊ |
| ၂။ | သမ္မာသင်္ကပ္ပေါ | = | မှန်စွာကြံခြင်း၊ |
| ၃။ | သမ္မာဝါစာ | = | မှန်စွာပြောခြင်း၊ |
| ၄။ | သမ္မာကမ္မန္တော | = | မှန်စွာပြုခြင်း၊ |
| ၅။ | သမ္မာအာဇီဝေါ | = | မှန်စွာအသက်မွေးခြင်း၊ |

၆။ သမ္မာဝါယာမော = မှန်စွာအားထုတ်ခြင်း၊
၇။ သမ္မာသတိ = မှန်စွာအမှတ်ရခြင်း၊
၈။ သမ္မာသမာဓိ = မှန်စွာစူးစိုက် တည်ကြည်ခြင်း၊
ဆိုတဲ့ ရှစ်ပါးပါပဲ။

မြတ်ဘုရားရှင်ရဲ့တပည့်သားကျော် သံဃာတော်များဟာ လက်ဝဲစွန်း လက်ယာစွန်း လမ်းမှား လမ်းကောက်များသို့ မလိုက်ဘဲ ဒီမဂ္ဂင်ရှစ်ဖြာ မဇ္ဈိမပဋိပဒါလမ်းဖြင့် ဖြောင့်မတ်စွာ လိုက်ကြ ကျင့်ကြတာကြောင့် တရားထူး တရားမှန်ကိုရကာ သန့်ရှင်း စင်ကြယ်သူ အရိယာအဖြစ် ထင်ရှားပြီး နတ်လူပြဟ္မာ တို့ရဲ့ မြတ်နိုးကြည်ညိုမှု ခံရတာဟာ အကြောင်းကောင်းလို့ အကျိုးကောင်းခဲ့ခြင်းသာ ဖြစ်ပေတယ်။

## မာယာသာဌေယျကင်းပုံ-ဥဇုပ္ပဋိပန္နဂုဏ်

တစ်နည်းအားဖြင့် ဥဇုပ္ပဋိပန္နဆိုတာ အကောက်အကွေး မရှိဘဲ ရိုးသားဖြောင့်မတ်စွာကျင့်သူ-လို့ ဆိုလိုပါတယ်။

မိမိအပြစ်ကို ဖုံးကွယ်ခြင်းကို လှည့်ပတ်ခြင်း မာယာ-လို့ ဆိုတယ်၊ မိမိ၌မရှိတဲ့ဂုဏ်ကို ဖော်ပြခြင်းကို စဉ်းလဲခြင်း သာဌေယျ-လို့ဆိုတယ်၊ ကိုယ့်ကို သူများအထင်ကြီးအောင် ပစ္စည်းလာဘ်လာဘ ဒါယကာ, ဒါယကာမ ပေါများအောင် သီလမရှိဘဲ သီလရှိယောင်ဆောင်မှု, စာမတတ်ဘဲ စာတတ်ဟန် ဆောင်မှုစတဲ့ လှည့်စားမှုအမျိုးမျိုးဟာ စဉ်းလဲခြင်း သာဌေယျ-ဖြစ်ပါတယ်။

ပစ္စည်းကို မက်မောတွယ်တာသူ တရားကို မလေးစား မလိုလားသူများ၌ ထိုကဲ့သို့လှည့်ပတ်မှုမာယာ စဉ်းလဲမှု သာဌေယျမျိုးရှိတတ်သော်လည်း တရားကိုသာ လိုလားတဲ့ အရိယာသံဃာတော်အရှင်မြတ်တို့ဟာ အရိယာဖြစ်ကြောင်း ပဋိပတ်တို့ကို ကျင့်စဉ်ကပင် မာယာ, သာဌေယျ မရှိပါဘဲ အရိယာဖြစ်တဲ့အခါတွင်မူ အဘယ်မှာ မာယာသာဌေယျရှိပါ တော့မလဲ၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးပင် ဖြောင့်စင်းတဲ့ ဥဇုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော့တာပါပဲ။

## ဥဇုပ္ပဋိပန္နလမ်း ဖြောင့်လမ်းမှန်ကျင့်ခဲ့၍ ဘုရားဖြစ်တော်မူရပုံ

ဒီနေရာတွင် မြတ်စွာဘုရားကိုယ်တော်တိုင် မဂ္ဂင်ရှစ်ပါး ခေါ်တဲ့ အလယ်အလတ်ဖြောင့်တန်းတဲ့ ဥဇုပ္ပဋိပန္နလမ်းအတိုင်း ကျင့်တော်မူခဲ့လို့ ဘုရားဖြစ်တော်မူရပုံကို မြတ်စွာဘုရားရှင် ဦးစွာဟောကြားတဲ့ ဓမ္မစကြာတရားတော်ကို နာကြားကြည့်ရင် သိသာထင်ရှားပါတယ်။

မြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်ပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်ညနေပိုင်း နေဝင်လ–ထွက်ချိန်တွင် ဗာရာဏသီပြည်အနီး ဣသိပတနအမည်ရတဲ့ မိဂဒါဝုန်တော၌ လူသားထဲက ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဆိုတဲ့ ပဉ္စဝဂ္ဂီငါးပါးအစုနှင့် နတ်ဗြဟ္မာပေါင်းများစွာအား တရားဦး ဓမ္မစက္ကပဝတ္တနသုတ္တန်ကို ဟောတော်မူပါတယ်။

## အစွန်းရောက်လမ်းကောက်လမ်းများနှစ်ပါး

ရဟန်းတို့–၊ ရှင်ရဟန်းဖြစ်တဲ့ပုဂ္ဂိုလ်ဟာ ယခုပြောပြမည့် အဖို့နှစ်သွယ်သော လမ်းကောက် လမ်းများအဖို့ အစွန်းတို့ကို မမှီဝဲအပ်ကုန်၊ အဘယ်အဖို့ အစွန်းနှစ်ပါးတို့လဲဆိုရင် –

## လျှော့လွန်းတဲ့ ကာမသုခလ္လိကာနုယောဂ လက်ယာလမ်းများ

၁။ လိုချင်တပ်မက် နှစ်သက်ဖွယ်အာရုံကာမဂုဏ် ဝတ္ထုတို့၌ နှစ်သက်သာယာလျက် ချမ်းသာတဲ့ ကာမသုခကို အားထုတ်ခြင်းဖြစ်စေခြင်း ခံစားခြင်းဆိုတဲ့ အကြင်လမ်းကောက်လမ်းများအဖို့အစွန်းဟာလဲ ယုတ်ညံ့တယ်၊ ရွာသူရွာသား၊ မြို့သူမြို့သားတို့ရဲ့ အလေ့အကျင့်ဥစ္စာဖြစ်တယ်၊ ပုထုဇဉ်လူများစုတို့ရဲ့ အလေ့အကျင့်ဥစ္စာဖြစ်တယ်၊ အရိယာသူမြတ်တို့ရဲ့ အကျင့်ဥစ္စာမဟုတ်ဘူး၊ မိမိတို့လိုလားအပ်တဲ့ အကျိုးစီးပွားအစစ်နှင့် မစပ်ဆိုင်ဘူး၊ ထိုလမ်းကောက်လမ်းများ ကာမသုခလ္လိကာနုယောဂ အကျင့်ဟာလဲ မမှီဝဲသင့်တဲ့ အဖို့အစွန်းတစ်ပါးပဲ။

## တင်းလွန်းတဲ့ အတ္တကိလမထာနုယောဂလက်ဝဲလမ်းများ

၂။ မိမိကိုယ်ကို ပင်ပန်းအောင် အားထုတ်ပြုလုပ်ခြင်းဆိုတဲ့ အကြင်လမ်းကောက်လမ်းများ အဖို့အစွန်းဟာလဲ ဆင်းရဲ

ရှုံမျှသာဖြစ်ပြီး ဆင်းရဲသာဖြစ်တယ်၊ အရိယာသူမြတ်တို့ရဲ့ ဥစ္စာမဟုတ်ဘူး၊ မိမိတို့လိုလားအပ်တဲ့ အကျိုး စီးပွားနှင့် မစပ်ဆိုင်ဘူး၊ ထိုလမ်းကောက်လမ်းမှား အတ္တကိလမထာ-နုယောဂအကျင့်ဟာလဲ မမှီဝဲသင့်တဲ့ အဖို့အစွန်းတစ်ပါးပဲ။

## မလျော့လွန်း မတင်းလွန်း အလယ်လမ်းမှန်

ရဟန်းတို့-၊ ယခုပြောပြခဲ့တဲ့ လမ်းကောက်လမ်းမှားအဖို့ အစွန်းနှစ်ပါးတို့ကို မကပ်ရောက်ဘဲ၊ သင်တို့ဆရာ ငါဘုရားဟာ မလျော့လွန်း မတင်းလွန်း လက်ယာစွန်းလက်ဝဲစွန်းများလွတ်တဲ့ ဖြောင့်ဖြောင့်တန်းတန်း အလယ်လမ်း မဇ္ဈိမပဋိပဒါအကျင့်ကို ထိုးထွင်းသိအပ်ခဲ့ပေပြီ၊ ထိုးထွင်းသိလာခဲ့တဲ့ မဇ္ဈိမပဋိပဒါ အလယ်လမ်းအကျင့်ဟာ ပညာမျက်စိကိုလဲ ပြုတတ်ဖြစ်စေတတ်တယ်၊ အသိဉာဏ်ကိုလဲ ပြုတတ်ဖြစ်စေတတ်တယ်။ ကိလေသာငြိမ်းဖို့ရာလဲဖြစ်တယ်၊ ထူးတဲ့ဉာဏ်ဖြင့် သိဖို့ရာလဲ ဖြစ်တယ်၊ ထိုးထွင်းသိဖို့ရာလဲဖြစ်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရာလဲ ဖြစ်တယ်။

ရဟန်းတို့-၊ သင်တို့ဆရာ ငါဘုရားသိလာပြီဆိုတဲ့ ပညာမျက်စိ အသိဉာဏ်ကို ဖြစ်စေတတ်တယ်ဆိုတဲ့ ကိလေသာငြိမ်းရန်, အထူးသိရန်, ထိုးထွင်းသိရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ဖြစ်တယ်ဆိုတဲ့ ထိုဖြောင့်ဖြောင့်တန်းတန်းအလယ်လမ်း အကျင့်မှန်ဟာ အဘယ်ဟာလဲဆိုရင်-

ဟောဒီအင်္ဂါရှစ်ပါးရှိတဲ့ အရိယာမဂ်ဖြစ်ပါတယ်၊ အဲဒီ အင်္ဂါရှစ်ပါး အရိယာက ဘယ်ဟာလဲဆိုယင် –

၁။ သမ္မာဒိဋ္ဌိ = မှန်စွာမြင်ခြင်း၊

၂။ သမ္မာသင်္ကပ္ပေါ = မှန်စွာကြံခြင်း၊

၃။ သမ္မာဝါစာ = မှန်စွာပြောခြင်း၊

၄။ သမ္မာကမ္မန္တော = မှန်စွာပြုခြင်း၊

၅။ သမ္မာအာဇီဝေါ = မှန်စွာအသက်မွေးခြင်း၊

၆။ သမ္မာဝါယာမော = မှန်စွာအားထုတ်ခြင်း၊

၇။ သမ္မာသတိ = မှန်စွာအမှတ်ရခြင်း၊

၈။ သမ္မာသမာဓိ = မှန်စွာစူးစိုက်တည်ကြည်ခြင်း။

ရဟန်းတို့–၊ သင်တို့ဆရာ ငါဘုရားသိလာပြီဆိုတဲ့ ပညာမျက်စိ အသိဉာဏ်ကို ပြုတတ် ဖြစ်စေတတ်တယ်ဆိုတဲ့ ကိလေသာငြိမ်းရန်, အထူးသိရန်, ထိုးထွင်းသိရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ဖြစ်တယ်ဆိုတဲ့ ဖြောင့်ဖြောင့်တန်းတန်း အလယ်လမ်း အကျင့်ဆိုတာ ဟောဒီမဂ္ဂင်ရှစ်ပါးပါပဲ။

## ကာမသုခလ္လိကာနုယောဂကို ပယ်ခဲ့ပုံ

ဒီဘုရားဟော ဓမ္မစကြာတရားတော်အရ မြတ်စွာဘုရားဟာ အစွန်းနှစ်သွယ် လမ်းကောက်လမ်းများကို အလောင်းတော်

သိဒ္ဓတ္ထမင်းသားဘဝနှင့် သိဒ္ဓတ္ထရဟန်း ဘဝကတည်းက ကာယဝိဝေကအားဖြင့် ပယ်ခဲ့ပုံကို ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်ကိုကြည့်ပြီး ကျမ်းဂန်နှင့်ညှိကာ မှတ်သားကြရမယ်။

မြတ်စွာဘုရားအလောင်းတော်ဟာ ဒီပင်္ကရာမြတ်စွာဘုရားထံတွင် ဘုရားဖြစ်မည်ဆိုတဲ့ ဗျာဒိတ်ပန်းကို ပန်ဆင်ပြီး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘုရားဖြစ်ကြောင်း ပါရမီအကျင့်ကောင်းတို့ကို ဖြည့်ကျင့်ဟော်မူခဲ့ပြီးနောက် တုသိတာနတ်ပြည်မှ စုတေခဲ့ပြီးတော့ မဟာသက္ကရာဇ် ၆၇–ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ကပိလဝတ်ပြည်သုဒ္ဓေါဒနမင်းမြတ်ရဲ့ မိဖုရားကြီးဖြစ်တဲ့ မဟာမာယာဒေဝီရဲ့ဝမ်းမှာ ပဋိသန္ဓေတည်နေတော်မူခဲ့တယ်။

မဟာသက္ကရာဇ် ၆၈–ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့တွင် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်တို့ရဲ့ နှစ်ပြည်ထောင်ကြားရှိ လုမ္ဗိနီခေါ်တဲ့ အင်ကြင်းဥယျာဉ်တော်၌ ဖွားမြင်တော်မူခဲ့ပါတယ်၊ သိဒ္ဓတ္ထ–လို့ အမည်တွင်တယ်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားဟာ ၁၆–နှစ်အရွယ်ရောက်တဲ့အခါ ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓဘုရင်ရဲ့သမီးတော် ယသောဓရာဒေဝီနှင့် လက်ထပ်ပြီးလျှင် ဆွေတော်မျိုးတော်ရှစ်သောင်းတို့ရဲ့အလယ်တွင် မင်းသမီးပေါင်းလေးသောင်းအခြွေအရံများနှင့်တကွ ကြီးကျယ်ခမ်းနားတဲ့ မင်းစည်းစိမ်ကိုသက်တော် ၁၆–နှစ်အရွယ်မှ ၂၉–နှစ်အရွယ်အထိ ၁၃–နှစ်

ကာလပတ်လုံး ခံစားတော်မူခဲ့ပါတယ်၊ ဒါဟာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကိုယ်တိုင် ကာမသုခလ္လိကာနုယောဂခေါ်တဲ့ လျော့လွန်းတဲ့ လက်ယာစွန်း လမ်းကောက်လမ်းများကို လိုက်ကျင့်ခဲ့ပုံဖြစ်တယ်။

အဲဒီလို ကာမသုခလ္လိကာနုယောဂခေါ်တဲ့ ထီးနန်းကာမဂုဏ်စည်းစိမ်ကို ခံစားနေရင်း ဉယျာဉ်ကစားထွက်တော်မူစဉ် ပထမတစ်ကြိမ်တွင် သူအို၊ ဒုတိယအကြိမ်တွင် သူနာ၊ တတိယအကြိမ်တွင် သူသေ၊ စတုတ္ထအကြိမ်တွင် ရဟန်း နိမိတ်များကို မြင်တော်မူပါတယ်။

ဒီလိုနိမိတ်ကြီးလေးပါးကို မြင်ရတဲ့အခါ မိမိနှင့်တကွ သတ္တလောကကြီးကိုရော၊ ထီးနန်းစည်းစိမ်ကိုပါ အိုတတ်၊ နာတတ်၊ သေတတ်၊ ပျက်စီးတတ်တဲ့ ကြောက်စရာ လန့်စရာဆင်းရဲတွေပဲ–လို့ အပြစ်မြင်ပြီး စိတ်ပျက်ငြီးငွေ့တယ်၊ အို၊ နာ၊ သေ ဖြစ်ပျက်ဆင်းရဲကင်းတဲ့ အမြိုက်ဓမ္မကို ရှာကြံရန် ရဟန်းပြုကာ တရားကျင့်ပွားလိုလားတဲ့ စိတ်ဆန္ဒတော်လဲ ပြင်းပြစွာ ဖြစ်ပေါ်လာတယ်၊ ဖြစ်ပျက်မွေးသေ သံသရာစက်ထဲတွင် နစ်မွန်းနေကြတဲ့ သတ္တဝါများအားလဲ သနားကြင်နာလှသဖြင့် ထိုမွေး သေ ဖြစ်ပျက်သံသရာဆင်းရဲ ဒုက္ခစက်မှ လွတ်ထွက်စေလိုတဲ့ မဟာကရုဏာ စေတနာတွေလဲ ဖြစ်ပေါ်ခဲ့တယ်။

ဒါကြောင့် ဘုရားအလောင်းတော်ဟာ ဉယျာဉ်တော်မှ နန်းတော်တွင်း ပြန်လာပြန်တော့လဲ ညဉ့်တိုင်းလို က၊ ခုန်၊

သိဆို, တီးမှုတ်ဖျော်ဖြေနေတဲ့ ရံရွေတော် မောင်းမများကိုလဲ စိတ်မဝင်စားဘဲ မျက်နှာလွှဲတော်မူတယ်၊ ဒါကြောင့် ဖျော်ဖြေသူများလဲ နေရာမှာပင် မိုးလိုးပက်လက်အိပ်စက်နေကြတယ်။

ဘုရားအလောင်းတော်ဟာ ဖျော်ဖြေသူများ လှုပ်ရှားမှု ဆူဆူညံညံအသံမကြားရလို့ ကြည့်ရှုတော်မူတော့ မီးငြှိမ်းပဲ ပိုးလိုးပက်လက် အိပ်စက်နေကြတဲ့ ဖျော်ဖြေသူများကို ကြည့်ပြီး သင်္ချိုင်းကုန်းထဲ ရောက်နေရသလို စက်ဆုပ်ရွံရှာ ကြောက်ရွံ့လာတယ်။

ဒါကြောင့် ဘုရားအလောင်းတော်ဟာ သက်တော် ၂၉–နှစ်၊ မဟာသက္ကရာဇ် ၉၇–ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ ညဉ့်သန်းခေါင်ယံအချိန်တွင် ဖွားမြင်ပြီးစ သားတော်ရာဟုလာနှင့် ကြင်ယာတော် ယသောဓရာကို နောက်ဆုံးကြည့်ပြီး ထီးနန်း စည်းစိမ်အားလုံးကို စွန့်လွှတ်ကာ၊ တောထွက်ပြီး ရဟန်းပြု တော်မူလျက် တရားရှာ ထွက်ခဲ့ပါတယ်။

ဒါဟာ ဘုရားရှင်အလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝကပင် ကာမသုခလ္လိကာနုယောဂလမ်းကောက် လမ်းမှားကို ကာယဝိဝေကအားဖြင့် ပယ်စွန့်ခဲ့ပုံပါပဲ။

## အတ္တကိလမထာနုယောဂကိုပယ်ခဲ့ပုံ

ဒီနောက် ဘုရားအလောင်း သိဒ္ဓတ္ထရဟန်းတော်ဟာ ဥရုဝေလတောအရပ်တွင် ၆–နှစ်ပတ်လုံးပင် သေလုနီးပါးမျှ

ဆင်းရဲလှတဲ့ ဒုက္ကရစရိယအကျင့်ကို အစာကြမ်းစားခြင်း, အိပ်ခြင်းများကိုပါပယ်ပြီး အသားအသွေးများ ခန်းခြောက်တဲ့အပြင် အရိုးပေါ်အရေတင်အောင် ပိန်ချုံးချိနဲ့သည်အထိ ကျင့်သုံးခဲ့သော်လည်း အသေကင်းတဲ့အမြိုက်ဓမ္မကို မရရှိခဲ့ပါ။

ဒီတော့ အလောင်းတော်သိဒ္ဓတ္ထရဟန်းတော်ဟာ ထိုဒုက္ကရစရိယာအကျင့်တို့ကို ကိုယ်ပင်ပန်းဆင်းရဲရုံသက်သက်မျှဖြစ်တဲ့ လမ်းမှားပဲလို့ သိမြင်ပြီး စွန့်လွှတ်ခဲ့ပါတယ်၊ ဒါဟာဘုရားရှင်ဟာ အလောင်းတော်သိဒ္ဓတ္ထ ရဟန်းတော်ဘဝကပင် အတ္တကိလမထာနုယောဂလမ်းကောက် လမ်းမှားကို သိမြင်ပြီး ပယ်စွန့်ခဲ့ပုံပါပဲ။

## မဇ္ဈိမပဋိပဒါအလယ်လမ်းမှန်ကို ဖြောင့်မှန်စွာ ကျင့်ခဲ့၍ဘုရားဖြစ်ပုံ

ဒီနောက် ဘုရားအလောင်းတော် သိဒ္ဓတ္ထရဟန်းဟာ ပိန်ချုံးချိနဲ့နေတဲ့ မိမိရဲ့ခန္ဓာကိုယ်ကို တရားမှန်အားထုတ်နိုင်ရန် ဆွမ်းခံစားပြီး အားဖြည့်ခဲ့တယ်။

ဒီနောက် အလောင်းတော် သိဒ္ဓတ္ထရဟန်းတော်ဟာ ထိုစဉ်က မဇ္ဈိမဒေသ ယခုအခါ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာအရပ် ဗောဓိညောင်ပင်အောက်သို့ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့် ညနေချမ်း အချိန်တွင် ရောက်ရှိတော်မူပါတယ်။

. အလောင်းတော်သိဒ္ဓတ္ထရဟန်းတော်ဟာ ဒီဗောဓိမဏ္ဍိုင်သို့ အလာ လမ်းခရီးတွင် မြက်ထမ်းသမားတစ်ယောက်လှူလိုက်တဲ့

မြက်တစ်ဆုပ်ကို မဟာဗောဓိညောင်ပင်ရင်း အရှေ့ဘက်မျက်နှာ၌ ဖြန့်ခင်းပြီး တင်ပလ္လင်ခွေလျက်ထိုင်နေတော်မူပါတယ်။

ထိုအခါတွင် ဘုရားဖြစ်မည်ကို မလိုလားတဲ့အတွက် နတ်ဆိုးစစ်သည်အပေါင်းများစွာနှင့်အတူ တိုက်ခိုက်ရန်လာတဲ့ မာရ်နတ်သားကို ဘုရားအလောင်းတော် သိဒ္ဓတ္ထရဟန်းက မိမိဖြည့်ကျင့်ခဲ့တဲ့ ပါရမီကုသိုလ်များဖြင့် သစ္စာပြုပြီး အောင်မြင်တော်မူပါတယ်။

ဒီနောက် ဘုရားအလောင်းတော်ရဟန်းဟာ ဝင်လေထွက်လေကို သတိပြုပြီး ရှုမှတ်တဲ့ အာနာပါနသတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများ အားထုတ်တော်မူသဖြင့် ညဉ့်ဦးယံတွင် ရှေးဘဝပေါင်းများစွာကို ပြန်အမှတ်ရ အောက်မေ့နိုင်စွမ်းတဲ့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူပါတယ်။

ညဉ့်သန်းခေါင်ယံတွင် အနီးအဝေးအကြီးအသေးမြင်လိုရာများကို မြင်စွမ်းတော်မူနိုင်တဲ့ ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရတော်မူပါတယ်။

ပစ္ဆိမယံလင်းအားကြီးအချိန်တွင် ဒွါရနှင့်အာရုံဆုံတိုင်း ဖြစ်ပေါ်ပျောက်ပျက်နေတဲ့ ရုပ်နာမ်တရားတွေကို မြင်နိုက်မှာ မြင်တယ် စသည်ဖြင့် ရှုမှတ်လျက် ဝိပဿနာဉာဏ်များ ပြည့်စုံတဲ့အခါစိတ်ညစ် ကိလေသာအကုန်ပြတ်ငြိမ်းတဲ့ အရဟတ္တမဂ်ဉာဏ်နှင့်တကွ တရားအလုံးစုံကို အကုန်အစင်သိမြင်တဲ့ သဗ္ဗညုတဉာဏ်တော်ကိုပါ ရရှိသိမြင်တော်မူတဲ့ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူပါတယ်။

ယခုဖော်ပြခဲ့တဲ့ဗုဒ္ဓဝင်တွင် ဗောဓိပင်ရင်း၌ တင်ပလ္လင်ခွေ ထိုင်ပြီးတော့ အာနာပါန သတိပဋ္ဌာန်တရားကို ကျင့်ပွားတော်မူတဲ့ ဘုရားအလောင်းတော်မှာ- ရဟန်းဝတ်ခဲ့တဲ့ အချိန်မှစပြီး မှန်စွာပြောခြင်း၊ မှန်စွာပြုခြင်း၊ မှန်စွာအသက်မွေးခြင်းဆိုတဲ့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝခေါ် သီလမဂ္ဂင်သုံးပါးကလဲ ဖြစ်ပွားစင်ကြယ်နေတယ်။

အာနာပါနသတိပဋ္ဌာန်တရားကို ရှုပွားတော့ မှန်စွာအားထုတ်မှု၊ မှန်စွာအမှတ်ရမှု၊ မှန်စွာ အသက်မွေးမှုဆိုတဲ့ သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိခေါ် သမာဓိမဂ္ဂင် သုံးပါးကလဲ ဖြစ်ပွားနေတယ်။

ပဋိစ္စသမုပ္ပါဒ်တရားများကို သုံးသပ်ပြီး ဝိပဿနာတရားကို ရှုပွားအားထုတ်တော့ ရုပ်နာမ်ကြောင်းကျိုး အနိစ္စ၊ ဒုက္ခ၊ အနတ္တများကို မှန်စွာ သိမှု၊ မှန်စွာကြံမှုဆိုတဲ့ ပညာမဂ္ဂင်များလဲ ဖြစ်ပွားနေတယ်။

ယခုပြောခဲ့တဲ့ တရားအားထုတ်စဉ် စင်ကြယ်ဖြစ်ပေါ်နေတဲ့ မဂ္ဂင်ရှစ်ပါးတရားတွေကတော့ အရိယမဂ်ဉာဏ်များရဲ့ရှေ့ပြေး ပုဗ္ဗဘာဂဝိပဿနာမဂ်ဉာဏ်တရားတွေ ဖြစ်ပါတယ်။

ဝိပဿနာဉာဏ်တွေ ပြည့်စုံလို့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကိုရပြီး ဘုရားဖြစ်တော်မူတဲ့အခါ အစဉ်အတိုင်း ဖြစ်ပွားခဲ့တဲ့ အရိယမဂ်ဉာဏ်နှင့်ယှဉ်တဲ့ မဂ္ဂင်ရှစ်ပါးတရားများကတော့ အရိယမဂ္ဂင်ရှစ်ပါးဖြစ်ပါတယ်။

အဲဒါဟာ မြတ်စွာဘုရားကိုယ်တော်တိုင် ကျင့်ပွားလျှောက်လှမ်းတော်မူခဲ့တဲ့ လက်ဝဲစွန်း လက်ယာစွန်း လမ်းကောက်များဘက်ဆီသို့ မရောက်ဘဲ အလယ်အလတ် ဖြောင့်တန်းတဲ့ မဇ္ဈိမပဋိပဒါ အကျင့်လမ်းမှန် ဖြစ်ပါတယ်။

ဒါကြောင့် မြတ်ဘုရားရှင်က "ရဟန်းတို့–၊ အမြိုက်နိဗ္ဗာန်ရလိုသူ ရဟန်းဟာ ကာမဂုဏ်ခံစားတဲ့ လက်ယာလမ်းမှား လမ်းကောက်နှင့် ကိုယ်ပင်ပန်းဆင်းရဲအောင်ကျင့်တဲ့ လက်ဝဲလမ်းကောက် လမ်းမှားနှစ်သွယ်ကို ရှောင်ရမယ်။

ငါဟာ အဲဒီ လျှော့လွန်း တင်းလွန်းတဲ့ လက်ယာ, လက်ဝဲ လမ်းကောက်နှစ်သွယ်ကိုရှောင်ပြီး မဇ္ဈိမပဋိပဒါ အလယ်လမ်းအကျင့်ကို ထိုးထွင်းသိခဲ့ပြီ၊ ထိုးထွင်းသိတဲ့ အဲဒီအလယ်လမ်း အကျင့်မှန်ဟာ ပညာမျက်စိကိုလဲပွင့်စေတယ်၊ အသိဉာဏ်ကိုလဲဖြစ်စေတယ်။ ကိလေသာငြိမ်းဖို့ရာလဲဖြစ်တယ်၊ အထူးသိရန်၊ ထိုးထွင်းသိရန်၊ နိဗ္ဗာန်မျက်မှောက်ပြုရန်လဲဖြစ်တယ်။

အဲဒီအလယ်လမ်းမှန်လမ်းဖြောင့်အကျင့်ဟာ ဟောဒီမဂ္ဂင်ရှစ်ပါးပဲ–လို့ ဟောကြားတော်မူတာဖြစ်ပါတယ်။

ဒါဟာ ဘုရားရှင်ကိုယ်တော်တိုင် လျှောက်လှမ်းတော်မူခဲ့တဲ့ မဂ္ဂင်ရှစ်တန် ကျင့်လမ်းမှန်ဖြစ်တယ်၊ အဲဒီမဂ္ဂင်ရှစ်တန်လမ်းဟာ မကောက်မကွေးတဲ့ ဖြောင့်မတ်တဲ့ ဥဇုပ္ပဋိပန္နအကျင့်လမ်း ဖြစ်တယ်၊ ဒီဖြောင့်မတ်တဲ့လမ်းမှန်ကိုကျင့်တဲ့ မြတ်ဘုရားမှာ ဥဇုပ္ပဋိပန္နဂုဏ် ရှိတော်မူပါပေတယ်။

## တပည့်သာဝကသံဃာများလဲ ဥဇုပ္ပဋိပန္နလမ်းစဉ်ကို လိုက်နာကျင့်ကြတယ်

မြတ်စွာဘုရားရှင်က ဒီမဂ္ဂင်ရှစ်တန်လမ်းဖြောင့်မှန် အလယ်လမ်း–ဥဇုပ္ပဋိပန္နလမ်းစဉ် အကျင့်ကို ယခု တရားဦးပွဲ တွင်လဲ စတင်ချမှတ်ဟောကြားတော်မူပါတယ်။

ဒီမြတ်ဘုရားရှင်ရဲ့ မဇ္ဈိမပဋိပဒါ ဥဇုပ္ပဋိပန္နလမ်းစဉ် မဂ္ဂင် ရှစ်ပါး အကျင့်တရားကို နာကြားကျင့်ပွားကြသူများတွင် တရားအဆုံးဝယ် အရှင်ကောဏ္ဍညဟာ ပထမဆုံးသောတာပန် အရိယာဖြစ်ပြီး ဘုရားထံ သာသနာဝင်ရဟန်းအဖြစ်တောင်းပန် သဖြင့် မြတ်ဘုရားက "ဧဟိဘိက္ခု"ခေါ်ကာ ရဟန်းပြုပေးတဲ့ အတွက် အရှင်ကောဏ္ဍညဟာ မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ဝါဆိုလပြည့်နေ့ ညဦးပိုင်းတွင် အရိယသောတာပန် သာသနာဝင် ရဟန်းဖြစ်တယ်။

ဒီနောက် ဘုရားရှင်ကိုယ်တော်တိုင် တရားဆက်လက် ဟောပြတော်မူတာကြောင့် နာကြားကျင့်ပွားကြသူ ကျန်ရဟန်း လေးပါးတို့လဲ ဝါဆိုလပြည့်ကျော် ၁–ရက်နေ့မှ ၄–ရက်နေ့အတွင်း တစ်နေ့လျှင်တစ်ပါးကျ အရိယသောတာပန်ဖြစ်ကြပြီး သာသနာဝင်ရဟန်းအဖြစ် တောင်းပန်ကြလို့ မြတ်ဘုရားက အသီးအသီး "ဧဟိဘိက္ခု"ဖြင့် ရဟန်းပြုပေးတော်မူပါတယ်။

မြတ်စွာဘုရားဟာ ဝါဆိုလပြည့်ကျော် ၅–ရက်နေ့တွင် ထိုပဉ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏာသုတ္တန်ကို ဟောကြား

တော်မူသဖြင့် ထိုတရားအဆုံးတွင် ပဉ္စဝဂ္ဂီငါးပါးလုံး ကိလေသာကုန်ခန်း ရဟန္တာဖြစ်ကြပါတယ်။

ဒီနောက် မြတ်ဘုရားဟာ ပဉ္စဝဂ္ဂီရဟန်းများနှင့်အတူ ဒီမိဂဒါဝုန်တောမှာပဲ ဝါဆိုသီတင်းသုံးတော်မူတယ်။

ထိုစဉ် ယသအမှူးရှိတဲ့ သေဋ္ဌေးသားငါးကျိပ်ငါးယောက်တို့လဲ အသီးသီးဘုရားထံမှောက် ရောက်လာကြပြီး တရားနာကြားရသဖြင့် တရားထူးရကြတော့ သာသနာဝင်ရဟန်းအဖြစ်တောင်းပန်ကြပြန်တယ်။

ထိုအခါ မြတ်စွာဘုရားရှင်က သူတို့အားလဲ "ဧဟိဘိက္ခု" ဖြင့် ရဟန်းပြုပေးတော်မူပါတယ်။

အဲဒီသာသနာ့ခေတ်ဦး ရဟန္တာခြောက်ကျိပ်မှစပြီး ယနေ့မျက်မှောက်ခေတ် သီလဝန္တ ကလျာဏပုထုဇဉ်သံဃာတော်များအားလုံးဟာ မြတ်ဘုရားချမှတ်တော်မူထားတဲ့ ဒီမဂ္ဂင်ရှစ်တန် မဇ္ဈိမပဋိပဒါခေါ်တဲ့ ဖြောင့်တန်းတဲ့အကျင့် လမ်းစဉ်ကို ကျင့်နေတော်မူကြပါတယ်၊ အဲဒီလို ဘုရားအမိန့်အတိုင်း လမ်းဖြောင့်လမ်းမှန် ကျင့်ကြတဲ့ ဘုရားသားတော် သံဃာတော်များဟာ ဥဇုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူကြပါပေတယ်။

## မဟာစည်တရားဂုဏ်တော်ဖွင့်

ဒါလောက်ဆိုရင် ဒီဥဇုပ္ပဋိပန္နသံဃာ့ဂုဏ်တော်အကြောင်းဟာ တော်တော်ပြည့်စုံပါပြီ၊ ယခုမဟာစည်တရားဂုဏ်တော်ဖွင့်ဖြင့် ဒီဂုဏ်တော်ဖွင့်ကို နိဂုံးချုပ်ကြပါစို့။

ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကသံဃော-တပည့်သား သံဃာတော်သည်၊ ဉာယပ္ပဋိပန္နော-ကိုယ်နှုတ်စိတ်ထား အကောက်သုံးပါးကင်း၍ ဖြောင့်မှန်စွာကျင့်တော်မူသော သံဃာတော်မြတ်ပါပေတကား။

## ၃။ ဉာယပ္ပဋိပန္န သံဃာ့ဂုဏ်တော်

၁။ နိဗ္ဗာန်လို့ငှာ၊ သင့်လျော်စွာ၊ လိုက်နာကျင့်သော သံဃာတော်။

၂။ နိဗ္ဗာန်မှတစ်ပါး၊ စိတ်မသွား၊ စေစားကျင့်သော သံဃာတော်။

၃။ ဉာယပ္ပဋိပန္န၊ မည်တော်ရ၊ သံဃာ့မြတ်ဂုဏ်တော်။

## ဉာယပ္ပဋိပန္နဆိုတာ

ဒီနေ့ဟောကြားမည့်တရားတော်ကတော့ သံဃဂုဏ်တော်ကိုးပါးတွင်ပါဝင်တဲ့ တတိယဖြစ်တဲ့ "ဉာယပ္ပဋိပန္နဂုဏ်တရားတော်"ဖြစ်ပါတယ်။

## ဝိဂ္ဂဟ

ဉာယေန ပဋိပန္နာတိ ဉာယပ္ပဋိပန္နာ။

ဉာယေန-အသင့်အလျော်အားဖြင့်၊ ပဋိပန္နာ-ကျင့်တော်မူကြကုန်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ဉာယပ္ပဋိပန္နာ-ဉာယပ္ပဋိပန္နမည်ကုန်၏။

ဉာယပ္ပဋိပန္န-ဆိုတာ နိဗ္ဗာန်အလို့ငှာ သင့်လျော်စွာကျင့်တော်မူတယ်-လို့ အဓိပ္ပါယ်ရပါတယ်။

ပါဠိတော်များတွင် တရားအားထုတ်သူ ယောဂီများနှင့် စပ်ပြီး ဖော်ပြရာတွင်–

“ဧကော၊ ဝူပကဋ္ဌော၊ အာတာပီ၊ ပဟိတတ္တော– အဖော်မမှီးတစ်ပါးတည်းဖြစ်၍၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သည်ဖြစ်၍၊ ကိလေသာကို ပူပန်သွေ့ခြောက်ကင်းပျောက်စေတတ်သော လုံ့လ ရှိသည်ဖြစ်၍၊ နိဗ္ဗာန်သို့ စေလွှတ်အပ် သော စိတ်ရှိသည်ဖြစ်၍ အားထုတ်သော ယောဂီရဟန်းသည်– စသည်ဖြင့် ဖော်ပြရာတွင် ဉာယပ္ပဋိပန္နနှင့် အဓိပ္ပါယ်တူရတဲ့ပုဒ်ဟာ ပဟိတတ္တော–ဆိုတဲ့ ပုဒ်ဖြစ်တယ်။

ပဟိတတ္တော–ဆိုတဲ့ပုဒ်လို အနက်ပေးရာတွင် ပခုက္ကူ ဆရာတော်များက “ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ ရက်စက်စိတ်ကြံ အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍” လို့ အနက်ပေးတော်မူကြတယ်။

ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုလိုတဲ့ယောဂီဟာ နိဗ္ဗာန်ရရေးရောက်ရေးနှင့် သင့်လျော်တဲ့ ဉာယပ္ပဋိပန္နအကျင့် ရှိရမယ်၊ ဉာယပ္ပဋိပန္နအကျင့်ဆိုတာ နိဗ္ဗာန်ရောက်ရန် ရရန် တစ်ယောက်တည်းနေပြီးလဲ ကျင့်ရမယ်၊ ဆိတ်ငြိမ်ရာအရပ်ကို ကပ်ရောက်ပြီးကျင့်ရမယ်၊ ကိလေသာကို ပူပန်သွေ့ခြောက်ကင်း ပျောက်နိုင်လောက်တဲ့ လုံ့လဝီရိယထားပြီး ကြိုးစားအားထုတ် ရမယ်၊ စိတ်ကို နိဗ္ဗာန်ဆီပို့လွှတ်ပြီးတော့ နိဗ္ဗာန်ရလိုစိတ် တစ်စိတ်တည်းထားပြီးတော့ ကျင့်ရမယ်၊ အဲဒီလိုကျင့်တဲ့ ရဟန်းသံဃာများဟာ ဉာယပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပါပေကယ်”လို့ ဆိုလိုပါတယ်။

မြတ်ဘုရားရဲ့တပည့်သားသံဃာတော်များဟာ နိဗ္ဗာန်ရရေးမှ လွဲပြီး တစ်ခြားဘာကိုမျှ မလိုလား မတောင့်တကြဘူး၊ နိဗ္ဗာန် ရရေးအတွက် မိမိရဲ့ချမ်းသာအားလုံးကို စွန့်လွှတ်နိုင်ကြတယ်၊ နိဗ္ဗာန်ရအောင် ကြိုးစားအားထုတ်မှုနှင့်စပ်ပြီး ဆင်းရဲအားလုံးကို ခံနိုင်ရည်ရှိတော်မူကြတာယ်၊ လောက ကောင်းစားရေးအတွက် ဘာတစ်ခုမျှ လိုလားတော်မမူကြဘူး။

နိဗ္ဗာန်ကို မျက်ခြည်ပြတ်လျက် လောကကောင်းစားရေး ကိုသာ လိုလားလျက်ရှိသူများမှာ လာဘ်လာဘအကျော်အစော တို့ကို ခံယူလိုတတ်ကြတယ်၊ အဲဒီလိုလားမှုကြောင့်ပင် မအပ်မရာ ရှာဖွေကြ၊ အနည်းနည်းဖြင့်ရအောင် ပြုတတ်ကြရာ ကိုယ်ကျင့် သီလများ ပျက်ပြားရတော့တယ်၊ သမာဓိပညာများကိုပင် အလေးထားရမှန်းမသိတော့ဘူး၊ သိက္ခာသုံးပါးကို မလိုလားဘဲ စိတ်အားတွေလျော့ ပေါ့ဆနေသူ၌ အပြစ်တွေဖြင့် ညစ်ပေနေ တတ်တယ်။

မြတ်ဘုရားသားကျော် သံဃာတော်မြတ်များကတော့ နိဗ္ဗာန်ရရေးအတွက် သိက္ခာသုံးရပ် ကြားမလပ်အောင်မပြတ်မစဲ စွဲမြဲစွာကြိုးစားကြတာကြောင့် အစွန်းအညစ်မထင် အလွန်ပင် စင်ကြယ်သန့်ရှင်းတော်မူကြတယ်၊ ဒါ့ကြောင့်ပင် အပြစ်ကင်း၍ အလွန်သန့်ရှင်းတဲ့အကျင့်ဖြင့်သာ ရနိုင်ရောက်နိုင်တဲ့ နိဗ္ဗာန်ကို မိမိတို့လိုလားတော်မူကြတဲ့အတိုင်း မျက်မှောက်ပြုကာ အရိယာဆိုတဲ့ ဖြူစင်သူအဖြစ်သို့ ရောက်တော်မူကြတယ်၊ ဒါလို

နိဗ္ဗာန်ရောက်အောင်ကျင့်တော်မူကြတဲ့ အရှင်မြတ်များဟာ ဉာယပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူကြပါပေတယ်။

## ဉာယပ္ပဋိပန္နဂုဏ်
## နိဗ္ဗာန်–ဓိဗ္ဗာန်–စိတ်ကြီးကျင့်ကြပုံများ

အချိန်မှာ ကဿပမြတ်စွာဘုရားရဲ့သာသနာတော်ဆုတ်နစ်အားနဲ့ချိန်ဖြစ်တယ်၊ ဘုရားသားကျော်ရဟန်းသံဃာငါးပါးခုနစ်ပါးတို့ဟာ သံမွာဆန္ဒစိတ်ကောင်းသဘောတူကြသဖြင့် သာသနာတော်အပေါ်ဝယ် မရိုမသေပြုမူကြသူအချို့ကို တွေ့မြင်ကြရတော့ "ငါတို့ဟာ ဒီလိုရှုပ်ထွေးမြို့ရွာတွင်းမှာ နေကြရရင် ဘယ်မှာ သာသနာ့အလုပ်ကို အားထုတ်နိုင်ကြမည်လဲ၊ လူသူကင်းရှင်း ဆိတ်ငြိမ်ခြင်းရှိတဲ့ တစ်နေရာရာသို့ သွားပြီး ရဟန်းတရားကို ကြိုးစားအားထုတ်ကာ သံသရာဝဋ်မှလွတ်အောင်ပြုကြစို့"လို တိုင်ပင်လျက် တောထွက်ခဲ့ကြတယ်။

အရှင်မြတ်ခုနစ်ပါးတို့ဟာ မြင့်မောက်တဲ့ ကျောက်တစ်လုံးတောင်ကလပ်ကြီးပေါ်သို့ ဝါးလှေကားထောင်ပြီး တက်သွားကြတယ်၊ တောင်ပေါ်ရောက်တဲ့အခါ မထေရ်ကြီးက "ငါ့ရှင်တို့–ကိုယ့်ရဲ့စိတ်စွမ်းအားကို ပြတ်သားစွာသိသူများဟာ လှေကားကို ကန်ဖြုတ်ချကြလော့၊ ကိုယ့်အသက်ကို တွယ်တာတဲ့စိတ် မပြတ်သားသူများဟာ ယခုအခါ အောက်ကိုပြန်ဆင်းနိုင်ကြပါသေးတယ်၊ နောက်မှ နောင်ပူပန်မှုမဖြစ်ကြလင့်"လို့ ပြတ်သားစွာ မိန့်ကြားတော်မူတယ်။

ထိုအခါ ရဟန်းတော်ခုနစ်ပါးလုံးပင် ကိုယ်နှင့် အသက်မငဲ့ကွက်ဘဲ ရက်စက်စိတ်ကြဲအဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်လိုလားတဲ့ ဆန္ဒတူကြသဖြင့် တရားအားထုတ်ရန် နောက်ပြန်မဆုတ်တမ်း ရှေ့သို့သာပေ့မ်းကြဖို့အတွက် လှေကားကို ကန်ဖြုတ်ချလိုက်ကြပါတယ်။

ဒိနောက်တွင် မထေရ်ကြီးက "ငါ့ရှင်တို့-၊ ရဟန်းတရားအားထုတ်မှု၌ မမေ့မလျော့ကြား သတိထားသူများဖြစ်ကြလော့" လို့ မိန့်ကြားတော်မူတယ်။

ရဟန်းတော်ယောဂီခုနစ်ပါးတို့ဟာ နောက်ဆုတ်ပြန်လမ်းမရှိတဲ့ကျောက်တစ်လုံးတောင်ကလပ်ထိပ်ပေါ်တွင် အသီးသီးကိုယ်သဘောကျ နေရာယူကြပြီး ရဟန်းတရားများကို သက်စွန့်ကြိုးပမ်း မနားတမ်းအားထုတ်တော်မူကြတယ်။

ထိုရဟန်းတော်များခုနစ်ပါးတို့အနက် သံဃမထေရ်ကြီးဟာ ငါးရက်မြောက်နေ့တွင် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီး "ငါ့အဖို့ရာ ရဟန်းကိစ္စပြီးလေပြီ၊ ငါဟာ ဒီတောင်ထိပ်တွင် ဘာပြုလုပ်စရာရှိသေးသလဲ၊ ပြုဖွယ်ကိစ္စ ဘာမျှမရှိတော့ပါဘူး"လို့ ဆင်ခြင်ပြီးတော့ တန်ခိုးဖြင့် မြောက်ကျွန်းမှ ဆွမ်းကို ဆောင်ယူကာ ကျန်တဲ့ရဟန်းခြောက်ပါးတို့ကို "ငါ့ရှင်တို့-၊ ဒီဆွမ်းကို ဘုဉ်းပေးကြပါ၊ ဆွမ်းခံခြင်းကိစ္စဟာ ငါ့တာဝန်ရှိပါစေ၊ ငါ့ရှင်တို့ဟာ ကိုယ့်တရားကိုသာ စိတ်အေး

လက်အေးနဲ့ အားထုတ်ကြကုန်လော့”လို့ အားပေးစကားကို ပြောကြားပါတယ်။

ထိုအခါ တရားထူးမရသေးဘဲ ကျန်နေတဲ့ ရဟန်းတော် ခြောက်ပါးတို့က “ငါ့ရှင်သူတော်ကောင်း၊ ငါတို့ဟာ လေ့ကားကို တောင်ပေါ်မှ တွန်းဖြုတ်ချလိုက်စဉ်က လက်ဦးဆုံးတရားထူး ရသူဟာ ဆွမ်းခံကျွေးရမည်၊ သူဆောင်လာတဲ့ဆွမ်းကို ကျန်ရဟန်း များက စားပြီး ရဟန်းတရားကို အားထုတ်ကြစတမ်း–လို့ ကတိကဝတ်စကား ပြောကြားခဲ့ကြပါသလား”လို့ မေးကြပါ တယ်။

ဒီတော့ သံဃာ့မထေရ်ကြီးက “ငါ့ရှင်တို့–၊ အဲဒါလို ပြောကြားထားမှုတော့ မရှိကြပါ”လို့ ပြန်လည်ပြောကြားပါတယ်။

ဒီအခါ ကျန်ရဟန်းယောဂီခြောက်ပါးတို့က “အရှင်ဘုရား တို့ဟာ ရှေးကံအကြောင်းကောင်းလို့ ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်တော်မူခဲ့ကြပါပေပြီ၊ တပည့်တော်များလဲ စွမ်းနိုင်ကြပါက သံသရာဝဋ်ဒုက္ခရဲ့ အဆုံးကို ပြုကြမည်၊ အရှင်ဘုရားများဟာ အလိုရှိရာအရပ်သို့ ကြွတော်မူကြပါလော့”လို့ သူတစ်ပါးကျွေး သော ဆွမ်းကိုစားနေရက သေဘေးနှင့် ဝေးသဖြင့် ဝီရိယလျော့ နည်းမည်စိုးရိမ်ကြသဖြင့် ပြတ်သားစွာ ပြန်လျှောက်ထားကြ တယ်၊ ဒါကြောင့် သံဃာ့မထေရ်ကြီးဟာ သင့်တော်ရာ အရပ်တွင် ဆွမ်းဘုဉ်းပေးကာ အရပ်တစ်ပါးသို့ ကြွသွားတော် မူပါတယ်။

လက်ကျန်ခြောက်ပါးထဲက အကြီးဆုံး ဒုတိယရဟန်းဟာ ခုနစ်ရက်မြောက်နေ့တွင် အနာဂါမ်ဖြစ်ပြီး ရေမထေရ်ကြီးနည်းတူ ခြောက်ကျွန်းမှ ဆွမ်းခံယူလာပြီး ကျန်မထေရ်ငါးပါးကို ကျွေးမွေးလှူဒါန်းရာ ကျန်ရဟန်းငါးပါးတို့ကလဲ ရှေးနည်းအတိုင်းပင် ဆွမ်းကိုပယ်ကြသဖြင့် အလိုရှိရာအရပ်သို့ ကြွသွားတော်မူရတယ်၊ ထိုမထေရ်ဟာ အသက်အတိုင်းနေပြီး ထိုဘဝမှ စုတေသော် ဗြဟ္မာ့ပြည်သို့ လားရောက်တော်မူပါတယ်။

ကျန်တဲ့ရဟန်းတော်ငါးပါးတို့ဟာ ထိုဘဝတွင် မဂ်ဖိုလ်တရားထူးကို မရကြဘဲ ထိုဘဝမှ စုတေတော့ နတ်ပြည်၌ ဖြစ်ကြတယ်၊ ထိုရဟန်းတော်များဟာ ယခုဂေါတမမြတ်စွာဘုရားလက်ထက်တွင် တရားထူးရကြပါတယ်။

## ညောင်ကန်ဆရာတော်ဦးဗုဓ်၏ ဉာယပ္ပဋိပန္နသံဃဂုဏ်တော်ဖွင့်ဘုရားရှိခိုး

ဒါလောက်ဆိုရင် ဒီဉာယပ္ပဋိပန္န ဂုဏ်တော်အကြောင်း သဘောပေါက်လောက်ပါပြီ၊ ယခုညောင်ကန်ဆရာတော်ဦးဗုဓ်၏ ဉာယပ္ပဋိပန္နဂုဏ်တော်ဖွင့် ဘုရားရှိခိုးဖြင့် နိဂုံးချုပ်ကြပါစို့။

ဘဂဝတော–မြတ်စွာဘုရား၏၊ သာဝကသံဃော–တပည့်သားဖြစ်သော သံဃာတော်သည်၊ ဉာယပ္ပဋိပန္နော–ဉာယမည်မှန် ပြည်နိဗ္ဗာန်နှင့် ထိုက်တန် ကျွမ်းဝင် မဆန့်ကျင်သည်ကိုသာ လျှော်စွာသဖြင့် အသင့်ကျင့်သည်ဟု ဆိုအပ်သော မြတ်သော

အကျင့်တို့ကို ကျင့်သည်၏ အဖြစ်ကြောင့် ဉာယပ္ပဋိပန္န မည်တော်မူ၏။

## ၄။ သာမိစိပ္ပဋိပန္နသံဃာ့ဂုဏ်တော်

၁။ သူများကပြု၊ ရိုသေမှု၊ ရေးရှုတုန့်ပြန်ကျင့်သော သံဃာတော်။

၂။ ရိုသေမှုနှင့်၊ ထိုက်တန်သင့်၊ ထောက်ချင့် ကျင့်သော သံဃာတော်။

၃။ သာမိစိပ္ပဋိပန္န၊ မည်တော်ရ၊ သံဃမြတ်ဂုဏ်တော်။

## သာမိစိပ္ပဋိပန္နဆိုတာ

ယခုဘုန်းကြီးဟောပြောမည့်တရားတော်ကတော့ သံဃာ့ဂုဏ်တော်ကိုးပါးတွင် ပါဝင်တဲ့ စတုတ္ထဖြစ်တဲ့ "သာမိစိပ္ပဋိပန္နဂုဏ်တရားတော်"ဖြစ်ပါတယ်။

## ဝိဂြိုဟ်

သာမိစိံ ကတွာ ပဋိပန္နာတိ သာမိစိပ္ပဋိပန္နာ။

သာမိစိံ ကတွာ-ရိုသေမှုနှင့်လျော်သည်ကိုပြု၍၊ ပဋိပန္နာ ကျင့်တော် မူကြကုန်၏၊ ဣတိတသ္မာ ထို့ကြောင့်၊ သာမိစိပ္ပဋိပန္နာ- သာမိစိပ္ပဋိပန္နမည်ကုန်၏။

သာမိစိပ္ပဋိပန္န- ရိုသေမှုနှင့်လျော်အောင် ကျင့်တော်မူသည်တဲ့၊ လူဒကာ၊ ဒကာမတို့ကား မိမိတို့ပင် မစားရက်,

မဝတ်ရက်, မသုံးရက်ဘဲ အဝတ်အထည် အစားအစာ နေရာ ထိုင်ခင်းများကို သံဃာတော်များအား မြတ်မြတ်နိုးနိုး ရက်ရက် ရောရော လှူဒါန်းကြတယ်၊ သံဃာတော်များကလဲ ရှိသေသမျှ ပြုအပ်သော လှူဒါန်းမှုများနှင့် ထိုက်တန် လျော်ကန်အောင် ကျင့်တော်မူကြပါပေတယ်၊ မိမိက ဂုဏ်တက်မှ သူတို့အလှူ အကျိုးကြီးမြတ်မည် ဖြစ်တာကြောင့်၊ အဲဒါလို အကျိုးကြီးမြတ် အောင် မိမိဂုဏ် အရည်အသွေး မြှင့်တင်ပေးခြင်းကိုပင် သာမိစိပ္ပဋိပန္န–လို့ ဆိုအပ်ပါတယ်။

## ဆွမ်းအကျိုးတုန့်ပြန်ပုံ သာမိစိပ္ပဋိပန္နဂုဏ်

“ငါတို့ရဲ့ပစ္စည်းလေးပါး ဒါယကာ, ဒါယိကာမတွေ–ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကျန်းမာချမ်းသာ ကိုယ်ခန္ဓာကောင်းစွာ ဆောင်ရွက် နိုင်ကြပါစေ”စသည်ဖြင့် မေတ္တာဘာဝနာပွားခြင်းကို“ အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ–ပြည်သူတို့၏ဆွမ်းကို အချည်းနှီးမဖြစ်အောင် သုံးဆောင်သည်မည်၏ ”လို့ မြတ်စွာဘုရားက ဟောကြားတော်မူ ပါတယ်။

ထို့အတူပင် ဈာနဘာဝနာ၊ သတိပဋ္ဌာန်ဘာဝနာစတဲ့ ဘာဝနာများကို ပွားများတဲ့ သံဃာတော်အရှင်မြတ်များကလဲ ပြည်သူတို့ရဲ့ ဆွမ်းကို အချည်းနှီးမဖြစ် အကျိုးရှိအောင် သုံးဆောင်သည်မည်ကြောင်းကို (အင်္ဂုတ္တိုရ်ပါဠိတော်ဧကနိပါတ် ၄၁)၌ မြတ်စွာဘုရားက ဟောကြားတော်မူထားပါတယ်။

ဒီအချက်ဖြင့် ဘာဝနာမှုများမှာ ပြည်သူများရဲ့ ဆွမ်းအကျိုးကြီးဖို့ ပုဂ္ဂိုလ်ရဲ့အရည်အသွေးမြင့်ပြီး ဂုဏ်တင်ပေးတယ်–လို့ သိရပါတယ်၊ ဘာဝနာမှုမပါဘဲ သီလမျှဖြင့် ဆွမ်းအကျိုးအလွန်ကြီးအောင် မရတတ်သေးဘူးလို့ ဆိုလိုပါတယ်၊ သီလမျှပင် မရှိလျှင်တော့ ပြည်သူများဆွမ်းကို အလကားသုံးဖြုန်းနေသူ–လို့လဲ သိနိုင်ပါတယ်။

ဒီဘုရားသားတော် အရိယာသံဃာတော်များကတော့ အာရဒ္ဓဝိပဿက ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်နေတဲ့ ယောဂီဘဝကပင် ပြည်သူများရဲ့ ဆွမ်းကိုအကျိုးကြီးမြင့်အောင် ပြုပြီး သုံးဆောင်သူများဖြစ်ကြသောကြောင့် အရိယာဖြစ်လာတဲ့ အခါမှာတော့ အကျိုးအကြီးဆုံးဖြစ်အောင် ပြုသူများဖြစ်လာကြပါတယ်။

ဒီဃနိကာယ်၊ သုတ်မဟာဝါ၊ မဟာသတိပဋ္ဌာနသုတ်၊ ဓမ္မာနုပဿနာပိုင်း အဋ္ဌကထာ၊ ဝီရိယသမ္ဗောဇ္ဈင်အဖွင့်၌ ပိဏ္ဍပါတာပစာယနဆွမ်းကို ရိုသေမှုဆိုတာ ပြည်သူတို့၏ ပေးလှူတဲ့ ဆွမ်းအကျိုးများများရဖို့ရာ မိမိကိုယ်ကို ဂုဏ်အားဖြင့် အမြင့်ဆုံးရောက်အောင် မြှင့်တင်ပေးခြင်းပင်ဖြစ်တယ်၊ ပြည်သူတို့က မိမိတို့ကိုယ်ကျိုး မိမိတို့ချမ်းသာကို မငဲ့ဘဲအရေးမကားဘဲ လေးစားကြည်ညိုစွာ စွန့်စွန့်စားစား ပြုရက်လှူရက်နိုင်တာကို တွေ့ကြုံရတဲ့အခါ ဒီဆွမ်းကို ကိလေသာမကင်းသေးဘဲ ငါမစားထိုက်၊ ကိလေသာကင်းအောင် ကြိုးစားမည်” စသည်ဖြင့် ဆွမ်းလှူရကျိုး

ကြီးအောင် ဖွဲ့သန်သန်ဖြင့် သီလ သမာဓိ ပညာ အကျင့်တရားတို့ကို အထူးကြိုးစားတော်မူကြတယ်၊ အဲဒီလို ကြိုးစားကျင့်ကြံမှုဟာ သံဃာတော်များရဲ့ သာမိစိပ္ပဋိပန္နဂုဏ်ဖြစ်ပါတယ်။

## ဉာယပ္ပဋိပန္နဂုဏ် အယျမိတ္တထေရ်တုန့်ပြန်ကျင့်ပုံ

တစ်ဆင့်စကားကို ဒီလိုကြားဖူးပါတယ်၊ အယျမိတ္တမည်တဲ့ ယောဂီရဟန်းမထေရ်ဟာ သီဟိုဠ်ကျွန်း ကဿကလိုဏ်တောရကျောင်း၌ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီ အယျမိတ္တထေရ်ရဲ့ ဆွမ်းခံရွာရှိ ဒါယိကာမကြီးတစ်ယောက်ဟာ မထေရ်ကို သားရင်းစိတ်ထားနဲ့ လောင်းလှူကျွေးမွေးပြုစုနေတယ်။

တစ်နေ့သောအခါ ထိုဥပါသိကာမကြီးဟာ ယာတောသို့သွားခါနီးတွင် သမီးကို "သမီးရေ၊ အဲဟိုနားမှာ ဆန်ကောင်းဆန်ဟောင်းရှိတယ်၊ အဲဒီနားမှာ ထောပတ်ရှိတယ်၊ ဟိုမှာနွားနို့ရှိတယ်၊ ဒီမှာ တင်လဲခဲရှိတယ်၊ သမီးရဲ့မောင်တော်အယျမိတ္တထေရ်ကြွလာတဲ့အခါ ဆွမ်းလောင်းလှူလိုက်ပါနော်၊ ကျန်တာကို သမီးစားပေါ့၊ ငါတော့ မနေ့ကကျန်တဲ့ထမင်းကြမ်းကို ပုန်းရည်နဲ့စားပြီးပြီ" လို့ မှာထားပြောဆိုပါတယ်။

ဒီတော့ သမီးက "အမေနံနက်စာ စားပြီးတာတော့ဟုတ်ပါပြီ၊ အမေ့အတွက် နေ့လယ်စာကို ဘာလုပ်ထားရမလဲ" လို့ မေးမြန်းတယ်။

ဒီအခါ အမေဖြစ်သူက "သမီးကလဲအေ-ဒါများ မေးနေရ သလား၊ အမေ့နေ့စာအတွက် ထုံးစံအတိုင်း ဟင်းရွက်နှင့် ဆန်ကွဲရောနှောကျိုချက်တဲ့ ဟင်းစပ်ယာဂုဆန်ပြုတ်ကို လုပ်ထားပါ"လို့ ပြန်ပြောတယ်။

အဲဒီအချိန်တွင် အယျမိတ္တမထေရ်ဟာ အိမ်အပြင်ဘက် နားသို့ ရောက်နေပြီး ဆွမ်းခံရန် သပိတ်ထဲမှ သပိက်ကို ထုတ်ယူနေစဉ်မှာ ဆွမ်းအမကြီးနှင့် သမီးတို့ရဲ့ ဆွမ်းလှူရန် တိုင်ပင်ပြောဆိုသံကို ကြားရတယ်။

ဒီအသံကိုကြားရတဲ့ အယျမိတ္တမထေရ်ဟာ "အမောင်အယျ မိတ္တ-၊ မင်းရဲ့ဆွမ်းအမဥပါသိကာမကြီးဟာ မနေ့ကကျန်တဲ့ ထမင်းကြမ်းခဲနဲ့ ပုန်းရည်ကို စားသတဲ့၊ နေ့စာအတွက်တော့ ဆန်ကွဲနှင့် ဟင်းရွက်ရောကျိုချက်တဲ့ ဟင်းစပ်ယာဂုကိုစားမည်တဲ့၊ အယျမိတ္တခေါ်တွင်တဲ့ သင်ရဲ့အတွက်ကျတော့ ဆန်ဟောင်း ဆန်ကောင်းကိုချက်ပြီး နို့ထောပတ်တင်လဲများနှင့် လောင်းလှူ ရမယ်တဲ့၊ သင့်ကိုမှီပြီးတော့ ဒီဥပါသိကာမကြီးဟာ စပါးစိုက်ပျိုး စရာ လယ်ကိုမတောင့်တဘူး၊ ပဲနှမ်းစသည်စိုက်ပျိုးရာ ယာကို မတောင့်တဘူး၊ အဝတ်အစားကောင်းကို မတောင့်တဘူး။ စင်စစ်တော့ လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာတို့ကို တောင့်တ မြော်မြင်ပြီးတော့ သင့်အားလှူတာဖြစ်တယ်၊ သင်ဟာဒီဆွမ်းအမ ဥပါသိကာမကြီးအား လူနတ် နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်ပါ့မလား"လို့ ကိုယ့်ကိုယ်ကို မေးပြီးတော့ ကိုယ့်ဟာကို ဆုံးမတယ်။

အယျမိတ္တမထေရ်ဟာ ပြီးတော့လဲ ဒီလိုထပ်မံဆင်ခြင်ပြန်တယ်။

"အမှန်စင်စစ်၊ ဒီချမ်းသာသုံးမျိုးကို မြော်ခေါ်ပြီး လေးမြတ်စွာလှူဒါန်းတဲ့ဆွမ်းဟာ ရာဂမကင်း ဒေါသမရှင်း မောဟတင်းလင်း ရှိနေသေးတဲ့သင်ဟာ ခံယူဖို့မသင့်သေးဘူး၊ မခံယူထိုက်သေးဘူး"လို့ နှလုံးသွင်းတော်မူပါတယ်။

အယျမိတ္တထေရ်ဟာအဲဒီလို တွေးတောဆင်ခြင်ပြီးတော့ သပိတ်ကို အိတ်တွင်းပြန်ထည့်ပြီး ကမွတ်သိမ်းကြိုးကို ချွတ်ဖြုတ်ပြီးတော့ ကဿကလိုဏ်သို့သာ ပြန်ကြွသွားတယ်။

အယျမိတ္တထေရ်ဟာ ကိုယ့်ကျောင်းကို ပြန်ရောက်တော့ သပိတ်ကိုညောင်စောင်းအောက်မှာထားပြီး သင်္ကန်းကိုသင်္ကန်းတန်းတွင် တင်ထားတယ်။

နောက်ပြီးတော့ "အရဟတ္တဖိုလ်သို့မရောက်ဘဲ ဒီလိုဏ်ခေါင်းကျောင်းထဲမှ ငါမထွက်တော့ဘူး"လို့ တရားကြီးပမ်းအားထုတ်မှုကိုအဓိဋ္ဌာန်ပြီးတော့ ထိုင်နေတော်မူပါတယ်။

နေ့ညဉ့်ရှည်ကြာစွာ သတိပဋ္ဌာန်တရား ပွားများပြီးနေလာတဲ့ ယောဂီရဟန်းဟာ ရုပ်နာမ်ကြောင်းကျိုးသိမြင်လျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တအချက်တို့ကို သိမြင်တဲ့ဝိပဿနာဉာဏ်ကို ပွားများပြည့်စုံစေပြီးတော့ နံနက်ခင်းဦးပင် အရဟတ္တဖိုလ်သို့ရောက်ပြီး ပွင့်သောပဒုမ္မာကြာပမာ အာသဝေါကင်းကွာကြီးမြတ်တဲ့ ရဟန္တာအရှင်မြတ်ဖြစ်ပြီး၊ ကြည်ကြည်လင်လင်ပြုံးရွှင်သမှုပြုလျက် ကြက်သရေရှိစွာ ထိုင်နေတော်မူပါတယ်။

လိုဏ်တံခါးဝသစ်ပင်မှာနေတဲ့ ရုက္ခစိုးနတ်ဟာ -

"နမော တေ ပုရိသာဇည"

နမောတေ ပုရိသုတ္တမ။

ယဿတေ အာသဝါ ခီဏာ၊

ဒက္ခိနေယျောသိ မာရိသာ"လို့

ဥဒါန်းကျူးတယ်။

ပုရိသာဇည- ယောကျ်ားဇာနည်ဖြစ်တော်မူသော အရှင်ဘုရား၊ ယဿတေ-အကြင်အရှင်ဘုရားအား၊ အာသဝါ-ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ-ဟူသော အာသဝေါတရားတို့သည်၊ ခီဏာ-ကုန်ခမ်းပါကုန်ပြီ၊ တဿတေ-ထိုအရှင်ဘုရားအား၊ မေ-အကျွန်ုပ်၏၊ နမော-ရိုသေမြတ်နိုးရှိခိုးခြင်းသည်၊ အတ္ထု- စင်စစ်မသွေ ဖြစ်ပါစေသတည်း၊ ပုရိသုတ္တမ-ယောကျ်ားမြတ်ဖြစ်တော်မူသော အရှင်မြတ်ဘုရား၊ ယဿတေ-အကြင်အရှင်ဘုရားအား၊ အာသဝါ-အာသဝတရားတို့သည်၊ ခီဏာ-ကုန်ပါပြီ။ တဿတေ-ထိုအရှင် မြတ်ဘုရားအား၊ မေ-တပည့်တော်၏ နမော-ရှိခိုးခြင်းသည်၊ ဒက္ခိဏေယျော-မြတ်သောအလှူ ခံထိုက်သည်၊ အသိ-အမှန်စင်စစ် ဖြစ်ကြီးဖြစ်ပါလေသည်ဘုရား။

(သာဓု-သာဓု-သာဓု)

ရုက္ခစိုးနတ်ဟာ နောက်ပြီးတော့ ဒီလိုလဲဆက်လက်လျှောက်ထားတယ်၊ "အရှင်ဘုရား၊ ဆွမ်းအလို့ငှာ ကြွဝင်ကုန်သော

အရှင်ဘုရားတို့ကဲ့သို့သဘောရှိကုန်သော ရဟန္တာတို့အား ဆွမ်းကို လှူရတာကြောင့် ဆွမ်းဒါယိကာမကြီးဟာ ဒုက္ခဆင်းရဲမှ လွတ်ပါလိမ့်မယ်”လို့ လျှောက်ထားတယ်။

အယျမိတ္တထေရ်ဟာ တရားထိုင်ရာမှထပြီး လိုဏ်တံခါးကို ဖွင့်ကာ အချိန်ကာလကို ကြည့်ရှုဆင်ခြင်တော့ “အော်- အဝေးကြီးရှိပါသေးကလား”လို့ သိရတဲ့အခါ သပိတ်ကိုယူပြီး ရွာသို့ ဆွမ်းခံကြွဝင်ပါတယ်။

ဆွမ်းအမကြီးသမီးငယ်လဲ ဆွမ်းလောင်းရန်အဆင်သင့် ပြည့်စုံသဖြင့် “ဒီအချိန်ဟာ ငါ့မောင်ရဟန်းဆွမ်းခံကြွလာချိန်ပဲ၊ ယခုကြွလာတော့မယ်”လို့ နှလုံးသွင်းပြီး တံခါးဆီသို့ မျှော်ကြည့်လျက် ထိုင်နေတယ်၊ သတို့သမီးငယ်ဟာ မထေရ်အိမ်တံခါးဝသို့ ရောက်လာတဲ့အခါ သပိတ်ကိုယူပြီးတော့ ထောပတ်တင်လဲပါတဲ့ နို့ဆွမ်းဖြင့်ပြည့်စေပြီးတော့ အယျမိတ္တမထေရ်မြတ်ရဲ့လက်တွင် ဆက်ကပ်လိုက်တယ်။

ဒီတော့ အယျမိတ္တထေရ်က “သုခံ ဟောတု-သင့်အား ချမ်းသာပါစေ”လို့ အနုမောဒနာပြုပြီး ပြန်ကြွသွားတယ်။

ဆွမ်းအလှူရှင် သတို့သမီးငယ်ဟာလဲ မထေရ်ကို ဖူးမြော် ကြည့်လျက် ကျန်ရစ်တယ်။

ထိုအခါ အယျမိတ္တမထေရ်ဟာ အလွန်စင်ကြယ်တဲ့ ကြည်ညို ဖွယ် အရောင်အဆင်းရှိနေတယ်၊ အထူးတလည် ကြည်ညိုဖွယ် ဣန္ဒြေများလဲရှိနေတယ်၊ မျက်နှာတော်ဟာ ကြွေကျခါစ ထန်းသီး

မှည့်လို အလွန်ရှုချင်စဖွယ် ကြက်သရေရှိတယ်၊ တင့်တယ်နေတယ်။

ဆွမ်းအမ ဥပါသိကာမကြီးလဲတောမှပြန်လာပြီး "ချစ်သမီးဘယ်လိုလဲ၊ သင့်မောင်တော်ရဟန်း ဆွမ်းခံကြွလာရဲ့လား"လို့ မေးတယ်။

ဒီတော့သမီးဖြစ်သူက ဆွမ်းခံကြွလာလို့ အပြည့်အစုံဆွမ်းရောဟင်းပါ လောင်းလှူလိုက်ပုံ၊ မောင်တော်ရဟန်းရဲ့ ရုပ်သွင်ဟာ နေ့တိုင်းနှင့်မတူဘဲ အထူးကြည်လင်စင်ကြယ် ကြည်ညိုဖွယ်ရှိပုံ အလုံးစုံကို ပြောပြတယ်။

ဒီအခါဥပါသိကာမကြီးက "ဒီနေ့ ငါ့သားကြီး ရဟန်းကိစ္စအပြီးသို့ရောက်ပေပြီ"လို့ သိပြီးတော့ "ချစ်သမီးရေ၊ သင့်မောင်တော်ရဟန်းဟာ ဘုရားသာသနာတော်မှာ ရာသက်ပန်ပျော်မွေ့ပြီး ဘယ်တော့မှ ပျင်ရိငြီးငွေ့တော့မှာမဟုတ်ဘူး"လို့ ဝမ်းသာအားရ ပြောပါတယ်။

ဒါဟာ အယျမိတ္တထေရ်ရဲ့သာမိစိပ္ပဋိပန္နဂုဏ်ပြည့်စုံပုံပါပဲ။

## မဟာစည်တရားဂုဏ်တော်ဖွင့်

ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကသံဃော-တပည့်သားသံဃာတော်သည်၊ သာမိစိပ္ပဋိပန္နော-သူများကပြုသည့်ရိုသေမှုနှင့် သင့်တင့်ထိုက်တန်အောင် ကျင့်ဆောင်တော်မူတတ်ပါပေသည်တကား။

(သာဓု-သာဓု-သာဓု)

## ၅။ အာဟုနေယျသံဃဂုဏ်

၁။ ကျင့်ဂုဏ်လေးပါး၊ ပြည့်စုံကြွေး၊ ဘုရားသားကျော် သံဃာတော်။

၂။ အဝေးမှဆောင်လှူ၊ ပစ္စည်းဟူ၊ ခံယူထိုက်သော သံဃာတော်။

၃။ အာဟုနေယျ၊ မည်တော်ရ၊ သံဃမြတ်ဂုဏ်တော်။

### အာဟုနေယျ-ဆိုတာ

ဒီနေ့ဘုန်းကြီးဟောကြားမည့်တရားကတော့ "အာဟုနေယျ သံဃာဂုဏ်တရားတော်" ဖြစ်ပါတယ်။

### အာဟုနေယျဝိဂ္ဂြိုဟ်

အာဟုနံ အရဟတီတိ အာဟုနေယျော

အာဟုနံ-နိစ္စဗဒ်တည်သော အလှူဝတ်ကို၊ အရဟတိ-ခံခြင်းငှာထိုက်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ အာဟုနေယျော- အာဟုနေယျမည်၏။

အာဟုနေယျ-အဝေးမှ ဆောင်ယူလှူအပ်သော အလှူကို ခံတော်မူထိုက်သည့်တဲ့၊ သီလမရှိ, သမာဓိမရှိ, ပညာမရှိသူဟာ အလှူရဲ့အကျိုးကြီးမှုကို မဆောင်နိုင်ပါ၊ ဒါ့ကြောင့် သူဟာ ဘယ်မှာ အလှူကို ခံထိုက်ပါမည်လဲ၊ လှူသူကလဲနားလည်မည် ဆိုက ထိုသီလ၊ သမာဓိ၊ ပညာမရှိသူကို လှူလိုမည်မဟုတ်ပါ။

ဒီဘုရားသားကျော် သံဃာတော်အရှင်မြတ်များဟာ ကိုယ်တိုင်ကျင့်ပွားသီလေ့တဲ့ သီလ သမာဓိ ပညာဂုဏ်များကြောင့်

အလှူရဲ့အကျိုးကြီးအောင် ရှက်ဆောင်တော်မူနိုင်ကြတယ်၊ ဒါကြောင့် ထိုဘုရားသားကျော်သံဃာတော်များဟာ တစ်ရပ် တစ်ကျေးဟိုအဝေးအရပ် နိုင်ငံခြားမှ တပင်တပန်း ယူဆောင် လာတဲ့ အလှူဝတ္ထုများကိုပင် ခံတော်မူထိုက်ကြပါတယ်။

စန္ဒကူး၊ ဇလပ်၊ ကြာညို၊ မြတ်လေးဆိုတဲ့ ပန်းမွှေးများရဲ့ ရနံ့ထက် သီလရနံ့က သာလွန်ထူးမြတ်တယ်၊ ဇလပ်ပန်း၊ စန္ဒကူး စတဲ့ပန်းနံ့သာရနံ့မှာ မပြောလောက်ပ အနည်းငယ်မျှသာ မွှေးပျံ့ နိုင်တယ်။

သီလရှိသူအရှင်မြတ်များရဲ့ ဂုဏ်ရနံ့မှာ နတ်ပြည်၊ ဗြဟ္မာပြည်များအထိပင် ပျံ့လှိုင်မွှေးကြိုင်နေပါတယ်၊ ဤဓမ္မပဒ၌ မြတ်ဘုရားဟောကြားတော်မူချက်အရ ထိုအရှင်မြတ်များရဲ့ သီလဂုဏ်ရနံ့ကြောင့် လူ့ပြည်အဝေးရပ်မျှသာမက နတ်ပြည်များ ကပင် အထူးတလည် လာရောက်လှူဒါန်းကြရတယ်။

## အရှင်မဟာကဿပဝတ္ထု

ရှေးကသိကြားမင်းကြီးဟာ သုအိုသူမွဲယောင်ဆောင်ကာ၊ မိဖုရားသုဇာနှင့်အတူ နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်း လာရောက်ပြီး အရှင်မဟာကဿပမထေရ်မြတ်ကြီးအား ဆွမ်း လှူဒါန်းခဲ့ဖူးတယ်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူပါတယ်။

ထိုအခါ တစ်နေ့သ၌ အရှင်မဟာကဿပမထေရ်မြတ်ကြီးဟာ ရာဇဂြိုဟ်ပြည်အနီးရှိ ပိပ္ပလိလိုဏ်ဂူတွင် နိရောဓသမာပတ်ဝင်စားတော်မူပါတယ်၊ မထေရ်မြတ်ကြီးဟာ နိရောဓသမာပတ်ဝင်စားရာ ခုနစ်ရက်ပြည့်တဲ့နေ့၌ ထိုနိရောဓသမာပတ်မှထပြီး ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံရန် ပိပ္ပလိလိုဏ်ဂူမှ ထွက်တော်မူခဲ့ပါတယ်။

ထိုအခါတာဝတိံသာနတ်ပြည်တွင် နတ်သမီးတစ်ချို့တို့ဟာ ကြောက်အားလန့်အားနဲ့ လှုပ်လှုပ်ရှားရှားပြေးလွှားလာကြတာကို သိကြားမင်းက တွေ့မြင်ရတာနဲ့ "ဟဲ့ ဟဲ့ ဘာဖြစ်လာကြတာလဲ" လို့မေးတယ်။

ဒီအခါ နတ်သမီးများက "ဒီနေ့အရှင်မဟာကဿပမထေရ်မြတ်ကြီးဟာ နိရောဓသမာပတ်မှထပြီး ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွမယ်သိကြားမင်း၊ နိရောဓသမာပတ်မှထတဲ့ အရိယာအရှင်မြတ်များအား လှူဒါန်းရရင် ဘဝမခြားဘဲ မျက်မှောက်ဘဝမှာပင်ကြီးကျယ်ဖွံ့ဖြိုးတဲ့ ချမ်းသာကျိုးကို ရနိုင်တယ်မို့လား၊ ဒါ့ကြောင့်ကျွန်တော်မတို့ဟာ နတ်ဩဇာဆွမ်းများယူပြီး ဆွမ်းဦးလှူရန်သွားခဲ့ကြပါတယ်။

"အရှင်မဟာကဿပမထေရ်မြတ်ကြီးက– ဟေ့နတ်သမီးတွေ၊ နင်တို့ဘာလာလုပ်ကြတာလဲ၊ ငါဟာဒီနေ့ နင်တို့လိုချမ်းသာတဲ့ နတ်သမီးတွေကို ချီးမြှောက်ဖို့ ကြွလာတာမဟုတ်ဘူး၊ ဆင်းရဲသားများအား ချီးမြှောက်ရန် ကြွလာတာဖြစ်တယ်၊ နင်တို့

လာမလျှကြနဲ့သွားကြ”လို့ ပြတ်သားစွာ မိန့်ကြားပြီး လက်ဖျစ်တီး ထုတ်လိုက်လို့ ကျမတို့လဲ အရိယာသူမြတ်ကြီးရဲ့ လက်ဖျောက်သံ ကို ဒဏ်မခံနိုင်တာနဲ့ ထွက်ပြေးလာခဲ့ကြရပါတယ် သိကြားမင်း” လို့ ပြန်ပြောကြတယ်။

“သင်တို့က ဘယ်အသွင်နဲ့သွားကြသလဲ”လို့ သိကြားမင်း က မေးပြန်တော့ “ကျွန်မတို့က နတ်သမီးအသွင်နဲ့သွားကြပါ တယ်”လို့ နတ်သမီးများက ပြန်ဖြေကြတယ်။

ဒီတော့သိကြားမင်းက “ဒီနတ်သမီးပုံစံကြီးနဲ့ သွားကြတဲ့ သင်တို့ဟာ မထေရ်မြတ်အား ဘယ်မှာဆွမ်းလှူခွင့်ရကြမှာလဲ” လို့ ပြောပါတယ်။

ဒီနောက် နတ်သမီးများ သူတို့နေရာသူတို့သွားကြတဲ့အခါ သိကြားမင်းအကြံကောင်းရပြီး သုဇာဒေဝီကိုခေါ်ကာ လူပြည်ကို ဆင်းခဲ့တယ်၊ အရှင်မဟာကဿပ ဆွမ်းခံကြွလာတော်မူတဲ့လမ်း တွင် ရက်ကန်းသည်ဆင်းရဲသား ဖိုးဖွားလင်မယားနေတဲ့ တဲကုပ် လေး ဖန်ဆင်းပြီး သိကြားမင်းနှင့်သုဇာဒေဝီတို့ဟာ စောင့်နေကြ တယ်။

အရှင်မဟာကဿပလဲ အဘိညာဉ်ဖြင့် ဆင်ခြင်မကြည့်ဘဲ ရိုးရိုးကြွတော်မူရာ တကယ်သူဆင်းရဲဖိုးဖွားလင်မယားအိမ်ထင်ပြီး ဆွမ်းရပ်တော်မူပါတယ်။

ဖန်ဆင်းဟန်ဆောင်ထားတဲ့ သိကြားအဖိုးအိုဟာ ခါးကုန်း ကုန်းနဲ့ အိမ်ရှေ့ထွက်လာပြီး မျက်စိမှုန်မျက်ခမ်းစပ်လို့ နေရောင်

ကိုပင် ရဲရဲမကြည့်ရဲပုံမျိုးဖြင့် လက်ဝါးတစ်ဖက်ကို ဒေါင်လိုက် မျက်ခုံးပေါ်ကပ်ကာပြီး "ဩော်- ဒို့အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးပါလား၊ အရှင်မရေ-၊ ဒို့အိမ်မှာဘာများ လှူစရာရှိသေးလဲ"လို့ နောက်ပြန်စောင့်ငဲ့ပြီး မေးလိုက်တယ်။

"ဩော်- ကျမကိုမေးသလား၊ နည်းနည်းပါးပါးစားနေကျ ဆင်းရဲသားစာတော့ရှိပါတယ်"လို့ ဆင်းရဲသူမအဖွားအိုကြီးဟန် ဆောင်ထားတဲ့ သူဇာဒေဝီက ပြန်ပြောတယ်။

ဒီအခါသိကြားမင်းအဖိုးအိုက "အရှင်မြတ်ကြီးဘုရား ကြုံတောင့်ကြုံခဲ ကြွလာတဲ့အခါ ညံ့တယ် ကောင်းတယ်လို့ အမှတ်မထားပဲနဲ့ တပည့်တော်များဆင်းရဲသား အဖိုးအဖွားများ အား သနားစောင့်ရှောက်ချီးမြှောက်သမှုပြုတော်မူပါဘုရား"လို့ အဖိုးအိုသံနဲ့ လျှောက်ထားပြီး မထေရ်မြတ်ကြီးရဲ့ လက်ထဲက သပိတ်ကို ယူသွားတယ်။

သိကြားမင်းဟာ အိမ်ထဲရောက်တော့ ဝမ်းသာအားရ သူဇာဒေဝီကိုပြုံးပြပြီး အကောင်းဆုံးနတ်ဩဇာများကို သပိတ်တွင်း ပြည့်အောင်ထည့်ပြီး အရှင်မဟာကဿပမထေရ်မြတ်ကြီးရဲ့ လက်တော်သို့ ဆက်ကပ်လိုက်ပါတယ်။

မထေရ်မြတ်ကြီးလက်ပေါ်ရှိ သပိတ်ထဲတွင်ပါလာတဲ့ နတ်ဩဇာဆွမ်းနှင့် ဟင်းများဟာ ရာဇဂြိုဟ်တစ်မြို့လုံး မွှေးကြိုင် နံ့သာနံ့များလွှမ်းမိုးသွားပါတယ်။

ဒီတော့မှ အရှင်မဟာကဿပမထေရ်ဟာ "လူကတော့ ဆင်းရဲသား၊ လှူတဲ့ဆွမ်းကအကောင်းစား၊ ဒီဆွမ်းဟာ သိကြားနတ်

အစားအစာမျိုးပဲ၊ ဒီအလှူရှင်ဘယ်သူပါလိမ့်”လို့ အသိဉာဏ်ဖြင့် ဆင်ခြင်ကြည့်တော်မူတယ်။

ဒီအခါသိကြားမင်းနှင့် သူဇာဒေဝီဆိုတာကို အမှန်အတိုင်း သိမြင်တော်မူတယ်၊ ဒါကြောင့် မထေရ်ကြီးက “ဟယ်သိကြားမင်း သင်ပြုတဲ့အမှုဟာ ဝန်လေးလှပါတကား၊ လူဆင်းရဲများရမည့် စည်းစိမ်ချမ်းသာကို လုည့်ပတ်ယူခြင်းဖြင့် သင်ဟာဝန်လေးတဲ့ အ ကိုပြုပလေတယ်၊ ဒီနေ့တစ်စုံတစ်ယောက်သော ဆင်းရဲသားဟာ ငါ့အားအလှူပေးရပြီး– စစ်သူကြီးရာထူးကိုဖြစ်ဖြစ်၊ သေဌေးအဖြစ်ကိုဖြစ်ဖြစ်ရနိုင်ရာတယ်”လို့ မိန့်တော်မူပါတယ်။

ဒီအခါသိကြားမင်းက “တပည့်တော်လဲဆင်းရဲသားပါပဲ ဘုရား”လု့ ခပ်ကြောက်ကြောက်နဲ့ ပြန်လျှောက်ထားတယ်။

ဒီတော့အရှင်မဟာကဿပမထေရ်မြတ်ကြီးက “သင်ဟာ နတ်ပြည်တွင် နတ်စည်းစိမ်ခံစားနေရလျက်ဘာကြောင့် ဆင်းရဲသားဖြစ်ရသလဲ”လို့ မေးတော်မူတယ်။

ဒီအခါ သိကြားမင်းက “အရှင်မြတ်ဘုရား၊ တပည့်တော် ဘုရားမပွင့်မီ သာသနာပတွင် ကုသိုလ်ပြုခဲ့သူဖြစ်ပါတယ်၊ ဘုရားပွင့်တဲ့အခါ သာသနာတွင်းမှာ ကုသိုလ်ပြုခဲ့ကြသူတွေ နတ်ပြည်ရောက်လာတော့၊ သူတို့ရဲ့ကိုယ်ရောင်ကိုယ်ဝါတန်ခိုးတွေ ဟာ တပည့်တော်အပေါ်လွှမ်းမိုးနိုင်ကြပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်ဟာ ဆင်းရဲသားပါဘုရား”လို့ လျှောက်ထားတယ်။

ဒီတော့အရှင်မဟာကဿပမထေရ်မြတ်ကြီးက “ဟယ်– သိကြားမင်း၊ ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီအခါမှစပြီး သင်...

ဒီလိုလှည့်ပတ်ပြီး အလှူကိုမလှူလင့်”လို့သတိပေးစကား မိန့်ကြားတော်မူပါတယ်။

ဒီနောက်သိကြားမင်းဟာ အရှင်မဟာကဿပမထေရ်ကို ရှိခိုးပြီးတော့ သုဇာဒေဝီကို ခေါ်ဆောင်ကာ ကောင်းကင်သို့ ပြန်တက်ပြီး–“အလှူဒါနဟာ ဝမ်းမြောက်အံ့သြဖွယ်ကောင်းလေစွ၊ အရှင်မဟာကဿပမထေရ်မြတ်၌ ကောင်းစွာတည်တဲ့ အလှူဒါနဟာ အမြတ်ဆုံး ဒါနပါလေတကား”လို့ ဥဒါန်းကျူးသွားတယ်။ (ဓမ္မပဒအဋ္ဌကထာ၊ ၁၊ ၂၆၈–၂၇၀)။

## ၆။ ပါဟုနေယျသံဃဂုဏ်တော်

၁။ မြတ်နိုးတနာ၊ ဧည့်တွက်တာ၊ ဖွယ်ရာပစ္စည်းစုံ။
၂။ ကျွေးမွေးလှူပြန်၊ အလှူခံ၊ ထိုက်တန်အလုံးစုံ။
၃။ ပါဟုနေယျ၊ မည်တော်ရ၊ သံဃာ့မြတ်သောဂုဏ်။

## ပါဟုနေယျဂုဏ်–ဆိုတာ

ယခုဘုန်းကြီးဟောကြားမည့်တရားတော်က “ပါဟုနေယျ သံဃာ့ဂုဏ်တရားတော်”ဖြစ်ပါတယ်။

## ဝိဂြိုဟ်

ပါဟုနံ အရဟတီတိ ပါဟုနေယျော–

ပါဟုနံ – ချစ်မြတ်နိုးအပ်သော ဧည့်သည်တို့အလို့ငှာ ရည်စူး၍ထားအပ်သောအလှူကို၊ အရဟတိ– ခံယူထိုက်၏။ ဣတိတသ္မာ–ထို့ကြောင့်၊ ပါဟုနေယျော– ပါဟုနေယျမည်၏။

ပါဟုနေယျ–ဆိုတာ ဧည့်သည်တို့အတွက် စီမံထားသော ပစ္စည်းဝတ္ထုကို ခံယူတော်မူထိုက်သည်–တဲ့။

မည်သူမဆို ထိုထိုအရပ်မှ ရောက်လာကြတဲ့ မိမိချစ်မြတ်နိုးအပ်တဲ့ ဆွေမျိုးမိတ်ဆွေဧည့်သည်များကို ကျွေးမွေးဧည့်ခံဖို့ရာ ဆိုရင် ဖွယ်ဖွယ်ရာရာ ကောင်းမွန်စွာ စီမံပြီဖြစ်ပါတယ်၊ အဲဒါလို အကောင်းဆုံးပြုပြင်စီမံထားတဲ့ စားကောင်းသောက်ဖွယ်များကိုပင် ဒီဘုရားသားကျော် သံဃာတော်အရှင်မြတ်များဟာ ခံတော်မူထိုက်ကြပါပေတယ်၊ ဘာ့ကြောင့်လဲ ဧည့်သည်များအား ပြုစုတာဟာ ယခုမျက်မှောက်ဘဝအကျိုး သာမန်မျှသာ ပြန်လည်ရရှိတတ်တယ်၊ နောင်ဘဝအကျိုး ကြီးကြီးမားမားခံစားရတာ မဟုတ်ဘူး၊ အလှူရဲ့အကျိုးကြီးမြတ်မှုကို ပြုတတ်တဲ့ဂုဏ်ရှိသူ ထိုသံဃာတော်အရှင်များအား လှူရတဲ့အလှူဒါနကတော့ ပြောမပြနိုင်အောင် များမြောင်ပွံ့ဖြိုးတဲ့အကျိုးကို ခံစားရမည်မှာ သေချာလှတယ်၊ ဒါကြောင့်ပင် အဲဒါလို ဧည့်သည်များအတွက် ဧည့်ဒါနမျိုးကို အသာဆိုင်းထားပြီး သံဃာတော်အရှင်မြတ်အားသာ လှူသင့်တယ်–”လို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၁၊ ၂၁၃)တွင် မိန့်ဆိုထားပါတယ်။

## လေးစားထိုက်တဲ့သံဃာတော်ဧည့်သည်များ

တစ်နည်းအားဖြင့် ရိုးရိုးဧည့်သည်များထက်ပိုပြီး အလှူခံထိုက်ခြင်း၌ အကျိုးကြီးခြင်းသာမက တွေ့ခဲကြုံခဲခြင်းလဲ အကြောင်းတစ်ရပ်ပဲ။

သဗ္ဗသော ဘျာဂတောဂုရု–မိမိထံရောက်လာတဲ့ဧည့်သည် များမှာ အားလုံး အလေးပြုဂရုစိုက်ရမည့်သူများပင်ဖြစ်ကြတယ်။

သံဃာတော်များကတော့ ဒကာ၊ ဒကာမများကိုမှီပြီး အသက်မွေးကြရတာဖြစ်တာကြောင့် ဒကာ၊ ဒကာမများထံ ကပ်ရောက် ရသူများဖြစ်ပြီး– "အာဂန္တုတိတိ အာဂန္တုကော– လာတတ်သောကြောင့် အာဂန္တုဧည့်သည်မည်၏"ဆိုတဲ့ အနက် အရ ဧည့်သည်တော်ကြီးများပင်။

လောကဧည့်သည်များကတော့တွေ့ရကြုံရဖန်များလို့ထူးခြား လှတာမဟုတ်လဲမဟုတ်ဘူး၊ တွေ့ခဲကြုံခဲလှတာလဲ မဟုတ်ဘူး။

ဘုရားသားတော်သံဃာတော်များကတော့ ဘုရားပွင့်မှ ပေါ်လာရမြဲဖြစ်တာကြောင့် ဘုရားနှင့် ကြုံရဖို့ခဲယဉ်းသလို တွေ့ဆုံဖို့ ခဲယဉ်းလှတဲ့ ကမ္ဘာ့ဧည့်သည်တော်ကြီးများဖြစ်ကြ တယ်၊ ဂုဏ်များနဲ့ပြောရရင်လဲ လောက ဧည့်သည်များထက် နှစ်သက်ကြည်ညိုဖွယ်တရားများရှိတဲ့ ပုဂ္ဂိုလ်များသာ ဖြစ်တော် မူကြတယ်၊ ဒါကြောင့် "သံဃသဒိသော ပါဟုနကောနာမ နတ္ထိ–သံဃာနှင့်တူတဲ့ ဧည့်သည် မည်သည်မရှိ"လို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (၁၊ ၂၁၃)၌ မိန့်ဆိုပါတယ်။

အဲဒါလို တွေ့ခဲဆုံခဲခြင်း နှစ်သက်ကြည်ညိုဖွယ်ဂုဏ် ရှိခြင်းများကြောင့် လောက၌ အကောင်းဆုံးပြုကိုပါတယ်ဆိုတဲ့ ထိပ်တန်းဧည့်သည်များကိုပင် ဧည့်မခံသေးဘဲ အသာဆိုင်းထား လျက် ဘုရားတပည့်သားအရိယာသံဃာတော်များကိုသာ လှူထိုက် လှတော့တယ်။

## ပါဟုနေယျသံဃာ့ဂုဏ်နှင့်ကျောင်းအမဝိသာခါ

ဒီနေရာတွင် သံဃာတော်များရဲ့ပါဟုနေယျဂုဏ်နှင့် ဝိသာခါကျောင်းအမကြီးအကြောင်းကို အနည်းငယ် ဖော်ပြပါဦးမယ်။

## ဝိသာခါလောင်းလျာမယ်ဆုပန်ခဲ့တယ်

လွန်ခဲ့တဲ့ကမ္ဘာတစ်သိန်းထက် ပဒုမုတ္တရဘုရားရှင်ဟာ သေဌေးမဟာစ်ဦးတောင်းတဲ့ဆုရှစ်ပါးကိုပေးလျက် ဘုရားအမှူးရှိတဲ့ သံဃာတော်များအား အကျွမ်းတဝင်ပြုစုလုပ်ကျွေးစေပါတယ်။

ထိုအမျိုးသမီးသေဌေးကို အားကျစံနမူနာယူပြီး ဝိသာခါအလောင်းလျာအမျိုးသမီးသေဌေးလဲ ပဒုမုတ္တရမြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တစ်သိန်းတို့အား ခုနစ်ရက်ပတ်လုံး ဆွမ်းဆက်ကပ်ပြီးတဲ့ နောက်ဆုံးနေ့တွက် သင်္ကန်း တစ်စုံစီပါ ဆက်ကပ်ပြီးတော့ ဘုရားတစ်ဆူဆူသာသနာတွင် ဆုရှစ်ပါးရသူ ဖြစ်လိုကြောင်း ဆုတောင်းလျှောက်ထားပါတယ်။

ဒီအခါ ပဒုမုတ္တရဘုရားရှင်က "ယနေ့မှစပြီး ကမ္ဘာတစ်သိန်းကြာလျှင်ပွင့်မည့် ဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် ယခုတောင်းတဲ့ ဆုရှစ်ပါးကိုရမည်" လို့ ဗျာဒိတ်စကားကို မိန့်ကြားတော်မူပါတယ်။

## အနှစ်, နှစ်ပေါင်းကြာအောင်ဥပုသ်စောင့်ခဲ့သူ

ဝိသာခါလောင်းလျာအမျိုးသမီးဟာ ခုနစ်ရက်ပတ်လုံး ဆွမ်းကပ်ပြီး ဆုပန်ခဲ့တဲ့ကုသိုလ်ကြောင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အပါယ်လေးပါးသို့ မကျရောက်ရပါ။

သူမဟာ လူနတ်ဘဝများ၌သာ ကျင်လည်ခဲ့ရပြီး ဤကမ္ဘာ၌ပွင့်တဲ့ ကဿပမြတ်စွာဘုရားရှင်လက်ထက်တော်ဝယ် ဗာရာဏသီပြည် ကိကီမင်းကြီးရဲ့သမီးတော်ခုနစ်ဖော်တွင် အငယ်ဆုံးသံဃဒါသီအမည်နဲ့ အိမ်ယာမထောင်ဘဲ အစ်မတော်များနှင့်အတူ အနှစ်နှစ်သောင်းကာလပတ်လုံး ကောမာရဗြဟ္မစရိယဥပုသ် သီလဆောက်တည်ကျင့်သုံးကာ ဒါနစတဲ့ ကုသိုလ်တရားများကို ပြုလုပ်ပျော်မွေ့ခဲ့ပါတယ်။

## ခုနစ်နှစ်သမီးအရွယ်ကပင် သောတာပန်တည်ခဲ့တယ်

ယခုအကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ အင်္ဂတိုင်း ဘဒ္ဒိယမြို့တွင် မေဏ္ဍကသေဌေးကြီးရဲ့သား ဓနဉ္စယသေဌေးနှင့် သုမနဒေဝီတို့ရဲ့သမီးဝိသာခါ ဖြစ်လာပါတယ်၊ သူမဟာ မြတ်စွာဘုရားရှင် ဘဒ္ဒိယမြို့သို့ ကြွလာစဉ် အဖိုးမေဏ္ဍကသေဌေးကြီးနှင့်အတူ အမျိုးသမီးငါးရာခြံရံလျက်ဘုရားရှင်ကို ကြိုဆိုကြတယ်၊ ခုနစ်နှစ်အရွယ်မျှရှိသေးတဲ့ ဝိသာခါဟာ ထိုကြိုဆိုပွဲတွင် ဘုရားဟောကြားတဲ့တရားတော်ကို နာကြားရသဖြင့် အမျိုးသမီးငါးရာနှင့်အတူ သောတာပန်ဖြစ်ပါတယ်။

နောက်နေ့တွင် မြတ်ဘုရားအမှူးရှိတဲ့ သံဃာတော် ၁၂၅၀ အား အိမ်ပင့်ဆွမ်းကပ်အပြီးတွင် မြတ်ဘုရားရဲ့တရားကို နာကြားရသဖြင့် အဖွားစန္ဒပဒုမဒေဝီ၊ မိဖ(ဓနဉ္စယနှင့် သုမနဒေဝီ) နှစ်ပါးတို့နှင့် ကျွန်ုပုဏ္ဏတို့ပါ သောတာပန် တည်ကြပါတယ်။

## ရာဇဂြိုဟ်ဝယ်မြေပေါက်သူ သေဌေးငါးဦးရှိတယ်

ဗိမ္ဗိသာရမင်းကြီးရဲ့နိုင်ငံရာဇဂြိုဟ်ပြည်၌ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလိယဆိုတဲ့ သေဌေးကြီးငါးဦးရှိတယ်။

ကောသလမင်းရဲ့ နိုင်ငံသာဝတ္ထိပြည်၌ ခိုင်ခန့်ကြီးကျယ်တဲ့ သေဌေးတစ်ဦးမျှမရှိသဖြင့် ကောသလမင်းနှင့် မောင်လှယ်နှမလှယ်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းထံ ကောသလမင်းက သေဌေးတစ်ဦးလောက်တောင်းတယ်၊ ဒါကြောင့် ဗိမ္ဗိသာရမင်းက မေဏ္ဍကသေဌေးရဲ့သား ဓနဉ္စယသေဌေးကို ပေးလိုက်တယ်။

သာဝတ္ထိမြို့တော်တွင် လူနေထူထပ်လို့နေရာကျဉ်းသဖြင့် ခုနစ်ယူဇနာဝေးတဲ့အရပ်တွင် ဓနဉ္စယရဲ့ဆန္ဒအရကောသလမင်းက နေရာဝိုင်းပြီး ပေးလိုက်တယ်၊ ဓနဉ္စယသေဌေးကိုယ်တိုင် မိမိရဲ့ နေရာအရပ်ပဲလို့ သတ်မှတ်တာကို အကြောင်းပြုပြီး ထိုနေရာကို သာကေတမြို့-လို့ အမည်ပေးတယ်။

## ဝိသာခါရဲ့ကြီးကျယ်ခမ်းနားတဲ့မင်္ဂလာပွဲ

ဝိသာခါသတို့သမီး ၁၆နှစ်အရွယ် ရောက်တော့ သာဝတ္ထိမြို့က မိဂါရသေဌေးသား ပုဏ္ဏဝဍ္ဍနလုလင်နှင့် လက်ထပ်မင်္ဂလာပြုကြတယ်။

ပုဏ္ဏဝဍ္ဍနသတို့သားရဲ့ ဖခင် မိဂါရသေဌေးကြီးဟာ ကောသလမင်းကြီးကိုပါ ဖိတ်ခေါ်ခဲ့ပြီး သာကေတမြို့သို့သွားကာ သတို့သမီးဝိသာခါကို ခမ်းနားစွာ ဆောင်ယူပေးတယ်၊ မိဂါရသေဌေးဟာ ကုဋေ ၄၀-ဥစ္စာကြွယ်သော်လည်း ဓနဉ္စယသေဌေးရဲ့

စည်းစိမ်ဥစ္စာနှင့်စာလျှင် ဘာမျှမပြောလောက်ပေ တစ်ချင်ရွေး မျှသာ ရှိတယ်။

ဓနဉ္စသေဌေးတို့ဘက်က သူရဲ့သမီး ဝိသာခါအတွက် ငွေလှည်း ၅၀၀၊ အဝတ်အထည်လှည်း ၅၀၀၊ ထောပတ်ဆီဆန် စတဲ့အစားအစာကုန်ပစ္စည်းလှည်းပေါင်း ၅၀၀၊ တိုက်စီနှင့် အခြံအရံသတို့သမီး ၂၀၀၊ အလုပ်အကျွေးကျွန်မ ၁၅၀၀၊ အလျားတစ်ယူဇနာ၊ အနံတစ်ဥသဘကျယ်ဝန်းတဲ့အရပ်၌ အချင်းချင်းပြည့်နှက်ထိစပ်နေတဲ့ နွားထီးနွားမပေါင်း နှစ်သိန်း နှစ်သောင်းကို အံ့ချီးဖွယ်ရာ ပေးလိုက်ပါတယ်။

သမီးဝိသာခါအတွက် ဩဝါဒ ၁၀မျိုး၊ ကိုယ်စားလှယ်သေ ဌေးရှစ်ဦး၊ ၉–ကုဋေတန် မဟာလ္လတာတန်းဆာနှင့် ရေချိုးက သယ်မှုန့်(ဆပ်ပြာ) ဖိုး ၅၄–ကုဋေ၊ ရှိတဲ့ဥစ္စာများကို ပေးလိုက် ပါတယ်၊ သူတို့ကို မထည့်ဘဲနဲ့ ခြံတွင်းမှ ခုန်ထွက်လိုက်သွားတဲ့ နွားပေါင်းက တစ်သိန်းရှစ်သောင်းပါသွားသေးတယ်။

## ထူးထွေအံ့စရာ မဟာလ္လတာတန်းဆာ

မဟာလ္လတာတန်းဆာဆိုတာ ရွှေပန်းထိမ်သည်ပေါင်း ငါးရာ တို့ဖြင့်လေးလကြာအောင်လုပ်ရတယ်၊ ပန်းတိမ်လက်ခချည်းငွေ တစ်သိန်းပေးရတယ်၊ တစ်နိက္ခလျှင် ၅–ကျပ်သားရှိတဲ့ ရွှေစင် နိက္ခပေါင်း အချိန်တစ်ထောင်ကို မတည်ပြီး စိန် လေးကွန်းစား၊ ပတ္တမြား သုံးဆယ့်သုံးကွန်းစား၊ အခြားအဖိုးများစွာ ထိုက်တန်တဲ့ ရတနာခုနစ်ပါးတို့ကို ထည့်သွင်းတပ်ဆင်ပြီး ငွေချည်ဖြင့်သာ

ချုပ်ရတယ်၊ ဦးခေါင်းသာစွပ်လိုက်လျှင် ခြေဖမိုးအထိ လုံခြုံတယ်၊ ဦးခေါင်းပေါ်တွင် က–နေဟန် ဒေါင်းရုပ် တပ်ဆင်ထားတယ်၊ အဲဒီဒေါင်းရုပ်က သက်ရှိလို့ထင်ရအောင် အသက်ဝင်တယ်၊ ဒီမဟာလ္လတတန်ဆာကို ပစ္စည်းဥစ္စာပေါများကြွယ်ဝသူတိုင်း ဝတ်ဆင်နိုင်တာမဟုတ်ဘူး၊ ဆင်ပြောင်ငါးစီးကိုယ်စွမ်းအားရှိသူမှ ဝတ်နိုင်တယ်။

ဗုဒ္ဓမြတ်စွာဘုရားလက်ထက်တော်က ဝိသာခါရဲ့ ကျွန်မဟာ ကိုယ်ခွန်အားဗလရှိသော်လဲ ဥစ္စာအင်အားမရှိလို့ မဝတ်ရရှာဘူး၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ၊ ဗာရဏသီသေဌေးသမီး ဘဒ္ဒါ၊ ဝိသာခါဆိုတဲ့ သူမတို့သုံးဦးသာဝတ်ဆင်ကြရတယ်။

ဝိသာခါရဲ့လောင်းလျာကိကိမင်းရဲ့သမီးငယ် သံဃဒါသီဘဝတွင် သံဃာတော်နှစ်သောင်းတို့အား အပ်ချည်၊ အပ်၊ ဆိုးရည်များနှင့် သင်္ကန်းလျာများကို လှူဒါန်းဖူးတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဤမဟာလ္လတာတန်းဆာကို ဝတ်ဆင်ရတယ်၊ သင်္ကန်းလှူလျှင် အမျိုးသမီးများအတွက် မဟာလ္လတာတန်းဆာကိုရပြီး အမျိုးသားများအတွက် ဧဟိဘိက္ခုရဟန်းပြုခွင့်ရတယ်၊ လှုနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကိုလဲ ရနိုင်တယ်။

## မိဂါရမာတာ ဝိသာခါ

ဝိသာခါခင်ပွန်းနှင့် ယောက္ခမများအိမ်သို့ ရောက်တဲ့အခါ အာဇာနည်မြင်းမ သားဖွားရာတွင် ဝိသာခါသွားရောက်ပြုစုမှု၊ ယောက္ခမများကိုးကွယ်တဲ့ တက္ကတွန်းဘုန်းကြီးအပါး ၅၀၀– တို့အား နို့ဆွမ်းကျွေးရာတွင် ဝိသာခါမလာမှု၊ သံဃာတစ်ပါး

ဆွမ်းရပ်ရာတွင် "တပည့်တော်မရဲ့ယောက္ခမက အဟောင်းကိုသာ စားပါတယ်"လို့ လျှောက်ထားမှု၊ သာကေတမြို့ကထွက်ခါနီးတွင် ဖခင်သေဋ္ဌေးဓနဉ္စယက သမီး ဝိသာခါအား အချက်၁၀-ချက် လျှို့ဝှက်မှာကြားမှုများနှင့်စပ်ပြီး ယောက္ခမမိဂါရနှင့် ချွေးမ ဝိသာခါတို့ သဘောထားကွဲပြားကြသဖြင့် ဝိသာခါဟာ ယောက္ခမရဲ့နှင်ချခြင်းကိုလဲ ခံရတယ်။

ထိုအခါဝိသာခါက "ဒီလိုနဲ့တော့ ကျမထွက်မသွားနိုင်သေးဘူး၊ ကျမဒီကိုလိုက်လာတာလဲ မထင်မရှားလိုက်လာတာ မဟုတ်ဘူး၊ မိဖမဲ့ ကျွန်အစေခံလဲ မဟုတ်ဘူး၊ အရေးပေါ်ရင် ဖြေရှင်းနိုင်ရန် အာမခံအစောင့်အရှောက် ရှစ်ယောက်တောင် ပါလာခဲ့တာပဲ၊ အဲဒီပညာရှိ သူကြွယ်ရှစ်ယောက်တို့ကိုခေါ်ပြီး ကျမအပြစ် ဟုတ်မဟုတ်ကိုဖြေရှင်းကြစေလိုတယ်"လို့ ပြောတယ်။

## ချွေးမနဲ့ယောက္ခမပြဿနာရှင်းပွဲ

ထိုအခါ မိဂါရသေဋ္ဌေးက ထိုပညာရှိသူကြွယ်ရှစ်ယောက်ကို ခေါ်ပြီး -

ဦးမိဂါရ = အာမခံလူကြီးမင်းတို့၊ ဒီဝိသာခါသတို့သမီးဟာ ဒီအိမ်ရောက်လို့မှ ခုနစ်ရက်မပြည့်သေးဘူး၊ မင်္ဂလာရှိတဲ့ အိမ်မှာနေထိုင်သူ အကျွန်ုပ်ကို အဟောင်းအမြင်းစား- မစင်စားလို့ပြောဆိုတယ်။

လူကြီးများ = သမီးယခုသေဋ္ဌေးကြီးပြောတဲ့အတိုင်း သမီးက ပြောမိသလား။

မဝိသာခါ = ဖခင်တို့၊ သမီးရဲ့ယောက္ခမဟာ မစင်စားချင်လို့ ဖြစ်မယ်ထင်တယ်၊ သမီးကတော့ ယောက္ခမကို မစင်စားပြုပြီး မပြောဆိုမိပါဘူး၊ အမှန်ကတော့ ပိဏ္ဍပါတ်ခံတော်ဆောင်မထေရ်မြတ်တစ်ပါး ဒီအိမ် တံခါးဝ၌ ရပ်တော်မူစဉ် ကျမယောက္ခမကြီးဟာ ဃာနာနို့ထမင်းကို စားသုံးနေလျက်က ထိုရဟန်း တော် မထေရ်မြတ်ထံသွားကာ–ကန်တော့ဆွမ်းပါ ဘုရား တပည့်တော်မရဲ့ယောက္ခမဟာ ယခုဘဝ ဒီကိုယ်အဖြစ်၌ ကုသိုလ်ကောင်းမှုအသစ်ကိုမပြုပါ၊ ရှေးအဟောင်းအမြင်းကုသိုလ်ကောင်းမှုရဲ့အကျိုးကို သာ စားသုံးနေပါတယ်–လို့ ပြောဆိုမိပါတယ်။

လူကြီးများ = အရှင်သေဋ္ဌေးမင်း၊ ဒီကိစ္စ၌ ကျွန်ုပ်တို့ရဲ့သမီးမှာ အပြစ်မရှိပါ၊ ကျွန်ုတို့ရဲ့သမီးဟာ အကြောင်းမှန် စကားကို ပြောဆိုပါတယ်၊ အရှင်သေဋ္ဌေးမင်းဟာ ဘာ့ကြောင့် အမျက်ထွက်ရပါသလဲ။

ဦးမိဂါရ = လူကြီးမင်းတို့ ဒီပြောဆိုချက်ဟာ အပြစ်မရှိရင် ရှိပါစေဦး၊ ဒီဝိသာခါသူငယ်မဟာ ဒီအိမ်သို့ရောက် တဲ့နေ့မှာပင် ကျွန်ုပ်ရဲ့သားအပေါ်၌ရှိတယ်–လို့ပင် အမှတ်မထားဘဲ သွားလိုရာသွားနေခဲ့ပါတယ်။

လူကြီးများ = သမီး–၊ ယခု ဒီသေဋ္ဌေးကြီး တိုင်ကြားချက်အတိုင်း သမီးသွားချင်ရာ သွားခဲ့မိသလား။

မဝိသာခါ = ဖခင်တို့၊ သမီးဟာယောက္ခမသေဋ္ဌေးကြီး ပြောတဲ့ အတိုင်း သွားလိုရာသွားနေခဲ့တာ မဟုတ်ပါဘူး။

အမှန်မှာ ယိုနေ့က ဒီအိမ်၌ အာဇာနည်မြင်းမဟာ သားဖွားခဲ့ပါတယ်၊ ဒီလိုအာဇာနည်မြင်းမ သားဖွား နေပါလျက် အမှတ်တမဲ့နေဖို့ရာ မသင့်လျော်ပါ လား–လို့ စဥ်းစားမိတဲ့အတွက် ဆိမ်းတိုင်များကို ကိုင်ယလျက် ကျွန်မိန်းမများခြံရံပြီး အဲဒီသားဖွားရာ အရပ်သို့သွားလျက် စောင့်ရှောက်နေပါတယ်။

လူကြီးများ = အရှင်သေဋ္ဌေးမင်း၊ ကျွန်ုပ်တို့သမီးဟာ သေဋ္ဌေးမင်း အိမ်၌ကျွန်းမိန်းမများပင် မပြုလုပ်နိုင်တဲ့ကိစ္စကို ဆောင်ရွက်ပြုလုပ်ခဲ့ပါတယ်၊ ဒီကိစ္စ၌ အရှင် သေဋ္ဌေးဟာ ဘာကြောင့်အပြစ်တင်ရသလဲ။

ဦးမိဂါရ = အာမခံလူကြီးမင်းတို့၊ ဒီလုပ်ဆောင်ချက်ဟာ ဂုဏ်ကျေးဇူးပဲသားလိုက်ပါဦး၊ ကျွန်ုပ်ပြောလိုသေး တာက ဒီဝိသာခါ သူငယ်မရဲ့ဖခင်က ဒီအိမ်ကို လာမည့်နေ့တွင် အဆုံးအမဩဝါဒပေးလိုက်တဲ့–

၁။ အတွင်းမီးကို အပြင်မထုတ်ရ၊
၂။ အပြင်မီးကို အတွင်းမသွင်းရ၊
၃။ ပြန်ပေးသူအားသာ ပေးရမည်၊
၄။ ပြန်မပေးသူအား မပေးရ၊
၅။ ပြန်ပေးပေး–မပေးပေး–ပေးရမည်၊
၆။ ချမ်းသာစွာနေထိုင်ရမည်၊
၇။ ချမ်းသာစွာစားရမည်၊

၈။ ချမ်းသာစွာအိပ်ရမည်၊
၉။ မီးကိုရိုသေစွာလုပ်ကျွေးရမည်၊
၁၀။ အိမ်တွင်းနတ်များကို ရှိခိုးရမည်-

ဆိုတဲ့အချက် ၁၀-ချက်ဟာ ဘယ်လိုဟာတွေလဲ၊ အိမ်နီးဆက်ဆံရေးတွေ ပျက်ပြားများကုန်လေလား၊ ပြီးတော့ မီးလုပ်ကျွေးတဲ့ ဗြဟ္မဏဝါဒ၊ နတ်ကိုးကွယ်တဲ့ ဝါဒတွေလဲ ရှုပ်ကုန်မလေလား မပြောတတ်ဘူး၊ အဲဒီလျှို့ဝှက်ချက်ဩဝါဒ ၁၀-ပါးရဲ့ အဓိပ္ပါယ်က ဘယ်လိုပါလဲ။

လူကြီးများ = သမီး၊ ဒီယခုသေဌေးကြီးပြောတဲ့အတိုင်းသင့်မသင့် ဖခင်ဓနဥ္စယသေဌေးကမှာထားပြောဆိုလိုက်သလား။

ဗဝိသာခါ = ဖခင်တို့၊ သမီးရဲ့ဖခင်ဓနဥ္စယသေဌေးကြီးက၊ ယခုယောက္ခမကြီးပြောဆိုတဲ့ပကတိမီးကို ရည်ရွယ်ပြောတာမဟုတ်ပါ။

**၁။ ပုစ္ဆာအဖြေ**

အမှန်ကတော့၊ ကိုယ့်မိသားစု အိမ်အတွင်း ယောက္ခမ စသူများရဲ့အတွင်းရေးများကို ပြင်ပ တပည့်လက်သားကျွန်မိန်းမ၊ ကျွန်ယောကျ်ား စသူများအား မပြောကြားသင့်ပါ၊ မှန်ပါတယ်၊ အဲဒီစကားများ ကျယ်ပွားလာပါက ခိုက်ရန်ငြင်းခုံမှု အရှုပ်အထွေးများ ဖြစ်လာနိုင်ပါတယ်၊ ဒီအိမ်တွင်းမီးကို ရည်ရွယ်ပြီး ဖခင်ကပြောလိုက်တာပါ။

## ၂။ ပုစ္ဆာအဖြေ

အမှန်ကတော့ ပြင်ပမီးဆိုတာ– ကျွန်အမှုလုပ်စတဲ့ ပြင်ပလူများပြောဆိုတဲ့ အပြစ်တင်စကားများကို မိသားစုအိမ်တွင်းလူများအား မပြောကြားသင့်ပါ၊ ပြောကြားက ညီညွတ်ရေးပျက်ပြားပြီး အားလုံးဒုက္ခရောက်နိုင်ပါတယ်၊ ဒါကို ရည်ရွယ်ပြီး ဖခင်ကပြောလိုက်တာပါ။

## ၃။ ပုစ္ဆာအဖြေ

ပြန်ပေးသူများအားသာပေးရမည်ဆိုတာကလဲ အိမ်နားနီးချင်းများက မိမိအိမ်မှငှားရမ်းတဲ့ပစ္စည်းကို မပျက်မစီးစေဘဲ အချိန်မှန် ပြန်ပေးသူများအားသာ ငှားရမ်း ပေးကမ်းပါမည်လို့ ဆိုလိုပါတယ်၊ ဒါဟာအိမ်တွင်းပစ္စည်း မပြုန်းတီးရေးပါ။

## ၄။ ပုစ္ဆာအဖြေ

ပြန်မပေးသူများအားမပေးရဆိုတာကလဲ ငှားရမ်းသွားတဲ့ပစ္စည်းများကို ပြန်မပေးသူများအား နောက်ထပ်မငှားရမ်းမပေးကမ်းရဘူးလို့ စည်းကမ်းသတ်ပြောတာပါ၊ ဒါလဲလူပေါင်းမမှားရေး အိမ်တွင်းပစ္စည်းမဆုံးရှုံးရေးအတွက် ပြောတဲ့စကားပါ။

## ၅။ ပုစ္ဆာအဖြေ

မပေး–ပေး ပေးရမည်ဆိုတာကလဲ ဆင်းရဲနွမ်းပါးတဲ့ ဆွေမျိုးမိတ်ဆွေများ ကိုယ့်ထံမှောက်ရောက်လာရင် တစ်ဖန်ပြန်ပေးနိုင်သူပဲဖြစ်ဖြစ်၊ မပေးနိုင်သူပဲဖြစ်ဖြစ်၊ ကိုယ့်ဘက်ကတတ်နိုင်သမျှ ထောက်ပံ့ပေးကမ်းရမယ်လို့ ဆိုလိုတာပါ။

### ၆။ ပုစ္ဆာအဖြေ

ချမ်းသာစွာနေထိုင်ရမယ်ဆိုတာကလဲ ယောက္ခမ၊ ယောက်ျားသူ၊ ယောက္ခမ မိန်းမသူများကိုမြင်လျှင် ကိုယ်က မတ်တတ်ထနေရမည့်အရာ၌ ထိုင်နေရန်မသင့်လျော်ပါ၊ အလျင်ဦးစွာ ကိုယ်ကထပြီး အရိုအသေပြုရမယ်လို့ ဆိုလိုပါတယ်။

### ၇။ ပုစ္ဆာအဖြေ

အိမ်ရှင်ခင်ပွန်းယောက်ျားများကိုကိုယ်မစားသေးဘဲ လက်ဦးစွာကျွေးမွေးပြီးတော့မှ အားလုံးလုံလောက်စွာစားရ၊ မစားရကိုကြည့်ရှုကျွေးမွေးပြုစုပြီးမှ မိမိကစားသုံးရမည်လို့ ဆိုလိုတာပါ။

### ၈။ ပုစ္ဆာအဖြေ

ချမ်းသာစွာအိပ်ရမည်ဆိုတာကလဲ ယောက္ခမ ယောက်ျားသူ၊ ယောက္ခမမိန်းမသူ၊ ခင်ပွန်းယောက်ျားတို့ရဲ့ ရှေ့ဦးစွာ ကိုယ်ကတက်ရောက်အိပ်ရာမဝင်ရဘူး၊ သူတို့ကို ပြုသင့်ပြုထိုက်တဲ့ ဝတ်ကြီး၊ ဝတ်ငယ်ပြုစုပြီးမှ ကိုယ်ကအိပ် ရတယ်လို့ ဆိုလိုတာပါ။

### ၉။ ပုစ္ဆာအဖြေ

မီးကိုရှိသေစွာလုပ်ကျွေးရမယ်ဆိုတာကလဲ ယောက္ခမ ယောက်ျားသူကိုရော၊ ယောက္ခမမိန်းမသူကိုရော၊ ခင်ပွန်းကိုပါ မီးပုံကြီးလိုတစ်မျိုး မြွေနဂါးလိုတစ်ပုံစိတ်၌ထားကာ ရိုသေ လေးစားစွာ ပြုမူပြောဆိုနေထိုင်ရမည်လို့ ဆိုလိုတာပါ။

## ၁၀။ ပုစ္ဆာအဖြေ

အိမ်တွင်းနတ်များကို ရှိခိုးရမည်ဆိုတာကလဲ အိမ်ထောင်သည် အိမ်ရှင်မဖြစ်တဲ့အချိန်မှစပြီး မိမိရဲ့အိမ်တံခါးဝ ရောက်လာတဲ့ရဟန်းတော်ကိုမြင်လျှင် ကိုယ့်အိမ်မှာရှိတဲ့ ဘောဇဉ် ခဲဖွယ်ကို တတ်စွမ်းသမျှ လှူဒါန်းပြီးမှသာ မိမိတို့ကစားရမည်လို့ ဆိုလိုတာပါ။

ဒီနောက် အာမခံလူကြီးများက "သေဌေးကြီး၊ သေဌေးကြီးကတော့ ရဟန်းတော်များကို မြင်ရင်မပေးကမ်း မလှူဒါန်းရတာကိုသာ သဘောကျတယ်ထင်ပါရဲ့" မှတ်ချက်ချ ပြောကြတဲ့အခါ မိဂါရသေဌေးကြီးဟာ ချေပစရာစကားမရှိဘဲ မျက်နှာအောက်ချနေတော့တယ်။

**လူကြီးများ** = ဘယ့်နှယ်လဲသေဌေးကြီး၊ ကျွန်ုပ်တို့ရဲ့သမီး ဝိသာခါအပေါ်မှာ ဘယ်လိုအပြစ်များ ကျန်ရှိပါ သေးသလဲ။

**ဦးမိဂါရ** = ဘာအပြစ်မှမရှိတော့ပါဘူး လူကြီးမင်းတို့ --။

**လူကြီးများ** = သေဌေးမင်း၊ ဒါဖြင့် အပြစ်မရှိတဲ့ကျွန်ုပ်တို့သမီးကို အကြောင်းမဲ့ဘာကြောင့် အိမ်မှနှင်ချရသလဲ။

**မဝိသာခါ** = ဖခင်တို့-၊ သမီးဟာ ယောက္ခမကြီးမဆင်မခြင် ပြောတဲ့စကားဖြင့်လက်ဦး ဒီအိမ်မှဆင်းသွားရန် မသင့်သေးလို့ နေခဲ့တာပါ။ ယခုသမီးမှာ အပြစ်မရှိ ကြောင်းပြသနာရှင်းပြီးတော့ သာကေတကိုပြန်ရန် အဆင်ပြေသွားပြီ။

ဒါလိုပြောပြီး ဝိသာခါက ကျွန်မိန်းမ၊ ကျွန်ယောက်ျားများအား သာကေတပြန်ရန် လှည်းစသည်များကို အပြင်နိုင်းတယ်။

ဒီအခါ ယောက္ခမဖြစ်သူ မိဂါရသေဌေးကြီးဟာ သူ့အပြစ် သူဝန်ခံတော့၊ ဝိသာခါက - သူဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကြည်ညိုသူဖြစ်တယ်၊ ဒါကြောင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ရမှ ဒီအိမ်တွင်ဆက်နေမယ်လို့ အရေးဆိုတယ်။

ဒီအခါ မိဂါရသေဌေးကြီးက “သမီးသဘောကျပင် ရတနာ သုံးပါးကို ကိုးကွယ်ဆည်းကပ်နိုင်ပါတယ်”လို့ ခွင့်ပြုပါတယ်။

ထိုနောက်နေ့တွင် ဝိသာခါက ဘုရားအမှူးရှိတဲ့ သံဃာတော် များကို အိမ်သို့ပင့်ပြီး ဆွမ်းကပ်တရားနာစသည်ကိုပြုတယ်။

ထိုတရားပွဲတွင် ဘာသာမတူသူယောက္ခမကြီး မိဂါရသေဌေး ဟာ တင်းတိမ်ကန့်လန့်ကာအပြင်ဖက်မှချောင်းပြီး တရား နာကြားရင်းက ရှေးပါရမီကလဲရှိတဲ့အတွက် သောတာပန် တည်သွားပါတယ်။

ထိုအခါမှစပြီး “သမီးချွေးမလိမ္မာကြောင်း အမှန်တရား ရပေတယ်၊ သမီးဟာ ငါ့ရဲ့ဘာသာရေး မိခင်ဖြစ်ပြီ”လို့ဆိုပြီး မိခင်အရာထားလေးစားသဖြင့် မယ်ဝိသာခါဟာ မိဂါရသေဌေးရဲ့ မိခင် မိဂါရမာတာရယ်လို့ နာမည်ထင်ရှားလူသိများခဲ့တယ်။

နောက်တစ်နေ့ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ဆွမ်းဆက်ကပ်အပြီး တရားဟောတာကို နာကြားရသူ ယောက္ခမ သူမိန်းမသေဌေးကတော်ကြီးနှင့် ဝိသာခါရဲ့ခင်ပွန်း မောင်ပုည ဝဍ္ဍန-ပါ သောတာပန်တည်ကြတယ်။

## ဝိသာခါတောင်းပြား ဆုရှစ်ပါး

ထိုအခါမိဂါရမိသားစုဟာ ဗုဒ္ဓဓမ္မလမ်းမှန်ပြပေးသူ ဝိသာခါအား ကျေးဇူးတင်မဆုံးဖြစ်ကြတယ်။

မယ်ဝိသာခါအမြဲဝတ်ဖို့ဆိုပြီး ရွှေစင်တစ်သိန်းထိုက်တန်တဲ့ ဃနမဋ္ဌကတန်ဆာကိုလဲ ပြုလုပ်ပေးကြတယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ပင့်ဖိတ်ဆွမ်းဆက်ကပ်ပြီးမှ ဝိသာခါကို နံ့သာရေမိုး ၁၆-အိုး ချိုးစေလျက် ထိုဃနမဋ္ဌကတန်ဆာကို ဝတ်ဆင်ပြီးလျှင် မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်များ မျက်မှောက်တွင် ထိုင်ကာ ဘုရားနှင့်သံဃာကိုရှိခိုးစေပါတယ်။

အခါတစ်ပါးတွင် မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည်မှနန် အနာထပိဏ်သေဌေးလှူဒါန်းတဲ့ ဇေတဝန်ကျောင်း၌ သီတင်းသုံး မွေ့လျော်နေတော်မူပါတယ်။

ထိုအခါ မိဂါရမာတာဝိသာခါဟာ မြတ်စွာဘုရားထံ ရောက်လာ ရှိခိုးပြီး "အရှင်ဘုရား၊ မြတ်စွာဘုရားဟာ သံဃာများ နှင့်အတူ နက်ဖြန်နံနက်၌ တပည့်တော်ရဲ့ဆွမ်းကို အလှူခံတော် မူပါဘုရား"လို့ လျှောက်ထားကာ ပြန်သွားပါတယ်။

ထိုညဉ့်ပစ္ဆိမယံ၌ လေးကျွန်းလုံးနဲ့တဲ့ မိုးကြီးရွာသွန်းတယ်၊ ထိုနံနက်မိုးသောက်ခါတွင် မြတ်စွာဘုရားက "ချစ်သားတို့၊ ဒီဇေတဝန်ကျောင်း၌ရွာတဲ့မိုးဟာလေးကျွန်းလုံးအနှံ့ရွာသွန်းတယ်၊ ရဟန်းတို့၊ ရေချိုးကြလော့၊ ဒီမိုးဟာ ဒီနှစ်အတွက် နောက်ဆုံး မိုးပဲ"လို့ မိန့်တော်မူတော့၊ ရဟန်းအားလုံး ရေချိုးကြတယ်၊

ထိုအခါ မိဂါရမာတာဝိသာခါက အိမ်ဖော်အမျိုးသမီး တစ်ယောက်ကို ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ဆွမ်းစားပင့် ကြိုရန်စေလွှတ်လိုက်တယ်။

အိမ်ဖော်ကျွန်မဟာ ဇေတဝန်ကျောင်းတွင်ရောက်တော့ လွတ်လပ်စွာ ရေချိုးကြတဲ့ ရဟန်းများကိုမြင်ပြီး အံ့ဩလန့်ဖျတ် ပြန်ပြေးကာ–သခင်မ၊ ဝိသာခါအား "သခင်မရေ၊ ကျောင်းတိုက် တွင်းမှာ ရဟန်းတော်တစ်ပါးမှ မတွေ့ခဲ့ရဘူး၊ အဝတ်မစည်း အချီးဖြစ်တဲ့ အာဇီဝကတက္ကတွန်းများကို ရေချိုးနေတာကိုသာ တွေ့ခဲ့ရတယ်"လို့ ပြောတယ်။

ထိုအခါ လိမ္မာရေးခြားပညာများတဲ့ ဝိသာခါက "ဒီကျွန်မဟာ သင်္ကန်းမပါပဲရေချိုးနေတဲ့ရဟန်းတော်များကို မြင်ခဲ့ဟန်တူတယ်"လို့ ဆင်ခြင်စဉ်းစားပြီး "ဟယ်––ဒီကျွန်မ ကလဲ၊ ဆွမ်းစားပင့်ချေပါဆိုတာကို ပြန်လာရသလား၊ သွားချေ ဦး၊ အရှင်ဘုရား၊ ဆွမ်းပြင်ပြီးပါပြီ၊ ဆွမ်းဘုဉ်းပေးချိန်တန်ပါပြီ လို့ ဘုရားနှင့်သံဃာတော်အား လျှောက်ထားပါချေ"လို့ လွှတ်လိုက်ပြန်တယ်။

ထိုအခါ ရဟန်းများလဲရေချိုးပြီးတော့ ကိုယ်ချမ်းသာပြီမို့ သင်္ကန်းများကိုယူကာ အခန်းတွင်းဝင်သွားကြတယ်။

ဒုတိယအကြိမ် ဆွမ်းစားပင့်လာသူ ကျွန်မငယ်ဟာ ဇေတဝန်ကျောင်းတိုက်ထဲတွင် ရဟန်းတစ်ပါးမျှမတွေ့ရဘဲ တိတ်ဆိတ်နေသဖြင့် ပြန်လာပြီး "သခင်မရေ၊ ဒီတစ်ခါတော့

ဇေတဝန်ကျောင်းတိုက်ထဲမှာ အာဇီဝကတက္ကတွန်းလဲ တစ်ပါးမျှ မတွေ့ရဘူး၊ ကျောင်းတိုက်ကြီးကို တိတ်ဆိတ်နေတယ်”လို့ ပြောပြန်တယ်။

ထိုအခါလဲ လိမ္မာပါးနပ်သူဝိသာခါက “ဒီကျွန်မဟာ ရဟန်းများရေချိုးပြီးစကျောင်းတွင်းဝင်ကာ ကိုယ်ရေစစ်ပြီး သင်္ကန်းဝတ်နေချိန်ရောက်သွားလို့ မတွေ့ခဲ့တာနဲ့တူတယ်”လို့ ဆင်ခြင်ပြီး “ဟယ်--ကျွန်မသွားချေပါဦး၊ အရှင်ဘုရား၊ အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီဘုရားလို့ မြတ်စွာဘုရားအား လျှောက်ထားချေ” လို့ ပြန်စေလွှတ်လိုက်တယ်။

ထိုအခါ မြတ်စွာဘုရားရှင်က “ရဟန်းတို့-၊ သပိတ်သင်္ကန်းကို ပြင်ဆင်ကြကုန်လော့၊ ဆွမ်းဘုဉ်းပေးရန်အချိန်တန်ပြီ”လို့ မိန့်တော်မူတယ်၊ ထိုအခါ ရဟန်းများလဲ “ကောင်းပါပြီဘုရား”လို့ ဝန်ခံပြီး ဆွမ်းစားကြွရန် ပြင်ဆင်ကြတယ်။

ထိုအခါ နံနက်ချိန်၌ မြတ်စွာဘုရားဟာ လက်မောင်းတစ်ကွေးတစ်ဆန့်ကာလအတွင်း၌ လျင်မြန်စွာ နောက်ပါရဟန်းတော်များနှင့်အတူ ဇေတဝန်ကျောင်းတော်မှ ထွက်ခဲ့ပြီး၊ မိဂါရမာတာဝိသာခါ အိမ်တံခါးမုခ်ဝယ်ထင်ရှားဖြစ်ပေါ်လာတော်မူတယ်။ မြတ်စွာဘုရားဟာ ခင်းထားတဲ့နေရာတွင် နောက်ပါသံဃာတော်များနှင့်အတူ သီတင်းသုံးထိုင်နေတော်မူပါတယ်။

ထိုအခါ ဝိသာခါဟာ “အချင်းတို့၊ မြတ်ဘုရားရဲ့ တန်ခိုးကြီးပုံဟာ အံ့သြဖွယ်ကောင်းလိုက်တာ၊ မဖြစ်စဖူးဘဲ အဖြစ်ထူး

လိုက်တာ၊ ကြည့်ပါဦး၊ ယခုအခါ ပဆစ်ဒူးဝန်းအထိပင် မြေပြင်တွင် ရေယဉ်စီးဆင်းနေပါလျက်၊ ခါးအထိလောက်ပင် မြေပြင်တွင် ရေယဉ်စီးနေပါလျက် ရဟန်းတစ်ပါးရဲ့ သျှူ ခြေထောက်တွေရဲ့ ရေမစိုကုန်၊ သင်္ကန်းတော်များလဲ တစ်စက်ကလေးမျှ ရေမစွပ်စိုကုန်"လို့ ဝမ်းသာအားရ မြတ်ဘုရားအမှူးရှိတဲ့ သံဃာတော်အပေါင်းအား ပြည့်စုံကောင်းမွန်စွာ ဆက်ကပ်ပါတယ်။

မြတ်ဘုရားနှင့် သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဝိသာခါက "အရှင်ဘုရား၊ တပည့်တော်မဟာ မြတ်စွာဘုရားအား ဆုရစ်ပါးကို တောင်းလိုပါတယ်"လို့ မြတ်စွာဘုရားကို လျှောက်ထားတယ်။

ထိုအခါ မြတ်စွာဘုရားက "ဝိသာခါ-၊ မြတ်စွာဘုရားတို့ဟာ ဆုပေးခြင်းမှ လွန်မြောက်ကြတယ်"လို့ မိန့်တော်မူတယ်။

ဒီတော့ဝိသာခါက "အရှင်ဘုရား၊ တပည့်တော်မ တောင်းမည့် ဆုရစ်ပါးဟာ အပ်လဲအပ်ပါတယ်၊ အပြစ်လဲမရှိပါဘုရား"လို့ ထပ်မံလျှောက်တယ်။

ထိုအခါမြတ်စွာဘုရားက "ဝိသာခါ၊ လျှောက်ထားလော့" လို့ မိန့်တော်မူတယ်။

ဒီတော့ ဝိသာခါက

၁။ အရှင်ဘုရား၊ အကျွန်ုပ်ဟာ သံဃာတော်အား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းကို လှူလိုပါတယ်။

၂။ ဧည့်သည်အာဂန္တုရဟန်းများအား ဆွမ်းလှူလိုပါတယ်။
၃။ ခရီးသွားရဟန်းများအား ဆွမ်းလှူလိုပါတယ်။
၄။ သူနာရဟန်းများအား ဆွမ်းလှူလိုပါတယ်။
၅။ သူနာပြုရဟန်းများအား ဆွမ်းလှူလိုပါတယ်။
၆။ သူနာရဟန်းတို့အား ဆေးလှူလိုပါတယ်။
၇။ အမြဲတန်းပင် သံဃာတော်အား ယာဂုလှူလိုပါတယ်။
၈။ ဘိက္ခုနီသံဃာအား ရေသနပ်သင်္ကန်းကို လှူဒါန်းလိုပါတယ်ဘုရား"လို့လျှောက်ထားတယ်။

## ဘာ့ကြောင့်ဆုရှစ်ပါးကိုတောင်းသလဲ

ထိုအခါ မြတ်စွာဘုရားက "ဝိသာခါ သင်ဟာဘာအကျိုးထူးကိုမြင်လို့ ငါ့အား ဆုရှစ်ပါးကိုတောင်းသလဲ"လို့ မေးတော်မူတယ်။

၁။ ဒီတော့ ဝိသာခါက အရှင်ဘုရား၊ ယခုအခါ တပည့်တော်မဟာ ကျွန်မကို ဘုရားအမှူးရှိတဲ့ သံဃာအား ဆွမ်းစားပင့်ကြိုထောက်ရန် စေလွှတ်ခဲ့ပါတယ်၊ သင်္ကန်းမပါဘဲ ရေချိုးနေတဲ့ ရဟန်းများကိုမြင်ခဲ့ပြီး ဇေတဝန်ကျောင်းတိုက်ထဲမှာ ရဟန်းတစ မှုမရှိပါ၊ အာဇီဝကတွေသာ ရေချိုးနေပါတယ်လို့ ပြန်လာသဖြင့် သုံးခေါက်ပြန်ပြီး စေလွှတ်ရပါတယ်ဘုရား၊ အရှင်ဘုရားအဝတ်မဆီး အချိုးနီးနေတာဟာ မစင်ကြယ်ပါ၊ စက်ဆုပ်ရွံရှာဖွယ်ဖြစ်ပါတယ်၊ ကြည်ညိုဖွယ်မရှိပါ၊ အရှင်ဘုရား တပည့်တော်မဟာ ဒီအကျိုးကိုမြင်လို့ သံဃာတော်အား မိုးရေခံသင်္ကန်းကို လှူလိုပါတယ်ဘုရား။

၂။ အရှင်ဘုရားအာဂန္တုဧည့်သည်ရဟန်းဟာ ရောက်ခါစတွင် ခရီးလဲမကျွမ်း အသိအကျွမ်းလဲမရှိသေးသဖြင့် ပင်ပန်းစွာ ဆွမ်းခံရရှာပါတယ်၊ တပည့်တော်လှူတဲ့ဆွမ်းကို စားပြီးမှ လမ်းလဲသိ၊ ဆွမ်းလှူတဲ့အိမ် မလှူတဲ့အိမ်ကိုလဲသိပြီး ချမ်းသာစွာ ဆွမ်းခံစားနိုင်ပါတယ်ဘုရား၊ အာဂန္တုကို ဆွမ်းလှူလိုပါတယ်။

၃။ အရှင်ဘုရား ခရီးသွားရဟန်းဟာ ခရီးထွက်ခါနီး ဆွမ်းခံနေရသဖြင့် အဖော်မမိ ယာဉ်မမိဘဲ ကျန်ရစ်နိုင်ပါတယ်၊ သွားလိုတဲ့နေရာကိုလဲ အချိန်နှောက်ကျပြီးမှရောက်ရမယ်၊ ပင်ပင်ပန်းပန်း ခရီးသွားရပါလိမ့်မယ်၊ တပည့်တော်အဆင်သင့်လှူတဲ့ ဆွမ်းကို စားရပြီးမှ ခရီးသွားလျှင် အဖော်လဲမိ လိုရာအရပ်လဲ စောစောရောက်၊ ဆွမ်းအတွက် မကြောင့်မကြဘဲ ချမ်းသာစွာ ခရီးသွားရပါမည်၊ ဒီအကျိုးကိုမြော်မြင်လို့ တပည့်တော် ခရီးသွားရဟန်းကို ဆွမ်းလှူလိုပါတယ်ဘုရား။

၄။ အရှင်ဘုရား၊ နာဖျားတဲ့ဂိလာနရဟန်းအား သင့်တင့်တဲ့ဘောဇဉ်ကိုမရခြင်းကြောင့် အနာရောဂါရင်လဲ တိုးပွားပါမယ်၊ သေရင်လဲသေပါလိမ့်မယ်၊ တပည့်တော်မလှူတဲ့ ဂိလာနအတွက် ဆွမ်းကိုစားရတဲ့ သူနာရဟန်းဟာ ရောဂါလဲမတိုးပွား၊ သေလဲ မသေနိုင်ပါ၊ ဒီအကျိုးကို မြော်မြင်လို့ တပည့်တော်သူနာရဟန်းကို ဆွမ်းလှူလိုပါတယ်ဘုရား။

၅။ အရှင်ဘုရား၊ သူနာပြုရဟန်းဟာ ကိုယ့်ဆွမ်းကိုယ် ရှာနေရရင် ဂိလာနရဟန်းအတွက်ဆွမ်းကို နေမြင့်မှ ဆောင်ပို့ရ

လိမ့်မယ်၊ ဆွမ်းငတ်ပြတ်လိမ့်မယ်၊ တပည့်တော်မလှူတဲ့ သူနာပြု ရဟန်းအတွက်ဆွမ်းကို စားရတဲ့ သူနာပြုရဟန်းဟာ ဂိလာန ရဟန်းအတွက်ဆွမ်းကို စောစောပို့ဆောင်နိုင်မယ်၊ ဆွမ်းငတ်ပြတ် မှုလဲ မဖြစ်နိုင်ပါ၊ ဒီအကျိုးကိုမြော်မြင်ပြီး သူနာပြုရဟန်းကို ဆွမ်းလှူလိုပါတယ်ဘုရား။

၆။ အရှင်ဘုရား၊ နာဖျားတဲ့ ဂိလာနရဟန်းအား လျောက် ပတ်တဲ့ ဆေးတို့ကို မရရင် အနာရောဂါရင်လဲ တိုးပွားမယ်၊ သေရင်လဲသေမယ်၊ တပည့်တော်မ လှူဒါန်းတဲ့ သူနာဂိလာန အတွက် ဆေးကိုစားရတဲ့ ဂိလာနရဟန်းဟာ အနာရောဂါလဲ မတိုးပွား၊ သေလဲမသေဘဲ ချမ်းသာနိုင်ပါမယ်၊ တပည့်တော်မဟာ ဒီအကျိုးကိုမြော်မြင်ပြီး သူနာဂိလာနရဟန်းကို ဆေးလှူလိုပါ တယ်ဘုရား။

၇။ အရှင်ဘုရား၊ မြတ်စွာဘုရားဟာ အန္ဓကဝိန္ဒမြို့၌ "၁၊ ယာဂုကိုလှူသူဟာ အသက်ကိုလှူရာရောက်တယ်၊ ၂၊ အဆင်းကို လှူသည်မည်တယ်၊ ၃၊ ချမ်းသာကိုလှူသည်မည်တယ်၊ ၄၊ ခွန် အားကိုလှူသည် မည်တယ်၊ ၅၊ ပညာကိုလှူသည် မည်တယ်၊ ၆၊ သောက်အပ်တဲ့ယာဂုဟာ ဆာလောင်ခြင်းကိုပယ်ဖျောက် တယ်၊ ၇၊ မွတ်သိပ်ခြင်းကို ပယ်ဖျောက်တယ်၊ ၈၊ လေကိုစုန် ဆင်းစေတယ်၊ ၉၊ ဆီးအိမ်ကိုစင်ကြယ် စေတယ်၊ ၁၀၊ အစာ သစ် အကြွင်းကို ကြေကျက်စေတယ်"ဆိုတဲ့ ဆယ်ပါးသော အကျိုးတို့ကို မြော်မြင်တော်မူသဖြင့် ယာဂုကို ခွင့်ပြုတော်

မှုတယ်၊ အရှင်ဘုရား တပည့်တော်မလဲ အဲဒီယာဂု အကျိုး ဆယ်မျိုးတို့ကို ကောင်းစွာမြော်မြင်သဖြင့် သံဃာတော်အား ရာသက်ပန်ယာဂုကို လှူဒါန်းလိုပါတယ်ဘုရား။

၈။ အရှင်ဘုရား၊ ဤသာသနာတော်က အမျိုးသမီး ဘိက္ခုနီရဟန်းများဟာ အစိရဝတီမြစ်တွင်း၀ယ် ပြည့်တန်ဆာမ များနှင့်အတူ ရေဆိပ်တစ်ခုထဲ၌ အ၀တ်မပါဘဲ ရေချိုးကြပါတယ်၊ အရှင်ဘုရား၊ အဲဒီရေချိုးဘက် ပြည့်တန်ဆာမများက ဘိက္ခုနီ ရဟန်းမများကို "အရှင်မတို့၊ ငယ်ငယ်ရွယ်ရွယ်အရှင်မများဟာ ဘာ့ကြောင့်တရားအကျင့်ကို ကျင့်နေကြသလဲ၊ ကာမဂုဏ်များကို ခံစားသင့်သေးတယ်မဟုတ်ပါလား၊ အရွယ်အိုမင်းမှ ရဟန်း၀တ်ပြီး တရားကျင့်ကြပါ၊ ဒါလိုကျင့်သုံးပါက သင်တို့အား လောကီကာမ ချမ်းသာခံစားရကျိုး၊ လောကုတ္တရာတရားချမ်းသာခံစားရကျိုး နှစ်မျိုးတို့ကို ရယူပြီးဖြစ်ကြမယ်-"လို့ ပြက်ရယ်စကားကို ပြောကြားပါတယ်။

အရှင်ဘုရား၊ အဲဒီအမျိုးသမီးရဟန်းများဟာ ပြည့်တန်ဆာမ များက ပြက်ရယ်ပြုခံရလို့ မျက်နှာမလှအရှက်ရကြပါတယ်၊ အရှင်ဘုရား၊ အမျိုးသမီးများအား အ၀တ်မ၀တ်ခြင်းဟာ မစင် ကြယ်ပါ၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ပါတယ်၊ အရှင်ဘုရား တပည့် တော်မဟာ ဒီလို အရှက်ကာကွယ်နိုင်တဲ့အကျိုးကို မြော်မြင်လို့ ဘိက္ခုနီသံဃာအား ရေသနုပ်သင်္ကန်းကိုလှူဒါန်းလိုပါတယ်ဘုရား။

ဒီအဓိပ္ပါယ်များကို တိုတိုနဲ့ လွယ်လွယ်မှတ်သားရအောင် ဘုန်းကြီးက မဓ္ဓဂီတိရေးထားပါတယ်။

## ဝိသာခါလျှောက်ထားဆုရှစ်ပါးဓမ္မဂီတိ

၁။ မိုးရေခံခေါ် ဝတ်သင်္ကန်းကို၊
သံဃာလှူဒါန်း မြတ်အလှူ။
စတုဒ္ဒိသာ ရောက်လာကြတဲ့၊
အာဂန္တုက ဆွမ်းအလှူ။
ခရီးသွားလာ ရှင်ရဟန်းအတွက်၊
ဆွမ်းဆက်ကပ်တဲ့ မြတ်အလှူ။
ဂိလာနရဟန်းကို လှူဒါန်းရတဲ့၊
သူနာရဟန်း ဆွမ်းအလှူ။
ဂိလာနရဟန်းကို ပြုစုရတဲ့၊
သူနာပြုရဟန်းကို ဆွမ်းကပ်လှူ။
ဂိလာနခေါ် ရှင်ရဟန်းကို
ဆေးလှူဒါန်းတဲ့ မြတ်အလှူ။
ဆန်ပြုတ်ခေါ်တွင် ယာဂုဆွမ်းကို၊
နေ့စဉ်လှူဒါန်း မြတ်အလှူ။
ဘိက္ခုနီခေါ် အမျိုးသမီးရဟန်းကို၊
ရေသနုပ်သင်္ကန်း မြတ်အလှူ။
မယ်ဝိသာခါ ဆုရှစ်ပါးကို၊
လှူခွင့်လျှောက်ထား တောင်းပန်ယူ၊
ဘယ်ကျိုးမှန်းဆ တောင်းပန်ရ၊
ဗုဒ္ဓမိန့်တော်မူ။

အဲဒါကြောင့် ဒီလိုမြော်ကိုး–လှူရှစ်မျိုး၊ ရှိခိုးတောင်းပန်ယူ။

## လူ့သူသင့်အတွက် ဘယ်အကျိုးရမလဲ

ဒီနောက် မြတ်စွာဘုရားက "ဝိသာခါ-သင်ဟာ လှူသူသင့်အတွက် အဘယ်အကျိုးအာနိသင်ကို ကောင်းစွာမြင်လို့ ငါ့အား ဒီဆုရှစ်မျိုးကိုတောင်းရသလဲ"လို့ မေးတော်မူတယ်။

ထိုအခါ ဝိသာခါက "အရှင့်ဘုရား၊ ဒီသာသနာတော်၌ ဝါကျွတ်တဲ့ရဟန်းများဟာ ဝါကျွတ်တိုင်းပင် မြတ်စွာဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့လာကြပါမယ်၊ အဲဒီရဟန်းများက မြတ်ဘုရားထံချဉ်းကပ်ပြီး "အရှင်ဘုရား၊ ဤမည်သူရဟန်းဟာ သေပါပြီ၊ အဲဒီရဟန်းရဲ့လားရာဂတိက ဘယ်မှာလဲဘုရား၊ တမလွန်၌ဖြစ်ခြင်းဟာ ဘယ်လိုပါလဲဘုရား"လို့ မေးလျှောက်ကြလိမ့်မယ်၊ ဒီတော့ မြတ်ဘုရားက ထိုပျံလွန်တဲ့ရဟန်းကို သောတာပတ္တိဖိုလ်သို့ရောက်တယ်-လို့ဖြစ်စေ၊ သကဒါဂါမိဖိုလ်သို့ ရောက်တယ်လို့ဖြစ်စေ၊ အနာဂါမိဖိုလ်သို့ ရောက်တယ်လို့ဖြစ်စေ၊ အရဟတ္တဖိုလ်သို့ရောက်တယ်လို့ဖြစ်စေ ဟောကြားတော်မူပါမယ် ဘုရား။

ထိုအခါ တပည့်တော်မဟာ မြတ်စွာဘုရားနှင့် စကားပြောပြီးတဲ့ အဲဒီရဟန်းထံ ချဉ်းကပ်ပြီး" အရှင်ဘုရားတို့၊ ထိုမြတ်စွာဘုရားက အရိယာဖြစ်တယ်လို့ မိန့်ကြားတဲ့ ရဟန်းဟာ ဒီ သာဝတ္ထိပြည်သို့ လာဖူးပါသလား ဘုရား"လို့ မေးပါမယ်။

အမေးခံရတဲ့ထိုရဟန်းက "အဲဒီအရိယာဖြစ်သွားတဲ့ ရဟန်းဟာ ဒီသာ၀တ္ထိပြည်ကို လာရောက်ဖူးတယ်ဒကာမကြီး"လို့ တပည့်တော်မအား တစ်ကယ်လို့များ ပြန်ပြောကြားမယ်ဆိုရင် "ဧကန်မုချ ထိုအရိယာအရှင်မြတ်ဟာ ငါလျှဒါန်းတဲ့ အလှူရှစ်မျိုးထဲက တစ်မျိုးမျိုးကိုဖြစ်စေ၊ တော်တော်များများဖြစ်စေ၊ သုံးဆောင်ဖူးမယ်"လို့ ဆုံးဖြတ်ပါမယ်။

ထိုတပည့်တော်မ လှူဒါန်းတဲ့အလှူရှစ်မျိုးထဲက တစ်မျိုးမျိုးကို သုံးဆောင်ပြီး တရားကျင့်လို့ အရိယာဖြစ်တဲ့ ရဟန်းကို အောက်မေ့အမှတ်ရတဲ့ တပည့်တော်မအား ဝမ်းမြောက် နှစ်သက်တဲ့ သောမ- နဿစိတ်ဖြစ်မယ်၊ သောမနဿစိတ်ရှိတဲ့ တပည့်တော်မရဲ့ကိုယ်ဟာ ငြိမ်းအေးလိမ့်မယ်၊ ငြိမ်းအေးသူ တပည့်တော်မဟာ ချမ်းသာကိုခံစားရမယ်၊ ချမ်းသာတဲ့ တပည့်တော်မဟာ တည်ကြည်တဲ့သမာဓိဖြစ်မယ်၊ ထိုသမာဓိဟာ တပည့်တော်မအား သဒ္ဓါသတိ, သမာဓိ, ဝီရိယ, ပညာဆိုတဲ့ ဣန္ဒြေငါးပါးဖြစ်ပွါးခြင်း၊ ဗိုလ်ငါးပါးကိုဖြစ်ပွားစေခြင်း၊ သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဆိုတဲ့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဖြစ်ပွားစေခြင်းများ ဖြစ်ပါလိမ့်မယ်၊ "အရှင်ဘုရား တပည့်တော်မဟာ ဒီအကျိုးများကို ကောင်းစွာမြင်လို့ မြတ်ဘုရားအား ဆုရှစ်ပါးတို့ကို တောင်းပန်ပါတယ်ဘုရား"လို့ လျှောက်ထားပါတယ်။

ထိုအခါမြတ်ဘုရားက "ဝိသာခါ၊ ကောင်းပေစွ၊ ကောင်းပေစွ၊ ဝိသာခါ သင်ဟာ ဒီအကျိုး အာနိသင်များကို

ကောင်းစွာမြင်ပြီး ငါ့အား ဆုရှစ်ပါးတို့ကို တောင်းတာဟာ ကောင်းပေစွ၊ ကောင်းပေစွ၊ ဝိသာခါ–၊ သင့်အား ဆုရှစ်ပါးတို့ကို ဘုရားက ခွင့်ပြုတယ်”လို့ မိန့်တော်မူပါတယ်။

ဒီအဓိပ္ပါယ်များကိုလဲ ဘုန်းကြီးက တိုတိုလွယ်လွယ်မှတ်ရအောင်ဓမ္မဂီတိကဗျာရေးသားထားပါတယ်။

## လှူရှစ်ပါးတွက်ရည်မှန်းချက်ဓမ္မဂီတိ

၂။ ဝါကျွတ်တဲ့အခါ ဝေး ရဟန်းများ၊
မြတ်ဘုရားကို လာဖူးတယ်။
သီတင်းသုံးဖော် ကွယ်လွန်ခဲ့လို့၊
ရောက်တဲ့ဘဝ သိလိုတယ်။
ထိုစဉ်အခါ မြတ်ဘုရားက၊
ကွယ်လွန်သူတွက် မိန့်ချွေမယ်။
သူဟာသောတာ သကဒါဂါမ်အဖြစ်နဲ့၊
အနာဂါမ်စစ် ရဟန္တာရယ်။
ထိုလျှောက်ထားသူ အာဂန္တုကို၊
ရှေ့ရှုတပည့်တော် လျှောက်မေးမယ်။
ကွယ်လွန်သူရဟန်းဟာ သာဝတ္ထိသို့၊
ရောက်၏မရောက်၏ ရှေးခါဝယ်။
ရောက်ဖူးပါတယ် အဖြေကြားရင်၊
လှူရှစ်ပါးတော့ လှူဖူးမယ်၊
မိမိအလှူ ခံယူပြီးမှ၊

အရိယာကြီး ဖြစ်သွားတယ်။
ရှင်လန်းဝမ်းသာ ငြိမ်းချမ်းမြတော့၊
သမာဓိရ–လို့ ဉာဏ်ဖြစ်မယ်။
ဣန္ဒြေငါးသွယ် ဗိုလ်ငါးပါးနှင့်၊
ခုနှစ်ပါးဗောဇ္ဈင် ပြန့်ပွားမယ်။
ဒီကျိုးရည်ကိုး လူ့ရှစ်မျိုး၊
ဝပ်လျိုးတောင်းပန်တယ်။
အဲဒါကြောင့် သာဓု–သာဓု၊ ကောင်းချီးဆု၊
ခွင့်ပြု မြတ်ဘုန်းကြွယ်။

## ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ

ဒီလိုနဲ့ပင် ဝိသာခါဟာ ရတနာသုံးရပ်ကို လွတ်လပ်စွာ ဆည်းကပ်ကိုးကွယ်ခွင့်ရလေတယ်။

တစ်နေ့သောခါ မိဂါရမာတာဝိသာခါဟာ ရတနာသုံးပါးအား ကြည်ညိုသဒ္ဓါပွားပြီး ကျောင်းဆောက်လှူဒါန်းလိုတဲ့ဆန္ဒဖြစ်ပေါ်တယ်၊ ဒါကြောင့်သူ့မှာရှိတဲ့ တန်ဖိုးများစွာထိုက်တန်တဲ့ မဟာလတာတန်းဆာကြီးကိုရောင်းတယ်၊ ဝယ်နိုင်သူမရှိသဖြင့် ကိုယ့်ဟာကိုယ်တန်ဖိုးဖြတ်ဝယ်ယူပြီး ရတဲ့ငွေများဖြင့် ပုဗ္ဗာရုံကျောင်းကြီးဆောက်တယ်။

၉–ကုဋေဖြင့် ကျောင်းတိုက်မြေကိုဝယ်ရတယ်၊ ၉–ကုဋေတန်ကျောင်းတိုက်ကြီးတည်ဆောက်တယ်၊ ၉–ကုဋေကုန်ကျတဲ့

ပုဗ္ဗာရုံ ကျောင်းတိုက်ကြီး ရေစက်ချပွဲကို ရှင်လန်းဝမ်းသာစွာ ၄-လကြာအောင် ကျင်းပပူဇော်တယ်။

ဒါဟာလှူခဲ့တဲ့ကမ္ဘာတစ်သိန်းထက်မှစပြီး ပါဟုနေယျဂုဏ်များသခင် ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်များအား လှူဒါန်းပူဇော်တဲ့ ကောင်းမှုစွမ်းရည်ဖြစ်ပါတယ်။

## ဘုံစဉ်စံဝိသာခါ

မိဂါရမာတာ ပုဗ္ဗာရုံကျောင်းအမဝိသာခါဟာ အသက် ၁၂၀-ရှည်စွာနေရပြီး၊ သားသမီးနှစ်ကျိပ်၊ မြေး ၄၀၀၊ မြစ် ၈၀၀-အထိအခြွေအရံများကို ရရှိတယ်။

ကွယ်လွန်တဲ့အခါ နိမ္မာနရတိနတ်ပြည်ဝယ် သုနိမ္မိတနတ်မင်းရဲ့နတ်မိဖုရားကြီးဖြစ်နေတယ်၊ သူဟာဘုံစဉ်စံစားပြီး အကနိဋ္ဌပြဟ္မာ့ပြည်ရောက်မှ ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံဝင်ပါမယ်။

## ၇။ ဒက္ခိဏေယျသံဃာ့ဂုဏ်တော်

၁။ ခနောင်ဘဝ၊ မြတ်သုခ၊ မှန်ရာလိမ့်မည်မြော်။

၂။ ပစ္စည်းလေးတန်၊ လှူဖို့ရန်၊ ထိုက်တန်သံဃာတော်။

၃။ ဒက္ခိဏေယျ၊ မည်တော်ရ၊ သံဃာ့မြတ်ဂုဏ်တော်။

## ဒက္ခိဏေယျဂုဏ်ဆိုတာ

ဒီယခုဘုန်းကြီး ဟောကြားမည့်တရားတော်ကတော့ ဒက္ခိဏေယျသံဃာ့ဂုဏ်တရားတော် ဖြစ်ပါတယ်။

ဒက္ခိဏံ အရဟတီတိ ဒက္ခိဏေယျော-

ဒက္ခိဏံ-သဒ္ဒါသဖြင့် လှူအပ်သောဝတ္ထုကို၊ အရဟတိ-ခံခြင်းငှာ ထိုက်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ဒက္ခိဏေယျော-ဒက္ခိဏေယျ မည်၏။

ဒက္ခိဏေယျ-ဆိုတာ အလှူမှန်ကို ခံတော်မူထိုက်တယ်တဲ့။

ဒက္ခိဏာ-ဆိုတာ အာဟုန၊ ပါဟုနမျိုးမဟုတ်ဘဲ ကံနှင့်ကံရဲ့ အကျိုးကို ယုံကြည်အားထားပြီး နောင်ဘဝတွင် ကောင်းကျိုးချမ်းသာကို ခံစားရလိမ့်မည်-လို့ ယုံကြည်ချက်နဲ့လှူတဲ့အလှူဟာ ဒက္ခိဏာ-ဖြစ်တယ်၊ မိမိရည်မှန်းတဲ့ဗောဓိဆုကို ရလိုတဲ့အတွက် ပါရမီကုသိုလ်ပြည့်ရန် ရည်သန်ချက်နဲ့ လှူတဲ့အလှူလဲ ဒက္ခိဏာ ဖြစ်တယ်၊ အလှူခံပုဂ္ဂိုလ်မှာရှိတဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်ကို ပူဇော်ရန် ရည်သန်ချက်နဲ့လှူတဲ့အလှူလဲ ဒက္ခိဏာဖြစ်တယ်၊ ထိုဒက္ခိဏာမည်တဲ့ အလှူဝတ္ထုကို ခံထိုက်သောကြောင့် ဒက္ခိဏေယျ ခေါ်တယ်။

ဒီဒက္ခိဏာအလှူမျိုးကို ခံထိုက်သူဟာ အရိယာသံဃာတော်များ ဖြစ်တယ်၊ အရိယာဖြစ်ရန် စင်ကြယ်ထက်သန်စွာ သီလ၊

သမာဓိ၊ ပညာများကို ကျင့်ပွားနေဆဲကလျာဏပုထုဇဉ်သံဃာများလဲ ထိုက်သည်အားလျော်စွာ ဒက္ခိဏေယျ ဖြစ်နိုင်ဖွယ်ရှိပါတယ်။

အလှူခံပုဂ္ဂိုလ်က ကလျာဏပုထုဇဉ် သမ္မုတိသံဃာပင် ဖြစ်သော်လဲ လှူဒါန်းသူက အရိယာသံဃာတော်အပေါင်းရဲ့ ဂုဏ်ကို အာရုံပြုလှူဒါန်းတတ်လျှင်ပင် ဒက္ခိဏေယျအလှူဖြစ်ပြီး လှူသူရဲ့ ရည်မှန်းချက် ပြည့်ဝနိုင်ပါတယ်။

ဆက်ပါဦးမည်၊ နောင်တမလွန်၌ ကောင်းစားချမ်းသာရန် ရည်သန်ချက်နဲ့ လှူတဲ့အလှူဟာ ဒက္ခိဏာဖြစ်ကြောင်း ပြောခဲ့ပြီ၊ အဲဒီအလှူမျိုးကို မှချခံထိုက်သူမှာလဲ အရိယာသံဃာပင်ဖြစ်ကြောင်း သိသာပါပြီ။

ထိုဒက္ခိဏာအလှူဟာ မိမိနောင်ဘဝအတွက် ချမ်းသာဖို့နှင့် ကွယ်လွန်သူများ တမလွန်တွင် ချမ်းသာဖို့ရယ် နှစ်မျိုးရှိပါတယ်၊ မိမိနောင်ဘဝချမ်းသာဖို့ ဒက္ခိဏာအလှူဟာ နိဗ္ဗာန်ကို မရမရောက် မချင်း ကောင်းကျိုးချမ်းသာကို ပေးနေမည်ဖြစ်တယ်၊ ထေရီ ထေရာအပဒါန်ပါဠိတော်အဋ္ဌကထာကျမ်းများ၌ ထိုအကျိုးပေးမျိုးကို ဖော်ပြတဲ့ အတ္ထုပ္ပတ္တိများစွာပါရှိတယ်။

ကွယ်လွန်သူအတွက် လှူဒါန်းလို့ ကွယ်လွန်သူ ပြိတ္တာဖြစ်ပြီး ဆင်းရဲနေရာမှ ထိုကျန်ရစ်သူများရဲ့ ဒက္ခိဏေယျထိုက်တဲ့ သံဃာကိုလှူပြီး အမျှဝေတဲ့ ကုသိုလ်အဖို့ကို သာဓုခေါ်ပြီး

ဆင်းရဲပြိတ္တာဘဝမှ ကျွတ်လွတ်ပြီး နတ်ချမ်းသာရကြပုံ ဝတ္ထု သက်သေများကား ပေတဝတ္ထုပါဠိတော် အဋ္ဌကထာများ၌ များစွာ ရှိပါတယ်။

## ဗိမ္ဗိသာရမင်းရဲ့ဆွေမျိုးဟောင်းပြိတ္တာများ ကျွတ်လွတ်ကြရပုံ

လွန်ခဲ့တဲ့ ၉၂-ကမ္ဘာ ဖုဿမြတ်စွာဘုရားလက်ထက်တော်က ဘုရားရှင်ရဲ့ ညီတော်မင်းသား သုံးပါးဟာ ကျွန်ရင်းတစ်ထောင် နှင့်အတူ တစ်ဝါတွင်းလုံး ၁၀-ပါးသီလစောင့်သုံးလျက် ဘုရား ကျောင်းတော်၌ပင် နေကြတယ်။

ထိုမင်းသားသုံးပါးဟာ စည်းစိမ်များကို ဘဏ္ဍာရေးတာဝန်ခံ နှင့် အခွန်ဝန်များအား လွှဲအပ်ထားခဲ့ကြတယ်။

သူတို့ဟာ ဘုရားအမှူးရှိတဲ့ သံဃာတော် ၉-သိန်းနှင့် ဥပုသ်သည်မင်းသားများ၊ အခြွေအရံများရဲ့ ဆွမ်းကွမ်းဆိုင်ရာများ ကိုလဲ သူတို့ရဲ့ဆွေမျိုးတစ်သိန်းနှစ်သောင်းခန့်တို့က နေ့စဉ် ချက်ပြုတ်ပြုစုရတယ်။

## ပြိတ္တာရှစ်သောင်းလေးထောင်

ဆွမ်းချက်ပြုတ်ဝေယျာဝစ္စပြုလုပ်သူများတွင် ရှစ်သောင်း လေးထောင်တို့ဟာ သံဃာတော်များအတွက် ချက်ပြုတ်ထားတဲ့ စားသောက်ဖွယ်မှ သံဃာအား မဆက်ကပ်ရမီ နေ့စဉ်ပင်

သားသမီးများကို ကျွေးမွေးကြတယ်၊ သူတို့ကိုယ်တိုင်လဲ သံဃာဦးဆွမ်းအစာများကို စားသောက်ကြပါတယ်။

ဒါကြောင့် သံဃာ့အဦးအဖျားစားဖွယ်များကို စားကြသူ ရှစ်သောင်းလေးထောင်တို့ဟာ ထိုဘဝမှ ကွယ်လွန်ကြသော် အားလုံးပင် ပြိတ္တာများဖြစ်ကြရရှာတယ်၊ ငတ်ပြတ်ဆင်းရဲကြရတယ်။

ဤဘဒ္ဒကမ္ဘာအစပိုင်း ကကုသန်မြတ်ဘုရားထံတော်တွင် ချဉ်းကပ်ပြီး သူတို့စားသောက်ရမည့်အရေးကို မေးလျှောက်ကြတော့– "ငါဘုရားပရိနိဗ္ဗာန်စံပြီး နောက်မြေကြီးတစ်ယူဇနာလောက် အပေါ်တက်လာတဲ့အခါ ကောဏာဂုံဘုရားပွင့်မည်၊ ထိုဘုရားထံမှ မေးလျှောက်ကြပါ"လို့ ကကုသန်ဘုရားရှင်က မိန့်ကြားတော်မူပါတယ်။

ထိုကောဏာဂုံဘုရားလက်ထက်ရောက်သော် ကောဏာဂုံဘုရားကလဲ ကဿပဘုရားပွင့်လျှင် လျှောက်ထားလေ–လို့ မိန့်ကြားတော်မူပါတယ်၊ ပြိတ္တာများ ဆင်းရဲသက်ရှည်ကြလေစွတကား။

## ဗိမ္ဗိသာရမင်း

ကဿပဘုရားရှင် ပွင့်တော်မူလာပြီး ထိုပြိတ္တာများက မေးလျှောက်ကြပြန်သော်၊ "သင်တို့ရဲ့ဆွေမျိုး အခွန်တာဝန်ခံဟာ ဂေါတမဘုရားပွင့်တဲ့အခါ ဗိမ္ဗိသာရမင်းကြီးဖြစ်ပြီး ဒါနပြုတဲ့အခါ

သင်တို့အား ကုသိုလ်အမျှပေးဝေလိမ့်မည်၊ ထိုအခါ သင်တို့စားသောက်ကြရမယ်”လို့ မိန့်တော်မူပါတယ်။

ထိုပြိတ္တာများဟာ ထိုစကားကို ကြားကြရတော့ ဘုရားတစ်ဆူနှင့်တစ်ဆူကြား နှစ်ပေါင်းအသင်္ချေများစွာ ကွာခြားပါသော်လဲ၊ ဝမ်းသာအားရ တစ်ခဏမျှထင်ကာ မျှော်လင့်ဝမ်းသာနေကြရတယ်။

အချိန်သင့်သော် ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မူလာပါတယ်၊ ဗိမ္ဗိသာရမင်းကြီးက ဒါနပြုပါတယ်၊ ဒါပေမယ့် ကုသိုလ်အမျှမပေးဝေမိပါ။

ဒါကြောင့် စောင့်မျှော်နေကြရတဲ့ ပြိတ္တာများဟာ ကုသိုလ်အဖို့မရကြသဖြင့် ညဉ့်အခါအသံပြုလျက် ကိုယ်ထင်ရှားပြကြတယ်။

ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားရှင်အား ထိုအသံဆိုးများနှင့် မကောင်းဆိုးဝါးများကို ကြားသိတွေ့မြင်ရကြောင်းလျှောက်ထားတယ်။

ထိုအခါ မြတ်စွာဘုရားရှင်က ပြိတ္တာတို့ရဲ့အတိတ်ဖြစ်ရပ်စုံကို ဟောကြားပြသဖြင့် ဗိမ္ဗိသာရမင်းကြီးဟာ ရှေးရှေးကဆွေမျိုးဟောင်းပြိတ္တာများအတွက် ရည်စူးပြီး နောက်ထပ်ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ဆွမ်းသင်္ကန်းများ လှူဒါန်းပြီးကုသိုလ်အဖို့ကို အမျှပေးဝေတယ်။

ပြိတ္တာများဟာ ဝမ်းသာအားရ သာဓုခေါ်ကြသဖြင့် ပြိတ္တာဘဝမှ ကျွတ်လွတ်ကြတယ်၊ နတ်ဝတ်တန်ဆာများကို ရရှိဝတ်ဆင်ကြရတယ်၊ နတ်ဩဇာအစားအစာများကို စားကြရတယ်။

ဒါဟာ ဒက္ခိဏေယျသံဃာ့ဂုဏ်တော်စွမ်းအင်ကြောင့် ပြိတ္တာများ ဆင်းရဲကင်းကွာ ချမ်းသာကြရပုံနှင့် အခွန်တာပန်ခံဘဝကပင် နောင်တမလွန်အတွက် ချမ်းသာရန် ရည်သန်ပြီး ကုသိုလ်ပြုခဲ့ပြီး ဘဝတိုင်းချမ်းသာရလျက် ယခု ဗိမ္ဗိသာရမင်းဘဝတွင်လဲ ချမ်းသာရပုံ၊ သောတာပန်ဖြစ်ပုံပါပဲ။

## ၈။ အဉ္ဇလိကရဏီယျသံဃာ့ဂုဏ်တော်

၁။ ခနောင်ကောင်းကျိုး၊ ရည်မျှော်ကိုး၊ ရှိခိုးထိုက်သော သံဃာတော်။

၂။ အဉ္ဇလိကရဏီယ၊ မည်တော်ရ၊ သံဃာ့မြတ်ဂုဏ်တော်။

## အဉ္ဇလိကရဏီယ–ဆိုတာ

ယခုဘုန်းကြီးဟောကြားမည့်တရားတော်ကတော့ "အဉ္ဇလိကရဏီယ သံဃာ့ဂုဏ်တရားတော်"ဖြစ်ပါတယ်။

## ဝိဂြိုဟ်

အဉ္ဇလိကရဏီယံ အရဟတီတိ အဉ္ဇလိကရဏီယော– အဉ္ဇလိကရဏံ–လက်အုပ်ချီခိုး ရှိခိုးမှုပြုခြင်းကို၊ အရဟတိ– ခံထိုက်၏၊ ဣတိတသ္မာ–ထို့ကြောင့်၊ အဉ္ဇလိကရဏီယော– အဉ္ဇလိကရဏီယမည်၏။

အဋ္ဌလိကရဏီယ–လက်အုပ်ချီမှုကို ပြုထိုက်သည်တဲ့၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာဂုဏ်ရည်စုံညီတော်မူသောကြောင့်ပင် ဤအရိယာအရှင်မြတ်များကား လောကသားအားလုံး ညွတ်ရုံးကြည်ညိုရှိသေမှု၊ လက်အုပ်ချီမှုကို ခံတော်မူထိုက်ကြတယ်။

## ရှိခိုးခြင်းဟာ ပူဇော်ခြင်းတွင်ပါဝင်တယ်

ထေရဝါဒ ဗုဒ္ဓသာသနာ့ယဉ်ကျေးမှုအရ ရှိခိုးထိုက်သူ ရှိခိုးခံထိုက်သူကို ဖော်ပြရာ၌ ဘုရား၊ တရား၊ သံဃာ၊ မိဖ၊ ဆရာ ဆိုတဲ့ အနန္တောအနန္တ ငါးပါးနှင့် မိမိထက်အသက်ကြီးသူ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြီးသူများပင်ဖြစ်တယ်။

ဒီနေရာတွင် ယခုဟောကြားနေတဲ့ တရားကတော့ အဋ္ဌလိကရဏီယ–သံဃာ့ဂုဏ်ဖြစ်တယ်၊ ဒီဘုရားသားတော် သံဃာတော်များဟာ လူနတ်များရဲ့ ရှိခိုးခြင်းငှာ ထိုက်တော်မူကြတယ်။

ရှိခိုးခြင်း ဝန္ဒနာ ဆိုတာ ပူဇော်ခြင်း မင်္ဂလာ၌ပါဝင်တယ်။

ပူဇာအရ အာမိသပူဇာ–ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်း၊ ပဋိပတ္တိပူဇာ–အကျင့်ဖြင့် ပူဇော်ခြင်းရယ်လို့ ပူဇော်ခြင်းနှစ်မျိုးရှိတယ်။ ပဋိပတ္တိပူဇာကို ဓမ္မပူဇာလို့လဲ ခေါ်ဆိုရတယ်။

ပူဇာတိသက္ကာရ ဂရုကာရမာနနဝန္ဒနာ–ပူဇာဆိုတာ ကောင်းစွာပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်းများဖြစ်တယ်–လို့ အဋ္ဌကထာကျမ်းများ၌ ဖွင့်ပြကြတယ်။

ဆွမ်း ခဲဖွယ်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ စတဲ့ အာမိသဖြင့် ပူဇော်ခြင်းဟာလဲ ကောင်းစွာပြုမှု၊ အလေးအမြတ်ပြုမှု၊ မြတ်နိုးမှုပင်ဖြစ်တယ်။

အကျင့်ပဋိပတ်ကိုကျင့်ခြင်းဟာလဲ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်များ၌ ကောင်းစွာပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်းများပင်ဖြစ်တယ်၊ ဆရာမိဖအဆုံးအမကို မလိုက်နာသူဟာ ဆရာမိဖကို လေးစားမြတ်နိုးသူမဟုတ်ပါ၊ အဆုံးအမ အတိုင်း လိုက်နာသူသာ ဆရာမိဖအပေါ် ကောင်းစွာပြုသူ အလေးအမြတ်ပြုသူ မြတ်နိုးသူဖြစ်တယ်။

ထို့အတူ ဘုရားအဆုံးအမ သံဃာအဆုံးအမ ပဋိပတ်ကို လိုက်နာကျင့်ကြံသူဟာ ဘုရားသံဃာကို ကောင်းစွာပြုသူ အလေးအမြတ်ပြုသူ မြတ်နိုးသူဖြစ်ပြီး ပူဇော်ခြင်းပင်ဖြစ်တယ်။

ဤဩဝဒနှနာ–ဆိုတာလက်အုပ်ချီမိုး ရှိခိုးခြင်းရှိပါ၏လို့ နှုတ်မြွက်ဆိုခြင်းမျှသာမက ပဋိပတ္တိပူဇာကိုလဲ ဝန္ဒနာလို့ပင် ဆိုရတယ်။

ဝန္ဒနာ–ဆိုတာ ဂုဏနိန္ဒာဂုဏ်၌ ညွတ်ကိုင်းခြင်းပင် ဖြစ်တဲ့အတွက် အကျင့်ကျင့်သူဟာ ဘုရားဂုဏ်သံဃာဂုဏ်၌ ညွတ်ကိုင်းလို့သာ ဖြစ်ပါတယ်၊ ဂုဏ်၌ မညွတ်သူဟာ တရားကို အဘယ်မှာ ကျင့်ပါ့မလဲ၊ ဒါကြောင့် တရားကျင့်သူဟာ ဘုရား ရှိခိုးခြင်း၊ သံဃာရှိခိုးခြင်း တစ်မျိုးပင်ဖြစ်တယ်လို့ ဆိုရတယ်။

## အမြတ်ဆုံးရှိခိုးခြင်း

ဂေါတမိထေရီဂါထာ၌ "အမြဲကြိုးစားအားထုတ်တဲ့အယူသီလတူမျှကြတဲ့ သာဝကဗုဒ္ဓတို့ကို မြင်ရလျှင် ဒီမြင်ခြင်းမှာ ဗုဒ္ဓတို့အား ရှိခိုးခြင်းဖြစ်တယ်"လို့ ဆိုရဲတယ်။

သမ္မာသမ္ဗုဒ္ဓသာဝကများရဲ့ လောကုတ္တရာဓမ္မများကို ကိုယ်တွေ့သိရလျှင် ထိုဗုဒ္ဓရဲ့ဓမ္မဂုဏ်၌ ညွတ်ကိုင်းခြင်းဖြစ်သဖြင့် ဝန္ဒနာမည်ပုံကို အဌကထာအရသိရတယ်၊ ဒီအချက်ဖြင့် မဂ်ဖိုလ်ကိုရခြင်း မဂ်ဖိုလ်ကိုကိုယ်တွေ့မြင်ရခြင်းဟာ ရှိခိုးခြင်းတို့တွင် အမြတ်ဆုံးရှိခိုးခြင်း–လို့သိနိုင်တယ်။

## ရှိခိုးရခြင်းအကျိုး

ရှိခိုးခြင်းကို ခံယူထိုက်တဲ့ အဋ္ဌလိကရဏီယဂုဏ်ရှိတဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ရှိခိုးသူမှာ အသက်ရှည်ခြင်းစတဲ့ အကျိုးများကို ရနိုင်ပါတယ်၊ ဒီအကြောင်းကို အာဋာနာ–ဋိယသုတ်တော်၌ ဟောကြားထားပါတယ်။

"ရှိခိုးခြင်းအလေ့ရှိလျက် အသက်သိက္ခာကြီးသူတို့ကို အရိုအသေပြုတတ်သူအား "အသက်၊ အဆင်း၊ ချမ်းသာခြင်း၊ ခွန်အား"ဆိုတဲ့ အကျိုးတရားလေးပါး တိုးပွားကုန်၏။

ဒီဂါထာဖြင့် ဘုရားအစရှိတဲ့ ရှိခိုးထိုက်သူများကို ရှိခိုးခြင်းဖြင့် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ အကျိုးလေးပါးကို ရနိုင်ပါတယ်၊

ဒီအကျိုးလေးပါးရရှိသူမှာ ဉာဏ်ပညာပွင့်လင်းခြင်းအကျိုးကို ရမည်မှာ သေချာတယ်၊ ဒါကြောင့် ဉာဏ်ကောင်းခြင်း ပဋိဘာန အကျိုးကိုပါ ရယူပြီးဖြစ်တယ်။

## ရှိခိုးခြင်းဝန္ဒနာကုသိုလ်ကြောင့် နတ်ပြည်ရောက်ရပုံ

အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ်ဒေဝတာသုတ္တန်၌-

"ချစ်သားတို့-၊ လွန်ခဲ့တဲ့ညဥ့်သန်းခေါင်ယံအချိန်တွင် ငါဘုရားထံမှောက်သို့ နတ်များလာပြီးတော့ သူတို့ရဲ့ ကိုယ်ရေး အတ္ထုပ္ပတ္တိများကို လျှောက်ထားပုံက-

"အို-မြတ်စွာဘုရား၊ တပည့်တော်များဟာ လူ့ပြည်တုန်းက တပည့်တော်များနေရာဌာနမြို့ရွာအိမ်သို့ ကြွရောက်တော်မူလာကြတဲ့ ရဟန်းသံဃာတော်များကို ခရီးဦးလဲကြိုဆိုခဲ့ပါတယ်၊ ရှိလဲခိုးခဲ့ပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်များဟာ လူ့ပြည်က သေတော့ နတ်ပြည်ကိုရောက်ပြီး နတ်စည်းစိမ်ချမ်းသာကို ခံစားကြရပါတယ်ဘုရားလို့ လျှောက်ထား ပြန်သွားကြတယ်၊ ချစ်သားတို့"လို့ မြတ်စွာဘုရားက ရဟန်းများအား ပြန်လည် ဟောပြတော်မူခဲ့ပါတယ်။

## သံဃာကိုရှိခိုးရုံမျှဖြင့် နတ်ချမ်းသာရပုံ

မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ် များစွာသောရဟန်းတော်

များဟာ ရွာငယ်တစ်ရွာ၌နေကြလျက် ဝါဆိုသီတင်းသုံးတော်မူကြပြီးနောက် ဝါကျွတ်တဲ့အခါ ပဝါရဏာပြုပြီးတော့ သက်န်းရဲ့သပိတ်လွယ်ကာ ဘုရားဖူးရန် သာဝတ္ထိပြည်သို့ ကြွတော်မူကြတယ်။

ထိုအခါ ရဟန်းတော်များဟာ တောရွာတစ်ရွာရဲ့ လမ်းမအတွင်း ကြွတော်မူစဉ် ထိုရွာသူအမျိုးသမီးတစ်ယောက်ဟာ ထိုရဟန်းတော်များကို ဖူးမြင်ရသဖြင့် သဒ္ဓါကြည်ညိုစိတ်ဖြစ်ကာ ခြေလက်၊ နဖူး၊ တတောင်၊ ဒူးပါ ငါးဖြာလုံး မြေမှာတည်ပြီး လေးလေးမြတ်မြတ်ရှိခိုးဝပ်ချပါတယ်။

ထိုရွာသူအမျိုးသမီးဟာ ရဟန်းတော်များ ရှေ့ဆက်ကြွသွားကြပုံကို မျက်စိတစ်ဆုံးပင် ဖူးမြင်လျက် ရပ်တည်ကျန်ရစ်ပါတယ်၊ ထိုရဟန်းများကတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းရှိ မြတ်စွာဘုရားထံမှောက် အရောက်ကြွကာ ဖူးမြော်ကန်တော့ကြပါတယ်။

ထိုရဟန်းတော်များကို ရှိခိုးကြည်ညိုသူ အမျိုးသမီးလေးဟာ အသက်တိုင်းနေလို့ ကွယ်လွန်တဲ့အခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ရတယ်။

(ဝန္ဒနဝိမာနဝတ္ထု)။

## ရှိခိုးပူဇော်တရားကျင့်ဖြင့် ပျော်ကြသဖြင့်အရိယာဖြစ်ကြပုံ

ဗုဒ္ဓမြတ်စွာဘုရားလက်ထက်တော်က ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သေဌေးနှင့် ပုညလက္ခဒေဝီ၊ သမီး–

မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနာဒေဝီ၊ သား-မောင်ကာလတို့ မိသားတစ်စုလုံးပင် ဘုရားအမှူးရှိတဲ့သံဃာတော်များအား အထူးကြည်ညိုလေးစားစွာ နေ့စဉ်ရှိခိုးဝပ်တွားကြတယ်။

သူတို့မိသားစုအားလုံးဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဂုဏ်၌ ညွတ်ကိုင်းရှိကျိုးရှိခိုးပြီး ဒါန၊ သီလ၊ ဘာဝနာ ဝေယျာဝစ္စကုသိုလ်များကို ပြုစုကြပါတယ်၊ ထို့ကြောင့် ကျောင်းဒါယကာအနာထပိဏ် သဋ္ဌေးကြီးမှစပြီး သောတာပန်စတဲ့ အရိယာများဖြစ်ကြတယ်။

စိတ္တသူကြွယ်၊ ဝိသာခါသဋ္ဌေးနှင့် ဓမ္မဒိန္နာစသူများလဲ နည်းတူပင် ရတနာသုံးပါးအား လေးစားမြတ်နိုး ရှိခိုးကြပြီး ဒါန၊ သီလ၊ ဘာဝနာတရားများကို ကျင့်ပွားကြပြီး အမြိုက်နိဗ္ဗာန်ချမ်းသာကို ရရှိခံစားကြရပါတယ်။

## ၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ-သံဃာ့ဂုဏ်တော်ဖွင့်

၁။ ကုသိုလ်မျိုးပေါင်း၊ စိုက်ပျိုးကြောင်း၊ လယ်ကောင်း မြေမှန်သံဃာတော်။

၂။ အနုတ္တရံ၊ ပုညက္ခေတ္တံ၊ သံဃံ မြတ်ဂုဏ်တော်။

## အနုတ္တရံ ပုညက္ခေတ္တဂုဏ်ဆိုတာ

ယခုဘုန်းကြီးဟောကြားမည့် တရားတော်ကတော့ “အနုတ္တရံ ပုညက္ခေတ္တံ သံဃာ့ဂုဏ်တရားတော်”ဖြစ်ပါတယ်။

## ဝိပြုဟ်

နတ္ထိ ဣတော ဥတ္တရန္တံ အနုတ္တရံ =

ဣတော–ဤအရိယာသံဃာ့လယ်မြေယာထက်၊ ဥတ္တရံ–သာလွန်မြင့်မြတ်သော အခြားသံဃာလယ်မြေယာသည်၊ နတ္ထိ–မရှိ၊ ဣတိ–ထိုသို့ မိမိထက်သာလွန်မြင့်မြတ်သော အခြားသံဃာလယ်မြေယာမရှိရာဖြစ်သောကြောင့်၊ တံ–ထိုအရိယာ သံဃာ့လယ်မြေယာသည်၊ အနုတ္တရံ–အနုတ္တရ မည်တော်မူ၏။

အနုတ္တရံပုညက္ခေတ္တံ လောကဿ–ဆိုတာ တစ်လောကလုံးရဲ့ ကုလိုလ်မျိုးစေ့ကို စိုက်ပျိုးရာ အကောင်းဆုံးလယ်ယာမြေဖြစ်တော်မူတယ်–တဲ့။

ပကတိမျိုးစေ့များကို စိုက်ပျိုးကြဲချရာဖြစ်သောကြောင့် ပကတိလယ်ယာမြေကို “ခေတ္တ”လို့ ခေါ်တယ်၊ ထို့အတူ အရိယာသံဃာတော်ကိုလဲ ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာဖြစ်သောကြောင့် “ပုညက္ခေတ္တ”လို့ ခေါ်ဆိုတယ်။

ပကတိလယ်ယာမြေဟာ ပကတိမျိုးစေ့များရဲ့ စိုက်ပျိုးကြဲချရာဖြစ်တဲ့အပြင် ထိုစိုက်ပျိုးကြဲချအပ်တဲ့ မျိုးစေ့များကိုလဲ အသီးပြွန့်ပွားကြီးထွားများပြားလာအောင် စောင့်ရှောက်တယ်၊ ထို့အတူ အရိယာသံဃာတော်ဟာလဲ ကုသိုလ်ကောင်းမှုမျိုးကို ပျိုးကြဲချရာဖြစ်တဲ့အပြင် ထိုစိုက်ပျိုးကြဲချအပ်တဲ့ ကုသိုလ်ကောင်းမှုမျိုးစေ့များကိုလဲ ကောင်းကျိုးပြွန့်ပွား ကြီးထွားများပြားလာအောင် စောင့်ရှောက်ပါတယ်။

ထို့ကြောင့် အရိယာသံဃာတော်များကို "ပုညက္ခေတ္တ-ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ- ထိုကောင်းမှုမျိုးစေ့များကို ကောင်းကျိုးအသီးကြီးထွားအောင် စောင့်ရှောက်တတ် ကျေးဇူးပြုတတ်တဲ့ လယ်ယာမြေ-လို့ခေါ်ဆိုပါတယ်။

ပြည့်ရှင်မင်းကြီးရဲ့ မျိုးစေ့များကို စိုက်ပျိုးကြဲချရာဖြစ်တဲ့ လယ်ယာမြေကို "မင်းကြီးရဲ့လယ်ယာမြေ"လို့ ခေါ်သကဲ့သို့ ဒါလိုပင် အရိယာသံဃာတော်ကိုလဲ အလုံးစုံသော လောကရဲ့ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာဖြစ်သောကြောင့်လည်းကောင်း၊ အတုမရှိလွန်မြတ်သောကြောင့်လည်းကောင်း "အနုတ္တရံပုညက္ခေတ္တံ လောကဿ-အလုံးစုံသော လောကရဲ့အတုမရှိတဲ့ ကောင်းမှုမျိုးစေ့ စိုက်ပျိုးကြဲချရာ လယ်ယာမြေ"လို့ ခေါ်ဆိုရတယ်၊ ဒါကြောင့် အရိယာသံဃာတော်ဟာ အနုတ္တရံ ပုညက္ခေတ္တံ လောကဿဂုဏ်နှင့်လဲ ပြည့်စုံတော်မူပါတယ်။

## သံဃာ့လယ်ယာမြေတွင် ဒါနမျိုးစေ့ချသဖြင့် ပကတိလယ်ယာမြေကြီးမှ ရွှေသီးခဲ့ပုံ

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းနေတော်မူပါတယ်။

ထိုအခါ ဣသိဂိလတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကုဋ်တောင်၊ ဝေဘာရတောင်၊ဝေပုလ္လတောင်ခေါ်တဲ့ တောင်ရှင်ငါးလုံး ပိတ်ဖုံးကာ ခိုတဲ့ ရာဇဂြိုဟ်မြို့တော်၌ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့ သေဋ္ဌေးကြီး ဦးသုမနဆိုတာရှိတယ်။

ထိုသေဋ္ဌေးကြီး ဦးသုမနရဲ့အိမ်တွင် သူရင်းငှားဆင်းရဲသား မောင်ပုဏ္ဏ၊ ဆင်းရဲသူ မယ်ဥတ္တရာဇနီးမောင်နှံနှစ်ဦးနှင့် သမီးဖြစ်သူ မိခင်နှင့် နာမည်တူမယ် ဥတ္တရာတို့ မိသားစုဟာ သေဋ္ဌေးကြီးရဲ့ တိုက်ခြံကြီးနောက်ပိုင်းရှိ အလုပ်သမားတဲလေးထဲတွင် နေကြတယ်။

တစ်နေ့သော မိုးနှောင်းဆောင်းဦးပေါက်အချိန်၌ ရာဇဂြိုဟ်မြို့သူ၊ မြို့သားအားလုံးဟာ အုန်းအုန်းထ အော်ပျော်မြူးလေ့ရှိကြတဲ့ ကောင်ထိပ်နက္ခတ်သဘင် ပျော်ရွှင်ပွဲကြီးကျင်းပလျက် ပျော်ရွှင်ကြတယ်။

မောင်ပုဏ္ဏနှင့်မယ်ဥတ္တရာတို့မိသားစုဟာ အနေအထိုင်ရိုးသားပြီး အလုပ်ကြိုးစားကြပြီး ပျော်ပွဲရွှင်ပွဲများသို့ သွားလေ့မရှိကြပါ။

ဒါကြောင့် မောင်ပုဏ္ဏဟာ သူများတွေ ပျော်ပွဲရွှင်ပွဲကျင်းပပြီး ပျော်မြူးနေကြချိန်တွင် နံနက်စောစောပင် ထွန်တွင်နွားတစ်ရှင်းက ယှဉ်လျက် တောသို့ထွက်ကာ ယာထွန်နေပါတယ်။

ထိုနေ့တွင် ဗုဒ္ဓမြတ်စွာရဲ့ အဂ္ဂသာဝကလက်ယာတော်ရဲ ပညာဧတဒဂ်ရ ဓမ္မသေနာပတိချုပ် အရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ နိရောဓသမာပတ်ဝင်စားပြီး ခုနစ်ရက်မြောက်တဲ့နေ့ဖြစ်လို့ နိရောဓသမာပတ်မှ ထတော်မူတယ်။

ရဟန္တာအရှင်မြတ်များ နိရောဓသမာပတ်မှထသောနေ့တွင် ထိုအရှင်အား လက်ဦးလှူဒါန်းရသူဟာ မျက်မှောက်ဘဝရက်ပိုင်းအတွင်းမှာပင် ကောင်းကျိုးချမ်းသာကို ရရှိခံစားရမြဲဖြစ်ပါတယ်။

ဒါကြောင့် အရှင်သာရိပုတ္တရာဟာ “ဒီနေ့ ငါမည်သူ့ကို ချီးမြှောက်ရပါမည်လဲ”လို့ အဘိညာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူပါတယ်။

ထိုအခါ သူဆင်းရဲမောင်ပုဏ္ဏနှင့်မယ်ဥတ္တရာတို့ မိသားစုကို သိမြင်တော်မူတဲ့ အရှင်သာရိပုတ္တရာဟာ နံနက်ဈေးစောပင် မောင်ပုဏ္ဏလယ်ထွန်ရာတောသို့ ကြွသွားပြီး ယာခင်းထိပ်ချုံပုတ်နှင့် ရေအိုင်ကြီးနားတွင် သပိတ်ပိုက်လျက် ရပ်တည်တော်မူပါတယ်။

ထိုအခါ မောင်ပုဏ္ဏဟာ လယ်ထွန်ရာမှ မထေရ်မြတ်ကို လှမ်းမြင်ပြီး နွားကိုထားခဲ့ကာ မထေရ်မြတ်ထံ လာရောက်လျက် ရှိခိုးဝပ်ချတယ်။

ပြီးတော့ မောင်ပုဏ္ဏဟာ မထေရ်မြတ်မျက်နှာမူရာဘက်ရှိ ချုံပုတ်မှ သစ်ခက်ကိုခုတ်ပြီး သွားတိုက်တန် ဒန်ပူလုပ်ကာ၊ မထေရ်မြတ်အားလှူဒါန်းဆက်ကပ်တယ်၊ ပြီးတော့ မထေရ်မြတ်ထံမှ သပိတ်ကိုယူပြီး ရေစစ်ဖြင့် ရေအိုင်ထဲမှ ရေကို ခပ်ယူကာ သပိတ်ထဲထည့်ပြီး ဆက်ကပ်လှူဒါန်းပါတယ်။

မထေရ်မြတ်ဟာ မောင်ပုဏ္ဏလှူဒါန်းတဲ့ရေဖြင့် မျက်နှာသစ် သောက်သုံးပြီး ဒန်ပူဖြင့်သွားတိုက်တော်မူပါတယ်။

မထေရ်မြတ်ဟာ မျက်နှာသစ်သွားတိုက် ပလုတ်ကျင်း ရေသောက်ပြီးတော့ မယ်ဥတ္တရာလာမည့်လမ်းဆီ ဦးတည်ပြီး ကြွသွားတော်မူတယ်။

သူဆင်းရဲမောင်ပုဏ္ဏဟာ အခြားလှူစရာဘာမျှမရှိတဲ့ မိမိထံ ငွေဖြင့် မဝယ်ယူရပဲအလကားရတဲ့ တောသစ်ခက်ဒန်ပူနှင့်

အိုင်ထဲကရေကို အလှူခံပြီး ကြွသွားသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို မျက်စိတဆုံးကြည့်ရင်း စာဂါနုဿတိ သဒ္ဓါပီတိပွားရင်း လယ်တောတွင် ကျန်ရစ်ပြီးလယ်ကို ဆက်လက်ထွန်မြဲ ထွန်နေပါတယ်။

ထိုနေ့နံနက်ဆွမ်းခံပြန်ချိန်လောက်တွင် မယ်ဥတ္တရာဟာ မောင်ပုဏ္ဏအတွက် ထမင်းဟင်းချက်ပြီး ထမင်းအုပ်ကို ခေါင်းပေါ် ရွက်ကာမြို့မှထွက်ခဲ့တယ်။

တောလမ်းခရီးတစ်ဝက်လောက်တွင် မမျှော်လင့်ဘဲ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးကို လမ်းဘေးဝယ် မိမိဘက်လှည့်ပြီး သပိတ်ပိုက်ကာရပ်တော်မူနေတာကို ဖူးမြင်ရတယ်။

ဒီအခါမယ်ဥတ္တရာဟာ ခေတ္တရပ်ပြီး "သြော်-ငါဟာ တစ်ရံတစ်ခါအလှူပစ္စည်းရှိပါသော်လဲ မထေရ်မြတ်ကို မတွေ့ရဘူး ၊ တစ်ရံတစ်ခါမထေရ်မြတ်ကို မြင်ရပါသော်လဲ လှူစရာပစ္စည်းက မရှိပြန်ဘူး၊ ဒီတစ်ခါတော့ အလှူပစ္စည်းကလဲရှိနေပြီ၊ အလှူခံမထေရ်မြတ်ကိုလဲတွေ့နေရပြီ၊ မထေရ်မြတ်ဟာ ငါ့အားချီးမြှောက်တော်မူလေမည်လား" လို့ တွေးတောဆင်ခြင်မိတယ်။

မယ်ဥတ္တရာဟာ ဒါကိုတွေးတောဆင်ခြင်ပြီးတော့ သဒ္ဓါရွှင်ရွှင်ဖြင့် ထမင်းအုပ်ကို ခေါင်းပေါ်ကချကာ လမ်းဘေးတွင်ခေတ္တချပြီး မထေမြတ်အား တည်ခြင်းငါးမျိုးဖြင့် ရှိခိုးဦးချပါတယ်။

နောက်ပြီးတော့ မယ်ဥတ္တရာဟာ ကျုံ့ကျုံ့ထိုင်လက်အုပ်ချီလျက်မထေရ်မြတ်ကို ဖူးမြော်ရင်း မဝံ့မရဲဖြင့် "အရှင်မြတ်

ဘုရား၊ ဒီဆွမ်းကိုညံ့တယ်၊ ကောင်းတယ်လို့ နှလုံးမသွင်းဘဲ ကျွန်တော်မအား အရှင်ဘုရားများက သနားသောအားဖြင့် အလှူခံ ချီးမြှောက်တော်မူကြပါဘုရား”လို့ လျှောက်ထားလိုက်တယ်။

ထိုအခါ မထေရ်မြတ်က သပိတ်တော်ကို အောက်နိုပ်ညွတ် ပေးတော်မူတော့ မယ်ဥတ္တရာက ဝမ်းသာအားရဖြင့် ထမင်းအုပ် ထဲမှ ထမင်းများ ဟင်းများကို မထေရ်မြတ်ရဲ့သပိတ်ထဲသို့ လောင်းထည့်လှူဒါန်းတယ်။

မထေရ်မြတ်ဟာ မယ်ဥတ္တရာရဲ့ ထမင်းခွက်ထဲတွင် ထမင်းဟင်းတစ်ဝက်ကျန်ပြီး မိမိသပိတ်ထဲတွင် ထမင်းဟင်း တစ်ဝက်ရချိန်တွင် “ဒါလောက်ဆိုပြည့်စုံပြီ”လို့ မိန့်ရင်း သပိတ်ကို နောက်ဆွဲပြီး ပိတ်လိုက်တယ်။

ထိုအခါ မယ်ဥတ္တရာက “အရှင်ဟာ ဒီဆွမ်းနှင့်ဟင်းဟာ တစ်ယောက်စာသာ ဖြစ်ပါတယ်ဘုရား၊ တစ်ဝက်ခွဲပြီး နှစ်ပုံ မပုံသင့်ပါဘူး၊ အရှင်ဘုရားများရဲ့ ကျွန်တော်မအား ဒီလောက မျက်မှောက်ဘဝအတွက် ချီးမြှောက်မှုကိုမပြုဘဲ နောင်တမလွန် လောက နောက်ဘဝအတွက် ချီးမြှောက်မှုကို ပြုတော်မူကြပါ ဘုရား၊ တပည့်တော်မဟာ ဒီဆွမ်းနှင့်ဟင်း အကုန်လုံးကို အကြွင်းမဲ့ လှူပါရစေဘုရား”လို့ ပြတ်သားစွာ လျှောက်ထား ပါတယ်။

ဒီတော့ မထေရ်မြတ်က သပိတ်ပြန်ညွတ်ပေးပြီး ဆွမ်းနှင့် ဟင်းအားလုံးကို အလှူခံတော်မူပါတယ်။

မယ်ဥတ္တရာဟာ အရှင်သာရိပုတ္တရာမထေရ်မြတ်အား သဒ္ဓါပြဋ္ဌာန်း ဝမ်းပန်းတသာ ဆွမ်းလှူပြီးတော့ "အရှင်ဘုရား၊ တပည့်တော်မဟာ- ဒီဆွမ်းဒါနကြောင့် အရှင်ဘုရားများသိထားတော်မူကြတဲ့ လောကုတ္တရာတရားထူးများကို သိရမြင်ရပါလို၏ ဘုရား"လို့ဆုတောင်းတယ်။

ဒီအခါ မထေရ်မြတ်က "ဧဝံ ဟောတု-သင်တောင်းတဲ့အတိုင်းဖြစ်ပါစေ"လို့ အနုမောဒနာပြု ဆုပေးပြီးနောက် တစ်ခုသော ရေရမည့်ချမ်းသာရာအရပ်တွင် ထိုင်တော်မူပြီး ဆွမ်းဘုဉ်းပေးတော်မူပါတယ်။

မယ်ဥတ္တရာဟာ ကပျာကရာအိမ်ပြန်သွားပြီး နောက်တစ်ဖန် ထမင်းအမြန်ချက်တယ်။

မောင်ပုဏ္ဏလဲ လယ်အတော်များများ ထွန်ယက်ပြီး ထမင်းဆာလောင်မွတ်သိပ်မှုကို သည်းမခံနိုင်တာနဲ့ နွားများကို ထွန်မှချွတ်လွှတ်ပြီး သစ်ပင်ရိပ်တွင် ထိုင်လျက် ဇနီးသည်ထမင်းပို့လာမည့်လမ်းဘက်ကို မျှော်ကြည့်နေရှာတယ်။

မယ်ဥတ္တရာလဲ မောင်ပုဏ္ဏအတွက် ထမင်းအုပ်ကိုယူပြီး လာခဲ့ရာ အဝေးမှပင် သစ်ပင်ရိပ်၌ မောင်ပုဏ္ဏထိုင်လျက် မျှော်ကြည့်နေတာကို မြင်ရတော့ "သြော်-ကိုပုဏ္ဏတော့ ဒီနေ့ ထမင်းပို့နောက်ကျလို့ အလွန်ဆာလောင်စွာ စောင့်မျှော်နေပုံရတယ်၊ တကယ်လို့များ အသုံးမကျတဲ့မိန်းမရယ်၊ ထမင်းပို့နောက်ကျရန်ကောလို့ ငေါက်ငန်းပြီး ကြိမ်တစ်ပြာနဲ့ရိုက်ရင် ခက်ချေရဲ့၊ သူ မအော်မငေါက် မရိုက်နက်ခင် ငါအရင်

ဝမ်းမြောက်ဖွယ်စကားကို ပြောဦးမှပဲ”လို့ကြံစည်စိတ်ကူးပြီး– “သြော် ကိုပုဏ္ဏ–၊ မျှော်တော်ဇောနဲ့မောနေပြီးလား၊ ဒီနေ့တော့ ရှင် စိတ်ချမ်းသာပေတော့၊ ကျမတော့ ဆင်းရဲဝဋ်ကလွတ်တဲ့ အလုပ်ကို လုပ်ခဲ့တယ်၊ ကျမ မနက်စောစောက ကိုပုဏ္ဏအတွက် ထမင်းပို့ထွက်လာစဉ် လမ်းတွင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးနှင့် တွေ့ပြီး လှူချင်စိတ်သဒ္ဓါပေါက်တာနဲ့ ရှင့်အတွက် ထမင်းဟင်းတွေကို အကုန်လှူလိုက်တယ်၊ ပြီးတော့ အိမ်ပြန်ပြီး တစ်ဖန်ထမင်းချက်နေတာနဲ့ ယခု နောက်ကျရတာပဲ၊ ခွင့်လွှတ်နော်”လို့မျက်နှာချိုချိုနဲ့ ပြောလိုက်တယ်။

ဒီတော့မောင်ပုဏ္ဏက–“အံ့သြတစ်ကြီးနဲ့ အိုး–ညီမလေး– ဘာပြောလိုက်တယ်”လို့ထပ်မေးတယ်။

**မယ်ဥတ္တရာ။** ။ “ရှင့်အတွက် ထမင်းပို့လာရာ၊ လမ်းမှာ တွေတဲ့ အရှင်သာရိပုတ္တရာကိုလှူလိုက်လို့၊ နောက်တစ်ဖန် ချက်နေရလို့ နောက်ကျနေတယ်၊ ခွင့်လွှတ်ပါလို့ ပြောတာပါ”

**မောင်ပုဏ္ဏ။** ။ “သြော်–ဒီလိုလား ၊ ရှင်မ–ပြုတာ ကောင်းပါတယ်၊ ငါ့အတွက်ထမင်းကို အရှင်သာရိ–ပုတ္တရာကို လှူလိုက်တာဖြင့် သိပ်ဝမ်းသာတာပဲ၊ သာဓုပါဗျာ– သာဓု–သာဓု–ပါ၊ မောင်လဲ ဒီနေ့နံနက်စောစောက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို မျက်နှာသစ်ရေနှင့် ဒန်ပူကို လှူလိုက်ရသေးတယ်ဗျ။”

ဇနီးမောင်နှံနှစ်ဦးဟာ ဒီနေ့နံနက်ပိုင်း အလှူထူး လှူရပုံများကို လွန်စွာဝမ်းသာအားရ ပြောဆိုကြပြီး မောင်ပုဏ္ဏက ထမင်းစားတယ်၊ ထမင်းစားပြီး မောပမ်းတာနဲ့ ဇနီးသည် မယ်ဥတ္တရာရဲ့ ရင်ခွင်တွင် ခေါင်းတင်ပြီး အိပ်ပျော်သွားတယ်။

ထိုအခါ မောင်ပုဏ္ဏနံနက်စောစောက ထွန်းထားတဲ့ ညက်ညောနေတဲ့ ထွန်းရေး မြေကြီးခဲတွေအားလုံးဟာ ရွှေအတိပြီးနေတယ်၊ မောင်ပုဏ္ဏ အိပ်ရာကနိုးလို့ ကြည့်လိုက်တော့ "အိုး- ရှင်မရေ၊ ကြည့်စမ်းပါဦး၊ ငါအိပ်ရာထစမို့ မျက်စိတွေ ဝေသီနေလို့လား မသိပါဘူး၊ လယ်မြေခဲတွေဟာ အားလုံး ဝင်းဝင်းပြောင်လက်တဲ့ ရွှေတွေဖြစ်နေတယ်၊ ကိုယ့်မျက်စိကိုယ် မယုံနိုင်လောက်အောင်ပဲကွယ်"လို့ အံ့သြဝမ်းသာစွာပြောတယ်၊

ဒီတော့မှ မယ်ဥတ္တရာလဲ ဂရုစိုက်ကြည့်လိုက်တော့ "ဟုတ်တယ် မောင်ရေ့ လယ်ထွန်မြေခဲတွေအားလုံး ရွှေဖြစ်ကုန်ပြီ၊ ကျမလဲ ဒီအတိုင်းပင် မြင်ရတာပဲ"လို့ပြောတယ်။

မောင်ပုဏ္ဏဟာ သေချာသည်ထက် သေချာအောင် မြေကြီး ကရွှေသီးတဲ့ ရွှေခဲတစ်လုံးကိုယူပြီး ထွန်တုံးတွင် တီးခေါက်ကြည့်ရာ၊ ဒေါင်ဒေါင်မြည်တဲ့ ရွှေအစစ်တွေမှန်းသိပြီး ဝမ်းသာနေတယ်။

"ကြော်-ဒီနေ့ ငါတို့ဇနီးမောင်နှံကို တမင်ချီးမြှောက်တော်မူတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို လှူရတဲ့ ဆွမ်းအလှူနှင့် ရေ-ဒန်ပူလှူရကျိုးဟာ အံ့သြဖွယ်ရာ ကြီးကျယ်လှပါတကား၊ ဒါလောက်များတဲ့ ရွှေတွေကို ကိုယ့်သဘောနဲ့ကိုယ်

ခံယူသုံးဆောင်ဖို့ မသင့်တော်ဘူး”လို့ ဓနီးမောင်နဲ့ တိုင်ပင်ပြီးတော့ ထမင်းအုပ်ထဲကို နမူနာအပြည့်ထည့်ယူလာပြီး နန်းတော်ဝင်ကာ ဘုရင်မင်းမြတ်အား အသိပေးပြောကြားတယ်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းဟာ အံ့ဩစရာ မင်္ဂလာသတင်းကြားသိရတော့ မောင်ပုဏ္ဏတို့အား သေချာ ကြည့်ပြီး “မင်းကဘယ်သူလဲ”လို့မေးတယ်၊ ဒီတော့ မောင်ပုဏ္ဏက “ကျွန်တော်မျိုး မောင်ပုဏ္ဏပါ”လို့ပြောတယ်။

ဘုရင်။ ။ “မင်းဒီနေ့ဘာကိုများ ထူးထူးခြားခြား လုပ်သလဲ” မေးတယ်။

မောင်ပုဏ္ဏက။ ။ “ကျွန်တော်မျိုးတို့ ဓနီးမောင်နှံဟာ ဒီနေ့ကံထူးစွာပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်အား တစ်နပ်စာ ဆွမ်းရဲသားဆွမ်းနှင့် မျက်နှာသစ်ရေ အပြင် ဒန်ပူကိုပါ လှူဒါန်းလိုက်ရပါတယ်” လို့ဖြေတယ်။

ဘုရင်က။ ။ “အို–အချင်းတို့၊ ဒီနေ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို လှူရတဲ့အကျိုးဟာ ထင်ရှားလေပြီ တဲ့”လို့ အံ့ဩဝမ်းသာ ကြွေးကြော်ပါတယ်၊ ပြီးတော့ တစ်ဖန် “ဒီလိုဆိုရင် မင်းက ဘယ်လို လုပ်ချင်သလဲ” လို့မေးတယ်။

မောင်ပုဏ္ဏက။ ။ “လှည်းများစွာလွှတ်ပြီးတော့ ရွှေတွေကို ဆောင်ယူစေချင်ပါတယ်” လို့ပြောတယ်။

ဒီအခါဘုရင်မင်းမြတ်က မင်းချင်းယောကျ်ားတို့အား လှည်းများစွာနဲ့ သွားစေပြီး ထိုရွှေများကို အယူခိုင်းတယ်။

တော်တော်ကြာတော့ မင်းချင်းများ မျက်စိမျက်နှာ ပျက်ပျက် ပြန်လာကြပြီး ဘုရင်မင်းမြတ်အား-

“အရှင်မင်းမြတ်၊ ဘုရင်မင်းမြတ် ဟာတွေလို့ဆိုပြီး ရွှေတွေကိုယူတော့ အားလုံး မြေကြီးခဲတွေ ဖြစ်ကုန်ပါတယ်”လို့ သံတော်ဦးတင်ကြတယ်။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက “ မောင်ပုဏ္ဏရဲ့ပစ္စည်းလို့ ပြောပြီး ဆောင်ယူခဲ့ကြပါမောင်မင်းများတို့ ” လို့ပြောလိုက်တယ်။

မင်းချင်းများဟာ ဘုရင့်အမိန့်အတိုင်း ရွှေများကို ဆောင်ယူခဲ့ကြရာ၊ နန်းယင်ပြင်တွင် ရွှေပုံကြီးဟာ ဟီးနေပါတယ်။

ဘုရင်မင်းမြတ်က မြို့တွင်းတွင်လှည့်ပြီး “ဒီမြို့မှာ ဒါလောက်များတဲ့ ရွှေရှိသူရှိသလား ၊ နန်းတော်ကိုလာကြည့်ကြ, ကြော်ငြာသော်လဲမရှိကြသဖြင့် မောင်ပုဏ္ဏအား သဋ္ဌေးရာထူး ပေးပြီး အိုးအိမ်ဆောက်ရန် ရှေးသဋ္ဌေးဟောင်း အိမ်နေရာလွတ်ကို ပေးတယ်။

မောင်ပုဏ္ဏတို့ မိသားစုဟာ ထိုနေရာ၌ နှစ်ရက်သုံးရက်နဲ့ အပြီး အိမ်ကြီးဆောက်ကြတယ်။

မောင်ပုဏ္ဏဟာ အိမ်ဆောက်ပြီးတော့ အိမ်သစ်တက် မင်္ဂလာ ကိုရော၊ သဋ္ဌေးထီးဆောင်းမင်္ဂလာကိုပါ တစ်ပေါင်းတည်း

ပြုပြီး၊ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား အိမ်သို့ပင့်ဖိတ်ကာ၊ ခုနစ်ရက်ပတ်လုံး အလှူဒါနကိုပြုပါတယ်။

နတ်လူပြဟ္မာ သတ္တဝါများရဲ့ အားထားကိုးကွယ်ရာ ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ ထိုအလှူပွဲတွင် ဒါနကထာစတဲ့ တရားတော်များကို ဟောကြားတော်မူရာ တရားအဆုံး၌ မောင်ပုဏ္ဏရယ်၊ ဇနီး မယ်ဥတ္တရာရယ်၊ သမီး မယ်ဥတ္တရာရယ်၊ အားလုံး မိသားစု သုံးယောက်တို့ဟာ သောတာပန်ဖြစ်ကြပါတယ်။

(ဓမ္မပဒအဋ္ဌကထာ၊ ဥတ္တရာဥပါသိကာဝတ္ထု)။

ဒီအဓိပ္ပါယ်များကို တိုတိုနဲ့လိုရင်း မှတ်သားရအောင် ဘုန်းကြီးက ဓမ္မဂီတိကဗျာ ရေးထားပါတယ်။

## သံဃာလှူပြောချမ်းသာပွား ဓမ္မဂီတိ

* ရာဇဂြိုဟ်ပြည်မှာ အလေးပြုကြတဲ့၊
သေဋ္ဌေးဦးသုမန ထံပါးတွင်။
မောင်ပုဏ္ဏပါ ဥတ္တရာဇနီးနှင့်၊
သမီးဥတ္တရာ ခ–စားဝင်။
ပျော်ပွဲသဘင် မလိုက်စားဘဲ၊
လုပ်အားတန်ဖိုး မြတ်နိုးခင်။
မြေပဒေသာ ထွန်ယက်ပျိုးလို့၊
ရိုးရိုးသားသား ကြိုးစားစဉ်။
သာရိပုတ္တရာ မထေရ်မြတ်ကို၊

ဒန့်ပူရေကပ် ဆွမ်းကပ်လျှင်။
ထွန်ခဲလယ်မြေ ရွှေတွေဖြစ်လို့၊
စင်စစ်သေမြွေး ဘွဲ့ချီတင်။
အိမ်တက်မင်္ဂလာ ဘုရားကြွလို့၊
တရားနာကြ လူကြပျော်ရွှင်။
မိရော ဖရော သမီးရော၊
မြတ်သောတာပန် ဝင်။
အဲဒါကြောင့်–တရားမြင်သိ–မင်္ဂလာရှိ၊
သိရိဂေဟာတွင်။

## သံဃာဂုဏ်တော်ကိုးပါးပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသဘဂဝတော သာဝကသံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## ညောင်ကန်ဆရာတော်ဦးဗုဓ်၏ သံဃာဂုဏ်တော်ဘုရားရှိခိုး

(၁) ဘဂဝတော- မြတ်စွာဘုရား၏၊ သာဝကသံဃော- တပည့်သား ဖြစ်သောသံဃာတော်သည်၊ သုပ္ပဋိပန္နော- ဟောတော်မူရာဒေသနာမှလာလာသမျှ ဆုံးမတော်မူသော ကျင့်ဝတ်တို့ကိုမချွတ်မယွင်း ကျင့်သည်ကိုသာ ကောင်းစွာ ကျင့်သည်ဟုဆိုအပ်သော ထိုကောင်းသော အကျင့်မြတ်တို့ကို မပြတ်မလပ် အထပ်ထပ် ကျင့်အပ်သည်၏ အဖြစ်ကြောင့် သုပ္ပဋိပန္နမည်တော်မူ၏။

(၂) ဘဂဝတော-မြတ်စွာဘုရား၏၊ သာဝကသံဃော- တပည့်သား ဖြစ်သောသံဃာတော်သည်၊ ဥဇုပ္ပဋိပန္နော- အယုတ်တရား နှစ်ပါးသို့ မကပ် မရှိမ ပဋိပတ် အမြတ်

အထွင့် ကျင့်ဝတ်မည်တွင် မဂ္ဂင်ရှစ်ဖြာသိက္ခာသုံးပါး ဘုရားအလိုတော်နှင့် လျော်သမျှအစု စတုပါရိသုဒ္ဓိသီလ မြတ်ဓမ္မတို့ကို ကာယ, ဝစီ, မနော သုံးပါးသောကံတို့ဖြင့် မလွန်, မယုတ် မဆုတ်မနစ်သော ဖြောင့်စွာ ကျင့်သည်ဟု ဆိုအပ်သော အကျင့်သီတင်းတို့ကို မယွင်းမထောင့် ဖြောင့်ဖြောင့်ကျင့်သည်၏ အဖြစ်ကြောင့် ဥဇုပ္ပဋိပန္န မည်တော်မူ၏။

(၃) ဘဂဝတော- မြတ်စွာဘုရား၏၊ သာဝကသံဃော- တပည့်သားဖြစ်သော သံဃာတော်သည်၊ ဉာယပ္ပဋိ ပန္နော- ဉာယမည်မှန် ပြည်နိဗ္ဗာန်နှင့် ထိုက်တန်ကျွမ်းဝင် မဆန့်ကျင်သည်ကိုသာ လျော်စွာသဖြင့် အသင့်ကျင့်သည် ဟု ဆိုအပ်သော မြတ်သောအကျင့်တို့ကို ကျင့်သည်၏ အဖြစ်ကြောင့် ဉာယပ္ပဋိပန္န မည်တော်မူ၏။

(၄) ဘဂဝတော- မြတ်စွာဘုရား၏၊ သာဝကသံဃော- တပည့်သား ဖြစ်သော သံဃာတော်သည်၊ သာမိစိပ္ပဋိပ န္နော-လောကုတ္တရာ ကိုးပါး တရားဓမ္မ သဘာဝနှင့် လျော်သမျှသော ထိုအကျင့်မြတ်တို့သည် လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ နှစ်လိုကြည်ညို ရှိသေမြတ်နိုး ခြင်းငှာထိုက်၏၊ ထိုရှိသေထိုက်သော အကျင့်မြတ်တို့ကို မပြတ်ကျင့်လေ့ရှိသည်၏ အဖြစ်ကြောင့် သာမိစိပ္ပဋိပန္န မည်တော်မူ၏။

(၅) ယဒိဒံ- ယာနိစတ္တာရိ ပုရိသယုဂါနိ-အကြင်အစုံ အားဖြင့် လေးပါးသော ယောကျ်ားမြတ် ဖြစ်ကုန်သော၊ အဋ္ဌပုရိသပုဂ္ဂလာ-အသီးအသီး ရေတွက်သောအားဖြင့် ရှစ်ပါးသော ယောကျ်ားမြတ်တို့သည် သန္တိ-ရှိကုန်၏၊ ဘဂဝတော- မြတ်စွာဘုရား၏၊ ဧသ-ဧသော သာဝက သံဃော- ထိုအလုံးစုံသော အသီးအသီးအားဖြင့် ရှစ်ပါးသော ဘုရား တပည့်သား ယောကျ်ားမြတ်သံဃာ တော်သည်၊ အာဟုနေယျော-ဝေးသောအရပ်မှဆောင်ယူ ကြ၍ သီလဝန္တပုဂ္ဂိုလ်တို့အား လှူအပ်သော အာဟုဏ မည်သော အလှူကို ခံတော်မူခြင်းငှာထိုက်၍ ယက္ခိုက်, ကုမ္ဘာန် နတ်ထံ ပိုင်းခြား သိကြား, ဗြဟ္မာ အသူရာ, ဂန္ဓဗ္ဗအစရှိသော သူတို့သည် မိမိတို့နေရာ ဝေးရပ်ရွာမှ များစွာစုပုံ အလုံးစုံသော စည်းစိမ်ရတနာတို့ကို လှူလာအပ်သည် ဖြစ်၍ အဝေးမှ ဆောင်ယူအပ်သော ထိုအလှူကို ခံတော်မူခြင်းငှာလည်း ထိုက်တန်သည်၏ အဖြစ်ကြောင့် အာဟုဏေယျမည်တော်မူ၏။

(၆) ပါဟုနေယျော- အထူးထူးသော အရပ်မျက်နှာမှ ရောက်လာသမျှသော ဆွေးမျိုးသားချင်း နီးရင်း ချစ်ခင် အကျွမ်းဝင်သော သူတို့အကျိုးငှာ မြတ်နိုးဆပွား ရည်၍ ထားအပ်သော ပါဟုဏမည်သော အလှူကို ခံတော်မူခြင်း ငှာထိုက်၍ မကိုင်ရအထွင်ရကဲ့သို့ ကျင့်ဝတ်သီလ စာရိတ္တကို

နိစ္စမပြတ် လေးမြတ်ရှိသေ ကျင့်ပေတတ်ငြား အနွယ်အားဖြင့် ရှစ်ပါးသော အရိယာသံဃာတော်သည် နဘော်ကြီးမား များသောကျေးဇူး ထိုဂုဏ်ထူးတို့ကြောင့် ရှေးဦးစွာအရိအသေပြုခြင်းကို ထိုက်သည်ဖြစ်၍ ခပ်သိမ်းသောသူတို့၏ ရှေးဦးစွာ ဆောင်ယူ၍ ပေးလှူအပ်သည်ကိုလည်း ခံတော်မူထိုက်သောကြောင့် ပါဟုဏေယျမည်တော်မူ၏။

(၇) ဒက္ခိဏေယျော- မျက်မှောက် နှောင်လာ သံသရာ၌ချမ်းသာပင်စည် ပွားများမည်ဟု ယုံကြည်သမှု ဥပနိဒါနဒါတဗ္ဗသည် ဒက္ခိဏာမည်၏၊ ထိုဒက္ခိဏာ အမည်ရသောဒါနဝတ္ထု ကောင်းမှုအမျိုးကို အကျိုးခိုင်ဖြိုး ကြီးမားမြင့်မြတ်စေခြင်းငှာ ကိုယ်ခန္ဓာ၌ ကိလေသာဟူသောမီးပူမာန်ယစ် မြူအညစ်တို့ကို ခါပစ်နုတ်ထွင် သုမ်သင်သဖြင့် ကျင့်လေ့ရှိတော်မူသည်၏ အဖြစ်ကြောင့်ဒက္ခိဏေယျ မည်တော်မူ၏။

(၈) အဉ္ဇလိကရဏီယော- လောကသုံးပါး၌ ထင်ရှားကျော်ဟိုးတန်ခိုးရှိန်စော် အာနုဘော်ရှိသော လောကပါလ စသည်အများ သိကြား ဗြဟ္မာ တေဇာလျှံဝင်း လူမင်းဧကရာစကြာမနွတ် မြတ်သောသူတို့ ရှေးရှုကြည်လင် ဦးတင်ညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ခံတော်မူထိုက်သောကြောင့် အဉ္ဇလိကရဏီယ မည်တော်မူ၏။

(၉) အနုတ္တရံ- သုံးတန်ချမ်းသာ ရရာအစ ကောင်းမှုတည်း ဟူသော မျိုးစေ့တို့၏ စိုက်ပျိုးညွှန့်ရှင် စည်ပင်ပွားများရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်၍ ရင်နှစ်သြရသ ဘုရား တပည့် သားတော်ထက် ကဲတက်လွန်းကျူး ထူးမြတ်သော အလှူခံပုဂ္ဂိုလ်မရှိသည်၏ အဖြစ်ကြောင့် အနုတ္တရဟု ဆိုအပ်သော သံဃာတော်သည်၊ လောကဿ- ခပ်သိမ်း သော အလှူဒါယကာ သတ္တဝါအပေါင်းတည်းဟူသော လောက၏၊ ပုညက္ခေတ္တံ- လှနတ် နိဗ္ဗာန် သုံးတန်ဆုကြီး ရပြီးစေတတ် ရည်မှတ်ပတ္ထနာ လိုရာရာတို့ကို စိုက်ပျိုး အပ်သမျှ ပုညအစုတည်းဟူသောမျိုးကို အကျိုးကြီးမား ပြန့်ပွားစေခြင်းငှာ ကောင်းမြတ်သော အကျင့်တို့ဖြင့် ချီးမြှင့်စောင့်ရှောက်တော်မူပေ၍ လယ်မြေကောင်းသဖွယ် ဟု ဆိုအပ်သည်၏ အဖြစ်ကြောင့်၊ ပုညက္ခေတ္တ မည်တော်မူ ၏။

ဣတိ- ဤသို့၊ နဝဂုဏသဟိတံ- ကိုးပါးသော ဂုဏ်နှင့်တကွ ဖြစ်တော်မူထသော၊ ပဋိသမ္ဘိဒါ- ဘိညာ ဒျာ နေက- ဂုဏသမ္ပန္နံ- ပဋိသမ္ဘိဒါ- အဘိညာဏ် အစရှိသော များစွာသောကျေးဇူးတော် ဂုဏ်တော်အပေါင်း နှင့် ပြည့်စုံ တော်မူသော၊ သဗ္ဗလောကဿ- ခပ်သိမ်းသော လောက၏၊ အသဒိသ ပုညက္ခေတ္တံ- အတုမရှိသော ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ

လယ်ယာမြေကောင်း သဖွယ် ဖြစ်တော်မူသော၊ တိဝိဓ သမ္ပတ္တိဒါယကံ- လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးတတ်ထသော၊ အာဒိစ္စဗန္ဓုနော- နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဝဏ္ဏိတ ဂုဏသမ္ဗန္ဓ- ချီးမွမ်း တော်မူအပ်သော ဂုဏ်နှင့် ပြည့်စုံတော်မူသော၊ အရိယ သံဃံ- အရိယာ သံဃာတော်မြတ်အပေါင်းကို၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ- ဦးခေါင်းရတနာ မြတ်အင်္ဂါ ဖြင့်၊ အာဒရံ-ရိုသေစွာ၊ နမာမိ- သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏ ဘုရား။

**အရှင်ဣန္ဒက**

ညောင်ကန်အေးဆရာတော်

(၂၁-၆-၉၁)

## ဗုဒ္ဓဘာသာ ကကြီး – ခခွေး

### အခြေခံတရားတော်စာအုပ်တွင်

၁။ ဩကာသကန်တော့ခန်း၊ သီလခံယူပုံမှစ၍–

၂။ သရဏဂုံတည်၍ ဗုဒ္ဓဘာသာဝင်အဖြစ်ခံယူပုံ–

၃။ ဘုရားဂုဏ်တော်ကိုးပါး, တရားဂုဏ်တော်ခြောက်ပါး, သံဃာ့ဂုဏ်တော်ကိုးပါးတို့ကို တစ်လုံးချင်း အဓိပ္ပါယ်မှစ၍ ခြုံငုံ၍ သိအပ်သော ရတနာ သုံးပါးဂုဏ်တော်များကို ဖွင့်ပြထား၏။

၁။ ပုံတော်ဘုရားကို ဖူးမြင်ကြည်ညိုသဖြင့် စိတ်အေးမြကြည်လင်မှု ပသာဒသဒ္ဓါ၊

၂။ ပုံတော်ဘုရားမှတစ်ဆင့် သက်တော်ထင်ရှား မြတ်ဘုရား၏ ဂုဏ်တော်များကို သိမြင်ကြည်ညိုမှု ဩကပ္ပနသဒ္ဓါ၊

၃။ ဘုရားဟော သီလ–သမာဓိ–ပညာတို့ကို ကျင့်ပွားသဖြင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုသိမြင်သူ၏ ရတနာသုံးပါး ယုံကြည်မှု အဓိဂမသဒ္ဓါများအထိ ဗုဒ္ဓသာသနာဝင် ပိဂိသသ ဖြစ်ရန် ညွှန်ပြဖွင့်ဆိုချက်တို့ ပါဝင်ပါသည်။